

# လင်္ကာဒီပ ချစ်သူ

ချစ်ဦးညို



# လင်္ကာဒီပ ချစ်သူ

ချစ်ဦးညို

# မာတိကာ


အခန်း (၁) ရာဝဏ၏ အောင်ပွဲ . . . . . . . . . . . . . . . . . . ၁
အခန်း (၂) အသုရာဘုရင်၏ လက်ဆောင် . . . . . . . . . . . ၆
အခန်း (၃) သောကခရီး၏ ပထမခြေလှမ်း . . . . . . . . . . . ၁၆
အခန်း (၄) အချစ်၏ ရွှေမှောက်ဝယ် . . . . . . . . . . . . . . ၂၅
အခန်း (၅) တရိဂမ္ဘီ၏ အကူအညီ . . . . . . . . . . . . . . . ၃၉
အခန်း (၆) မှော်ရုံဟေဝန် တောမြိုင်စွန်း . . . . . . . . . . . . ၅၆
အခန်း (၇) အချစ်နှင့် အမုန်း . . . . . . . . . . . . . . . . . . ၆၅
အခန်း (၈) အာရိယန်နှင့် ဒြာဝိဒီယန် . . . . . . . . . . . . . . ၈၄
အခန်း (၉) ရာဝဏနှင့် ရာမမင်းသား . . . . . . . . . . . . . . ၁၀၅
အခန်း (၁၀) လင်္ကာဒီပချစ်သူ . . . . . . . . . . . . . . . . . . . ၁၂၉

# လက်ာဒီပချစ်သူ
# အပိုင်း(၁)
# ရာဝဏာ၏ အောင်ပွဲ

တိုင်းခန်းပြည်သူ . . .ဆုထူကြွေးသံ
ကောင်းချီးငယ်ကြွေးညံသဲ့ . . .အောင်ပွဲဖေယျာ
စည်သည်နှင့်သာ . . . ရာကြူးသက်တော်ရှည်
စံမည်လေပျော်ကြောင်းရေး . . .
ဘယ်ဘယ်မာန်ရန်တင်းငယ်ဝေး . . .(ရင့်ကျူးငယ် –မန္တပတ်ပျိုး )

အဌမပဗ္ဗတ၏တောင်ထွတ်ပေါ် သို့ကျွန်ုပ်၏ ညာခြေကိုတင်လိုက်မိသည်နှင့်

တောင်ခြေဆီမှ ပရိတ်သတ်၏ ကောင်းချီးသြဘာသံ သည် ကျွန်ုပ်ရှိနေရာ တောင်ဖျားဆီသို့ လွင့်ပျံ၍ တက်လာပေသည်။

"လူစွမ်းကောင်း ရာဝဏာ"

"ဒြာဝိဒိယန်တို့ရဲ့ သူရဲကောင်း"

"အိန္ဒြဒေသရဲ့ အသည်းနှလုံး"

တောင်ခြေမှ ပရိသတ်တို့သည် ဦးရစ်ခေါင်းပေါင်းများကို လေထဲတွင် မြှောက်ပစ်နေကြသည်။ မိုးသက်လေ၏ အရှိန်တွင် သူတို့၏ အဝတ်နီစများ သဲသဲလှုပ်နေသည်။ ကျွန်ုပ်ရောက် နေသော အဌမပဗ္ဗတ၏ တောင်ထိပ်၌မူ လေပြင်းတိုက်နေပေသည်။ ကျွနုပ်၏ ရေညှိရောင် ဝတ်ရုံစသည် တိမ်တိုက်စများနှင့်အတူ တဖျပ်ဖျပ်လှုပ်ခါနေသည်။ မောပန်းခြင်းသည် ကျွန်ုပ်၏ ရင်ဝတွင် အကြိတ်အခဲအဖြစ်စုတည်နေသည်ဟုထင်ရသည်။ အေးစိမ့်သော တောင်ပေါ်လေသည် ကျွန်ုပ်၏ နှမ်းနယ်မှုများကို မဖြေဖျောက် နိုင်ချေ။ နှင်းငွေ့များ စိုစွတ်နေသည့်ကြားမှ ကျွန်ုပ်၏နဖူးပြင်ထက်ဝယ် ချွေးသီးချွေးပေါက်ကြီးများ တွဲခိုနေကြသည်။ ကျွန်ုပ်၏လက်အတွင်းမှ သံလျက်သည် သွေးများဖြင့် ချင်းချင်းနီနေသည်။ လွန်ခဲ့သော လေးမတြာခန့်ကမှကျွန်ုပ်၏လက်ချက်ဖြင့် ဦးခေါင်းပြတ်ခဲ့ရသည့် မြွေဟောက်ကြီး၏ အမြီးပိုင်း သည်တဆတ်ဆတ်တုန်ခါနေသည်။ မြွေဟောက်ကြီး၏ခေါင်းပိုင်းကား မလှုပ်နိုင်တော့။

"တောင်နှစ်လုံးကျန်သေးတယ် ရာဝဏာ"

"တောင်ဆယ်လုံးပြည့်ဖို့ နှစ်လုံးကျန်သေးတယ်ဟေ့"

"အောင်မြင်ခါနီးပြီ ရာဝဏာရေ၊ ကြိုးစားလိုက်စမ်း"

တောင်ခြေမှ မယ်တော်ဂုန္တဝီ၏ ကိုယ်ရံတော် တပ်သားတို့သည် ဓားများကို မြှောက်၍ ကျွန်ုပ်ကြားအောင် အော်ဟစ်နေကြသည်။ ကျွန်ုပ်သည် လက်ဝဲဘက်တောင်မှ အစပြု၍ ပတ်လည်ဝိုင်းရံနေသော တောင်များဆီသို့ လှမ်းမျှော်ကြည့်လိုက်ပေသည်။ နှင်းမြူ တို့ဆိုင်းနေသောတောင်ထွတ်ဖျား ခုနစ်ခုကို လှပစွာတွေမြင်လိုက်ရပေသည်။ တောင်များသည် ကျွန်ုပ်၏အောင်ပွဲရလဒ် သက်သေခံများပင်တည်း။

တောင်ခုနစ်လုံးတောင်ထွတ်ဖျားများနှင့် ယခုကျွန်ုပ်ခြေချလျက်ရှိသော တောင်ထွတ်ဖျားဆီသို့ ကျွန်ုပ်အောင်မြင်စွာ ခြေတင်နိုင်ခဲ့ပေပြီ။ တောင်တစ်လုံးစီ၏တောင်ထိပ်တွင် အဆိပ်ပြင်းသော မြွေကြီးများတောင်ပို့တစ်လုံးစီဖြင့် နေထိုင်ခဲ့ကြသည်။ သို့တစေ သင်းတို့နောက်ထပ်ဆက်လက် နေထိုင်ဖို့ အခွင့်မရှိတော့။ ကျွန်ုပ်၏သံလျက်ကြောင့် ဦးခေါင်းများပြတ်၍ သွေးအလိမ်းလိမ်း ဖြင့် သေပွဲဝင်ခဲ့ရပေပြီ။ နံနက်အရုဏ်တက်ကာလမှစ၍ ကျွန်ုပ်သည် တစ်တောင်ပြီးတစ်တောင် ဆင်းကာတက်ကာဖြင့်မြွေဆိုးများကို သတ်ဖြတ်ခဲ့သည်မှာ ယခုအဋ္ဌမအဗ္ဗတကိုပင် အောင်မြင်ပြီးစီးခဲ့ပြီ။ အချိန်ကလည်း မွန်းလွဲညနေစောင်းခဲ့ပြီ။ တစ်နေ့တာ၏ငါးပုံလေးပုံသော ကာလလည်းကုန်လွန်ခဲ့ပြီ။ ကျွန်ုပ်စွမ်းဆောင်ရန် နဝမတောင်နှင့် ဒသမတောင်နှစ်လုံး ကျန်သေးသည်။

အဋ္ဌမအဗ္ဗတနှင့် နဝမအဗ္ဗတ တောင်ထွတ်နှစ်ခုကြားတွင် ဆယ့်ငါးတောင်ခန့်ကျယ်သော ချောက်ကမ်းပါး တစ်ခု ခြားနေသည်။ထိုချောက်ကိုခုန်လွှားနိုင်ပါက ကျွန်ုပ်သည် အဋ္ဌမတောင်မှ ဆင်း နဝမတောင်ကို ပြန်တက်နေစရာမလိုတော့။ သို့သော်ခြေချော်သွားလျှင်မူကား အရိုးအသားပင် ရှာ၍တွေ့တော့မည်မဟုတ်။ထိုတောင်မှ ဆင်းပြီးတက်နေရလျှင် ကန့်သတ်ထား သော တစ်နေ့တာ အချိန်ကို ကျော်လွန်သွားလိမ့်မည်။ နှင်းများဖြင့်စိုစွတ်နေသည့် လေကို ကျွန်ုပ်တဝကြီးရှူသွင်းလိုက်သည်။ ရင်ကိုဖြိုးမောက်စွာစွင့်ကားလိုက်ပြီး နဝမတောင်ထိပ်ဆီသို့ ကျွန်ုပ်ခုန်ကူးလိုက်သည်။ ဆယ့်ငါးတောင်မျှကျယ်ဝန်းသော ချောက်ကမ်းပါး၏ ဟိုဘက်သည် ဘက် ကမ်းပါးထိပ်ကြား လေဟာပြင်ထဲ၌ ကျွန်ုပ်၏ ခန္ဓာကိုယ်သည် အဟုန်ပြင်းစွာ ရွေ့လျားလျက်ရှိသည်။ ချောက်ကမ်းပါးအတွင်းရှိ စူးရှသောလေတိုးသံမှအပ ဘာကိုမျှမကြားရ။ မာကြောသော မြေပြင်နှင့်ကျွန်ုပ်ခြေထောက်အစုံတို့ ထိတွေ့လိုက်ရသည်။အဋ္ဌမအဗ္ဗတသည် ကျွန်ုပ်၏နောက်ဘက်၌ ကျန်ရစ်ခဲ့ပြီ။ နဝမအဗ္ဗတတောင်ထွတ်တွင် ကျွန်ုပ်ခြေတင်မိပြန်ပြီ။

"ဟေး ...ဟေး "

"ဂူး ...ဂူး ... ဂူး"

တောင်အောက်ဆီမှ အရာအထောင်မကသော ဒြာဝိဒိယန်တို့၏ ဩဘာသံများ လွင့်ပျံလာသည်။ သို့သော် ဩဘာသံများကို နားစွင့်နေရန် ကျွန်ုပ်မှာ အချိန်မရှိ။ ကျွန်ုပ်၏ ရှေ့နှစ်လံအကွာလောက်ရှိ တောင်ပို့ကြီးကို မျက်တောင်မခတ်ကြည့်နေရသည်။ ကျွန်ုပ် ခုန်ခဲ့ဖူးသည့်တောင်ရှစ်လုံး၏ တောင်ပို့ရှစ်ခုတို့ထက်နှစ်ဆမျှကြီးသည်။ အထဲမှထွက်လာမည့် မြွေဟောက်သည်လည်း ပြီးခဲ့သော မြွေဟောက်ရှစ်ကောင်ထက် ပိုကြီးမားမည်မှာ သေချာသည်။ သံလျက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်သည်။

တောင်ပို့ဆီမှ ရှူး ဟူသော အသံကြီးပေါ်လာခြင်းနှင့် သံလျက်ကို ဝှေ့ယမ်းလိုက်ခြင်းတို့မှာ တစ်ပြိုင်တည်းလိုလိုဖြစ်သည်။ မြေစိုင်မြေခဲများ ဖွာထွက်သွားပြီး ကြေးနီနှင့် မဟူရာရောင်ရောနေသော အရာသည် တွန့်လိမ်၍နေလေသည်။ မယ်တော်ဂုန္တီ နန်းတော်တိုင်လုံးခန့်ရှိသည့် မြွေဟောက်နက်ကြီးတွင် ခေါင်းမရှိတော့ပေ။ မြေစိုင်မြေခဲများ အကြားတွင်ကိုယ်လုံးကြီးသာ တွန့်လိမ်နေသည်။ ခေါင်းမရှိသောကိုယ်လုံးကြီး၏ ရိုက်ခါမှုကြောင့် အနီးမှသစ်ပင်ငယ်များ ကျိုးပဲ့ကုန်ကြသည်။ ထို့နောက် မြွေကိုယ်လုံးကြီးသည် တောင်အောက်သို့ကျသွားလေသည်။ မြွေဟောက်နက်ကြီး၏ ဦးခေါင်းပြတ်သည် ကျွန်ုပ်၏သန်လျက်ကို စွဲမြဲစွာကိုက်ခဲထားသည်။ နီညိုရောင်အဆိပ်ရည် များသည် သံလျက်ပေါ်တွင် လိမ်းကျံနေသည်။ ကိုယ်ထည်မရှိတော့သည့် မြွေခေါင်းကြီးသည် သန်လျက်သွားကို မလွှတ်တန်းကိုက်ခဲထား လျက်ပင်ရှိသေးသည်။ အနက်ရောင်ရှိသည့် လျှာနှစ်ခွသည် သံလျက်အသွားကို အငြိုးကြီးစွာပွတ်သပ်နေသည်။ ကျွန်ုပ်သည် သံလျက်ကို အနီးမှသစ်မြစ်တစ်ခုဆီသို့ ရိုက်ချလိုက်ရသည်။ အစွယ်ကျိုးသံတစ်ခု ကြားလိုက်ရပြီး မြွေခေါင်းသည် စိစိညက်ညက် ကြေသွားပေသည်။ နဝမတောင်ထိပ်ရှိတောင်ပို့ကြီးတွင် နှစ်ပေါင်းများစွာ အောင်းလျက်နေသည့်သတ္တဝါကြီးကား တောကြီးမြွေဟောက်ဖြစ်ပေသည်။ သို့သော်ယခုအခါ သင်း၏ဦးခေါင်းသည် တောင်ထိပ်တွင်ကြေမွလျက်လည်းကောင်း ၊သင်း၏ ကိုယ်လုံးကြီးသည် တောင်အောက်တွင်ပျက်စီးလျက်လည်းကောင်း တကွဲတပြားစီ ဖြစ်ခဲ့လေပြီ။ အနောက်ဘက်ဆီတွင်နေလုံးကြီးသည် နီရဲ၍နေလေသည်။ အိန္ဒိယမြစ်ရေပြင်၌ ပတ္တမြားရည် များဖိတ်စင်၍ နေလေသည်။ ဒသမပဗ္ဗတ နောက်ဆုံးပန်းတိုင်ကျန်သေးသည်။

"ရာဝဏ ပြန်ဆင်းခဲ့တော့ သားတော်"

တောင်ခြေမှ မယ်တော်ဂုန္တီ၏ အော်သံကို ကြားလိုက်ရသည်။

"သင့်မြတ်လုပါပြီ ရာဝဏ၊ ဆင်းခဲ့ပါတော့"

ပရိတ်သတ်၏ ဩဘာသံတွင်စိုးရိမ်ပူပန်သော အရိပ်အငွေ့များပါနေသည်။ အေးမြသော တောင်ပေါ်လေကို ရှူရှိုက်ရင်း ကျွန်ုပ်ပြုံးလိုက်လေသည်။ "ဘာကြောင့်ပြန်ဆင်းရမှာလဲ ၊ တောင်တစ်လုံးကျန်သေးတယ်"ဟု စိတ်ထဲက ရေရွတ်လိုက်သည်။

"ဒသမပဗ္ဗတ ကျန်သေးတယ်၊ သူဆက်လုပ်ပါစေ"

စူးရှသော မိန်းမသံတစ်ခု ပေါ်လာသည်။ နီရဲသော ဝတ်ရုံစ ကိုမြှောက်ပြရင်း ထိုမိန်းမက အော်ဟစ်နေလေသည်။

"သူသိပ်ပင်ပန်းနေပြီ၊ သိပ်ပင်ပန်းနေပြီ"

ချိုမြသောကရုဏာသံကိုလည်းကြားလိုက်ရသည်။အခြားမိန်းမတစ်ဦး၏ အသံပင်ဖြစ်သည်။ ထိုအသံနှစ်ခုကို ကျွန်ုပ် ဆက်စပ်၍ ရေရွတ်လိုက်သည်။

"ဟုတ်တယ်၊ ငါသိပ်ပင်ပန်းနေပြီ။ ဒါပေမယ့် ဒသမပဗ္ဗတ ကျန်သေးတယ်၊ ငါဆက်လုပ်ရမယ်"

နဝမတောင်ထိပ်နှင့် ဒသမတောင်ထိပ်ကား အတောင်လေးဆယ်မျှကွာလှမ်းပေမည်။ တောင်ထိပ်နှစ်ခုကြား ချောက်ကမ်းပါးကလည်း ကျွန်ုပ်မခန့်မှန်းနိုင်အောင် မတ်လွန်း ပေသည်။ မြွေ အဆိပ်နှင့် မြွေသွေးများပေကျံနေသည့် သံလျက်နှင့် ကျွန်ုပ်သည် အနီးမှထင်းရှူးပင်တစ်ပင် ကိုခုတ်ဖြတ်လိုက်သည်။ ထိုထင်းရှူးပင်ကိုခုတ်၍ အကိုင်းအခက် များကို ဖယ်ရှားနေစဉ် တွင် ဒသမတောင်ထိပ်မှ ကျယ်လောင်သော မြည်ဟိန်းသံကြီး တစ်ခုထွက်ပေါ်လာသည်။ ထိုအသံနက်ကြီးကြောင့် ကျွန်ုပ်ရုတ်တရက်အားဖြင့် တုန်လှုပ်သွား မိသည်။

"ခြသေ့်"မှန်ပေသည်။ ဒသမတောင်ထိပ်တွင် မြွေဟောက်မရှိ၊ ခြသေ့်ရှိနေသည်။ဝင်လုဆဲနေရောင်ခြည်တွင် ခြသေ့်၏ လည်ဆံမွေးများသည် ကြက်မောက်ပန်းရုံကြီးလို ရဲရဲနီနေသည်။ ဤမှာဘက်က လူသားအား တိုက်ခိုက်ရန် ခြသေ့်ကြီးသည် စောင့်စား၍နေပေပြီ။ ထင်းရှူးပင်၏အခက်များကိုဖယ်ရှားယင်း ကျွန်ုပ်သည်ဤခြသေ့်ကြီးအား ရုတ်ခြည်းတိုက်ခိုက်သတ်ဖြတ် ရန် သေနင်္ဂဗျူဟာကို ရှာဖွေနေမိသည်။ လုံးထွေးသတ်ပုတ်နေလျှင် နေဝင်သွားချိမ့်မည်။ သတ်မှတ်ထားသော အချိန်ကျော်လွန်သွားမည်။ ကြီးမားလှသော ဤခြသေ့်ကြီးအား ပူးကပ်တိုက်ခိုက်ခြင်းဖြင့်လည်း ကျွန်ုပ်သည် အနိုင်ရရန်မလွယ်ကူ။သို့သော် ဒြာဝိဒိယန်သွေးဖြစ်သော ကျွန်ုပ်ရာဝဏ၏ စဉ်းစားဉာဏ်သည် လက်ရုံးအားနှင့်ထပ်တူ ထပ်မျှ ကြီးကျယ်ပေသည်။ သေနင်္ဂဗျူဟာကို ကျွန်ုပ်ရပြီ။

ထင်းရှူးပင်အား ဝဲလက်တစ်ဖက်တည်းဖြင့်ကိုင်လျက် သန်လျက်ကိုယာလက်ဖြင့် တင်းတင်း ဆုပ်ကိုင်ထားလိုက်သည်။သန်လျက်သွားကို ရှေ့တည့်တည့်သို့ ဦးတည်ထားသည်၊ ခွန်အားကို စုစည်းပြီး ထင်ရှူးပင်ကို ထောက်လှံအဖြစ် အသုံးပြုလိုက်သည်။ တစ်ဖက် တောင်ထိပ်ဆီသို့ ကျွန်ုပ် ထောက်ခုန်၍ လှမ်းကူးလိုက်ချိန်တွင် ခြသေ့်ကြီးသည် ကျွန်ုပ်ကျလာမည့်နေရာမှ အသင့်စောင့် ၍နေသည်။ ဒသမတောင်ထိပ် မျက်နှာပြင်ထက်သို့ ကျွန်ုပ် ခြေမချမီမှာပင် ခြသေ့်ကြီး၏ ဟထားသော ခံတွင်းထဲသို့ သန်လျက်ကို လေထဲမှ ခုန်ပျံရင်း ထိုးသွင်းလိုက်ပေသည်။ မိုးကြိုးပစ်သံတမျှကျယ်လောင်သော အသံနက်ကြီးဖြင့် စူးစူးဝါးဝါးဟိန်းဟောက်လျက် ခြသေ့်ကြီးသည်တောင်အောက်သို့ လိမ့်ဆင်းသွားခဲ့ချေပြီ။

ကျွန်ုပ်၏လက်မောင်းတွင်သော်မျှ ကုတ်ခြစ်ရာတစ်ခုမှမရခဲ့။ နေလုံးလည်းကွယ်ပျောက်သွားခဲ့ပြီ။ တောင်ဆယ်လုံး၏ တိုက်ပွဲလည်း အပြီးသတ်ခဲ့ပြီ။

"ရာဝဏ၊ရာဝဏ၊ သူဟာ ဒသဂီရိ၊ ဒသဂီရိ၊"

"ဒသဂီရိ အရှင်မင်းမြတ်"

"ဒသဂီရိ ဘုရင်မင်းမြတ်ဟာ တို့ရဲ့အရှင်သခင်ဖြစ်တယ်"

တောင်ဆယ်လုံး၏ အရှင်သခင်ဟု အဓိပ္ပာယ်ရသော ဒသဂီရိဟူသည် ဒြာဝိဒိယန် မျိုးနွယ်စု၏ အမြင့်မားဆုံးဘွဲ့ကို ကျွန်ုပ် လက်ဝယ်ပိုင်ပိုင် ရခဲ့ချေပြီတကား။

ဝက်ဝံဆီမီးတိုင်များမှ အလင်းရောင်ကြောင့် အိန္ဒိမြစ်ကမ်းတစ်လျှောက်လုံးလင်းလက် နေသည်။ပြည့်ဖြိုးဝိုင်းစက်သော လသည် ကြယ်နက္ခတ်များစွာနှင့် အရှေ့ဆီတွင်ထွန်းလင်း နေသည်။ ကျွန်ုပ်၏ ဒြာဝိဒိယန်မျိုးနွယ်တို့သည် တောင်ခြေမှနေ၍ တောင်ခါးပန်းထက်ဆီ သို့ပင် တက်လာနေကြသည်။ဒသဂီရိဟူသောအသံများ မိုးမွှန်နေသည်။ကျွန်ုပ်တောင်အောက်သို့ မရောက်မီမှာပင် သူတို့နှင့် ဆုံမိပြီး ကျွန်ုပ်ကို ဝိုင်းဝန်းထမ်းပိုးကြသည်။ ချီမြှောက်၍ လေထဲသို့ပစ်တင်ကြသည်။ သို့ဖြင့်ကျွန်ုပ်သည် တောင်ခြေမှတစ်ဆင့် အိန္ဒုမြစ်ကမ်း သောင်ပြင်စပ်ရှိ မယ်တော်ဂုဒ္ဒီစံမြန်းနေရာသို့ လူများ၏ ပခုံးထက်မှ ရောက်ခဲ့ရပေသည်။ မယ်တော်သည် ကျွန်ုပ်ကို မြင်သောအခါ ထိုင်ခုံမှထ၍ ပြေးလာလေသည်။

"သားရယ်၊ ငါ့သားတော်ကြီးရယ်"

မယ်တော်သည်ကျွန်ုပ်၏နဖူးပြင်ကိုနမ်းရှုံ့ရင်း ဝမ်းမြောက်ခြင်းကြီးစွာဖြင့်ငိုကြွေးနေလေသည်။

ကိုယ်ရံတော်စစ်သားများကမူ ကျွန်ုပ်ဖြတ်လျှောက်သွားတိုင် သဲပြင်ထက်သို့ ပြားပြားဝပ်ချရင် အရိုအသေပြုကြသည်။ လုံမပျိုတို့သည် ကျွန်ုပ်၏ခြေကို နံ့သာရည်ဖြင့်ဆေးကြောပေးပြီး အမွှေးဆီများဖြင့် လိမ်းကျံဆုပ်နယ်ကြသည်။ ကျွန်ုပ်၏ဆရာသခင်ဖြစ်သော ဂေါ်ခံရသေ့ကြီးကမူ နဖူးပြင်အား ယာလက်ဖြင့်ထိလျက်

"ရာဝဏ မင်းဟာ ဒသဂီရိဖြစ်သွားပြီ" ဟုရေရွတ်နေသည်။

"ကျုပ်ဟာ ဒသဂီရိဆိုရင် မန္ဒောဒရီကကော"

ကျွန်ုပ်နှင့် ထိမ်းမြားရန် စီစဉ်ထားသည့် 'မန္ဒော' ကိုကြည့်ရင်း မယ်တော်အားမေးလိုက်သည်။မန္ဒောက ကျွန်ုပ်၏လက်မောင်းကို ကိုင်ရင်း မျက်ရည်များဝေ့လျက်နေပေသည်။ ဆရာဂေါ်ခံရသေ့ကြီးသည် အပြာရောင် မုတ်ဆိတ်ရှည်ကြီးကို လက်နှင့်သပ်လိုက် ပေသည်။

"မင်းဟာ ဒသဂီရိ၊ မန္ဒောကတော့ ဒသဂီရိရဲ့ မိဖုရားခေါင်ကြီး မဏိမက္ခမန္ဒောတြိမဟေသီ ပေါ့။ ရာဝဏရဲ့"

"ရှည်လျားလိုက်တဲ့ မဟေသီဘွဲ့ပါလား။ ကျုပ်တို့ဒြာဝိဒိယန် မျိုးနွယ်ထဲမှာဖြင့် အရှည်ဆုံးဘွဲ့ပဲနဲ့တူတယ်။ ဟား ... ဟား ... ဟား ..."

ကျွန်ုပ်က လွတ်လွတ်လပ်လပ် ဟစ်အော်ရယ်မောရင်း မန္ဒော၏လက်ကို ဖျစ်ညှစ်လိုက်သည်။ ကျွန်ုပ်၏ရယ်သံကြောင့် ဂေါ်ခံရသေ့ကြီး၏ မျက်နှာထား တင်းသွားလေသည်။ မန္ဒောကမူ ပြုံးနေလေသည်။

"အခုမှပဲ ရယ်နိုင်ပြုံးနိုင်တော့တယ် မောင်တော်ရယ်။ နဝမပဗ္ဗတ ကို ကူးခါနီးတုန်းကများ နမတော်လေ အရှက်ကိုမငဲ့နိုင်တော့ ဘဲ သူသိပ်ပင်ပန်းနေပြီ လို့အော်လိုက်မိသေးတယ်"

နဝမတောင်မှ ဒသမတောင်သို့ကူးခါနီးတွင် စူးရှသောမိန်းမသံနှစ်သံကို ကြားခဲ့ရသည်။ အသံရှင်တစ်ဦးမှာ မန္ဒောဖြစ်လျှင် ကျန်တစ်ဦးမှာမည်သူပေနည်း။

"အဲဒါကျွန်မပဲ မောင်ကြီး"

"ဟယ် တရိဂမ္ဘီပါလား"

တရိဂမ္ဘီကား ကျွန်ုပ်၏ ဖအေတူ မအေကွဲနှမပေတည်း။ တစ်ဝမ်းကွဲပင်ဖြစ်သော်ငြား ကျွန်ုပ်တို့မောင်နှမ်သည် အရင်းတမျှ ချစ်ခင်ကြပေသည်။ တရိဂမ္ဘီသည် လူအုပ်ကြားထဲတိုးထွက်လာသည်။ သူ့ကိုယ်မှာ သွေးများဖြင့်နီရဲနေသည်။ လက်မောင်းတွင် ခြစ်ရာများက မြင်မကောင်း။

"ဟဲ့ .. ဟဲ့ သွေးတွေနဲ့ သမီးတော် ဘယ်လိုများဖြစ်လာသလဲ"

"ဘယ်လိုမှ ဖြစ်မလာပါဘူးမယ်တော်၊ မောင်ကြီးရဲ့ သံလျက်သွားရာတာ ဆူးချုံထဲကျနေလို့ မနည်းရှာခဲ့ရတယ်။ 'ဟယ်' ဝိုင်းအုံနေသော လူအုပ်ကြီး နောက်သို့ ရှဲခနဲဖြစ်သွားသည်။ဂမ္ဘီလှမ်းပေးသော ပစ္စည်းကား ခြသေ့်ခံတွင်းထဲသို့ထိုးစိုက်ခဲ့သော ကျွန်ုပ်၏ သံလျက်ပေတည်း။

"အာခေါင်ကို ဖောက်ပြီး နှာနရင်းကနေ ပေါက်ထွက်သွားတယ်လေ။ လက်ကိုက်အရိုးကြားမှာ ခြသေ့်ရဲ့ အစွယ်က ညပ်ပြီးဝင်နေ တော့ဆွဲနုတ်လို့မရဘူး၊ ညကလည်းမှောင်နေပြီမဟုတ်လား။ သံလျက်ကို ဘယ်လိုမှ ဆွဲထုတ်လို့မရတော့တာမို့ ခြသေ့်ကြီးအခေါင်းကိုဖြတ် နှုတ်သီးတစ်ဝိုက်ကို လှီးပြီးယူခဲ့ရတယ်။"

မယ်တော်ဂုန္ဒီကား ရင်ကိုလက်ဖြင့် ဖိလျက်နေတော့သည်။

"ဂမ္ဘီ နင်ဟာ မိန်းကလေးတန်မယ့် အဲဒီလိုအသတ်အဖြတ်တွေ တော်တော်ဝါသနာပါ။ အခုလည်း ခြသေ့်ခေါင်းကို ဖြတ်လာပြန် သတဲ့။ နင့်ကျမှ တခြားမျိုးနွယ်စုတွေရဲ့ ခေါင်းကို ဖြတ်တာခံနေရမယ် သိရဲ့လား။" ဂေါ်ခံရသေ့ကြီးက ဂမ္ဘီကို အပြစ်တင်နေသည်။ ဆရာရသေ့ကြီးသည်ဒြာဝိဒိယန်ယောကျ်ားများအား လက်ရုံးရည် ပြည့်ဝစေလိုသော်လည်း မိန်းမသားများက မူ ကိုးကွယ်မှုဓြသာ မွေ့လျော်ရမည်ဟု ယုံကြည်သူဖြစ်သည်။

"ကျွန်မကိုလား ခေါင်းဖြတ်မှာ၊ ရာဝဏရဲ့နှမကို ဘယ်သူက ခေါင်းဖြတ်နိုင်မှာလဲ"

"အေး ... နင့်ကိုမဖြတ်နိုင်ရင် နင့်သားသမီးတွေ အဖြတ်ခံရမယ်"

'အို ... ဆရာရသေ့ကြီးကလည်း မောင်ကြီးရာဝဏရဲ့ ဒသဂီရိဘွဲ့ခံအောင်ပွဲမှာ ဘာတွေနိမိတ်ဖတ်နေတာတုံး။ ဒသဂီရိကို ဂုဏ်ပြုရမှာပေါ့ ၊ဟောဒီမှာ မောင်ကြီးဓား၊ နမ ဂမ္ဘီရဲ့ ဂုဏ်ပြုပစ္စည်း'

အနီးတွင်ဝိုင်းအုံနေကြသောပရိတ်သတ်သည် နောက်သို့ဆုတ်သွားကြပြန်သည်။ဂမ္ဘီ၏ ဂုဏ်ပြုပစ္စည်းကား ကျွန်ုပ်သတ်ဖြတ်ခဲ့သော ခြသေ့်ကြီး၏လည်ဆံမွေးများပင်တည်း။

"မောင်ကြီးရာဝဏဟာ မိမိသံလျက်ကိုကော မိမိရဲ့ ယစ်ကောင်ကိုပါ ဒီအတိုင်းထားပစ်ခဲ့တာကိုး၊ ဘုရင်မင်းမြတ်မှာအောင်မြင်ခဲ့တဲ့ တိုက်ပွဲဝင်ဘိသိက်ပဏ္ဏာဆိုတာ ရှိရမှာပေါ့"

"တရိဂမ္ဘီ .. တရိဂမ္ဘီ နင့်ရဲ့ပဏ္ဏာကို ငါဝမ်းမြောက်ဂုဏ်ယူစွာနဲ့ လက်ခံလိုက်မယ်"

လက်ရှိသတ္တိအရာ၌ ကျွန်ုပ်၏ သွေးနှင့်အရောင်တူသော နှမငယ်ဂမ္ဘီသည် ဝမ်းမြောက်စွာ ရယ်မောလိုက်သည်။ ကျွန်ုပ်နှင့် မန္တော တို့လည်း ရွှင်မြူးစွာရယ်မောလိုက်မိကြသည်။

"ဒသဂီရိ ဘုရင်မင်းမြတ်အဖြစ်ကို ရရှိနေပြီဖြစ်တဲ့ သားတော်ရာဝဏ၊ ဘုရင်တစ်ပါးဟာ ဒီလိုမရယ်ရဘူး၊ ရာဇဣန္ဒြေကို ဆောင်ရမယ်။ သမီးတော် ဂမ္ဘီဟာလည်း သက်ဦးဆံပိုင် တွေဟာ တည်ကြည်ခန့်ညားမှုကို ဆောင်ထားရလိမ့်မယ်" မယ်တော်ဂုန္ဒီက ပြတ်သားစွာမိန့်ဆိုသည်။ ထိုအခါ ပရိတ်သတ်များကလည်း "ဒသဂီရိ ဘုရင်မင်းမြတ်" ဟူ၍ တစ်ခဲနက် ကြွေးကြော်လိုက်ကြသည်။ ဝက်ဝံဆီမီးတိုင် အလင်းရောင်တွင် သူတို့၏ ပုပြားသော နှာခေါင်းများရှိသည့်မျက်နှာများသည် တက်ကြွမှုဖြင့် ဝင်းထိန်နေကြသည်။

"ပြီးတော့ ဘုရင်မင်းမြတ်နဲ့ သူ့ရဲ့နှမတို့ဟာ တစ်ဦးကိုတစ်ဦး အရင်ကလို သာမန်အသုံးအနှုန်း မခေါ်မသုံးရဘူး၊ သာမန်ဒြာဝိဒိယန်တွေရဲ့ အသုံးစကားမျိုးကို စွန့်ပယ်ရမယ်။ ဒါမှသာ အရှင်သခင်နဲ့ ကျေးကျွန်ဆိုတာ ကွဲပြားတော့မှာပေါ့၊ ကြားရဲ့လား သားတော် ဒသဂီရိဘုရင်မင်းမြတ်"

"သားတော် ဒသဂီရိဘုရင်မင်းမြတ်" ဟူသော မယ်တော်၏ အခေါ်အဝေါ် သည် ကျွန်ုပ်၏ နှလုံးအိမ်အတွင်းသို့ စိမ့်ဝင်သွားလေ သည်။ ကျွန်ုပ်သည် ရာဝဏမဟုတ်တော့၊ ဒသဂီရိဖြစ်နေပေပြီ။ ဒသဂီရိဘုရင်မင်းမြတ်၊ ကြင်ရာတော်မဟေသီ မန္တောဒေဝီမိဖုရား၊ နှမတော် တရိဂမ္ဘီ ကျွန်ုပ်သည် စိတ်အတွင်းမှ အရှင်သခင် ဝေါဟာရများကို ရေရွတ်နေမိသည်။ ညီတော် ဘိဘိသန ...

"ညီ ... ညီတော် ဘိဘိသန တစ်ယောက်ကော"

ဘိဘိသနသည် တဲနန်းအတွင်းဘက်မှနေ၍ တင်းတိမ်အနီစကို ဖယ်ရှား၍ထွက်လာလေသည်။ ဘိဘိသနကား ကျွန်ုပ်နှင့်လည်းမတူ၊ ဂမ္ဘီနှင့်လည်း မတူ၊ တစ်မူထူးခြားသူဖြစ်သည်။ အေးဆေးတည်ငြိမ်၍ လက်ရုံးရည် အမှုကိစ္စတို့၌ စိတ်မဝင်စားဘဲ နက္ခတ္တဗေဒ၌ စိတ်ဝင်စားသူဖြစ်သည်။

"နောင်တော်ရဲ့ အောင်ပွဲခံဒီညဦးမှာ ညီတော်ဟာ ဟောဒီအိန္ဒုမြစ်ကမ်းကနေပြီး လပြည့်ညရဲ့ ကြယ်နက္ခတ်များကို ကြည့်ရှုတွက်ချက်နေပါတယ်"

"ဒါဟာလည်း ဘုရင်မင်းမြတ်အတွက် ညီတော်ရဲ့ ဘိသိက်ပဏ္ဏာတစ်ခုပဲပေါ့" ဂမ္ဘီက ပြတ်သားသောအသံဖြင့်ထောက်ခံလိုက်လေသည်။

ကျွန်ုပ်၏ရင်တွင်းဝယ် ကြည်နူးမှုအဟုန်တို့ ဖြန့်ကျက်လွှမ်းမိုးသွားသည်။မယ်တော်ဂုန္ဒီ၊ မိဖုရား မန္တောနှင့် ငယ်စဉ်ကတည်းက မခွဲမခွာ ရေကြည် မြက်နုဒေသများ ပြောင်းတိုင်း မြင်းရထားတစ်စီးတည်း စီးခဲ့သည့်ချစ်စွာသော နှမငယ် ဂမ္ဘီ၊ ညီတော်ဘိဘိသနတို့ဖြင့် ခြံရံလျက် ကျွန်ုပ်ဒသဂီရိသည် လင်္ကာဒီပ၏ ဘုရင်မင်းမြတ် ဖြစ်ခဲ့ပြီ။

အိန္ဒုမြစ်ကမ်း၏အထက် ကောင်းကင်တွင် ကြယ်နက္ခတ်တို့သည် အထူးထူးသော အလင်းရောင်တို့ဖြင့် ပြိုးပြက်လျက် လပြည့်လ ကိုဝန်းရံခစားလျက် နေကြလေသည်တကား။

---

# အခန်း(၂)
# အသုရာ ဘုရင်၏ လက်ဆောင်

ရောင်နီလေ့ … ရောင်နီလေ့ … ရောင်နီဇက်သုံး
စီးနင်းခတောင်ငယ်မှာ … တိမ်ပေါ်နတ်လှနှုန်း
ကျွန်းပတ်ကုံး … ထွန်းလျှပ်ဘုန်း …
မြင်သူတွေးဘွယ်သာ
ကြွန္ဒာရိုးကြမှတ်ထင်သော … ကွန့်မြူးပျံကြွ နတ်သိန္ဒော
(မြန်မြေနယ်ဇမ္ဗူဘောင် … မြင်းခင်း )

"စစ်မြင်းခြောက်ကောင်ကသော ဤရထားမြတ်ကို ဒြာဝိဒ်ယန်မျိုးနွယ်အပေါင်းတို့၏အရှင်သခင် ဖြစ်တောမူသော၊ တောင်ဆယ်လုံးကို အစိုးရတော်မူသော ၊ မြွေနဂါးနှင့်ခြသေ့်တို့၏ ရာဇာဓိပတိဖြစ်တော်မူသော၊ ဒသဂီရိဘုရင်မင်းမြတ်၏ ရွှေလက်တော်သို့ အကျွန်အသုရာမင်းက ပဏ္ဏာဆက်သပါ၏ "

နမတော် တရိဂမ္ဘီက ကျွန်ုပ်ရှေ့မှောက်ရှိ စစ်ရထား၏"မြားကာ" ပေါ်မှစာလုံးများကို တစ်လုံးခြင်း ဖတ်ပြနေသည်။ ဂမ္ဘီ၏လေသံသည် ထုံးစံအတိုင်း ပြတ်သားတက်ကြွလှပေသည်။ မိဖုရားကြီးမန္ဒောသည် ကျွန်ုပ်၏ ဝဲလက်မောင်းကို တွဲဖက်ရင်း မခို့တရို့ရပ်နေသည်။ ယခုအခါ မိဖုရားမန္ဒော၏ နူတ်ကြာငုံသန္ဓေသည် အရင့်အမာတည်နေပြီဖြစ်သည်။

"အသုရာဘုရင်ဟာ အစ်ကိုတော်နဲ့ အသင့်တော်ဆုံး ပဏ္ဏာကို ဆက်သလိုက်တာပဲ"

"ဟုတ်တယ်ဂမ္ဘီ၊ အစ်ကိုတော်ဟာ ဝဇီရာစီးနင်းပြီး စစ်ပွဲတွေ တိုက်ခဲ့ရတာများတော့ ဝဇီရာခမျာလည်း အင်အားဆုတ်ယုတ်လှပြီ" ခပ်လှမ်းလှမ်းရှိ မြင်းဇောင်းထဲမှ ကျွန်ုပ်၏ စီးတော်မြင်းဝဇီရာသည် မုလေးစပါးများကို စားနေရင်း ကျွန်ုပ်ဘက်သို့ကြည့်၍ ဟီလိုက်ပေသည်။ ဝဇီရာကဲ့သို့ ကျွန်ုပ်စိတ်တိုင်းကျသော မြင်းတစ်ကောင်နောက်ထပ်ရှာနေချိန်တွင် အသုရာဘုရင်၏ စစ်မြင်းခြောက်ကောင်က စစ်ရထား ကို လက်ခံရရှိလိုက်သည်မှာ ကျွန်ုပ်၏ ဘုန်းသမ္ဘာကြောင့်ပင်ဟု ဆိုရချိမ့်မည်။

"မယ်တော်ဂုန္ဒီများ ရှိနေသေးရင် ဘယ်လောက်များ ဝမ်းသာလိုက်မလဲ"

ညီတော်ဘိဘိသနက လေးနက်စွာ ရေရွတ်နေသည်။

"ဘိဘိသန နင်ဟာကွယ်ပျောက်သွားပြီဖြစ်တဲ့ အရာတွေကိုချည်း တမ်းတနေလို့ဘာ အကျိုးများမှာလဲ မယ်တော်ဂုန္ဒီဟာ သချိုင်းတော်မှာ အေးဆေးစွာစံမြန်းနေပြီပဲ။ နင်အခုစိတ်ဝင်စား ရမှာကအကိုတော် ဒသဂီရိဘုရင်မင်းမြတ်ရဲ့ အာဏာစက်ကျယ်ပြန့်ဖို့အရေးပဲ မဟုတ်လား။"

ပြတ်သားတက်ကြွသော ဂမ္ဘီနှင့် တည်ငြိမ်အေးဆေးသော ဘိဘိသနတို့သည် အခွင့်ကြုံတိုင်း စကားနိုင်လုလေ့ရှိသည်။ နန်းတော်သူ နန်းတော်သား အခြွေအရံများ မရှိကြသည့် ကျွန်ုပ်တို့ မောင်နမတွေချည်းရှိနေကြသည့် ယခုလိုအချိန်အခါမျိုးတွင်သူတို့သည် ထီးသံနန်းသံများကို ဖျောက်ဖျက်ပြီး တရင်းတနှီးပင်ဆက်ဆံလေ့ရှိကြသည်။ ကျွန်ုပ်ကလည်း ဒါကိုပင် ကျေနပ်နေမိသည်။

"ဂမ္ဘီ ငါက ကွယ်ပျောက်သွားတဲ့အရာကို တမ်းတတာမဟုတ်ဘူး၊ ပညာဉာဏ်နဲ့ ပြည့်ဝဖြူစင်တဲ့ မယ်တော်ကို သတိရလို့ ရေရွတ်မိတာ။ မယ်တော်ဂုန္တီကိုတင် မဟုတ်ဘူး၊ ဉာဏ်ပညာအသိတရား ရှိတဲ့ အရာမှန်သမျှကို ငါအမြဲအောက်မေ့ဆင်ခြင်နေတာပဲ။"

ဘိဘိသနက ပို၍လေးနက်စွာ ပြောလိုက်ပြန်သည်။

"အံ့မယ် ဒီလိုဆိုတော့ငါက မိန်းမတန်မယ့် မိုက်မဲညံ့ဖျင်းမှုကိုချည်း အောက်မေ့ဆင်ခြင်နေတယ် လို့ ဆိုတာပေါ့လေ။ ဒီမှာ ဘိဘိသန၊ လောကမှာ ဘုန်းလက်ရုံးအာဏာသာလျှင် အမှန်ကန်ဆုံးပဲ"

"မဟုတ်ဘူး၊ နင်မှားနေပြီ၊ အသိဉာဏ်သာ အမှန်ကန်ဆုံး"

"တိတ်ကြစမ်း ဒါဟာပရောဟိတ်တွေရဲ့ နေရာမဟုတ်ဘူး၊ဒသဂီရိရဲ့နန်းတော်။ရာဝဏရဲ့နန်းတော်။ ဒီနေရာမှာ ဘာမှမမှန်ဘူး။ ဒသဂီရိသာ မှန်တယ်။"

ကျွန်ုပ်က ဘုရင့်အာဏာသံဖြင့် ငေါက်ငမ်းလိုက်သောအခါမှနှစ်ဦးလုံးတိတ်လျက် လက်အုပ် ချီလိုက်ကြသည်။

"နန်းရင်ပြင်မှာခစားတဲ့ပုံစံနဲ့ ဒီလိုလုပ်နေစရာသည်း မလိုပါဘူး။ အငြင်းအခုံတွေ ရပ်ကြဖို့ငါက ပြောတာပါ။"

"ကဲ .. အသုရာမင်းရဲ့ ပဏ္ဏာတော်စစ်ရထားကို သေသေချာချာ ကြည့်ပါအုံးလေ"

မိဖုရားမန္ဒောက သတိပေးမှပင် ကျွန်ုပ်တို့ သုံးဦးစလုံး စစ်ရထားဆီသို့ အာရုံပြန်ရောက် သွားသည်။

စာတန်းထိုးထားသော 'မြားကာ' တစ်ခုလုံးတွင်ရွှေပိန်းချထားသည်။ ရထားတွင်း၌ ခြသေ့ရေများကို ခင်းထားသောကြောင့် နူးညံ့လှပေသည်။ အမိုးမရှိသောကြောင့် ရထား၏ ပုံစံသည် ပို၍ကြွနေသည်။ ဘေးအကာများကိုမူ ကြေးနီသုံးထပ်ကာရံပြီး ဒြာဝိဒိယန်မျိုးနွယ်တို့၏ ခြသေ့တံဆိပ်များကို ရွှေသားဖြင့် ထုလုပ်ပုံဖော်ထားသည်။ ရထား၏လက်ဝဲဘက်အတွင်း နေရာတွင် လေဟာဖြင့်ပြုလုပ်ထားသည့် မြားကျည်တောက်နှင့် ရတနာစီချယ်ထားသည့် ကြီးမားလှသော လေးကြီးနှစ်ခုချိတ်ထားသည်။ ကျည်တောက်ထဲရှိမြားတံများ၏ အသွားမှာ ဝင်းလက်နေသည်။ လက်ယာဘက်တွင်မူ သန်လျက်ဓားနှင့် လှံတံများချိတ်ရန်ထောင်ရန် အကန့်များရှိသည်။ အထူးခြားဆုံးကား ရထားဘီးနှစ်ဘက်၏ဝင်ရိုးများဖြစ်သည်။ဝန်ရိုးတန်သည် ဘီး၏အပြင်ဘက်တစ်တောင်ခန့်မျှထိုးထွက်နေပြီး သန်ချွန်အတက်များဖြင့် အတိပြီးသည်။ ဘီးဒေါက်နေရာတွင်လည်း သံချွန်များတပ်ဆင်ထားသည်။ စစ်မြင်းခြောက်ကောင်၏ ဇက်ကို ထိန်းသော ကြိုးများကို မြားကာတစ်ဖက်ရှိရွှေရောင်လက်ကိုင်တွင် ရစ်ခွေထုံးနှောင်ထားသည်။

ရွှေထည်နှင့်သံထည်များဖြင့်သာ အတိပြီးသော ဤစစ်ရထား၏အလေးဒဏ်ကို မြင်းခြောက်ကောင်သည် တစ်ဟုန်တည်း ပြေးဆွဲနိုင်ပါမည်လောဟု ကျွန်ုပ်သံသယဖြစ်လာသည်။ မြင်းများအားလုံး အနက်ရောင်ဖြစ်သည်။ နှာရောင်အဖြူစင်းမှစ၍ ခွာလေးဖက်အထက် အမွေးများ ပွနေပုံထိ ခြောက်ကောင်စလုံး တစ်သွေးတည်း တစ်ဆင်တည်းဖြစ်ပေသည်။ အဆင်းအားဖြင့်တော့ မြင်းကြီးများသည် ခန့်ညားကြပါပေသည်။ သို့သော် ကျွန်ုပ်နှင့်တကွသော လေးလံသည့် ရထား၏အလေးချိန်ကို သင်းတို့ဆွဲနိုင်ပါမည်လား။

သံသယနှင့်ပြဿနာကို အချိန်မပေးတတ်သည့် ကျွန်ုပ်သည် ရထားပေါ် သို့ခုန်တက်လျက် ဇက်ကြိုးများကို စုဆွဲရင်း နောက်ဆုံးမြင်းနှစ်ကောင်၏ တင်ပါးကိုရိုက်ချလိုက်သည်။ ရုတ်တရက်လန့်သွားသည့်မြင်းများသည် တဟီးဟီးအော်ရင်း ပတပ်ရပ်လိုက်ပြီးတစ်ဟုန်ထိုး ပြေးထွက်ကြလေသည်။ ဝဲယာနှစ်ဖက်မှ ထင်းရှူးပင်များသည် တရိပ်ရိပ်ကျန်ရစ်ခဲ့ကြသည်။ ကျွန်ုပ်၏ နားနှစ်ဖက်ဘေးတွင် လေသည်တဝီးဝီးဖြတ်သန်းသွားသည်။ ကျွန်ုပ်သည် လေထဲတွင်ပျံဝဲနေသည့်အလား ခံစားမိလေသည်။ အိန္ဒုမြစ်ကမ်းအထိ ဇက်ကြိုးကို အားစိုက်ဆွဲထားပြီး ပြန်လှည့်မောင်းလာခဲ့သည်။ မန္ဒော၊ ဂမ္ဘီနှင့် ဘိဘိသနတို့ရပ်နေရာသို့ ရောက်ခါနီးတွင် 'ဟေး' ဟုကျွန်ုပ်အော်လိုက်သည်။ မြင်းခြောက်ကောင်စလုံး တညီတည်းရပ်သွားကြသည်။ ကျွန်ုပ်မောင်းခဲ့သော လမ်းတစ်လျှောက်တွင် ဖုန်လုံးများထနေဆဲဖြစ်သည်။ အချိန်ဘာမှ မကြာလိုက်ပေ။

ရထားထက်မှ ခုန်ဆင်းလိုက်ပြီးနောက်တွင် မန္ဒောသည် ကျွန်ုပ်၏နီညိုရောင်ဆံပင်များကို လက်နှင့်သပ်ပေးလေသည်။ ကျွန်ုပ်ရှိရာသို့ပြေးလာပြီး ဟန်ပါပါနှင့်ဒူးထောက်၍ ဦးညွှတ်လိုက်သည်။

"မြားတစ်စင်းပစ်လွှတ်လိုက်သလိုပါပဲလား မောင်တော်"

မန္ဒောက တောက်ပသောမျက်လုံးများဖြင့် ချီးကျူးစကားဆိုသည်။

"ဒီစစ်ရထားကိုမောင်းနှင်လာတဲ့ အကိုတော်ကိုမြင်တာနဲ့ ရန်သူတွေဟာထွက်ပြေးကြမှာသေချာတယ်။ ထွက်မပြေးနိုင်တဲ့ရန်သူတွေဟာလည်း ဘီးနှစ်ဖက်ကသံချွန်တွေကြောင့် အတုံးအရုန်းသေကုန်ကြမှာပဲ။အို . . . ဒသဂီရိဟာ အိန္ဒုမြစ်ဝှမ်းဒေသမှာ ပြိုင်ဘက်ကင်းတဲ့ဘုရင် မကြာခင်ဖြစ်လာတော့မယ်"

ဘယ်အချိန်ကရောက်လာကြမှန်းမသိသော ကျွန်ုပ်၏တိုင်းသူပြည်သားများသည် ကျွန်ုပ်၏ရထားအနီးတွင် ဒူးများထောက်လျက် ကောင်းချီးပေးနေကြသည်။ တိုင်းသူပြည်သားများ၏ ကောင်းချီးပေးသံများကို ကျွန်ုပ်သည်နေ့စဉ်နှင့်အမျှ ခံယူနေရသည်။ ထိုအသံများကို ကျွန်ုပ်မငြီးငွေ့မိပေ။ တစ်နေ့တစ်ခြားကြီးထွားလာသောအဖြစ်၌ ကျွန်ုပ်၏ဒြာဝိဒိယန် သွေးသည်ပို၍ပို၍နီရဲလာလေသည်။ ဤစကားသည်အမှန်ဖြစ်သည်။ ကျွန်ုပ်၏အသားအရောင်သည် အခြားသောဒြာဝိဒိယန်များကဲ့သို့ မည်းညိုမနေဘဲကြေးနီရောင်သန်းလာသည်။ အမွေးအမျှင်ထူပြောလှသော ကျွန်ုပ်တို့မျိုးနွယ်စု တိုင်းရင်းသားတို့ထက်ပို၍ ကျွန်ုပ်၏လက်မောင်းမှ အမွေးများသည်ပို၍ထူထပ်ရှည်လျားသည်။ ကြမ်းတမ်းသောဆံပင်များသည်ပင် အနက်ရောင်မဟုတ်ဘဲ အနီရောင်သန်းနေသည်။ ကျွန်ုပ်၏မျက်လုံးအစုံမှ မျက်ဆန်မှာလည်း အညိုရောင်မက သွေးရောင်ဖြစ်လာသည်။ ကျွန်ုပ်အမြဲလိုလို ဆင်ယင်လေ့ရှိသည့် ရေညှိရောင်ဝတ်စုံ၊ ရွှေနားကွပ်ကိုယ်ကျပ်အင်္ကျီတို့နှင့် အနီရောင်ကဲသော ကျွန်ုပ်၏မျက်လုံး၊ ဆံပင်၊ အသားအရေတို့သည် ဒြာဝိဒိယန်အပေါင်းထက် ထူးခြားပေသည်။ ဤသည်ကားတစ်နေ့တစ်ခြား ပို၍ပို၍နီရဲလာသော သွေးတို့၏အထိမ်းအမှတ်ပင် ဖြစ်သည်။

"ဘယ်နှယ့်လည်း ဘိဘိသန၊ ဘုန်းလက်ရုံးအာဏာရဲ့ တန်ဖိုးကို နင်တွေ့ပြီမဟုတ်လား"

တရိဂမ္ဘီက ညီတော်အား အောင်မြင်သူ၏လေသံဖြင့်မေးလိုက်သည်။

''နောင်တော်ရာဝဏ၊အဲ ... နောင်တော်ဒသဂီရိဘုရင်မင်းမြတ်ဟာ ဘုန်းလက်ရုံးတန်ခိုးမှာ အလုံးစုံသောမျိုးနွယ်စုတို့ထက် သာလွန်ကြောင်းငါမငြင်းလိုပါဘူး၊ ဒါပေမယ့်"

"ဒါပေမယ့်ဘာဖြစ်ပြန်သလဲ၊ ဘာဆန့်ကျင်ပြောချင်ပြန်သလဲ"

"ဆန့်ကျင်ဘက်မပြောလိုပါဘူး ဂမ္ဘီရယ်၊ ဒီမှာနောင်တော်ဘုရင်မင်းမြတ် စစ်ရထားဟာသံချွန်ဘီးရော၊ အခင်းအကာရော၊ လက်နက်တပ်ဆင်မှုရော ဘာမှပြောစရာမရှိဘူး"

"အေး"

"မြင်းခြောက်ကောင်ဟာလည်း အံ့မခန်းအစွမ်းထက်လှပါပေတယ်"

"အေး"

"ဒါပေမယ့် မြားကာဟာနိမ့်နေတယ်လို့ ညီတော်ထင်တယ်"

"ဘယ်လို . . . ဘာပြောတယ်၊ ဘိဘိသန"

''ရထားရဲ့ ရှေ့ဘက် ရန်သူနဲ့မျက်နှာမူရာဘက်က မြားကာဟာနည်းနည်းနိမ့်နေတယ်။ နောင်တော်ရထားပေါ်တက်လိုက်စဉ် မြင်းဇက်တွေကို ကိုင်လိုက်စဉ်မှာ နောင်တော်ရဲ့ရင်ဘတ်ဟာ မြားကာရဲ့အထက်ရောက်နေတယ်"

"ဒီတော့ဘာဖြစ်သလဲ"

"အကယ်၍ ရန်သူရဲ့ မြားတစ်စင်းဟာ တူရူအရပ်ကနေ မြင်းခြောက်ကောင်ကိုဖြတ်သန်းပြီးနောင်တော့်ထံ ဝင်လာမယ်ဆိုရင်မြားကာနိမ့်နေတဲ့အတွက် မြားဟာနောင်တော်ရဲ့ ရင်ဘတ်ကို"

'တိတ်စမ်း ဘိဘိသန'

သည်တစ်ခါတော့ ကျွန်ုပ်ကိုယ်တိုင် ဘိဘိသနကို အမျက်ထွက်မိတော့သည်။

"တော်စမ်း၊ မင်းဟာသူရသတ္တိအရာနဲ့ပတ်သက်လာရင် အမြဲအနိဋ္ဌာရုံဘက်က ကြည့်တယ်။ ဒီမှာညီတော်ဘိဘိသန၊ တူရူအရပ်ကနေ မြင်းခြောက်ကောင်ရဲ့ကျောပေါ်ကဖြတ်သန်းပြီး ဝင်လာတဲ့ရန်သူရဲ့မြားကို ငါကလက်တစ်ကမ်းအကွာထိ အရောက်ခံမယ်ထင်လား။ ဟော့ . . .ဒီမယ်"

ကျွန်ုပ်သည် ပြသနာတစ်စုံတစ်ရာကို စကားဖြင့်ဖြေရှင်းတတ်သူမဟုတ်။ ဖြေရှင်းရန်လည်း ဝါသနာမပါ။ ထို့ကြောင့်မလှမ်းမကမ်းမှ လေးသည်တော်တစ်ယောက်အား အမိန့်ပေးလိုက်သည်။

"ဟေ့ မင်းလက်ထဲက လေးနဲ့ ငါ့ရင်ဘတ်ကို ထိအောင်ပစ်စမ်း၊ ဘာလက်အုပ်ချီနေတာလည်း ပစ်လေ၊ အခုပစ်လိုက်စမ်း"

လေးသည်တော်သည် အံ့သြတုန်လှုပ်စွာဖြင့် သူလက်ထဲမှ လေးညို့ကိုဆွဲငင်ပြီး ပစ်လွှတ်လိုက်လေသည်။ ကျွန်ုပ်က ရထားနံရံမှသံလျက်ကို ချက်ချင်းဆွဲထုတ်ယူလိုက်ပြီး ဝင်လာသောမြားကို ခုတ်ချလိုက်ရာ မြားသည် နှစ်ပိုင်းကျိုးသွားလေသည်။ မြားကျိုးသည် ဘိဘိသန၏ခြေနှစ်ဖက်ကြားတွင် သွား၍စိုက်နေလေသည်။ ဘိဘိသနသည် အံ့သြသော မျက်လုံးများဖြင့်ကျွန်ုပ်ကိုကြည့်ပြီး ခေါင်းကိုဖြည်းညင်းစွာယမ်းခါလျက် နန်းတော်ဘက်သို့ထွက်သွားလေသည်။ ကျွန်ုပ်အား လေးနှင့်ပစ်ခဲ့ရသောလေးသည်တော်သည် ကျွန်ုပ်၏ခြေရင်းသို့ပစ်လဲပြီး ခြေဖမိုးကိုပါးဖြင့်ပွတ်သပ်ကာ တောင်းပန်နေလေသည်။

"ဟဲ့ . . ထစမ်း၊ မင်း ငါခိုင်းသလို ငါ့ကိုလေးနဲ့ပစ်တဲ့အတွက်"

"ကျွန်တော်မျိုး . . ကျွန်တော်မျိုး"

"ဘာဖြစ်လို့တုန်လှုပ်နေတာလဲ၊ သွား .. ရွှေတိုက်စိုးဆီသွားပြီး ရွှေဒင်္ဂါးသုံးပြားကပ်ထားတဲ့ ဝက်ဝံရေခါးပတ်ကို ဆုအဖြစ်လက်ခံချေ။သွား . . သွား"

လေးသည်တော်သည် ပို၍တုန်လှုပ်သွားပြီး ကျွန်ုပ်၏ခြေဖမိုးကို မျက်နှာဖြင့်အပ်ကာ နမ်းရှုပ်ပြီးနောက် ခုန်ပေါက်ထွက်သွားလေသည်။

"တွေ့ကြလား၊ ကြားကြလား၊ ဒီမှာရှိနေတဲ့ ဒြာဝိဒ်ယန်တို့၊ ဒသဂီရိရဲ့ လက်ရုံးအောက်မှာခစားလိုရင် ပထမအချက်သူ့ရသတ္တိနဲ့ ပြည့်စုံရမယ်၊ ဒုတိယအချက် ဒသဂီရိခိုင်းတာကို လုပ်ရမယ်။ ဒသဂီရိက သေဆိုသေရမယ်၊ နားလည်လား"

တိုင်းသူပြည်သားနှင့် စစ်သည်တော်များ ကျွန်ုပ်၏ ရှေ့မှောက်၌ ပြားပြားဝပ်နေကြလေသည်။ ရှေ့နားဆီက စစ်သည်တော်တစ်ဦးက ဒူးထောက်၍ထလိုက်သည်။

"ကျွန်တော်မျိုးရဲ့အသက်ကို ဘုရင်မင်းမြတ်ထံ အပ်နှင်းပါတယ်"

"ဟေ . . မင်းတကယ်လား"

"စမ်းသပ်တော်မူပါ"

"အေး . .မင်းလက်ထဲက ဓားနဲ့ မင်းကိုယ်မင်းထိုးလိုက်စမ်း၊ တစ်ချက်မှ မညီးညူနဲ့၊ တစ်ချက်မှမတုန်လှုပ်နဲ့"

စစ်သည်တော်သည် ဓားရိုးကို လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်ရင်း သူ့ဝမ်းဗိုက်အတွင်းသို့ ထိုးသွင်းလိုက်သည်။ နှောင့်နှေးတုံ့ဆိုင်းခြင်းအလျင်းမရှိ။ သွေးများပွက်ခနဲကျဆင်းလာသည်။ ထို့နောက်ဓားတန်းလန်းဖြင့်ပင် ကျွန်ုပ်၏ခြေရင်းသို့ တိုးလာသည်။ ပါးစပ်တွင်းမှလည်း သွေးများကျလာလေသည်။

"ကျွန်တော်မျိုးရဲ့ ချစ်မြတ်နိုးမှုကို ပြသခွင့်ရလို့ကျေနပ်ပါပြီ"

"အေး . . မင်းရဲ့ဝိဉာဉ်ကို သူရဲကောင်းအဖြစ် စစ်သည်တွေဂုဏ်ပြုစေရမယ်။ ကဲ မင်းအနားယူပေတော့"

ကျွန်ုပ်သည် သူ့ရင်ဝမှ ဓားကိုဆွဲထုတ်လိုက်ရာ သွေးများပန်းထွက်လာပြီးနောက် စစ်သည်တော် လဲကျသေဆုံးသွားလေသည်။ကျွန်ုပ်သည် သူ၏သွေးများကို လက်ဖြင့်ယူလိုက်ပြီးကျွန်ုပ်၏ ဘယ်ဘက်ရင်အုံသို့ သုတ်လိမ်းလိုက်သည်။

"ဒီလို လက်ာဒီပရဲ့သွေးမျိုးသာလျှင် ဒသဂီရိရဲ့နှလုံးနဲ့ နီးစပ်မှုရှိနိုင်တယ်။ သူဟာဒသဂီရိက ချစ်မြတ်နိုးတဲ့သူရဲကောင်းဖြစ်သွားပြီ။ ကဲ . . . ငါအခုထပ်အမိန့်ပေးဦးမယ်၊ မိမိကိုယ်မိမိ ငါ့အတွက်ရည်စူးပြီး ဓားနဲ့ထိုးသတ်ဖို့ ဘယ်သူရှိဦးမလဲ"အိန္ဒြသဲပြင်တွင်ဝပ်စင်းနေကြသော သူအားလုံး တစ်ယောက်မကျန်ဖြိုင်ဖြိုင်ထကြသည်။ ဓားများအသီးသီး ဆွဲထုတ်ကြသည်။ သူတို့၏ဓားများကိုလက်နှစ်ဖက်ဖြင့် ဆုပ်ကိုလျက် အပေါ့မြောက်လိုက်ကြသည်။

"အားလုံးရပ်ကြ၊ မင်းတို့အားလုံး ဒသဂီရိရဲ့ ချစ်မြတ်နိုးသောလက်ာဒီပ သူရဲကောင်းတွေဖြစ်တယ်။ အားလုံးဓားတွေပြန်သိမ်း၊ ကိုယ့်နေရာကိုပြန်သွားကြတော့"

အားလုံးသောလူတို့သည် ဆူညံစွာအော်ဟစ်လျက် လူစုခွဲသွားကြပေသည်။ထိုအခါမှပင် ဘိဘိသန၏စကားတစ်ခွန်းကြောင့်သွေးများဆူပွက်နေသောကျွန်ုပ်၏ရင်သည်အတန်ငယ်ပြန် ငြိမ်သက်သွားခဲ့ပေသည်။

"အကိုတော် ဘိဘိသနကပြောသွားတယ်၊ အသုရာမင်းဟာအကိုတော့်ထံ ဒီလက်ဆောင်ပေးတာ တစ်စုံတစ်ခုအကူအညီတောင်းချင်လို့ဖြစ်ရမယ်၊ အဲဒီအကူအညီဟာလည်းစစ်ရေးနဲ့ဆိုင်လိမ့်မယ် နဲ့တူတယ် . . တဲ့"

"အို . . အနာဂတ်မှာ ဖြစ်လာမယ့်အရေးတစ်ခုကို ကြိုတင်တွေးတောတာဟာဘိဘိသနရဲ့အလုပ်ပဲ၊ အခုတို့နန်းတော်ကိုပြန်ကြမယ်၊ မိဖုရားကြီးလည်း ကိုယ်လေးလက်ဝန်နဲ့ အနားယူကြစို့"

အသုရာမင်း၏လက်ဆောင် စစ်မြင်းခြောက်ကောင်တပ် ရထားကိုရထားထိန်းအား သိမ်းဆည်းရန် အမိန့်ပေးခဲ့ပြီး ကျွန်ုပ်တို့သည် နန်းတော်သို့ပြန်ခဲ့ကြလေသည်။

လက်ာဒီပသိန်းခိုကျွန်းသည် ဘိုးတော်ဣရဏ္ဍပုသျှမင်း လက်ထက်တွင်လည်းကောင်း၊ ကျွန်ုပ်မမြင်ဖူးသော ခမည်းတော်ဘရာမပုသျှမင်းလက်ထက်တွင်လည်းကောင်း နယ်နမိတ်ကျယ်ပြန့်လှသည်မဟုတ်။ ခမည်းတော်ဘရာမပုသျှသည် မျိုးနွယ်စုပေါင်းများစွာ ကွဲပြားနေသည့် ဒြာဝိဒိယန်တို့၏ ခေါင်းဆောင်ဘုရင်များအား တိုက်ခိုက်သိမ်းသွင်းရင်း စစ်ပွဲတွင်ကျဆုံးခဲ့ရသည်။ ခမည်းတော်၏ပိုင်နက်သည်လည်းကျယ်ပြန့်လှသည်မဟုတ်ခဲ့။ ယခုအခါ ဘိုးတော်သည်လည်းကောင်း၊ ခမည်းတော်သည်လည်းကောင်း မယ်တောဂန္ဒီသည် လည်းကောင်း ဤလက်ာဒီပမြေပေါ်ဝယ် အသက်ထင်ရှားမရှိကြတော့။ လက်ာဒီပတိုင်းရင်းသား မင်းဆွေမင်းမျိုးဆက်တွင် ကျွန်ုပ်ဒသဂီရိသည်သာ နန်းမွေဆက်ခံကျန်ရစ်ခဲ့သည်။

သို့သော် ကျွန်ုပ်လက်ထက်တွင် လက်ာဒီပသည် နယ်နိမိတ်အာဏာစက် ကျယ်ပြန့်လာခဲ့သည်။ ကြီးစွာသော အိုးစရည်းကြီးများကို ပြုလုပ်ခြင်း၌ လက်မှုပညာပြောင်မြောက်သည့် ဂုမ္ဘာမျိုးနွယ်စုများသည် လည်းကောင်း၊ အလမ္မာယ်ပညာ၌ ကျွမ်းကျင်ကြသည့် နာဂါမျိုးနွယ်စုများသည်လည်းကောင်း၊ သိန်းငှက်စွန်ရဲတို့ကို မွေးမြူလျက် စစ်တိုက်ကြသည့် ဂရုဠမျိုးနွယ်စုများသည်လည်းကောင်း၊ ဆေးဝါးမန္တန်အတတ်၌ လိမ္မာကြသည့် ဂန္ဓဗ္ဗမျိုးနွယ်စုများသည်လည်းကောင်း၊ ယခုအခါ ကျွန်ုပ်၏ကျေးကျွန်များ ဖြစ်ခဲ့ကြလေပြီ။ မျိုးနွယ်စုအသီးသီး၏ ဘုရင်များသည်လည်း ကျွန်ုပ်၏ သစ္စာတော်ခံနယ်သားများ ဖြစ်လာကြလေပြီ။ လက်ာဒီပရှိသစ်ပင်တိုင်း၏ သစ်ရွက်တိုင်းနှင့်၊ အိန္ဒုမြစ်ရှိ သဲပွင့်တိုင်းတွင် ဒသဂီရိဟူသောဘွဲ့သည် ခတ်နိပ်စွဲထင်ခဲ့လေပြီ။ စစ်ပွဲပေါင်းများစွာကို ဖြတ်သန်းခဲ့သည့် ကျွန်ုပ်၏ကိုယ်ခန္ဓာသည်လည်း လက်ာဒီပတစ်ဝန်းမှ စစ်ရှုံးသူတို့၏သွေးများ စီးဝင်ရာ သမုဒ္ဒရာ ဖြစ်ခဲ့လေပြီ။

ယခုအခါ ကျွန်ုပ်၏မိဖုရားခေါင်ကြီးမန္ဒောဒရီမှာ သားတော်တစ်ပါးလည်း ဖွားမြင်ခဲ့ပြီ ဖြစ်သည်။ မိုးသည်းထန်စွာရွာ၍ ငလျင်ပဲ့တင်တော်လဲ နေချိန်တွင်ဖွားမြင်သော ထိုသားတော်အား မေဃနာဒဟု ကျွန်ုပ်အမည်ပေးလိုက်သည်။ မေဃနာဒကို ကျွန်ုပ်အားပေးအပ်ပြီးနောက် မိဖုရားမန္ဒောဒရီသည် ကျွန်ုပ်၏ဘိုးတော်၊ ခမည်းတော်၊ မယ်တော်များနောက်သို့ လိုက်ပါသွားခဲ့လေသည်။ မိခင်ဟူသည် သား၏လက်ရုံးအတွက် အဟန့်အတားဖြစ်စေသည်ဟု ယုံကြည်သောကျွန်ုပ်အဖို့မူကား မိဖုရားကြီး အနိစ္စရောက်သည့်အတွက် ပူပင်ဆင်းရဲခြင်းမရှိလှ။ သားတော် မေဃနာဒအား အတားအဆီးမရှိ ကျွန်ုပ်၏လက်ရုံးရည်နှင့် ဘုန်းတန်ခိုးတော်တို့ကို ဆင့်ပွားနိုင်ပြီဟူသောအသိဖြင့် မိဖုရားကြီးကံတော်ကုန်ခြင်းကို နားလည်ယူလိုက်ပေသည်။

ကျွန်ုပ်၏ စရိုက်ဓလေ့ခြင်းတူသည့် နမငယ်ဂမ္ဘီ၏ကြင်ရာတော်နာဂါမျိုးနွယ်စုဘုရင် ရိန္ဒမလည်း စစ်ပွဲတစ်ပွဲတွင် ကျဆုံးသွားခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်သည် ကျွန်ုပ်၏အမိမဲ့သား မေဃနာဒနှင့် နမဂမ္ဘီ၏အဖမဲ့သားတူတော်ဒုသနှင့်ခရတို့အား ပြင်းပြစွာတွယ်တာချစ်ခင် လာမိပေသည်။ ငယ်ရွယ်သူများဖြစ်သည့် ဒုသနှင့်ခရတိုကိုမူ ကျွန်ုပ်ပို၍ကြင်နာမိသည်။ သားတော်မေဃနာဒအား ညဦးယံမှန်နက်မိုးသောက်အထိ ဓားရေးကျင့်စေပြီး တူတော်များကိုမူ ညဦးယံမှသန်းခေါင်ယံအထိသာ ဓားရေးကျင့်စေခြင်းဖြင့်ကျွန်ုပ်၏ကြင်နာမှုကို သက်သေပြလိုက်ပေသည်။ နမငယ်ဂမ္ဘီမူကား လက်ာဒီပ၏ မြောက်ဘက်ဒေသမော်ရုံတောအုပ်ထဲမှ သမင်ရိုင်းများကို အမဲလိုက်ခြင်း၊ အချို့ကို အရှင်ဖမ်းပြီး လေ့ကျင့်ပေးခြင်း၊ အချို့ကို ဝန်တင်ရထားများ ဆွဲစေခြင်းတို့ဖြင့် အလုပ်များနေသည်။ နမငယ်ဂမ္ဘီ၏ သမင်လုပ်ငန်းတွင်ကျွန်ုပ်အနှစ်ခြိုက်ဆုံးကား ကြီးမားလှသောသမင်ကြီးနှစ်ကောင်၏ တိုက်ပွဲပင်ဖြစ်ပေသည်။ ဂမ္ဘီသည် သမင်ဖိုကြီးများကို လက်သပ်မွေးပြီးတိုက်ခိုက်တတ်အောင် လေ့ကျင့်သင်ကြားပေးထားသည်။ ယင်းတို့၏လှပသော ဦးချိုကြီးများကို အဖျားချွန်နေအောင် ပြုပြင်ပေးထားသည်။ စိတ်အဆတ်ဆုံးနှင့် အသန်မာဆုံး သမင်ဖိုနှစ်ကောင်ကို ယှဉ်ပြိုင်၍ခတ်စေသည်။ သမင်ကြီးများသည် ဒြာဝိဒိယန်စစ်မှူးကြီးများနှင့်မခြား အသေအကြေတိုက်ခိုက်ကြသည်။ ဂမ္ဘီကြီးမှူးကျင်းပသည့် ''သမင်ခတ်ပွဲ''ကို ကျွန်ုပ်နှင့်တကွသော စစ်သည်တော်သို့နှစ်ခြိုက်လှသည်။ သို့သော်သမင်ခတ်ပွဲကျင်းပတိုင်း မည်သည့်အခါမှမတက်ရောက်သူ တစ်ဦးရှိသည်။ ထိုသူကား ညီတော်ဘိဘိသနပင်ဖြစ်ပေသည်။

ညီတော်ဘိဘိသနသည် နက္ခတ္တဗေဒကို ပို၍လိုက်စားလာပြီး သူ၏အမူအရာများမှာ ကံတော်ကုန်ဘိုးတော်နှင့် တစ်နေ့တစ်ခြားတူလာသည်။ အရွယ်နှင့်မလိုက်အောင် တည်ငြိမ် အေးဆေးလှပေရာ သူ၏အသားအရောင်သည်ပင် ဒြာဝိဒိယန်နှင့်မတူတော့ဘဲ နူးညံ့ ဖျော့တော့လာသည်ဟု ကျွန်ုပ်ထင်ပေသည်။ သို့သော် ညီတော်ဘိဘိသနသည် လက်အောက်ခံဒေသများ၏ အုပ်ချုပ်ရေး၊ အခွန်ပဏ္ဏာလက်ခံရေးနှင့် ဒြာဝိဒိယန် အချင်း ဖြစ်ပွားသောတရားတဘောင်များ၌ စီရင်ဆုံးဖြတ်ရေးတို့တွင်ကား အားထားလောက်ပါပေသည်။

ယခုလည်း ကျွန်ုပ်သည် ညီတော်၏အစီအမံအရ ကျွန်ုပ်၏အောင်ပွဲအထိမ်းအမှတ် တောင်ဆယ်လုံးကို လက်ာဒီပခံတပ်များ တည်ဆောက်နေရသည်။ ညီတော်သည် ပထမပဗ္ဗတမှ နဝမပဗ္ဗတအထိသော တောင်ကိုးလုံး၏ ခြေရင်းတောင်ကြားများကို ကျောက်တုံးများဖြင့် အသေပိတ်ဆို့လိုက်သည်။ ကျွန်ုပ်ရာဝဏမင်းသားဘဝက မြွေဟောက်ကြီးများကိုသုတ်သင်ခဲ့သည့် တောင်ကလပ်ထိပ်ဖျားများပေါ်တွင် စက်မောင်းခလုပ်များတပ်ဆင်သည့် ခံတပ်များတည်ဆောက်စေသည်။ နဝမပဗ္ဗတနှင့် ဒသမပဗ္ဗတအကြား တောင်ကြားတစ်ခုတည်းသာ တံခါးပေါက်အဖြစ် ချန်လှပ်ထားခဲ့သည်။ ယင်းလျှို့ဝှက် တံခါးမှသည် ဥမင်လိုဏ်လမ်းကြောင်းဖြင့် အိန္ဒုမြစ်ကမ်းအထိဖောက်လုပ်မည်ဟု ညီတော်က စီစဉ်နေသည်။ အိန္ဒုမြစ်ကမ်းကို ဤနေရာမှဖြတ်ကူးပါက တစ်ဖက်ကမ်းရှိ ကျွန်ုပ်တို့၏လက်အောက်ခံ ဂန္ဓမျိုးနွယ်စု ဘုရင်ရှိရာ ဘရာမာဗန္ဓမြို့တော်သို့ ရောက်နိုင်ပေသည်။

ညီတော်၏ အစီအမံကြောင့် ကျွန်ုပ်၏ လက်ာဒီပမှာ တန်ခိုးသြဇာကြီးမား ခန့်ညားလာသည့်အလျောက် ဝါလုချိစတန်ဒေသမှ ကျွန်ုပ်၏ အမျိုးအနွယ်လူရိုင်းများလည်း ခိုဝင်လာကြသည်။ လွန်ခဲ့သည့်နှစ်ပေါင်းတစ်ရာခန့်ကတည်းက ရေကြည်ရာ မြက်နုရာ လှည့်လည်ခဲ့ရသော ဤအရိုင်းတို့သည် ယခုအခါ လက်ာဒီပ၏ အာဏာစက်အောက်ဝယ် ကျွန်များအဖြစ် နေထိုင်နေကြပြီဖြစ်သည်။ ညီတော်ဘိဘိသနသည် လက်ရုံးရည်အရာ၌ ညံ့ဖျင်းသော်လည်း ယင်းသို့သော အရာများ၌မူ ကျွမ်းကျင်မှုရှိကြောင်း ကျွန်ုပ်နှင့် နမဂမ္ဘိတို့ မငြင်းပယ်နိုင်။ ဝန်ခံကြရပေသည်။

သို့သော် တောင်ဆယ်လုံးအနက်နဝမတောင်နှင့် ဒသမတောင်ကြားကိုတံခါးဖောက်လုပ်၊ ဥမင်တူးခြင်း၊ ကျန်တောင်ကြားများတွင် ကျောက်တုံးဖြင့် အသေပိတ်ဆို့ခြင်း . . . တည်းဟူသော လုပ်ငန်းကိုမူ ကျွန်ုပ် နားမလည်မိပေ။ ထို့ကြောင့်ဆီးနှင်းများထူထပ်စွာ ကျနေသော နံနက်ခင်းတစ်ခု၌ ကျွန်ုပ်သည် ဂမ္ဘိကိုခေါ်ပြီး ဥမင်တူးနေသည့် နေရာရှိ ညီတော်ထံသို့ ထွက်လာခဲ့ပေသည်။

အသုရာမင်း၏ လက်ဆောင်စစ်ရထားကို ကျွန်ုပ်မယူခဲ့ပေ။ ဝဇီရာ၏ အဆက်အနွယ် ဖြစ်သော မဟူရာအမည်ရှိ မြင်းကြီးတစ်စီးကိုသာ စီးလာခဲ့သည်။ ညီတော်ဘိဘိသနသည် ကျောက်တုံးကြီးတစ်တုံးပေါ်၌ထိုင်၍ စီမံခန့်ခွဲနေသည်။ သူ၏ ခိုပြာရောင်ဝတ်ရုံထက်တွင် ဆီးနှင်းစများဖြင့် ဖြူဖွေး၍နေသည်။

"အကိုတော်ဘုရင်မင်းမြတ် . . ကြွပါ"

"ဝီရိယ တယ်ကောင်းပါလားညီတော်၊ ဆီးနှင်းထူပြောနေတဲ့အချိန်မှာ ရပ်နားထားဖို့ကောင်းတယ်"

"အချိန်မရှိဘူး အကိုတော်၊ ဒီဥမင် မြန်မြန်ပြီးမှ စိတ်အေးနိုင်မယ်၊ ဒီလုပ်ငန်းဟာ ညီတော်ရဲ့ ခေါင်းထဲမှာ လေးလံစွာ ပိကျနေပါတယ်။"

လက်ာဆန်သော ဘိဘိသန၏ အသုံးစကားများကို ကျွန်ုပ်ပြုံးမိသည်။

"အေး . . စစ်တိုက်ဖို့ကလွဲပြီးဘာမှ စိတ်မဝင်စားတာမှန်ပေမယ့် ညီတော်ဒီလောက်သဲကြီးမဲကြီးလုပ်နေတာ တွေ့ရတော့ အကျိုးအကြောင်းသိချင်လာတယ်"

"ဟုတ်တယ်ဘိဘိသန .. နင့်လုပ်ငန်းဟာ နန်းတော်တည်ဆောက်တာနဲ့ မတူတော့ဘူး၊ ရန်သူကာကွယ်ဖို့ပြင်ဆင်နေတာနဲ့ တူနေပြီ။ ငါတောင်မှ ဒီမနက်သမင်တွေ လေ့ကျင့်ပေးစရာရှိတာ ထားခဲ့ပြီး အကိုတော်နဲ့လိုက်လာခဲ့ရတယ်"

"နင်ပြောတာမှန်တယ် ဂမ္ဘိ၊ ဒါရန်သူကာကွယ်ဖို့ပဲ"

"ထားပါလေ။ ဒါပေမယ့် နင်လုပ်နေပုံက ရန်သူဟာ ဒီနေ့နက်ဖြန် ရောက်လာတော့မယ့်အတိုင်းပဲ၊ ဒသဂီရိရဲ့ လက်ာဒီပကို ဘယ်သူက ကျူးကျော်ရဲမှာလည်း ဘိဘိသေနရယ်"

"ပေါ့ပေါ့ဆဆ မနေစမ်းနဲ့ ဂမ္ဘိ၊ ရန်သူဟာ ဒီနေ့နက်ဖြန်လာမှာ မဟုတ်သော်လည်း တို့တောင်ပိုင်းကို ဆင်းလာစရာရှိတယ် "

"ဟုတ်ရဲ့လား၊ ဘယ်မျိုးနွယ်စုတွေများလဲကွယ့်"

"အိန္ဒုမြစ်ဝှမ်းမြောက်ပိုင်းက အာရိယန်မျိုးနွယ်စု"

"ဘယ်လို . . . "

"အိန္ဒုမြစ်ဝှမ်း မြောက်ပိုင်း ပန်ဇဗ္ဗ၊ ရာဇာပုတ္တရ ဒေသမှာ ခြေကုပ်ပြုနေတဲ့ အာရိယန် မျိုးနွယ်စုတွေ"

"အာရိယန်မျိုးနွယ်စု ... ဟုတ်လား"

"အကိုတော်ဘုရင်မင်းမြတ် . . . အသုရာမင်းရဲ့ စစ်ရထားဟာ မကြာမီမှာပဲ ပဏ္ဏာဆက်သသူအတွက် ပြန်လည်အသုံးချရလိမ့်မယ် ထင်တယ်၊ အာရိယန်တို့ရဲ့မိတ်ဆွေ မာဃမျိုးနွယ်စုဟာ အသုရာမင်းကိုတိုက်ခိုက်ဖို့ ချီတက်သွားကြပြီ။ မကြာမီမှာ မာဃမျိုးနွယ်စုတွေနဲ့ အသုရာဘုရင်တို့ စစ်မက်ဖြစ်ပွားလိမ့်မယ်၊ ဒီအခါမှာ . . . "

ဆီးနှင်းတောထဲမှ မြင်းတစ်စီးပြေးလာပြီး တပ်မှူးတစ်ယောက်သည် မြင်းထက်မှခုန်ဆင်း လိုက်သည်။ ကျွန်ုပ်လက်ထဲသို့ စာချွန်တစ်ခုဆက်သလာသည်။

"မာဃမျိုးနွယ်စု ဘုရင်က စစ်မက်ပြုလာတဲ့အတွက် အသုရာမင်းက စစ်ကူတောင်းတဲ့စာချွန်ပါ ဒသဂီရိဘုရင်မင်းမြတ်"

ဂမ္ဘီသည် အံ့ဩချီးကျူးဟန်ဖြင့် ဘိဘိသနကို ကြည့်နေသည်။ ဘိဘိသနကမူ ကျွန်ုပ်အား တည်ငြိမ်သည့် မျက်လုံးများဖြင့် စိုက်ကြည့်နေလေသည်။

"အသုရာဘုရင်ကို စစ်ကူပေးပါ၊ အသုရာထံက မာဃဘုရင်ကို တိုက်ခိုက်ခြင်းဟာ လက်ာဒီပရဲ့ ရန်စွယ်ကို ကြိုတင်ဖယ်ရှားခြင်းလို့လည်း အဓိပ္ပာယ်ရပါတယ် ဘုရင်မင်းမြတ်"

"တပ်မှူး . . . မင်းအခုပြန်သွား၊ မျိုးနွယ်စု တပ်မကိုအဆင်သင့်ပြင်၊ ငါ့စစ်ရထားကို တပ်ဆင်၊ သားတော် မေဃနာဒကိုလဲ ချပ်ဝတ်တန်ဆာများ ဝတ်ဆင်ပလေ့စေ၊ ဆီးနှင်းတွေ အရည်ပျော်သွားချိန်မှာ စစ်ထွက်မယ်"

"နမတော်လည်း လိုက်ပါရစေ အကိုတော်"

ဆီးနှင်းဖွဲဖွဲများအောက်မှ ဂမ္ဘီ၏မျက်နှာသည် စစ်စိတ်စစ်သွေးများဖြင့် ရှုတ်တရက်နီမြန်းလာလေသည်။

"အေး . . . လိုက်ခဲ့၊ ငါလာခဲ့မယ်၊ ဂမ္ဘီသွားနှင့်၊ ငါဘိဘိသန ထံကအာရိယန်တွေအကြောင်း သိချင်သေးတယ်"

ဂမ္ဘီသည် ကျွန်ုပ်၏အမိန့်ကို ရလျှင်ရခြင်း မြင်းပေါ် သို့တက်၍ တပ်မှူးနှင့်တကွ နန်းတော်သို့ ဒုန်းဆိုင်းသွားလေသည်။ ဘိဘိသနသည် ကျောက်တုံးပေါ်တွင် မတ်တတ် ရပ်လိုက်ရင်း မြောက်ဘက်အရပ်ဆီသို့ ငေးကြည့်နေသည်။ ဆီးနှင့်တို့အလယ်တွင် သူ့အသွင်သည် ဆေးဝါးမန္တန်အတတ်၌ ကျွမ်းကျင်သည့် ဂန္ဓဗ္ဗမျိုးနွယ်စု အဘိုးကြီးနှင့် တူနေပေသည်။

"နားဆင်ပါအကိုတော်မင်းမြတ် အင်မတန်ဝေးလံလှတဲ့ မြောက်ဘက်အရပ်မှာ ကြီးမားတဲ့ မြက်ခင်းပြင်ကြီးတွေရှိတယ်။ အာရိယန်မျိုးနွယ်တွေရဲ့ မူလဒေသဟာ အဲဒီအရပ်ပဲဖြစ်တယ်။ သူတို့ရဲ့အသားအရောင်ဟာ ဒြာဝိဒိယန်တွေလို အညိုရောင်မဟုတ်ဘူး၊ ဝါရွှေရောင်ဖြစ်တယ်။ သူတို့ဟာ ပေါ့ပါးဖျတ်လတ်ပြီး၊ မြင်းစီးအတတ်၊ လေးအတတ်မှာ ကျွမ်းကျင်ကြတယ်"

"လက်ာဒီပ ဘုရင်ထက်ပိုပြီး လေးအတတ်မှာ ကျွမ်းကျင်သတဲ့လား"

ကျွန်ုပ်၏ လှောင်ပြောင်ချက်ကို ဘိဘိသနက တစ်ချက်မျှသာမျက်လုံးဝင့်ကြည့်ပြီး မြောက်ဘက်အရပ်သို့ ငေးမျှော်လိုက်ပြန်သည်။ သူ၏ဝတ်ရုံစသည် လေတွင်လွင့်ပျံနေပေရာ ဆီးနှင်းအဖြူကို နောက်ခံပြုလျက် ကျောက်တုံးပေါ်တွင်မတ်တပ်ရပ်နေသော ဘိဘိသန၏ရုပ်ပုံသည် တစ်ခါမျှဤအကြိမ်လောက် ခံ့ညားခြင်းမရှိခဲ့ဟု ကျွန်ုပ်ထင်နေမိသည်။

"တောတောင်အထပ်ထပ်ကို နှစ်ပေါင်းများစွာ လှည့်လည်ဖြတ်သန်းခဲ့တဲ့ အာရိယန်တွေဟာ ကျန်းမာသန်စွမ်းကြတယ်၊ အကြမ်းပတမ်းခံနိုင်ကြတယ်။ စစ်မက်ကိုကောင်းစွာပြုတတ်ကြပေမယ့် သူတို့ရဲ့အနှစ်သာရကတော့ စစ်ပွဲမဟုတ်ဘူး၊ ပြီးဆုံးသွားတဲ့စစ်မြေပြင်မှာ ထွန်ယက်စိုက်ပျိုးနိုင်ရေးပဲဖြစ်တယ်။ သူတို့ဟာ တောတွေမြစ်တွေ အထပ်ထပ်ကို ဖြတ်သန်းခဲ့ကြပြီ။ အခုအိန္ဒုမြစ်ဝှမ်းမြောက်ဘက်ကို ရောက်လာကြပြီ"

"ဒီအသားဝါတွေကို ငါသွားပြီးမောင်းထုတ်မှာပေါ့ ဘိဘိသန"

"ဘုရင်မင်းမြတ်သွားစရာမလိုဘူး၊ သူတို့ကိုယ်တိုင် ဘုရင်မင်းမြတ်ရှိရာ လက်ာဒီပရှိရာ အိန္ဒုတောင်ပိုင်းကို ဆင်းလာကြပါလိမ့်မယ်"

"သူတို့ဟာ တောင်ပိုင်းကိုလာရင် စစ်ကိုပါယူလာခဲ့ကြမှာလား ဘိဘိသန"

"မှန်ပါတယ်၊ သူတို့ဟာ အိန္ဒုမြစ်ဝှမ်းတောင်ပိုင်းရဲ့ မြေဩဇာလွင်ပြင်ကြီးကို အင်မတန်မက်မောနေကြတယ်။ သူတို့စစ်မက်ပြုကြလိမ့်မယ်"

"အင်မတန်ကြီးကျယ်ပြီး ဂုဏ်မြောက်တဲ့စစ်ပွဲကြီးတစ်ခု ဖြစ်မှာပေါ့ဘိဘိသန၊ သို့သော် အသားဝါတွေအဖို့ အိန္ဒုမြစ်ဝှမ်းတောင်ပိုင်းမှာ သူတို့ကိုယ်တိုင် မြေဩဇာတွေဖြစ်ကုန်ကြရမယ်"

"အသု အသုရာဘုရင် စစ်ကူတောင်းတဲ့ ကိစ္စဟာ ဒီအရေးရဲ့ရှေ့ပြေး ဖြစ်ပါလိမ့်မယ်၊ အသုရာကို တိုက်တဲ့ မာဃဘုရင်ဟာ အာရိယန်တို့ရဲ့ မိတ်ဆွေဖြစ်ပါတယ်"

"ညီတော်ဘိဘိသန . . . မင်းနဲ့စကားပြောရတာ ငါ့အဖို့ စိတ်ဝင်စားစရာအကောင်းဆုံးပဲ၊ သေးသိမ်တဲ့ ဒြာဝိဒိယန်မျိုးနွယ်စုငယ်တွေ အချင်းချင်းစစ်မက်ပြုရတာကို ငြီးငွေ့နေချိန်မှာ မင်းဟာ ငါ့အတွက် အဖိုးတန်တဲ့ လုပ်ငန်းတစ်ခုကို ညွှန်ပြပေးတာပဲ"

"ဒါပေမယ့် အာရိယန်တွေကို . . . "

"တော်လောက်ပါပြီကွယ်၊ ကဲ . . မင်းလုပ်စရာရှိတာဆက်လုပ် ငါအသုရာဘုရင်ထံသွားလိုက်ဦးမယ်"

"အကိုတော် ဘုရင်မင်းမြတ် . . . အောင်မြင်ပါစေ"

ဘိဘိသန၏ ဆုတောင်းသံနှင့် ရုပ်ပုံတို့သည် ဆီးနှင်းများ အကြားနစ်မြုပ်ပျောက်ကွယ်သွားသည်။ မြင်းခြောက်ကောင်က စစ်ရထားသည် အဆင်သင့်ဖြစ်နေလောက်ပေပြီ။

မာဃဘုရင်၏စစ်တပ်ကြီးကား အင်အားကြီးမားလှပေသည်၊ ပုစွန်သွေးရောင် ကိုယ်ထည် နှင့် ဒရယ်မွေးရောင် မျက်နှာပြင်ရှိကြီးမားသော စည်ကြီးကို စစ်ဦးတွင် ရိုက်နှတ်တီးခတ်လျက် မာဃတပ်မကြီးသည် လိုမ့်၍ဆင်းလာ လေသည်။ သူတို့၏တိုက်ပွဲဝင် စည်သံသည် မိုးခြိမ်းသံတမျှ မြည်ဟီးလှသည်။ "အာလမ္ဗရ တပ်ဦးတံခွန်လာပြီ ဟေ့ ...." ဟု သူတို့ဟစ်ကြွေးကြသည်။ သို့သော် စစ်မြင်းခြောက်ကောင်က စစ်ရထားကိုသားတော် မေဃနာဒအား မောင်းနှင်စေ၍ ကျွန်ုပ်ကမူ လေးနှင့်မြားကို စွဲလျက် ရန်သူ့စစ်ဦးကင်းထဲသို့ တရကြမ်းထိုးဖောက်ဝင်နိုင်ခဲ့သည်။ မိုးကြိုးလျှပ်စီးနှင့် ငလျင်တော်လည်းသံတို့ကို အခြံအရံပြုလျက် မွေးဖွားလာသည်ဖြစ်သောကြောင့် မာဃနာဒဟုအမည်တွင်သော ကျွန်ုပ်သားတော်အဖို့ ရန်သူတို့၏ တိုက်ပွဲဝင်စည်သံသည် အပြင်းပြေတူရိယာဂီတသံသဖွယ် ဖြစ်သွားသည်။ ထို့ကြောင့်ရထားမောင်းတာဝန်ကို သားတော်အား ကျွန်ုပ်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ သံချွန်သွားတပ် ဘီးများအောက်ဝယ် မရှုမလှသေဆုံးခဲ့ကြသည့် ရန်သူများ၏ သွေးစများသည် ရက်ပေါင်းများစွာပင် သံချွန်သွားများ၌ စွန်းထင်းစွဲမြဲနေခဲ့ပေသည်။ ရန်သူ၏ အာလမ္ဗရစစ်ဦးတံခွန်ကို ကျွန်ုပ်ထိုးဖောက်ပြီး နောက်ပိုင်းတွင်ကား ဒြာဝိဒိယန်တပ်တို့သည် မာဃတပ်တို့ကိုတဆင့်ပြီးတဆင့် အောင်ပွဲခံနိုင်ခဲ့သည်။

နောက်ဆုံးတွင် မာဃဘုရင်သည် သူ၏မျိုးနွယ်စု စစ်သည်အနည်းငယ်မျှလောက်ကိုသာ အသက်နှင့်တကွ ပြန်လည်စုရုံးနိုင်ပြီး အိန္ဒုမြစ်မြောက်ဘက်ဒေသဆီသို့ ဆုတ်ခွာသွားခဲ့လေသည်။ ခုနစ်ရက်မျှကြာသော ထိုစစ်ပွဲကို ကျွန်ုပ် အသေးစိတ်မမှတ်မိတော့။ သို့သော် အသုရာမျိုးနွယ်စုမှ လင်္ကာစာဆိုများကမူ မိုးမာဃနှင့် နတ်အသုရာစစ်ပွဲဟူသော အမည်ဖြင့် ကြီးကျယ်ခန်းနားစွာ ကဗျာလင်္ကာများ ဖွဲ့ခဲ့ကြလေသည်။ ထိုကဗျာလင်္ကာတို့၏ စာပိုဒ်တိုင်းတွင်ပါဝင်သော အမည်ကား ဒသဂီရိဟူသော အမည်နာမပင် ဖြစ်သည်။ သားတော် မေဃနာဒမင်းသားကား အသုရာမျိုးနွယ် မိန်းမပျိုများအကြားတွင် ကြီးစွာသောသူရဲကောင်းစည်းစိမ်ကို ခံစားနေရပေသည်။

ဒြာဝိဒိယန်တပ်များကို စစ်ဆေးပြီး လင်္ကာဒီပနန်းတော်သို့ ပြန်လည်ထွက်ခွာရန် စစ်ရထားပေါ်ခုန်တက်လိုက်သည်နှင့် အသုရာဘုရင်သည် စစ်ရထားအနီးသို့ ချဉ်းကပ်လာပြီး ဒူးထောက်၍ ဦးညွှတ်လိုက်သည်။

"နောက်ထပ်စစ်ရထားတစ်စီး လက်ဆောင်ပေးဦးမလို့လားဟေ့၊ ဒါဆိုရင် မင်းတို့အသုရာတွေဆီ နောက်ထပ်ရန်သူတွေထပ်လာ၊ နောက်ထပ်တစ်ခါငါတို့က စစ်ကူနောက်ထပ်ပြန်ပေး . . . "

အသုရာဘုရင်က ပြုံးရင်း ခေါင်းကိုခါရမ်းလိုက်လေသည်။

"နောက်ထပ်စစ်ရထားတစ်စီး လက်ဆောင်ပေးစရာမလိုတော့ပါဘူး ဒသဂီရိဘုရင်မင်းမြတ်၊ အသုရာတို့ရဲ့ရန်ဟာ ပြီးစီးသွားပါပြီ။ အရှင်ဘုရင်မင်းမြတ်လည်း အသုရာမာဃစစ်ကြောင့် ပင်ပန်းလှပါပြီ။ အရှင်ရဲ့ ပင်ပန်းနွမ်းနယ်မှုနဲ့ သုံးစွဲလိုက်ရတဲ့ ခွန်အားတွေကို ပြန်လည်ဖြည့်စွက်ပေးမယ့် နောက်ထပ်လက်ဆောင်ပဏ္ဏာတစ်မျိုး အကျွန်ဆက်သလိုက်ပါတယ်"

"နောက်ထပ် လက်ဆောင်ပဏ္ဏာ . . "

"မှန်ပါတယ် အရှင်ဘုရင်မင်းမြတ်၊ ဟိုမှာပါ"

အသုရာဘုရင် ညွှန်ပြသောနေရာသို့ ကျွန်ုပ်ကြည့်လိုက်သည်။ ဒြာဝိဒိယန်စစ်တပ်ကြီး၏ နောက်ဆုံးဘက်တွင်ကား အသုရာဘုရင်၏ လက်ဆောင်များသည် စစ်တပ်တစ်တပ်ခန့် ရှိနေသည်။

"ကျေးကျွန်တွေရယ် .. စစ်မြင်းတွေရယ် . . ရွှေငွေရတနာတွေရယ် . . အသုရာ မိန်းမချောတွေရယ်၊ ဟေ့ . . . ဒီလက်ဆောင်တွေဟာ ပေးရိုးထုံးစံပဲမဟုတ်လား အသုရာဘုရင်ရဲ့၊ ဒါကို အဆန်းလုပ်ပြီးပြနေရသလား"

"သေသေချာချာ ရှုစားပါ ဘုရင်မင်းမြတ်"

ကြီးမားသော ရထားကြီးဆယ်စီးကို တွေ့ရသည်။ စစ်ရထားများ မဟုတ်၊ အမိုးပါသည့် မြင်းနှစ်ကောင်က ခရီးသွားထားများဖြစ်သည်။

"အဲဒီ ရထားဆယ်စီးထဲမှာ ကြီးမားတဲ့အိုးကြီးနှစ်လုံးစီ ရှိပါတယ်။ ဒီအိုးကြီးတွေထဲမှာ ထူးခြားမွန်မြတ်တဲ့ တစ်စုံတစ်ခုရှိပါတယ်"

"ဟေ . . ဘာလဲကွယ့်"

"စစ်ပွဲများကြောင့်ဖြစ်ဖြစ်၊ အခြားဘယ်လိုအကြောင်းကြောင့်ဖြစ်ဖြစ် နွမ်းနယ်ကုန်ခမ်းသွားတဲ့ အရှင်ဘုရင်မင်းမြတ်ရဲ့ ခွန်အားများကို ပြန်လည်ဖြစ်ပေါ်စေတဲ့ သြသဓရည်များ ဖြစ်ပါတယ်"

"သြော် . . တယ်ဟုတ်ပါလား၊ အဲဒီသြသဓရည်ကို ဘယ်လိုခေါ် သလဲ"

"သူရာလို့ခေါ်ပါတယ်"

"သူရာ . . တဲ့၊ အလွန်နားထောင်လို့ကောင်းတဲ့ အမည်သစ်ပါလား"

"မှန်ပါ။ သောက်သုံးရန် အညွှန်းစည်းမျဉ်းများကို အရှင့်ရဲ့ ဘဏ္ဍာစိုးမင်းကြီးထံ အကျွန်ုပ်ပေးအပ်ထားပါတယ်"

"အေး အေး၊ ကိုင်းဟေ့၊ လင်္ကာဒီပကို ပြန်ကြစို့၊ ဂမ္ဘီရဲ့ သမင်ခတ်ပွဲကို ငါကြည့်ချင်လှပြီ။ ကိုင်း . . လာကြ ဒြာဝိဒိယန်တို့ သွားကြစို့"

"ဒသဂီရိဘုရင်မင်းမြတ် သက်တော်ရှည်ပါစေ" ဟူသော အသံများသည် လွင့်ဝဲ၍ ပွဲတင်ပြီးကျန်နေရစ်လေသည်။

သမင်ဖိုကြီးနှစ်ကောင်သည် သူတို့၏ လည်ကုပ်သားကြီးများကို အောက်သို့ နှိမ့်ဆွဲထားကြသည်။ ဦးချို၏ အစွန်အဖျားများကို တစ်ကောင့်တစ်ကောင် ချိန်ရွယ်ထားကြသည်။ ဦးချိုဖျားများသည် ချွန်မြ၍ မည်းနက်တောက်ပြောင်နေသည်။ ခွာများကို ရုပ်နေသောကြောင့် မြက်ပင်များသည် သူတို့၏ ခြေလေးချောင်းအောက်မှ ဖွာထွက်နေကြသည်။ တရှူးရှူး နှာမှုတ်သံများကို အတိုင်းသား ကြားနေရသည်။ ကျွန်ုပ်သည် ရွှေခွက်ကို နှုတ်ခမ်းတွင်တေ့၍ "သူရာ" ကို မော့ချလိုက်သည်။ ချိုမြခြင်း၊ ပူစပ်ခြင်း၊ ခါးသက်ခြင်းဟူသော အရသာသုံးမျိုးသည် လျှာကိုဖြတ်သန်းသွားပြီး လျှာအရင်းတွင်ပျောက်ကွယ်သွားသည်။ ထို့နောက် တစ်ဆက်တည်းမှာပင် ရှိန်းမြသော အထိအတွေ့တစ်မျိုးကို လည်ချောင်းတစ်လျှောက်မှ ဝမ်းဗိုက်အထိ ခံစားလိုက်ရသည်။ သွေးကြောများသည် တဖျင်းဖျင်းမြည်လာသည်ဟု ထင်ရလောက်အောင် လှုပ်ရှားလာကြသည်။ ထို့နောက် ကျွန်ုပ်၏ မျက်လုံးအိမ်မှ မြင်ကွင်းသည် ပို၍ကြည်လင်ပြတ်သားလာသည်ဟု ခံစားမိသည်။ နား၏အာရုံနှင့် ခံတွင်းနှုတ်ခမ်းတို့သည်လည်း အလွန် နိုးကြားတက်ကြွလာလေသည်။ ထို့နောက် ကျွန်ုပ်သည် သမင်ခတ်ပွဲ ကြည့်ရှုနေသော မိမိ၏ကြီးကျယ်ခမ်းနားသည့် လင်္ကာဒီပ ဘုရင်မင်းမြတ်အဖြစ်ကို ပြင်းထန်စွာနှစ်ခြိုက်ကျေနပ်လာမိသည်။ ပျော်ရွှင်မြူးတူးမှု အလျဉ်သည် ကျွန်ုပ်၏ စိတ်နှလုံး၌ ဖြန့်ကြက် စိုးမိုးသွားလေသည်။

"ဟေ့ . . . ဂမ္ဘီရဲ့ သမင်းတွေဟာ ဒီလိုပဲ စောင်နေကြရင်းနဲ့ အချိန်ကုန်တော့မလား"

ဂမ္ဘီသည် ကျာပွတ်ကို မြှောက်ကိုင်ပြီး သမင်ဖိုကြီးနှစ်ကောင်ကို ခပ်ဆတ်ဆတ်ရိုက်ချလိုက်သည်။ နန်းတော်ဥယျာဉ်၏ အနောက်ဘက်၊ သမင်ခတ်ပွဲကျင်းပရာ နေရာလေးတစဝိုက်၌ ခွာသံ၊ ဦးချိုချင်းထိသံ၊ နှာမှုတ်သံ၊ ဟစ်အော်အားပေးသံများ ဆူညံသွားလေသည်။ သမင်နက်ကြီးနှင့် သမင်ညိုကြီးနှစ်ကောင်သည် အလယ်ဗဟိုတွင်ဆုံကြပြီး မိမိနေရာမိမိ ပြန်ရောက်သွားကြသည်။ သူတို့၏ဟန်ပန်မှာ တကယ့်ဒြာဝိဒိယန် စစ်သူကြီးများလို ခံ့ညားလှပပေသည်။ ထူးခြားစွာ တက်ကြွနေသော စိတ်နှလုံးများဖြင့် ကျွန်ုပ်သည် သူရာကို နောက်ထပ်သောက်သုံးလိုက်ပြန်သည်။

"ဟေး . . . ဟေး"

သမင်ဖိုနှစ်ကောင်သည် ကွက်လပ်အလယ်တွင် ဒုတိယအကြိမ် ဆုံကြပြန်သည်။ ကြေးနီဒိုင်းလွှားပေါ် သို့ သံပုဆိန်ဖြင့် ခုတ်ချလိုက်သည့် အသံမျိုးထွက်ပေါ်လာသည်။ မိမိနေရာ အသီးသီးသို့ ပြန်ရောက်သွားကြပြန်သည်။ ဂမ္ဘီ၏ လေ့ကျင့်သင်ကြားပေးမှုသည် အံ့မခန်း ပေတည်း။ အထူးသဖြင့် သမင်ညိုကြီး၏ဟန်ပန်မှာ ကျွန်ုပ်၏မျက်၌ ပိုမိုဝင့်ကြွားနေလေသည်။

"ဟေ့ကောင်ကြီး ပြန်ထ ပြန်ထစမ်း"

သမင်ညိုကြီး ပြန်ထလာသည်။ သူညွှတ်ကျသွားရာ နေရာတွင် သွေးကွက်ကြီးတစ်ခု ဖြစ်ကျန်နေရစ်ခဲ့သည်။ သမင်ညိုကြီးသည် ဆတ်ဆတ်ခါလျက်ယိမ်းယိုင်နေသည်။ သူ၏ဦးချိုတစ်ဖက်သည် အရင်းမှနေ၍ သွင်သွင်ကျိုးလျက် ပြုတ်ထွက်သွားခဲ့ပြီ။ ချိုစောင်းတွင် သွေးများ တပွက်ပွက် ထွက်လာသည်။

ကျွန်ုပ်သည် သူရာကို ထပ်၍သောက်သုံးလိုက်သည်။ ရွှေခွက်သည် ကျွန်ုပ်၏ နှုတ်ခမ်းများနှင့် အကြိမ်ပေါင်းမည်မျှထိတွေ့ခဲ့သည်ကို မမှတ်မိတော့ချေ။ သမင်ညိုကြီး၏ ချိုစောင်းမှ သွေးများကို တွေ့မြင်ရသဖြင့် ပို၍တက်ကြွလာသည်။ သွေးများနီရဲနေသည့်ကြားမှ တစ်ဖက်တည်းသောဦးချိုကိုသာ ပိုင်ဆိုင်တော့သည့် သမင်ညိုကြီးသည် ရဲ့ဝံ့စွာပင် ရန်သူကို ရင်ဆိုင်လိုက်ပြန်သည်။ ဥယျာဉ်ကွပ်လပ်တစ်ခုလုံး ကျွန်ုပ်၏ အားပေးသံတစ်သံတည်းသာ အဆက်မပြတ်ထွက်ပေါ်နေတော့သည်။

ဒဏ်ရာကြီးစွာ ရထားသည့် ဦးချိုတစ်ဖက်တည်းရှိ သမင်ညိုကြီးကို သမင်နက်ကြီးသည် ပြင်းထန်စွာထိုးခတ်ချလိုက်သည်။ သမင်ညိုကြီး၏ ကြီးမားသော ခန္ဓာကိုယ်ကြီးသည် မြေပြင်တွင် အရှိန်ပြင်းစွာ ပစ်ကျသွားသည်။ သူ၏ လည်ပင်းမှာ သမင်နက်ကြီး၏ ဦးချို ထိပ်ချွန်ကြောင့် ထုတ်ချင်းခတ်ပေါက်သွားပေပြီ။

ကျွန်ုပ်သည် လက်ထဲမှ ရွှေခွက်ကို လွှင့်ပစ်လိုက်ပြီး ရွှေသေတကောင်းကို သည်အတိုင်း မှောချလိုက်ပြီး ကွင်းလယ်တွင် ရပ်နေသည့် ရက်စက်သော သမင်နက်ကြီးဆီသို့ ခုန်ပေါက်လျက် ပြေးဝင်ခဲ့သည်။

“ဟော့ကောင်ကြီး၊ သမင်ညိုကြီးအတွက် လက်စားချေဖို့ ငါလာပြီဟေ့”

ဂမ္ဘီ၏ အော်ဟစ်သံကို နားထဲတွင် သဲ့သဲ့ကြားနေရသည်။ကျွန်ုပ်၏လက်တွင် ဓားမြှောင်တို တစ်ချောင်းသာပါသည်။ သမင်နက်ကြီးသည် ကျွန်ုပ်ကို အံ့သြဟတန်ဖြင့်ရပ်ကြည့်နေပေသည်။ ကျွန်ုပ်၏ လက်ကို မြှောက်လိုက်သည်။

အလို . . . ထူးဆန်းစွတကား။

ကျွန်ုပ်၏ ခြေထောက်များသည် ယိမ်းယိုင်နေကြသည်။ ရှေ့မှ သမင်နက်ကြီးသည် တစ်ကောင်တည်းမဟုတ်တော့။ သမင်နက်ကြီး၏ ခန္ဓာကိုယ်အတွင်းမှ အခြားသမင်နက်များ ပွား၍ထွက်ပေါ်လာသည်။ ဦးချိုများသည်လည်း ထင်းရှူးပင်၏ သစ်ကိုင်းများသဖွယ် များပြားရှုပ်ထွေးလာသည်။ နားထဲတွင် အသံမျိုးစုံကို ဆူညံစွာကြားနေရသည်။ “ငါလာပြီဟေ့” ဟူသော ကျွန်ုပ်၏ အသံသည်ပင် ကျွန်ုပ်၏နားအတွင်း၌ တစ်မျိုးဖြစ်နေသည်။ ဗလုံးဗထွေးနှင့် လေးလံနေသည်။ ကျွန်ုပ်၏ ကိုယ်သည်လည်း ယိမ်းယိုင်လျက်ရှိသည်။ သို့ပါလျက် ကျွန်ုပ်သည် သမင်နက်ကြီးရှိရာသို ရှူးမိုက်စွာ တိုးဝင်သွားခဲ့သည်။ လက်ချောင်းများသည် လေးလံဆိုင်းတွနေပြီး ဓားမြှောင်ကို ဆုပ်ကိုင်နိုင်စွမ်းမရှိ၊ သမင်ခတ်ပွဲကွက်လပ်၏ ဘေးပတ်လည်မှ သစ်ပင်များ၊ ပန်းရုံများ၊ ပရိသတ်များ အားလုံး တစ်ခုနှင့်တစ်ခု ရောထွေးလျက် လျင်မြန်စွာ လည်ပတ်နေကြသည်။

“ငါလာပြီဟေ့၊ သ . . မင် . . နက်”

ကျွန်ုပ်သည် သမင်နက်ကြီးရှိရာသို့ မရောက်မီမှာပင် မြေပြင်သို့ ပစ်လဲကျသွားသည်။ သမင်နက်ကြီးသည် ချွန်မြသော ဦးချိုဖျားများကို ကျွန်ုပ်အား ချိန်ရွယ်လျက် ပြေးဝင်လာနေပေပြီ။ သို့သော် လုံ့တံတစ်စင်းဖြတ်သွားသံကို သဲ့သဲ့မျှကြားလိုက်ရပြီး သမင်နက်ကြီး၏ လက်ပြင်တွင် လုံ့တံဝင်စွဲသည်။ သမင်ကြီးသည် ကျွန်ုပ်နှင့် အလွန်နီးကပ်သောနေရာတွင် ပုံလဲကျသွားသည်။ ဂမ္ဘီပြေးလာသည်ကို ဝိုးတဝါးမျှတွေ့လိုက်ရသည်။

“သူရာမူးယစ်နေတဲ့ အကိုတော်ဘုရင်မင်းမြတ်ရဲ့အသက်အန္တရာယ်ကို ကာကွယ်ဖို့အတွက် ငါဟာ အင်မတန်ရဲရင့်တဲ့ သမင်နက်ကြီးကို သတ်လိုက်ရပြီ”

ဘိဘိသန၏ အသံကိုလည်း ကျွန်ုပ်ကြားနေရသည်။

“ အသုရာဘုရင်ဟာ စစ်ရထားကို ဦးစွာလက်ဆောင်ပေးတယ်။ ဒါဟာ ဒသဂီရိဘုရင်အတွက် စစ်မှန်တဲ့လက်ဆောင်ပဲ။ ဒီစစ်ရထားကို အသုံးပြုပြီး အသုရာဘုရင်ထံ စစ်ကူပေးပြီးနောက် ဒုတိယလက်ဆောင်တစ်ခု ပေးလိုက်ပြန်တယ်၊ အဲဒါကတော့ သူရာဖြစ်တယ်။ မူးယစ်ရီဝေတဲ့ သူရာကို သောက်သုံးတဲ့အတွက် နောင်တော်ဘုရင်မင်းမြတ်ဟာ အခုအသက်အန္တရာယ်က သီသီလေး လွတ်မြောက်ရတယ်။ ဒီသူရာကို ဆက်လက်သောက်သုံးခဲ့မယ်ဆိုရင် ဒသဂီရိဘုရင်ဟာ . . . ”

ဘိဘိသန ရှေ့ဆက်၍ ဘာတွေပြောနေသည်ကို ကျွန်ုပ်မသိတော့။ အရာအားလုံး ချာချာလည်သွားပြီး ကျွန်ုပ်၏ သတိပျောက်ကွယ်သွားခဲ့လေသည်။

---

# အပိုင်း (၃)
## သောကခရီး၏ ပထမခြေလှမ်း

မြင်သူမြင်သူ ဗျာဝေ . . .ကြေအုံမဆုံး . .
တင်ကာတင်ကာ သွင်မျက်ခုံး . . . ချယ်မှင်ရောင်
ပိတုန်းငယ်နှင့် . . သန်းခါမှောင် . . . မျက်လုံးတော်ရောင်
သောက်ရှူးကြယ်ညီနောင် မြမျက်တောင်ကော့ကော့ရွှန်း
(ပပငယ်လေဝင်းဝင်း . . ပတ်ပျိုး )

"တောင်ဆယ်လုံးကို အစိုးရတဲ့အတွက် ဒသဂီရိဘွဲ့ကို ရရှိပြီး လက်ာဒီပရဲ့ ဦးသျှောင်မကိုဋ်ကို ဆောင်းနိုင်ခဲ့တဲ့ရာဝဏ၊ အင်း . . ငါကတော့ မင်းကို ရာဝဏလို့ပဲ ခေါ်ချင်တယ်၊ ဒသဂီရိဘွဲ့ကို ရရှိပြီးနောက်မှ မင်းဟာ ဘုန်းလက်ရုံးကြီးထွားလာခဲ့တယ်။ ဒြာဝိဒိယန်အပေါင်းရဲ့ အရှင်သခင်ဖြစ်ခဲ့တယ်။ သို့ပေမယ့်မင်းဟာ အခုသူရာကို နှစ်ခြိုက်ခုံမင်စွာ မှီဝဲခဲ့တဲ့ ကာလပေါင်းများစွာကြာခဲ့ပြီ၊ တတ်နိုင်မယ်ဆိုရင် ဒသဂီရိဆိုတဲ့ အမည်နာမကို မင်းထံကခွာချပြီး ရာဝဏဆိုတဲ့ အရင်အမည်နာမကိုပဲ ပြန်လည်ပေးအပ် ချင်တယ်"

ရဲရင့်ဤစကားတို့ကို အဘယ်သူသည် ကျွန်ုပ်အား ပြောဆိုဝံ့သနည်း။ ရီဝေသော မျက်လုံးထဲတွင် အကြောပြိုင်းပြိုင်းထနေသည့် ခြေဝတ်မပါသော ခြေအစုံကို ကျွန်ုပ်မြင်နေရသည်။ ဖိတ်ဖိတ်တောက်နေသော နန်းရင်ပြင်မှာ ကျောက်ပြား၏ နွားနို့ရောင်အကွက်ပေါ်တွင် ခြေအစုံမှ ရွှံ့ရည်မြေစများ ပေကျံနေလေသည်။ ကျွန်ုပ်သည် ငိုက်နေသော ဦးခေါင်းကို အားယူ၍ ခြေအစုံအထက်သို့ ဖြည်းဖြည်းချင်းတက်ကြည့် လိုက်သည်။ ရှားရောင်ဝတ်ရုံစ၊ အညိုရောင်ပုတီး၊ ပြာရောင်မှတ်ဆိတ်၊ ရှုံ့တွနေသော လက်မောင်း၊ ပခုံး၊ လည်ပင်း၊ ရှုပ်ထွေးနေသော ဆွတ်ဆွတ်ဖြူနေသည့် ဆံပင်စများ ...

"အလို . . ဂေါ်ခံဆရာတော် ရသေ့ပါတကား"

တောင်ဆယ်လုံး အောင်ပွဲပြီးသည်မှစ၍ ဆရာဂေါ်ခံရသေ့ကြီး ကျွန်ုပ်မေ့လျော့နေခဲ့သည်မှာ လပေါင်းများစွာကြာခဲ့ပေပြီ။ သူရာငွေ့တို့ဖြင့်မှုန်မှိုင်းနေသော ကျွန်ုပ်၏စက္ခုပဒေသာဝယ် ဆရာရသေ့ကြီး၏ ရုပ်ပုံသည် မပြတ်မသားဖြစ်နေသည်။

"ငါပြောနေတာ ကြားရဲ့လား ရာဝဏ၊ သူရာအခိုးအငွေ့တွေ ယှက်သန်းနေတဲ့ မင်းရဲ့ မျက်လုံးထဲမှာ ငါ့ကိုမြင်ရဲ့လား၊ ဟင် . . လူမိုက်။ မကောင်းမှုရဲ့စက္ခုထဲမှာ ငါ့ရဲ့မြင့်မြတ်တဲ့ ပုံသဏ္ဍာန်ကို မင်းတွေ့ရဲ့လား"

"ဆရာရသေ့။ ဘာလိုချင်သလဲ"

ရသေ့ကြီးသည် လက်ထဲမှ တောင်ဝှေးကို နန်းကြမ်းပြင်ထက်သို့ ဆောင့်ချလိုက်ပြီး ကျွန်ုပ်၏မျက်နှာတည့်တည့်သို့ လက်ညှိုးငေါက်ငေါက် ထိုးလိုက်လေသည်။ သေးငယ်သော သူ၏မျက်လုံးများမှာ ဝင်းဝင်းတောက်နေသည်။

"ဟေ့ . . လူမိုက်၊ ငါ့ကိုပေးနိုင်စရာမင်းမှာ ဘာမှမရှိဘူး၊ သိရဲ့လား။ မင်းလိုသူရာသမား ဆီကလည်း ငါဘာပစ္စည်းမှ လက်ခံမယူချင်ဘူး"

"ဟား ....ဟား ....ဟား ....ဟား .... ဒါဖြင့် ဆရာရသေ့ ဘာကြောင့်ဒီကိုလာသလဲ"

ချည့်နဲ့သေးကွေးနေသော ခန္ဓာကိုယ်နှင့် မျက်လုံးတို့က ဒေါသမီးများကိုပစ်လွှတ် နေသည့်အတွက် ကျွန်ုပ်ရယ်ချလိုက်သည်။ ထို့နောက် သူရာတစ်ခွက်ကိုငှဲ့၍ လည်ချောင်း အတွင်းသို့လောင်းထည့်လိုက်သည်။ ဆရာဂေါ်ခံရသေ့ကြီးသည် မျက်စိအစုံကို မှိတ်၍ ဒေါသများကို ဖြေဖျောက်နိုင်ရန်ကြိုးစားနေပေသည်။ ပြီးမှ သူ၏ပကတိအသံဖြင့် ဆက်လက်ပြောလာပြန်သည်။

"လက်ာဒီပနန်းတော်ရဲ့ လေးပြင်လေးရပ်တောအုပ်တွေမှာ သီတင်းသုံးနေတဲ့ယောဂီရသေ့တွေအတွက် ငါမင်းဆီလာခဲ့ခြင်းဖြစ်တယ် ရာဝဏ။ မင်းအဲဒီ တောအုပ်တွေထဲက ထနောင်းပင်၊ ဆီးပင်၊ စပျစ်ပင်နဲ့ အခြားအပင်ပေါင်းများစွာကို ခုတ်လှဲပစ်တယ်ဆို"

"ဟုတ်တယ် ဆရာရသေ့၊ သိန်းခိုပြည့်ရှင် ဘုရင်မင်းမြတ်အမိန့်နဲ့ အဲဒီအချည်းနှီးပေါက်နေတဲ့ သစ်ပင်တွေကို ခုတ်လှဲစေလိုက်တယ်"

"ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ ရာဝဏ"

"သူရာအတွက်"

"ဘာ"

"သူရာဖော်စပ်တဲ့နေရာမှာ အဲဒီသစ်ပင်တွေက သစ်သီးသစ်ခေါက်တွေဟာ အင်မတန်မှ အသုံးဝင်တယ်လေ...ဟား ....ဟား...ဟား"

"ဒီသစ်ပင်တောအုပ်တွေကို ကျောင်းသခ်မ်းလုပ်နေရတဲ့ တရားစမ္မယောဂီတွေအတွက် ဘယ်လောက် ဒုက္ခရောက်ကြမယ်ဆိုတာ မင်းထည့်မတွက်ဘူးလား ရာဝဏ"

ရွှေသေတကောင်းထဲမှ စပျစ်သူရာအပျင်းစားကို ရွှေခွက်ထဲသို့ငှဲ့ရင်း ဆရာရသေ့၏အမေးကို လုပစွာဖြေဆိုနိုင်ရန် ကျွန်ုပ်စဉ်းစားနေမိသည်။ ဆရာရသေ့သည် ကျွန်ုပ်၏သူရာတစ်ခွက်ကို အကုန်မော့ပြီးသည်အထိ စောင့်နေရရှာပေသည်။

အင်း . . . အဖြေရပြီ။

"အမှန်တော့ အဲဒီယောဂီရသေ့တွေအနေနဲ့ သစ်ပင်အောက်မှာ အလကားနေထိုင်ကြမယ့်အစား၊ သူတို့ကိုယ်တိုင် သူရာဖော်စပ်မှီဝဲခြင်းအားဖြင့် ဒီသစ်ပင်တွေကို အသုံးပြုသင့်တယ်။ အခုတော့ သူတို့ဒုက္ခကို သူတို့ရှာကြတာပဲ"

ဂေါ်ခံရသေ့ကြီး၏တောင်ဝှေးကိုင်ထားသောလက်သည် ဒေါသဖြင့်တဆတ်ဆတ်တုန်နေရှာ ပေသည်။ ချက်ကျလှသောအဖြေစကား၏ ယုတ္တိခိုင်လုံမှုကြောင့် မလူးသာမလွန့်သာ ဖြစ်သွားဟန်တူသည်။

ထိုအခိုက် ခန်းမဆောင်ထဲသို့ ညီတော်ဘိဘိသန ဝင်လာလေသည်။ ညီတော်သည် ရသေ့ကြီးကို မြင်သောအခါ နန်းရင်ပြင်ပေါ် သို့ အပျာကယာဝပ်ချ၍အရိအသေပြုလိုက်သည်။ ရသေ့ကြီးက သူ၏ဦးခေါင်းထက်သို့ လက်တင်၍ဆုများပေးနေသည်။သူတို့ကိုကြည့်ရင်း ကျွန်ုပ်ရယ်ချင်ပြန်လာသည်။ ဘိဘိသနသည် ဘုရင်မင်းမြတ်၏ညီ လက်ာဒီပ၏ အိမ်ရှေ့စံ မင်းသားတစ်ပါးနှင့်ပင်မတူတော့။ ငယ်ရွယ်နုပျိုသော ရသေ့တစ်ပါးနှင့်ပင် တူနေသေးသည်။ အိုမင်းရွတ်တွနေသော ရသေ့ကြီးနှင့် ငယ်ရွယ်နုပျိုသော ရသေ့လေးတို့သည် ဒသဂီရိရှေ့၌မခံမရက်နိုင် ဖြစ်နေကြရှာခြင်း။

" ဟား . . . ဟား . . . ဟား . . . ၊သူရာရဲ့ တန်ခိုးသတ္တိကိုလည်း နားမလည်ကြ၊ နားလည်ခံစားနေသူကိုလည်း မရှုဆိတ်နိုင်ကြ၊ ဟား . . . ဟား . . . ဟား . . . "

ကျွန်ုပ်ရယ်မိသည်မှာ မျက်ရည်များပင်လည်လာသည်။ အလွန်ရွှင်မြူးစရာကောင်းသော မြင်ကွင်းဖြစ်ရပ်တစ်ခုပင်။

"သူတော်စင်များရဲ့ အရိပ်အာဝါသ၊ အကျင့်သီလနဲ့ ငြိမ်းချမ်းမှုကို ဖျက်ဆီးတဲ့ ရာဝဏ၊ မင်းဟာ လက်ာဒီပရဲ့ ဘုန်းအကြီးဆုံး ပုဂ္ဂိုလ်ဖြစ်သလို အပြစ်အကြီးဆုံးရာဇဝတ်သားလည်းဖြစ်တယ်"

ဂေါ်ခံရသေ့ကြီး၏အသံသည် ပိုမိုစူးရှလာသည်။ ဘိဘိသနကလည်း ဆရာရသေ့ကြီးကိုတစ်လှည့်၊ ကျွန်ုပ်ကိုတလှည့် ကြည့်နေရင်း တစုံတခုပြောရန်အားယူနေဟန်တူသည်။

"နောင်တော်ဘုရင်မင်းမြတ်၊ ဂရုဠမျိုးနွယ်စုတပ်မဟာ၊ ဂုမ္ဘာနမျိုးနွယ်စုတပ်မဟာ၊ နာဂါမျိုးနွယ်စုတပ်မဟာ၊ တပ်မဟာသုံးခုက တပ်မင်းများအနားယူသွားကြပြီမို့ တပ်မင်းအသစ်များ ရွေးချယ်ခန့်ထားရန်ရှိပါတယ်။ပြီးတော့ ကိုယ်ရံတော်စစ်သည်များအတွက် လေးမြားစွမ်းရည်ပြိုင်ပွဲကျင်းပစရာလည်း ရှိပါတယ်။ ပြီးတော့ အရှေ့တောင်ဘက်ဒေသ ဒြာဝိဒိယန်ကျေးကျွန်များအတွက် စိုက်ပျိုးသီးနှံများ ခွဲဝေသတ်မှတ်ပေးစရာများလည်း . . . "

"ဒါတွေအားလုံး မင်းလုပ်လိုက် ညီတော် ဘိဘိသန"

ဘိဘိသနသည် ပါးစပ်ဟလျက် အံ့အားသင့်သွားလေသည်။ မှန်ပေသည်။ဒသဂီရိ ဘုရင်မင်းမြတ် အဖြစ်ကို ခံယူသည့်နေ့မှစ၍ နှစ်ပေါင်းများစွာ အုပ်ချုပ်စီမံခဲ့ရသော ထိုလုပ်ငန်းများကို ကျွန်ုပ်ငြီးငွေ့လာပြီဖြစ်သည်။ ယခုအခါလက်ာဒီပသည် ကြီးကျယ်ခံ့ညား သော နိုင်ငံတော်ကြီးဖြစ်နေပြီ။ ဟစ်ကြွေးတိုက်ခိုက်ခဲ့ရသော ကျွန်ုပ်သည် ထိုအရာများကို ငြီးငွေ့လှပြီ။ ချိုမြိန်စူးရှသော သူရာနှင့် စိတ်လှုပ်ရှားဖွယ်သမင်ခတ်ပွဲ၊ ခြင်္သေ့တိုက်ပွဲများကြားတွင်သာ ကျွန်ုပ်၏ နွမ်းနယ်မှုကို နှစ်မြုပ်ထားချင်သည်။

"ဘာကြည့်နေတာလဲ၊ ငါပြောတာကြားရဲ့လား"

ဘိဘိသနသည် တုန်လှုပ်သွားလေသည်။ သို့သော် အသက်ပြင်းပြင်းတစ်ချက်ရှူလိုက်ပြီး ဆက်ပြောပြန်လေသည်။

"နောင်တော်ဘုရင်မင်းမြတ်ဟာ အခုမျိုးနွယ်စုခေါင်းဆောင် ဘုရင့်ကျင့်ဝတ်ကနေ သွေဖယ်နေတယ်။ မင်းကျင့်တရားတွေကို မျက်နှာလွှဲနေတယ်။ စောစောကလုပ်ငန်းတွေကို ညီတော်တာဝန်ယူနိုင်ပါတယ်။ ဒါပေမယ့် . . . "

"ဟော့ . . လက်ာဒီပဘုရင်ကို မင်းဒီလိုပြောသလား"

"လက်ာဒီပဘုရင်ရဲ့ သူရာဖုံးလွှမ်းနေတဲ့ အဖြစ်ကို ညီတော်ပြောနေတာပါ။ စစ်မက်နဲ့ ရက်စက်ကြမ်းကြုတ်မှုမှာ မွေ့လျော်တဲ့အဖြစ်၊ ဒြာဝိဒိယန် မိန်းမပျိုများနဲ့ ယစ်မူးပျော်ပါးတဲ့အဖြစ်၊ ဒါတွေတုန်းက ညီတော်ဘာမှမပြောခဲ့ပါဘူး။ အခုသူရာရဲ့ ကျေးကျွန်ဖြစ်နေရတဲ့အဖြစ်ကို ညီတော်ပြောနေပါတယ်။ လက်ာဒီပတိုင်းရင်းသားတို့ဟာ သူတို့ချစ်မြတ်နိုးတဲ့ဘုရင် မှောက်မှားသွေဖယ်မှုတွေကို အကုန်အစင်သိကြရင် သူတို့အားလုံး ကြီးစွာတုန်လှုပ်ချောက်ခြားကြလိမ့်မယ်။ ဝမ်းနည်းတသ ယူကြုံးမရ ဖြစ်ကြလိမ့်မယ်။ စစ်သည်တော်တွေကလည်း တွေဝေဖောက်ပြန်ကုန်ကြလိမ့်မယ်။ နန်းတော်ရဲ့ပြသာဒ်ခေါင်ဖျားမှာ ဆီးနှင်းမလုံရင် နန်းရင်ပြင်မှာ ဆီးနှင်းတွေစိုရွှဲနေပါလိမ့်မယ်။ ညီတော်ကိုသတ်ချင်သတ်လိုက်ပါဘုရင်မင်းမြတ်။ သို့သော် မိမိကိုယ်နဲ့ မိမိအမျိုးအနွယ်၊ မိမိရဲ့တိုင်းပြည် နိုင်ငံတော်ကိုတော့ မသတ်ပါနဲ့"

ဘိဘိသနအသံသည် ခန်းမဆောင်အတွင်း၌ဟိန်း၍ ထွက်ပေါ်နေလေသည်။ နူးညံ့ဖျော့တော့သော သူ၏ခန္ဓာကိုယ်နှင့်မလိုက်။ သူ့အသံက တင်းမာပြတ်သားနေသည်။ ကျွန်ုပ်သည် အာခေါင်များခြောက်လာသဖြင့် ရွှေသေတကောင်းကို လှမ်းယူလိုက်ရပြန်သည်။

"သူရာရဲ့ကျေးကျွန်တဲ့ . . . ဟုတ်လား"

"ဟုတ်ပါတယ်၊ နောင်တော် ဘုရင်မင်းမြတ်"

"ဟုတ်တယ် ရာဝဏ"

သူရာများသည် ရွှေတကောင်းထဲမှ ရွှေခွက်ထဲသို့ လှပစွာစီးသွန်နေကြသည်။ သင်းပျံ့သောရနံ့သည် ကျွန်ုပ်၏ဂန္ဓရုံကို လှုပ်ခတ်ကျီစယ်၍ နေပေသည်။

"အင်း . . .သူရာရဲ့ ကျေးကျွန်တဲ့။နန်းစည်းစိမ်၊ အာဏာစက်၊ ပိုင်နက်၊ ဘုန်းလက်ရုန်းသတ္တိ၊ တန်ခိုးရှိန်စော်၊ . . ပြီးတော့ရဲရင့်တဲ့ နမတော်ဂမ္ဘီ၊ ပညာရှိတဲ့ညီတော်ဘိဘိသန၊ တက်ကြွထက်မြက်တဲ့ ဒြာဝိဒိယန်ရဲမက်များ၊ ရွှေငွေကျောက်သံပတ္တမြားတွေ . . .ပြီးတော့ လက်ရုံးရည်နဲ့ပြည့်စုံတဲ့ သာတော် မေဃနာဒ၊ ဒါတွေအားလုံးပြည့်စုံနေတဲ့ ဒသဂီရိဟာ အားလုံးရဲ့ အရှင်သခင်ဖြစ်ခဲ့တယ်။ အားလုံးဟာ ငါ့ရဲ့အောက်မှာနိမ့်ဝင်နေကြတယ်။ အခုငါက သူရာရဲ့ကျေးကျွန်ဆိုတော့ ငါ့ထက်မြင့်မားနေတာပေါ့။ လက်ာဒီပဘုရင်ရဲ့နှလုံးဟာ အဲ့ဒီအရှင်သခင်ထံမှာ မှေးစက်နားနေခွင့်ရတယ်။ ငါဟာသူရာရဲ့ကျေးကျွန်ဖြစ်သင့်တယ်။ အခြားဘာမှ ငါ့နှလုံးသားထဲမှာ မရှိနိုင်ဘူး။ သူရာသာလျှင်ရှိတယ်။ ဒါဟာသဘာဝကျတယ်။ ဘဝတစ်လျောက်လုံး အရှင်သခင်လုပ်ခဲ့ရတဲ့ကာလတွေအတွက် ငါမောပန်းလှပြီ။ ငါအခုကျေးကျွန်ဖြစ်ပါရစေအုံး . . .အင်း . . သူရာရဲ့ကျေးကျွန် . . . "

ဂေါ်ခံရသေ့ကြီးသည် ဘိဘိသန၏ဝတ်ရုံစကို တင်းကျပ်စွာကိုင်စွဲလျက် ကျွန်ုပ်အား ပြောသလိုလိုနှင့် လေးလေးနက်နက်ဆိုလေသည်။

"ရာဝဏမှာ မဟေသီမိဖုရားခေါင်အသစ်မရှိဘူးလား ဘိဘိသန"

"မရှိပါဘူး ဆရာရသေ့ကြီး"

"သူဟာ တရားဓမ္မတစ်ခုခုမှာ ဝင်စားရင်ဝင်စား၊ သို့မဟုတ်ရင်လည်း ချစ်ခြင်းမေတ္တာတစ်ခုခုမှာ ဝင်စားရင်ဝင်စား၊ နှစ်ခုအနက်တစ်ခုခုကို ရရှိရင်ကောင်းမွန်သွားလိမ့်မယ်"

ထူးဆန်းသော စကားသည် ကျွန်ုပ်၏နားထဲသို့ အဟုန်ပြင်းစွာ တွန်းထိုးဝင်ရောက်သွားလေသည်။

"ချစ်ခြင်းမေတ္တာဆိုတာ ဘာလဲဟင်။ . . . ဆရာရသေ့ကြီး၊ ဘိဘိသန၊ အဲဒီလုပတဲ့ ဝေါဟာရလေးဟာ ဘာကိုဆိုလိုသလဲ၊မင်းသိလား"

"နုနယ်ပျိုမျစ်တဲ့ မိန်းမပျိုတစ်ဦးကို စွဲလမ်းတွယ်တာတာပေါ့ နောင်တော်"

"မဟုတ်ပါဘူး၊ ငါ့ခြေရင်းမှာ နုနယ်ပျိုမျစ်တဲ့ မိန်းမပျိုပေါင်း များစွာ အချိန်နဲ့ပအမျှ အဆင်သင့်ရှိနေတာပဲ"

"လုပတဲ့ကြ္ကထိယကို နှစ်သက်တာပေါ့"

"ဒါလည်းမဟုတ်သေးပါဘူး၊ လုပတဲ့ကြ္ကထိယတွေ အများကြီးကိုငါထိတွေ့သုံးသပ်ခဲ့တာပဲ။ နှစ်သက်ခဲ့တာပဲ။ ဒါပေမယ့်ချစ်ခြင်းမေတ္တာကိုငါမတွေ့မိပါဘူး"

ဘိဘိသနသည် သက်ပြင်းချလျက် ခေါင်းငုံ့သွားလေသည်။ ကျွန်ုပ်၏မေးခွန်းကိုမဖြေနိုင်သည်မှာ ဤအကြိမ်သည် ပထမအကြိမ်ဖြစ်လေသည်။ နန်းဆောင်အတွင်း၌ တိတ်ဆိတ်ခြင်းသည် ဖြန့်ကြက်အုပ်မိုးနေသည်။ ခဏကြာမှ ဆရာရသေ့ကြီး၏အသံပေါ်လာသည်။

"ကဲ . . . ရာဝဏ၊ ချစ်ခြင်းမေတ္တာကို တို့များနားမလည်ပါဘူး။ဒီတော့ ကျန်ခဲ့တဲ့တစ်ခုကိုပဲ ရွေးချယ်ကြပါစို့၊ မင်းရဲ့ မောပန်းနွမ်းနယ်မှုကို တရားဓမ္မထဲမှာ စမ်းသပ်တဲ့အနေနဲ့ မေးစက်ကြည့်ပါလားကွယ်"

ဆရာရသေ့ကြီး၏အသံသည် စောစောကလို ပူလောင်၍ မနေတော့။ နှလုံးထိခိုက်သောအသံဖြင့် တုန်ယင်၍ နေပေသည်။

"ရော့ . . ရော့ . . ရာဝဏ။ ငါ့ရဲ့ ပုတီးကို ယူလိုက်စမ်းပါ။ ပုတီးတစ်စေ့စီကို အပြန်ပြန်အလှန်လှန် ရေတွက်သုံးသပ်ကြည့်စမ်းပါ။ ငြိမ်းချမ်းမှုရဲ့ လမ်းစကို မင်တွေ့နိုင်ပါလိမ့်မယ်။ ရော့ယူပါ . . . ယူလိုက်ပါ သားရယ်"

ဆရာရသေ့ကြီးကို ကျွန်ုပ်မငြင်းပယ်ရက်ပေ။ ထို့ပြင်ကျွန်ုပ်ကိုယ်တိုင်လည်း ပုတီးစေ့များကို အပြန်ပြန်အလှန်လှန်ရေတွက်သုံးသပ်ကြည့်ခြင်းဟူသည့်အလုပ်ကို စမ်းသပ်ချင်စိတ်မျှပေါ်လာသည်။ ထို့ကြောင့် ပုတီးကိုလှမ်းယူလိုက်သည်။

"ဒီလို လုပ်ကြည့်မယ်။ ညီတော် ဘိဘိသနနဲ့ ဂမ္ဘီက နန်းတောကို ခဏတာဝန်ယူပြီး အုပ်ချုပ်နေခဲ့ကြ။ ငါ ဓမ္မိက တောင်သေလာကိုသွားမယ်။ ပုတီးအလုပ်ကို ငါတစ်ယောက်တည်း အေးအေးဆေးဆေး စမ်းသပ်ကြည့်ချင်တယ်"

"ကောင်းလှပါတယ် ရာဝဏရယ်၊ ကောင်းလှပါတယ်"

"သူရာကို ယူမသွားရဘူးနော်၊ နောင်တော်ဘုရင်မင်းမြတ်"

"အေးပါကွာ"

ရေတံခွန်မှ ရေကျသံကို မည်သည့်တူရိယာဂီတနရီချက်မျှ မမီနိုင်ပေ။ ထို့ထက် ကျောက်တုံးများကို ရစ်ခွေစီးဆင်းနေသည့် ရေစီးသံကလေးများသည် ပို၍သုခမဆန်နေ လေသည်။ ငှက်တော်နှင့် ကြိုးကြာများသည် တစ်ပင်မှတစ်ပင်ကို ခုန်ကူးရင်းတေးဆို ပြိုင်နေကြသည်။ ဥဇိုင်းများသည် သူတို့၏တေးချင်းတွင်နစ်မျောပြီး ငါးဖမ်းရန် မေ့လျော့နေလေသည်။ ရွှေငါးများသည်လည်း ဥဇိုင်းများ၏ ခြေထောက်များအကြားသို့ အန္တရာယ်ကို မေ့လျော့၍ ကူးခတ်သွားကြလေသည်။ ဝါကြင်သော သစ်ရွက်ကြွေများသည် ရေစီးလမ်းကြောင်းပေါ် သို့ သူ့ထက်ငါ အလုအယက် နေရာလုရင်းသူတို့နှင့် အရောင်အသွေးတူသည့် ဟင်္သာအုပ်များဆီသို့ ပြေးလွှားသွားကြသည်။

ဟင်္သာအုပ်များ ပျံတက်သွားသောအခါ စမ်းချောင်းအစပ်မှ ယုန်ဖြူဖြူလေးများသည် ထိတ်လန့်၍ တောစပ်ထဲသို့ပြေးဝင်သွားသည်။ ယုန်တို့၏မျက်လုံးများမှာ ပတ္တမြားရည်များ ဖိတ်ကျတော့မည်ထင်ရသည်။ ယုန်ကလေးများ ပြေးဝင်သွားသော တောစပ်တွင် စံပယ်ရိုင်းများသည် လွပ်လပ်ရဲတင်းစွာ ပွင့်နေကြသည်။ စမ်းချောင်းတစ်လျှောက်မြေပြင်သည် အဝါရောင်၊ အနီရောင်၊ ခရမ်းရောင်များဖြင့် ပြောက်မွမ်းလျက်ရှိသည်။ ငရွှေဝါ၊ စိန်ပန်းနီ၊ စိန်ပန်းပြာနှင့် ပျဉ်းမငါးများ အစီအရီပေါက်နေသောကြောင့်ဖြစ်သည်။ ငုနှင့် စိန်ပန်း၊ ပျဉ်မပန်းတို့သည် စမ်းရေစီးသံကို အနီးကပ်နားဆင်ရန်မြေပြင်သို့ ခုန်ဆင်းနေကြသည်။ နေသည် အပူရှိန်ကိုမပေး၊အလင်းရောင်ကိုသာ ဖြစ်စေလေသည်။ သင်းပျံ့နွေးထွေးသော လေပြည်ထဲတွင် ဥဒေါင်းငှက်များသည် အကပြိုင်လျက်ရှိကြသည်။ ဓမ္မိတောင်သေလာကား လှပချမ်းမြေ့လွန်းလှသည်။

လက်ာဒီပနန်းတော်ရှိ ပန်းပုနှင့်ဗိသုကာပညာရှင်တို့ အစွမ်းကုန်ပြင်ဆင်ထားသည့် မာလာဂန္ဓ ဥယျာဉ်တော်၏ အလှတွင်နစ်ပေါင်းကြာမြင့်စွာ အချိန်ကုန်ခဲ့ရသော ကျွန်ုပ်သည် ဓမ္မိကတောင်သေလာ၏ လှပမှုကို တအံ့တသြအငမ်းမရ ခံစားသုံးဆောင်လျက်နေမိပေသည်။

ဂန္ဓအာရုံတကာတို့ထက်လည်းကောင်း၊ စက္ခုအာရုံတကာတို့ထက်လည်းကောင်း သာလွန်ပြေပြစ်လေသည့် ဤတောတောင်၏အလှအပသည် ကျွန်ုပ်၏နှလုံးကို နူးညံ့စွာ ထွေးပိုက်ချော့မော့နိုင်ပေသည်။ ပီတိသော မနသ အဟုန်တွင် ကွန့်မြူးလူးလွန့်လျက် ကျွန်ုပ်သည် ဆရာဂေါ်ခံရသေ့ကြီးပေးလိုက်သည့် ပုတီးကိုလက်တွင်ချိတ်ဆွဲထား သည်။ ပုတီးစေ့များကို တစ်လုံးပြီးတစ်လုံး အပြန်ပြန်အလှန်လှန် ရေတွက်သုံးသပ်ခြင်း အလုပ်၌ဝင်စားနေခဲ့သည်မှာ သုံးရက်မျှရှိခဲ့ပြီ။ ဆရာရသေ့ကြီးပြောသည် ငြိမ်းချမ်းမှုကို ရမရကျွန်ုပ်မသိသော်လည်း လင်္ကာဒီပသို့ဘယ်တော့မှ မပြန်တော့ဟု တစ်ခါတစ်ခါ စဉ်းစားမိသည်။ သူရာကို သတိရမိသောအခါ၌ ရွှေနန်းတော်ခန်းဆောင်ကိုနလာမိသည်။ သို့သော ခမ္မိကတောင်သေလာ၏ ညို့ယူချက်က ပြင်းထန်လှပေသည်။

စမ်းရေစီးသံနှင့် ငှက်တော်ကြိုးကြာတို့၏ တေးချင်းများက "မပြန်ပါနဲ့ . . . ရာဝဏရယ်၊ မပြန်ပါနဲ့ . . ရာဝဏရယ်" ဟုကျွန်ုပ်အားပြောနေသလို ထင်မိသည်။ စိမ်းညိုသော တောင်မကြီး တစ်ခုလုံး ပန်းရနံ့တို့ဖြင့်မွှမ်းထုံးနေသည်။ ခမ္မိကတောင်သည် သူ၏ခြေရင်းတွင် ဤလှပသော နေရာပေါင်းများစွာကိုဖန်တီးထားသည်။

ယနေ့နံနက်ပိုင်းအတွက် ကျွန်ုပ်သည် ချိုမြမွှေးပျံ့သော သစ်သီးများကို သုံးဆောင်ပြီးခဲ့ပေပြီ။ပုတီးစေ့များကိုလည်း ရေတွက်သုံးသပ်ပြီးခဲ့ပြီ။ စမ်းရေသောက်သုံးရန်နှင့် ကိုယ်လက်ဆေးကြော ရန်ကျွန်ုပ် စမ်းချောင်းဆီသို့ ထွက်လာခဲ့ခြင်းဖြစ်သည်။ ချောင်းစပ်တွင်ထိုင်လျက် ခမ္မိတောင်သေလာအလှအပများကို ခံစားနေမိခြင်းဖြစ်သည်။ စမ်းချောင်းလေး၏ အထက်ဘက်မှ ငုဝါပန်းကြွေများ တစ်စုတစ်ခဲတည်းမျော၍ဆင်းလာသည်ကို လှမ်းမြင်နေရသည်။ ပို၍နီးကပ်လာ သောအခါ ငုဝါပန်းများမဖြစ်နိုင်။ ပိတောက်ပန်းပွင့်များဖြစ်ရမည်ဟု ကျွန်ုပ်တွက်ဆလိုက်သည်။ အကြောင်းမူ စမ်းရေစီးသံနှင့် ငှက်တော်ကြိုးကြာတို့၏ တေးချင်းများက "မပြန်ပါနဲ့ . . . ရာဝဏရယ်၊ မပြန်ပါနဲ့ . . ရာဝဏရယ်" ဟုကျွန်ုပ်အားပြောနေသလို ထင်မိသည်။ စိမ်းညိုသော တောင်မကြီးတစ်ခုလုံး ပန်းရနံ့တို့ဖြင့်မွှမ်းထုံးနေသည်။ ခမ္မိကတောင်သည် သူ၏ခြေရင်းတွင် ဤလှပသော နေရာပေါင်းများစွာကိုဖန်တီးထားသည်။

ယနေ့နံနက်ပိုင်းအတဖွက် ကျွန်ုပ်သည် ချိုမြမွှေးပျံ့သော သစ်သီးများကို သုံးဆောင်ပြီးခဲ့ပေပြီ။ ပုတီးစေ့များကိုလည်း ရေတွက်သုံးသပ်ပြီးခဲ့ပြီ။ စမ်းရေသောက်သုံးရန်နှင့် ကိုယ်လက်ဆေးကြောရန်ကျွန်ုပ် စမ်းချောင်းဆီသို့ ထွက်လာခဲ့ခြင်းဖြစ်သည်။ ချောင်းစပ်တွင်ထိုင်လျက် ခမ္မိတောင်သေလာအလှအပများကို ခံစားနေမိခြင်းဖြစ်သည်။

စမ်းချောင်းလေး၏ အထက်ဘက်မှ ငုဝါပန်းကြွေများ တစ်စုတစ်ခဲတည်း မျော၍ဆင်းလာသည်ကို လှမ်းမြင်နေရသည်။

ပို၍နီးကပ်လာသောအခါ ငုဝါပန်းများမဖြစ်နိုင်။ ပိတောက်ပန်းပွင့်များဖြစ်ရမည်ဟု ကျွန်ုပ်တွက်ဆလိုက်သည်။ အကြောင်းမူသီ ဂီသွေးပါနေသော ကြောင့်ဖြစ်သည်း။ ပိတောက်ပွင့်တစ်ထွေးကြီး စမ်းရေ၌မျောပါလာသည်ကား အံ့မခန်းသော အလှတစ်ပါးပင်တည်း။ သို့သော်ပိတောက်ပွင့်များလည်းမဟုတ်တန်ရာ။ ပန်းပွင့်များဖြစ်လျှင် ကျောက်တုံးတစ်ခုခုနှင့်တိုက်မိတိုင်း ဖွာရာရ လွင့်စင်သွားရမည်။ အစုအဝေးမှ အစိတ်အပိုင်းသို့ပြန့်ကြဲသွားရမည်။ ယခုမူ စတင်တွေ့မြင်ရသည်မှ အနီးရောက်လာသည်အထိ တစ်လုံးတစ်စည်းတည်းဖြစ်သည်။ ဝါရွှေသော ထိုအရာသည် ကျွန်ုပ်ရှေ့ရှိကျောက်တုံးတစ်ခုကို တိုက်မိပြီးကပ်ငြိလျက်နေတော့သည်။ ရှေ့သို့ဆက်လက်မျောပါမသွားတော့၊ ရေစီးအားကြောင့် လွန့်လူးလှုပ်ခါနေသည်။ ကျွန်ုပ်ရှေ့သို့ လာရောက်ခိုနားသည့်အတွက် ကျွန်ုပ်ကနှစ်ခြိုက်စွာဖြင့် ဆယ်ယူပေးရန်လက်ကို ပြင်လိုက်သည်။

"ဟင် .. "

ကျွန်ုပ်၏နှလုံးသွေးများ ရပ်တန့်သွားသည်ဟု ထင်မိသည်။ စမ်းရေစီးသံ၊ ငှက်တို့၏ တေးဆိုသံတို့အားလုံး တဒင်္ဂမျှပျောက်ကွယ် တိတ်ဆိတ်သွားကြသည်။ ကျွန်ုပ်ကိုယ်တိုင်၏ သည်းပွတ်နှလုံးသည်ပင် ရင်မှခုန်ထွက်သွားပြီဟု ထင်မိသည်။

"ရွှေရုပ်ပုံလွှာ တစ်ခု"

အသက်အရွယ် နှစ်အပိုင်းအခြား သတ်မှတ်ခြင်းငှာ မပြုထိုက်၊ မပြုအပ်၊ မပြုနိုင်သည့် မိန်းမပျိုတစ်ဦး၏ ရွှေရုပ်ပုံလွှာ။ ရေစိုနေသော ရွှေရုပ်ပုံလွှာထဲမှ မိန်းမပျိုလေး၏ ကေသာတို့သည် သက်ရှိထင်ရှား မိန်းမပျိုတစ်ဦး၏ ရေစိုနေသည့်အတိုင်း။ ဝင်းဖန့်သော အသားအရေသည်လည်း သက်ရှထင်ရှားမိန်းမပျိုတစ်ဦး၏ ရေချိုးသန့်စင်ပြီးစ ရေစိုနေသည့်အတိုင်း . . ။ သူ၏ကေသာ၊ အသားအရေ၊ ပခုံး၊ လက်မောင်း၊ လက်ဖမိုး၊ လက်ချောင်းလေးများ၊ ပြီးတော့ ပြုံးရယ်နေသည့်မျက်နှာ၊ မျက်လုံး၊နှုတ်ခမ်းလွှာ၊ ပြည့်ဖြိုးသည့်လည်တိုင် . . . ။

မိန်းမ၏ လှပပြေပြစ်မှု အစိတ်အပိုင်း ဂုဏ်အင်္ဂါများ၌ ကျွန်ုပ်သည် ဘယ်သောအခါမှ စိတ်ဖြာသုံးသပ်ခြင်းမပြုခဲ့။ ထို့ကြောင့် ယင်းတို့ဂုဏ်ပုဒ်ကို ဖွင့်ဆိုထုတ်ဖော်ရန် အဓိပ္ပယ်အနက်နှင့် ဝေါဟာရအသုံးအနှုန်းများလည်း ကျွန်ုပ်မှာမရှိခဲ့။ သို့သော် ရွှေရုပ်ပုံလွှာ . . . ။

"အချစ် . . . "

ကျွန်ုပ်၏ နှုတ်မှအသံတစ်သံ ထွက်ကျသွားသည်။ မိမိ၏ အသံကိုမိမိ ထူးဆန်းစွာပြန်ကြားလိုက်မိသည်။ ထိုအသံနှင့် ထိုအသုံးနှုန်း အတွက် ကျွန်ုပ်တုန်လှုပ်သွားမိသည်။ အလို . . . ကျွန်ုပ်မည်သည်ကို ရေရွတ်မိသနည်း။

ရုပ်ပုံလွှာသည် စမ်းရေစီးထဲ၌ တဖျပ်ဖျပ်လှုပ်ခါနေသည်။

ကျွန်ုပ်၏ အသည်းနှလုံးသည် ထပ်တူထပ်မျှ လိုက်ပါလှုပ်ခါနေသည်။ မိမိ၏ရင်ကို ပြန်လည်စမ်းသပ်ကြည့်မိသည်။ ယောင်ယမ်း၍ လက်ကို ပြန်ခွာလိုက်မိသည်။ "အချစ် . . အချစ်"ဟူသော ရေရွတ်သံများကျွန်ုပ်၏လက်ဝါးတွင် အခါမလပ်တိုးဆောင့်နေသည်ဟု ကြားမိသည်။ နှလုံးသည်းပွတ်၏အသံကို နားဖြင့်မဟုတ်မူဘဲ မည်သို့ကျွန်ုပ်ကြားလေသနည်း။ကျွန်ုပ်၏ရင်သည် အဘယ့်ကြောင့်နိမ့်ချည်မြင့်ချည် ဖြစ်ရသနည်း။ အဟုန်ပြင်းစွာ လှည့်ပတ်နေတတ်သော လင်္ကာဒီပသွေးများသည် အဘယ့်ကြောင့် အခြားနေရာများတွင် တုံ့ဆိုင်းကာ ရင်အုံ၏လက်ဝဲဘက်တွင်မှ အလုံးစုံသော အရှိန်အဟုန်တို့ဖြင့် ပေါင်းစုလှုပ်ခါရလေသနည်း။

ရုပ်ပုံရွှေလွှာသည် စမ်းရေထဲတွင် တဖျပ်ဖျပ်လွန့်လူးနေဆဲ . . .

ကျွန်ုပ်ကိုယ်တိုင်ပြန်လည် သတိမထားမိပါဘဲလျက် ကျွန်ုပ်၏လက်သည်တဆတ်ဆတ် တုန်ယင်လျက် ရုပ်ပုံလွှာအထက်သို့ တက်သွားသည်။ လက်ကောက်ဝတ်မှ အသံများမြည် နေသည်။ ပုတီးစေ့များရိုက်ခတ်သံ။

တရားဓမ္မ ငြိမ်းချမ်းမှု . . .

စိတ်အာရုံစူးစိုက်မှုအတွက် ကိရိယာတန်ဆာ . . .

ထိတ်လန့်ခြင်းများဖြင့်လက်ကို ရုပ်လိုက်မိသည်။ဆရာဂေါ်ခံရသေ့ကြီး၏ စကားများကို ကြားယောင်လာသည်။

"တရားဓမ္မသို့မဟုတ် ချစ်ခြင်းမေတ္တာ နှစ်ခုအနက် တစ်ခုခုမှာ ဝင်စားလိုက်မိရင် . . . "

ရုပ်ပုံရွှေလွှာသည် ကျောက်တုံးတွင် ငြိတွယ်ရာမှ ရေစီးအရှိန်ကြောင့် အောက်ဘက်သို့ဆက်လက်စီးဆင်းရန် ရွေ့လျားစပြုလာသည်။ ကျွန်ုပ်ရှေ့မှောက်မှ ထွက်ခွာသွားတော့မည်။ ထိုအဖြစ်ကို ကျွန်ုပ်ကြောက်ရွံ့ထိတ်လန့်လာသည်။ ရုပ်ပုံရွှေလွှာသည် စီးဆင်းမျောပါသွားပြီး ကျွန်ုပ်မျက်မှောက်မှ ပျောက်ကွယ်သွားတော့မည့် အဖြစ်ကို ကျွန်ုပ်ရင်မဆိုင်ရဲ၊ လက်မခံရဲ။

"မသွားရဘူး . . ငါ့ရှေ့မှောက်က ထွက်ခွာမသွားရဘူး"

သို့သော် ရုပ်ပုံရွှေလွှာသည် ကျွန်ုပ်ကို ပြုံးရယ်နှုတ်ဆက်လျက် ကျောက်တုံးမှ ဖယ်ခွာနေပြီ။ ထောင့်သုံးဖက်သည် စတင်လှုပ်ရှားနေပြီ။

"တရားဓမ္မနဲ့ ချစ်ခြင်းမေတ္တာနှစ်ခုအနက် တစ်ခုခု၊ အို . . . သွားပေရော့ . . "

ဂေါ်ခံရသေ့ကြီး၏ ပုတီးကို လက်မှချွတ်လျက် တောစပ်ဆီသို့ လွှင့်ပစ်လိုက်သည်။ ကျောက်တုံးမှ လုံးဝကင်းလွတ်သွားပြီးဖြစ်သော ရွေ့လျားစပြုနေသည့်ရုပ်ပုံရွှေလွှာကို ဆယ်ယူလိုက်သည်။ ဤမျှသော လှုပ်ရှားမှုလေးအတွက် ကျွန်ုပ်သည် မောဟိုက်၍နေသည်။ ကျွန်ုပ်၏ လှုပ်ရှားမှုကြောင့် ဥဗျိုင်းများ၊ စမ်းချောင်းထဲမှ ရွှေငါးများ တေးဆိုနေသော ငှက်များ လန့်ဖျတ်၍ အဝေးသို့ဖယ်ရှားပျောက်ကွယ်သွားကြသည်။ စောစောက အလှအပများပျောက်ကွယ် သွားကြသည်။ သို့သော် ကျွန်ုပ်၏လက်ထဲတွင်ခပ်သိမ်းကုန်သော အလှအပများ၏ ဘုရင်မ ရှိနေပေပြီ၊ ရုပ်ပုံရွှေလွှာကို လက်တွင်ကိုင်ထားရင်း ကျွန်ုပ်သည် ဖြန့်၍မကြည့်ဘဲ စိတ်လှုပ်ရှားစွာ မြည်တမ်းနေမိပြန်သည်။

"အရုက်နှင့် အကြောက်ဆိုတာကို ခုမှပဲ ကျုပ်သိရတော့တယ်၊ တေးဆိုတဲ့ ငှက်ကလေးတွေ၊ ရွှေငါးလေးတွေ၊ ဥဗျိုင်း၊ ယုန်နဲ့ ဥဒေါင်းငှက်တွေတော့ ကျုပ်ကိုကြည့်ရင်း လှောင်ပြောင်နေကြမှာပါပဲ။ ကျုပ်ရှက်မိပါရဲ့။ ပြီးတော့ မင်းပျောက်ကွယ်သွားမှာကိုလဲ ကျုပ်ကြောက်ရွံ့ထိတ်လန့်သွားလိုက်တာများလေ။ ကျုပ်ဘဝမှာ အခုမှပဲ အရှက်နဲ့အကြောက်ကို ရရှိတော့တာပါပဲ။ ဒါပေမယ့် မင်းဟာ အခုကျုပ်လက်ထဲ ရောက်နေပြီးမို့လား"

ကျွန်ုပ်သည် စမ်းချောင်းထဲမှာပင် ဒူးထောက်လျက် ရုပ်ပုံရွှေလွှာကို ဖြန့်ကြည့်လိုက်လေသည်။

"မင်းဟာ သိပ်ကိုလှတာပါပဲလား၊ ရုပ်ပုံရွှေလွှာထဲမှာ ဒီလောက်လှနေရင် သက်ရှိထင်ရှားဖြစ်တဲ့မင်းဟာ ကမ္ဘာလောက်မှာ . . . ဟင် ဒါဖြင့်မင်းဘယ်သူလဲ . . "

ရုပ်ပုံရွှေလွှာ၏ကျောဘက်တွင် ဖောင်းကြွဖုထစ်နေသော နေရာတစ်ခုကို လက်ဖြင့်စမ်းမိသည်။ ကျွန်ုပ်သည် ကျောဘက်သို့ကပျာကယာ လှည့်ကြည့်လိုက်လေသည်။ ထိုအရာမှာ ဘုရင်များအသုံးပြုလေ့ရှိသည့် ခတ်နှိပ်ထားသော တံဆိပ်တော်ဖြစ်သည်။ ရွှေစများ ကပ်နေသည့် တံဆိပ်တော်၏ အောက်ဘက်တွင် စာတန်းတစ်ခုကို တွေ့လိုက်ရသည်။

"မိထိလာနိုင်ငံ၊ ဇနက္ကဘုရင်မင်းမြတ်၏ သမီးတော်၊ ဤရုပ်ပုံရွှေလွှာရှင် သီတာဒေဝီမင်းသမီး၏ ကြင်ရာတော်အဖြစ် ရွေးချယ်ခံရန်အတွက် ဤရုပ်ပုံရွှေလွှာကို ရရှိသော အသင့်အား၊ လေးတော်တင်ပွဲဝင်ရောက် ယှဉ်ပြိုင်ရန် ဖိတ်ကြားပါသည်"

"သီတာဒေဝီဆိုပါလား . . ဒီလိုပဲဖြစ်ရမှာပေါ့၊ မင်းရဲ့ရုပ်ပုံရွှေလွှာကို ကျုပ်ဟာ အေးမြတဲ့ရေစီးထဲမှာ ဆယ်ယူရရှိတာ မဟုတ်လား။ ဒါကြောင့်မင်းရဲ့ အမည်နာမဟာလဲ သီတာ၊ အင်း . . .အေးမြတဲ့ သီတာပဲ ဖြစ်ရမှာပေါ့ "

ကျွန်ုပ်သည် ရုပ်ပုံရွှေလွှာကို ထပ်မံ၍ကြည့်မိပြန်သည်။ ဤရုပ်ပုံပိုင်ရှင်၏ ကြင်ရာတော်အဖြစ် အရွေးချယ်ခံရန် လေးတော်တင်ပွဲ၊ မိထိလာနိုင်ငံ . . ။

အချစ်ကို တွေ့ရှိနှစ်မျောရာမှ ကျွန်ုပ်၏ သတိတရားများသည် ပကတိအနေအထားသို့ ရောက်ရှိလာသည်။ လေးတင်ပွဲ၊ ကြင်ရာတော် ရွေးပွဲဖွဲ့သော အရာများက ကျွန်ုပ်၏စိတ်နှလုံးကို စိုးမိုးသွားသည်။

"ကဲ . . ငါပြန်မယ် စမ်းချောင်းလေးရေ။ အချစ်ကို ဆောင်ကြဉ်းပြီးငါ့ရှေ့မှောက် အရောက်ပို့တဲ့အတွက် မင်းကို ကျေးဇူးတင်ပါတယ်။ သီတာဒေဝီနဲ့ လက်ထပ်ပြီးမှ မင်းဆီကို တစ်ခေါက်ပြန်လာခဲ့မယ်။ အခုတော့ သွားလိုက်ဦးမယ်။ လေးတင်ပွဲအတွက် မိထိလာကို သွားဖို့လေ"

"နောင်တော်ရောက်ခဲ့တဲ့ ဓမ္မိကတောင်ခြေရင်းက စမ်းချောင်းဟာ ရေတံခွန်က ဖြစ်လာတာ၊ ဒီရေတံခွန်ဟာ မြောက်အရပ်ကလာတာဆိုတော့ အင်း . . . ဟိမဝန္တာမြောက်ပိုင်းဒေသမှာ တိုင်းပြည်တစ်ပြည်ရှိတယ်။ နေပါဦး . . အဲဒီတိုင်းပြည်က ဘုရင်က ဇရသုရာမာမင်း၊ သူဟာ လူပျိုဘုရင်ပဲ၊ တရားဓမ္မမှာမွေ့လျော်တဲ့သူပဲ၊ နောင်တော်ရခဲ့တဲ့ ရုပ်ပုံလွှာဟာ ဇရသုရာမာမင်းခံက ဖြစ်ရမယ်။ သူက လက်ထပ်ထိမ်းမြားခြင်းဆိုတဲ့အမှုကို ရှောင်ကြဉ်သူဖြစ်လေတော့ ရုပ်ပုံလွှာနဲ့ လေးတင်ပွဲဖိတ်စာကို လက်မခံဘဲ ရေထဲမျှောချ၊နောက် .. . ရွှေရုပ်ပုံလွှာဟာ တောအထပ်ထပ်တောင် အထပ်ထပ်ကို ဖြတ်သန်းပြီး နောင်တော့်ဆီ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတာဖြစ်မယ်"

ညီတော်ဘိဘိသနက ရုပ်ပုံရွှေလွှာ၏ နောက်ကြောင်းကို တွက်ချက်ပြနေသည်။ ကျွန်ုပ်က ချပ်ဝတ်တန်ဆာများကို ဝတ်ဆင်ရင်း ဘိဘိသန၏ အတွေးကို ထောက်ခံလိုက်သည်။

"ဘယ်ဆီကပဲလာလာ ငါ့ဆီကို ဆိုက်ဆိုက်မြိုက်မြိုက်ရောကလတယ်ဆိုကတည်းက သီတာနဲ့ငါဟာ ဖူးစာဆုံလို့ပေါ့ ဘိဘိသန"

"ဖူးစာဆိုပါလား . . . "

လက်ာဒီပဘုရင်မင်းမြတ်အဖြစ်သည် လည်းကောင်း၊ လက်ာဒီပ အိမ်ရှေ့စံမင်းသား အဖြစ်သည်လည်းကောင်း၊ ကျွန်ုပ်နှင့် ဘိဘိသနတို့ထံမှ ပျောက်ကွယ်နေကြသည်။ ကျွန်ုပ်တို့သည် သာမန်ညီအစ်ကို နှစ်ဦးသဖွယ်လွတ်လပ်ပွင့်လင်းစွာ ပြောဆိုနေမိကြသည်။

"ဟုတ်တယ်လေ . . ချစ်ခြင်းမေတ္တာဆိုတာဟာလဲ သူ့ရဲ့ကာလအလျောက် ဖြစ်ပေါ်ပေါက်ဖွားလာရတာပဲ မဟုတ်လား"

"အလို . . . ချစ်ခြင်းမေတ္တာ . . တဲ့"

ဘိဘိသနက ရယ်မောနေသည့်အတွက်ကျွန်ုပ်၏ လှုပ်ရှားနေသောရင်သည် ပို၍လှုပ်ရှားလာသည်။ တစ်ဖက်စစ်မျက်နှာ၏ တပ်ဦးတံခွန်တွင် ရန်သူတပ်မှူးကို ရင်ဆိုင်တွေ့လိုက်ရသလိုလည်း ကျွန်ုပ်ခံစားနေရသည်။ စစ်ပွဲများတွင် တိုက်ခိုက်စဉ်က ထိုသို့ရန်သူကို တွေ့လိုက်ရပြီ ဆိုသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်သည် အသံနက်ကြီးဖြင့် ဟစ်ကြွေးလေ့ရှိသည်။ ယခုမူ လည်ချောင်း–သို့စုပြုံဆို့ကျပ်လာသည့်တစ်စုံတစ်ခုသော ခံစားမှုကို ဘယ်လိုထုတ်ဖော်ဟစ်အော် ကြွေးကြော်ပစ်ရမှန်းမသိ။ သွေးတို့သည် ကျွန်ုပ်၏ ရင်တွင်း၌ လျင်မြန်စွာလည့်ပတ်နေသည်။ မည်သို့မျှမနေတတ်တော့သည့်အတွက် ကျွန်ုပ်သည် တပ်မှူးတစ်ဦး၏ လက်ထဲမှ လှံတံကို ဆွဲယူလိုက်ပြီး ခပ်လှမ်းလှမ်းမှ တညင်ပင်ကြီးဆီသို့ ပစ်စိုက်လိုက်ရသည်။လှံတံ၏ ထိုးစိုက်မှုအရှိန်ကြောင့် သစ်ရွက်များ ဖွာခနဲ ကြွေကျလာလေသည်။ စိတ်ထဲတွင် အတန်ငယ် သက်သောင့်သက်သာ ဖြစ်သွားသည်။

"နောင်တော်က အခုဘယ်ကိုခရီးထွက်မလို့လဲ၊ မဟူရာကိုလည်း ကြိုးတွေဆင်လို့ပါလား"

"ဟင် .. မင်းမသိဘူးလား ဘိဘိသန၊ မိထိလာကိုလေ"

"ဘယ်ကို"

"မိထိလာနိုင်ငံ ဇနက္ကဘုရင်ရဲ့ သမီးတော်သီတာဒေဝီရဲ့ ကြင်ရာရွေးပွဲ"

ဘိဘိသန၏ စောစောက ရွှင်မြူးနေသော အမူအရာများသည် ရုတ်ချည်းပျောက်ကွယ်သွားပြန်သည်။ မဟူရာ၏ဇက်ကို ကိုင်၍ ကျွန်ုပ်ရှေ့သို့ လာရပ်သည်။

"နောင်တော်ဘုရင်မင်းမြတ်. . . . အဲဒီမိထိလာပြည်ဟာ မြောက်ဘက်ဒေသတောင်တန်းများရဲ့ တစ်ဖက်နိုင်ငံမဟုတ်လား"

"ဟုတ်တယ်လေ . . ဘိဘိသန"

"ဒါဖြင့် အဲဒီဒေသဟာ အာရိယန်တွေရဲ့ဒေသ၊ မိထိလာလေးတင်ပွဲကို လာရောက်မယ့်သူတွေဟာလည်း အာရိယန်မျိုးနွယ်စု ဘုရင်တွေဖြစ်မယ်၊ အို . . နောင်တော် ဘုရင်မင်းမြတ်ဟာ ရန်သူတွေရှိရာကို သွားမလို့လား"

"ဟေ . . မိထိလာဟာ အာရိယန်ဒေသတဲ့လား၊ ပြီးတော့ အသားဝါဘုရင်တွေ တစ်စုတစ်ရုံးတည်း ဆုံကြမယ်တဲ့လား၊ ကောင်းတာပေါ့ညီတော် သိပ်ကောင်းတာပေါ့၊ ရန်သူတွေကို တိုက်ခိုက်ပြီး ချစ်သူကို ဆောင်ကြဉ်းလာရမှာပေါ့"

"မသွားပါနဲ့နောင်တော်ဘုရင်မင်းမြတ်. . . မသွားပါနဲ့၊ ဒီခရီးဟာ နောင်တော့်အတွက် အန္တရာယ်ထူပြောလှပါတယ်၊ တပ်မှူးများ မဟူရာကိုဖောင်းထဲပြန်သွင်းလိုက်ကြပါ"

ဘိဘိသနသည်တုန်လှုပ်စွာဖြင့် တပ်မှူးများကို အမိန့်ပေးနေသည်။

"ချစ်ခြင်းမေတ္တာရှိရာကို ငါမသွားလို့ဖြစ်မလား ဘိဘိသန၊ အေး . . မဟူရာကို ပြန်သိမ်းချင်သိမ်းလိုက်တော့၊ ဒါပေမယ့် မြင်းခြောက်ကောင်က စစ်ရထားကို ထုတ်ခဲ့စမ်း၊ ရန်သူအသားဝါဘုရင်တွေရှိရာကို သွားတဲ့ခရီးဟာစစ်ရထားနဲ့ ပိုပြီးသင့်လျော်မယ်။ သွားလေ သွား . . ထုတ်ခဲ့စမ်း"

"နောင်တော်ဘုရင် . . မင်း . . .မြတ်"

"မင်း . . ဖယ်လိုက်စမ်း ညီတော်ဘိဘိသန၊ ဒသဂီရိရဲ့ရှေ့မှောက်ကနေ လမ်းဖယ်လိုက်စမ်း၊ ဟော့ . . မင်း . . ဘာလုပ်နေတာလဲ တပ်မှူး .. . စစ်ရထားထုတ်ခဲ့ဖို့ ငါအမိန့်ပေးနေတယ်"

"တပ်မှူး . . စစ်ရထားမထုတ်ခဲ့နဲ့"

ကျွန်ုပ်ကို တလှည့် ဘိဘိသနကို တလှည့်ကြည့်သော ဖြူရော်နေသည့် တပ်မှူး၏မျက်နှာကို ကျွန်ုပ် လက်ပြန်ဖြတ်၍ ရိုက်ပစ်လိုက်သည်။

"သွားစမ်း . . . လက်ာဒီပဘုရင်ခိုင်းတာကို လုပ်စမ်း"

တပ်မှူးသည် ပါးစပ်မှထွက်ကျလာသော သွေးများကို ပင်မသုတ်နိုင်ဘဲ ကျွန်ုပ်ရှေ့မှ ထွက်ခွာသွားသည်။ ပြေးသွားသော တပ်မှူး၏ ခြေသလုံးကို ဓားမြှောင်ဖြင့် လှမ်းပေါက်လိုက်သည်။ ဓားမြှောင်သည် ဘိဘိသန၏မျက်နှာရှေ့မှ ဖြတ်သွားပြီး တပ်မှူး၏ ခြေသလုံးကို ဝင်စိုက်လေသည်။

"မင်း . . အဲဒီဓားကို ဆွဲမထုတ်နဲ့၊ စစ်ရထားကို အခုချက်ချင်းငါ့ရှေ့ယူလာပြီးမှ ဓားကိုပြန်နုတ်"

တပ်မှူးပြေးသွားသော လမ်းတစ်လျှောက်၌ သွေးစက်များ ကျန်ရစ်ခဲ့သည်။ ဘိဘိသနသည် မူလနေရာမှ နောက်ပြန်ဆုတ်သွားပြီး တုန်လှုပ်သောနှုတ်ခမ်းများဖြင့် ကျွန်ုပ်ကို စိုက်ကြည့်နေလေသည်။

''ဘိဘိသန . . . မင်းရဲ့စိုးရိမ်မှုကိုသာ ငါဂရုစိုက်နေရင် လက်ာဒီပဟာ ဒီနေ့ . . . ဒီလိုနယ်နမိတ်မျိုးဖြစ်မလာပါဘူးကွယ်။ ဒသဂီရိရဲ့ ဆန္ဒရှေ့မှာ ကန့်လန့်ဖြတ်လာတဲ့ အရာမှန်သမျှဟာ ကျိုးပဲ့ပျက်စီးရမှာ ချည်းပဲ။ အေး ငါ့ရဲ့ စစ်ရထားရှေ့မှာ မင်းရဲ့ ခန္ဓာကိုယ်ကိုလှဲချပြီး လမ်းပိတ်တားဆီးဖို့လဲမကြိုးစားနဲ့နော်၊ မင်းကိုဖြတ်ကြိတ် မောင်းနှင်ပြီးမှ ငါမိထိလာပြည်ကို သွားမယ်။ နားလည်လား"

ဘိဘိသနသည် ခေါင်းကို အောက်စိုက်ထားလေသည်။ စစ်ရထားလည်း ကျွန်ုပ်ရှေ့သို့ရောက်လာပေပြီ။ ရထားသွားယူသော တပ်မှူး၏ ခြေသလုံးသည် သွေးခြင်းခြင်းနီနေသည်။ ဓားမြှောင်က စိုက်လျက်သားရှိသည်။

"ဓားမြှောင်နုတ်တော့၊ ဆေးဝါးကုသမှုကို ခံယူပြီး အနားယူလိုက်၊ မင်းလည်းသွားတော့"

ချပ်ဝတ်တန်ဆာများကို ဝတ်ဆင်ပေးနေသည့် အခြားတပ်မှူးတစ်ယောက်ကိုပါ အမိန့်ပေးလိုက်သည်။ တပ်မှူးများသည် ကိုယ်ကိုကျုံ့၍ ထွက်ခွာသွားကြသည်။ ညီတော် ဘိဘိသနနှင့် ကျွန်ုပ် နှစ်ယောက်တည်းကျန်ရစ်ခဲ့သည်။

"ဒီမှာဘိဘိသန၊ ချစ်ခြင်းမေတ္တာရဲ့ တိုက်တွန်းမှုဆိုတာကို မင်းထည့်မတွက်မိဘူးလား"

"ညီတော်ပါလိုက်ခဲ့ပါရစေ၊ နောင်တော်ဘုရင်မင်းမြတ်"

"ဘယ်သူမှမလိုက်နဲ့၊ ငါဟာ လေးတင်ပွဲနဲ့ ကြင်ရာရွေးပွဲကိုသွားခြင်းဖြစ်တယ်။ ဒသဂီရိဟာ လက်ာဒီပနယ်နိမိတ်ရဲ့ ပြင်ပမှာ အထူးသဖြင့်အသားဝါတွေရဲ့ ဒေသမှာ စစ်သည်ဗိုလ်ပါတစ်ဦးမှမပါဘဲ သွားနိုင်မှသာ ဒြာဝိဒိယန်ဘုရင်မည်တယ်၊ ဒါနဲ့ဂမ္ဘီတစ်ယောက်ကော"

မိထိလာပြည်သို့ သွားရေးနှင့်ပတ်သတ်၍ ညီတော်နှင့်ဆက်လက် မပြောချင်တော့သောကြောင့် ဂမ္ဘီအကြောင်းမေးလိုက်သည်။

"အရှေ့ဘက် ဟေမန္တတောအုပ်ကို သမင်ဖမ်းဖို့ထွက်သွားပါတယ် နောင်တော်။ အဲဒီအရပ်မှာ ရွှေရောင်အဆင်းရှိတဲ့ သမင်တွေကျက်စားနေတယ်လို့ သိရပါတယ်"

"ဟော့ သိပ်ကောင်းတာပေါ့ကွ၊ ဂမ္ဘီကို ငါကအမိန့်ပေးလိုက်တယ်လို့ပြောလိုက်၊ အစ်ကိုတော် ဘုရင်မင်းမြတ်နဲ့အတူ ပါလာမယ့် သီတာဒေဝီအတွက် ရွှေရောင်သမင်လေးတစ်ကောင် လက်သပ်မွေးထားပါလို့ . . ကိုင်းဟော့ . ."

ရထားပေါ် သို့ခုန်တက်လိုက်ပြီး ရွှေမြားကာတစ်ဖက်တိုင်ထိပ်တွင် ချည်နှောင်ထားသည့် ဇက်ကြိုးများကို စုစည်းဆွဲကိုင်လိုက်သည်။ ဘိဘိသနသည် မလှမ်းမကမ်းသို့ ဆုတ်ခွာပြီး ဒူးထောက်ဦးညွှတ်လျက်နှုတ်ဆက်လိုက်လေသည်။ ရထားဘီးများစတင်ရွေ့လျားလာသောအခါ သူကအောင်ဟစ်သတိပေးပြန်သည်။

"ရန်သူကို သတိထားပါနောင်တော်ဘုရင်မင်းပြတ်၊ ရန်သူအာရိယန်တွေ . . "

စစ်မြင်းကြီးများကို ကျာပွတ်ဖြင့်ရိုက်ရင်း ကျွန်ုပ် ပြုံးလိုက်မိပေသည်။

"ရန်သူ အာရိယန်မဟုတ်ဘူး၊ ချစ်သူ သီတာပါ"

---

# အပိုင်း(၄)
# အချစ်၏ရှေ့မှောက်ဝယ်

ရွှေဖူးစာကံ . . . ဘန်လာကယ်ဘယ်နတ်ကဲ့ . . .
ရေးတတ်လေသိ . . . နေဆယ်ဆူ . . . မကပြန်ပြန်ပူလို့
နန်းသူ သည်လိုများငယ် . . . ထားရက်ခုရှိ . .
(နဝရတ်ကယ်ရောင်စုံ . . .ပတ်ပျိုးကလေး )

လက်ထပ် တဲနန်းကို အဝေးဆီတွင်ကျွန်ုပ်လှမ်းမြင်နေရသည်။ ရောင်စုံတံခွန်များသည် လေတွင်လွင့်ပျံ၍နေကြသည်။ ရှည်မျောမျောတိုင်ကို ဒုန်းစိုင်း၍မောင်းနှင်လာခဲ့သည်။ အနီးသို့ရောက်သောအခါ စစ်သည် ရဲမက်များလက်နက်စွဲကိုင်၍ စောင့်ကြပ်နေကြသည်။ သူတို့သည် ဝါဝင်းသော အသားအရောင်ရှိ၍ ဒြာဝိဒိယန်တို့ထက် ပို၍အရပ်မြင့်ကြသည်ဟု ကျွန်ုပ်သတိထားလိုက်မိသည်။ သို့သော် ဒြာဝိဒိယန်များလောက် တုတ်ခိုင်ခြင်းမရှိကြချေ။ စစ်သည်များစောင့်ကြပ်နေသည့်နေရာမှ တဲနန်းမုခ်ဝအထိ မောင်းနှင်သွားလိုက်သည်။ ရထားဘီးမှသံချွန်များကြောင့် ဘေးတစ်ဖက်တစ်ချက်မှစစ်သည်များ နောက်သို့ရှဲကုန်ကြသည်။ ကျွန်ုပ်၏နောက်ဘက်တွင်ရေရွှတ်ကျိန်ဆဲသံများ ကျန်ရစ်ခဲ့လေသည်။

ရထားကို မုခ်ဦးဝတွင် ထိုးရပ်လိုက်ပြီး ကျွန်ုပ်ခုန်ချလိုက်သည်။ နှစ်ရက်နှင့် တစ်ညလုံးလုံး မနားတမ်း မောင်းနှင်ခဲ့သဖြင့် စစ်မြင်းကြီးများမှာ မောဟိုက်နေကြသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း အတန်ငယ် နွမ်းနယ်နေသည်။ တဲနန်းအတွင်းရှိ ပရိသတ်အားလုံး ကျွန်ုပ်နှင့် စစ်ရထားကို အထိတ်တလန့်လှည့်ကြည့်ကြသည်။ အချို့က မတ်တပ်ရပ်လိုက်ကြသည်။ အံ့သြထိတ်လန့်နေသော မျက်နှာများရှေ့မှ ကျွန်ုပ်သည်တဲနန်းအတွင်း ဘက်သို့ ဝင်လာခဲ့သည်။ ကော်ဇောနီလမ်းအဆုံးတွင် ဆီးနှင်းကဲ့သို့ ဖွေးဖွေးဖြူသော စက်ဝိုင်းပုံနေရာတစ်ခုရှိသည်။ ထိုနေရာသည် တဲနန်း၏ ဗဟိုဖြစ်သည်။ ထိုစက်ဝိုင်းပုံနေရာကို ဇဏီသားမွေးများဖြင့် ဖြန့်ခင်းထားပြီး အလယ်တည့်တည့်တွင် ခြသေ့်ဦးခေါင်းပုံကို လက်ရာမြောက်စွာ အကွက်ဖော်ထားသည်။ ကျွန်ုပ်သည် ခြသေ့်ဦးခေါင်းပုံပေါ် သို့ တည့်မတ်စွာခြေစုံရပ်လိုက်သည်။

"ကျုပ်ဟာ လက်ာဒီပ သိန်းခိုပြည့်ရှင် ဒသဂီရိဘုရင်ဖြစ်တယ်"

ပရိသတ်များထံမှ အသံများ တဝေါဝေါထွက်လာသည်။ ချပ်ဝတ်ကိုယ်ကျပ်၏ လက်ဝဲဘက်အတွင်းမှ အရာကို ကျွန်ုပ်ဆွဲထုတ်၍ အလိပ်ကိုဖြေချလိုက်သည်။

"ဟောဒီ ရုပ်ပုံရွှေလွှာအရ . . ကျုပ်လာခဲ့တယ်"

အသံများ ပို၍ဆူညံသွားသည်။ နောက်ဘက်နားမှ စစ်သည်အချို့သည် ထိုင်ရာမှ မတ်တတ်ရပ်၍ ကျွန်ုပ်ကို တလှည့်၊ ရုပ်ပုံရွှေလွှာကိုတလှည့် ကြည့်နေကြသည်။ ဖိတ်မတ္တန ပြသံကိုသော်လည်းကောင်း၊ နေရာထိုင်ခင်းပေးသံကိုသော်လည်းကောင်း မကြားရ။ တဲနန်း၏ပို၍အတွင်းကျသော နေရာကို ကျွန်ုပ်လှမ်းကြည့်လိုက်သည်။ အခြားနေရာများထက် မြင့်သောစင်တစ်ခုရှိ၍ ဝဲယာတွင် ကတ္တီပါထိုင်ခုံများချထားသည်။ ကတ္တီပါထိုင်ခုံများထက်တွင် အသားဝါဝင်းသော ဘုရင်များထိုင်နေကြသည်။ လစ်လပ်သော နေရာမရှိချေ။ ရုပ်ပုံရွှေလွှာကို ဝဲဘက်လက်၊ သန်လျက်ကို ညာဘက်လက်တွင် ဆုပ်ကိုင်ပြီး ပို၍အတွင်းကျသော ဘက်သို့ ကျွန်ုပ်ဆက်လျှောက်လာခဲ့သည်။ အချို့ဘုရင်များသည် ကျွန်ုပ်ဖြတ်လျှောက်သွားတိုင်း ကိုယ်ကို နောက်သို့ယိမ်းယိုင်လိုက်ကြကြောင်း ကျွန်ုပ်သတိပြုမိသည်။ ဆူညံနေသော အသံများ တစ်စတစ်စတိတ်သွားပြီး တဲနန်းအတွင်း ကျွန်ုပ်၏ခြေချင်းဝတ်မှ သံမြားကာကြိုးချင်း တချွင်ချွင်ထိခတ်သံသာ မြည်ဟည်းနေသည်။ တဲနန်း၏ နံရံရှိရာဘက်သို့ ကျွန်ုပ်ရောက်ခဲ့ပြီ။

အလယ်ဗဟိုတွင် ရွှေခြည်ဖောက်ပဝါခန်းဆီးများ ချိတ်ဆွဲထားသည့် သီးသန့် နေရာတစ်ခုရှိသည်။ အထက်မျက်နှာစာတွင် သစ်ခွပန်းမျိုးစုံကို ချိတ်ဆွဲထားသည်။ ဘေးတစ်ဖက်တစ်ဖက်စီတွင် ဥဒေါင်းမြီးများ ဖြန့်ကျက်ထားသည်။ ပုလဲများကို သီကုံးထားသည့် ငွေကြိုးတို့သည် မျက်နှာစာတွင် တွဲရရွဲခိုနေသည်။ ပန်းရနံ့များလည်း သင်းထုံမွှေးပျံ့နေသည်။ ထိုနေရာ၏ ရှေ့တွင် . . . . .

နဂါးရုပ်ဖော်ထားသည့် ရွှေငွေပတ္တမြားအတိပြီးသည့် ခုံတစ်ခုံ။

ခုံပေါ်တွင် ရွှေပိန်းချထားသည့် လေးတင်သည့်ဒေါက်စင်။

ထိုအပေါ်တွင်ကား ကျွန်ုပ်၏ လက်တစ်ပြန်မက ကြီးမားလှသော လေးကြီးတစ်ခုကို တင်ထားပေသည်။ လေးကြီး၏ အောက်ဘက်တွင် မြားသုံးစင်းထည့်ထားသည့် လောဟာဖြင့်ပြုလုပ်ထားသော ကျည်တောက်တစ်ခုကို ချိတ်ဆွဲထားသည်။ ဤလေးနှင့်မြား၏ ဟိုဘက်မှာ . . .

ရွှေခြည်ဖောက် ပဝါခန်းဆီး၏ အတွင်းဘက်တွင်ကား . . .

သီတာဒေဝီ။

ရုပ်ပုံရွှေလွှာပိုင်ရှင် သီတာဒေဝီ . . .။

ရွှေပဝါခန်းဆီးနှင့် ပုလဲကြိုးများအတွင်းမှ ဝိုးတဝါးမြင်နေရသော သီတာဒေဝီသည်

ရုပ်ပုံရွှေလွှာထက် အဆပေါင်းများစွာ ချောမွေ့လှပေသည်တကား . . . ။

ကျွန်ုပ်၏ရင်သည် ဓမ္မိကတောင်သေလာခြေရင်း စမ်းချောင်းဘေးတွင် ရုပ်ပုံရွှေလွှာကို ဆယ်ယူခဲ့စဉ်ကအတိုင်း လှုပ်ရှားတုန်လှုပ်လာသည်။ ကျွန်ုပ်၏နှလုံးသွေးများ ဆူပွက် လာသည်။ သူရာမြောက်မြားစွာကို မျက်နှာပေါ့ လောင်းသွန်ချလိုက်သလို ထူးဆန်းသော ခံစားမှုများ ဝင်ရောက်လာပြန်သည်။ ယင်းတဒင်္ဂတွင် တဲနန်းတစ်ခုလုံးအတွင်းရှိ အရာခပ်သိမ်းသည် ကျွန်ုပ်၏ စက္ခုအာရုံမှ ပျောက်ကွယ်သွားပြီး ရွှေပဝါခန်းဆီးနှင့် ပုလဲကြိုးများ၏ အတွင်းဘက် တစ်နေရာကိုသာ ထွန်းလင်းတောက်ပစွာတွေ့မြင်နေရသည်။

သီတာဒေဝီသည် ကျွန်ုပ်ကိုမြင်သောအခါ အနားမှရံရွေတော် တစ်ဦး၏လက်ကို လှမ်း၍ဆုပ်ကိုင်လိုက်လေသည်။ ပဒုမ္မာကြာဖူးတို့၏သခင်ဖြစ်သော သူ၏နှုတ်ခမ်းလွှာတို့သည် ပွင့်အာ၍သွားကြလေသည်။ လပြည့်ညများမှ လမင်းခပ်သိမ်းတို့၏ အရှင်သခင်ဖြစ်သော သူ၏မျက်နှာပေါ်တွင် အန္တာသွေးရောင်ဖြတ်သန်းသွားပြီးနောက် ရတ်တရက်ဘော်ငွေအဆင်းလို ဖြူရော်သွားပြန်သည်။ ရွှန်းမြသော သူ၏မျက်လုံးအစုံမှနက်မှောင်သော မျက်ဝန်းမျက်ဆန်တို့သည် ပို၍ဝိုင်းစက်သွားကြလေသည်။ စပျစ်နွယ်ထက်မှ အရည်ပျော်ကျလုဆဲဆဲ ဆီးနှင်းများလို သွယ်လျပြေပြစ်သည့်လက်ချောင်းများသည် တဆတ်ဆတ်တုန်ယင်နေ ကြသည်။ ထိုလှုပ်ရှားမှုများကို မြင်လိုက်ရသည်တွင် ကျွန်ုပ်ခေါင်းထဲသို့ အတွေးတစ်ခုဝင်ရောက်လာသည်။

ထိုအသိသည် ကျွန်ုပ်၏မျက်နှာပေါ်တွင် ပေါ်ပေါက်သွားသည်ထင်မိသည်။ သီတာဒေဝီသည် ခေါင်းကိုငုံ့သွားလေသည်။ မျက်နှာကို ပြန်၍မဖော်တော့။

"ဒြာဝိဒိယန်တစ်ယောက်ရဲ့ အသွင်အပြင်ဟာ ဒီလောက်ပဲ ကြမ်းတမ်းနေသလား၊ ဒသဂီရိဟာ ဟိမဝန္တာကလူဝံလောက် အသွင်မဆိုးပါဘူး"

ကျွန်ုပ် စိတ်တွင်းမှရေရွတ်နေမိသည်။

ထိုအခိုက် ဝါရွှေသောဆံပင်ရှိသည့် သူတစ်ဦးသည် ကျွန်ုပ်ချည်းကပ်လာလေသည်။ သူ့ပခုံးထက်တွင် ခရမ်းရောင်ဝတ်ရုံကြီးကို ခြုံလွှမ်းထားသည်။

"ကျုပ်ဟာ . . မိထိလာဘုရင် . . ဇနက္ကမင်းမြတ်ရဲ့ လေးတော်ဝန်ဇနသိဒ္ဓိဖြစ်ပါတယ်၊ ဒသဂီရိဘုရင် ဘယ့်အတွက်ကြောင့် ဒီကို ရောက်လာပါသလဲ"

"ဟောဒီဟာအတွက် ကျုပ်လာရောက်တယ်"

ကျွန်ုပ်သည် ရုပ်ပုံရွှေလွှာ၏ ကျောဘက်မှစာကို မြှောက်ပြလိုက်သည်။

"ဒီကိုယူခဲ့ပါ ဇနသိဒ္ဓိ"

စင်မြင့်၏ အမြင့်ဆုံးနေရာမှ ခန့်ညားသော အသံတစ်သံထွက်လာသည်။ ဆံပင်၊ မုတ်ဆိတ်တို့အားလုံး ဖွေးဖွေးဖြူနေသည့် အာရိယန် အဘိုးကြီးတစ်ဦးဖြစ်သည်။ ကျွန်ုပ်သည် ရုပ်ပုံရွှေလွှာကို ဇနသိဒ္ဓိထံသို့ပစ်ပေးလိုက်သည်။ ယခုထိ ကျွန်ုပ်သည် အခြားဘုရင်များလို ကတ္တီပါထိုင်ခုံမရသေး။ တဲနန်းအလယ်တွင်မတ်တတ်ရပ်လျက်သည်းရှိသေးသည်။ ဇနသိဒ္ဓိသည် ရုပ်ပုံလွှာကို အဘိုးကြီးထံသို့ ရိုသေစွာဆက်သလိုက်သည်။ အဘိုးကြီးသည် ရုပ်ပုံရွှေလွှာကို ကြည့်ရှုစစ်ဆေးပြီးနောက် ခေါင်းကို ဖြည်းညင်းစွာညိတ်လိုက်သည်။ ထို့နောက်ကြုလှီဖျော့တော့သောလက်ကို ဝတ်ရုံအပြင်သို့ထုတ်လိုက်သည်။

"ဘုရင်ဒသဂီရိ . . . ကျွန်ုပ်ရဲ့အမည်က ဝါသိဒ္ဓဖြစ်တယ်။ လေးတော်တင်ကြင်ရာရွေးပွဲရဲ့အဓိပတိအဖြစ် ဇနက္ကမင်းကြီးက ခန့်အပ်ထားတယ်။ အသင်ဟာ လေးတင်ပွဲကို ဝင်ရောက်ဖို့စည်းကမ်းချက်နဲ့ ညီညွတ်ပေတယ်။ သို့သော်ကျွန်ုပ်တစ်ခုမေးပါရစေ။ အသင့်နိုင်ငံဟာ ဘယ်ဒေသမှာလဲ"

"အိန္ဒုမြစ်တောင်ပိုင်း"

အဓိပတိ၏ မျက်လုံးများသည် အနည်းငယ်မှေး၍သွားကြသည်။

"အသင့်ရဲ့ မျိုးနွယ်စုကကော"

"ဒြာဝိဒိယန်၊ ပြီးခဲ့တဲ့ဆောင်းဦးရာသီက အသုရာဘုရင်ဘက်ကနေပြီး မာဃဘုရင်ရဲ့တပ်မဟာကို တိုက်ခိုက်အောင်မြင်ခဲ့တဲ့ ဒြာဝိဒိယန်မျိုးနွယ်စု"

ပရိသတ်များဆီမှ တဝေါဝေါအသံများ ဆူညံသွားလေသည်။ အချို့ဘုရင်များသည် သူတို့ဓားတွင်ချထားသည့် ဓားများပေါ် သို့လက်တင်လိုက်ကြသည်။ အချို့ဘုရင်များကမူ ဝတ်ရုံစွပ်များကို တင်းကျပ်စွာ ရစ်ပတ်၍ကိုယ်ကို ကျုံ့လိုက်ကြလေသည်။

"အိန္ဒုမြစ်တောင်ဘက်ဒေသ ဒြာဝိဒိယန်မျိုးနွယ်စုနဲ့ အခြားမျိုးနွယ်စုများတို့ရဲ့ သက်ဦးဆံပိုင် လက်ာဒီပ သိန်းခိုပြည့်ရှင်ဘုရင် ဒသဂီဆိုတာ ကျုပ်ပဲ။ ကျုပ်ရဲ့ မျိုးနွယ်စုအမည်က နမဟာရာဝဏ ၊ကိုင်း . . ဒီလောက်ဆိုရင်ပြည့်စုံလောက်ပါပြီ. အဓိပတိကြီး အမေးအဖြေကိုရပ်ကြပါစို့။ ကျုပ်ဟာ လေးတော်တင်ပွဲကို လာခဲ့ခြင်းဖြစ်တယ်။ မျိုးနွယ်စုတို့ရဲ့ ရင်းဒေသတွေအကြောင်းဆွေးနွေးဖို့ လာတာမဟုတ်ဘူး၊ လေးတင်ပွဲရဲ့ စည်းကမ်းချက်ကို ကျုပ်သိပါရစေ"

"ဇနသိဒ္ဓိ၊ စည်းကမ်းချက်များကို လက်ာဒီပဘုရင်အားဖတ်ပြလိုက်ပါ"

လေးတော်ဝန်ဇနသိဒ္ဓိသည် ကတ္တီပါအနီဖြင့်ပြုလုပ်ထားသောအဝတ်စကိုဖြန့်၍ ကျွန်ုပ်အနီးသို့ ချဉ်းကပ်လာလေသည်။

"ဤလေးတော်၏ အမည်ကို အဋ္ဌစန္ဒာဟုခေါ်၏။ ပြိုင်ပွဲ၏စည်းကမ်း ချက်ကားပထမအင်္ဂါရပ်အားဖြင့် ဤလေးတော်ကို ခုံပေါ်မှ ကြွချီနိုင်ရမည်။ ဒုတိယအင်္ဂါရပ်အားဖြင့် ရတနာလေးညိုကို တင်နိုင်ရမည်။ တတိယအင်္ဂါရပ်အားဖြင့် မြားသုံးစင်းကို ပစ်လွှတ်နိုင်ရမည်။ စည်းကမ်းချက်များနှင့်အညီ အင်္ဂါသုံးရပ်နှင့် ပြည့်စုံအောင် စွမ်းဆောင်နိုင်သည့် ပုဂ္ဂိုလ်သည် သီတာဒေဝီမင်းသမီးအား သိမ်းပိုက်နိုင်၏"

"အင်္ဂါသုံးရပ်နဲ့ ပြည့်စုံရမယ်တဲ့လား ဇနသိဒ္ဓိ၊ ဘယ်ဘုရင်ဟာ ဒီစည်းကမ်းချက်တွေအတိုင်းအထမြောက်သွားပြီလဲ"

မည်သည့်ဘုရင်မျှ မအောင်မြင်ကြောင်း ကျွန်ုပ်သိနေသော်လည်း ဆုံးရှုံးသူများ၏ အဖြစ်ကို ထင်ရှားစေလို၍ ကျွန်ုပ်မေးလိုက်သည်။ ဇနသိဒ္ဓိသည် ဦးခေါင်းကို ခါယမ်းလိုက်လေသည်။

"ဘယ်ဘုရင်တစ်ပါးမှ မအောင်မြင်သေးပါဘူး၊ လေးတော်ကို ခုံပေါ်ကကြွလာအောင်ဆိုတဲ့ပထမအင်္ဂါရပ်ကိုပဲ မစွမ်းဆောင်နိုင်ကြပါဘူး၊ ဒီလိုစွမ်းဆောင်နိုင်ဖို့လည်းမလွယ်ပါဘူး။ ကျွန်ုပ်တို့ကိုယ်တိုင် ဒီတဲနန်းအတွင်း ဒီနေရာကိုလေးတော်ထားရှိဖို့အတွက် ခွန်အားဗလများစွာကို အသုံးချခဲ့ရတယ်"

"သံ၊ကြေးနီ၊ ကြေးဝါ၊ လောဟာ၊ ငွေ၊ ရွှေသတ္တုများကို ရောစပ်ပြီး ဒီလေးတော်ကို ပြုလုပ်ထားပါတယ်၊ လေးညို့ကြိုးသည်ပင်လျှင် ရွှေနန်းများကို အလန်သေးငယ်စွာ အနုစိတ်ဆက်စပ်ယှက်နွယ်ထားတာဖြစ်တယ်။ လက်ကိုင်နေရာက ရွှေချထားတာ မဟုတ်ဘူး၊ အတွင်းဘက်အနှစ်မှာပါ ရွှေတုံးအစိုင်အခဲဖြစ်တယ်"

လေးတော်ဝန်သည် သူကျွမ်းကျင်ပိုင်နိုင်သည့် အမှုကိစ္စကို ဂုဏ်ယူသောအသံဖြင့် ရှင်းပြနေသည်။ သူ၏မျက်လုံးများတွင် ကျွန်ုပ်ကို အထင်သေးသော အရိပ်သဏ္ဍာန်များကို တွေ့နေရသည်။

"ဆက်ပြောပါဦး"

"မူလအလေးချိန်ထက် အဆပေါင်းများစွာပိုပြီး လေးစေတဲ့ အကြောင်းတစ်ခုရှိသေးတယ်၊ အဲဒါကတော့ နတ်ဒေဝတာများရဲ့ တန်ခိုးတော်ပဲ၊နတ်ဒေဝတာများဟာ ဘုရင့်သမီးတော် သီတာဒေဝီကို စောင့်ရှောက်သောအားဖြင့် ခက်ထန်ကြမ်းတမ်းပြီး အဆင်းအင်္ဂါမတင့်တယ်သူ လူရိုင်းများ မကြွချီနိုင်အောင် ဒီလေးတော်ကို စောင့်ရှောက်ကာကွယ်ပေးထားကြတယ်လေ"

အခြားကာလ၊ အခြားဒေသ၌သာဆိုပါက ထိုစကားကို ပြောရဲ့သည့် ဇနသိဒ္ဒိအား ကျွန်ုပ်သည် ကိုင်ပေါက်ဖျက်ဆီးပစ်လိမ့်မည်ဖြစ်သည်။ ဇနသိဒ္ဒိသည် ထိုစကားများကို ပြောပြီး ကျွန်ုပ်အား အရုပ်ဆိုးစွာ ပြုံးပြရင်း သူ့နေရာသို့ထွက်ခွာသွားလေသည်။

ကျွန်ုပ်သည် ရွှေခြည်ဖောက် ဇာပဝါအတွင်းဆီသို့ လှမ်းကြည့်လိုက်ပြန်သည်။ သီတာဒေဝီသည် စာမရိုငှက်မွှေးယပ်တောင်ဖြင့် သူ့မျက်နှာကို ကာလိုက်လေသည်။ ရံရွှေတော်နှစ်ဦးကလည်း သီတာဒေဝီ၏ ရှေ့မှ ကွယ်ရပ်ကြသည်။ ကျွန်ုပ်ရင်ထဲတွင် နာကျင်သည့်ခံစားမှုတစ်ခုရိပ်ခနဲဖြစ်သွားသည်။

"ကျုပ်ဟာ မင်းအတွက်ဒီလောက်တောင် အသွင်သဏ္ဍာန်ဆိုးဝါးနေသလား"

စိတ်မှရေရွတ်မိပြီး လေးတင်ခုံရှိရာသို့လာခဲ့သည်။

လေးတော်ဝန် ဇနသိဒ္ဓိ၏ကြေညာသံထွက်ပေါ်လာသည်။

"လက်ာဒီပပြည့်ရှင် ဒသဂီရိဘုရင်က လေးတင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်ပါလိမ့်မယ်"

အသက်ပြင်းပြင်းရှုရှိုက်၍ ခွန်အားများကို လက်ရုံးအတွင်းသို့စုစည်းပို့ဆောင်လိုက်သည်။ ထိုအခိုက်တွင် နှစ်ရက်နှင့်တစ်ည တိုင်တိုင် ရထားကို မနားတမ်းမောင်းနှင်လာခဲ့ရသည့် အဖြစ်ကို သတိရလိုက်ပြီး "ငါမောပန်းနွမ်းနယ်နေတယ်" ဟုစိတ်ထဲမှ ရေရွတ်မိသည်။ မိထိလာသို့ ရောက်လျှင်ရောက်ချင်းနားနေပန်းဖြေမှုကို မပြုဘဲ တဲနန်းသို့ တိုက်ရိုက်လာခဲ့သည့် အဖြစ်ကို လည်း သတိရလိုက်သည်။ ကျွန်ုပ်၏စိတ်ထဲတွင် တစ်စုံတစ်ခုကို စိုးနှောင့်ပူပန်မိသွားသည်။ သို့သော်လည်း ထပ်မံ၍ အသက်ကို ရှုရှိုက်လိုက်သည်။ ကျွန်ုပ်၏လက်ဖျံနှင့် လက်ဖဝါးသည်လည်း အနီရောင်သန်းလာသည်။

လေး၏ ဗဟိုချက်ရွှေလက်ကိုင်ပေါ် သို့ လက်ကိုတင်လိုက်သည်။

နောက်ဆုံးနှင့် တတိယအကြိမ် အသက်ရှုလိုက်ပြီး လေးကို ဆွဲမလိုက်သည်။ ရှိသမျှခွန်အားကို လက်ကောက်ဝတ်သို့စီးဆင်းစေလိုက်သည်။

လေးသည် ကြွမလာချေ။

အံကိုကြိတ်လျက် ပခုံးသားမှအင်အားများကို ညှစ်ထုတ်လိုက်ပြီး မယူလိုက်သည်။ အင်အားများလျော့ရဲမည်စိုးသဖြင့် ကျွန်ုပ်၏အသက်ကို မရှုဘဲအောင့်ထားသည်။ ထိုအချိန်ကာလသည် ကျွန်ုပ်၏ တစ်သက်တာဝယ် အကြာရှည်ဆုံး အသက်မရှုဘဲနေမိသော ကာလဖြစ်သည်။ သို့သော် လေးသည်ကြွမလာချေ။

ဝဲယာဝန်းကျင်မှ အသံများထွက်ပေါ်လာသည်။ "သင်းတို့ ဒြာဝိဒိယန်တွေ . . တောင်ပိုင်းသားတွေ " ဟူသော အသံအချို့ကို ကြားရသည်။ ထိုအခိုက်တွင် ကျွန်ုပ်၏ ကိုယ်ထဲ၌ဒြာဝိဒိယန်သွေးတို့ ဆူပွက်လာသည်။ စောစောက အသက်မရှုဘဲနေမိသော အမှားကိုလည်းဆင်ခြင်မိသည်။ထို့ကြောင့် ရွှေလက်ကိုင်ပေါ်မှ လက်ချောင်းများကို အသာအယာဖြေလျော့လိုက်ပြီး အသ်ကကို မှန်ကန်စွာ ရှုလိုက်ရသည်။ ရယ်သွမ်းသွေးသော အသံများနှင့် လှောင်ပြောင်သော အသံများကို ကြားလာရပြန်သည်။ ဤအခိုက်တွင် ကျွန်ုပ်သည် လေးတော်တင်ခြင်းအလုပ်ကို ခေတ္တရပ်ဆိုင်းပြီး တဲနန်းအတွင်းရှိပရိတ်သတ်အားလုံးကို အရင်တိုက်ခိုက်သတ်ဖြတ်ပစ်ရန်စိတ်ကူးမိသည်။

သို့သော် ဒေါသကိုပြန်လည်မြိုသိပ်လျက် အသက်ကို ပြန်ရှူ ခွန်အားများကို ပြန်လည်စုစည်း၍ ရွှေလက်ကိုင်းကို တင်းတင်းဆုပ်ကိုင်လိုက်ပြန်သည်။ ကမ္ဘာမြေကြီးတခုလုံးသည် ဤလေးအပေါ်၌ကျရောက်နေပြီဟုထင်မိသည်။ ကျွန်ုပ်လက်မောင်းမှ သွေးကြောများသည် တောင်တန်းများနှင့်တူနေပြီး ချွေးသီးချွေးပေါက်များသည် သွေးကြောများအကြားဖြတ်သန်းစီးဆင်းနေကြရာ တောင်တန်းများအကြားမှ မြစ်ချောင်းများလိုဖြစ်နေသည်။

"ဒြာဝိဒိယန်အတွက်. . . ပြီးတော့ . . ချစ်ခြင်းမေတ္တာအတွက်"

ထိုနှစ်ခုကို စိတ်ထဲမှ ကြုံးဝါးပြီးအားကုန်စိုက်၍မလိုက်ရာ . . လေးသည်ကျွန်ုပ်လက်ထဲ၌ ကြွလျက် ပါလာလေပြီ။

အသံများအားလုံးတိတ်သွားသည်။ ပထမအင်္ဂါရပ်ကား ပြည့်စုံလေပြီ။

လေးကို လက်ဝဲဘက်လက်ဖြင့်ကိုင်လျက် မြေပြင်ပေါ် သို့ ခက်ခဲစွာထောက်ထားလိုက်သည်။ လေးညှို့ကို တင်ရမည်။ လေးညှို့ကို ကျွန်ုပ်ဆွဲကိုင်လိုက်သည်။ ရွှေနန်းတို့ဖြင့် သွန်းခတ် ထားသောလေးညှို့သည် အေးစက်မာကျောသော အထိအတွေ့ကို ဆောင်ပေသည်။ ဝဲဘက်လက်ဖြင့် လေးကိုထောင်ထားပြီး ယာလက်ဖြင့် လေးညှို့တင်ရန်ကျွန်ုပ်ဆက်လက်ကြိုးစားသည်။ အပေါ်ဘက်မှ လေးကိုင်းများသို့ ရောက်အောင် လေးညို့ကို ဆွဲတင်ရစ်ပတ်ရပေမည်။ အောက်ဘက်လေးကိုင်းများတွင်ရစ်ပတ်ထားပြီးဖြစ်သော လေးညို့သည် မြေကြီးထဲတွင် ဝင်ရောက်အဖြစ်တွယ်နေသည်ဟုထင်ရသည်။ ညှို့ကိုဆွဲငင်သည့် ကျွန်ုပ်၏ယာလက်သည် တဆတ်ဆတ်ခါနေသည်။ လက်ရုံးလက်မောင်းကြွက်သားများသည် အရေပြားကိုဖောက်ထွက်တော့မည်ဟု ထင်ရသည်။ လေးညှို့ကို တင်ခြင်းကား လေးကိုင်ကို ကွေးညွှတစေခြင်းပင်ဖြစ်ရကား . . ဤအဆင့်သည် ပထမအဆင့်ထက် သာလွန်ခက်ခဲလှပေသည်။ သွေးများသည် လက်ကောက်ဝတ်၊လက်ဆစ်နှင့် လက်ချောင်းထိမ်ဖျားများမှနေ၍ ပန်းထွက်တော့မည့်အလား နီရဲလာကြလေသည်။ ညို့ကိုဖေးယူအားပြုထားသည့် လက်ဖနောင့်သည်လည်းပေါက်ပြဲစုတ်ပြတ်ကာ အရေခွံများကွာကျကုန်ကြလေပြီ။ လေးကိုကြွချီလာစဉ်က တိတ်ဆိတ်သွားသော အသံများသည် ပြန်လည်ထွက်ပေါ်လာပြန်သည်။ ကျယ်လောင်စွာရယ်မောလိုက်သည့်အသံများကို ပင်တစ်ချက်တစ်ချက်ကြားနေရသည်။ ချွေးသီးချွေးပေါက်များသည် နဖူးပြင်ဆီမှ မျက်လုံးထဲသို့ပင် စီးဝင်ကုန်ကြပြီ။ ကျွန်ုပ်ပထမဆုံး သတိထားမိသည်မှာ ကျွန်ုပ်၏အသက်ရှူသံသည် ချက်ကျမှန်ကန်မှုလျော့ပါးလာခြင်းဖြစ်သည်။ ရှူထုတ်သံများသည် နှာဝမှထွက်ပေါ်လာပြီး ရှူရှိုက်သံမျှက ပါးစပ်မှထွက်ပေါ်လာကြသည်။ ဒုတိယ သတိထားမိသည်မှာ ကျွန်ုပ်ဦးခေါင်းထဲတွင်မူးဝေလာခြင်းပင်ဖြစ်သည်။ လေးကိုကြွလာအောင် ချီမခဲ့စဉ်က မောပန်းနွမ်းနယ်မှုကိုလည်း ပြန်သတိရမိနေပြန်သည်။ နားထဲတွင်လည်း ရယ်မောလှောင်ပြောင်သံများနှင့်အတူ တဟူးဟူးလေသံများ၊ အဆက်မပြတ်သော စူးရှသည့်အသံများကြားနေရသည်။ လေးညို့သည် လေးကိုင်းအလယ်ခန့်အထိရောက်လာသည်။ အပေါ်ဘက်ထိပ်ဖျားသို့ရောက်ရန် ကျန်တစ်ဝက်၏ ခက်ခဲခြင်းသည် ယခုထိရောက်ရှိလာသော တစ်ဝက်ထက် အဆပေါင်းများစွာပြင်းထန်လိမ့်မည်ဟု ကြိုတင်မှန်းဆနေမိသည်။

"ချစ်ခြင်းမေတ္တာအတွက် . . ."

ဟူ၍စိတ်ထဲမှ ကြုံးဝါးမိခြင်းနှင့် တစ်ဆက်တည်းမှာပင် ရွှေခြည်ဖောက်ပဝါခန်းဆီး၏ တစ်ဖက်မှ သီတာဒေဝီအား ကျွန်ုပ်ဝေ့ဝိုက်၍ ကြည့်လိုက်မိသည်။ လေးကိုင်းတစ်ဝက်ထိရောက်နေပြီဖြစ်သော ညို့ကိုကြည့်နေသည့် သီတာဒေဝီ၏လှပသောမျက်နှာသည် သွေးဆုတ်လျက် ဆွတ်ဆွတ်ဖြူနေသည်တကား။ ပြင်းစွာသောထိတ်လန့်မှု၏ အရိပ်လက္ခဏာသည် သူ၏မျက်လုံးတွင်အထင်းသားပေါ်လွင်နေသည်။ ရုံရွှေတော်နှစ်ဦး၏လက်များကို တင်ကျပ်စွာဆုပ်ကိုင်ထားသည့် သူ၏ အမူအရာတွင် ကြောက်လန့်ခြင်း၏ သရုပ်တို့ အထင်အရှားမြင်နေရသည်။

ပြင်းထန်စွာ နိမ့်ချည်မြင့်ချည်ဖြစ်နေသော ကျွန်ုပ်၏ ရင်ထဲရှိမောပန်းမှုအပေါ်တွင် နှလုံးနာကျင်မှုများ ထပ်ဆင့်ဖြစ်ပေါ်လာသည်။ လက်ဖနောင့်ဆီမှ တသွင်သွင်စီးယိုလျက်ရှိသော သွေး၏အနီရောင်သည် တစ်စထက်တစ်စပြန့်ကျယ်လာသည်။ ထိုအနီရောင်ထဲတွင် ကြောက်ရွံ့ထိတ်လန့်နေသော သီတာဒေဝီ၏ ဖျော့တော့သည့် မျက်နှာပြင်ပေါ်လာသည်။

"သီတာဒေဝီဟာ . . ငါ့ကို . ."

မြင်ကွင်းတွင် အမှောင်တိုက်ဖြစ်ထွန်းသွားသည်။

ညို့သည် ကျွန်ုပ်လက်တွင်းမှ လွတ်ကျသွားသည်။

အော်ဟစ်ရယ်မောသံများ တဲနန်းအတွင်း သိမ့်သိမ့်ညံသွားသည်။ ကျွန်ုပ်၏နားထဲတွင်ကား "သူ . . ငါ့ကို ကြောက်ရွံ့နေတယ်" "သူအောင်မြင်မှာကို ထိတ်လန့်နေတယ်" ဟူသော အသံများသာ ပဲ့တင်၍နေတော့သည်။ ကျွန်ုပ် နှလုံးသည်းပွတ်သည် ခံတွင်းမှ၊ နားတွင်းမှ၊ မျက်စိတွင်းမှ၊ တစ်စစီ တစ်ဖဲ့စီ လွင့်စဉ်ကျသွားတော့မည်ဟု ခံစားရသည်။

ထို့နောက် ကျွန်ုပ်သည် . . .

လေးတော်ကို စက်ဆုပ်စွာဖြင့် ခုံပေါ် သို့ပြန်ထားလိုက်သည်။

"ဘယ့်နှယ့်လဲ ဒသဂီရိဘုရင် . . . နတ်ဒေဝတာတို့စောင့်ရှောက်ထားတဲ့လေးတော်ကို အသင်အင်္ဂါသုံးရပ်နဲ့ညီအောင် မစွမ်းဆောင်နိုင်ဘူးမဟုတ်လား"

ဇနသိဒ္ဓိသည် ဝတ်ရုံကို ဝင့်ကြွားစွာ ခါယမ်းလျက် စကားဆိုလာသည်။ဂုဏ်ကျက်သရေ အလျဉ်းကင်းမဲ့သော ထိုလေးတော်ဝန်၏ လေသံသည် မောဟိုက်နွမ်းနယ်နေသော ကျွန်ုပ်အား ကျာပွတ်ဖြင့်ရိုက်လိုက်သလိုဖြစ်သွားသည်။ အကျွန်ုပ်သည် လက်နှစ်ဖက်ကို ပိုက်လိုက်ပြီး သူ့အား အနီးကပ်စွာရင်ဆိုင်လိုက်သည်။ ပရိသတ်က ကျွန်ုပ်တို့ နှစ်ဦးကို စူးစိုက်ကြည့် နေကြသည်။

"ကျုပ်မေးတာဖြေစမ်း ... ဇနသိဒ္ဓိ၊ ဒီလေးတင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဆင်နွှဲတဲ့ မျိုးနွယ်စုဘုရင်ဘယ်နှစ်ဦးရှိသလဲ"

"ဒြာဝိဒိယန်ထဲကတော့ သင်တစ်ဦးပဲ"

"ကျုပ်မေးတာကို ကောင်းကောင်းဖြေပါ အာရိယန်လေးတော်ဝန်"

ပိုက်ထားသောလက်ကို ဘေးသို့ချလိုက်သည့်အတွက် ဇနသိဒ္ဓိသည် နောက်သို့မသိမသာ ဆုတ်သွားလေသည်။

"မျိုးနွယ်စုဘုရင်ပေါင်း တစ်ရာ"

"လေးရဲ့အဖျား အမြိတ်စွန်းမျှကိုသာ ကြွအောင်မနိုင်တဲ့ ဘုရင်ဘယ်နှစ်ဦးရှိသလဲ"

"ဆယ်ဦး . . "

"လေးကိုလှုပ်သွားအောင် ကြွနိုင်တဲ့ဘုရင်က . . "

"ငါးဦး . ."

"လေးတစ်ခုလုံးကြွလာအောင် မနိုင်တဲ့ဘုရင်"

". . .. . . "

ကျွန်ုပ်မေးတာမကြားဘူးလား . .လေးတစ်ခုလုံးကြွလာအောင်မနိုင်တဲ့ဘုရင် . ."

"မရှိဘူး"

"တော်ပြီ ဇနသိဒ္ဓိ၊ သင့်ကို ကျုပ်ဆက်စကားမပြောလိုဘူး၊ အဓိပတိနဲ့ပြောမယ်"

မျက်နှာမည်းနေသော ဇနသိဒ္ဓိကို တွန်းဖယ်လျက် ကျွန်ုပ်သည် စင်မြင့်ရှိရာသို့ သွားလိုက်သည်။

"လင်္ကာဒီပဘုရင်အနည်းငယ်စကားပြောလိုပါတယ်"

"ပြောပါ . . ဒြာဝိဒိယန်ဘုရင်"

"ဒီမှာရှိကြတဲ့ တစ်ရာသော မျိုးနွယ်စုဘုရင်များအား တစ်ဦးတစ်ယောက်မှ လေးကိုကြွလာအောင် မ မနိုင်ဘူး၊ ကျွန်ုပ်ဟာ မနိုင်ခဲ့တယ်။ ပြီးတော့ လေးညို့ကို တင်ရန်ကြိုးစားခဲ့တယ်"

"သင် . . တစ်ဝက်ပဲ တင်နိုင်ခဲ့တာပဲ"

"ထားပါ။ တစ်ရာသော မျိုးနွယ်စုဘုရင်များထက် ကျွန်ုပ်ကသာလွန်ကြောင်းကို ဒီတဲနန်းအတွင်းက ဘယ်သူကငြင်းဆိုချင်သလဲ"

အသံများ အုတ်အုတ်ကျက်ကျက်ဖြစ်လာသည်။ ကျွန်ုပ်သည် အဓိပတိထံမှနေ၍ ပရိသတ်ထံသို့ မျက်နှာမူလိုက်ပြီး ကတ္တီပါထိုင်ခုံများပေါ်ရှိဘုရင်တစ်ဦးစီ၏မျက်နှာကို စေ့စေ့ကြည့်ရင်း တဲနန်းဗဟိုဇဏီသားမွေးခင်းထားသည့် စက်ဝိုင်းပေါ်သို့လျှောက်လာခဲ့သည်။ စက်ဝိုင်းပေါ်ရှိ ခြသေ့်ခေါင်းရုပ်ပုံထက်သို့ ခြေစုံရပ်လိုက်ချိန်တွင် အသံအားလုံးတိတ်သွားကြသည်။

"လင်္ကာဒီပဘုရင် ဒသဂီရိဟာ တစ်ရာသောမျိုးနွယ်စု ဘုရင်များထက်သာလွန်ကြောင်းကို ဘယ်သူငြင်းဆိုချင်သလဲ။ တစ်စုံတစ်ယောက်ဟာငြင်းဆိုချင်တယ်ဆိုရင် သူ့အနှစ်သက်ဆုံး လက်နက်ကိုဆွဲကိုင်ပြီး ဟောဒီနေရာကိုလာပါ"

အသံများသာမက လှုပ်ခါမှုများပါ ရပ်ဆိုင်းသွားကြသည်။

"သင့်စကားကို ဘယ်သူမှ မငြင်းနိုင်ဘူး လင်္ကာဒီပဘုရင်"

ခဏကြာမှ အဓိပတိက အဖြေပေးလိုက်သည်။

"ဒီတဲနန်းအတွင် လာရောက်ကြတဲ့ဘုရင်များဟာ ကြင်ရာတော်ရွေးပွဲကို လာကြတာပဲမဟုတ်လား"

"ဟုတ်ပါတယ်၊ လင်္ကာဒီပဘုရင်"

"သီတာဒေဝီကို လက်ထပ်လိုမှုအတွက်ပဲမဟုတ်လား"

"သင်ဘာပြောချင်သလဲ ဒသဂီရိ"

"ဘုရင်အားလုံးသီတာဒေဝီကို လက်ထပ်လိုမှုအတွက် ရောက်ရှိနေကြတယ်။ ဒသဂီရိဟာ ဘုရင်အားလုံးထက်သာလွန်တယ်။ ဒါကြောင့်သီတာဒေဝီကို ကျွန်ုပ်လက်သို့အပ်နှင်းပါ"

အသံများတဝေါဝေါ ဆူညံသွားသည်။ လှုပ်ရှားမှုဖြင့် ပြန်လည်အသက်ဝင်လာသည်။

"အားလုံးငြိမ်ကြပါ။ လေးတော်တင်ပွဲရဲ့ အဓိပတိအဖြစ် . . ကျွန်ုပ်စကားပြောလိုတယ်"

အဓိပတိသည် မတ်တပ်ရပ်ပြီး တောင်ဝှေးကို ကြမ်းပြင်ပေါ် သို့ ဆောင့်ချလိုက်သည်။

"လက်ဘဒီပဘုရင် ဒသဂီရိဟာ အားလုံးထက်စွမ်းရည်ပိုမိုသာလွန်တယ်။ သို့သော် လေးတင်ပွဲရဲ့ အင်္ဂါသုံးရပ်နဲ့မကိုက်ညီဘူး၊ သူဟာလေးကိုကြွချီနိုင်တယ်။ သူဟာညို့ကိုတင်ရန်ကြိုးစားတယ်။ ဒါပေမယ့် မအောင်မြင်ဘူး။ ဒါကြောင့် သီတာဒေဝီကို ဒသဂီရိလက်သို့ မအပ်နှင့်နိုင်ဘူး"

အဓိပတိသည် နေရာ၌ပြန်ထိုင်လိုက်သည်။

"သင်လက်ဘဒီပဘုရင်ရဲ့ ဆန္ဒနဲ့တောင်းဆိုမှုကို ဆန့်ကျင်တာလား . . အဓိပတိ"

ကျွန်ုပ်သည် လျင်မြန်သော အဟုန်ဖြင့် တဲနန်းဗဟိုမှ စင်မြင့်အနီးသို့ ချဉ်းကပ်လိုက်သည်။ သန်လျက်ကို စွဲကိုင်လိုက်သည်။ တရှန်းရှန်းထသံများနှင့် လက်နက်ပြင်ဆင်သံများ ကြားလိုက်ရသည်။ ပရိသတ်ဘက်သို့ကျွန်ုပ်ပြန်လှည့်လိုက်သည်။

"မိမိတိုင်းပြည်ရဲ့ ရာဇပလင်လစ်လပ်မသွားချင်ရင် အားလုံးကိုယ့်နေရာကိုယ်ရပ်နေလိုက်ကြစမ်း"

သီတာဒေဝီ၏နေရာရှေ့တွင် အာရိယန်စစ်သည်များပိတ်ဆို့ နေရာယူလိုက်ကြသည်။

တဲနန်းအတွင်းရှိဘုရင်များနှင့် သူတို့၏ စစ်သည်များသည်လည်းလှုပ်လှုပ်ရွရွဖြစ်သွားကြသည်။

"သီတာဒေဝီကို ကျွန်ုပ်လက်သို့အပ်ပါ အဓိပတိ "

"သင် ထွက်သွားလိုက်စမ်း၊ ဒသဂီရိ . ."

ကျွန်ုပ်သည် သန်လျက်ကို ဝင့်လျက် စင်မြင့်ထက်သို့ခုန်တက်လိုက်သည်။ ထိုအခိုက် အဓိပတိ၏နောက်ကွယ်မှ အေးဆေးသော အသံတစ်သံထွက်ပေါ်လာလေသည်။

"လက်ဘဒီပဘုရင်ဟာ စည်းကမ်းချက်နဲ့မကိုက်ညီဘူးဆိုတဲ့ ဘိုးဘိုးအဓိပတိကြီးရဲ့ စကားကိုတော့ လက်ခံရပါလိမ့်မယ်"အသံရှင်သည် အဓိပတိ၏ရှေ့မှ ကာ၍ရပ်လိုက်သည်။ သူသည် ကျွန်ုပ်ကိုပြုံး၍ ကြည့်နေလေသည်။ အထူးခြားဆုံးကား . . . . . သူ၏ မျက်လုံးများပင်။

သူ၏မျက်လုံးများရှိမျက်ဆန်သည် စိမ်းညို့ညို့ဖြစ်နေသည်။ ဘုရင်တစ်ပါး၏ ဝတ်စား တန်ဆာနှင့်မတူသော သူ၏ဝတ်ရုံသည်လည်း အစိမ်းရောင်ဖြစ်သည်။ သို့သော်ရှည်လျားသော အရပ်အမောင်းနှင့် ဝါဝင်းသော အသားအရေကြောင့် သူလည်းအာရိယန်မျိုးနွယ်စုပင်ဖြစ်မည်ဟု ကျွန်ုပ်ခန့်မှန်းသည်။ ဝါသော အသားအရေတွင်အကြောများသည် အခြားအာရိယန်တို့ထက် ပို၍စိမ်းနေကြသည်။ မုတ်ဆိတ်နှင့် ပါးမြိုင်းများကိုရိတ်သိမ်းထားသဖြင့် မျက်နှာပြင်လည်း အစိမ်းရောင်ဖြစ်နေသည်။ သူ့တစ်ကိုယ်လုံး အစိမ်းရောင်လွှမ်းနေသည်။

"ဘိုးဘိုးအဓိပတိကြီးက လေးတင်ပွဲရဲ့ ဦးစီးချုပ်ဖြစ်ပါတယ်။ ဒါကြောင့်သူဟာ လေးတင်ပွဲရဲ့စည်းကမ်းအတွင်းကသာ ပြောဆိုဆုံးဖြတ်ရပေမပေါ့ ဒသဂီရိဘုရင်မင်းမြတ်"

စိမ်းသောသူက ဖြစ်ပေါ်နေသော အခြေအနေနှင့် ဆန့်ကျင်ဘက်ကျစွာ အေးအေးဆေးဆေးစကားပြောနေသည်။ ကျွန်ုပ်သည် ထိုသူ၏အစိမ်းရောင်သဏ္ဌာန်၌ ရုတ်တရက်စိတ်ဝင်စားသွားမိသဖြင့် သန်လျက်ကိုင်ရင်း ရပ်တန့်နေမိသည်။

"အကိုပြောတာဟုတ်ပါတယ်။ ဘိုးဘိုး အဓိပတိကြီးရဲ့ ဆုံးဖြတ်ချက်ဟာ အပိုအလိုမရှိပါဘူး"

နောက်ထပ်အသံတစ်ခု နောက်ကွယ်နားမှပေါ်လာပြန်သည်။

စိမ်းသောသူနှင့် ရုပ်ချင်းဆင်သည့် လူတစ်ယောက်ထွက်လာပြန်သည်။ သူလည်းထူးခြားမှု တစ်ခုကို ဆောင်နေပြန်သည်။ အသားဝါသော အာရိယန်များအကြားတွင်သူ၏အသားသည် ပို၍ဝါနေသည်။ အကြောင်းမှုသူ၏မျက်ဆန်အိမ်က အဝါရောင်ဖြစ်နေသောကြောင့်ပင်။ မျက်ခုံးနှင့် မျက်တောင်မွေးများတွင်လည်း အဝါရောင်အမွေးများ ရောနှောနေသည်။ သူ့ဝတ်ရုံ ကလည်းအဝါရောင်ဖြစ်သည်။လူနှစ်ယောက်သည်အဓိပတိ၏ ဝဲယာတွင်ရပ်လိုက်ကြသည်။

စိမ်းသောလူနှင့် ဝါသောလူ။

စိမ်းသောလူက စကားပြန်ဆက်လေသည်။

"ဒသဂီရိဘုရင်ဟာ ဒီမှာရှိကြတဲ့ ဘုရင်များအားလုံးထက်သာလွန်ကြောင်း ဘယ်သူမှ မငြင်းနိုင်ပါဘူး၊ လေးတော်ကိုလဲ ဘုရင်များအားလုံးထက်ပိုမိုစွမ်းဆောင်နိုင်ပါတယ်"

"ဟုတ်တယ်၊ အကိုပြောတာဟုတ်ပါတယ်။ ဒသဂီရိဘုရင်ရဲ့ အားနဲ့ကြိုးစားအားထုတ်မှုဟာ အင်မတန်ချီးကျူးစရာကောင်းပါပေတယ်"

အကြီးဖြစ်သော စိမ်းသောလူကို အငယ်ဖြစ်သော ဝါသောလူက ထောက်ခံသည်။

"ဒီတော့ . . . သင်တို့က ဘာလုပ်ချင်သလဲ"

ကျွန်ုပ်က ခပ်ဆတ်ဆတ်မေးလိုက်သည်။

"အေးအေးဆေးဆေးစကားပြောကြရအောင် ဒသဂီရိဘုရင်မင်းမြတ်။ တဲနန်းအတွင်းတိုက်ခိုက် သတ်ဖြတ်ကြရင် ဟောဟိုက သီတာဒေဝီအတွက်လည်းအန္တရာယ်ရှိပါတယ်"

"အင်း . . ဒါတော့ဟုတ်တယ်"

ကျွန်ုပ်က သန်လျက်ကို အိမ်အတွင်းသို့ ပြန်လည်သိမ်းဆည်းလိုက်သည့်အတွက်

လက်နက်များကို ထုတ်ကိုင်ပြင်ဆင်ထားကြသူများလည်း လက်နက်များသိမ်းကာ နေရာ၌ပြန်ထိုင်ကြသည်။ သီတာဒေဝီ၏နေရာရှေ့မှ စစ်သည်များသည် လက်နက်များကို သိမ်းဆည်းလိုက်ကြသော်လည်း နေရာမှဖယ်ရှားခြင်းမပြုကြချေ။

အဓိပတိသည် လူနှစ်ယောက်အားပခုံးတစ်ဖက်စီတွင် သိုင်းဖက်လိုက်သည်။

"မင်းတို့ညီအကိုနှစ်ယောက် ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စမှာဝင်မပါနဲ့၊နော် . . . ဒါဟာ ဘုရင်တွေရဲ့ လေးတင်ကြင်ရာရွေးပွဲ"

"ဘုရင်တွေရဲ့လေးတင်ပွဲမှာ ဘုရင့်သားတွေကော လုံးဝမဆိုင်တော့ဘူးလား ဘိုးဘိုးကြီး"

"ဟုတ်တယ်ဘိုးဘိုး၊ ကျွန်တော်တို့နှစ်ယောက်လုံးဟာ ဘယ်ဘုရင်ရဲ့စစ်သည်ကိုယ်ရံတော် အဖြစ်နဲ့လာကြတာ မဟုတ်ပါဘူး"

"ဩော် . . သင်းတို့ ဘုရင့်သားတွေကိုး" ဟုကျွန်ုပ်ရေရွတ်မိသည်။ သို့သော် ကျွန်ုပ်နှင့် အသက်အရွယ်ချင်းမတိမ်းမယိမ်းရှိသော အကြီးလူရော၊ အငယ်လူပါ ဝတ်စားတန်ဆာများက မှေးမှိန်လှပေသည်။ သာမန်လူများဆိုလျှင် မည်သို့မျှမထူးခြားသော်လည်း ဘုရင့်သားများဆိုလျှင်တော့ ဝတ်စားတန်ဆာများသည် တောက်ပြောင်မှုမရှိကြချေ။ ပြီးတော့ပြောဆိုသုံးနှုန်းပုံများကလည်း သာမန်မျိုးနွယ်ဆန်လှသည်။

"သင်တို့က ဘုရင့်သားတွေလား၊ ဘယ်တိုင်းပြည်ကလဲ၊ ဘယ်ဘုရင်လဲ"

ကျွန်ုပ်၏အမေးကို အဓိပတိကဝင်၍ဖြေလေသည်။

"အယုဒ္ဓယပြည်၊ ဒသရဌဘုရင်ရဲ့ သားတွေပဲ"

"ကျွန်ုပ်အမည်က ရာမ၊ ကျွန်ုပ်ရဲ့ညီက . . "

"ကျွန်ုပ်က လက္ခဏ"

"ဩော် . . . ဩော်"

သူတို့၏ အမည်နာမများကို ထုတ်ဖော်ပြောကြားသည့် အခါတွင်ကား သူတို့၏ ဟန်ပန်လေသံ၌ဝင့်ကြွားဂုဏ်မောက်သည့် လေသံပါလာလေသည်။

"လေးတင်ပွဲကို ကြည့်ရှုဖို့ သူတို့ရောက်လာကြတယ်၊ သူတို့ဟာ ကျွန်ုပ်ရဲ့ တပည့်ရင်းတွေပါ"

အဓိပတိက မုတ်ဆိတ်ဖြူများကို လက်နှင့်သပ်ရင်းဆက်ရှင်းပြနေပြန်သည်။

"ကဲ၊ ဒါတွေက အရေးမကြီးပါဘူး၊ ကျွန်ုပ်ရဲ့ တောင်းဆိုမှုကို အဓိပတိဘယ်လိုဆုံးဖြတ်မလဲ၊ စောစောက ဆုံးဖြတ်မှုမျိုးကို ရှောင်ပါ"

စိမ်းသောလူနှင့် ဝါသောလူ ညီအကိုနှစ်ယောက်ထံမှ စိတ်အာရုံကို ခွာလျက် အဓိပတိနှင့် မျက်နှာချင်းဆိုင်လိုက်သည်။ အဓိပတိသည် မျက်ခုံးနှစ်ဘက်ကို တွန့်လိုက်ပြီး စကားပြောရန်ပါးစပ်ဟလိုက်စဉ်မှာပင် စိမ်းသောလူက ဝင်ပြောပြန်လေသည်။

"လေးတင်ပွဲသတ်မှတ်ထားတဲ့ အချိန် မစေ့သေးဘူး မဟုတ်လား။ ပါဝင်ဆင်နွှဲခွင့်ပြုပါ။ ဘယ့်နှယ့်လဲ ညီလေး"

"ဟာ . . ဟုတ်တာပေါ့ အစ်ကို၊ ဘိုးဘိုး ကျွန်တော်တို့ကို လေးတင်ပွဲပါဝင်ဆင်နွှဲပါရစေ"

အဓိပတိသည် မျက်မှောင်ကြုတ်လျက် သူ့တပည့်များကို ကြည့်ရင်း ကျွန်ုပ်ကို လှမ်းကြည့်လိုက်သည်။ ကျွန်ုပ်၏ ပြဿနာကို အချိန်ဆွဲထားနိုင်ကောင်းရဲ့ဟူသော အကြံစည်မျိုးကြံစည်ရရှိမိဟန်တူသည်။ ညီအစ်ကိုနှစ်ယောက်အား ခွင့်ပြုလိုက်လေသည်။ "သူတို့ဟာဘုရင်တွေလဲ မဟုတ်ဘူး၊ ပြီးတော့ ရုပ်ပုံရွှေလွှာကို ရရှိပြီး တက်ရောက်လာသူ တွေလည်း မဟုတ်ဘူး၊ ဒါကြောင့် သူတို့ကို ခွင့်မပြုသင့်ဘူး" ဟုကန့်ကွက်ပိတ်ပင်ရန်ကျွန်ုပ်သတိရလိုက် သော်လည်း ကျွန်ုပ်နှင့်မသက်ဆိုင်သော အရာဖြစ်၍ဘာမျှ မပြောလိုက် တော့ပေ။ ထို့ပြင် ထိုစိမ်းသောလူနှင့် ဝါသောလူ နှစ်ယောက်တို့သည် ကဗျာတေးချင်းလင်္ကာတို့ဖြင့် မွေ့လျော်နေတတ်ကြသည့် ဘုရင့်သား အိမ်ရှေ့စံမင်းသားများလိုပင် ပျော့ပျောင်းသော အသွင်ရှိကြလေရကား ထိုသို့သော လူငယ်တို့က ဤသို့သောလေးကို မရန် တင်ရန် ပစ်ရန် ကြိုးစားလိုသည် ဆိုသည့်စကားကို ကျွန်ုပ်ရယ်ချင်နေမိသည်။ ထို့ကြောင့်အပျင်းပြေရယ်မောစရာအဖြစ် သူတို့ "လေးတင်ပွဲ" ကိုကြည့်ရန်နှင့် သီတာဒေဝီကို ကျွန်ုပ်သိမ်းပိုက်နိုင်မည့်အရေးအတွက် ကြံစည်စိတ်ကူးရန် စသည်တို့ကြောင့် အသာငြိမ်၍ နေလိုက်သည်။

ထို့အပြင်အာရိယန်မျိုးနွယ်စုဝင် ဘုရင်တစ်ဦး၏သားများ လေးတင်ပွဲဆင်နွှဲသည်ကိုလည်း ကျွန်ုပ်ကြည့်ရှုရယ်မောရှုပြန်လည်လှောင်ပြောင်မည်ဟု စိတ်ကူးထားလေသည်။

ကျွန်ုပ်သည် လေးနှင့်မနီးမဝေးတွင် ရပ်နေလိုက်သည်။

ဇနသိဒ္ဓိက ရှေ့သို့တိုးထွက်လာပြီး ကြေငြာလိုက်သည်။

"အယုဒ္ဓပြည့်ရှင် ဘုရင်ရသဒ္ဒရဲ့ သားတော်နှစ်ပါးဖြစ်တဲ့ ရာမမင်းသားနဲ့ လက္ခဏမင်းသားတို့က လေးတင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်"

လူစိမ်းနှင့် လူဝါတို့သည် လေးတင်ခုံရှိရာသို့ ထွက်လာကြခဲ့သည်။

"ညီလေး . . . မင်းအရင်ယှဉ်ပြိုင်ပါ"

"အကိုက နောင်တော်ဖြစ်ပါတယ်။ အကို ဦးစွာဝင်ရောက်ပါ"

"နောင်တော်အဖြစ် အမိန့်ပေးနေတယ် . . လက္ခဏ မင်းသွားပါ"

လက္ခဏသည် ဦးညွှတ်ပြီး အဓိပတိဘက်သို့ လှည့်၍ ဒူးထောက်လိုက်သည်။ ရာမက သူ၏ညီအား လက်ရုံးလက်မောင်းများကို နှိပ်နယ်ဆုပ်ခြေ၍ပေးနေသည်။

"ညီလေး . . အစ်ကိုပြောတာနားထောင်စမ်း၊ ဒသဂီရိဘုရင်စောစောက ယှဉ်ပြိုင်သွားတာ တွေ့လား၊ သူဟာ ခွန်အားအင်မတန်ကြီးမားပြီး ဖွဲလုံ့လနဲ့ ပြည့်စုံသူလည်းဖြစ်တယ်။ သို့သော် လေးကို မရာမှာ ညို့ကိုတင်ရာမှာ သူဟာအမှားတွေ ကျူးလွန်ခဲ့တယ်။

ရာမသည် ကျွန်ုပ်မကြားရဟုထင်၍ သူညီအားမှာကြားနေသည်။

"အဲဒီအမှားတွေကတော့ သူဟာ လေးတော်ဒဏ်ကို စိတ်ထဲမှာ ကြိုတင်သိမှတ်ဝင်စားလိုက်ခြင်းက အစပြုတယ်၊ ဒီပထမအမှားကြောင့် သူဟာ မ မခင်ကတည်းက လေးတော်ကို ရှုံးနိမ့်သွားရပြီ"

ထူးခြားသော ထိုစားလုံးများကို ကျွန်ုပ်နားစွင့်နေမိသည်။

"ဒုတိယ အမှားကတော့ သူ့ရဲ့ခွန်အားတွေကို အစိုင်အခဲထုထည်အဖြစ် စုရုံးအခုံးချလိုက်ခြင်းဖြစ်တယ်၊ သူ့ခွန်အားရဲ့ အာနိသင်နဲ့ လေးတော်ရဲ့ အာနိသင်တို့တွေ့ဆုံကြတဲ့ဒဏ်ကို သူ့ရဲ့စိတ်နဲ့ ပင်ပန်းမှုကို ခံနိုင်စွမ်းတို့ဟာ အရှုံးပေးလိုက်ကြရတယ်၊ တတိယအမှားကတော့ သူဟာ ရယ်မောလှောင်ပြောင်နေကြတဲ့အသံတွေနဲ့ပ လှုပ်ရှားမှုတွေကို သတိပြုလိုက်မိခြင်းပဲ၊ ဒီနည်းအားဖြင့် သူ့ရဲ့ အာရုံစူးစိုက်မှုဟာ ပျံ့လွင့်သွားပြီး ခွန်အားတည်ရှိမှုဟာလဲ လျော့နည်းသွားရတယ်။ စတုတ္ထအမှားက သူဟာ အသက်ကို တမင်ဖန်တီး၍ရှုရှိုက်ခြင်းဖြစ်တယ်။ ဒါကြောင့်မောပန်းလာတဲ့အခါမှာ သူရဲ့အသက်ရှူခြင်းဟာ နည်းနိသယများ လွဲချော်ကုန်တယ်။ ဒီအမှားတွေ အပြင်သူ့ရဲ့နှလုံးအတွင်းမှာ စိတ်ပျံ့လွင့်စေတဲ့ အခြားအကြောင်းအရင်းများလည်း ရှိကောင်းရှိလိမ့်မယ်။ ဒီအချက်တွေကို သတိပြုဆင်ခြင်ပြီး လေးတော်ကို မပါ။ညို့ကို တင်ပါ"

ရာမ၏စကားများကို ကြားရသောအခါကျွန်ုပ်သည် တုန်လှုပ်သွားမိသည်။ သူ့သေနင်္ဗျူဟာ၏ နက်နဲခြင်း၌လည်း ကျွန်ုပ်အံ့သြထိတ်လန့်သွားသည်။ ကျွန်ုပ်၏အမှားများတဲ့ . . . ။

"ဒီတော့ ညီလေး၊ ဒီလေးတော်ဟာ သာမန်အားဖြင့်ဆိုရင် ညီလေးသာမက အကို ကိုယ်တိုင် အတူဝင်မ တောင်မှ ကြွလာမှာမဟုတ်ဘူး၊ စိတ်အာရုံတည်ငြိမ်နို့ရှင်းမှု၊ ဝတ္ထုမစွည်းရဲ့ သုညဘဝသဘောတရားမှာ နားလည်သက်ဝင်မှု၊ မှန်ကန်တဲ့ အသက်ရှူထုတ်မှု အမြင်အကြားစတဲ့ အာရုံတွေရဲ့ တည်ငြိမ်ခိုင်ခံ့မှုဆိုတဲ့ နိသယများ တရားသဘောများနဲ့ပသာလျှင် မနိုင်တင်နိုင်မှာ ဖြစ်တယ်။ မှတ်မိတယ်နော် ညီလေး၊ အကိုတို့ ဘိုးဘိုးကြီး ထံမှာ လေ့ကျင့်ခဲ့တဲ့ပညာရပ်တွေလေ၊ ဒါတွေကို အခုအကောင်အထည်ပြုပြီးဖော်ထုတ်ဆောင်ကြဉ်းပေတော့ ညီလေး၊ ကဲကဲ သွားပေတော့"

ရာမသည် လက္ခဏအား နှိပ်နယ်ပေးရင်း တတွတ်တွတ်မှာ ကြားနေလေသည်။

ကျွန်ုပ်တစ်ခါမှ မကြားဖူးမသိဖူးသော်လည်း ထိုစကားများ၏ နောက်ကွယ်မှ တရားကိုယ် အဖြစ်၌ သက်ဝင်နေမိသည်။ ထိုအခါ ကျွန်ုပ်သည် ရာမအား အံ့သြစွာ လှမ်းကြည့်လိုက်မိသည်။ ရာမက ကျွန်ုပ်အားပြုံးပြသည။ သို့သော် မည်သို့ပင် ထူးဆန်းနေစေကာမူ ကျွန်ုပ်၏ ခန္ဓာကိုယ်တစ်ဝက်မျှသာရှိတတ်သည့် သူတို့ညီအကို၏ အလုံးအရပ်ကိုကြည့်ရင်း "သင်းတို့ ဆုံးရှုံးရမှာပါပဲ" ဟုတွေးမိနေပေသည်။

သီတာဒေဝီ၏ နေရာမှစစ်သည်များလည်း မရှိကြတော့ချေ။ ထို့ကြောင့် ရာမနှင့်လက္ခဏ ညီအစ်ကိုတို့အား စူးစိုက်ကြည့်နေသည့် သီတာဒေဝီ၏ မျက်လုံးမှ တောက်ပရွှန်းလဲ့မှုကို ကျွန်ုပ်တွေ့လိုက်ရသည်။ လက္ခဏသည် လေးပေါ်သို့ လက်တင်လိုက်သည်။

သူ၏မျက်နှာသည် တစ်စုံတစ်ရာ ပြောင်းလဲခြင်းမရှိချေ။ မျက်စိအစုံကို မှေးမှိတ်ထားသည်။

ကြီးမားလေးလံလှသော လေးကြီးထက်မှ သွယ်ပျောင်းဝင်းဝါသော လက်အစုံကိုကြည့်ရင်း ကျွန်ုပ်ရယ်ချင်လာပြန်သည်။ ရာမသည် သူ့ညီအနီးသို့ကပ်လာပြီး နှုတ်မှလည်း တဖွဖွ
ရေရွတ်နေလေသည်။

"မနောအာရုံနဲ့တည်ငြိမ်သန့်ရှင်း မှု သမာဓိ . . သမာဓိ"

လေးကြီးသည် လက္ခဏ၏လက်တွင်း၌ မြောက်၍ပါလာလေသည်။ လက္ခဏ၏နဖူးပြင် နားထင်စတွင်သော်မှ ချွေးသီးချွေးပေါက်မရှိ။ အဝါရောင်ရှိသော လူ၏လက်မောင်းထက်တွင်အကြောပြိုင်းပြိုင်းထနေခြင်းလည်း မရှိ။ အနည်းငယ်မျှသော သွေးရောင်လွှမ်းသွားသည်။

ဘေးမှရပ်ကြည့်နေမိသော ကျွန်ုပ်မှာ ခွန်အားစိုက်ထုတ်ခြင်းအလုပ်ကို မလုပ်ရဘဲနှင့် မော ဟိုက်ပင်ပန်းလာသည်။

"ဒါ ... ဒါ တကယ်ပဲလား"

"လက္ခဏဟာလေးကို ကြွလာအောင် မ သတဲ့လား"

ကျွန်ုပ်မျက်တောင် မခတ်မိ၊ အသက်လည်းမရှူမိ။လက္ခဏ၏လှုပ်ရှားမှုများကိုသာ ငေးမောကြည့်နေမိသည်။ လက္ခဏသည် လေးကို မြေပြင်၌ထောက်လိုက်ပြီး လေးညို့ကို တင်တော့မည်။ ရာမသည် နီးကပ်စွာတိုးဝင်လာပြီး တဖွဖွသတိပေးနေပြန်သည်။

"မနောအာရုံရဲ့ တည်ငြိမ်သန့်ရှင်းမှု . . တည်ငြိမ်သန့်ရှင်းမှု"

လေးညို့သည် လေးကိုင်းအထက်စွန်းဆီသို့ရောက်လာပြီးလေးညို့ကို ယှင်ငင်ပြီး။ တစ်ရစ် . .

တစ်ရစ်။လက္ခဏသည် ရွှေခြည်ဖောက်ပဝါခန်းဆီးအတွင်းသို့ လှည့်ကြည့်သည်။ အနီးမှ အားပေးနေသော သူ့အစ်ကိုအား မော့ကြည့်သည်။

"ကြည်လင်ငြိမ်သက်တဲ့ မနောအာရုံမှာ ဝင်စားပြီး လေးညို့ကိုဆက်ငင်လေညီလေး၊ လေးညို့ကို ဆက်ပြီးငင်"

လက္ခဏမျက်နှာ ပေါ်၌ထူးဆန်းသော အရိပ်အငွေ့တစ်ခုဖြတ်သန်းသွားလေသည်။ လေးညို့ကိုဆက်၍ရစ်ငင်ခြင်းမပြု။ မြေပြင်ကို စူးစိုက်ကြည့်နေသည်။ ဦးခေါင်းကို ဖြည့်ညင်းစွာရမ်းခါသည်။ ထို့နောက်သူသည် လေးကိုခုံပေါ် သို့ပြန်၍တင်ထားလိုက်လေသည်။

"ဟယ်"

" ဟား ....ဟား ....ဟား"

ပရိသတ်၏ အာမေဋိတ်သံနှင့်အတူ ကျွန်ုပ်ဟားတိုက်ရယ်မောပစ်လိုက်သည်။ လက္ခဏသည် ရှုံးနိမ့်သွားချေပြီတကား။ အဓိပတိကြီး သည်စင်မြင့်ပေါ်မှဆင်းလာပြီး လက်ထဲမှတောင်ဝှေးဖြင့် လက္ခဏကိုရိုက်ရန် အပေါ် သို့မြောက်လိုက်သည်။ လက္ခဏသည် ကြောက်ရွံ့စွာဖြင့် အဓိပတိကြီးရှေ့မှောက်၌ ဒူးထောက်လိုက်သည်။ သူတို့နှစ်ဦးကြားသို့ ရာမကဝင်ရပ်လိုက်သဖြင့် အဓိပတိကြီးသည် တောင်ဝှေးကို ပြန်ချလိုက်ရလေသည်။

"မင်း . . မင်း ငါ့အရှက်ကို ခွဲတယ်လက္ခဏ။ ဝါသိဋ္ဌရဲ့တပည့်တစ်ယောက်အဖြစ် ဆရာသမားရဲ့ဂုဏ်ကို လူပုံအလယ်ကျဆင်းအောင်လုပ်တယ်"

ရာမကလည်း သူ့ညီ၏ဝတ်ရုံစကို ဆွဲကိုင်လျက်လှုပ်ယမ်းရင်း ကြိမ်းမောင်းပြစ်တင် လေတော့သည်။ "တစ်ချိန်လုံးလုံး ငါအနားက တဖွဖွနှိုးဆော်နေပါလျက် မင်းဟာလမ်းခုလတ်မှာ အရှုံးပေးတယ်၊ ဘိုးဘိုးကြီးရဲ့ ကျင့်စဉ်တွေမင်းထံက ပျောက်ကွယ်ကုန်ပြီလားဟင်။ မင်းဟာက ငါ့ကိုလည်း အရှက်ကွဲစေတယ်။ ခမည်းတော် ဒသရဋ္ဌမင်းနဲ့ အယုဒ္ဓယပြည်ရဲ့ ကျက်သရေကိုလည်း ညှိုးနွမ်းစေတယ်၊ မင်း . . မင်း"

အဓိပတိကြီးနှစ် သူ့တပည့်နှစ်ယောက်တို့ အချင်းများနေကြသည်ကိုကြည့်ရင်း ကျွန်ုပ်ပျော်ရွှင်လာသည်။ အရှက်နှင့်မာနကို ထိခိုက်သွားစေသည့်သူတို့ဖြစ်ထွေမှာ ကျွန်ုပ်အဖို့ အလွန်ရယ်စရာကောင်းသော မြင်ကွင်းတစ်ခုပင်။ ပရိတ်သတ်ကောက်ချက်ချသံများကလည်း ဆူညံနေသည်။

"ဒသရဋ္ဌဘုရင်ရဲ့ သားတော်အငယ်ဟာ လေးကို အလွယ်တကူမ နိုင်ခဲ့တာပဲ"

"ညို့ကို အပြီးတိုင်ငင်ဖို့အထိတော့ ခွန်အားမရှိဘူးနဲ့တူတယ်"

"သူမောဟိုက်သွားလို့ဖြစ်မှာပေါ့"

"အောင်မြင်ဖို့ နီးကပ်နေမှပဲကွယ်"

လက္ခဏကား သူ့ဆရာနှင့် သူ့အစ်ကိုတို့ကို ဘာတွေတတွတ်တွတ် တောင်းပန်နေသည်မသိ။ ရာမကို လက်ညှိုးညွှန်ပြီး နှုတ်မှတလှုပ်လှုပ်ရေရွတ်နေသည်။ အဓိပတိကြီးသည် ဦးခေါင်းကိုတဆတ်ဆတ်ညိတ်နေသည်။ သူတို့သုံးယောက်သည် တစ်ယောက်တစ်လှည့်စီ ခေါင်းချင်းဆိုင်တိုင်ပင် နေကြလေသည်။ ပရိတ်သတ်၏အသံများက ဆူညံနေသောကြောင့်

သူတို့စကားများကို ကျွန်ုပ်မကြားရချေ။ ကျွန်ုပ်ကား အားလုံးထက်ပျော်ရွှင်အားရနေမည် ထင်သည်။ လက္ခဏာလေးကို မ မခင်က လူတတ်ကြီးလုပ်ပြီးကျွန်ုပ်၏ အမှားများကို ရေတွက်ဝေဖန်ရင်း သူ့ညီကိုသွန်သင်နေသည့် ရာမမင်းသား၏အဖြစ်ကို တွေးမိပြီး ကျေနပ်နေတော့သည်။

"မနောအာရုံရဲ့ ဘာတဲ့ တည်ငြိမ်သန့်ရှင်းမှုတဲ့ ဟားဟား လက်ရုံးခွန်အားနဲ့ ပြုရမယ့်အရာမှာ မနောအာရုံနဲ့ လှည့်စားမှုပညာတွေကို ထုတ်ဖော်နေတယ်။ အခုတော့ ဘာဖြစ်သေးလဲ။ ဟား ဟား ဟား ဟား"

အားလုံး၏ ဝေဖန်ဆွေးနွေးသံများတွင် ကျွန်ုပ်၏အသံမှာ အကျယ်ဆုံးဖြစ်မည်ထင်သည်။

ဇနသိဒ္ဓိသည် ရှေ့သို့ထွက်လာပြန်လေသည်။

"အဓိပတိကြီး အမိန့်အရ အားလုံးငြိမ်ပါ။ ယခုအယုဒ္ဓယပြည့်ရှင်ဒသရဋ္ဌရဲ့ သားတော်ကြီး ရာမင်းသားက လေးတင်ပွဲကို ဝင်ရောက်ဆင်နွှဲမယ် ဖြစ်ပါတယ်"

ရာမသည် အဓိပတိကို ဦးညွတ်လျက် လေးရှိရာသို့ လျှောက်လာသည်။ လက္ခဏက ကပ်၍လိုက်ပါလာသည်။

"ဘယ်နှယ့်လဲ ဒသရဋ္ဌဘုရင့်သား။ ညီတော်ကြောင့်ကွဲခဲ့ရတဲ့ အရှက်ကို ကြိုးစားကာကွယ်တော့မလား။ နှစ်ခါဆိုရင်တော့ အယုဒ္ဓယဘုရင်ကြီးခမျာလဲ နေရင်းထိုင်ရင်း အရှက်တော်ကွဲရှာရော့မယ်နော"

ထိုစကားများကို ကျွန်ုပ်ပြောလိုက်ရသည်မှာ ခံတွင်းတွေ့လှသည်။ ရာမသည် ကျွန်ုပ်ကို လှမ်းကြည့်လိုက်သည်။ ဘာမှပြန်မပြောချေ။ ရာမ၏လက်မောင်းနှင့် ပခုံးပြင်များကို လက္ခဏက နှိပ်နယ်ပေးနေသည်။ ရာမကမူ မျက်စိကိုမှိတ်ရင်း ငြိမ်သက်စွာ ခံယူနေသည်။

"အင်း စောစောကတော့ အကိုက ညီကိုအားပေး၊ အခုလဲ ညီက အကို့ ကိုအားပေး၊ တစ်ယောက်တစ်လှည့်စီအားပေးကြပြီး ရှုံးနိမ့်ခြင်းကိုလည်း နှစ်ယောက်အတူခွဲဝေယူကြပေါ့။ ဟား . . ဟား .. "

"လင်္ကာဒီပဘုရင်၊ ကျုပ်ဟာ ရှုံးနိမ့်ခဲ့တာမဟုတ်ဘူး၊ လက်လွှတ်လိုက်တာဖြစ်တယ်။ ရည်ရွယ်ပြီး လုပ်လိုက်တာဖြစ်တယ်"

လက္ခဏာသည် ဝါရွှေသောမျက်တောင်များကို တဖျပ်ဖျပ်ခတ်ရင်း ကျွန်ုပ်ကိုလှမ်းပြောသည်။ သူ့လေသံက အနည်းငယ်မာနေသည်။

"ဘယ်လို ဘယ်လို၊ လက်လွှတ်လိုက်တာ ရည်ရွယ်ပြီး လုပ်လိုက်တာ၊ ဟုတ်လား၊ ဟားဟား ဒါဟာ ရှုံးနိမ့်ခြင်းရဲ့ ထွက်ပေါက်လား"

"လင်္ကာဒီပဘုရင် ဟောဟိုက သီတာဒေဝီဟာကျုပ်ရဲ့မရီးတော်သာ ဖြစ်သင့်တယ်၊သီတာဒေဝီရဲ့ လုပမှုဟာ နောင်တော်ရာမရဲ့ ဘုန်းလက်ရုံးနဲ့သာ လျော်ကန်သင့်မြတ်တယ်လို့ ကျုပ်သဘောပေါက်ခဲ့တယ်။ ပြီးတော့ နောင်တော်ရာမရဲ့ အမိန့်ကြောင့်သာ ကျုပ်လေးတင်ပွဲကို ဝင်ခဲ့ခြင်းဖြစ်တယ်။ ကျုပ်ဟာ ငယ်ရွယ်သူဖြစ်တယ်။ နောင်တော်နဲ့ မရီးတော်တို့ရဲ့ အဆုံးအမကို ခံယူပြီး သူတို့ကို လုပ်ကျွေးပြုစုရမယ့် အရွယ်သာဖြစ်တယ်။ ဒါကြောင့် ကျုပ်ဟာနောင်တော်အတွက် လေးညှို့ကို အပြီးတိုင်မငင်ဘဲပြန်ချထားခဲ့ခြင်းဖြစ်တယ်"

"ဩော် ဩော် လိမ္မာယဉ်ကျေးတဲ့ သူငယ်လေးပါလား၊ အင်း . . လက္ခဏ၊ မင်းရဲ့လိမ္မာယဉ်ကျေးမှုအရ လေးကိုပြန်ချထားခဲ့ပေမယ့် မင်းရဲ့နောင်တော်ဟာ ဒီလေးကို မ မနိုင်တဲ့အခါမှာတော့ မင်းဟာမင်းရဲ့နောင်တော်ကို ထိခိုက်နစ်နာစေလိမ့်မယ်။ ဒါကို မတွက်မိဘူးလား လူဝါလေး"

"နောင်တော်ဟာ အဋ္ဌစန္ဒာလေးတော်ရဲ့ကိစ္စအဝဝကို အဆုံးတိုင်ဆောင်ရွက်နိုင်လိမ့်မယ် ဒသဂီရိဘုရင်"

"မနောအာရုံရဲ့ တည်ငြိမ်သန့်ရှင်းမှုနဲ့လား၊ ဟား . . ဟား"

လက္ခဏာသည် ကျွန်ုပ်ကို ဘာမှပြန်မပြောတော့ဘဲ မနီးမဝေးသို့သွား၍ လက်ပိုက်ရပ် နေလိုက်လေသည်။ ရာမက လေးတင်ခုံရှေ့သို့ နေရာယူလိုက်သည်။

"တကယ်လို့များ သူဟာ မနိုင်၊ တင်နိုင်၊ ပစ်နိုင်သွားရင်ဖြင့် သီတာဒေဝီကို သိမ်းပိုက်နိုင်တော့မယ်။ ငါဟာအချစ်ကိုလက်လွှတ်ရတော့မယ်''ဟူသော အတွေးဝင်လာသည်။ သို့သော်'' သူရှုံးနိမ့်မှာပါပဲ'' ဟူသောအတွေးဖြင့်ပယ်ဖျောက်လိုက်သည်။

သီတာဒေဝီသည် မျက်နှာကြက်နဖူးစီးရှိတွဲရရွဲကျနေသော ပုလဲကြိုးများကို ရံရွှေတော် တစ်ယောက်အား ဖွင့်ဟဖယ်ရှားစေလိုက်သည်။ သူ၏မျက်လုံးများသည် လေးတင်ခုံရှိရာ ရာမ၏ မျက်နှာပေါ် သို့ကျရောက်နေသည်။ သီတာ၏မျက်လုံးမျး ရွှန်းလဲ့နေသည်။ ရာမဘက်သို့ကျွန်ုပ်လှည့်လိုက်သည်။ ရာမသည် သီတာဒေဝီ၏မျက်လုံးများကို သူ၏အစိမ်းရောင်မျက်လုံးများဖြင့် လှမ်းကြည့်နေသည်။ တဒင်္ကာလ၏ ထိုဖြစ်ရပ်ငယ်သည် ကျွန်ုပ်၏ ရင်သို့အရှိန်ပြင်းစွာ တိုးဆောင့်လေသည်။ ထိုမျက်လုံးနှစ်စုံတို့ တွေ့ဆုံခြင်း၏ ပြင်ပနယ်နိမိတ်တွင် ကျွန်ုပ်၏ နှလုံးသည်

လှည့်ပတ်ဟစ်ကြွေးနေသည်။ စောစောကအားရရွှင်မြူးနေသည့် ခံစားမှုတို့သည် ကျွန်ုပ်ထံမှ မေးမိုန် လျော့ပါးသွားကြသည်။ ကျွန်ုပ်၏ ခန္ဓာသည် လေးတင်ခုံ၊ ရာမ၊ သီတာဒေဝီ၊ လက္ခဏနှင့် တဲနန်းအတွင်းရှိပရိသတ်များအလယ်တွင် သေးငယ်သွားသည်ဟု ခံစားလိုက်မိသည်။ အုံ့ဆိုင်းနေသော မိုးသားတိမ်လိပ်ညိုတို့ ကျွန်ုပ်ရင်ထဲသို့ ဝင်ရောက်လွှမ်းမိုးသွားသလို ခံစားလိုက်မိသည်။

ရာမသည် မျက်လုံးစိမ်းများကို သီတာဒေဝီထံမှ ခွာ၍လေးပေို့စူးစိုက် ကြည့်လိုက်သည်။ လက်ကို လေးပေါ်သို့တင်လိုက်သည်။ မိုးခြိမ်းသံ သဲ့သဲ့နားထဲ၌ ကြားယောင်နေသည်။ တစ်စထက်တစ်စ ကျယ်လောင်လာသည်။ ကျွန်ုပ်၏ နှလုံးခုန်သံဖြစ်သည်။

သားမွေးယပ်တောင်တစ်ခုကဲ့သို့ လေးသည် ရာမလက်ထဲသို့ မြောက်ပါသွားသည်။ ဆံမြိတ်ဖျားတွင်ရွှေချည်ကို စည်းနှောင်သလို ရာမသည် လေးကို ရစ်ပတ်နေသည်။ လေဟာကျည်တောက်အတွင်းမှ မြားတစ်ချောင်းကို သူ၍ညှို့တွင်တပ်ဆင် ဆွဲငင်လိုက်သည်။

ဤလှုပ်ရှားမှုသည် ဘာမှမကြာလိုက်။

သို့သော် ကျွန်ုပ်အာရုံတွင်ကား မီးတောက်ကြီးများ တစ်ခုပြီးတစ်ခုပေါက်ကွဲနေသည့်အလား၊ သမုဒ္ဒရာအတွင်းမှ လှိုင်းလုံးကြီးများ တစ်လုံးပြီးတစ်လုံး လိမ့်ဆင်းနေသည့်အလား။

ကျွန်ုပ်မျက်စိများကို တင်းကြပ်စွာ မှိတ်လိုက်သည်။

အမှောင်တိုက် . . .။

အမှောင်တိုက်တွင်ဝယ် ခမ္မိကတောင်ခြေရင်းမှ စမ်းချောင်း၊ တသွင်သွင်စီးနေသည့် စမ်းရေအလျင်တွင် ရုပ်ပုံရွှေလွှာတစ်ခုမျောလာသည်။ ရုပ်ပုံရွှေလွှာသည် ကျောက်တုံးတစ်ခုတွင် အတန်ကြာငြိတွယ်နေပြီးနောက် ဆက်လက်မျောပါသွားသည်။တဖြည်းဖြည်း အဝေးဆီသို့ မျောပါသွားသည်။တဖြည်းဖြည်း သေးငယ်သွားသည်။ အစက်ကလေးတစ်စက်အဖြစ် အထိသေးငယ်သွားသည်။ ထို့နောက်ပျောက်ကွယ်သွားသည်။

"မသွားရဘူး၊ မသွားရဘူး"

ကျွန်ုပ်၏နှုတ်ဖျားမှ ကျယ်လောင်သောအသံတစ်သံထွက်သွားသည်။ မျက်လုံးများကို အလန့်တကြားဖွင့်လိုက်မိသည်။ တဲနန်းအတွင်း ရုတ်ရုတ်သဲသဲဖြစ်နေသည်။ ပရိသတ်များရွှေခြည်မောက် ပဝါခန်းဆီးရှိရာ တရွေ့ရွေ့စုပြုံတိုးဝှေ့သွားနေကြသည်။ သူတို့အလယ်တွင် ရာမကို တွေ့နေရသည်။ လက္ခဏသည် ရာမအနီးတွင်ကပ်လျက်ပါသွားသည်။ အဓိပတိကြီးသည် စင်မြင့်ထိုင်ခုံထက်မှ ရွှေခြည်ဖောက်ပဝါခန်းဆီးနေရာသို့ ဆင်းလာသည်။ ဦးရစ်ခေါင်းပေါင်းများ အပေါ်၌ပျံ့ဝဲနေသည်။ အော်ဟစ်သံများဆူညံနေသည်။ ကျွန်ုပ်၏ နှုတ်မှ တစ်စုံတစ်ခုသောအော်ဟစ်သံ ထွက်ပေါ်နေသော်လည်း ပရိသတ်အားလုံး၏ အသံများအောက်၌ နစ်မြုပ်သွားကြသည်။

သီတာဒေဝီ၏ ခန်းဆီးပဝါသည် ပွင့်ဟလျက်နေပြီ။ ပုလဲကြိုးများဘေးနှစ်ဖက်တွင် တွဲခိုနေသည်။ ခန်းဆီးဝရှိပရိသတ်တို့သည် ဘေးသို့ရှဲလိုက်ရာ လမ်းမြောင်းတစ်ခုသဖွယ်ဖြစ်သွားသည်။ ထိုနေရာမှနေ၍ ရာမသည် အထဲသို့တိုးဝင်သွားနေသည်။ သူ့လက်ထဲတွင် လေးကိုကိုင်ဆောင်ထားသည်။တဲနန်း၏ လေးတင်ခုံနေရာတွင် ကျွန်ုပ်တစ်ဦးတည်း ရပ်၍ကျန်ခဲ့သည်။

ကမ္ဘာမြေကြီးသည် တဲ့နန်းအတွင်းဘက်ရှိ ပရိသတ်များ စုရုံးနေသည့်ဟိုမှာဘက်တွင် စောင်းနိမ့်သွားသည်ဟု ကျွန်ုပ်ထင်နေမိသည်။ ဤမှာဘက်တွင် ကျွန်ုပ်တစ်ဦးတည်း။ တဲနန်းဗဟို ဇဏီသားမွေးခင်းထားသည့် စက်ဝိုင်းသဏ္ဌာန်နေရာမှာ ခြင်္သေ့ဦးခေါင်းရုပ်ပုံသည် ပရိသတ်၏နင်းဖြတ်သွားမှုကြောင့် ရုပ်သဏ္ဌာန်ပျက်စီးနေသည်။ လေးတင်ခုံသည် ကျွန်ုပ်၏ရှေ့မှောက်၌ ခြောက်သယောင်းသော ပင်စည်ငုတ်တိုတစ်ခုနှင့် တူနေသည်။ ဗလာနတ္ထိ၊ သုည၊ ကင်းမဲ့ပျောက်ကွယ်ခြင်း။

"ဟေး . . ဟေး . . ဟေး . . "

အော်ဟစ်သံများသည် ကျွန်ုပ်၏နှလုံးကို ရိုက်ပုတ်နှိပ်စက်ကြသည်။လူအုပ်ကို တွန်းတိုက်ဖြတ်ကျော်လျက် စင်မြင့်၏ အမြင့်နေရာဆီသို့ ကျွန်ုပ်ခုန်တက်လိုက်သည်။ အဓိပတိကြီး၏ နေရာထိုင်ခုံ။

"အားလုံးရပ်လိုက်ကြစမ်း၊ တရားမျှတမှုမရှိတဲ့ ဒီလေးတင်ပွဲကို ကျွန်ုပ်ကန့်ကွက်တယ်"

ရုတ်တရက် အသံများအားလုံးတိတ်သွားသည်။ အားလုံး ကျွန်ုပ်ကို မော့ကြည့်နေကြသည်။

"ရာမဟာ ဘုရင်မဟုတ်ဘူး၊ ဘုရင့်သားတော်သာဖြစ်တယ်။ ပြီးတော့သူဟာ ရုပ်ပုံရွှေလွှာအရလာခဲ့သူမဟုတ်ဘူး၊ သူ့မှာ လေးတင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ဖို့အခွင့်မရှိဘူး"

အသံတစ်ခုမှထွက်မလာချေ။ ကျွန်ုပ်က အဓိပတိကြီးဆီသို့လက်ညှိုးထိုးလျက် . .

"ဟောဒီနေရာမှာ ထိုင်တဲ့အခိပတိကြီးဟာ သူရဲ့တပည့်ဖြစ်တဲ့အတွက် ရာမကို ရုပ်ပုံရှေ့လွှာမပါဘဲ ဝင်ရောက်လေးတင်ခွင့် ပြုတာလား"

ပထမဆုံးလှုပ်ရှားသူမှာ လေးတော်ဝန်ဇနသိဒ္ဓိဖြစ်သည်။ သူသည်ခရမ်းရောင်ဝတ်ရုံစ အတွင်းမှ လက်ကိုထုတ်ပြီး ဝှေ့ယမ်းလိုက်သည်။

"ဒသရဋ္ဌဘုရင်ရဲ့ သားတော်ကြီး ရာမမင်းသားဟာ အင်္ဂါသုံးရပ်နဲ့ပြည့်စုံညီညွတ်အောင် စွမ်းဆောင်နိုင်ခဲ့တယ်။ ပြိုင်ပွဲရဲ့စည်းမျဉ်းဟာ ဒါပါပဲ။ ဒီစည်းမျဉ်းနဲ့ကိုက်ညီတဲ့ ရာမမင်းသားဟာအောင်နိုင်သူဖြစ်တယ်"

ဇနသိဒ္ဓိသည် စကားပြောရင်း မိုက်မဲစွာစင်မြင့်ပေါ် သို့တက်လာသည်။ လက်ဟန်ခြေဟန်တပြပြနှင့် ရှင်းလင်းနေသည်။ အနီးသို့ရောက်သောအခါလေးတော်ဝန်သည် ခါးထောက်၍ ကျွန်ုပ်ကို မဲ့ရွဲ့ကြည့်နေသည်။

"ဒီမှာ ဒြာဝိဒိယန်ဘုရင်၊ အာရိယန်လူယဉ်ကျေးတွေရဲ့ ပြိုင်ပွဲစည်းမျဉ်းကို သင်တို့လို တောင်ပိုင်းသား လူရိုင်းတွေဟာ နားမလည်နိုင်ပါဘူး၊ ဒါဟာ လင်္ကာဒီပတောဒေသ မဟုတ် . ... . အား "

ဇနသိဒ္ဓိစကားမဆုံးခင် ကျွန်ုပ်က သူ၏ကျက်သရေမရှိသောမျက်နှာကို ရိုက်ချ လိုက်သည်။ လေးတော်ဝန်သည် စင်မြင့်ပေါ်မှ တလိမ့်ခေါက်ကွေးကျသွားသည်။ နေရာတွင် အစွဲအမြဲရပ်နေကြသော ပရိသတ်တို့သည် ချက်ချင်းဆူညံလှုပ်ရှားလာပြီး လက်နက်များကို ထုတ်ကြလေသည်။ ဓားသံ၊ လှံသံများ တချွင်ချွင်မြည်လာသည်။

"စော်ကားလှတဲ့ အသားနီဘုရင်ကို သတ်ကြဟေ့"

"ဒြာဝိဒိယန် အရိုင်းအစိုင်းကို ခုတ်ကြပါတော့လား"

လှံတံများ ကျွန်ုပ်ဘေးတွင် တစ်ချောင်းပြီးတစ်ချောင်း ဝင်စိုက်သည်။ ဓားမြှောင်တစ်လက် သည် ကျွန်ုပ်သံကိုယ်ကျပ် ဝမ်းပိုက်ပြင်နေရာကို ထိမှန်ပြီး အောက်သို့လွင့်ကျသွားသည်။ လည်မျိုဆီသို့ဝင်လာသည့် ပုဆိန်တစ်လက်ကိုမူ လက်ကိုင်ရိုးနေရာမှ ခုတ်ချလိုက်ရသည်။ အောက်မှနေ၍ လက်နက်များဖြင့်ပစ်သွင်းနေကြသော်လည်းစင်မြင့်ပေါ် သို့ တစ်စုံတစ်ယောက် မှ တက်မလာကြချေ၊

"လာကြဟေ့ အသားဝါတွေ၊ အပေါ်တက်ခဲ့ကြပါတော့လား"

အသားဝါ တစ်ဦးမှတက်မလာ။ သို့သော် အစိမ်းရောင်သင်္ကာန်တစ်ခုကျွန်ုပ်နှင့် မနီးမဝေးတစ်ပြေးတည်းနေရာသို့ ခုန်တက်လာသည်။

"လင်္ကာဒီပဘုရင် လေးတင်ပွဲပြီးဆုံးပါပြီ။ သင်ပြန်ပါ"

ရာမသည် လေးညို့ပေါ်၌မြားကိုတင်ထားပြီး အောက်ချထားသည်။

"ကျုပ်ပြန်မယ်၊ သီတာကိုထည့်လိုက်"

ရာမ၏မျက်လုံးစိမ်းများနှင့် ကျွန်ုပ်၏နီရဲသော မျက်လုံးနှစ်စုံတို့သည် တစ်ခုကိုတစ်ခု ထွင်းဖောက်သွားမတတ် ဆုံနေကြသည်။ ထိုအခိုက် ရွှေခြည်ဖော်ကပဝါခန်းဆီးဆီမှ စူးရှသောအသံတစ်သံပေါ်လာပေသည်။

"အို . . မလိုက်ဘူး၊ မလိုက်ဘူး၊ ဘီလူးလိုကြမ်းတမ်းခက်ထန်တဲ့ လင်္ကာဒီပဘုရင်နဲ့ သီတာ မလိုက်နိုင်ဘူး။ မောင်တော်ရာမ၊ နှမကို ကယ်ပါ"

သီတာဒေဝီသည် ရွှေခြည်ဖောက်ပဝါခန်းဆီးကို ဖယ်ရှားလျက်အခန်းထဲမှထွက်လာပြီး ပုလဲကြိုးများကို ခါယမ်းလျက် အော်လိုက်သည်။

"ဘီလူးလိုကြမ်းတမ်းခက်ထန်တဲ့ လင်္ကာဒီပဘုရင်" ထိုစကားစုသည်ကျွန်ုပ်၏နှလုံးအား အဆိပ်မြားပေါင်းထောင်သောင်းနှင့်ပစ်လိုက်သည့်အလား ကျွန်ုပ်အားပြင်းစွာနာကျင်စေတော့သည်တကား။

"ဘီလူးလိုကြမ်းတမ်းခက်ထန်တဲ့ လင်္ကာဒီပဘုရင်၊ ဘီလူးလိုကြမ်းတမ်းခက်ထန်တဲ့ လင်္ကာဒီပဘုရင်" သီတာသည် ထိုစကားများကို အဆက်မပြတ်အော်ဟစ်နေသည့်အလား . .။

ချစ်သူ၏ မုန်းတီးစပ်ဆုတ်ကြောက်ရွံ့ခြင်း၊ အချစ်ကိုဆုံးရှုံးခြင်း ကျွန်ုပ်သည် ဆောက်တည်ရာမရအောင်ချောက်ချားလျက် စင်မြင့် ပေါ်မှခုန်ဆင်းကာ လက်နက်ကိုယ်စီဖြင့် လူအုပ်ကြီးအတွင်းသို့အတင်းထိုးဖောက်ဝင်ရောက်ခဲ့တော့သည်။ သွေးရူးသွေးတန်းဖြင့် ဝှေ့ယမ်းနေမိသည် ကျွန်ုပ်၏ သံလျက်သည် မည်သည့်အရာကို ထိရှပိုင်းဖြတ်သွားသည် ကိုမသိတော့။ ကျွန်ုပ်၏ကိုယ်ပေါ်၌ မည်သို့သောလက်နက်များ ထိခိုက်ကြသည်ကိုလည်း မသိတော့။ ကျွန်ုပ်အသိပြန်ဝင်လာသောအခါတွင်ကား ကျွန်ုပ်သည် တဲနန်းမုခ်ဝသို့ ရောက်နေလေသည်။ ကမ္ဘာလောကအား နာကြည်းလျက်မုခ်ဝတိုင်ကိုသံလျက်ဖြင့်ပိုင်း ဖြတ်လိုက်ရာ တိုင်သည်ကျိုးပြတ်လျက် မုခ်ဝ၏အမိုးသည် ပြိုကျလာလေသည်။ ပြိုကျလာသော အမိုးငွေပြားများကို သန်လျက်ဖြင့်ဖယ်ရှားရင်း ရထားထက်သို့ခုန်တက်လိုက်သည်။ တဲနန်းအတွင်းမှ ရာမ၏ အသံကိုကြားလိုက်ရသည်။

"လက်ာ်ဒီပဘုရင်၊ သင့်ရဲ့ မောက်မာထောင်လွှားမှုအတွက် အထိမ်းအမှတ်လက်ဆောင်"

ပါးပြင်အနီးမှ စူးရှသော အသံတစ်သံကြားလိုက်ရသည်။

ကျွန်ုပ်၏ညာဘက်ပခုံးတွင် မီးစနှင့်ထိုးလိုက်သကဲ့သို့ ပူလောင်သွားသည်။

မြားတစ်စင်းသည် ရွှေမြားကာတစ်ဖက် မြင်းဖောင်းကျိုးချည်နှောင်ထားသည့်တိုင်ထိပ်ဝတွင် ဝင်စိုက်သည်။ စစ်မြင်းခြောက်ကောင်၏ကျောပြင်ထက်သို့ ကျာပွတ်ဖြင့်ရိုက်ချလိုက်သည်။ စစ်ရထားသည် တဟုန်ထိုး ပြေးထွက်သွားသည်။ တစ်စုံတစ်ယောက်သောရန်သူ(သို့မဟုတ်) ရန်သူအများအပြား နောက်မှလိုက်လာခြင်းခံရသလို ကျွန်ုပ်ရထားကို အပြင်းမောင်းနှင့်ခဲ့သည်။ ခြောက်ချားစွာဖြင့် မြင်းများကို ကျာပွတ်နှင့် တရွှမ်းရွှမ်းရိုက်နေမိသည်။ကျွန်ုပ်၏နောက်မှ ...

ရာမမင်းသားသည်လည်း ကောင်း၊ လက္ခဏသည်သော်လည်းကောင်း၊ အာရိယန်ဘုရင် များသော်လည်းကောင်း ၊ရန်သူ့တပ်များသော်လည်းကောင်း လိုက်လာကြသည်မဟုတ်။ ထိုအရာများသာဆိုလျှင်ကျွန်ုပ် ရထားကို ပြန်၍ဦးလှည့်လိုက်မည်။ ကျွန်ုပ်၏နောက် ထပ်ကြပ် မကွာ လိုက်ပါနေသည်ကား ရန်သူများမဟုတ်၊ ချစ်သူဖြစ်သည်။ ချစ်သူသီတာဒေဝီ။ သူမ၏စူးရှသော အော်ဟစ်သံ . .။

"ဘီလူးလိုကြမ်းတမ်းခက်ထန်တဲ့ လက်ာ်ဒီပဘုရင်၊ ဘီလူးလိုကြမ်းတမ်းခက်ထန်တဲ့ လက်ာ်ဒီပဘုရင်၊ ဘီလူးလိုကြမ်းတမ်းခက်ထန်တဲ့ လက်ာ်ဒီပဘုရင်၊ ဘီလူးလိုကြမ်းတမ်း ခက်ထန်တဲ့ လက်ာ်ဒီပဘုရင်"

---

## အပိုင်း (၅)
## တရိဂမ္ဘီ၏ အကူအညီ

ဆောင်းရွှေဒါးနဲ့ ရန်ကိုပယ်
မော်ကမ်းနယ် ပြင်ကျယ်ရောက်လုနီး
အို . . . ရေညိုခွေပတ်ကာ
မာတာလှ ယဉ်ကျေး
ဂမ္ဘီသူမွေး ညီနှစ်ဖြာ
မော်ပြန်ဖောင်စီး . . .
(နန်းသီဟို . . မော်ပြန်ယိုးဒယား )

ဇက်ကြိုးတို့ဆွဲလိုက်သောကြောင့် ရှေ့ဆုံးမှ စစ်မြင်းနှစ်ကောင်သည် ကျယ်လောက်စွာ ဟီလျက် ပတတ်ရပ်ကြသည်။ သန်းခေါင်ယံဖြစ်သောကြောင့် ဝန်းကျင်ဝဲယာတွင် မည်းမှောင်နေသည်။ သို့သော် ပိန်းပိတ်အောင် မည်းမှောင် သည့် အမှောင်တိုက်မဟုတ်ချေ ။ ကညင်နှင့် အင်ကြင်းပင်များထက်တွင် လရောင်စီးဆင်းနေသည်။စမ်းချောင်း ထဲမှာလည်း ငွေရည်များ သွန်းဖြာနေသည်။

ကျွန်ပ်သည် ရထားပေါ်မှခုန်ဆင်း၍ စမ်းချောင်းဘေးသို့ပြေးလာခဲ့သည်။ ကျောက်တုံး တစ်ခုအနီးဒူးထောက်ပြီးငွေရည်များစီးဆင်းနေသည့် ရေအလျဉ်ကို ငုံ့ကြည့်မိသည်။ ဟိုမှာဘက်ကသောင်စပ်သည် နီလာရောင်တောက်နေသည်။ကောင်းကင်တွင် ဝိုင်းစက်သောလ။

ကြယ်တို့တဖျပ်ဖျပ် ပွင့်ဖူးနေကြပြီ။ နဂါးငွေ့တန်း သည် ကြယ်များကို ပွေ့ဖက်လျက် တွန့်လိမ်နေသည်။ ကြယ်များသည် မိထိလာတဲ့နန်းမှ ပုလဲကြိုးများကို လည်းကောင်း၊ နဂါးငွေ့တန်းသည် ရွှေခြည်ဖောက် ပဝါခန်းဆီးကို လည်းကောင်း သတိရစေလေသည်။ ပြည့်ဖြိုးဝိုင်းစက်နေသော လ ကမူ ကျွန်ုပ်အချစ်သီတာဒေဝီဖြစ်သည်။ သို့သော် တိမ်တိုက် တစ်ခုဖြတ်သန်းကာကွယ်ထားသဖြင့် လသည် မှိုင်းညို့သွားပြီး အမှောင်ရိပ်ဖြစ်ထွန်းသွားသည်။

"သူ့ကိုချစ်တဲ့ လက်ဘ်ဒီပဘုရင်ကို ကြမ်းတမ်းခက်ထန်တဲ့ဘီလူးတဲ့"

မိထိလာလေးတင်ပွဲမှ ရထားကို မောင်းနှင် လာခဲ့ပြီးနောက် လက်ာဒီပနန်းတော်သို့ ကျွန်ုပ်မပြန်ခဲ့ပေ။ နာကျင်နေသည့် နှလုံးသည်းပွတ်ကိုကုစားနိုင်မည်ဟုထင်မိသည့်အတွက်ဓမ္မိကတောင်သေလာခြေရင်းမှ စမ်းချောင်းငယ်အရပ်သို့ ကျွန်ုပ်မောင်းနှင်လာခဲ့ခြင်းဖြစ်သည်။ သို့သော် အေးမြသောလရောင်နှင့် စမ်းရေတို့သည် ကျွန်ုပ်အားမကုစားနိုင်ကြကုန် လွန်ခဲ့သည့် ငါးရက်က ကျွန်ုပ်၏ရင်ကို ပျော်ရွှင်ချမ်းမြေ့စေခဲ့သည့်ဤနေရာလေးသည် ယခုအခါ ဆန့်ကျင် သာ ရလဒ်ကို ပေးနေသည်။ စမ်းရေအလျဉ်ထက်တွင် အရှုံး၏ပြယုဂ်များ တစ်ခုပြီးတစ်ခု ပေါ်လာသည်။ တစ်ခုထက်တစ်ခု ပိုမိုကြီးထွားနေကြသည်။

ဇနသိဒ္ဓိ၏ လှောင်ပြောင်ခြင်း

အဓိပတိ၏ စီရင်ဆုံးဖြတ်ခြင်း၊

အာရိယန်တို့၏ ဝိုင်းဝန်းတိုက်ခိုက်ခြင်း၊

ရာမမင်းသား၏ အနိုင်ယူခြင်း၊

အလုံးကုန်သော ပြယုဂ်များထက် . .

သီတာဒေဝီ၏ မုန်းတီးစက်ဆုပ် . . . . . .

ကျွန်ုပ်သည် ကျောက်တုန်းများပေါ် သို့ကိုယ်ကို ပစ်လှဲချလိုက်သည်။ ကိုယ်စိတ်နှလုံး သုံးပါး၏ နွမ်းနယ်ခြင်းတို့ကစီးနင်းစိုးမိုးသွားကြပြီ။ စူးရှပူနွေးသောအတွေ့ကြောင့် မျက်လုံးကို ဖွင့်လိုက်မိသည်။ နေရောင်သည် အင်ကြင်းရွက်များ အကြားမှ ကျွန်ုပ်၏မျက်နှာပေါ် သို့ ထိုးနေလေသည်။ တစ်ညလုံးနှစ်ခြိုက်စွာအိပ်မောကျခဲ့သည်။မျက်လုံးများ ဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်ပထမဆုံးသတိရလိုက်သည်ကား ရွှေခြည်ဖောက်ခန်းစီးပဝါကာထားသည့် နေရာဖြစ်သည်။

စမ်းရေစီးသံနှင့် ကျေးငှက်တို့ အော်မြည်သံများပျံ့သန်းလာသည်ကို နေရောင်ထဲ တွင်တွေ့နေရပြီ။ မျက်နှာ သစ်ရန်စမ်းရေထဲသို့ ကျွန်ုပ်လက်များ နှစ်လိုက်သည်။ အေးမြသော ရေနှင့် ထိတွေ့ လိုက်ချိန်တွင် ကျွန်ုပ်၏ ယာဘက်လက်ဖနောင့်နေရာ၌ ကျိန်းစပ်သွားသည်။

လက်ဝါးကို ဖြန့်ကြည့်လိုက်သည်။ အဋ္ဌစန္ဒာလေးညိုကို တင်စဉ်က ပေါက်ပြဲခဲ့သောဒဏ်ရာ၊ လက်ဖနောင့်မှ ဒဏ်ရာကိုကြည့်ရင်း လေးတင်ပွဲဖြစ်ရပ်များ အစီအရီဝင်ရောက်လာပြန်သည်။ နှလုံးမချမ်းမြေ့ဘွယ် ဖြစ်ရပ် များကိုဤမျှလောက် အချိန်နှင့်အမျှတွေးတောသတိရ နေမိသဖြင့် ကျွန်ုပ်သည် မိမိကိုယ်မိမိ မုန်းတီးလာမိသည်။ ဒြာဝိဒိယန်သွေးသည် ချက်ချင်းဆူဝေလာပြီး အနီးမှ ကျောက်တုန်းတစ်တုံးကို မယူ၍ စမ်းရေအလျဉ်ထဲသို့ ပေါက်ချလိုက်သည်။ ကျောက်တုံး တစ်တုံးပြီးတစ်တုံး တဝုန်းဝုန်း အသံများ ဆူညံနေတော့သည်။ စမ်းရေအလျဉ် ပျက်စီးသွားသည်။

"ဟော အကိုတော် ဘုရင်မင်းမြတ်ပါလား"

တောစပ်မှ အသံတစ်သံထွက်ပေါ်လာပြီး တရိဂမ္ဘီသည် ကျွန်ုပ်ရှိရာသို့ပြေးလာနေသည်။ ဂမ္ဘီသည် အမဲလိုက်သော ဝတ်စုံကို ဝတ်ဆင်ထားပြီး လက်တွင် ကြိုးတပ်သည့် လုံတံများကို စု၍ကိုင်ထားလေသည်။

"ဒီနေရာက တဝုန်းဝုန်းအသံတွေကြားရလို့ သမင်အုပ်ရေသောက်ဆင်းနေပြီထင်းပြီး နှမတော်လာခဲ့တာ၊ ဒီကျမှ အစ်ကိုတော်ဘုရင်မင်းမြတ်ဖြစ်နေတာကို . . . နေပါဦး . . . မိထိလာလေးတင်ပွဲက ပြန်လာပြီလား . . လက်ာဒီပနန်းတော်ကို မရောက်သေးဘူးလား၊ ဟင် ဟို ဇနကဘုရင်ရဲ့ သမီးတော် သီတာဒေဝီကော"

ကျွန်ုပ်သည် ဂမ္ဘီကို ဘာမှပြန်မပြောဘဲ ငေးငိုင်နေမိသည်။

"အကိုတော် ဘုရင်မင်းမြတ်ရဲ့ အသွင်ဟာ ပြောင်းလဲနေပါလား၊ ချစ်ခြင်းမေတ္တာကို ပိုင်ဆိုင်ထိတွေ့လိုက်ရလို့ စိတ်နှလုံးတွေ နူးညံ့ပျော့ပျောင်းသွားပြီထင်တယ်။ နှမတော် လက်ာဒီပကို ပြန်ရောက်တော့ ဘိဘိသနကပြောတယ်လေ၊ သီတာဒေဝီအတွက် သမင်လှလှတစ်ကောင်ဖမ်းဆီး လက်သပ်မွေးထားဖို့အစ်ကိုတော်က မှာသွားကြောင်း၊ ဒါနဲ့အခု သမင်ဖမ်းထွက်ရပြန်တာ။ ဟိုတစ်ခေါက်တုန်းက သမင်ရိုင်းတွေပဲ ဖမ်းလာခဲ့တာကိုး၊ ဟိုမှာလေ အကိုတော်ကြည့်စမ်းပါဦး . . . ဟိုဘက်ရေတံခွန်အောက်မှာ ရေသောက်ဆင်းနေတုန်းဖမ်းလာခဲ့တာလေ"

ဂမ္ဘီညွှန်ပြသော တောစပ်သို့ကြည့်လိုက်မိရာ မုဆိုးတစ်ဦးက ကြိုးဖြင့်သိုင်းထားသည့် သမင်ငယ်တစ်ကောင်ကို တွေ့ရသည်။ ရွှေရောင်အမွေးဖြင့်ဝင်းအိနေသည်။ ဂမ္ဘီကို ကျွန်ုပ်မည်သို့ပြောရမည် မသိ။

' 'မလှဘူးလားအကိုတော်၊ ရွှေသမင်လေ အကိုတော်ရဲ့၊ သီတာဒေဝီ ဒီကောင်လေးကိုချစ်မှာပါ၊ အစ်ကိုတော်က ဘယ်လိုဖြစ်နေတာလဲ၊ သီတာဒေဝီကကော ဘယ်မှာလဲ၊ လက်ာဒီပနန်းတော်ထဲမှာထားခဲ့ပြီလား၊ ဒါမှမဟုတ် ဒီဓမ္မိကတောင်သေလာရဲ့ . . . "

"တိတ်စမ်း"

အနီးအနားမှ သစ်ရွက်များပင် လှုပ်ခါသွားသည်ထင်သည်။ ဂမ္ဘီသည် တုန်လှုပ်သွားပြီး ကျွန်ုပ်၏မျက်နှာကို ကြည့်ရင်း ဒူးထောက်ချလိုက်သည်။ မုဆိုး၏လက်မှ ရွှေသမင်ငယ်လည်း လန့်ဖျပ်သွားလေသည်။ ကျွန်ုပ်သည် ဂမ္ဘီအနီးမှခွာလျက် ရထားရှိရာသို့လျှောက်လာခဲ့ လေသည်။ ရထားဘီးချွန်များကို လက်ဖြင့် တင်းတင်းဆုပ်ကိုင်ရင်း ရပ်နေမိသည်။ ကျွန်ုပ်၏ ရင်ဘတ်သည် နိမ့်ချည်မြင့်ချည် ဖြစ်နေသေးသည်။ ဂမ္ဘီသည် ကျွန်ုပ်ရပ်နေရာသို့ လျှောက်လာသည်။ ရထားကိုလှည့်ကြည့်နေရင်းနှင့် သူသည်ရွှေမြားကာထိပ်လက်ကိုင်တိုင် လုံးထက်တွင်ရှိသောတစ်စုံတစ်ခုကိုတွေ့သွားလေသည်။ ဂမ္ဘီ၏မျက်လုံးများဝိုင်းစက်သွားသည်။

"ဟင် . . . မြားတစ်ချောင်းစိုက်လို့ပါလား"

ကျွန်ုပ်သည် စူးဝင်နေသောရာမမင်းသား၏ မြားကို နှုတ်လိုက်သည်။ မြားသည် ကျွတ်၍မပါ လာသဖြင့် စူးဝင်နေသည့် ထိုအတိုင်းထားလိုက်ပြီး မြားတံကိုသာချိုးပစ်လိုက်သည်။ လက်တွင်ပါလာသော မြားတံကို ထပ်မံ၍ အပိုင်းပိုင်းချိုးပစ်လိုက်သည်။

"ဒါဟာ အယုဒ္ဓယလို့ခေါ်တဲ့ တိုင်းပြည်က ဒသရဋ္ဌဆိုတဲ့ အသားဝါဘုရင်တစ်ဦးရဲ့ သားရာမမင်းသားဆိုတဲ့ အာရိယန်တစ်ယောက်ရဲ့မြားပဲ၊ သူဟာ ငါရဲ့ရန်သူဖြစ်တယ် ဂမ္ဘီ"

"ဘယ်အာရိယန်မဆို ဒြာဝိဒိယန်ဘုရင် ဒသဂီရိရဲ့ ရန်သူပဲမဟုတ်လား အကိုတော်"

"ဒါထက်လေးနက်ကြီးကျယ်တဲ့ အကြောင်းရှိတယ်ဂမ္ဘီ၊ သူဟာသီတာဒေဝီကို ငါ့ထံက ယူဆောင်သွားခဲ့တယ်"

"အကိုတော်ရဲ့လက်ထဲက သီတာဒေဝီကို ရာမမင်းသားက ယူဆောင်သွားသတဲ့လား"

ဂမ္ဘီ၏အမေးများကို ကျွန်ုပ်အားစိုက်ဖြေရလေသည်။

"အင်း . . ငါ့လက်ထဲကသီတာဒေဝီ၊ ဒီမှာဂမ္ဘီ ဒသဂီရိပိုင်ဆိုင်တဲ့ အရာကို ဘယ်သူက ပြန်ပြီးလုယူနိုင်မှာလဲ၊ အခုသီတာဒေဝီဟာ ငါ့လက်ထဲမှာဟုတ်တယ်လို့လဲဆိုနိုင်တယ်၊ အင်း . . တကယ့်တကယ်တော့ သီတာဒေဝီငါ့လက်ထဲမှာ မရှိပါဘူးလေ၊ သူဟာငါ့ဆီကို လာခဲ့သူမဟုတ်ပေဘူး၊ သူကိုယ်တိုင်က ငါ့ကို ပိုင်ဆိုင်ခွင့်မပေးခဲ့ဘူးလေ၊ ဒါကြောင့် ရာမမင်းသားက သီတာဒေဝီကို ငါ့လက်ထဲက ပြန်ပြီးလုယူသွားတာမဟုတ်ဘူး၊ ဒါပေမယ့်သင်းတို့သာ ဝင်ရောက်မသာခဲ့ရင်"

"အကိုတော် ပြောတာနားမလည်ဘူး၊ လေးတင်ပွဲကကော"

"ကဲ ဂမ္ဘီ အစအဆုံးနားထောင်ပေတော့"

လေးတင်ပွဲတဲနန်းမုဒ်ဝသို့ ကျွန်ုပ်ရထားဆိုက်သည်မှစ၍ စစ်ရထား၏ မြားကာတစ်ဖက်တိုင်ထိပ်ပေါ် သို့ ရာမ၏ မြားဝင်စိုက်သည်အထိ ကျွန်ုပ် အသေးစိတ်ပြောပြလိုက်သည်။ ဂမ္ဘီသည် တက်ကြွစွာ နားထောင်ရင်း ကျွန်ုပ်ဇာတ်လမ်းဆုံးသွားသောအခါ လက်သီးများကို ဆုပ်လျက် အံကိုကြိတ်လိုက်လေသည်။

"ဒါဟာလက်ာဒီပရဲ့ ဘုန်းလက်ရုန်းကို နားမလည်သေးတဲ့ အာရိယန်တွေရဲ့ ဝိုင်းဝန်း စီစဉ်မှုတစ်ခုပဲ အကိုတော်ဘုရင်မင်းမြတ်"

နားထောင်သူ ဂမ္ဘီက တက်ကြွစွာပြင်းထန်နေသော်လည်းပြောဆိုသူ ကျွန်ုပ်မှာကား ပင်ပန်းနွမ်းနယ်နေလေသည်။ အမျက်ဒေါသတို့၏အပေါ်တွင် နာကျင်မှုက ဖြစ်တည်နေသည်။ ဂမ္ဘီအားအစအဆုံးပြောပြပြီးသည်၏အခြားမဲ့၌ ကျွန်ုပ်အဖို့ကမ္ဘာလောက၏ မည်သည့်တစ်စုံတစ်ရာကိုမျှ ပြုလုပ်ရန်မရှိတော့သလို ဗလာဟင်းလင်းပြင်ဖြစ်ခြင်းကို ခံစားနေရသည်။ ထို့ကြောင့် အဓိပ္ပာယ်မဲ့စွာဖြင့် စမ်းချောင်းတစ်လျှောက်ရှိ တောတောင်သစ်ပင်များကို ငေးမောကြည့်နေမိသည်။ ဝဲယာဝန်းကျင်ကို လှည့်လည်ကြည့်ရှုရင်း တောစပ်တွင်ရှိနေသည့် ဂမ္ဘီ၏ရွှေသမင်ကို တွေ့မိပြန်သည်။ သမင်ငယ်သည် မုဆိုး၏ကြိုးများကို လျစ်လျူရှုလျက် စိမ်းလန်းသောမြက်နုများကို စားနေလေသည်။ သမင်ငယ်၏လှုပ်ရှားဟန်မှာ ကျွန်ုပ်ကို လှောင်ပြောင်နေသည်။ ဘိဘိသနကို မှာခဲ့သည့် ကျွန်ုပ်၏စကားများကို သတိရလာသည်။ ယခုတော့ ကျွန်ုပ်၏မှာကြားချက်သည် အချည်းအနှီးဖြစ်ခဲ့ပြီ။ ဖမ်းလာသော သမင်ငယ်သည်လည်း အဓိပ္ပာယ်မဲ့ဖြစ်ခဲ့ပြီ။ ဤသမင်ကို လက်ဆောင်အဖြစ်ပေးအပ်ရမည့် သီတာဒေဝီသည် . . . ။

"သွားပေရော့"

"မလုပ်နဲ့အကိုတော်"

ကျောက်တုံးပေါ်တွင် မှီ၍ထောင်ထားသော ဂမ္ဘီ၏လှံတံတစ်ချောင်းကိုယူ၍ သမင်ငယ်ဆီသို့ကျွန်ုပ်ပစ်လိုက်သည်။ ဂမ္ဘီက ဟစ်အော်လျက် ကျွန်ုပ်လက်ကို တွန်းဖယ်လိုက်သည်။

"ဒါ ဘာလုပ်တာလဲ ဂမ္ဘီ၊ သမင်ရဲ့ အသက်ကိုကယ်ပြီး ငါ့ကို လှောင်ပြောင်မလို့လား ဟင်၊ နင့်ရဲ့ သမင်ကို ငါက ဘာအသုံးချရမှာလဲ"

ဂမ္ဘီသည် ကျွန်ုပ်ရှေ့သို့ ဝင်ရပ်ပြီး ထပ်တူထပ်မျှတင်းမာသော လေသံဖြင့် ကျွန်ုပ်မျက်နှာကို စေ့စေ့ကြည့်ရင်းပြန်ပြောသည်။

"သီတာဒေဝီအတွက် ဖမ်းယူမွေးမြူဖို့ အမိန့်ပေးထားခဲ့တဲ့အတိုင်းနမတော်လုပ်ခဲ့တယ်၊ ဒီသမင်ဟာ ဘုရင်မင်းမြတ်ရဲ့ အမိန့်အတိုင်း အသုံးချခံရမယ်၊ ဒါကလွဲလို့ တခြားဘာမှ မဖြစ်ရဘူး။ လင်္ကာဒီပဘုရင်ရဲ့ စိတ်ညစ်နွမ်းမှုဟာ အခိုက်အတန့်သာဖြစ်ရမယ်။ ဒီအခိုက်အတန့်ပြီးရင် ဘုရင်မင်းမြတ်ရဲ့ ဒြဝိဒ်ယန်သွေးတွေဟာ အရင်အတိုင်း နီရဲလာရမယ်။ ဒီအခါမှာ မူလအမိန့်တော်အတိုင်း အသုံးချဖို့ သမင်ကို အသက်ဆက်ရှင် နေစေရဦးမယ် အကိုတော်ဘုရင်မင်းမြတ်"

ဂမ္ဘီ၏နီရဲသော မျက်လုံးအစုံတို့သည် ကျွန်ုပ်အားလျင်မြန်စွာကူးစက်လာသည်။ ဤသမင်ငယ်နှင့်တကွ အခြားသောအရာများသည်လည်း ဆက်လက်ရှင်သန်နေရဦးမည်ဟု ကျွန်ုပ်တွေးမိလာသည်။

"ကိုင်း . . လင်္ကာဒီပနန်းတော်ကို ပြန်ကြမယ်ဟေ့"

မိထိလာလေးတင်ပွဲအကြောင်းကို နားထောင်ပြီးနောက် ညီတော်ဘိဘိသနသည်

ထိုအကြောင်းကို ဦးခေါင်းထဲမှ လုံးဝမေ့ပျောက်ထုတ်ပယ်ပစ်လိုက်ရန်ကျွန်ုပ်အားအကြံပေးသည်။ "သီတာဒေဝီကိုပါ မေ့ပျောက်ထုတ်ပယ်ပစ်လိုက်ရမယ်လို့ ဆိုလိုတာလား ဘိဘိသန"

"မှန်ပါတယ် နောင်တော်ဘုရင်မင်းမြတ်"

"ဒသဂီရိဟာ ဘယ်အရာကို မဆိုစွမ်းဆောင်နိုင်တယ်၊ သီတာဒေဝီကို ထုတ်ပယ်ပစ်ဖို့ဆိုတဲ့ ကိစ္စတစ်ခုက လွဲရင်ပေါ့"

"အခုအခါမှာ ရာမမင်းသားနဲ့ ကြင်ယာဖြစ်နေမယ့် သီတာဒေဝီကို နောင်တော်ဘုရင်မင်းမြတ်က နှလုံးအိမ်မှာ သိမ်းဆည်းထားဦးမလို့လား"

"ဟုတ်တယ်၊ ချစ်ခြင်းမေတ္တာဆိုတာ သိမ်းဆည်းထားရမယ်၊ ကဲညီတော်ဘိဘိသန၊ အခြားအရာများစွာမှာလိုပဲ ဒီကိစ္စမှာလည်း မင်းနဲ့ငါဟာ သဘောကွဲလွဲဦးမှာပဲ၊ ဒီတော့ ဘုရင်မင်းမြတ်ရဲ့ အမိန့်ကို အိမ်ရှေ့စံက ပန်ဆင်လိုက်စမ်း၊ ဒီကြောင်းကို နောက်ထပ်ဘယ်တော့မှ မဆွေးနွေးနဲ့"

"ကောင်းပါပြီ နောင်တော်၊ အခြားကိစ္စများကိုပဲ ဆွေးနွေးပါရစေ"

"ဘာတွေလဲ ဘိဘိသန"

"ဦးရှီးတော် မာရဇ္ဇအကြောင်း၊ ဂမ္ဘီရဲ့သားနှစ်ယောက်ဖြစ်တဲ့ ဒုသနဲ့ ခရတို့အကြောင်း၊ ပြီးတော့ ဘုရင်မင်းမြတ်ရဲ့ သားတော်မေဃနာဒအကြောင်း"

"များလှချည်လား ညီတော်၊ ငါမိထိလာကို သွားခဲ့တဲ့ကာလအတွင်းမှာ ဒီလောက်များပြားလှတဲ့ အကြောင်းတွေ ပေါ်ပေါက်နေသလား"

"မဟုတ်ပါဘူး၊ နောင်တော်ဘုရင်မင်းမြတ်၊ ဒီအကြောင်းတွေဟာ နောင်တော် သူရာမှာနစ်မြုပ်နေစဉ်ကတည်းက ပေါ်ပေါက်နေတာပါ"

"ဩော် . . . ဩော်၊ ထားလိုက်ပါတော့လေ၊ ကဲ . . တစ်ခုစီပြောပြစမ်း၊ ပထမက ဦးရှီးတော်မာရဇ္ဇ၊ ဟေ့ ဦးရှီးတော်ဆိုတော့ တောတောင်တို့ရဲ့ ရေမြေသဘာဝ သေနင်္ဂဗျူဟာမှာကျွမ်းကျင်တဲ့ ဦးရှီးတော်မဟုတ်လား"

"မှန်ပါတယ်နောင်တော်၊ လင်္ကာဒီပသိမ်းခိုပြည်မှာ ရှိရှိသမျှ တော်အုပ်တောင်တန်း၊ မြစ်ချောင်းအင်းအိုင်တို့ရဲ့ ရေမြေသဘာဝအကြောင်းကို အကုန်အစင်သိနားလည်ကျွမ်းကျင်တဲ့ ဦးရှီးတော်မာရဇ္ဇပါပဲ"

"အေး . . . ငါသူ့ကို မေ့လျော့မိနေတယ် ညီတော်ဘိဘိသန"

"နောင်တော်က စစ်ရထား၊လက်နက်၊ လေးမြားနဲ့ စစ်သေနင်္ဂဗျူဟာတို့ကိုသာ စိတ်ဝင်စားလေတော့ သဘာဝပညာရပ်ရဲ့ ကဝိပါရဂူကို မေ့လျော့နေမှာပေါ့၊ အခုဦးရှီးတော်ဟာ အနှစ် နှစ်ဆယ်လုံးလုံး အရှေ့မြောက်ကတောဒေသမှာ နေထိုင်ရာကနေ ရွှေနန်းတော်ကို ပြန်ရောက်နေပြီ"

"ဟုတ်တယ်ဟေ့၊ ရာဝဏ၊ ငါပြန်ရောက်နေပြီ"

လိုဏ်ခေါင်းသံကဲ့သို့ မြည်ဟည်းသည့် အသံနက်ကြီးတစ်သံ နန်းတော်ခန်းမဆောင် တံခါးဝမှ ပေါ်လာသဖြင့် ကျွန်ုပ်လှည့်ကြည့်လိုက်သည်။ လင်္ကာဒီပတွင်ကိုယ်ခန္ဓာအထွား ကျိုင်းဆုံး အသန်မာဆုံးဖြစ်သော ကျွန်ုပ်ထက်ခေါင်းတစ်လုံးခန့်ပိုမြင့်နေသည့် လူကြီး တစ်ယောက်လျှောက်လာသည်။ သူ၏မုတ်ဆိတ်များမှာ နီညိုဖြူရှည်လျားလှသဖြင့် ခြသေ့်ကြီးတစ်ကောင်၏လည်ဆံမွေးနှင့်တူလှသည်။ သူ၏ရင်အုပ်၊ လက်မောင်းတို့မှာလည်း ကြီးထွားလှဘိသည်။ လေးလံထွားကြိုင်းသော ခန္ဓာကိုယ်ကြီးကို သယ်ပိုးထားသည့် ခြေထောက်များမှာမူ ခြေသံသဲ့သဲ့မျှ မကြားရချေ။ ခန္ဓာကိုယ်ကြီးနှင့် မလိုက်အောင်လည်း ပေါ့ပါးသည့် အသွင်ကို ဆောင်နေသည်။ ထိုလူကြီးသည်ကျွန်ုပ်ရှေ့တွင် ထည်ဝါစွာရပ်လိုက် လေသည်။

"ငါ့ကို မမှတ်မိဘူးလား ရာဝဏ"

အသံနက်ကြီးက မြည်ဟီးလာပြန်သည်။ ကျွန်ုပ်သည် အံ့သြဝမ်းသာစွာဖြင့် ဦးရီးတော်၏ ပခုံးနှစ်ဘက်ကို လက်ဖြင့် ဆုပ်ကိုင်ခါယမ်းလိုက်မိလေသည်။

"ဦးရီးတော်က ခြသေ့်ကြီးအတိုင်းပါပဲလား"

"ဟား . . .ဟား . . .ဟား . . .ဟား . . ."

ဦးရီးတော်သည် လိဏ်ခေါင်းသံကြီးနှင့် ရယ်မောရင်း ကျွန်ုပ်၏ လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်၍ဆွဲခါသည်။ ထူးဆန်းလှသည် တကား။ ဦးရီးတော်၏ယာလက်ဖြင့် ကိုင်ထားသည့် ကျွန်ုပ်၏ဘယ်လက်မောင်းတွင် ကျားလျှာကဲ့သို့ ကြမ်းတမ်းစူးရှသော အတွေ့ကို ရရှိပြီး ဦးရီးတော်၏ဘယ်လက်ဖြင့်ကိုင်ထားသောကျွန်ုပ်၏ယာလက်မောင်း တွင်မူ သားမွေးစဖြင့် ပွတ်သပ်သကဲ့သို့ နူးညံ့သော အတွေ့ကို ရရှိနေသည်။

"ဒါက ဘယ်လို . . .ဦးရီးတော်"

ကျွန်ုပ်သည် သူ၏လက်များကို ဆွဲဖယ်၍ လက်ဖဝါးများကို ဆွဲယူလှန်ကြည့်လိုက်မိသည်။ ဘိဘိသနကို လှမ်းကြည့်လိုက်သောအခါ ညီတော်သည် အားရကျေနပ်စွာ ပြုံးနေလေသည်။

"ဒါက မင်းမြင်တဲ့အတိုင်းပဲလေ ရာဝဏ၊ ငါ့ရဲ့ညာလက်ဖဝါးဟာ ကျားလျှာထက်ကြမ်းတယ်။ ဘယ်လက်ဖဝါးဟာ ပန်းပွင့်ထက်နူးညံ့တယ်။ ဒီလက်ဖဝါးတွေ ဒီလိုဖြစ်အောင် ငါဖန်တီးပြုလုပ်ထားတယ်လေ"

"နားမလည်ပါလားဦးရီးတော်"

"ရာဝဏ မင်းညံ့ရန်ကော။ လက်ာဒီပတောအုပ်ထဲက ပြောင်၊ စိုင်၊ ဆတ် စတဲ့ အကောင်ကြီးတွေကို ငါ့ညာဘက်လက်နဲ့ ရိုက်ပုတ်သတ်ဖြတ်တယ်။ ခွန်အားအများကြီးစိုက်ထုတ်စရာမလိုဘူးလေ။ အေး . . . . . ဥဒေါင်းငှက်၊ ရွှေငါး၊ စာမရီ စတဲ့ သတ္တဝါတွေကိုတော့ ဘယ်လက်နဲ့ ဖမ်းဆီးခဲ့တယ်။ ဒီမှာလည်း ခွန်အားကို ချုပ်တည်းလျှော့ပေါ့စရာ မလိုတော့ဘူးပေါ့"

ကျွန်ုပ်သည် ဦးရီတော်၏ ဆန့်ကျင်သော လက်ဖဝါးများကို ကြည့်ရင်း အံ့သြမဆုံး ဖြစ်နေမိသည်။ လူတစ်ဦးတည်းက ပန်းပွင့်နှင့် ဆူးကို ပိုင်ဆိုင်ထားခြင်း။

"ငါဟာ လက်ာဒီပ တောတောင်တွေထဲမှာ အနှစ်နှစ်ဆယ်လုံးလုံးနေထိုင်ရင်းဒီအတတ်ပညာတွေကို ပွားများနေခဲ့တာပေါ့ ရာဝဏ၊ ဥပမာ ဆီးနှင်းတောထဲမှာ မီးရဲ့အကူအညီကို မယူဘဲ ပူနွေးအောင်နေနိုင်တဲ့ အတတ်၊ မီးလျှံထဲမှာ ရေရဲ့ အကူအညီကို မယူဘဲ အေးချမ်းအောင်နေနိုင်တဲ့ အတတ်၊ သစ်ကိုင်းများထက်မှာ မြွေလိုရစ်ပတ်လျှောက်သွားနိုင်သလို ဆူးပင်များအပေါ်မှာ ဆင်လိုနင်းဖြတ်လျှောက်သွားနိုင်တဲ့အတတ်၊ ပြီးတော့ ကြိုးကြာ ငှက်ကအစ ခြသေ့်အဆုံး အကောင်အမျိုးမျိုးရဲ့ မြင့်မြတ်ချိုမြတဲ့အသံ၊ ဆက်ထန်မြည်ဟိန်းတဲ့ အသံတွေကို တစ်ခုတည်းသော နှုတ်ပါးစပ်က အော်မြည်တဲ့အတတ်၊ ဒါတွေကို ငါက ပဋိပက္ခသေနင်္ဗျူဟာ အမည်ပေးထားတယ်လေ"

"ပဋိပက္ခ သေနင်္ဗျူဟာ"

"အေး ဟုတ်တယ်၊ ဆန့်ကျင်မှုတွေကို ကျွမ်းကျင်နိုင်နင်းတဲ့ ပညာ"

"မုဆိုးတကာ ရဲ့ အဓိပတိပါပဲလား ဦးရီးတော်ရယ်၊ ကျုပ်ကျေနပ်အားပါဘိတော့၊ ဒါနဲ့ဦးရီးတော်က လက်ာဒီပနန်းတော်ကို ဘာကြောင့် ပြန်မလာတာလဲ၊ မင်းစည်းစိမ်ရဲ့ တောက်ပြောင်မှုတွေကြားမှာ မနေချင်ဘူးလို့ ဦးရီးတော်အကြောင်းကို မယ်တော်ဆီက ကြားဖူးပါတယ်"

"ရာဝဏ၊ မင်းရဲ့နန်းတော်မှာနေဖို့ ငါလာတာမဟုတ်ဘူး၊ နေလည်း မနေချင်ဘူး၊ ဒါပေမယ့် အကြောင်းကိစ္စတစ်ရပ်ကြောင့်ငါလာခဲ့တာပဲ"

"ဘယ်လိုများပါလိမ့်ဦးရီးတော်"

ကျွန်ုပ်၏ထိုင်ခုံဘေးရှိ ရွှေသေတကောင်းကို ညာလက်ဖြင့်ရိုက်ချလိုက်ရာ ရွှေချထားသည့် သတ္တုရွှေတကောင်းသည် လည်ပင်းကျိုးပြတ်သွားလေသည်။ ထို့နောက် အနီးရှိပန်းအိုးထဲရှိ အနက်ရောင် နှင်းဆီဖူးတစ်ခုကို ထုတ်လိုက်ပြီးဘယ်လက်ဖြင့် ပွတ်သပ်၍ ငုံနေသည့် ပွင့်ချပ်များကို လက်ချောင်းများဖြင့် ဆွဲချလိုက်ရာ အခြားသော ပွင့်အာပြီးနှင်းဆီများအတိုင်း ဖြစ်သွားလေသည်။ ထို့နောက် အံ့အားသင့်နေဓာ ကျွန်ုပ်ကို စိမ်းစိမ်းကြီးကြည့်ပြီး ဖြည့်ညင်းစွာပြောလေသည်။

"မင်းကို သင်ကြားပေးမလို့ပဲ ရာဝဏ"

သူ့အသံမှာ စောစောက ခြသေ့်ဟိန်းသံဖြစ်သည်။ လိဏ်သံဖြစ်သည်။ ယခုမူ နံနက် မိုးသောက်၍ လေပြည်ကဲ့သို့ အဆမတန် နူးညံ့သွားသည့် ဦးရီးတော်သည် အသံကိုပင် သေနင်္ဗျူဟာဖြင့် ထိန်းချုပ်နိုင်ပေသည်။

"လက်ာဒီပဟာ တောတောင်မြစ်ချောင်း ထူထပ်တဲ့ ဒေသဖြစ်တယ်။ ဒီဒေသရဲ့ ဘုရင်မင်းမြတ်ဖြစ်တဲ့ မင်းဟာလဲ တောတောင်ချောင်းမြောင်းရဲ့ ဥပဒေသနဲ့ ဓမ္မတို့ကို ကျွမ်းကျင်တတ်မြောက်ထားသင့်တယ်။ အနှစ်နှစ်ဆယ်ငါဆည်းပူးတတ်မြောက်ထားခဲ့တဲ့ သေနင်္ဗျူဟာကို အခုမင်းကို သင်ကြားပေးဖို့ငါလာခဲ့တယ်"

ကျွန်ပ် ဘိဘိသနဘက်သို့ လှမ်းကြည့်လိုက်သည်။ ဘိဘိသန ကျွန်ပ်စိတ်သဘောမှ စကားလုံးများကို နားလည်ဟန်ဖြင့်ကြည့်နေသည်။ သူမျက်လုံးများမှ စကားလုံးများကိုလည်း ကျွန်ပ်နားလည်မိသည်။ ယင်းသို့ဘိဘိသနအားတိုင်ပင်လိုက်ပြီးနောက် ဦးရီးတော်အား အဖြေပေးလိုက်သည်။

ဦးရီးတော်ထံမှ ကျားဟိန်းသံကဲ့သို့သော ရေရွတ်သံထွက်ပေါ်လာသည်။

"ဒါပေမယ့် ကျုပ်ကိုယ်တိုင် မလေ့လာမဆည်းပူးနိုင် သေးပေမဲ့ တူတော်မောင်များကို ဦးရီးတော်အားအပ်နှံပါရစေ။ သူတို့ကို သင်ကြားပေးပါ"

"ဘယ်က တူတော်မောင်တွေလဲ"

ကျွန်ပ်ရယ်လိုက်သည်။

"ဩော် . . ဟုတ်ပေသားပဲ။ သူတို့ကို ဦးရီးတော် မမြင်ဖူးဘူး ၊ ဂမ္ဘီရဲ့သားနှစ်ယောက်လေ။ ဒုသနဲ့ ခရတဲ့၊ ညီတော်ဘိဘိသန သူတို့ကို ခေါ်လိုက်ပါ"

"ဟောဟို နန်းဆောင်တံခါးရဲ့ တစ်ဖက်မှာပဲ ရှိနေကြပါတယ် နောင်တော်"

ဒုသနှင့် ခရတို့သည် တစ်ဖက်ရှိတံခါးကို ဖွင့်၍ ဝင်လာကြသည်။ အသက်ဆယ့်ငါးနှစ်နှင့် ဆယ့်သုံးနှစ်သာရှိကြသေးသည့် တူတော်မောင်များသည် ကျွန်ပ်အားများစွာ ချစ်ခင် ကြလေသည်။ လက်ာဒီပတွင် နူးညံ့ပျော့ပျောင်းစွာ ကျွန်ပ်ဆက်ဆံသည်မှာလည်း ဒုသနှင့် ခရတို့နှစ်ယောက် နှစ်ယောက်တည်းသာဖြစ်သည်။ ကျွန်ပ်အဖို့အမြဲတမ်းဂရုစိုက်အားပေးဖေးကူနေသော နမတော်ဂမ္ဘီ၏သားများ၊ ဤအဖမဲ့တူတော်မောင်များအားလည်း ကျွန်ပ်များစွာချစ်ခင်ကြင်နာမိသည်။ ဒုသနှင့်ခရတို့သည် သူတို့၏သူရဲကောင်းဖြစ်သော ကျွန်ပ်၏ရှေ့တွင် တပ်မှူးကြီးများ၏ အမူအရာကို အတုခိုး၍ ဦးညွတ်လိုက်ကြသည်။

"အမိန့်ရှိပါဘကြီးတော်"

ဒုသက စစ်မိန့်ကို နာခံသည့် လေသံအတိုင်း အတုခိုး၍ပြောလေသည်။

"အဲဒီလိုမပြောရဘူးကွ၊ အမိန့်ရှိပါလက်ာဒီပဘုရင်မင်းမြတ်လို့ပြောရတယ်"

ခရက သူ့အကိုအား လက်ဖြင့်တွန်းလျက်အပြစ်တင်သည်။

"အေး . . ငါမေ့သွားတယ်၊ ကိုင်း . . ပြောကြစို့"

"အမိန့်ရှိပါ၊ လက်ာဒီပဘုရင်မင်းမြတ်"

အသံပြိုင်တူထွက်လာသည်။ ကျွန်ပ်က အားရပါးရရယ်မောရင်း သူတို့အားလက်တစ်ဖက်စီဖြင့် မြောက်ချီလိုက်သည်။ သူတို့ကမူ သူတို့၏မိခင်အတိုင်း မျက်နှာများကိုတင်းမာထား ကြသည်။

"တယ်ဟုတ်တဲ့ လက်ာဒီပသူရဲကောင်းတွေပါလား။ ဟေ့တယ်ပြီးရဲစွမ်းသတ္တိနဲ့ ပြည့်စုံပါလား၊ ဒါပေမယ့်ပိုပြီးပြည့်စုံအောင် မင်းတို့ကို ဘကြီးတော်က တာဝန်ပေးရလိမ့်မယ်၊ ဟော . . ဟိုက ရပ်နေတဲ့ ခြင်္သေ့ကြီးနဲ့တူတဲ့လူကြီးဟာ မင်းတို့ရဲ့ ဘိုးကြီးတော်မာရစ္စတဲ့။ သူ့ထံမှာ မင်းတို့ ထူးဆန်းတဲ့ သေနင်္ဗျူဟာကို သင်ကြားရလိမ့်မယ်။ ဘယ့်နှယ့်လဲ တူတော်မောင်များ"

ဒုသနှင့်ခရတို့ တစ်ဦးကိုတစ်ဦးကြည့်လိုက်ကြသည်။ အပြန်အလှန်ပြောကြသည်။

"ခြင်္သေ့ကြီးနဲ့တူတဲ့ ဘိုးကြီးတော်ဆီမှာတဲ့"

သူတို့နှစ်ယောက်သည် ကျွန်ပ်ထံမှ ခုန်ဆင်းကာ ဦးရီးတော်ဆီသို့ ဟစ်အော်ရင်းပြေးသွားကြလေသည်။ ဦးရီးတော်သည် သူတို့ကို ဘယ်ဘက်လက်တစ်ဖက်တည်းဖြင့် ပွေ့ယူလိုက်ပြီး ပခုံးတစ်ဖက်စီပေါ်သို့တင်လိုက်သည်။ ဦးရီးတော်၏ အမွေးအမျှင်များထူထပ်လှသည့် မျက်နှာကြီးသည် အရောင်များတောက်ပလျက်ရှိလေသည်။

"ဘိုးကြီးတော်၊ ဆင်ကြီးတွေစီးရမလား"

ကလေးများက ဆူညံစွာဟစ်အော်နေကြသည်။ ဦးရီးတော်သည် ဘာမှပြန်မပြောဘဲ သူ၏ပခုံးသားများကို ထူးဆန်းစွာလှုပ်ခါလျက် လမ်းလျှောက်ရင်းပါးစပ်မှ ဆင်အော်သံများထွက်လာလေသည်။ နန်းတော်ပြသာဒ်ဆီသို့လျှောက်သွားပြီး ပြတင်းအနားတွင်ရှိနေသည့် ဒူးရင်းသီးများမှည့်ဝင်းနေသော အကိုင်းကြီးတစ်ကိုင်းကို ညာလက်ဖြင့်တဖြောင်းဖြောင်းမည်အောင်ချိုးယူလိုက်သည်။ ထို့နောက်ထူးဆန်းသော သူ၏လက်ကြီးဖြင့် ဒူးရင်းသီးတို့ကို ဆွဲဖဲ့ကာ အတွင်းမှ အဆန်များကို ယူပြီး ပခုံးပေါ်မှ ကလေးများအား ဆင်နှာမောင်းကဲ့သို့ တွန့်လိမ်၍ ပေးလိုက်လေသည်။ ဒုသနှင့် ခရတို့၏ အော်ဟစ်ကြွေးကြော်သံများကား နန်းဆောင်ထဲ၌ ဆူညံနေတော့သည်။

"ကဲ. . . ရာဝဏ၊ မင်းရဲ့ ခွန်အားတွေကို သေသေချာချာမွေးမြူထားပေတော့၊ ပဋ္ဌပက္ခသေနင်္ဂဗျူဟာကို မင်းသင်ကြားရမယ်။ အခုတော့ မြေးများကို ဦးစွာသင်ကြားပေးရမယ်။ ဒါတွေအတွက် မင်းငါ့ကို အင်္ဂါပြည့်ဝတဲ့တောအုပ်တစ်ခု ခေတ္တပေးထားရမယ်။ လေ့ကျင့်သင်ကြားဖို့ ဒေသအဖြစ်"

"ရှိပါတယ် ဦးရီးတော်၊ အရှေ့ဘက်က မော်ရုံဟောဝန်ကို ယူပါ။ မော်ရုံဟောဝန်ကို ဦးရီးတော်နဲ့ တူတော်မောင်များ ကာလအပိုင်းအခြားမရှိ သိမ်းပိုက်စိုးပိုင်နိုင်ပါတယ်"

"မော်ရုံဟောဝန်အတွက် ဘကြီးတော် ဘုရင်မင်းမြတ် ဘုန်းတန်ခိုး တိုးတက်ပါစေ"

× × × × × × × × × × × × ×

ဆူညံနေသော ဒုသနှင့်ခရ တို့အားထမ်းပိုးလျက် ဦးရီးတော်သည် ဥဒေါင်းတစ်ကောင်၏ ညင်သာသောပုံမျိုးနှင့် နန်းဆောင်အတွင်းမှ ထွက်ခွာသွားလေသည်။ ဦးရီးတော်နှင့် တူတော်မောင်များ နန်းဆောင်ခန်းမအတွင်းမှ ထွက်သွားကြပြီးနောက် ခပ်လှမ်းလှမ်းက ရပ်နေသောညီတော်ဘိဘိသနသည် ကျွန်ုပ်၏ရှေ့မှောက်သို့ လာရပ်လေသည်။ ဘိဘိသန၏ မျက်နှာပြင်ဝယ်ပီတိ၏ အရိပ်အယောင်များဖုံးလွှမ်းနေသည်။

"ဘယ့်နှယ့်လည်း ညီတော်ဘိဘိသန၊ ဦးရီးတော်လဲကျေနပ်အောင် တူတော်မောင်များအတွက် လည်း အကျိုးဖြစ်ထွန်းအောင် စီစဉ်လိုက်တာလေ၊ စောစောက မင်းကိုငါလှမ်းကြည့်လိုက်တုန်းက ဦးရီးတော်ရဲ့ဆန္ဒကို မဆန့်ကျင်ပါနဲ့လို့ မင်းစိတ်က ပြောနေတယ်မဟုတ်လား"

"အေး . . ဒါဖြင့်လည်း နောက်တစ်ခုဆက်ကြတာပေါ့၊ ဘိဘိသနသည် ကျွန်ုပ်ကို ဦးညွှတ်လိုက်ပြီး ဦးရီးတော်တို့ထွက်သွားကြသည့် နန်းဆောင်တံခါးမကြီးသို့ လျှောက်သွား၍ ကတ္တီပါအစိမ်းတင်းတိမ်စကို ဖွင့်လိုက်သည်။ သာတော်မေဃနာဒသည် တောက်ပသော သေနပတိဝတ်စုံကို ဆင်မြန်းလျက်ဝင်လာလေသည်။ ငယ်ရွယ်နုပျိုသောသားတော်သည် ရင့်ကျက်သော သံတမန်တစ်ဦး၏အသွင်ကို ဆောင်ထားသည်။ သားတော်မေဃနာဒနှင့်ကျွန်ုပ်မှာ လင်္ကာဒီပနန်းတော်တစ်ခုတည်းတွင် နေထိုင်သော်လည်း တစ်ဦးနှင့်တစ်ဦးတွေ့ဆုံခဲလှသည်။ သားတော်သည် လင်္ကာဒီပ၏ စစ်သေနာပတိချုပ်အဖြစ် စစ်သည်တော်များ လေ့ကျင့်သင်ကြားရာ ဒေသများတွင်သာ အနေများပေသည်။

မေဃနာဒသည် ကျွန်ုပ်၏ရှေ့မှောက်သို့ ဒူးထောက်လိုက်လေသည်။

"အကြောင်းထူးလား သားတော် မေဃနာဒ"

မေဃနာဒသည် ဝတ်ရုံစကို ဖယ်ရှားလျက် ခါးတွင်ချိတ်ဆွဲထားသော ရွှေရောင်စာလွှာအိတ်တစ်ခုကို ကျွန်ုပ်အားလှမ်း၍ပေးလိုက်လေသည်။ စာလွှာကို ကျွန်ုပ်ဖြန့်၍ဖတ်လိုက်သည်။

"လင်္ကာဒီပ သိန်းခိုပြည့်ရှင် ဘုရင်ဒသဂီရိ၏ ဘုန်းလက်ရုံးအာဏာစက်အောက်တွင် ဝင်ရောက်ခိုလှုံရန်အလိုရှိသည့် ကိသကိန္ဒာပြည့်ရှင် မက္ကဋ္ဋမျိုးနွယ်စုအကြီးအကဲ ဘာလီမင်း၏ ခွင့်ပန်သဝဏ်လွှာ"

ကျွန်ုပ်သည် အနားတွင်ရပ်နေသည့် ညီတော်ဘိဘိသနထံသို့ စာလွှာကိုပေးလိုက်သည်။

"ဖတ်စမ်း ညီတော်ဘိဘိသန"

"မက္ကဋ္ဋမျိုးနွယ်စုဘုရင် ကျွန်ုပ်ဘာလီမင်းသည် အကျင့်ဖောက်ပြန်သည့် မိမိနောင်တော် သုခရိတ်ဘုရင်အား ထီးနန်းမှချ၍ ကိသကိန္ဒာ၏ ရာဇအာဏာကို သိမ်းပိုက်လိုက်ပါသည်။ နောင်တော် သုခရိတ်ဘုရင်သည် ယခုအခါ အိန္ဒူမြောက်ပိုင်းဒေသသို့ထွက်ခွာသွားပြီး အသားဝါမျိုးနွယ်စုများနှင့် ပူးပေါင်းသည်ဟု ကြားသိရပါသည်။ ထို့ကြောင့် ဒြာဝိဒိယန်မျိုးနွယ်စုနှင့် မက္ကဋ္ဋမျိုးနွယ်စုတို့၏လုံခြုံမှုအတွက် ဤမျိုးနွယ်စုနှစ်ခုကို သွေးစည်းရန်လိုအပ်သည်ဟု ဘာလီမင်းက ယူဆပါသည်။ သို့ဖြစ်သည့် အလျောက် လင်္ကာဒီပ ဘုရင်မင်းမြတ်၏ ဘုန်းလက်ရုံးအာဏာစက်အောက်တွင် ခိုလှုံခွင့်ပြုပါရန် ဘာလီမင်းက ဤသဝဏ်လွှာဖြင့် ကြားသိအသနားတော်မြတ် ခံပါသည်"

"ဒီသဝဏ်လွှာက မင်းနဲ့ ဘယ်လိုစပ်ဆက်နေသလဲ သားတော်"

"ဟေမဝန္တာတောအုပ်ရဲ့ လွင်ပြင်စပ်မှာ စစ်သည်တော်များကို စစ်ရေးလေ့ကျင့် သင်ကြားပေးနေခိုက် ဒီသဝဏ်လွှာကို မြင်းသည်တော်တစ်ဦး ယူဆောင်လာပါတယ်။ သဝဏ်လွှာနဲ့ အတူ ကိသကိန္ဒာဘုရင် ဘာလီမင်းကိုယ်တိုင်လည်း သံအမတ်များနဲ့ အတူလိုက်ပါလာပါတယ်၊ ခမည်းတော် ဘုရင်မင်းမြတ်"

"သူတို့ဘယ်မှာလဲ မေဃနာဒ"

"ခမည်းတော် အလိုရှိရင် တွေ့ဆုံနိုင်ရန်အတွက် နန်းဆောင်ရဲ့ ပြင်ပ ခန်းမကြီးထဲမှာ စောင့်ဆိုင်းနေကြပါတယ်"

"အင်း . . . တွေ့ဆုံရမှာပေါ့လေ၊ ဒါပေမယ့် ခဏနေဦး၊ ဟေ့ညီတော် ဘိဘိသန၊ တရိဂမ္ဘီတစ်ယောက်ကော"

"သားရဲတွင်းထဲမှာ သမင်အုပ်များကို လေ့ကျင့်ပေးနေပါတယ် နောင်တော် ဘုရင်မင်းမြတ်"

"သြော် . . . သြော်၊ ရှိပါစေတော့လေ၊ ကဲ . . မင်းတို့နဲ့ ဆွေးနွေးကြတာပေါ့"

× × × × × × × × × × × × × × × × × × ×

ကျွန်ပ်က ထိုင်ခုံထက်သို့ထိုင်ခိုင်းလိုက်သဖြင့် သားတော်နှင့် ညီတော်တို့လည်း ခုံနိမ့်များအသီးသီး ဝင်ထိုင်လိုက်ကြသည်။ သူတို့နှစ်ယောက်စလုံး၏ ဟန်ပန်မှာ အသက်အရွယ်များနှင့် မမျှအောင် ရင့်ကျက်တည်ငြိမ်နေကြလေသည်။

"ညီတော်ဘိဘိသနက စပြောစမ်း၊ ကိသကိန္ဒာပြည်၊ မက၊မျိုးနွယ်စု ဘာလီမင်း၊သုခရိတ်မင်းတို့ရဲ့ အကြောင်း မင်းသိသမျှပြောစမ်း"

' 'ကိသကိန္ဒာပြည်ဆိုတာ လက်ာဒီပရဲ့ အရှေ့တောင်အရပ်မှာရှိပါတယ်၊နွယ်ပင်နဲ့ကျောက်ဆောင် ကြီးများ များပြားလှပြီး သစ်သီးသစ်ဥ အလွန်ပေါကြွယ်ဝတယ်၊ သာမန်အိန္ဒူမြစ်ဝှမ်းသား တစ်ဦးအဖို့ ကိသကိန္ဒာရဲ့ ရေမြေမဆိုထားနဲ့ တစ်နေရာမှ တစ်နေရာသွားလာရန်မလွယ် ကူသည့်အထိ နွယ်ပင်ကြီးများရှုပ်ထွေးနက်ရှိုင်းလှပါတယ်"

ဘိဘိသနမသိသော အရပ်ဒေသ ဤမြေပြင်ဝယ်ရှိသေးသလောဟု ကျွန်ပ်အံ့ဩမိပေသည်။

သူ့လေသံမှာ ကဝိတစ်ဆူ၏ဟောပြောရွတ်ဆိုမှုနှင့် တူနေသည်။

"အင်း . . .ဟုတ်ပြီ၊ မက၊မျိုးနွယ်စုအကြောင်း . . "

"ညီတော်ကိုယ်တိုင်တော့ မမြင်ဖူးပါ နောင်တော် ဘုရင်မင်းမြတ်၊ သို့သော်ဆည်းပူးလေ့လာချက် များအရတော့ သူတို့မျိုးနွယ်စုများဟာ အခြားလူသားများ မြေပြင်တွင် ကျွမ်းကျင်သလို သူတို့က သစ်ပင်နွယ်ပင်များတွင် ကျွမ်းကျင်ကြပါတယ်၊ သူတို့ရဲ့ ကိုယ်ခန္ဓာခွန်အားဗလဟာ . . . "

"ဒြာဝိဒိယန်နဲ့လည်း မတူဘူး၊ အာရိယန်နဲ့လည်း မတူဘူး ခမည်းတော်"

သားတော် မေဃနာဒက ဘိဘိသနစကားကို ဖြတ်၍ပြောလိုက်သည်။

"ဘာလီမင်းနဲ့ သူရဲ့ သံတမန်အမတ်များကို စတင်တွေ့မြင်လိုက်ရစဉ်က သားတော်ဟာ သူတို့ကို လူသားတွေလို့ မထင်ဘဲ မျောက်ဝံတွေလို့ ထင်ခဲ့မိတယ် ခမည်းတော်ဘုရင်မင်းမြတ်"

ကျွန်ုပ်သည် ထိုတိုင်းပြည်နှင့် ထိုမျိုးနွယ်စုအား စိတ်ဝင်စားလာပြီးနောက် သားတော်ညီတော် တို့နှင့် တိုင်ပင်ဆွေးနွေးခြင်းကို အဆုံးသတ်လိုက်သည်။

"မေဃနာဒ . . အပြင်ဘက် ခန်းမထဲက မင်းရဲ့ဧည့်သည် မျောက်ဝံတွေကို ခေါ်လိုက်စမ်း၊ သူတို့ကို ကြည့်ရှုပြီး တိုက်ရိုက်စကားပြောမယ်"

သားတော်သည် ကျွန်ပ်ကို ဦးညွှတ်ပြီး နန်းတော်ထဲမှ ထွက်ခွာသည်။ ဘိဘိသန တစ်စုံတစ်ရာပြောရန် လှုပ်ရှားလိုက်သော်လည်း ကျွန်ပ်က လက်ကို ကာ၍ပြလိုက်သဖြင့် ပြန်၍ ငြိမ်သွားပေသည်။ ခဏအကြာတွင် သားတော် မေဃနာဒ တံခါးဝ၌ပြန်ပေါ်လာသည်။

"သူတို့ကို အထဲခေါ်လိုက် မေဃနာဒ"

နီညိုရောင်ဝတ်ရုံစများကို လွှမ်းခြုံထားသူများ ဝင်လာကြသည်။ ထူးခြားချက်များကို တွေ့ရသည်။ သူတို့၏မျက်နှာသည် အမွေးအမှင် ထူထပ်လှသည်။ ခန္ဓာကိုယ်များသည် သန်မာထွားကြိုင်း ကြသည်။ ခြေဖဝါး၊ လက်ဖဝါးများသည် ဒြာဝိဒိယန်တို့ထက်ကြီးမားပြီး ခြေထောက်များသည် ရင်အုပ်နှင့် နှိုင်းစာပါက အနည်းငယ်သေးသည်ဟု ကျွန်ပ်ထင်မိသည်။ အထူးခြားဆုံးမှာသူတို့၏ လက်များ ဖြစ်သည်။ လက်နှစ်ဖက်တို့သည် ခန္ဓာကိုယ်အချိုးနှင့် ကြည့်လိုက်ပါက သိသိသာသာ ကြီးရှည်လျားပြီး လက်ချောင်းများသည် ဒူးခေါင်းထက်တွင်တွဲရရွဲကျနေကြသည်။ နန်းဆောင် ကွေ့သို့ကွေ့ချိုး၍လျှောက်လာစဉ်သူတို့၏ခါးဝတ်နောက်ဖက် ခါးဆီးမှ အနီရောင်ကြိုးစများ တွဲလောင်းချထားသည်မှာလည်း အမြီးများနှင့် တူနေပေတော့သည်။ မက၊မျိုးနွယ်စုဝင်တို့သည် ကျွန်ပ်ရှေ့မှောက်တွင် ဒူးထောက်လိုက်ကြသည်။ ကျွန်ပ်မှာမူ မမြင်တွေ့ဖူးသည့် မျိုးနွယ်စုကို မြင်တွေ့ရသည့်အတွက်ပျော်ရွှင်နေမိသည်။ သားတော်မေဃနာဒသည် သူတို့အား ပထမဆုံး တွေ့မြင်ခါစ၌လူသားမဟုတ်ဘဲမျောက်ဝံများဟု ထင်မိကြောင်းပြောသည်မှာ လက်ခံရမည့် မှတ်ချက်ဖြစ်ပေသည်။

ရှေ့ဆုံးမှ မကဋ္ဌသည် ယာလက်ကို ရင်ဘတ်ပေါ် သို့တင်၍ကျွန်ပ်ကို မော့ကြည့်လိုက်သည်။ သူ့မျက်လုံးများသည် သေးငယ်စူးရှလှသည်။

"ကျွန်ုပ်ဟာ ကိသကိန္ဒာပြည့်ရှင် မက္ကမျိုးနွယ်စုတို့ အကြီးအကဲ ဘာလီမင်းဖြစ်ပါတယ် ဒသဂီရိဘုရင်မင်းမြတ်" ဘာလီမင်း၏မျက်လုံးသူငယ်အိမ်သည် ကျဉ်းမြောင်းလှသော်လည်းလျင်မြန်စွာ လှုပ်ရှားနေသည်ဟု ကျွန်ုပ်ထင်သည်။ သူသည် ကြီးမားသော လက်ဖါးကြီးများကို ဖြန့်ရင်းဆက်ပြောလေသည်။

"ကျွန်ုပ်ရဲ့ သဝဏ်လွှာကို စစ်သေနာပတိချုပ်မေဃနာဒဆီကတစ်ဆင့်ဘုရင်မင်းမြတ်ဖတ်ရှုပြီး ဖြစ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"

"အင်း . . .ကျုပ်ဖတ်ပြီးပါပြီ။ သင့်ရဲ့နောင်တော်က သုခရိတ်မင်းတဲ့လား"

"မှန်ပါတယ် ဘုရင်မင်းမြတ်၊ အကျင့်ဖောက်ပြန်တဲ့ ဘုရင်တစ်ပါးပါ၊ တိုင်းပြည်ရဲ့ အေးချမ်းငြိမ်သက်မှုအတွက် ကျွန်ုပ်က နောင်တော်ကို ထီးနန်းချလိုက်ရပါတယ်။ အခုသူဟာ သဝဏ်လွှာမှာပါတဲ့အတိုင်း အိန္ဒိယမြစ်မြောက်ပိုင်းဒေသဆီထွက်သွားပါပြီ ဘုရင်မင်းမြတ်"

"အဲဒီသုခရိတ်မင်းကို စိတ်မဝင်စားဘူး၊ သင်ဒသဂီရိဆီက ဘာလိုချင်သလဲ"

ဘာလီမင်းသည် ဦးခေါင်းကို အောက်သို့စိုက်ချလျက် ပျော့ပျောင်းသောအသံဖြင့် ပြန်ဖြေသည်။

"ဘာလီမင်းနှင့်တကွသော ကိသကိန္ဒာပြည် မက္ကဋမျိုးနွယ်စုတို့ကို လက်အောက်ခံမဟာမိတ် အဖြစ်လက်ခံဖို့နဲ့ ဘုရင်မင်းမြတ်ရဲ့ လင်္ကာဒီပအာဏာစက်နယ်နိမိတ် အတွင်း ဘာလီမင်းရဲ့ ထီးနန်းအုပ်ချုပ်မှုကို အသိအမှတ်ပြုဖို့ဖြစ်ပါတယ်"

"သင်တို့ဟာ သစ်ပင်နွယ်ပင်နဲ့ကျောက်ဆောင်များကို အကျွမ်းဝင်ရင်းနှီးကြတယ်ဆို"

"သစ်ပင်နွယ်ပင်နဲ့ ကျောက်ဆောင်များဟာ ကျွန်ုပ်တို့မျိုးနွယ်စုရဲ့ မွေးရာပါကစားဖော်များ ဖြစ်ပါတယ် ဘုရင်မင်းမြတ်"

'အင်း . . . သေနင်္ဗျူဟာရဲ့ အရေးကြီးတဲ့ အင်္ဂါရပ်တစ်ခုပေပဲ၊ ကဲ ဘာလီမင်းရဲ့ ထီးနန်းအုပ်ချုပ် မှုနဲ့အတူ ကိသကိန္ဒာထီးနန်းကို ကျုပ်ရဲ့လက်အောက်ခံမဟာမိတ်အဖြစ်အသိအမှတ်ပြုလိုက်တယ်၊ သင်တို့လည်း အနားယူကြအုံးပေါ့"

ဘာလီမင်းနှင့် သံတမန်များသည် ကျွန်ုပ်ကို ကောင်းချီးပေးလိုက်ကြပြီး နန်းတော်ထဲမှ ထွက်ခွာသွားကြသည်။ ခါးနောက်တွင် ချိတ်ဆွဲထားသည့်အနီရောင်ကြိုးစများသည် အမြီးများသဖွယ် လှုပ်ယမ်းနေကြလေသည်။

"နောင်တော်ဘုရင်မင်းမြတ်ရဲ့ဆုံးဖြတ်ချက်ဟာ မြန်ဆန်လွန်းလှတယ်"

သူတို့နန်းတော်တွင်းမှ ပျောက်ကွယ်သွားကြပြီးနောက်တွင် ဘိဘိသနက မဝံ့မရဲလေသံဖြင့် ပြောလေသည်။

"ဘာဖြစ်လို့လဲ ဘိဘိသန"

"ဘာလီမင်းပြောတဲ့စကားတွေကို အခုနေအခါမှာ ဘယ်လိုမှ မဆုံးဖြတ်နိုင်သေးပေမယ့် သူရဲ့ သေးငယ်စူးရှတဲ့ မျက်လုံးအိမ်များရဲ့ နောက်ကွယ်မှာ သဘောမျကနိုင်စရာအဓိပ္ပာယ်တွေ ညီတော်တွေ့နေရပါတယ်။ သေးငယ်ပြီးလှုပ်ရှားကစားလွန်းတဲ့ မျက်လုံးသူငယ်အိမ်ရှိသူများဟာ လိမ်ညာတတ်ကြတယ်၊ ပရိယာယ် ဝက်န္တာဉာဏ်များတတ်ကြတယ် နော်တော်ဘုရင်မင်းမြတ်"

"အေး . . သေးငယ်လှုပ်ရှားတဲ့ မျက်လုံးသူငယ်အိမ်တွေကိုတော့ ငါသတိပြုမိသားပဲ ဘိဘိသန၊

သို့သော်မျက်လုံးသူငယ်အိမ်ထက် သူတို့ရဲ့ ရှည်လျားတဲ့ လက်ချောင်းလက်တံများကို ပိုပြီးစိတ်ဝင်စားနေမိတယ်။ ပြီးတော့ လမ်းလျှောက်ပုံကလည်း ရှေ့ကိုကိုယ်ညွှန်နေသလားလို့၊ ငါတော့ ဒီပုံသဏ္ဌာန်တွေကို ကြည့်ရတာ ပျော်ရွှင်နေမိတယ်၊ သားတော်မေဃနာဒ အနေနဲ့ကောဟော့"

"လက်ချောင်းလက်တံ မျက်လုံးသူငယ်အိမ်တွေရဲ့ အဓိပ္ပာယ်ကို သားတော်မနားမလည်ပါဘူး၊

ခမည်းတော်ဘုရင်မင်းမြတ်၊ စိတ်လဲမဝင်စားပါဘူး။ အခုသားတော်လေးမြားစစ်အတတ်ကို သင်ကြား လေ့ကျင့်ပေးစရာရှိနေပါတယ်။ ရဲမက်ရင်ပြင်ကို ပြန်သွားခွင့်ပေးပါ ခမည်းတော်"

"ဟား . . . ဟား . . . ဟား . . . ဟား . . . သားတော် မေဃနာဒပြောတာအကောင်းဆုံးပဲ၊ ကဲ . . ကဲ သွားတော့၊ဘိဘိသနလဲသွားတော့"

သူတို့ထွက်ခွာသွားကြသည်။ ညအမှောင်သည် လင်္ကာဒီပနန်းတော်အတွင်းဝင်ရောက်လာသည်။ သို့သော် နန်းတော်ကျေးကျွန်များက ဝက်ဝံဆီမီးတိုင်များ ထွန်းညှိထားကြသဖြင့် အလင်းရောင်များ ဖြန့်ကြက်လာပြန်သည်။ ကျွန်ုပ်သည် ရေညှိရောင်ဝတ်ရုံပခုံးထက်မှ ဖြုတ်ချလိုက်ပြီး စက်ရာဆောင်ဆီသို့ ပြန်လာခဲ့လေသည်။

နောက်တစ်နေ့တွင် မက္ကဋဘုရင်ဘာလီနှင့် အတူပါလာသည့် စစ်သည်များ၏အစွမ်းပြပွဲကို လင်္ကာဒီပရဲမက်လွင်ပြင်တွင် ကျင်းပသည်။ ညီတော်ဘိဘိသနနှင့် သားတော် မေဃနာဒတို့၏အစီအစဉ်ဖြစ်သည်။ မက္ကဋစစ်သည်များသည် ဓားလုံများတွင် ဒြဝိဒိယန်များလောက် ကျွမ်းကျင်မှုမရှိကြချေ။ သို့သော် အထူးအစီအစဉ်အဖြစ် နောက်ဆုံးပြသသည့် အစွမ်းပြကွက် များကား အံ့မခန်းရှိလှသည်။ မက္ကဋစစ်သည်များသည် ရင်ပြင်၏ဗဟိုတွင် စက်ဝိုင်းသဏ္ဌာန် စုရုံးလိုက်ပြီးနောက် ဘာလီဘုရင်က အချက်ပေးလိုက်သည်နှင့် စက်ဝိုင်း သည် လျင်မြန်စွာ ကျယ်ပြန့်သွားသည်။

ရင်ပြင်၏နယ်နိမိတ်နေရာသို့ရောက်သောအခါ စစ်သည်တို့သည် ထူးဆန်းသောအသံများကို အော်ဟစ်လျက် ဘေးဘက်ရှိ သစ်ပင်ခွကြားများထက်သို့ တက်လိုက်ကြသည်။ ထင်းရှူးပင်၊ အင်ကြင်းပင်၊ ကညင်ပင်၊ ကျွန်းပင် စသည့်မြင့်မား လှသည့် သစ်ပင်များထက်သိုပလျင်မြန်စွာတက်သွားကြသည်။ တစ်ပင်မှ တစ်ပင်သို့သစ်ကိုင်း ဖျားများမှ တွဲခိုလျက်၊ ယိမ်းလွှဲလျက်၊ ခုန်လွှားလျက်၊ ကူးပြောင်းပြေးလွှားကြသည်။ ထိုအခါတွင် သူတို့၏လျင်မြန်မှုမှာ ရင်ပြင်မြေကြီးပေါ်ထက် နှစ်ဆမက လျင်မြန်ဖျက်လတ်သွား ကြောင်း တွေ့ရလေသည်။ ရဲမက်ရင်ပြင်ကွင်းကြီးပတ်ပတ်လည်တွင်ရှိသော သစ်ပင်များထက်တွင် သူတို့သည် ပတ်ချာလှည့်နေကြသည်။ ထူးဆန်းသော ဟစ်ကြွေးသံများဆူညံ နေတော့သည်။ ကွင်းလယ်ဗဟိုတွင်ရှိသည့် ဘာလီဘုရင်သည် တံပိုးကို မှုတ်လိုက်သည်။

တံပိုးသံအဆုံးတွင် သစ်ရွက်လေတိုးသံတစ်သံသံကိုသော်မှ မကြားရတော့။ သစ်ပင်များပေါ်တွင် စစ်သည်များကို လည်းမတွေ့ရတော့။ဘာလီက တံပိုးကို ဒုတိယအကြိမ်ထပ်၍မှုတ်သည်။ ထိုအခါမှ သစ်ကိုင်း၏ တစ်ဖက်တွင် လူလုံးကွယ်ဖျောက်ထားသည့် စစ်သည်များ ပြန်၍ပေါ်လာပြီး ကျယ်လောင်စွာအော်ဟစ်လျက် သူတို့လက်ထဲမှ လုံတံများကို ကွင်းအလယ်သို့ပစ်လိုက်ကြသည်။ လုံတံများသည် ကွင်းဗဟိုတွင်ရပ်နေသည့် ဘာလီဘုရင်၏ ခြေကို ဗဟိုပြုလျက်စက်ဝိုင်းသဏ္ဌာန် လှပစွာစိုက်ဝင်ကြသည်။ လုံများသည် ကြိုးတပ်လုံများဖြစ်သောကြောင့် ကွင်းလယ်ဗဟိုနေရာနှင့် ထိပ်ဖျားများအကြားတွင် ရှည်လျားသော ကြိုးတန်းများ ဖြစ်ပေါ်လာသည်။ ရဲမက်ရင်ပြင်ပေါ်တွင် ရှည်လျားသောကြိုးများ ကွင်းဗဟိုတစ်နေရာတည်း၌ စုရုံးလျက်သွယ်တန်းနေသည် မှာကြီးမားလှသော ပင့်ကူအိမ်ကြီးနှင့် တူနေတော့သည်။ ဘာလီဘုရင်က တတိယတံပိုးသံကို အချက်ပေးလိုက်သည်။စူးရှသောဟစ်ကြွေးသံများနှင့်အတူ သစ်ပင်ထိပ်ဖျားများမှမက္ကဋ္ဌစစ်သည် တို့သည် မိမိတို့ပစ်စိုက်ထားသည့် လုံကြိုးများပေါ်မှ ထိုးဖက်တွယ်ဆင်းလာကြသည်။ သူတို့အားလုံးမြေပြင်သို့ရောက်သောအခါတွင်ကား မူလစက်ဝိုင်းသဏ္ဌာန်ဖြစ်သွားသည်။ ထို့နောက် ဘာလီက ဦးဆောင်လျက် ကျွန်ုပ်ရှိရာဗိုလ်ရှုခံစင်မြင့်အောက်သို့လာကြပြီး ဒူးထောက်ဦးညွှတ်လိုက်ကြသည်။ ပရိတ်သတ်၏ သြဘာသံကား ရဲမက်ရင်ပြင်တွင် ပျံ့လွင့်နေလေသည်။

ကျွန်ုပ်ကား ထိုမျောက်ဝံများအား အံ့အားသင့်ရင်းနှင့် သဘောကျနေမိတော့သည်။ တောတောင်သစ်ပင် ထူထပ်သည့်စစ်မြေပြင်အရပ်များတွင် မက္ကဋ္ဌများကို တပ်ရှေ့ပြေးအဖြစ် အသုံးချရလျှင် အလွန်ခရီးရောက်ပေလိမ့်မည်။ ကျွန်ုပ်သည် ဘာလီဘုရင်နှင့် အဖွဲ့အား ဆုလာဘ်များပေးသနားလိုက်ပြီးနောက် ကိသကိန္ဓာပြည်ကို လက်အောက်ခံမဟာမိတ်အဖြစ် အသိအမှတ်ပြုခြင်းကို ပိုမိုလေးနက်စိမ့်သောငှာ ကျွန်ုပ်၏ရွှေနန်းကြိုးများဖြင့် သွယ်ယှက် သွန်းခတ်ထားသည့် ပခုံးကာစစ်ဝတ်တန်ဆာကို လက်ဆောင်ပေးလိုက်သည်။

"အဲဒီရွှေပခုံးကာကို ယခုလိုထားရင် ရွှေရောင်ဟာ အပြင်ဘက်မှာရှိနေမယ်၊ ဟောဒီလို အတွင်းဘက်ပြန်လှည့်လိုက်မယ်ဆိုရင်တော့ ကတ္တီပါအနီစက အပြင်ဘက်မှာရှိနေလိမ့်မယ်။ ဘာလီဘုရင်ဒါကိုယူထားပေတော့၊ အကယ်၍ ချစ်ကြည်ရေးနဲ့အခြားပျော်ရွှင်ဖွယ် အခမ်းအနားအတွက် လာရောက်စေချင်တယ်ဆိုရင် ရွှေရောင်ကို အပြင်ဘက်မှာထားပြီးပို့လိုက်၊ စစ်မက်နှင့် ပက်သက်တယ်၊ စစ်ကူလိုတယ်ဆိုရင် ကတ္တီပါအနီရောင်စကို အပြင်ဘက်မှာ ထားပြီးပို့လိုက်၊ ကြားရဲ့လား မက္ကဋ္ဌဘုရင်"

ဘာလီဘုရင်သည် ဦးညွှတ်လိုက်ပြီးမှ ကျွန်ုပ်ရှိရာအရပ်သို့ မော့ကြည့်သည်။

"ရွှေရောင်ကို အပြင်ဘက်ထားပြီးပို့ဖို့အခွင့်အရေးများနဲ့သား ကြုံပါစေလို့ မက္ကဋ္ဌမျိုးနွယ်စုက ဆုတောင်းနေကြမှာပါဘုရင်မင်းမြတ်"

ကျွန်ုပ်က ရယ်မောပြီးလက်ပြလိုက်သဖြင့် မက္ကဋ္ဌတို့သည် တည်းခိုရာသို့ပြန်သွားကြလေသည်။ အစွမ်းပြပွဲအခမ်းအနားကို သိမ်းရန်အမိန့်ပေးလိုက်သည်။ သားတော်မေဃနာဒသည် သူ၏စစ်တပ်များကို စုရုံး၍ပြန်လည်ထွက်ခွာရန်စီစဉ်နေသည်။ ရဲမက်ရင်ပြင်၏ အနားယူ ခန်းမသို့ရောက်သောအခါ ဘိဘိသနသည် ကျွန်ုပ်၏အနီးသို့ကပ်လာသည်။

"ဘာပြောချင်လဲဘိဘိသန"

"မက္ကဋ္ဌတွေနဲ့ပတ်သက်ပြီး အခုတော့ ကိစ္စအားလုံးစီစဉ်ပြီးသွားပြီပဲနောင်တော်ဘုရင်မင်းမြတ်၊ သို့သော် ညီတော်တို့ ဆက်လက်လေ့လာစရာများ ရှိနေသေးတယ်လို့ထင်ပါတယ်"

"ဘာတွေများလဲ"

"ဘာလီမင်းရဲ့ အကိုကိုသကိန္နာရဲ့ မူလဘုရင် သုခရိတ်မင်းကို အကျင့်ဖောက်ပြန်လို့ ထီးနန်းက ချလိုက်တယ်ဆိုရင် သူဟာဘယ်လိုအကျင့်ဖောက်ပြန်တာမျိုးလဲ၊ သုခရိတ်ရဲ့ ဘုန်းလက်ရုံးနဲ့ အာဏာစက်ဟာ ကိသကိန္နာမှာ တကယ်ပဲ ကွယ်ပျောက်သွားတာဟုတ်ရဲ့လား စတဲ့အချက်တွေ၊ ပြီးတော့ သုခရိတ်ဟာ အိန္ဒိယမြစ်မြောက်ပိုင်းဒေသကို ထွက်ခွာသွားပြီး အာရိယန်တွေနဲ့ ပူးပေါင်းတယ်ဆိုတာ သူဟာ သူရဲ့ကိသကိန္နာကို အသားဝါတွေရဲ့အကူအညီနဲ့ ပြန်လည်ရယူဖို့ ကြိုးစားမှာပဲ နောင်တော်ဘုရင်မင်းမြတ်"

"ဒီတော့ တို့ဟာ တို့ရဲ့လက်အောက်ခံဘာလီဘုရင်ဘက်ကနေ အကူအညီပေးရမှာပေါ့ညီတော် ဘိဘိသန"

"မှန်ပါတယ် ဒီလိုပဲဖြစ်ရတော့မှာပါပဲ နောင်တော်၊ မကြာခင်မှာပဲ နောင်တော်ရဲ့ ပခုံးတန်ဆာဟာ အနီရောင်စ အပြင်ဘက်မှာထားရှိတဲ့ပုံစံနဲ့ နောင်တော်ဆီ ပြန်ရောက်လာမှာပဲ"

ဤတွင်တချိန်လုံးငြိမ်၍ နားထောင်နေသော ဂမ္ဘီကဝင်ပြောလေသည်။

"ဒါဆိုကောင်းတာပေါ့ဘိဘိသန၊ အဲဒီအချိန်လောက်ဆိုရင်ဦးရီးတော် မာရဇ္ဇနဲ့အတူ မော်ရုံဟေဝန်ရောက်နေတဲ့ သားတော်နှစ်ပါးလဲ သေနင်္ဗျူဟာမှာ ကျွမ်းကျင်ပြီးဖြစ်နေရောပေါ့၊ မဟုတ်လားအစ်ကိုတော်ဘုရင်မင်းမြတ်"

"ဟား . . ဟား . . ဟား . . ဂမ္ဘီလည်း သူ့သားနှစ်ယောက်ကိုပွဲထုတ်ဖို့အခွင့်အခါကိုပဲ စောင့်နေတာကို၊ စိတ်ချပါဂမ္ဘီရယ်၊ နင့်သားနှစ်ယောက်ကို ငါခိုင်းမှာပါ"

ဘိဘိသနကမူ ခန်းမဆောင်ပြတင်းပေါက်သို့ထသွားပြီး ပြတင်းမှပဝါစကို လက်ဖြင့် ပွတ်သပ်လျက် ဖြည်းဖြည်းချင်းပြောလေသည်။

"ညီတော်ရဲ့စိတ်ထဲမှာ တစ်ခုပဲစိုးရိမ်နေတယ်၊ သံသယလဲဝင်နေတယ်၊ ဒီသံသယနဲ့စိုးရိမ်မှုဟာ သေးငယ်လှုပ်ရှားတဲ့ဘာလီမင်းရဲ့မျက်လုံးသူငယ်အိမ်က ဝက်န္တအကောက်ဉာဏ် အရိပ်အငွေ့များကို သတိထားမိခြင်းက ပေါ်ထွက်လာတာပဲ"

"ဒီမက္ကဋ္ဌဘုရင်ရဲ့ မျက်လုံးသူငယ်အိမ်ပေါ်မှာ မင်းတော်တော် စိတ်ဝင်စားနေပါလား ညီတော်ဘိဘိသန၊ ကဲ . . ပြောစမ်းပါဦးလေ"

"အကယ်၍ ဘာလီမင်းဟာ သူ့အစ်ကိုသုခရိတ်မင်းကို မတရားတဲ့နည်းနဲ့ ထီးနန်းကချပြီး ကိသကိန္နာကို အဓမ္မသိမ်းပိုက်ခဲ့တာများဖြစ်နေရင် ညီတော်တို့ဟာ မှားယွင်းတဲ့ လက်အောက်ခံမဟာမိတ်တစ်ခုကို ပြုလိုက်မိတာပဲ"

"ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် အာရိယန်တွေလာတိုက်မယ်ဆိုရင် တို့ဟာစစ်ကူပေးရမှာပဲ မဟုတ်လားညီတော်"

"မှန်ပါတယ်နောင်တော်၊ သို့သော် ဘာလီမင်းဟာ ကိသကိန္နာထီးနန်းကိုမတရားသိမ်းပိုက်ခဲ့တာ မှန်နေရင် သူ့ဘက်က ပါဝင်တိုက်ခိုက်ခြင်းအားဖြင့် ညီတော်တို့ဟာ တရားမျှတမှုရဲ့ ဆန့်ကျင်သူဖြစ်သွားမယ်၊ သုခရိတ်ကို အားပေးတဲ့ အာရိယန်တွေက တရားမျှတမှုရဲ့ ဘက်တော်သားဖြစ်သွားမယ်"

"ဒီတော့ဘာဖြစ်သလဲ"

ကမ္ဘာလောက မှာဒြာဝိဒိယန်တွေဟာ မတရားမှုရဲ့ ပြယုဂ်အဖြစ် ကမ္ပည်းတွင်ရစ်မှာကို . . . "

"တော်စမ်းပါ . . ဘိဘိသန၊ တရားမျှတမှုဆိုတာ ဘုန်းလက်ရုန်းအာဏာကြီးမားခြင်းနဲ့ စစ်ရေးအတတ်ထက်မြက်ခြင်းကို ခေါ်တာပဲ၊ ဘုန်တန်ခိုးရဲ့နောက်ကွယ်မှာ တရားမျှတမှုဆိုတာ အစဉ်တွဲပါနေရတယ်"

"ဟင် . . .ဒါ . . . ဒါဟာ နောင်တော်ဘုရင်မင်းမြတ်ရဲ့ အယူအဆလား ဒါဟာလက်ဘ်ဒီပဘုရင်ရဲ့ ယုံကြည်မှုလား"

"ဟုတ်တယ်လေ ဘိဘိသန၊ တရားမျှတမှုဆိုတာ ဘုန်းလက်ရုန်းကြီးမားခြင်းရဲ့ အမြီးပိုင်းပဲ ဖြစ်တယ်။ ဒါဟာ ငါ့ရဲ့ယုံကြည်သက်ဝင်မှုပဲ၊ ဒါဟာ ဒသဂီရိဘုရင်ရဲ့ သစ္စာတရားပဲ"

"အို . . "

ဘိဘိသန၏ မျက်နှာသည် ညှိုးမှိုင်းသွားလေသည်။ သူ၏ လက်တွင်ချိတ်ဆွဲထားသည့် ရွှေကြိုးထိပ်မှ နီလာကျောက်ကိုလည်း တုန်ယင်သောလက်ဖြင့်ပွတ်သပ်ဆုပ်ခြေနေသည်။ ဘိဘိသန ဘာကြောင့် ဒီလောက် အမူအယာပျက်ရသလဲဆိုသည်ကို ကျွန်ုပ်မတွေးတတ်ချေ။

"နောင်တော်ဘုရင်မင်းမြတ် . . . နောင်တော်ဟာ ဘုန်းလက်ရုံး ဆိုတာကို နောင်တော်ရဲ့ အစွမ်းအထက်မြက်ဆုံး စွမ်းရည်အစိတ်အပိုင်းတစ်ခုမျှသာပဲ သဘောထားလိမ့်မယ်လို့ ညီတော်ထင်ခဲ့တယ်။ အခုအတိုင်းဆိုရင်တော့ နောင်တော်ဘုရင်မင်းမြတ်ဟာ ဘုန်းလက်ရုံး တရားဓမ္မမှာ လုံးလုံးမျှားလျှား ယုံကြည်သက်ဝင်နေပါရောလား၊ ဒါဟာ ဘုရင်မင်းမြတ် တစ်ပါးအတွက် အင်မတန်ကျဉ်းမြောင်းတဲ့ ယုံကြည်သက်ဝင်မှုတစ်ခုပဲ"

"ဘိဘိသန မင်းဘာဖြစ်နေတာလဲ၊ အာရိယန်တွေနဲ့ ရင်ဆိုင်ရတော့မယ့်ကာလမှာ ဘုန်းလက်ရုံး တရားဓမ္မကလွဲလို့ တခြားဘာကိုများတို့က ကိုးကွယ်ရအုံးမှာလဲ"

ဘိဘိသနသည် ဦးခေါင်းကို ခါယမ်းနေသည်။

"တိုင်းပြည်တစ်ပြည်ဟာ သူရဲ့တရားဓမ္မကို ဘုန်းလက်ရုံးနဲ့ တည်ဆောက်မယ်ဆိုရင် ပျက်စီးခန်းကို အုတ်မြစ်ချတာနဲ့အတူတူပဲ . . . အတူတူပဲ"

"မင်းထွက်သွားလိုက်စမ်း ဘိဘိသန၊ ခန်းမဆောင်ထဲက ထွက်သွားလိုက်စမ်း၊ နောက်တစ်ခါ ထပ်ပြောမယ်ဆိုရင် လက်ာဒီပ နန်းတော်ထဲက . . . သိန်းခိုပြည်ရဲ့နယ်နိမိတ်ထဲကပါ ထွက်သွားလို့ငါပြောလိုက်မယ်"

ဘိဘိသနသည် ကျွန်ုပ်အား စိမ်းစိမ်းဝါးဝါးကြည့်လျက် ခန်းမဆောင်ထဲမှ ထွက်သွားလေသည်။ တရိဂမ္ဘီက ကျွန်ုပ်၏လက်များကို ဆုပ်နယ်လျက် နှစ်သိမ့်လာသည်။

"ထုံးစံအတိုင်း ဘိဘိသနဟာ ဘုရင်မင်းမြတ်ကို ချစ်ခင်လေးစားလို့ အစိုးရိမ်ကြီးနေတာပါ။ ထုံးစံအတိုင်း အကိုတော်တို့ဆွေးနွေးပွဲဟာ ဆူဆူညံညံဖြစ်လာပြီး ဘိဘိသနကို အကိုတော်က မောင်းထုတ်၊ ဘိဘိသနက ထွက်သွား၊ ဒီလိုနဲ့ အပြီးသတ်ရတာပေါ့၊ စိတ်အနှောက်အယှက်မဖြစ် ပါနဲ့ အကိုတော်ဘုရင်မင်းမြတ်။ ဘုန်းလက်ရုန်းနဲ့ တရားမျှတမှုဟာခေါင်းနဲ့အမြီးပိုင်းဖြစ်တယ်လို့ နှမတော်ဂမ္ဘီနဲ့တကွ ဒြာဝိဒိယန်အားလုံးက ယုံကြည်သက်ဝင်ကြပါတယ်" ဂမ္ဘီ၏နှစ်သိမ့်မှုကြောင့် ကျွန်ုပ်အတော်အတန်စိတ်ပြေလာသည်။ သို့သော် ကျွန်ုပ်၏ဆုံးဖြတ်ချက် များကို အစဉ်တစိုက် ဆန့်ကျင်ဝေဖန်သည့် ညီတော်ဘိဘိသနကို ကျွန်ုပ်မကျေမနပ် ဖြစ်လာသည်။ လက်ာဒီပအိမ်ရှေ့စံအဖြစ်ကိုပင် သားတော်မေဃနာဒအားမအပ်နှင်းဘဲ သူ့အားပေးခဲ့သည်။ ဤမျှလောက်ကြောက်ရွံ့တွေဝေတတ်သူသည် အိမ်ရှေ့စံနှင့် မတန်တော့ဟု ကျွန်ုပ်ထင်သည် ။ သို့သော်ကြီးမားကျယ်ပြန့်သော လက်ာဒီပနယ်နိမိတ်အတွင်းရှိ ကြီးလေးသောလုပ်ငန်းတာဝန်များကို သားတော်မေဃနာဒသည် နိုင်နိုင်နင်းနင်းစီမံခန့်ခွဲ နိုင်မည်မဟုတ်။ ဤကိစ္စကို စွမ်းဆောင်နိုင်သူမှာ ညီတော်ဘိဘိသနမှတစ်ပါး လက်ာဒီပတွင် အခြားမည်သူမှလည်း မရှိကြချေ။ ကြောက်ရွံ့တွေဝေတတ်ခြင်းမှအပ ဘိဘိသနသည် ဉာဏ်ပညာကြီးမား၍အသိအမြင်ကျယ်ဝန်းသူဖြစ်နေပေသည်။

"ကဲ . . . အစ်ကိုတော်ဘုရင်မင်းမြတ်၊ ထီးနန်းကိစ္စနဲ့ ပင်ပန်းလှပါပြီ။ ဂန္ဓမာလာသားရဲတွင်း မှာလည်း အဆင်သင့်ဖြစ်နေပြီမို့"

"ဟေ . . . နင့်သမင်ခတ်ပွဲလားဂမ္ဘီ၊အေးကောင်းတယ်၊ နင်အခုဘာတွေအသစ်အဆန်း လုပ်ထားသလဲ"

"အသစ်အဆန်းတွေအများကြီးပေါ့ အကိုတော် ဘုရင်မင်းမြတ်၊ သမင်ဖိုအရိုင်း လေးကောင်တို့ တိုက်ခိုက်ကြမယ်၊ ပြီးတော့ သမင်ဖိုအရိုင်းနှစ်ကောင်နဲ့ ကျားသစ်တို့တိုက်ခိုက် ကြမယ်၊ ပြီးတော့ . . . ."

"မပြောနဲ့ဦး၊ ဆက်မပြောနဲ့ဦးဂမ္ဘီ၊ တို့များ အခုပဲဂန္ဓမာလာသားရဲတွင်းဆီသွားကြစို့၊ လာ . . .လာ"

ဤကာလများအတွင်း ကျွန်ုပ်သည် လက်ာဒီပ၏အုပ်ချုပ်ရေးရာများနှင့် မအားမလပ် နိုင်အောင် ရှိနေတော့သည်။ သားတော်မေဃနာဒ၏စစ်တပ်များကို စစ်ဆေးခြင်း၊ လက်အောက်ခံမျိုးနွယ်စုဘုရင်များ၏ နန်းတော်သို့သွားရောက်လည်ပတ်၍ လက်ဆောင်ပဏ္ဏာများရယူခြင်း၊ ညီတော်ဘိဘိသနဦးစီးဆောက်လုပ်နေသည့် နဝမနှင့် ဒသမပဗ္ဗတတောင်ကြားခံတပ်သို့သွား၍ ညီတော်၏ရှင်းလင်းချက်များကို ကြားနာစစ်ဆေးခြင်းစသည့် လုပ်ငန်းများ၌နစ်မြုပ်နေသည်။ လက်အောက်ခံဘုရင်များထံ သွားရောက်လည်ပတ်ရင်းဖြင့် ဦးရီးတော်မာရဇ္ဇနှင့် တူတော်ဒုသနှင့် ခရတို့ရှိရာ မှော်ရုံဟောဝန်သို့ဝင်ရောက်ခဲ့သည်။ ဒုသနှင့်ခရတို့သည် ဦးရီးတော်ထံမှ "ပဋိပက္ခ သေနင်္ဗျူဟာ"ကို သင်ကြားရင်းပျော်ရွှင်ချမ်းမြေ့နေကြပေသည်။ နုနယ်သောသူတို့၏ မျက်နှာများနှင့် မလိုက်အောင်ပင်ကိုယ်ခန္ဓာခွန်အားဗလတို့ကြီးထွားသန်စွမ်းနေကြသည်ကိုလည်း အားရဖွယ်တွေ့ခဲ့ရသည်။ ယခုအခါ သူတို့သည် ဦးရီးတော်၏ဆန့်ကျင်ဘက်ပညာများ ၊တောတောင်ရေမြေတို့၏ လျှို့ဝှက်ချက်များကို အတော်အတန် သင်ကြားတတ်မြောက် နေကြပြီဖြစ်သည်။ လက်နက်ကိုင်စွဲသည့် အတတ်ပညာတွင်မူ ဓားလှံနှင့် ပုဆိန်အတတ် များကိုသာ လေ့ကျင့်ထားကြသဖြင့် "လေးမြားအတတ်"ကို ဆက်လက်သင်ကြားပေးရန်ဦးရီးတော် အား ကျွန်ုပ်မှာကြားခဲ့သည်။ တူတော်မောင်များကမူ လေးမြားအတတ်ကို သင်ကြားရန် စိတ်ပါဝင်စားမှုမရှိလှဘဲ ပဋိပက္ခသေနင်္ဗျူဟာကိုသာ ဆုံးခန်းတိုင် သင်ယူလိုကြောင်း ဦးရီးတော်က ကျွန်ုပ်ကို ပြောသည်။

ထီးနန်းအုပ်ချုပ်ရေး လုပ်ငန်းများမှ အားလပ်သည့် အချိန်များတွင်ကျွန်ုပ်သည် မိမိ ကိုယ်တိုင် စစ်ရေးလေ့ကျင့်မှုများကို ပြုလုပ်ခဲ့သည်။ ယခုအခါ အသုရာဘုရင်ဆက်သခဲ့သော စစ်ရထားသည် စစ်မြင်းခြောက်ကောင်မဟုတ်တော့ချေ။ မူလစစ်မြင်းနက်ခြောက်ကောင်ကို ဖြုတ်၍ ဆီးနှင်းလိုဆွတ်ဆွတ်ဖြူသော စစ်မြင်းဆယ်ကောင်ကို တပ်ဆင်ထားပေသည်။ "ရွှေမြားကာ နိမ့်နေသည်"ဟု ဘိဘိသနက ကျွနုပ်အား အကြံပေးခဲ့ဖူးသည်။ သို့သော် ထို နိမ့်သောမြားကာ ဖြင့်ပင်ကျွန်ုပ်သည် လက်ဘဒီပနိုင်ငံတော်အား တိုက်ခိုက်စုရုံးချဲ့ထွင်နိုင်ခဲ့သည် ဖြစ်၍ ထိုအသေးအဖွဲကိစ္စလည်းထိုအတိုင်းသာထားလိုက်သည်။ ထို့ပြင် မြားကာကို မြင့်လိုက်ခြင်းအားဖြင့် အကျိုးနှစ်ရပ်ဆုတ်ယုတ်သွားမည်ဖြစ်သည်။ ပထမတစ်ရပ်မှာ ရထားထက်မှနေ၍ ကျွန်ုပ်က ရန်သူကိုပစ်ခတ်လိုသောအခါ မြားကာမြင့်နေလျှင်အနှောက်အယှက် ဖြစ်မည်။ ဒုတိယတစ်ရပ်မှာ လက်ဘဒီပဘုရင်ဒသဂီရိသည် ရန်သူ၏ လက်နက်ဘေးမှလုံခြုံသော ငှာ မြင့်သောမြားကာကို အသုံးပြုသည်ဟု အထင်မခံလိုသောကြောင့်ဖြစ်သည်။ ဆီးနှင်းလိုဖြူဖွေးသော စစ်မြင်းဆယ်ကောင်က စစ်ရထားကို မောင်းနှင်သည့်ကျွန်ုပ်အား လက်ဘဒီစာဆိုများနှင့် အနုပညာရှင်များက "တိမ်တိုက်များအကြားမှ ဖောက်ခွဲထွက်ပေါ်လာသည့် ရထားပျံ၏ အရှင်သခင်" ဟု ဖွဲ့နွဲ့သီကုံးကြလေသည်။

တရိဂမ္ဘီ၏ သမင်ခတ်ပွဲများသည် ကျွနုပ်အတွက် အကောင်းဆုံး အနားယူမှုပင်ဖြစ်သည်။

ဂမ္ဘီသည် တစ်ခုထက်တစ်ခု ပိုမိုဆန်းကြယ်သော အစီအစဉ်များကို ဖန်တီးတတ်လေရာစာဆိုများ က သူ့အားသမင်တို့၏သခင်မဟု အဓိပ္ပာယ်ရသည့် "မိဂါဒေဝီ" ဟူသောတေးလင်္ကာများဖြင့် စီကုံးဖွဲ့နွဲ့ကြလေသည်။

ထိုထိုသော အကြောင်းအရာများကြားတွင် လက်ဘဒီပဘုရင်သည် ပျော်ရွှင်ချမ်းမြေ့နေမည် ဆိုပါက ထိုစကားများသည် မှားယွင်းသော စကားဖြစ်ချေမည်။ ကျွန်ုပ်သည်ပျော်ရွှင်ချမ်းမြေ့ မှုရေပြင်၌ ကူးခတ်နေသည်မဟုတ်၊ ပျော်ရွှင်ချမ်းမြေ့မှုရေပြင် ဝယ်ကူးခတ်နေသည်ပင်ဖြစ်စေဦး၊ တစ်စုံတစ်ခုသော လှိုင်းတံပိုး၏ ပုတ်ခတ်မှုကြောင့် ကျွန်ုပ်သည် ထိုရေပြင်မှနေ၍ နှလုံးပူပန်နာကျင်ခြင်းကမ်းပေါ်သို့ အဖန်ဖန်အခါခါ ရောက်ရှိခဲ့ရသည်။နှလုံးပူပန်နာကျင်ခြင်း ကမ်းသို့ ရောက်အောင် ပုတ်ခတ်နိုင်သောလှိုင်းတံပိုး . . . .

သီတာဒေဝီ . . . . .

အချစ်၏ တည်မှီရာဖြစ်ပေသော သီတာဒေဝီ။

ရွှေခြည်ဖောက် ပဝါခန်းဆီးနောက်ကွယ်မှ ကြောက်ရွံ့ထိတ်လန့်နေသော သီတာဒေဝီ၏ လုပသည့် မျက်နှာသည် ကျွန်ုပ်အား အခွင့်သင့်တိုင်း စိုးမိုးချုပ်ချယ်သည်။ "ဘီလူးလို ကြမ်းတမ်းခက်ထန်တဲ့ လက်ဘဒီပဘုရင်"ဟူသောစူးရှသည့်အသံက ကျွန်ုပ်နားတွင်းဝယ် ပဲ့တင်ထပ်နေတတ်သည်။ ပြည့်ဖြိုးဝိုင်းစက်သည့် လမင်းဖြစ်ပေါ်ရာညများဆိုလျှင် ကျွန်ုပ်၏ လက်ဘဒီပနန်းဆောင်စက်ရာ၏ ကတ္တီပါသလွန်တော်ထက်လဲလျောင်းနေရင်းမိထိလာ လေးတော်တင်ပွဲက အပြန်ညတစ်ည၏ဓမ္မိကတောင်သေလာခြေရင်းမှ စမ်းချောင်းကို မြင်ယောင်နေမိသည်။ စမ်းရေအလျဉ်ထက်သို့ ကျောက်တုံးကြီးများကို တစ်တုံးပြီးတစ်တုံး ကိုင်ပေါက်ပစ်ချနေသည့် ကျွန်ုပ်ကိုယ်ကျွန်ုပ်တွေ့နေရသည်။ တဝုန်ဝုန်းအသံများ ကြားယောင်မိသည်။

"ကျုပ်ဟာ မင်းအတွက် ဒီလောက်ပဲ ခက်ထန်ကြမ်းတမ်းနေသတဲ့လား သီတာဒေဝီ၊ ကျုပ်ရဲ့နီရဲတဲ့ မျက်လုံးအစုံရဲ့ အတွင်းဘက်ကို မင်း . . . ခဏလေး စူးစမ်းကြည့်စမ်းပါ၊ ဒီအခါမှာ အချစ်ကို မင်းတွေ့ရမှာပါ"

နှလုံးပူပန်ကြေကွဲသော်လည်း ကျွန်ုပ်သည် ပျော့ညံ့နေသည်ကား မဟုတ်ခဲ့။ သီတာဒေဝီကို မြင်ယောင်မိတိုင်း သူ့အနီးတွင် "အစိမ်းရောင်" ကို ကျွန်ုပ်တွေ့နေရသည်။ ရာမမင်းသားသည် အဋ္ဌစန္ဒာလေးကို ကိုင်းစွဲလျက် ကျွန်ုပ်အား ကြည့်နေသည်။ သင်း၏မျက်နှာပေါ်တွင် လှောင်ပြောင်သော အပြုံးတစ်ခု အမြဲရှိနေသည်။ ထိုအခါ ကျွန်ုပ်၏ရင်အတွင်း၌ ဒေါသနှင့် မုန်းတီးခြင်းတို့ဆူဝေလာကြသည်။

"သင်းဟာ အာရိယန်တစ်ယောက်အနေနဲ့ ငါ့ရဲ့ရန်သူ၊ သီတာဒေဝီနဲ့ ပတ်သတ်တဲ့အတွက် ပို၍ကြီးမားသော ရန်သူ" အသံထွက်၍ ကြုံးဝါးလိုက်သော အခါများတွင် ကျွန်ုပ်၏ နှလုံးပူပန်နာကျင်မှုများသည် ဆူဝေလာသော ဒြာဝိဒိယန်သွေးများ အောက်တွင် တိုးလျှိုးပျောက်ကွယ်သွားရပေသည်။ ယခုအခါတွင် ရာမမင်းသားနှင့် သီတာဒေဝီတို့သည် လက်ထပ်ပြီး အယုဒ္ဓယ၏ နန်းဆောင်တွင် အတူတကွစံစားနေလောက်ပေပြီ။ လက္ခဏမင်းသားမှ အိမ်ရှေ့စံဖြစ်နေလောက်ပေပြီ။ သူတို့မှာ သားတော်သမီးတော်တွေများ ရနေပြီလား။

သို့သော် မည်သို့ပင်ဖြစ်စေကာမူ . . . . .။

ရာမ မင်းသားသည် ကျွန်ုပ်၏ အမုန်းဆုံးရန်သူ။

သီတာဒေဝီသည် ကျွန်ုပ်၏ အချစ်ဆုံးရန်သူ။

ရာမ၏ အသက်ရှန်သန်မှုကို ဖျက်ဆီးခြင်း၊ သီတာဒေဝီ၏ ချစ်ခြင်းမေတ္တာကိုရယူခြင်း တို့သည် ကျွန်ုပ်ဒသဂီရိအတွက် မည်သည့်အခါမှ နောက်ကျဟောင်းနွမ်းမည့်လုပ်ငန်းမဟုတ်၊ ကျွန်ုပ်၏စစ်ရထား ရှေ့မြားကာတစ်ဖက်မှ တိုင်ထိပ်တွင် ရာမမင်းသား ပစ်လွှတ်စိုက်ဝင်ခဲ့သော မြား၏အသွားသည် သံသာဖြစ်ပါက ယခုအခါသံချေးပင်ဖြစ်လောက်ပြီ။ ကျွန်ုပ်သည် ထိုမြားသွားကို ထုတ်ယူခြင်းမပြု။ မိထိလာလေးတင်ပွဲက အပြန်အတိုင်း သည်အတိုင်းရှိစေသည်။ ထိုအရာသည် ကျွန်ုပ်၏ ရင်တွင်း၌ ချစ်ခြင်းမေတ္တာနှင့်ကလဲ့စားချေမှုတာဝန်ကိုအစဉ်မပြတ် နှိုးကပ်စွာ နှိုးဆော်နေရမည်။ နှလုံးသည်းပွတ်အတွင်းဝယ် အချစ်နှင့် အမုန်းတို့ကို ကျွန်ုပ် ဒသဂီရိရဲ့ရင့်စွာပင် သိမ်းဆည်းထားမည်။

ညီတော်ဘိဘိသနသည် နိုင်ငံအုပ်ချုပ်ရေး ကိစ္စများမှလွဲ၍ ယခင်ကလို ကျွန်ုပ်နှင့် ရင်းရင်းနှီးနှီး မဆက်ဆံတော့ချေ။ မက္ကဋ္ဌဘုရင်ဘာလီနှင့် သူ၏စစ်သည်များ အစွမ်းပြပွဲ အချိန်မှစ၍ သူသည် ကျွန်ုပ်ကို ခပ်တန်းတန်းဆက်ဆံနေသည်။ ကျွန်ုပ်အားဆန့်ကျင်ဝေဖန်သော စကားများလည်းမပြောတော့။ စင်စစ်ဘိဘိသနသည် လက်ာဒီပနန်းတော်၌မရှိသည်က များသည်။ သူသည် လက်ာဒီပနိုင်ငံတော်၏နယ်နိမိတ်တောင်တန်းများတွင် လှည့်လည်နေသည်။ ကျွန်ုပ်နှင့် စိတ်သဘောထားချင်း မတိုက်ဆိုင်စေကာမူ ပညာဥာဏ်ကြီးမားသော ကျွန်ုပ်၏ညီတော်အား ကျွန်ုပ်များစွာချစ်ခင်ပေသည်။ ဘိဘိသနအနီးတွင် မရှိသည့်အတွက် ကျွန်ုပ်သူ့ကို ကြိမ်ဖန်များစွာ အောက်မေ့တသမိသည်။

ရာသီဥတုသာယာလှပ၍ ပန်းရနံ့တို့ မွှေးပျံ့သော ယနေ့လိုအခါ မျိုးတွင် ကျွန်ုပ်သည် ဘိဘိသနကို အနားတွင် ရှိနေစေချင်သည်။ သူ၏ ဆည်းပူးလေ့လာမှုများစွာတို့ကို နားထောင် နေလိုမိသည်။ နဝမပဗ္ဗတနှင့် ဒသမပဗ္ဗတတောင်ကြားခံတပ်မှာလည်း ယခုအခါ ပြီးစီး တော့မည်ဖြစ်မည်။ ထိုခံတပ်၏ပုံစံကိုရွှံ့မြေများဖြင့် အတုလုပ်ထားသည့် ပုံစံသည်ကျွန်ုပ်၏ ရှေ့မှောက် ကျောက်သလင်းစားပွဲရှေ့လှပစွာ ရှိနေသည်။ ဘိဘိသန သည် ဤကျောက်သလင်း စားပွဲပေါ်မှ ပုံစံငယ်ကို ပြ၍ကျွန်ုပ်အားကြိမ်ဖန်များစွာ ရှင်းလင်း ပြသခဲ့ဖူးသည်။ ယခု သူအရှေ့မြောက်ဘက်တောင်တန်းများဆီသို့ရောက်နေသည်။ ညီတော်ဘိဘိသနကို ကျွန်ုပ်၏ထံပါး၌ ရှိနေစေချင်သည် ။ ထိုအခိုက် တံခါးစောင့်တပ်မှူးရောက်လာသည်။

"ဘာလဲဟေ့"

"လက်ာဒီပ အိမ်ရှေ့စံရောက်နေကြောင်းပါ၊ ဘုရင်မင်းမြတ်ကို တွေ့ပါရစေတဲ့"

"ဟေ . . .ဘိဘိသနလား၊ မြန်မြန်လာလို့ပြောလိုက်"

တပ်မှူးသည် ဦးညွှတ်ပြီးထွက်ခွာသွားသည်။ အလိုရှိနေခိုက်တွင်ရောက်ရှိလာသည့်အတွက် ကျွန်ုပ်ဝမ်းမြောက်ဝမ်းသာဖြစ်မိသည်။ တံခါးဝတွင် ဘိဘိသနပေါ်လာသည်။ သူ့မျက်နှာမှာ ထုံးစံအတိုင်းတည်ငြိမ်နေပေသည်။ သို့သော် ယခင်ကထက်ပိုပိန်၍ ဖျော့တော့သွားသည်ဟု ထင်မိသည်။

"လာဟေ့ ဘိဘိသန၊ မင်းကိုငါသိပ်တွေ့ချင်နေတယ်၊ အခုရှေ့မြောက်တောင်တန်းဒေသက လာခဲ့တာမဟုတ်လား။ အင်း . . . သမားတော်များရဲ့ အပြုအစုကို ခံယူလိုက်ဦး၊ ညီတော်မင်းပင်ပန်းနေပုံရတယ်"

ဘိဘိသနသည် ကျောက်သလင်းစားပွဲရှိရာသို့ လျှောက်လာပြီးစားပွဲပေါ်သို့လက်တင် လိုက်သည်။

"နောင်တော်တွေ့ချင်တာထက်ပိုပြီး ညီတော်က တွေ့ချင်ပါတယ်။ ဒါကြောင့်လည်း အရှေ့မြောက်တောင်တန်းဒေသဆီက ခရီးပြင်းနှင့်ခဲ့ပါတယ် နောင်တော်"

"အကြောင်းထူးသလားဘိဘိသန"

"နောင်တော်ဘုရင်မင်းမြတ်အတွက်ရော၊ အားလုံးသော ဒြာဝိဒိယန်မျိုးနွယ်စု အတွက်ပါ အကြောင်းထူးပါတယ်၊ အသားဝါအာရိယန်တစ်စုဟာ လက်ာဒီပရဲ့ အရှေ့မြောက်တောင်ဘက် ဒေသ ကိသကိန္ဒာပြည်ရှိရာ ကို ချီတက်သွားကြပါတယ်"

"ဟေ ဟုတ်လား၊ ဒါကို မင်းဘယ်လိုလုပ်သိသလဲ"

"နယ်စပ်မျိုးနွယ်စု ကင်းတပ်ဖွဲ့များထံက သတင်းကို ဂမ္ဘနဘုရင်က တစ်ဆင့် အကြောင်းကြားလို့ ညီတော်ကိုယ်တိုင် အဲဒီဒေသကို သွားရောက်စုံစမ်းပြီး ပြန်လာခဲ့ခြင်းဖြစ်ပါတယ်။ နောင်တော်ဘုရင်မင်းမြတ်"

"ဘယ်ဒေသက အသားဝါမျိုးနွယ်စုလဲဘိဘိသန"

"မှန်ပါတယ် ဘုရင်မင်းမြတ်၊ အယုဒ္ဓယပြည့်ရှင် ဘုရင်ဒသရဋ္ဌရဲ့ သားတော်နှစ်ပါး၊ ရာမမင်းသားနဲ့ လက္ခဏမင်းသားတို့ဖြစ်ပါတယ်။ သူတို့နဲ့အတူပါလာတဲ့ မက္ကဋ္ဌဘုရင်ကတော့ ဟိုတလောက လက်အောက်ခံ မဟာမိတ်အဖြစ်ခိုဝင်တဲ့ ဘာလီဘုရင်ရဲ့ကိသကိန္ဒာဘုရင်ဟောင်း သုခရိတ်ဖြစ်ပါတယ်"

ကျွန်ုပ်လက်ဖဝါးများ ချက်ချင်းနီရဲလာသည်။

"ရာမနဲ့ လက္ခဏ . . . ငါ့ရဲ့ရန်သူတွေ . . "

"ညီတော်တို့တိုင်ပင်ဆွေးနွေးခဲ့တဲ့ အဖြစ်သနစ်ပါပဲ၊ နန်းကျာဘုရင် သုခရိတ်ဟာ သူ့ရဲ့ထီးနန်းကို ပြန်လည်ရယူဖို့ ရာမမင်းသားထံ အကူအညီတောင်းပြီး အခုကိသကိန္ဓာကို ချီတက်လာတာပါပဲ၊ ဘာလီဘုရင်ထံက အနီစကို အပြင်ဘက်လုည့်ထားတဲ့ နောင်တော်ရဲ့ ရွှေပခုံးကာ စစ်ဝတ်တန်ဆာလဲ မကြာခင် ရောက်လာတော့မှာပါပဲ"

"အဲဒီရွှေပခုံးကာ ရောက်လာမှာကို စောင့်မနေနဲ့တော့၊ စစ်ကူသွားဖို့ အခုပဲ အသင့်ပြင် ပေတော့၊ စစ်မြင်းဆယ်ကောင်တပ်ရထားကို အခုပြင်ခိုင်း"

"လက်ာဒီပရဲ့ အိမ်ရှေ့စံအဖြစ် ဒသဂီရိဘုရင်ကို လျှောက်ထားပါရစေ၊ သားတော်မေဃနာဒ နဲ့ ညီတော် ကိုယ်တိုင် ဦးစီးပြီး ကိသကိန္ဓာကို ချီတက်ပါမယ်၊ နောင်တော်ဘုရင်မင်းမြတ်က လက်ာဒီပမှာပဲ စံနေပါ"

"မင်း . . . ရူးနေသလား . . . . . ဘိဘိသန၊ ကဲ . . ငါမေးတာ တွေဖြေစမ်း၊ အခု အာရိယန်တပ်ကို ခေါင်းဆောင်သွားတာ ရာမနဲ့ လက္ခဏမဟုတ်လား"

"ဟုတ်ပါတယ် ဘုရင်မင်းမြတ်"

"ဒြာဝိဒိယန်ရဲ့ ရန်သူ အသားဝါတွေ . . . ဟုတ်လား"

"ဟုတ်ပါတယ် ဘုရင်မင်းမြတ်"

"တိတိကျကျ ဖြေစမ်း၊ အဲဒီတပ်ရဲ့ ခေါင်းဆောင်နဲ့ အတူ ဘယ်သူပါသလဲ"

"နန်းကျာဘုရင် သုခရိတ် ပါ ပါတယ်"

"ဒါတွေကို မေးနေတာမဟုတ်ဘူး ဘိဘိသန၊ ရာမနဲ့ နောက်တော်ပါးက . . "

"လက္ခဏမင်းသား"

"သီတာဒေဝီကို ငါမေးနေတာ၊ သီတာဒေဝီလိုက်ပါလာသလား"

"သီတာဒေဝီ . . . လိုက် . . . ပါ . . . လာ ... . ပါ .. . . တယ်"

"တော်ပြီ. . . . ကိသကိန္ဓာကို ချီတက်မယ်၊ စစ်ပွဲမှာ ဒသဂီရိကလွဲပြီး ဘယ်သူမှ ခေါင်းမဆောင်ရဘူး၊ သွား . . . စစ်မြင်းရထား တပ်ဆင်ဖို့ သွားပြောချေ"

"ခေါင်းမဆောင်ရပေမယ့်၊ အကိုတော်ဘုရင်မင်းမြတ်ရဲ့ နောက်တော်ပါးမှာ နှမတော် ဂမ္ဘီရယ်၊ သားနှစ်ယောက် ရယ်ကတော့ ရှိမှာပေါ့"

ဘယ်အချိန်ကရောက်လာသည် မသိသည့် တရိဂမ္ဘီဖြစ်သည်။ တရဂမ္ဘီသည် ပြုံးရယ် လိုက်ပြီး ဘိဘိသနရှိရာ ကျောက်သလင်းစားပွဲ တစ်ဖက်ဆီသို့ လျှောက်သွားသည်။

"ဒါပေမယ့် ခဏလေးတော့ စောင့်စေချင်ပါတယ် အကိုတော်။ မော်ရုံဟေဝန်မှာရှိနေကြတဲ့ သားတော်နှစ်ဦးကို နှမတော်သွားခေါ်ပါရစေ။ ဦးရီးတော် မာရဇ္ဇနဲ့သားနှစ်ယောက်ဟာ နက်ဖြန်ရောက်လာကြမယ်လို့ အထောက်တော်များက အကြောင်းကြားပါတယ်၊ အခု ကိသကိန္ဓာကို ချီတက်မယ်ဆိုရင်တော့ နက်ဖြန်သူတို့အရောက်ကို မစောင့်ဘဲ အခုပဲ နှမတော်သွားခေါ်ပါ့မယ်"

ဂမ္ဘီသည် တက်ကြွမြူးထူး၍နေပေသည်။ ရက်ပေါင်းများစွာ ခွဲခွာနေရသည့် သူ၏ သားနှစ်ယောက် နှင့် လည်းတွေ့ရမည်။ ထိုသားများကို ခေါ်၍စစ်မြေပြင်သို့ အတူတကွ ချီတက်လိုက်ပါရဦးမည်။ တရိဂမ္ဘီစောင့်မျှော်နေသည့် အခွင့်အရေးကား ဤအခွင့်အရေးပင် ဖြစ်သည်။

"အေး . . .မြန်မြန်သွား ၊ ဒြာဝိဒိယန်တပ်မ အဆင်သင့်ဖြစ်နေချိန်မှာ နင်နဲ့ နင့်သား နှစ်ယောက် အဆင်သင့်ဖြစ်ပေစေ ဂမ္ဘီ"

ချပ်ဝတ်တန်ဆာများ ဝတ်ဆင်ရန် ကျွန်ုပ်ကျောက်သလင်းစားပွဲမှ ခွာလိုက်သည်။

ဂမ္ဘီလည်း ထွက်ခွာဟန်ပြင်လိုက်သည်။

ထိုအခိုက် . . .

တံခါးဝတွင် ဦးရီးတော် မာရဇ္ဇရောက်လာလေသည်။ ဂမ္ဘီသည် ဦးရီးတော်ကိုတွေ့လိုက်သောအခါ အံ့အားသင့်သွားသည်။

"ဟင် . . .ဦးရီးတော်၊ နက်ဖြန်မှ ရောက်မယ်ဆို၊ သားတော်နှစ်ယောက်ကော၊ တူမတော်တို့လဲ အခုပဲ မော်ရုံဟေဝန်ကို လာ . . . "

ဦးရီးတော်မာရဇ္ဇသည် တောဆင်ရိုင်းကြီးတစ်ကောင် ဒဏ်ရာရ၍အော်ဟစ်သံနှင့်တူသော အသံကြီးတစ်ခုကို ဖြစ်စေလျက် ကျွန်ုပ်တို့ရှိရာသို့တစ်ဟုန်ထိုးပြေးလာသည်။ ထို့နောက် ပခုံးထက်မှ ကတ္တီပါဖြင့် ပတ်ထားသော အရာကို အောက်သို့ချလိုက်သည်။ ကတ္တီပါစသည် အနီရောင်ဖြစ်သည်။သို့သော် တပြေးတည်း အနီရောင်မဟုတ်၊ အကွက်အကွက်ကြီးများ . .. ။

"မော်ရုံဟောဝန်ကို နင်လာစရာမလိုဘူး ဂမ္ဘီ၊ နင့်ရဲ့သားနှစ်ယောက်လဲ ဒီမှာလေ . . ဒီမှာ . . ကြည့်စမ်းပါဦး ရာဝဏရဲ့၊ မင့်တူနှစ်ယောက်ကို ကြည့်စမ်းပါဦး"

ဦးရီးတော်သည် ကတ္တီပါလိပ်ကို ဖြေချလိုက်ရာ အတွင်းမှ ဒုသဇနှင့် ခရုတို့ လိမ့်၍ ထွက်လာကြသည်။ သို့သော် သူတို့သည် လှုပ်ရှားမလာကြ။ နန်းကြမ်းပြင်ထက်တွင် သွေးအိုင်များထွန်းသွားသည်။ မြားတစ်ချောင်းသည် သူတို့နှစ်ဦးလုံးကို လည်မှ ဖောက်ထွင်း ၍စွဲနေသည်။

"ရာဝဏရဲ့ . . . . မင်းဟာ လက်ဘဒီပဘုရင်ဆိုရင် မင်းတူတွေကို အသက်ဇီဝိန် ပြန်သွင်း နိုင်ပါ့မလား . .. .ဟင် . . .ငါ့မြေးတွေ အသက်ရှင်အောင် . . . "

တရိဂမ္ဘီသည် သူ့သားများ၏ကိုယ်ပေါ်သို့ ပစ်လှဲလိုက်ပြီး သွေးများကို လက်ဖြင့် ဖယ်ရှားလျက်အော်ဟစ်နေလေသည်။ ဘိဘိသနကမူ မျက်နှာကိုလက်ဝါးဖြင့်အုပ်ထားလေသည်။ ကျွန်ုပ်ရင်ထဲ၌ ဆို့တက်လာသည်။ ကျွန်ုပ်အား သူရဲကောင်းကြီးအဖြစ် ကိုးကွယ်ကြရှာသော ၊ မိမိတို့ကိုယ်တိုင်လည်း လက်ဘဒီပတပ်မှူးကြီးများ ဖြစ်လိုကြရှာသော၊ နုနယ်သည့် ဒြာဝိဒိယန် လူစွမ်းကောင်းလေးများသည် မြင်မကောင်း ရှုမကောင်း သွေးခြင်းခြင်း လိမ်းကပ်လျက် သေဆုံးကုန်ကြပြီတကား။

"ဘယ်လိုဖြစ်ရတာလဲ . . . . ဦးရီးတော်ရယ်"

ဂမ္ဘီသည်ရုတ်တရက် ရူးသွပ်သွားသကဲ့သို့ သားနှစ်ယောက်၏လည်မျို၊ ပါးစပ်၊ နှာခေါင်း တို့မှ ထွက်ကျနေသော သွေးများကို လက်ဖြင့်လိမ်းသပ်ရင်း စူးဝင်နေသောမြားကို ဆွဲနုတ် နေသည်။ ဂမ္ဘီ၏နှုတ်မှဘာတွေ အော်ဟစ်နေသည်မသိတော့။ သူမျက်နှာမှာလည်း မျက်ရည်များ လော၊ သွေးများလော၊ ခွဲခြားမရနိုင်တော့။

ဦးရီးတော်မာရဇ္ဇသည် အနားမှ ရွှေချထားသည့် စားပွဲတစ်လုံးကို လက်ဝါးဖြင့်ရိုက်ချပြီး ကျိုးပဲ့သွားသောအစိတ်အပိုင်းများကို ဆုပ်နယ်ခြေမွနေသည်။

"ငါ့ကို သတ်လိုက်စမ်းရာဝဏ၊ ငါ့ကို သတ်လိုက်စမ်း၊ မော်ရုံဟောဝန်ကို မင်းလာစဉ်က လေးမြားအတတ်ကို သင်ကြားပေးလိုက်ပါလို့ မင်းမှာခဲ့ပေမယ့် မြေးတော်လေးတွေက ပဋိပက္ခသေနင်္ဗျူဟာကို ဦးစွာသင်ကြားပေးပါဆိုတာနဲ့ လေးမြားအတတ်ကို မသင်ပေးမိဘူး၊ ဒါကြောင့် သူတို့လေးညို့ကနေပြေးဝင်လာတဲ့မြားကို မရှောင်တတ်ဘူး၊ ငါ့ကိုသာသတ်လိုက် စမ်းရာဝဏ . . . ရယ်"

"မလုပ်နဲ့ . . ဦးရီးတော်"

ဦးရီးတော်သည် ပြောပြောဆိုဆို ခါးကြားမှ ဓားမြှောင်ကို ထုတ်ယူ၍ မိမိ၏လည်ပင်းကို ထိုးစိုက်ရန်လက်မြှောက်လိုက်ချိန်တွင် ညီတော်ဘိဘိသနက ပြေးဝင်လာပြီးလက်ကို ဆွဲယူလိုက်လေသည်။

"ဖြစ်သမျှ သေသေချာချာပြောပြဦးမှပေါ့ ဦးရီးတော်"

'နက်ဖြန်လက်ဘဒီပကို ပြန်ကြမယ်ဆိုပြီး သူတို့မယ်တော်ကိုလက်ဆောင်ပေးဖို့ မော်ရုံ ဟောဝန်ထဲမှာ သစ်သီးတွေခူးနေကြတယ်၊ ငါက လမ်းခရီးအတွက် ရိက္ခာများပြင်ဆင်ရင်း တဲစခန်းမှာကျန်ရစ်တယ်၊ ခဏအကြာမှာ မော်ရုံဟောဝန်အစပ်ဆီက သူတို့ရဲ့ အော်သံကို ကြားလိုက်ရတယ်။ မြွေရဲ့လျင်မြန်ခြင်းမျိုးနဲ့ ငါပြေးသွားခဲ့တယ်။ ဒါ . . . . ဒါပေမယ့် ငါနောက်ကျသွားပြီရာဝဏ၊ မြားတစ်စင်းဟာ သူတို့လည်မျိုကို ဖောက်ထွင်းစွဲဝင်နေခဲ့ပြီ၊ ငါရောက် တဲ့အချိန်မှာ သင်းကလေးတို့ အသက်ပျောက်နေကြရှာပြီ၊ တကယ်လို့အသက်သာ ရှိနေသေးရင်သူတို့မသေဆုံးရအောင် ငါဆေးမြစ်တွေနဲ့ ကယ်နိုင်ပါသေးတယ်၊ ဒါပေမယ့် ငါ့မြေးတွေ . . ."

ဦးရီးတော်မာရဇ္ဇသည် သောကဝေဒနာကို မခံမရပ်နိုင်တော့သည့်အလား အနီးမှပစ္စည်း များကို ဆွဲယူခြေမွလျက် ကိုင်ပေါက်လွှင့်ပစ်ရင်း အော်ဟစ်နေတော့သည်။

"ရန်သူကို မတွေ့ဘူးလားဦးရီးတော်"

ဘိဘိသနက မေးသည်။

"အနီးက ခြေရာတွေ၊ အနံ့တွေအရ ရန်သူကို ငါသိလိုက်တယ်၊ ငါ့ပညာနဲ့ သူတို့ဟာ အလွန်ဝေးလံတဲ့ တောင်တန်းတစ်ဖက်ကို ရောက်သွားပြီ ဆိုတာသိလိုက်တယ်။ ဒါကြောင့် မော်ရုံဟောဝန်ရဲ့ အမြင့်ဆုံးကျွန်းပင်ရဲ့ ထိပ်ဆုံးကိုင်းဖျားပေါ်တက်ပြီး ကြည့်လိုက်တယ်၊ ငါကောက်ခဲ့တဲ့ ခြေရာ၊ အနံ့တွေအတိုင်းမှန်ကန်တယ်။ ယောက်ျားနှစ်ယောက်မှာ တစ်ယောက်က ဝတ်ရုံအစိမ်း၊ တစ်ယောက်က ဝတ်ရုံအဝါ၊ မိန်းမကတော့ အင်မတန်လှပသူဖြစ်လိမ့်မယ်၊ သုံးယောက်စလုံး အာရိယန်တွေ"

"ဟာ . . . "

ကျွန်ုပ်ပြင်းထန်စွာအော်ဟစ်လိုက်မိပြီး တူတော်မောင်နှစ်ယောက်၏ အလောင်းများအနီး ဒူးထောက်ချလိုက်သည်။ သူတို့၏လည်မျိုတွင် စွဲနေသည့် မြားတွင်ပေကျံသောသွေးများကို သုတ်လိုက်သည်။ မြား၏ ပကတိအသွင် ပေါ်လာသည်။ သွေးများကို သုတ်လိုက်မှပင် ဒုသ၏ရင်ဘတ်နေရာ မြား၏အမြီးတွင်ချိတ်စွဲထားသော ဘုဇပတ်သစ်ရွက်တစ်ရွက်သည် သွေးအိုင်မှ ပေါ်လာသည်။ ဘုဇပတ်ရွက်ပေါ်မှ သွေးများကို ပွတ်သပ်လိုက်သောအခါဆူးဖြင့် ရေးခြစ်ထားသည့် စာများကို တွေ့ရလေသည်။

"မော်ရုံဟောဝန်တွင် စခန်းချရန်လာသည့် ကျွန်ုပ်တို့အား အမျိုးမျိုးရန်မူတိုက်ခိုက် သည့်အပြင် ဇနက္ကဘုရင်သမီးတော်၏အသက် အန္တရာယ်ကိုပါ စိုးရိမ်ရသဖြင့် မောက်မာ စော်ကားသော ဤအသားမည်းနက်သူများအား ကျွန်ုပ်ရာမမင်းသား လေးဖြင့် ပစ်ခွင်း ဆုံးမခဲ့သည်"

"တောက် . . ."

ကျွန်ုပ်တူတော်မောင်များ၏ ကိုယ်ပေါ်မှ ကျဆင်းသော သွေးကွက်ထဲသို့ လက်ကို နှစ်လိုက်သည်။ နီရဲနေသောလက်ချောင်းများကို ကျစ်ကျစ်ပါအောင်ဆုပ်လျက် အပေါ်သို့မြှောက်တင်လိုက်သည်။

"ဟောဒီလက်မှာ ပေနေတဲ့တူတော်မောင်များရဲ့ သွေးဟာ ငါ့နှလုံးသွေးဖြစ်တယ်၊ ဒြာဝိဒိယန်သွေးဖြစ်တယ်၊ ဒီသွေးကို ငါဟာအခြားဘာနဲ့မှ တိုက်ချွတ်ဆေးကြောခြင်းမပြုဘူး၊ အာရိယန်မင်းသားရဲ့သွေးနဲ့သာ တိုက်ချွတ်ဆေးကြောမယ်၊ ဒသဂီရိရဲ့ အနက်အဓိပ္ပာယ်ဟာ ရာမကို တိုက်ခိုက်သူဆိုတာကလွဲလို့ တခြားအဓိပ္ပာယ်မရှိစေရဘူး"

နန်းဆောင်တစ်ခုလုံးဟိန်းသွားသော ကျွန်ုပ်၏အော်သံကြောင့် ဂမ္ဘီသည်ရှူးသွပ်မခန်း ငိုကြွေးနေရာမှ ချက်ချင်း အငိုရပ်သွားသည်။

"တရိဂမ္ဘီဆိုတဲ့ အဓိပ္ပာယ်ဟာလဲ ရာမကို တိုက်ခိုက်သူ၊ ဒသဂီရိအားထက်ကြပ်မကွာ ကူညီလက်စားချေသူဆိုတာက လွဲပြီး တခြားဘာမှ မဖြစ်စေရဘူး"

"ငါ့မြေးတော်များအတွက် မော်ရုံဟောဝန်တစ်ခုလုံးမှာရှိတဲ့ သစ်ပင်တွေအားလုံး ရိုက်ချိုးပြီး ရန်သူကို ရှာဖွေသတ်ဖြတ်မယ်"

တရိဂမ္ဘီနှင့် ဦးရီးတော်တို့လည်း အသံနက်ကြီးများဖြင့် အော်ဟစ်ကြုံးဝါးလေသည်။

ဘိဘိသနကမူ မျက်ရည်များပြည့်လျှံနေသော မျက်လုံးအစုံဖြင့် ဦးရီးတော်ကို လေးနက်စွာ စိုက်ကြည့်ရင်း မေးလိုက်လေသည်။

"အခု သူတို့ဘယ်မှာလဲ ဦးရီးတော်"

"ပထမပဗ္ဗတရဲ့ အနောက်ဘက် အိန္ဒူမြစ်ကျဉ်းမှာ"

"ဒါဆိုရင် မော်ရုံဟောဝန်ရဲ့ မြောက်ဖျားအစွန်းဒေသပဲ"

"ညီတော်ဘိဘိသန၊ ကိသကိန္ဒာအတွက် စစ်တပ်ကို မင်းပြင်ဆင်ပြီး လင်္ကာဒီပမှာ စောင့်နေရစ်ခဲ့၊ ငါအခုကိသကိန္ဒာကို မသွားသေးဘူး၊ အာရိယန်ခေါင်းဆောင်ကို မော်ရုံဟောဝန်မှာ တိုက်ခိုက်သတ်ဖြတ်မယ်၊ အသားဝါစစ်သားတွေအားလုံးနဲ့ အဲဒီမှာတွေ့ခဲ့ရင်လည်း သင်းတို့ကို ကိသကိန္ဒာအထိ အရောက်မခံတော့ဘဲ မော်ရုံဟောဝန်မှာပဲ စစ်ပွဲတစ်ပွဲဖြစ်စေမယ်၊ ဒီစစ်ပွဲပြီးရင် အိန္ဒူမြစ်မြောက်ဘက်ပိုင်းအထိ တစ်ခါတည်းချီတက်ပြီး အသားဝါမျိုးနွယ်စုအားလုံးကို မောင်းထုတ်ပစ်မယ်"

"မော်ရုံဟောဝန်အစွန်၊ ရန်သူတွေရောက်နေရာဒေသကို ညဝက်တည်းနဲ့ရောက်အောင် ငါမင်းတို့ကို လမ်းညွှန်ခေါ်သွားမယ် ရာဝဏ"

"တစ်ညတည်းနဲ့ ရောက်သွားနိုင်ရင်ပိုကောင်းမယ် ဦးရီးတော်၊ အို . . . သားတော် လေးတွေရဲ့ သွေးမခြောက်ခင် ဒီပြန်ရောက်နိုင်ရင် အကောင်းဆုံးပဲ ၊ ကဲ . . .အကိုတော် ဘုရင်မင်းမြတ်၊ သွားကြစို့"

## အပိုင်း (၆)
## မော်ရုံဟောဝန် တောမြိုင်စွန်း

နန်းရွှေချိုင့်လှောင် . . ထားရအောင် . . .
စွန်တောင်စကြာ . . .လေးတော်ကိုင်ကာ . . .
လျင်စွာမြန်မြန် . .ဘမ်းမခံ . . .
ချော့ကာ မြူသားကိုသွေး . . ယူဝေးဆောင် . .
တောမြိုင်ချောင်း . . မြအရောင်ဖြာ . .
(မော်ရုံဟောဝန် . . ယိုးဒယား)

ရာမ မင်းသားအား တိုက်ခိုက်ရန် အစီအစဥ်များကို ကျွန်ုပ်တို့အသေးစိတ်စီစဥ်ကြသည်။

ဦးရီးတော် မာရစ္စကမူ သူ့မြေးများအား သတ်ခဲ့သော ရန်သူကို တစ်ဦးတည်း မော်ရုံဟောဝန်သို့ ပြန်သွား၍ သတ်ဖြတ်လက်စားချေလိုကြောင်းခွင့်တောင်းနေသည်။ ကျွန်ုပ်ကလည်း အိန္ဒြမြတ်ကျဉ်းတစ်နေရာ၊ မော်ရုံဟောဝန်တောစွန်းသို့ ကျွန်ုပ်တစ်ဦးတည်းသွား၍ ရာမတို့အား တိုက်ခိုက်လိုသည်။ သို့သော် တရိဂမ္ဘီက ကျွန်ုပ်တို့အားလုံးမငြင်းနိုင်သည့် စကားတစ်ခွန်းကို ဆိုလေသည်။

"ဒုသနဲ့ ခရတို့ရဲ့ မိခင်အနေနဲ့ ဒီအစီအစဉ်ကို နမတော်ကိုယ်တိုင် ခေါင်းဆောင်ခွင့်ပေးပါ အကိုတော်ဘုရင်မင်းမြတ်၊ ဒါဟာ သားများကို ဆုံးရှုံးရတဲ့ မိခင်တစ်ဦးရဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးဖြစ်တယ်"

ကျွန်ုပ်တို့အားလုံး ဂမ္ဘီ၏ခွင့်ပန်ချက်ကို လက်ခံရသည်။ ဘိဘိသနကလည်းသဘောတူလေသည်။ ဂမ္ဘီသည် ထူးခြားသော သေနင်္ဗျူဟာ တစ်ရပ်ကို စီစဉ်လေသည်။

"မိမိရဲ့သား၊ မိမိရဲ့တူ၊ မိမိရဲ့မြေးများကို ဆုံးရှုံးရသူအားလုံးအတွက် နမတော် မှူတအောင် စီစဉ်ပေးပါ့မယ်။ အကိုတော်ဘုရင်မင်းမြတ်အတွက်လည်း ထူးခြားတဲ့ အကျိုးကျေးဇူးရရှိစေရမယ်။ ဦးရီးတော်မာရစ္စအတွက်လည်း သူ့ရဲ့ ပဋိပက္ခ သေနင်္ဗျူဟာကို ထိထိရောက်ရောက်အသုံးချခွင့်ရစေရမယ်။ လာ . . အခုမော်ရုံဟောဝန်ကို သွားကြစို့"

ဂန္ဓမာလာသားရဲတွင်းသို့ ရောက်သောအခါ ဂမ္ဘီသည် ရွှေအဆင်းကဲ့သို့ဝင်းဝါသော သမင် တစ်ကောင်ကို ပွေ့ပိုက် ထုတ်ယူလာလေသည်။

“ဒီသမင်ကို အကိုတော်မှတ်မိရဲ့လား၊ မိထိလာလေးတင်ပွဲကို သွားစဉ်ကသီတာဒေဝီဖို့ သမင်လုလုလေး တစ်ကောင် လက်သပ်မွေးထားပါလို့အကိုတော်အမိန့်ပေးခဲ့တယ်လေ၊ အဲဒီအတိုင်းမွေးမြူထားခဲ့တဲ့သမင်၊ လေးတင်ပွဲကအပြန် ဓမ္မိက တောင်သေလာ ခြေရင်း စမ်းချောင်းဘေးမှာ အကိုတော်လုံတံနဲ့ပစ်သတ်မယ်လုပ်ခဲ့တဲ့သမင်လေ”

ဂမ္ဘီသည် သားများကို ဆုံးရှုံးရသဖြင့် ရူးသွပ်သွားပြီဟု ကျွန်ုပ်ထင်သည်။ နက်ရှိုင်း ဝေးသီလှသော မှော်ရုံဟေဝန်တောစွန်းရှိရန်သူများအား လက်စားချေသတ်ဖြတ်ရန်အရေးတွင် ဤလှပသော ရွှေသမင်ငယ်အကြောင်းကို ဘာကြောင့် ပြောနေသနည်း။ ငေးငိုင်နေသော ကျွန်ုပ်တို့ရှေ့တွင် ဂမ္ဘီသည် တပ်မှူးကြီးသဖွယ် ခေါက်တုန့်ခေါက်ပြန်လမ်းလျှောက်နေသည်။

“ဒီသမင်ကို နှမတော်တို့ယူသွားကြမယ်၊ သီတာဒေဝီအတွက် ယူဆောင်သွားရလိမ့်မယ်၊ ဒါပေမယ့် သမင်ငယ်ဟာ ရာမမင်းသားအတွက်တော့ သေမင်းတမန်ဖြစ်စေရမယ်”

“ဒီသမင်ငယ်လေး တစ်ကောင်နဲ့ ရာမမင်းသားကို တိုက်ခိုက်မလို့လား ဂမ္ဘီ၊နင်ဘာတွေပြော နေတာလဲ၊ အချိန်တွေ အချည်းနှီးအကုန်မခံနိုင်ဘူး”

“နားထောင်ပါအကိုတော်ဘုရင်မင်းမြတ်၊ နှမတော်တို့သုံးဦးနဲ့ ဒီရွှေသမင်မှော်ရုံဟေဝန်ကို သွားကြမယ်၊ အိန္ဒြမြစ်ကျဉ်းနေရာ၊ မှော်ရုံဟေဝန်ရဲ့ အစွန်းမှာ ရှိနေကြမယ်၊ ရာမတို့ရှိရာအရောက် သွားပြီး ဟိုကျရင် အုပ်စုခွဲလိုက်မယ်၊ အကိုတော်ဘုရင်မင်းမြတ်က တနေရာ၊ နှမတော်နဲ့ သမင်က တစ်နေရာ၊ ဦးရီးတော်က တစ်နေရာ သုံးနေရာခွဲပြီး သင်းတို့ကို ဝိုင်းရံထားမယ်။ ပြီးတော့ သီတာဒေဝီမြင်သာအောင် ဒီရွှေသမင်ကို အရိပ်အရောင်ပြရမယ်။ ဒီလောက်လှပတဲ့ ရွှေသမင်ကို အကိုတော်ရဲ့ သီတာဒေဝီမြင်ရင် မုချလိုချင်တပ်မက်လိမ့်မယ်၊ ယဉ်ပါးစွာနဲ့ အနီးကပ်သွားတဲ့ ရွှေသမင်ကို သီတာဒေဝီဟာ လက်ရဖမ်းဆီးလိမ့်မယ်၊ ဒါပေမယ့် သီတာဒေဝီရဲ့ လက်တွင်းက ဒီရွှေသမင်ဟာ လွတ်သွားရမယ်။ ဒီအခါမှာ သီတာဒေဝီဟာ ရာမကို အကူအညီ တောင်းရလိမ့်မယ်၊ ရွှေသမင်ကို ဖမ်းဖို့ပူဆာရင် ရာမမင်းသားလဲ လက်နက်စွဲကိုင်ပြီး ရွှေသမင်ကို လိုက်ရလိမ့်မယ်။ ရွှေသမင်ဟာ ရာမကို မှော်ရုံဟေဝန်ရဲ့ ပိုမိုနက်ရှိုင်းတဲ့ အတွင်းဘက်ရောက်အောင် ဖြားယောင်းသွေးဆောင်သွားလိမ့်မယ်၊ ရွှေသမင်ရဲ့လှုပ်ရှားမှု တွေအတွက် နှမတော်ဂမ္ဘီကိုယ်တိုင် သမင်နဲ့ မလှမ်းမကမ်းမှာ ခိုအောင်းရင်း နှမတော်ရဲ့ လျှို့ဝှက်တဲ့ မိဂါသေနဂ်ဗျူဟာနဲ့ အစဉ်တစိုက်အမိန့်ပေးနေမယ်”

“ဒီတော့ ဘာဖြစ်လဲ ဂမ္ဘီ၊ နင့်အစီအစဉ်က ရှုပ်ထွေးလွန်းလှတယ်” ဦးရီးတော်မာရဇ္ဇက စိတ်မရှည်သံဖြင့် ဝင်မေးလေသည်။

“နားထောင်ပါအုံး ဦးရီးတော်၊ ရွှေသမင်ရဲ့ ဖြားယောင်းမှုကြောင့် မှော်ရုံဟေဝန်တောနက်ထဲကို ရာမရောက်ရှိလာချိန်မှာ သီတာဒေဝီရဲ့ အနားမှာတော့ လက္ခဏမင်းသားနဲ့ စစ်သည်များ စောင့်ကြပ်နေလိမ့်မယ်၊ လက္ခဏမင်းသား တစ်ဦးတည်းရှိချင်လည်း ရှိမယ်။ သင်းတို့ကို သီတာဒေဝီအနားက ဖယ်ရှားသွားအောင်လုပ်ရလိမ့်မယ်”

“ငါနားလည်ပြီ ဂမ္ဘီ၊ ဒီအခါမှာ ငါက သူတို့ကို ဝင်ရောက်တိုက်ခိုက်ရမှာ ပေါ့”

“ဒီလိုမဟုတ်သေးဘူးအကိုတော်၊ သီတာဒေဝီအနီးမှာ ဘယ်သူမှ မရှိရအောင် ဦးရီးတော်မာရဇ္ဇက တာဝန်ယူရလိမ့်မယ်၊ ဒီအထိအကိုတော်ရဲ့ အခန်းကဏ္ဍက မပါဝင်သေးဘူး”

“အေး၊ ငါက ဘယ်လိုတာဝန်ယူရမှာလဲ ၊မြန်မြန်ပြောစမ်းဂမ္ဘီ”

“ရာမရောက်လာမယ့် မှော်ရုံဟေဝန်တောနက်ကနေပြီး ဦးရီးတော်စောင့်နေရလိမ့်မယ်၊ ပြီးတော့ ဆင်ရိုင်းကြီးတွေ၊ ခြင်္သေ့တွေ အော်ဟစ်သံ၊ သစ်ပင်ကြီးတွေ ကျိုးကျသံတွေနဲ့ အလားတူလာအောင် ဦးရီးတော်က မိမိရဲ့ ပဋိပက္ခသေနဂ်ဗျူဟာကို အသုံးပြုရလိမ့်မယ်။ ဒီအခါမှာ သမင်ဖမ်းသွားတဲ့ ရာမတော့ တောနက်အတွင်း သားရဲ ခြင်္သေ့များနဲ့ တွေ့ပြီးဒုက္ခရောက်နေပြီအထင်နဲ့ သီတာဒေဝီကို စောင့်ကြပ်သူများအားလုံး တောနက်အတွင်း ဝင်လာကြလိမ့်မယ်၊သီတာဒေဝီတစ်ဦးတည်း ကျန်နေရစ်ခဲ့မယ်”

“ဟုတ်ပြီ ဂမ္ဘီငါနားလည်ပြီ၊ ဒီအခါမှာ ငါက သီတာဒေဝီကို ဆောင်ကျဉ်းပြီးနင်တို့နောက် လိုက်ခဲ့ရမယ်ပေါ့”

“ဟင့်အင်း . . သီတာဒေဝီကို ဆောင်ကြဉ်းပြီး အကိုတော်က လက်ာဒီပကို ပြန်သွားရမယ်၊ နှမတော်က ရာမ၊ လက္ခဏနဲ့ သူတို့ရဲ့စစ်သားတွေ အားလုံးကို အရှင်လတ်လတ်ဖမ်းပြီး လက်ာဒီပကိုလိုက်ခဲ့မယ်၊ လက်ာဒီပကို အားလုံးပြန်ဆုံးတော့မှ ရာမမင်းသားကို အကိုတော် ဘုရင်မင်းမြတ်ကိုယ်တိုင် ဒါမှ မဟုတ်နှမတော်ကိုယ်တိုင် ဒါမှမဟုတ် ဦးရီးတော်ကိုယ်တိုင် သားတော်များရဲ့ သွေးတွေ လိမ်းကျံခဲ့တဲ့ နန်းဆောင်အတွင်းမှာ လှလှပပ ကလဲ့စားချေရမယ်၊

သားတော်များရဲ့ သွေးကွက်များကို ရာမရဲ့သွေးနဲ့တိုက်ချွတ်ဆေးကြောပစ်မယ်၊ ရာမရဲ့ခန္ဓာကိုယ်ကို နှမတော်ရဲ့ ဂန္ဓမာလာသားရဲအတွင်းမှာ ခြင်္သေ့စာကျွေးပစ်မယ်”

ဂမ္ဘီ၏လေသံကြောင့် ကျွန်ုပ်မှာ ကြက်သီးမွေးညင်းထသွားပြီး ကျေနပ်ဝမ်းမြောက်မှုများ ခံစားလာရသည်။

“ဘယ်နှယ့်လဲ အကိုတော်၊ ဘယ့်နှယ့်လဲ ဦးရီးတော်၊ ဒီအစီအစဉ်မှာ ဦးရီးတော်ရဲ့ သေနင်္ဂဗျူဟာကို အသုံးချခြင်းလည်းပါဝင်တယ်၊ နမတော်ရဲ့ မိဂါပညာရပ်လည်း ပါဝင်တယ်၊ သီတာဒေဝီအတွက် အသုံးချဖို့မွေးမြူပေးခဲ့တဲ့ ရွှေသမင်လည်းပါဝင်တယ် ပြီးတော့ . . . ”

ဂမ္ဘီလည်း ရဲရဲနီသော မျက်လုံးများဖြင့် ကျွန်ုပ်ကို လှမ်းကြည့်လိုက်သည်။

“ပြီးတော့ အကိုတော်ဘုရင်မင်းမြတ်အတွက် သီတာဒေဝီကို သိမ်းပိုက်ခြင်းဆိုတဲ့ အကျိုးကျေးဇူး လည်းပါဝင်တယ်။ အားလုံးရဲ့ လက်စားချေလိုမှုတို့ကိုသင့်တင့်မျှတအောင်ပေါင်းစပ်ထားတဲ့ သေနင်္ဂဗျူဟာလေ”

ဦးရီးတော်သည် ဝမ်းခေါင်းသံကြီးဖြင့် ဝမ်းသာအားရအော်ဟစ်လိုက်ပြီး ဂမ္ဘီ၏လက်များကို ဆုပ်ကိုင်လိုက်လေသည်။

“လင်္ကာဒီပရဲ့စစ်ပွဲများမှာ ကမ္ဘာ့ညည်းထိုးမယ့် သေနင်္ဂဗျူဟာပဲဟေ့၊ ကဲ . . တူတော်ဘုရင်ရာဝဏ၊ တူမတော် . . ဂမ္ဘီသွားကြစို့ဟေ့၊ တို့များလက်စားချေဖို့သွားကြစို့”

ဦးရီးတော်မာရဇ္ဇ၏အစွမ်းကြောင့် ညဥ့်သန်းခေါင်၌ လင်္ကာဒီပမှ ထွက်လာခဲ့သော ကျွန်ုပ်တို့သည် မော်ရုံဟောဝန်သို့နံနက်အာရုံတက်ချိန်တွင် ရောက်ခဲ့ကြသည်။ ရေတံခွန်များ လျှိုမြောင်ချောက်ကမ်းပါးများနှင့် သစ်ပင်ကြီးများ ထူထပ်လှသည့် မော်ရုံဟောဝန်သည် နက်ရှိုင်းသော ဣန္ဒြေဖြင့် ကျွန်ုပ်တို့၏ လက်စားချေမှု စစ်ပွဲကို စောင့်စားနေလေသည်။ ည၏အမှောင်တို့ လွင့်ပါးစ ပြုချိန်၊ နံနက်ခင်း၏အလင်းရောင်တို့ လွှန့်လူးချိန်၌ ကျွန်ုပ်တို့သည် အိန္ဒြေမြစ်ကျဉ်းနေရာ မော်ရုံဟောဝန်တောစွန်းသို့ ခြေချမိကြလေသည်။ ဦးရီးတော်မာရဇ္ဇသည် သူ၏ထူးခြားသောပညာရပ်များကို အသုံးချရင်းရန်သူကိုမျက်ခြည်မပြတ်ထောက်လှမ်းသည်။

“တောရဲ့ လေပြည်ထဲမှာ ငါလူသုံးဦးရဲ့ အနံ့ကို ရတယ်၊ လူအများကြီး မဟုတ်ဘူးရာမ၊ လက္ခဏနဲ့ သီတာဒေဝီပဲ ရှိလိမ့်မယ်ထင်တယ်၊ တခြားစစ်သည်များ မရှိဘူး၊ နေဦး ငါအပေါ်က ကြည့်လိုက်ဦးမယ်”

ဦးရီးတော်သည် ရှဥ့်တစ်ကောင်ကဲ့သို့ ကျွန်းပင်ကြီးတစ်ပင်ထိပ်ဖျားသို့တက်သွားသည်။

ခဏအကြာတွင်ပြန်ဆင်းလာသည်။ သူ့လက်ထဲတွင်သွေးများ ပေနေသည်။

“သစ်ပင်ခွကြားမှာ စပါးကြီးမြွေတစ်ကောင်တွေ့လို့ သတ်ပစ်ခဲ့ရတယ်၊ ဟေ့ . . တို့များ သူတို့ရဲ့ မလှမ်းမကမ်းကို ရောက်နေကြပြီ၊ ဟောဟိုထင်ရှူးတောရဲ့တစ်ဖက်မှာ ရေတံခွန်ရှိတယ်၊ ရေတံခွန်အနီးမှာ ကျောက်ဂူရှေ့မှာ အရှိန်သေစ မီးဖိုတစ်ခု၊ ကျောက်ဂူထဲမှာ သင်းတို့ရှိရမယ်”

လက်စားချေသတ်ဖြတ်ရမယ့် ရန်သူများ အနီးချဉ်းကပ်ရပြီဖြစ်သောကြောင့် ကျွန်ုပ်တို့ကိုယ်တွင်း၌ စစ်သွေးများဆူဝေနေသည်။ ထိုရန်သူများနှင့် အတူ ချစ်သူသီတာဒေဝီလည်း အတူရှိနေပါလား ဟူသော အသိဖြင့်လည်း ကျွန်ုပ်၏ရင်အုံသည် လှုပ်ခုန်လျက် ရှိနေတော့သည်။

ထင်းရှူးတောအုပ်အစပ်သို့ ကျွန်ုပ်တို့ရောက်လာကြလေပြီ။

ရေတံခွန်မှ တဝေါဝေါရေကျသံဆူညံနေသည်။ ရေတံခွန်အနီးမှ ကျောက်ဂူကြီးတစ်ခု ကိုလည်း မိုးသောက်အလင်းတွင် မှိုင်းညို့စွာ တွေ့နေရပြီ။ကျောက်ဂူဝသို့ဖျော့တော့သော နေရောင်ခြည်တန်းတစ်ခုကျရောက်လာသည်။ ဂူဝနေရာ အနည်းငယ်လင်းထိန်သွားသည်။ နေရောင်ခြည်တန်းကြောင့်မဟုတ်။

သီတာဒေဝီ ပေါ်ထွက်လာသောကြောင့် ဖြစ်သည်။

သီတာဒေဝီသည် နက်မှောင်သော သံပင်တစ်ထွေးကြီးကို ဖြေချထားသည်။

နဖူးဆံစတွင် ဆံပင်အနက်ခွေများဖြာကျနေသည်။ သူသည်ရေတံခွန်ရှိရာသို့ကြော့ရှင်းလှပစွာ လျှောက်သွားပြီး ရေပြင်တွင်မျောနေသည့် ပန်းပွင့်များကို ဆယ်ယူနေသည်။ ပန်းပွင့်များကို လက်ခုပ်တွင်းသို့ထည့်၍ မွေးကြူနေလေသည်။ ထို့နောက်ရေထဲသို့လက်ကို နှစ်လိုက်ပြီး ပြေပြစ်သော လည်တိုင်ကို မော့ကာ မျက်နှာဆီသို့ရေစက်များဖြင့် ဖြည်းညင်းစွာ တောက်နေလေသည်။ နဖူးပါးပြင်ထက်တွင် ကန့်ကလျ သီးနေသော ရေစက်များသည် နေရောင်တွင် ရွှေမှုန်လေးများဖြစ်နေသည်။

ကျွန်ုပ်သည် လက်စားခြေသတ်ဖြတ်ပွဲကို မေ့လျော့ သွားပြီး ချစ်သူ၏အလှ၌ နစ်မြုပ်သွားသည်။ သူ့အနီးတွင် ကြဲပြန့်လျက်ရှိသော ပန်းပွင့်အကြွေများမှာ ကျွန်ုပ်၏နှလုံးသည်းပွတ်မှ အစအနများဖြစ်သည်ဟု တွေးထင်မိလေသည်။ အလှ၌နစ်မြောနေသော ကျွန်ုပ်၏ဘေးမှ လှုပ်ရှားသံတစ်ခုပေါ် ထွက်လာသောကြောင့် သတိများပြန်လည်ဝင်ရောက်လာသည်။ ဂမ္ဘီ၏ရွှေသမင်သည်မြက်ခင်းပေါ်မှဖြတ်၍သီတာဒေဝီရှိရာရေတံခွန်၏ သည်မှာဘက်ရေအိုင်စပ်သို့ လှပစွာခုန်ပေါက်ပြေးဝင်သွားလေသည်။ ဂမ္ဘီသည် သမင်ငယ်၏ မျက်လုံးရှိရာသို့ စူးစိုက်ကြည့်ရင်း နှုတ်မှတိုးတိတ်စွာ ရေရွတ်နေသည်။ အမိန့်ပေးသံလိုလို ထင်ရသည်။ သမင်ငယ်သည် ရေအိုင်စပ်တွင် ရပ်တန့်ပြီး ရေငုံ့သောက်လိုက်လေသည်။

နှုတ်သီးကို ရေထဲသို့ထိုးနှစ်၍ ပြန်ဖော်လိုက်ပြီး ဦးခေါင်းကို ခါယမ်းလိုက်ရာ ရေစက်များသည် သီတာဒေဝီဘက်သို့စဉ်ကျသွားလေသည်။ သီတာဒေဝီသည် ထိတ်လန့်သွားပြီး လှမ်းကြည့်လိုက်သည်။ သူ၏နှုတ်ခမ်းလွှာကလေးများ ပွင့်အာသွားကြသည်။ သမင်ငယ်လေးကို ရွှန်းမြစွာစိုက်ကြည့်နေသည်။ သမင်လေးကလည်း ဦးခေါင်းကို ကြော့မော့စွာထောင်လျက် သီတာဒေဝီကို စိုက်ကြည့်နေသည်။ ဂမ္ဘီ၏နှုတ်ဖျားမှ တိုးတိတ်သော ရေရွတ်သံထွက်ပေါ်လာ ပြန်သည်။

သမင်ငယ်သည် သီတာဒေဝီကို လျစ်လျူရှုလျက် ရေငုံ့သောက်ပြန်သည်။ ရေစိုသွားသော နှုတ်သီးများကိုရှေ့လက်ဖြင့် ပွတ်သပ်လိုက်သည်။ သီတာဒေဝီ၏မျက်နှာတွင် အပြုံးရိပ် တစ်ခုပေါ်လာပြီး လက်ကို ရေထဲသို့နှစ်၍ သမင်ဆီသို့ ရေများဖြင့် ပတ်ဖျန်းလိုက်သည်။ သမင်ငယ်သည် မျက်နှာနှင့် လည်ကုပ်ပေါ်၌စိုသွားသော ရေများကို မဆိုစလောက် ခါထုတ်လိုက်ပြီး ရေသောမြဲဆက်သောက်နေပြန်သည်။ မှော်ရုံဟောဝန်အတွင်းရှိရေတံခွန် အောက်တွင် သီတာဒေဝီနှင့် သမင်ငယ်တို့၏လှုပ်ရှားမှုများကို ကြည့်နေရသည်မှာ ထူးဆန်း အံ့ဩဖွယ်သော ပန်းချီပုံတစ်ခုအလားပင်။ မိမိအားလျစ်လျူရှုနေသည့် ရွှေသမင်ကို သီတာသည် ဖမ်းဆီးရန်ရေအိုင်စပ်မှ လျှောက်လာသည်။ သမင်ငယ်လန့်ပြေးမည်ကို စိုးရိမ်တကြီးဖြင့် ဖြည်းညင်းစွာလာဟန်မှာ တုလွတ်ကင်းသော အလှအပတစ်ခုဖြစ်တော့သည်။ သမင်ငယ်သည် ရေသောက်နေရာမှ ခေါင်းမော့လိုက်ပြီး နားရွက်များကို စွင့်ကားလျက် နက်မှောင်သော မျက်လုံးများဖြင့် သီတာဒေဝီကို စိုက်ကြည့်လိုက်သည်။ သီတာဒေဝီ၏လှုပ်ရှားဟန်မှာလည်း ရပ်တန့်သွားသည်။ ပကတိငြိမ်သက်သွားသည့် ထိုအရာနှစ်ခုကို ကြည့်ရင်ကျွန်ုပ်သည် ရွှေသမင်၏မျက်လုံးနှင့် သီတာဒေဝီ၏မျက်လုံးအစုံတို့ကို နှိုင်းယှဉ်ကြည့်လိုက်မိပေသည်။ သီတာဒေဝီ၏မျက်လုံးများက အနိုင်ရသွားလေသည်။ ဂမ္ဘီက တိုးတိတ်ညင်သာစွာ ဆက်လက်ရေရွတ်သည်။

သမင်ငယ်သည် ရေအိုင်အစပ်မှ ခွာပြီး မြက်ခင်းပေါ်သို့လျှောက်လာပြီး ရှေ့ခြေနှစ်ဖက်ကို ဒူးထောက်ဝပ်ချလိုက်သည်။ ထို့နောက်ဦးခေါင်းကို မော့၍လေထဲတွင် အနံ့ခံနေလေသည်။

သီတာဒေဝီလည်း ရေအိုင်စပ်သို့စွန့်ခွာလာပြီး မြက်ခင်းပေါ်သို့လျှောက်လာသည်။ မနီးမဝေးတွင် ရပ်လိုက်ပြီး သွယ်ပျောင်းသောလက်ကို ရှေ့သို့ဆန့်တန်း၍ သမင်ငယ်အား လှမ်းလင့်နေသည်။ ရွှင်ပြသောအပြုံးများ သူ၏မျက်နှာတွင် အပြည့်အဝပွင့်ဖူးနေလေသည်။ လက်ကို လှမ်းရင်း သီတာဒေဝီသည် ရှေ့သို့ တရွေ့ရွေ့ချဉ်းကပ်လာသောအခါ သမင်ငယ်သည် မတ်တတ်ရပ်လျက် ဖြည်း ညင်းစွာနောက်သို့ ဆုတ်လှမ်းသွားသည်။ သီတာဒေဝီရပ်တန့်လိုက်သောအခါ သမင်ငယ်လည်း ရပ်တန့်လိုက်သည်။

သီတာသည် လက်နှစ်ဖက်ကို ဝှေ့ယမ်းလျက် သမင်ငယ်ကို ဖမ်းယူလိုက်သည်။ သို့သော် သမင်ငယ်သည် လှပစွာ ခုန်ပေါက်ရှောင်တိမ်းလျက် မလှမ်းမကမ်းတွင် ရှောင်ထွက်သွားပြီး လည်ကို မော့၍ ကြည့်နေပြန်သည်။ တရိဂမ္ဘီ၏အသံမှာ တိုးတိတ်စွာထွက်ပေါ်လျက်။သီတာ ဒေဝီသည် ပို၍ သတိကြီးသောဟန်ဖြင့် သမင်ငယ်ရှိရာသို့ တိုးသွားပြန်သည်။ဤ သမင်ငယ်သည် နောက်ဆုတ်မသွားတော့ဘဲ တရွေ့ရွေ့ချဉ်းကပ်လာသည့် သီတာဒေဝီကိုသာ ရွှန်းလဲ့စွာ စိုက်ကြည့်နေသည်။ သီတာသည် အနီးဆုံးနေရာသို့ ချဉ်းကပ်သွားမိပြီ။ သူ၏လက်ကို သမင်ငယ်၏ဦးခေါင်းထက်သို့တင်လိုက်ပြီ။

သမင်ငယ်လည်း ရုန်းထွက်၍မသွား။

သီတာဒေဝီက သမင်လေး၏ဦးခေါင်းကို လက်ဖြင့် ဖြည်းညင်းစွာ ပွတ်သပ်ရင်း နှုတ်မှ တဖွဖွရေရွတ်နေသည်။ ချစ်သူ၏မျက်နှာမှာ မှော်ရုံဟောဝန် နံနက်ခင်း၏ ဘုရင်မ ဖြစ်ပေတော့သည်။ လင်္ကာဒီပဘုရင်အဖြစ်၏ ရာဇမာန်ကို ခေတ္တဖယ်ရှား၍ဆိုရပါမူ ဤအခိုက် တွင် ကျွန်ုပ်သည် သမင်ငယ်လေးကို မနာလိုမရှုဆိတ်ဖြစ်မိသည်။

သီတာဒေဝီသည် သမင်၏ဦးခေါင်းကို ယုယစွာ ပွတ်သပ်ပေးရင်း ကျန်လက်တစ်ဖက်ဖြင့် သမင်၏ကျောပြင်ပေါ်သို့ သိုင်းဖက်လိုက်သည်။ ထိုအခါ သမင်ငယ်သည်ခုန်ပေါက်ထွက်ပြေး သွားလေသည်။ တုန်လှုပ်သွားသော သီတာဒေဝီကို စွန့်ခွာလျက် သမင်သည် ရေတံခွန်မှ စီးဆင်းလာသော ရေအလျဉ်၏အောက်ဘက်တစ်နေရာသို့ပြေးသွားရင်း နားရွက်များကို လှုပ်ရမ်းနေလေသည်။ သီတာဒေဝီလည်း ကျောက်ဂူအတွင်းသို့ဝင်သွားလေသည်။ သီတာဒေဝီ ပျောက်ကွယ်သွားသောအခါရေတံခွန်တဝိုက်ဒေသ၏မြင်ကွင်းသည် ခြောက်ကပ် သွားလေသည်။ “ဘယ်လိုလဲ ဂမ္ဘီနှင့်သမင်”

“ရှူး . . .စကားမပြောနဲ့အကိုတော်၊ သူ ရာမကို သွားခေါ်လိမ့်မယ်၊ ဟော . . .သူတို့ပြန်ထွက်လာကြပြီ”

သီတာဒေဝီသည် ရာမ၏လက်မောင်းကို တွဲခိုလျက် ဂူထဲမှ ပြန်ထွက်လာသည်။ ရာမသည် ကျွန်ုပ်မမေ့နိုင်သော ဝတ်ရုံစိမ်းကို ဆင်မြန်းထားသည် တကား . . ။

နံနက်ခင်း လေညင်းဝယ်သူတို့ဆီမှ အသံသဲ့သဲ့ ကြားရသည်။

"ဘယ်မှာလဲ နမတော် သီတာ"

"ဟိုမှာလေ မောင်တော် ၊ သူဘယ်မှ ထွက်မပြေးဘူး"

သမင်ငယ်လေးသည် ရေတံခွန်အောက်ဘက် မူလနေရာတွင် ရပ်မြဲဖြစ်သည်။ ဂမ္ဘီသည် စူးရှသောမျက်လုံးများဖြင့် သူ့သမင်၏ မျက်လုံးများကို စူးစိုက်ကြည့်ရင်း နှုတ်မှ အဆက်မပြတ် ရေရွတ်နေသည်။ ရာမသည် ဦးခေါင်းကို ဖြည်းညင်းစွာခါရမ်းလိုက်သည်။ သူ့ဆီမှ အသံလွင့်ဝဲ လာသည်။

"ဒီအချိန်တွေမှာ သမင်တွေ အုပ်လိုက်ရေသောက်ဆင်းရမယ်။ သို့သော်လူနဲ့ဒီလောက်နီးတဲ့ နေရာကို မလာသင့်ဘူး၊ ပြီးတော့ သမင်ငယ်ဟာ ငယ်ရွယ်လှပလွန်းတယ်၊ တောရဲ့သဘာဝ အသွေးအမွေးမျိုးလည်းမဟုတ်ဘူး၊ အင်မတန်ကျွမ်းကျင်သူတစ်ဦးက လက်သပ်မွေးမြူထားတဲ့ အသွေးအမွေး၊ ပြီးတော့ ငယ်ရွယ်လှပလွန်းတဲ့ ဒီနေရာကို တစ်ကောင်တည်းမလာသင့်ဘူး . . . ဒါဟာ "

"ဖမ်းပေးပါ မောင်တော်"

' 'သီတာရယ်၊ မောင်တော်ပြောတာ နားထောင်ပါအုံး၊ ဆိုခဲ့တဲ့ဖြစ်ရပ်တွေကို ထောက်ရှုခြင်း အားဖြင့် ဒီသမင်ငယ်ရဲ့ နောက်မှာ အန္တရာယ်တွေကပ်ပါနေလိမ့်မယ်လို့ မောင်ဘုရားထင်တယ်၊ ဒီသမင်ရောက်ရှိလာခြင်းဟာ တောရဲ့ သဘာဝနဲ့ ဆန့်ကျင်နေတယ်"

သမင်ငယ်သည် ရေစပ်တလျောက်၌ ပျော်ရွှင်စွာ ခုန်ပေါက်မြူးတူးနေပေသည်။မြက်ခင်းပေါ်၌ ဝပ်လိုက်၊ နှုတ်သီးကို မြက်ခင်း၌ပွတ်သပ်လိုက် ဖြင့် အလွန်ချစ်ဖွယ်ကောင်းသော လှုပ်ရှားမှုများကို ပြနေသည်။

"သီတာရဲ့ဆန္ဒကို မောင်တော် မလိုက်လျောဘူးပေါ့၊ ဟင်"

"နားထောင်ပါဦး အချစ်ရယ်"

သီတာဒေဝီသည် ရာမအား ဖက်တွယ်ထားသော လက်များကို ဖယ်ရှားရင်း နှုတ်ခမ်းများ ပေါ်သို့လက်ချောင်းများဖြင့် အုပ်မိုးလိုက်လေသည်။သူ၏လုံးဝန်းသော ပခုံးလေးများ တသိမ့်သိမ့်လှုပ်လာသည်။

"သီတာ .. . . ဒီရွှေသမင်လေးကို မပိုင်ဆိုင်ရရင် ဟောဒီမှော်ရုံဟောဝန်မှာ တစ်ယောက် တည်း နေရစ်ခဲ့တော့မယ်၊ နံနက်တိုင်းရေသောက်ဆင်းလာမယ့် သမင်လေးကို စောင့်စားရင်း သူရောက်လာတဲ့အခါမှာ သူနဲ့ဆော့ကစားရင်းနဲ့ပဲ သီတာရဲ့နေ့တွေကို အချိန်ကုန်စေတော့မယ်၊ မောင်တော်တို့သာ ခရီးဆက်ထွက်ကြပါတော့"

ရှည်လျားနက်မှောင်သော ဆံပင်တို့ကို ဆုပ်နယ်ရင်း ငိုကြွေးနေသည့် ချစ်သူအား မြင်နေရသည့် အတွက် ကျွန်ုပ်ရင်ထဲမှာလည်း လှိုက်လှဲလာသည်။ ရွှေသမင်ကို ကျွန်ုပ်ဖမ်းဆီး၍သာ ပေးလိုက်ချင်တော့သည်။

"အကိုတော် ဘာဖြစ်လို့လှုပ်ရှားလိုက်ရတာလဲ၊ ငြိမ်ငြိမ်နေပါ"

ဂမ္ဘီက ကျွန်ုပ်နားသို့ကပ်၍ သတိပေးလေသည်။

"မောင်တော်ပြောတာကို နားထောင်လိုက်ပါသီတာရယ်၊ အခု . . . "

"နားမထောင်ပါရစေနဲ့တော့ မောင်တော်၊ သီတာကို ထားခဲ့ပါတော့"

ပို၍ သည်းထန်စွာငိုကြွေးနေသော သီတာဒေဝီကို ငေးစိုက်ကြည့်လျက်ရာမသည် ဦးခေါင်းကို ခါယမ်းလိုက်ပြန်သည်။ ထို့နောက်သူသည် ဂူတွင်းသို့လှည့်၍တစ်စုံတစ်ခု ပြောလိုက်သည်။ ဂူတွင်းမှ လက္ခဏထွက်လာသည်။ လက္ခဏ၏လက်ထဲမှ လေးနှင့်မြားကို ရာမသည် လှမ်းယူလိုက်လေသည်။ဤလေးကား ကျွန်ုပ်ဘယ်တော့မှ မေ့မရနိုင်သော လေးဖြစ်သည်။ ရွှေရောင်လက်ကိုင် ရွှေနန်းများဖြင့် သွန်းခတ်ထားသည့် လေးညှို့အင်္ဂစန္ဒာလေး . . .။

ရာမသည် ကိုယ်တွင်မြားကိုတပ်လျက် ငင်လိုက်ပြီး သမင်ငယ်ရှိရာသို့ချိန်ရွယ်လိုက်သည်။

ဂမ္ဘီကိုယ်တိုင် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ကျွန်ုပ်က အစီအစဉ်များ ပျက်ပြီဟု ထင်မှတ်လိုက်တော့သည်။ သို့သော် ကျွန်ုပ်၏အချစ်သည် ကျွန်ုပ်၏အစီအစဉ်၌ အဆင်ပြေစွာ ပါဝင်လာပေသည်။

သီတာသည် လေးညှို့ငင်နေသည့် ရာမ၏လက်ကို ဖယ်လိုက်သည်။

"ချစ်စရာ ရွှေသမင်ကို သတ်ပြီး သီတာရဲ့ရင်ကို ကြေကွဲအောင်လုပ်မလို့လားမောင်တော်၊ ဒီလေးညို့ကို ပြန်လည်လျော့ချ၊ ဒီမြားကို ပြန်းသိမ်းပြီး ရွှေသမင်ကို အရှင်ဖမ်းပေးပါ၊ အယုဒ္ဓယနန်းတော်က ပန်းဥယျာဉ်မှာ ရွှေလှောင်အိမ်လေးတစ်ခု တည်ဆောက်ပြီး သူကလေးကို သီတာမွေးထားချင်တယ်"

ရာမသည် ညို့ကို ပြန်ချလိုက်ပြီး မြားကိုလည်း ကျည်တောက်အတွင်းသို့ပြန်ထည့်လိုက်ကာ ကျောပြင်တွင်သိုင်း၍လွယ်လိုက်လေသည်။ သီတာဒေဝီသည် ကြည်လင်သော မျက်နှာနှင့် နောက်သို့ဆုတ်လိုက်သည်။ တစ်ချိန်လုံးလှပကြော့ရှင်းစွာ ခုန်ပေါက်မြူးထူးနေခဲ့သော သမင်ငယ်သည် ဦးခေါင်းကို စောင်းငဲ့လျက် တက်ကြွဖျက်လက်စွာ ခြေစုံရပ်လိုက်လေသည်။ သီတာဒေဝီက ရာမ၏လက်ထဲသို့ တစ်စုံတစ်ခု လှမ်း၍ထည့်ပေးနေသည်။

"မောင်တော်၊ ဟောဒါက ဒီတဝိုက်က အနူးညံ့ဆုံး၊ အလတ်ဆတ်ဆုံးမြက်တွေပဲ၊ ရွှေသမင် လေးဟာ ဒီမြက်တွေကို မက်မောလွန်းလို့ ဒီနေရာကို လာရှာတာ၊ သူနှစ်ခြိုက်တဲ့ အစာကိုပြပြီး ဖြားယောင်းသွေးဆောင်လိုက်ရင် သူမောင်တော်ကို အနားကပ်ခံမှာ"

ဖြားယောင်းသွေးဆောင်လိုက်ရင် ... တဲ့။ တကယ်တော့ မင်းရဲ့ ရွှေသမင်ကသာ ဖြားယောင်း သွေးဆောင်နေတာကလား . . သီတာရယ်ဟု ကျွန်ုပ်စိတ်ထဲမှာ ရေရွတ်နေမိလေသည်။ ရာမသည် မြက်ပင်များကို လက်တွင် ဆုပ်ကိုင်လိုက်ပြီး ရွှေသမင်ရှိရာသို့ တရွေ့ရွေ့တိုးကပ်သွားလေသည်။ ရွှေသမင်သည် စိုးစဉ်းမျှသော လှုပ်ရှားမှုကို မပြုလုပ်ဘဲ သတိကြီးစွာရပ်ရင်းရာမကို စောင့်ဆိုင်းနေသည်။ အနီးသို့ရောက်သောအခါ ရာမသည် ကျန်လက်တစ်ဖက်ဖြင့် ရွှေသမင်၏ဦးချိုကို လှမ်းကိုင်လိုက်သည်။ ရွှေသမင်က ဦးခေါင်းကို လှပစွာယိမ်းနွဲ့၍ ရှောင်တိမ်းလိုက်သည်။ ရာမက ဘေးဘက်မှ လှည့်၍ဖမ်းလိုက်သောအခါ ရွှေသမင်သည် ခေါင်းကို နောက်သို့ယို့၍ ဆုတ်လိုက်သည်။ ဂမ္ဘီ၏အတတ်ပညာသည် လှပပြောင်မြောက်စွာ အသက်ဝင်နေပေသည်တကား။

သီတာဒေဝီထံမှ အားပေးသံလေးများ လွင့်ဝဲ၍လာသည်။ လက္ခဏကမူ ကျောက်ဂူအနီးရှိ ကျောက်တုံးကြီးပေါ်တွင်ထိုင်ရင်း အကဲခတ်နေလေသည်။ တိမ်းရှောင်နေသည့် ရွှေသမင် ကိုကြည့်ရင်း လက္ခဏသည် ကျောက်တုံးပေါ်မှ ခုန်ချလိုက်ပြီး ခြေများကို ချဲ့ကား၍ ရပ်နေသည်။ သူ့ဘက်သို့ရွှေသမင်ထွက်ပြေးလာလျှင် ဖမ်းဆီးပိတ်ဆို့ရန်ဖြစ်ပေမည်။ သို့သော်အစီအစဉ်အရ ရွှေသမင်သည် လက္ခဏရပ်နေသည့်ဘက်သို့ထွက်ပြေးမည်မဟုတ်ချေ။ ကျွန်ုပ်သည် ပြုံးလိုက်မိပေသည်။

ရာမသည် သမင်ကို စက်ဝိုင်းသဏ္ဌာန်လှည့်ပတ်၍ ဦးချိုကို ဖမ်းကိုင်ရန်အလစ်စောင့် နေလေသည်။ သို့သော် ရွှေသမင်လေးသည် ရာမကိုမိမိ၏နောက်ဘက် မျက်ကွယ်သို့ အရောက်မခံချေ။ အလယ်မှာရပ်ရင်းမျက်နှာချင်းဆိုင်ကျနေအောင် ရာမနှင့်အတူ လိုက်ပါလှည့် ပတ် နေလေသည်။ ရာမက လက်ယာရစ်မှ လက်ဝဲရစ်သို့ပြောင်းလဲလှည့်ပတ်လိုက်သောအခါတွင် ရွှေသမင်လည်း ထို့အတူလိုက်ပါလှည့်ပတ်နေသည်။

ထို့နောက်ရုတ်တရက် ခုန်၍ ရာမအား ကျော်လွန်ပြီး မလှမ်းမကမ်းတနေရာသို့ ရောက်ရှိ သွားပြန်သည်။ ဤတကြိမ်တွင်မူရွှေသမင်သည် ရာမကို အတွင်းဘက်၌ထား၍ ပြန်လည် လှည့်ပတ်နေလေသည်။ ရာမကမူ မြက်ပင်များကို မြှောက်ချီပြရင်း သမင်ငယ်၏ဦးချိုနှင့် အနီးဆုံးနေရာသို့ရောက်အောင် အားထုတ်နေလေသည်။ ကြမ်းကြုတ်သော ရွှေသမင်ခတ်ပွဲများကို ကြည့်ရစဉ်က မည်သို့မျှ ထိတ်လန့်တုန်လှုပ်ခြင်းမရှိခဲ့သည့် ကျွန်ုပ်သည် ထိုနူးညံ့သိမ်မွေ့ သောသမင်ဖမ်းပွဲကို ကြည့်ရင်း ရင်ဝယ်တထိတ်ထိတ်လှုပ်ခါနေသည်။ တခါတရံတွင် သူ၏ဝတ်ရုံစိမ်းကို ဖြန့်ကိုင်လျက် ရွှေသမင်ငယ်အပေါ် သို့ အုပ်မိုးချလိုက်သည်။ သို့သော်သူ၏ နောက်မှနေ၍ ရွှေသမင်သည် တိုးခွေ့လွတ်မြောက်လာသည်ချည်းဖြစ်သည်။ တခါတရံတွင်မူ ရာမသည် ဒေါသထွက်ဟန်ဖြင့် လက်မှ လေးကို ကိုင်မြှောက်လျက် ရိုက်ပုတ်လေသည်။ ထိုအခါများတွင် သမင်ငယ်သည် လေးကိုင်းအပေါ်မှ ကျော်လွှားခုန်ပေါက်လျက် ကျွမ်းကျင်စွာ တိမ်းရှောင်တတ်သည်။ ရာမက အဆက်မပြတ်ရိုက်ပုတ်သော်လည်း ထိုနေရာများ၌ ရွှေသမင်သည် မရှိတော့သည်ချည်းဖြစ်သည်။ ဤသို့ရှောင်တိမ်းခုန်ပေါက်ရင်းနှင့် သမင်ငယ်သည် တဖြည်းဖြည်း မြောက်ဘက်တောအုပ်အစပ်ဆီသို့ရောက်သွားသည်။ ရာမလည်း သမင်ငယ်နောက်မှ လိုက်ပါသွားသည်။ နောက်ဆုံးတွင် ရွှေသမင်နှင့် ရာမမင်းသားတို့သည် ကျွန်ုပ်၏မြင်ကွင်းမှ ပျောက်ကွယ်လျက် မြောက်ဘက်တောအုပ်အတွင်းသို့ နစ်မြုပ်ဝင်ရောက်သွားလေတော့သည်။

"ကိုင်း . . .အကိုတော်၊ နှမတော်တော့ တောအုပ်ချုံကွယ်တွေထဲက ပုန်းအောင်းလိုက်လာရင်း ရွှေသမင်ကို အမိန့်ပေးရမယ်။ နှမတော်နဲ့ ကင်းကွာသွားရင် ဒီသမင်ကို ရာမဟာ အလွယ်တကူ ပစ်ခွင်းသတ်ဖြတ်သွားနိုင်မှာ ဖြစ်တယ်။ အခုမြောက်ဘက်တောနက်ထဲကို ဖြားယောင်းခေါ် သွားတော့မယ်၊ အကိုတော်နေရစ်ခဲ့ပေတော့။ မြောက်ဘက်ဆီက အော်သံတွေကြားရလို့ လက္ခဏထွက်ခွာသွားတော့မှ အကိုတော် သီတာဒေဝီဆီသွားပါနော်၊ ပျော်ရွှင်စရာကောင်းတဲ့ လက်စားချေရေး အစီအစဉ်ကို တိတိကျကျလိုက်နာပါ။ကဲ နှမတော်သွားမယ်။ သီတာဒေဝီနဲ့အတူရှိနေမယ့် ဒသဂီရိဘုရင်မင်းမြတ်ကို လင်္ကာဒီပနန်းတော်မှာ ပြန်လည်တွေ့ဆုံမယ်နော်"

ဂမ္ဘီသည် ပြုံးရယ်နှုတ်ဆက်ပြီးနောက် တောစပ်ချုံပုတ်များကြားသို့ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

ဂမ္ဘီ၏အစီအစဉ်အရ ယခုအချိန်ဆိုလျှင် ဦးရီးတော်မာရဇ္ဇလည်း မြောက်ဘက်တောအုပ် ထဲတွင် အသင့်စောင့်နေပြီဖြစ်သည်။ ထိုအရပ်ဒေသမှ ထွက်ပေါ်လာမည့် ဆင်ရိုင်းအုပ် ကြီးအော်သံ၊ ခြသေ့ဟောက်သံ၊ သစ်ပင်ပြိုလဲသံများကို ကျွန်ုပ်နားစွင့်နေမိသည်။ ဂမ္ဘီ၏အစီအစဉ်သည် ချောချောမောမော ဖြစ်ပါမည်လောဟုလည်း ကျွန်ုပ်စိတ်မှာ တထင့်ထင့် ဖြစ်နေမိသည်။ ရာမမင်းသားတို့အားယခုကျောက်ဂူစခန်းတွင် တိုက်ခိုက်ပြီး သီတာဒေဝီကို ခေါ်ဆောင်သွားနိုင်ပါလျက် အဘယ်ကြောင့် လျှို့ဝှက်ရှုပ်ထွေးသော အစီအစဉ်ကို ကျွန်ုပ်လက်ခံမိသနည်းဟု တွေးတောမိသည်။ သို့သော် ကျွန်ုပ်၏နမတော် တရိဂမ္ဘီသည်သူ့အကို ဒသဂီရိကဲ့သို့ ပြင်းထန်သော စစ်သွေးစစ်မာန်တို့ကို ဆောင်လျက် လုပသော ကလဲ့စားချေမှုကို ပြုလုပ်ရန်ဆန္ဒပြင်းပြပေမည်ဟု ကျွန်ုပ်စဉ်းစားလိုက်သည်။ သူ၏ရွှေသမင်နှင့် သူ၏မိဂါသေနဂ်ပညာကိုလည်း မဖြစ်ဖြစ်အောင် အသုံးချချင်ပေလိမ့်မည်။

ကျွန်ုပ်သည် တောစပ်ချုံပုတ်နောက်ကွယ်တွင် ကျားသစ်တကောင်၏ငြိမ်သက်ခြင်းမျိုးဖြင့် တိုက်ပွဲ၏ဖြစ်ပေါ်လာမည့် အဆင့်များကို စောင့်စားနေမိသည်။ သီတာဒေဝီသည် ရေတံခွန်အနီးတွင်ရပ်၍ ရာမထွက်ခွာသွားရာ မြောက်ဘက်အရပ်ဆီသို့ စိတ်အားထက်သန်စွာ ငေးမျှော်နေလေသည်။ လက္ခဏကမူ ကျောက်ဂူဝတွင် တံခါးမှူးကိုယ်ရံတော် စစ်သည်တစ်ဦးကဲ့သို့ စောင့်ကြပ်နေသည်။ ကျရောက်လာတော့မည့် လှည့်စားမှုကို သူတို့မသိကြ။

ဤအခိုက်အတန့်ကာလဝယ် ကျွန်ုပ်၏အတွေးအလျှဉ်ထဲတွင်တိုက်ပွဲသေနင်ဗျူဟာသည် ပျောက်ကွယ်နေပြီ။ သီတာဒေဝီအား လက်ာဒီပသို့ခေါ်ဆောင်သွားသည့် လမ်းခရီး၌မည်သို့သော စကားများကို ပြောရမည်နည်းဟု စိတ်ကူးနေမိသည်။ ကြောက်ရွံ့ထိတ်လန့်မှုဖြင့် ကျွန်ုပ်၏အချစ်သည် မေ့မြောသွားလေမည်လား၊ တုန်လှုပ်ခြောက်ခြားစွာဖြင့် သူငိုကြွေးလေမည်လား။ မေ့မြောသွားသည်ဖြစ်စေ၊ ငိုကြွေးနေသည်ဖြစ်စေ၊ သီတာဒေဝီသည် လက်ာဒီပဘုရင်၏စစ်ရထားပေါ်၌ ပါရှိလာရပေတော့မည်။ ရန်သူ၏သွေးဖြင့်သာ လိမ်းကျံခဲ့ရသော ကျွန်ုပ်၏ရထားပေါ်တွင်အလှအပသည် ဖူးပွင့်ချေတော့မည်။ ကျွန်ုပ်၏ လှုပ်ခုန်သောရင်မှအသံကို သူတို့ကြားသွားမည်စိုးသဖြင့် ရင်ကိုလက်နှင့် အုပ်လိုက်မိသည်။

ရွှေသမင်ကို ပွေ့ပိုက်လျက် ရာမမင်းသား ပြန်လာမည်ကို တွေးရင်း သီတာဒေဝီသည် ပျော်ရွှင်နေဟန်တူသည်။ ထို့ကြောင့်သူ၏လုပဝင်းဝါသောမျက်နှာတွင် အပြုံးရိပ်တို့သီးပွင့်နေခြင်းဖြစ်သည်။ လက္ခဏ၌မူ တင်းမာသောမျက်နှာထားနှင့် ကျောက်ဂူဝ၌ မတုန်မလှုပ်စောင့်ကြပ်မြဲဖြစ်သည်။ သီတာဒေဝီသည် ရေတံခွန်အောက်ခြေ ကျောက်တုံးများကြားတွင် ပွင့်နေသည့် သစ်ခွပန်းများကို ခူးဆွတ်နေပေသည်။ အချို့ကို ရေအလျှဉ်ထဲသို့ ခြွေချမျှောပါစေသည်။ သီတာ၏လှုပ်ရှားဟန်အလုံးစုံတွင် အလှသည် တည်မှီကိန်းအောင်းနေသည်။

"ဒီသစ်ခွပန်းလေးလို မင်းကိုယ်တိုင်လည်း ကျုပ်ရဲ့ အချစ်ရေအလျှဉ်မှာ ဝေ့ဝိုက်မျောပါ . . . . "

ဆွတ်ပျံ့သော ကျွန်ုပ်၏ အတွေးစများအားလုံး အဆုံးမသတ်လိုက်ရချေ။

မြောက်ဘက်ဆီမှ ဆင်ရိုင်းအော်သံတစ်ခု ထွက်ပေါ်လာသည်။ ထို့နောက်ဆင်အုပ်ကြီး တစ်ခုမှ ဆင်ရိုင်းများ အော်သံ တစ်ခဲနက်မြည်ဟည်းလာသည်။ သစ်ပင်ကြီးများ ကျိုးကျသံနှင့် သစ်ပင်များပေါ်သို့ဆင်ရိုင်းအုပ်များ ဖြတ်ကျော် နင်းပြေးသံများလည်း ပေါ်လာသည်။

ခြသေ့ဟောက်သံ၊ ကျားဟိန်းသံများ။

ဦးရီးတော်မာရဇ္ဇသည် သူ၏ပဋ္ဌပက္ခသေနင်ဗျူဟာဖြင့် သစ်ပင်ကြီးများကို တဖြောင်း ဖြောင်းချိုးလျက် ဆင်ရိုင်း၊ ခြသေ့အော်သံများကို ဖန်တီးလိုက်ပေပြီ။ ဂမ္ဘီ၏အစီအစဉ်သည် တစ်ဝက်သို့ ချဉ်းနင်းဝင်ရောက်ပေပြီ။

သီတာဒေဝီသည် သစ်ခွပန်းများကို စွန့်ခွာလျက် ထိတ်လန့်ချောက်ချားစွာဖြင့် ကျောက်ဂူ ဆီသို့ ပြေးသွားလေသည်။ လက္ခဏသည် ကျောက်ဂူပေါ်သို့ ခုန်တက်လျက် မြောက်ဘက် တောအုပ်ဆီသို့မျှော်ကြည့်လိုက်သည်။ စိုးရိမ်ပူပန်ခြင်းအသွင်ကို သူတို့၏မျက်နှာပေါ်၌ ကျွန်ုပ်ထင်ရှားစွာတွေ့မြင်နေရသည်။

ထို့နောက် သီတာဒေဝီသည် သူ၏မတ်တော်မောင် လက္ခဏအား တစ်စုံတစ်ခု ပြောဆိုလျက် မြောက်အရပ်ဆီသို့လက်ညိုးညွှန်ပြသည်။ မှော်ရုံဟေဝန်တစ်ခုလုံး အုံးအုံးကျွက်ကျွက် မြည်နေသော အသံများကြောင့် သူတို့၏စကားသံများကို ကျွန်ုပ်မကြားရချေ။ ကလဲ့စားချေမှု၏ ပရိယာယ်အတွင်းသို့ သက်ဆင်းကြောက်ရွံ့နေသည့် သီတာဒေဝီကိုကြည့်ရင်း ကျွန်ုပ်သည် ကျေနပ်ဝမ်းမြောက်နေမိသည်။

လက္ခဏသည်ကျောက်ဂူထက်မှ သီတာဒေဝီရှေ့သို့ခုန်ဆင်းလိုက်ပြီး ဒူးထောက်လိုက်သည်။

သီတာဒေဝီက မြောက်ဘက်အရပ်ဆီသို့ လက်ညိုးညွှန်ရင်း တတွတ်တွတ်ပြောနေသည်။ လက္ခဏဦးခေါင်းကို အတွင်သာယမ်းရင်းပြန်ပြောနေသည်။

ရာမအား တောဆင်ရိုင်းနှင့် ခြင်္သေ့များ အန္တရာယ်မှ လွတ်မြောက်အောင် အကူအညီပေးရန် မြောက်အရပ်သို့ လိုက်သွားခြင်းမှ လွဲ၍ အခြားမဖြစ်နိုင်။ လက္ခဏငြင်းပယ်နေခြင်းဖြစ်သည်။ သင်းဘာကြောင့်ငြင်းပယ်နေသနည်း။ အစီအစဉ်အရ သင်းပါ သူ့အကိုနောက်လိုက်သွားပြီးမှ ကျွန်ုပ်သီတာကို ခေါ်ဆောင်သွားရမည်။ ကျောက်ဂူဝသို့ ကျွန်ုပ်ကြည့်လိုက်သည်။ အာရိယန် စစ်သည်များ တစ်ဦးတစ်ယောက်မှ ထွက်မလာကြ။ ဤမော်ရိုဟေဝန်တွင် အခြားမည်သူမျှမရှိ။ သူတို့နှင့် အတူ စစ်သည်ရဲမက်များ မပါကြ။

ခေါင်းကိုခါယမ်း၍ လိုက်ရန်ငြင်းပယ်နေသော လက္ခဏကိုကြည့်ရင်း ကျွန်ုပ်သည်းမခံနိုင် အောင်ဖြစ်လာသည်။ ဒသရဍ္ဍဘုရင်၏သာငယ် ဤမင်းသားကို သတ်ဖြတ်၍ သီတာကို ခေါ်သွားတော့မည်ဟု စိတ်ကူးလိုက်မိသည်။ ဂမ္ဘီ၏အစီအစဉ်အတိုင်း ရှိချင်ရှိစေတော့။ ဤအချိန်တွင် သီတာကို ခေါ်ဆောင်ရန်မှ အပ အခြားမည်သည့် သေနင်္ဗျူဟာ ပရိယာယ်မှ အရေးမကြီးတော့ပြီ။

သို့သော် ကျွန်ုပ်တောစပ်အပြင်သို့ ခုန်ထွက်လုဆဲဆဲမှာပင် အခြေအနေ ပြောင်းလဲသွား ပေသည်။ သီတာဒေဝီသည် မည်ကဲ့သို့သော အမိန့်အာဏာကို အသုံးပြုလေသည် မသိ။ လက္ခဏသည် သူ၏ဓားကို ဆွဲကိုင်လျက် ဒူးထောက်နေရာမှ ထလိုက်သည်။ မြောက်အရပ်သို့ မျှော်ကြည့်လိုက်သည်။ ထို့နောက်သူသည် သီတာဒေဝီကို မှာကြားသတိပေးဟန်ဖြင့် ရေရွတ်ပြောဆိုပြီး ဂူတွင်းသို့ဝင်ရောက်ရန် လက်ညိုးညွှန်ပြလေသည်။ သီတာသည် ကျောက်ဂူတွင်းသို့ဝင်ရောက်သွားသည်။ လက္ခဏသည် ကျောက်တုံးကြီးများကို သယ်ယူလာပြီး ကျောက်ဂူဝကို ပိတ်ဆို့လေသည်။

"သြော် . . . မရီးတော်ကို ဘေးအန္တရာယ်တို့ လုံခြုံအောင် စီစဉ်နေသည်ကိုး"

ကျွန်ုပ် ပြုံးလိုက်မိသည်။

ဒသဂီရိကို သီတာဒေဝီထံမလာနိုင်အောင် ဟိမဝန္တာတောင် တစ်ခုလုံးနှင့် ဆို့ဆီးစေဦးတော့ . . .

ဆင်ရိုင်းအော်သံ၊ ခြင်္သေ့ဟောက်သံများနှင့် သစ်ပင်ပြိုလဲသံများက ပို၍ကျယ်လောင် လာသည်။ လက္ခဏသည် ကျောက်ဂူဝသို့ကျောက်တုံးများဆင့်၍ ပိတ်ဆို့ပြီး မြောက်အရပ် သို့တဟုန်ထိုးပြေးထွက်သွားလေပြီ။

ကျွန်ုပ်သည် တောစပ်ချုံပုတ်မှ ခုန်ထွက်လိုက်သည်။ ရေတံခွန်စမ်းအတိုင်း ကျောက်ဂူဝ ဆီသို့ ချဉ်းကပ်သွားလိုက်သည်။ ဦးရီးတော်မာရဇ္ဇ၏ ဖန်တီးမှုကြောင့် မြောက်အရပ်ဆီမှ ထွက်ပေါ်လာသော အသံနက်ကြီးများသည် ကျွန်ုပ်၏နှလုံးသည်းပွတ်မှ ကောင်းချီးပေးသံလောက် ကျယ်လောင်မည်မဟုတ်ချေ။

ကျောက်ဂူဝသို့ကျွန်ုပ်ရောက်ပေပြီ။

လက္ခဏပိတ်ဆို့ထားခဲ့သော ကျောက်တုံးများကို ကျွန်ုပ်မုန်းတီးစွာ ဖြင့် တွန်းလှဲဖြိုဖျက် ချလိုက်သည်။ ကျောက်တုံးများသည် ကျွန်ုပ်၏လက်ဝယ် ငှက်တစ်ကောင်၏ အသိုက်သဖွယ်ဖြစ်သွားချေသည်။

ကျောက်ဂူဝပွင့်သွားပြီ။

ချစ်ခြင်းမေတ္တာ၏ အကျဉ်းလှောင်အိမ်လည်း . . .

သီတာဒေဝီသည် အတွင်းဘက်မှနေ၍ ဂူဝသို့ပြေးလာသည်။

"သီတာ . . ဒေ . . ဝီ . . "

သူ့နှုတ်ခမ်းလွှာများ ပွင့်အာသွားသည်။ လုပသော မျက်နှာတွင် ဘော်ငွေရောင်သန်းသွားသည်။ ရွှန်းမြသော မျက်ဝန်းများ ဝိုင်းစက်သွားသည်။

"လင်္ကာဒီပဘုရင် ဒသဂီရိပါ သီတာဒေဝီ"

ကျွန်ုပ်သည် အချစ်၏ထံပါးသို့ တရွေ့ရွေ့ချဉ်းကပ်သွားလိုက်သည်။ ထိတ်လန့်နေသော သီတာဒေဝီ၏အလှသည် နောက်သို့တရွေ့ရွေ့ဆုတ်သွားသည်။

"မကြောက်ပါနဲ့ သီတာဒေဝီ၊ ကျုပ်ဒသဂီရိပါ၊ မိထိလာလေးတင်ပွဲမှာ အသားဝါဘုရင်တစ်ရာတို့ကို စစ်ကြေငြာပြီး မင်းရဲ့အချစ်ကို တောင်းခံဖို့လာခဲ့တဲ့သူပါ။ မော်ရိုဟေဝန်ဟာ ကျုပ်ရဲ့ပိုင်နက်ပါ၊ မော်ရိုဟေဝန်ထဲက ဒီကျောက်ဂူကိုလည်း ကျုပ်ပိုင်ပါတယ်။ ဒီကျောက်ဂူထဲက မင်းကိုလည်း ကျုပ်ပိုင်ဆိုင်နေပါပြီ။ ကျုပ်နဲ့အတူ လင်္ကာဒီပကို လိုက်ခဲ့ပါ။ ဒြာဝိဒ်ယန်မျိုးနွယ်စုပေါင်းများစွာရဲ့ သခင်မအဖြစ်ခံယူဖို့ ကျုပ်နဲ့အတူ လင်္ကာဒီပနန်းတော်ကိုလိုက်ခဲ့ပါ။ ဒီအခြေအနေကို ဆိုက်ရောက်ဖို့ကျုပ်လုပတဲ့ သေနင်္ဗျူဟာတွေ အသုံးချခဲ့ရပါတယ်။အမှန်တော့ သေနင်္ဗျူဟာအားလုံးရဲ့ဦးတည်မှုဟာ မင်းပဲဖြစ်ပါတယ် သီတာဒေဝီ"

ခြေတစ်လှမ်းပြီးတစ်လှမ်း တရွေ့ရွေ့တိုးသွားသည်နှင့်အမျှ ကျွန်ုပ်၏အချစ်များ သူ၏နှလုံးအတွင်းသို့ ဝင်ရောက်သွားစေရန်စကားလုံးများကို တစ်လုံးချင်းရေရွတ်သွားသည်။ သီတာဒေဝီသည် နောက်သို့ တဖြည်းဖြည်းဆုတ်သွားသည်။ ကျောက်ဂူနံရံသို့ သူကပ်မိသွားသည်။ ထပ်မံ၍နောက်ဆုတ်ရန်မရှိတော့။ ရပ်တန့်သွားသော

သူ့ထံသို့ ဆက်လက်တိုးဝင်သွားရန်မစွမ်းသာဘဲ ကျွန်ုပ်ခြေထောက်များသည် ရောက်ရှိသည့်နေရာတွင် စွဲမြဲစွာ ရပ်သွားကြလေသည်။ တောင်ဆယ်လုံးကို တစ်ခုပြီးတစ်ခု ခုန်လွှားလျက်တောင်ကလပ်မှ မြွေဟောက်ကြီးများရှိရာသို့ တဟုန်ထိုးပြေးဝင်ခဲ့သော ဒသဂီရိ၏ခြေထောက်များသည် အဘယ်ကြောင့် ရပ်တန့်နေသော အလှရှိရာသို့ ဆက်လက်မရွေ့ရှားရသလဲ။ ကျွန်ုပ်သည် မိမိကိုယ်မိမိ မနှစ်မြို့နိုင်ဖြစ်နေသည်။

အချစ်၏နူးညံ့သိမ်မွေ့မှုဆိုသည်ကား . . . . ဤအရာပင်လား။

နူးညံ့သိမ်မွေ့မှုဆိုလျှင် အချစ်မဖြစ်နိုင်။ အချစ်တွင်လည်း ရဲရင့်ပြတ်သားရမည်။ ခက်ထန်ကြမ်းတမ်းရမည်။ ကျွန်ုပ်သည် ရှေ့ကိုဆက်တိုး၍ ချစ်သူ၏လက်ကို ဖမ်းယူလိုက်သည်။ သီတာဒေဝီသည် ချောက်ချားစွာ တိမ်းရှောင်ပြီး ဘေးဘက်သို့တရွေ့ရွေ့သွားနေပြန်သည်။

"မင်းဘယ်လိုပဲ ရွေ့လျားရွေ့လျား ဒီကျောက်ဂူရဲ့ အပြင်ကို မရောက်နိုင်ဘူး သီတာဒေဝီ။ မင်းရဲ့ရွေ့လျားမှုမှန်သမျှဟာ ကျုပ်ရဲ့လက်အစုံအတွင်းဆီသာဖြစ်ရတော့မယ်။ လှုပ်ရှားထွက်ပြေးဖို့ ခွန်အားကို အသုံးမပြုပါနဲ့၊ ခွန်အားဆိုတာ အလှအပနဲ့ မသက်ဆိုင်တဲ့ အရာဖြစ်ပါတယ်။ မင်းအနေနဲ့ အလှအပကိုသာ ဆင်မြန်းထားပါသီတာဒေဝီ၊ ခွန်အားကို မဆောင်ပါနဲ့၊ ဆောင်ရင်လဲ အချည်းအနှီးပဲ ဖြစ်ပါလိမ့်မယ်။ ခွန်အားနဲ့ ဘုန်းလက်ရုန်းဆိုတာ ကျုပ်ပိုင်ဆိုင်တဲ့အရာဖြစ်တယ်။ မင်းပိုင်ဆိုင်တာက အလှ၊ ဒါကြောင့်မင်းဟာ ကျုပ်ကို လက်ခံသဘောတူညီခြင်းအားဖြင့် ခွန်အားကိုပါ ပိုင်ဆိုင်နိုင်ပါလိမ့်မယ်၊ ခွန်အားရှိထားတဲ့ကျုပ်ကတော့ အလှအပကိုပိုင်ဆိုင်ဖို့ မင်းကို လက်ာဒီပကို ခေါ်သွားရလိမ့်မယ်၊ ဒါဟာ ခွန်အားနဲ့ အလှအပတို့ရဲ့ ထိုက်တန်သော ဆက်စပ်မှုပဲ၊ သီတာဒေဝီ . . .ကျုပ်ပြောတာ နားလည်တယ်မဟုတ်လား"

သီတာဒေဝီသည် ကျွန်ုပ်ကို ကျော်လွှန်၍ ကျောက်ဂူအပြင်ဆီသို့ကြည့်လိုက်ပြန်သည်။

ကျောက်ဂူ၏အပြင်မှာ မော်ရုံဟေဝန်၏ မြောက်အရပ်တွင်မူ ဒသရဣဘုရင်၏ သားတော်နှစ်ယောက်တို့သည် ဦးရီးတော်နှင့် နှမတော်တို့၏ ပရိယာယ်၌ စုန်းစုန်းနစ်မြုပ်နေကြချေပြီ။

"ကျောက်ဂူရဲ့ အပြင်ဘက်လား သီတာဒေဝီ၊ အဲဒီမှာ ရေတံခွန်စမ်းချောင်းနဲ့ မင်းမျှောခဲ့တဲ့ သစ်ခွပန်းလေးတွေပဲရှိမယ်၊ မင်းမျှော်လင့်နေသူများကတော့ ထူးဆန်းတဲ့ တောဆင်ရိုင်းကြီးတစ်ကောင်ရဲ့ လက်ထဲမှာ မိနေလောက်ပြီလေ ဟား . . . ဟား . . .ဟား . .. "

ထူးဆန်းတဲ့ တောဆင်ရိုင်းကြီးတစ်ကောင်ဟူသော ကျွန်ုပ်အသုံးအနှုန်းကို မိမိကိုယ်မိမိ သဘောကျလှသဖြင့် ကျွန်ုပ်ရယ်မောမိတော့သည်။ကျွန်ုပ်၏အောင်ပွဲခံရယ်မောသံသည် ကျောက်ဂူအတွင်း ဟိန်းသွားလေတော့သည်။

သီတာဒေဝီမှာ ယခုထိကျွန်ုပ်အား စကားတစ်လုံးမှ ပြန်မပြောအော်ဟစ်ခြင်းလည်းမရှိ။ မော်ရုံဟေဝန်၏ ကျောက်ဂူအတွင်း ဤအဖြစ်သနစ်များကို ရင်ဆိုင်လိုက်ရသည့်အတွက် သူ၏ကြောက်လန့်ခြင်းသည် သူ၏အသံကို ဖုံးလွှမ်းသွားရှာပေလိမ့်မည်။ ကြောက်ရွံ့တုန်လှုပ်မှုထဲမှ အလှ။

"လာပါသီတာဒေဝီ၊ ကျုပ်နဲ့အတူ လက်ာဒီပကို သွားကြစို့"

သူ့လက်ကို ကျွန်ုပ်ဆွဲယူလိုက်သည်။

ထိုအခါမှပင် သီတာဒေဝီသည် ရုန်းကန်းပေတော့သည်။ ဒသရီဝလက်ဖြင့် ဆုပ်ကိုင်မိသမျှ ဘယ်အရာမှ ပြန်၍ လွတ်သွားသည်မရှိပေ။

"မရုန်းနဲ့ သီတာဒေဝီ။ အချည်းနှီးပဲ၊ အချည်းနှီး . . . "

"သွား . . .သွား . .. ဘီလူးလိုခက်ထန်တဲ့ . . "

"ဘာ . . "

သူ့နှုတ်မှ ပထမဆုံးစကားတစ်လုံး ကျယ်လောင်စွာထွက်ပေါ်လာသည်။ ထိုစကားသည် ကျွန်ုပ်အတွက် ဒုတိယအကြိမ်ကြားရသော စကားလုံးဖြစ်သည်။ ကျောက်ဂူကြီးကျွန်ုပ်အပေါ်သို့ ပြိုကျလာသလို ကျွန်ုပ်တုန်လှုပ်ရသည်။ ချောက်ချားစွာဖြင့်ကျွန်ုပ် လွှတ်လိုက်မိသည်။

ကျွန်ုပ်၏မျက်လုံးများ မီးဝင်းဝင်းတောက်နေသည်ဟု ထင်သည်။ ဤစကားမှန်သည်။ ကျွန်ုပ်၏မျက်လုံးအစုံမှ နာကြည်းမှု ဒေါသမီးလျှံ၏ အပူကြောင့် လုပသောပန်းပွင့်သည် ရုတ်ချည်းညှိုးလျော်ခွေကျသွားလေသည်။မေ့မြောသွားသော သီတာဒေဝီကို ပွေ့ချီလျက် ကျွန်ုပ်ကျောက်ဂူအပြင်ဘက်သို့ ထွက်ခဲ့သည်။ စစ်မြင်းဆယ်ကောင်က ရထားရှိရာသို့ လာခဲ့ပြီး ခုန်တက်လိုက်သည်။ မော်ရုံဟေဝန်မှ တောဆင်ရိုင်းအော်သံနှင့် သစ်ပင်ပြိုလဲသံများ ဝေး၍ ကျန်ရစ်ခဲ့လေသည်။

## အခန်း (၇)
## အချစ်နှင့် အမုန်း

သည်ချစ်ကြိုးသွယ် . . ဘယ့်နယ်ဘန် . . .
ဥာဏ်စေလို့ . . ဖြေပမယ်လဲ . . .စောပြန်မိယောင် . ..
မယ့်မောင်ကြင်တဲ့ .. သွင်မညိုငယ်မှာ . .. .
သည်ကိုယ့်ဖြစ်နဲ့ . .... .
(ညင်းလေကသွေး .. ပတ်ပျိုး)

လင်္ကာဒီပ နန်းတော်သို့ရောက်သည်အထိ သီတာဒေဝီသည် သတိပြန်မရလာပေ။

နန်းမြို့ရိုးမုခ်ဝတွင်ကြိုဆိုနေသည့် ဘိဘိသနကို အကျိုးအကြောင်းမပြောနိုင်သေးဘဲ ကျွန်ုပ်သည် စက်ရာဆောင်လှေကားရင်းအထိတစ်ဟုန်ထိုးမောင်းနှင်လာခဲ့သည်။ သီတာဒေဝီကို စက်ရာဆောင်သို့ပွေ့ချီခဲ့ပြီး ကျွန်ုပ်၏သမားတော်ကြီး ကိုချက်ချင်းခေါ်ယူကာ သီတာဒေဝီကိုသတိပြန်ရအောင်ကုသရန် အမိန့်ပေးလိုက်သည်။

"ဟိမဝန္တာက ခံယူထားတဲ့ နှင်းရည်တွေအားလုံး ကုန်ချင်ကုန်ပစေ၊ သူ့ကို သတိအမြန်ရအောင်ကုစမ်း မုလိန္ဒ၊ ငါမျှော်လင့်ထားတဲ့ အချိန်ထက်ကြာသွားရင် မင်းကို ဂမ္ဘီရဲ့ သားရဲတွင်းထဲ ပစ်ချမယ်၊ သွားစမ်းမြန်မြန်"

သမားတော် မုလိန္ဒသည် စက်ရာဆောင်အတွင်းသို့ ဝင်သွားသည်။

"ဟေ့သားတော် မေဃနာဒရဲ့ ကိုယ်လုပ်တော်အဖြစ်ရွေးချယ်ထားတဲ့ ကညာစစ်စစ်တွေလာကြစမ်း၊ ဆယ်ယောက် ... ဆယ်ယောက်လာစမ်း၊ သွားနင်တို့မလိုချင်ဘူး၊ ငါ . . ဂမ္ဘီရဲ့ ရံရွေတော်တွေကို ခေါ်တာမဟုတ်ဘူး၊ ဒီလောကအရုပ်ဆိုးအကျည်းတန် အသွင်အပြင်တွေကို ခေါ်တာမဟုတ်ဘူး၊ ဒီလောကအရုပ်ဆိုးအကျည်းတန် အသွင်အပြင်တွေကို သတိပြန်လည်လာမယ့် သီတာဒေဝီရှေ့ ငါကထုတ်ပြရမှာလား . . သွား၊ နင်တို့မြင်ရင် သီတာဒေဝီ ပြန်ပြီးမေ့မြောသွားလိမ့်မယ်"

ဂမ္ဘီ၏ရံရွေတော်များသည် စစ်စစ်လင်္ကာဒီပတွင် အလှဆုံးဒြာဝိဒိယန်သူများ ဖြစ်ကြသည်။ သို့သော် ဂမ္ဘီ၏အဆောင်မှလာလျှင် သူတို့၌သမင်သွေးနံ့များကပ်ပါလာကြလိမ့်မည်။

"အေး . . ဟုတ်ပြီ၊ ဆယ်ယောက်၊ လေးယောက်က သီတာဒေဝီအနားမှာနေ၊ သတိပြန်ရလာရင် သူခိုင်းတာအလိုရှိတာ အကုန်လုပ်ပေး၊ဟေ့ . . သူကမခိုင်းစေနဲ့ နင်တို့ဘာသာ အားလုံးအဆင်သင့်ပြုစု၊ သုံးယောက်က စက်ရာဆောင်ရဲ့တံခါးဝမှာစောင့်၊ ကျန်တဲ့သုံးယောက်က အကောင်းဆုံးဝတ်စားတန်ဆာဝတ်ဆင်ပြီး အနားမှာနေကြ၊ နင်တို့ကြောင့် သီတာဒေဝီ အထိတ်တလန့်ဖြစ်ရရင် နင်တို့ကို သားတော်မေဃနာဒဆီပြန်မပို့ဘူး၊ ရဲမက်ရင်ပြင်က လှံတံလေ့ကျင့်တဲ့စက်ဝိုင်းတွေမှာ ချိတ်ဆွဲပစ်မယ်၊ နားလည်လား"

"ဟေ့ အဆောင်တော်ဝန် လာစမ်း၊ ဟောဒီလေသာဆောင်မှာ ရွှေခြည်ဖောက်ပဝါတွေနဲ့ ကာလိုက်စမ်း၊ သလွန်ရဲ့နောက်ဘက်မှာ အကောင်းဆုံးဥဒေါင်းတောင်တွေကို ဖြန့်ကြက်ထားလိုက်၊ ပြီးတော့လေသာဆောင်ရဲ့ မျက်နှာဝမှာ ပုလဲကြိုးတွေသွယ်တန်း ကျနေပေစေ၊ ပြီးတော့ ဂန္ဓမာလာဥယျာဉ်က သစ်ခွပန်းမှန်သမျှ ဒီကိုယူလာခဲ့၊ ဒါတွေအားလုံး သီတာဒေဝီသတိပြန်မရမီမှာပြီးအောင် လုပ်ထားကြားရဲ့လား"

သီတာဒေဝီနှင့် ကျွန်ုပ်နှစ်ကြိမ်သာဆုံရပေသည်။ မိထိလာလေးတင်ပွဲနှင့် မော်ရှီဟောဝန် ကျောက်ဂူစခန်း၊ ဤနှစ်ကြိမ်၏နေရာနှစ်ခုမှ သီတာဒေဝီနှစ်ခြိုက်သောမြင်ကွင်းများကို ကျွန်ုပ်စုံလင်အောင်ဖန်တီးရပေမည်။

"ငါအမိန့်ပေးထားတဲ့လူတွေကလွဲပြီး ကျန်တဲ့သူတွေအားလုံးဒီနေရာကထွက်သွားကြစမ်း၊ မသက်ဆိုင်တဲ့သူတွေထဲက တစ်စုံတစ်ယောက်ကြောင့် သီတာဒေဝီ အနှောက်အယှက်ဖြစ်သွားရင် အဲဒီလူကို စစ်မြင်းဆယ်ကောင်ကရထားနဲ့ သံချွန်ဘီးတွေနဲ့ ..."

"နောင်တော်ဘုရင်မင်းမြတ်"

ဘိဘိသနသည် စက်ရာဆောင်ဝသို့ရောက်လာသည်။ ညီတော်၏မျက်နှာမှာ သွေးဆုပ်ဖြူရော်နေသည်။ သူသည်နှုတ်ခမ်းများကို အားယူ၍လှုပ်ရင်းခြောက်သွေ့သော အသံဖြင့်ဆက်ပြောလေသည်။

"ဦးရီးတော်နဲ့ ဂမ္ဘီတို့ ရောက်လာကြပြီ"

"သြော်ဟုတ်ပေသားပဲ"

သတိမရသေးသည့်ချစ်သူကြောင့် ကျွန်ုပ်သည် လင်္ကာဒီပနန်းတော်၌ပြန်ဆုံကြရမည့် ဦးရီးတော်နှင့်နှမတော်တို့ကို မေ့လျော့သွားမိပေသည်။ ဂမ္ဘီသည်သူ၏အကျဉ်းသားများကိုဖမ်းဆီးလျက် သီတာဒေဝီနှင့်တကွသော ကျွန်ုပ်ကို တွေ့ဆုံကောင်းချီးပေးရန်ရောက်ရှိလာပေပြီ။

"ဟိုအာရိယန်အကျဉ်းသားတွေကို ထားခဲ့ပြီး ဦးရီးတော်နဲ့ ဂမ္ဘီကို လာခဲ့ဖို့ပြောလိုက် ဘိဘိသန"

"သူတို့ဒီကို လာတာထက်နောင်တော်ဘုရင်မင်းမြတ်က နန်းတော်ခန်းမဆီလာရောက်ရင်ပိုကောင်းပါလိမ့်မယ် နောင်တော်"

ညီတော်ဘိဘိသနသည် ထိမျှလောက်သောစကားကိုပြောပြီးနောက်အားအင်ကုန်ခမ်းသွား သကဲ့သို့ နန်းတိုင်ကို လက်ဖြင့်ဖမ်းယူဆုပ်ကိုင်လိုက်သည်။ ဘိဘိသနက အစဉ်အမြဲနွမ်းနယ်နေသူပင်တည်း။

"အေး ဒါပိုကောင်းတာပေါ့၊ ဒီမှာသီတာဒေဝီမေ့မြောနေတယ်လေ၊ တိုက်ပွဲကြောင့်မောပန်းလာပြီး မော်ရှီဟောဝန်ရဲ့အငွေ့အသက်တွေပါလာမယ့် သူတို့ကိုဒီနေရာခေါ်ခဲ့တာ မကောင်းပေဘူး၊ ငါလာမယ်"

ကျွန်ုပ်သည် စက်ရာဆောင်ထဲမှ ထွက်၍ နန်းဆောင်ခန်းမဆီသို့လာခဲ့သည်။ ယခုထိ စက်ရာဆောင်တံခါးတွင်မှီရပ်နေသည့် ဘိဘိသနရှေ့မှ ဖြတ်ခဲ့သည်။ ဦးရီးတော်မာရဇ္ဇ၏ကြီးမားသော ရင်အုပ်ကြီးကိုတဝုန်းဝုန်းထုနှက်လျက် သူ့ကိုကောင်းချီးပေးရပေမည်။ နှမတော်ဂမ္ဘီအတွက်မူကား ...

နှမတော်ဂမ္ဘီနှင့်ရွှေသမင်မူကား၊ တစ်စင်းတည်းသောမြားတံ၏ ဖောက်ထွင်းစွဲဝင်မှုတွင် တံစို့ကင်ထားသကဲ့သို့ပင်။ ဒုသနှင့်ခရတို့သွေးမြေကျခဲ့သောနေရာမှာပင် သမင်ငယ်နှင့် ဂမ္ဘီတို့၏သွေးများလည်း ယိုစီးအိုင်ထွန်းနေကြပြီ။ သမင်ငယ်နှင့် သွေးနှင့် ဂမ္ဘီ၏သွေးတို့သည် ရောထွေးနေပြီ။

"တ . . .ရိ . . .ဂမ္ဘီ နင်ဘယ်လိုဖြစ်ရတာလဲ"

ကျွန်ုပ်သည် သူတို့လဲကျနေရာသို့ တစ်ဟုန်ထိုးပြေးသွားပြီး ဂမ္ဘီကို ပွေ့လိုက်သည်။ သမင်ငယ်သည် အသက်ကုန်နေချေပြီ။

"ဂမ္ဘီ . .ဂမ္ဘီ နှမလေး"

ဂမ္ဘီ၏ မှိတ်နေသောမျက်လုံးအစုံတို့ ဖြည်းညင်းစွာပွင့်လာသည်။

"သီတာဒေဝီ ရောက်နေပြီမဟုတ်လားအကိုတော်"

" . . . . . "

"နှမတော်ကျေနပ်တယ်၊ အကိုတော်အတွက်သူ့ကိုခေါ်လာနိုင်ခဲ့တယ်၊ ဒါပေမယ့် ရန်သူတွေပါမလာဘူး"

"သင်းတို့ ဘယ်မှာလဲ ဂမ္ဘီ"

"ကိသကိန္ဒာပြည်ဘက် သွားကြပြီ၊ ရာမနဲ့လက္ခဏ"

"နင်တို့ဘယ်လိုဖြစ်ရတာလဲ ဂမ္ဘီ၊ နင်ဘယ်လိုဖြစ်ရတာလဲ ... နင်ဘယ်လိုဖြစ်ရတာလဲ ..."

"ရာမကိုမြောက်ဘက်တောအုပ်ဆီခေါ်လာခဲ့တယ်၊ ဦးရီးတော်ရဲ့အစွမ်းဟာ အံ့မခမ်းပဲ၊ဒါပေမယ့် သင်းသိသွားတယ်၊ လေးနဲ့မြားထုတ်ပြီး . . ."

ဂမ္ဘီ၏မြားဒဏ်ရာမှ သွေးများ နောက်ထပ်မထွက်လာတော့ချေ။ သူမျက်နှာသည် ကျောက်သလင်းစားပွဲကဲ့သို့ ဖြူဖွေးလာသည်။ နှုတ်ခမ်းများက ပဒ္မတခံတပ်ပံစံယ်ရွှံစေးများလို မည်းပြာလာကြသည်။

"ရန်သူများကို ခေါ်မလာနိုင်လို့ နမတော်ကိုခွင့်လွှတ်ပါ။ ဒါပေမယ့် ..."

ထိုခဏ၌ မယုံကြည်နိုင်စရာကောင်းလောက်အောင် ထူးခြားသောအဖြစ်အပျက်များဖြစ်ပျက်သွားခဲ့ပေသည်။ ဂမ္ဘီသည် စူးဝင်နေသောမြားတံကို အလုံးစုံကျွတ်ထွက်သွားအောင်ဆွဲနုတ်လိုက်သည်။ ဒဏ်ရာမှ နောက်ဆုံးသွေးများအန်ကျလာသည်။ သွေးတို့ကုန်ခန်းနေပြီဖြစ်သောသူ၏ခန္ဓာသည် လဲကျနေရာမှ ယိမ်းယိုင်၍ထလာသည်။ အရောင်အသွေးဆုတ်နေပြီဖြစ်သည့် မျက်လုံးများသည် အံ့သြဖွယ်ရာစူးရှတောက်ပြောင်လာပြီး ကျွန်ုပ်ကို ဖောက်ထွင်းမတတ် စူးစူးဝါးဝါးကြည့်လိုက်သည်။ ဤမျက်လုံးများကား ဒသမပဗ္ဗတမှ ကျွန်ုပ်ဆင်းသက်လာစဉ် ၊အသုရာမင်း၏စစ်ရထားကိုမောင်းနှင်ပြီး ပြန်ဆိုက်ရောက်စဉ်၊ အသုရာမဃစစ်ပွဲအပြီး ကျွန်ုပ် လက်ာဒီပသို့ပြန်ရောက်စဉ်အခါများ သူ၏အကိုကျွန်အားလေးမြတ်ကြည်ညိုစွာ စူးစိုက်ကြည့်ခဲ့သော တရိဂမ္ဘီ၏မျက်လုံးများပင်တည်း။

''လက်ာဒီပဘုရင်မင်းမြတ် ဒြာဝိဒိယန်သွေးထဲမှာ နမတော်ရဲ့ဝိဥာဉ်လှည့်ပတ်ခိုအောင်းနေမယ်၊ ရန်သူကိုလက်စားချေပါ၊ အာဂိယန်တွေကိုတိုက်ခိုက်မောင်းနှင်ပါ၊ လက်ာဒီပအ . . . ခွန့်ရှည်ပါစေ"

တရိဂမ္ဘီသည်ပဗ္ဗတပုံစံယ် ကျောက်သလင်းစားပွဲပေါ်သို့ လဲကျသွားလေသည်။ သွေးခြင်းခြင်းနီနေသော သူ၏လက်သည် ညီတော်ဘိဘိသနဆောက်လုပ်သည့် နဝမပဗ္ဗတတောင်နှင့် ဒသမပဗ္ဗတတောင်ကြား ခံတပ်ပုံစံယ်အား တင်းကျပ်စွာဆုပ်ကိုင်ထားပေသည်တကား . . .

"ဂမ္ဘီ ..."

"ဂမ္ဘီ ..."

ကျွန်ုပ်နှင့် ညီတော်ဘိဘိသန၏အော်သံနှစ်ခု ကျယ်လောင်စွာထွက်ကျလာသည်။ လက်ာဒီပဘုရင် ဒသဂီရိနမတော်၊သမင်ရိုင်းများ၏သခင်မ မိဂါဒေဝီဘွဲ့ရ တရိဂမ္ဘီသည် သွေးအလိမ်းလိမ်းကပ်သောကိုယ်ဖြင့် သူရဲကောင်းပီသစွာ ကျဆုံးသွားခဲ့ချေပြီတကား. ...

သွေး၏အနီရောင်တို့ပြည့်လျှံနေသောမြင်ကွင်း၌ ကျွန်ုပ်သည် အနီမှတပါး ခပ်သိမ်းသော အရာတို့ကို ပျောက်ဆုံးနေသည်။ နား၏အာရုံတွင်လည်း ပကတိ တိတ်ဆိတ်သွားသည်။ ကျွန်ုပ်ပြန်လည် သတိပြန်လည် ဝင်ရောက်လာသောအခါ ပထမဆုံးကြားလိုက်ရသည်မှာ ဘိဘိသန၏ငိုကြွေးနေသောအသံ ဖြစ်သည်။ ဆက်၍ပြင်လိုက်ရသည်မှာ ဂမ္ဘီ၏ဦးခေါင်းကို ပွေ့ဖက်နေသောဘိဘိသန ဖြစ်သည်။

သူရဲကောင်းတစ်ဦး၏ကျဆုံးခြင်းနှင့် အခြားတစ်ဦး၏ငိုကြွေးခြင်းတွင် ကျွန်ုပ်၏သွေးများ ပွက်ပွက်ဆူလာသည်။ အဘယ်ကြောင့် ငိုကြွေးရမည်နည်း။ ဂမ္ဘီအတွက် အဘယ်ကြောင့်ငိုကြွေးရမည်နည်း ။

အဘယ်ကြောင့် ...

နန်းရင်ပြင်မှ သွေးအိုင်ထက်သို့တစ်စုံတစ်ခုတပေါက်ပေါက်ကျနေသည်။

ကျွန်ုပ်၏မျက်လုံးအိမ်မှ မျက်ရည်တွေ ...

"အဲဒီမျက်ရည်တွေကို တိတ်လိုက်စမ်း၊ ဒါဟာဒြာဝိဒိယန်သူရဲကောင်းတဲ့လား၊ ဘိဘိသန မင်းတိတ်လိုက်စမ်း"

ကျွန်ုပ်သည် ဓားမြောင်ကို ထုတ်ယူ၍ နံရံဆီသို့ ပစ်စိုက်လိုက်သည်။ တစ်ဖက်တွင် ချိတ်ဆွဲထားသည့် လှံတံများ၊ ဓားများကိုလည်း တစ်ခုပြီးတစ်ခု ဖြုတ်ယူပြီး ခြင်္သေ့ဦးခေါင်းပုံဖော်ထားသည့် ရွှေရောင်နံရံသို့ အဆက်မပြတ်ပစ်စိုက်လိုက်သည်။ ခြင်္သေ့ဦးခေါင်းရုပ်ပုံကို မမြင်ရတော့ချေ။

ညီတော်ဘိဘိသနလည်း ငိုကြွေးခြင်းကို ရပ်စဲလိုက်သည်။ ရှုံ့ရှာစက်ဆုပ်ဖွယ်ယိုစီးနေသော ကျွန်ုပ်၏မျက်ရည်များလည်း ခန်းခြောက်ရပ်တန့်သွားသည်။ ကျွန်ုပ်အသက်ပြင်းပြင်းရှူလိုက်သည်။

"နောင်တော်ဘုရင်မင်းမြတ်၊ ဦးရီးတော်မာရစ္ဆ ..."

ထိုအခါမှပင် ကျွန်ုပ်သည် မလှမ်းမကမ်းတွင် လဲကျနေသည့် ဦးရီးတော်ကိုသတိရမိသည်။ ဦးရီးတော်ကောကျဆုံးဦးမည်လား။ ကျွန်ုပ်သည်ထိုခြင်္သေ့ကြီး၏ နောက်ဆုံးအချိန်များကို ကြည့်နေရင်း ကျွန်ုပ်၏ဒြဝိဒိယန်သွေးများကို ပိုမိုနီရဲအောင်သုတ်ခြယ်ခံရန်ဦးရီးတော်ထံလာခဲ့သည်။

ဦးရီးတော်ကိုယ်၌ ဒဏ်ရာမတွေ့ရချေ။ သူသည် မတန်တဆမောဟိုက်လွန်း၍ မေ့မြောသွားခြင်းဖြစ်သည်။ ကျွန်ုပ်နှင့် ဘိဘိသနသည် ဦးရီးတော်ကို သတိရအောင်လုပ်ကြသည်။ ခြင်္သေ့ကြီးလူးလွန့်လာပေသည်။ သတိရရခြင်း သူ ပထမဆုံးမေးလိုက်သည်။

"တရိဂမ္ဘီကော ......."

"ဟိုမှာ "

ကျွန်ုပ်တင်းမာသောအသံဖြင့်ညွှန်ပြလိုက်သည်။

"အို ... သူ.... သူ"

"ဟုတ်တယ်၊ သူရဲကောင်းပီသစွာကျဆုံးသွားပြီ၊ သူ့ရဲ့တိုက်ပွဲအကြောင်းဦးရီးတော်သိသမျှပြောစမ်းပါ၊ သူရဲကောင်းတစ်ဦးရဲ့ကျဆုံးခန်းကို ကြေကွဲမှုနဲ့မပြောပါနဲ့"

"ရာဝဏ ....... အဲဒီသူရဲကောင်းဟာ ငါ့ရဲ့တူမတော်ပါ၊ ပြီးတော့ လွန်ခဲ့တဲ့နေ့ကပဲ ငါဟာလူသားနှစ်ဦးရဲ့အလောင်းကို ဒီနေရာကို ယူလာခဲ့ရသူပါ၊ ဂမ္ဘီနဲ့သူ့သားနှစ်ယောက် အလောင်းကို မှော်ရုံဟေဝန်ကနေ လက်ာဒီပကိုယူဆောင်ဖို့ ငါမင်းဆီလာခဲ့တာမစုတ်ဘူး၊ ဒါပေမယ့် အဲဒီဟာတွေဖြစ်ခဲ့ရပြီ၊ မင်းငါ့ကို ဒီလိုမပြောပါနဲ့ ရာဝဏ၊ မင်းရဲ့ ဦးရီးတော်ကို ဒီလိုမပြောပါနဲ့ "

ကြေကွဲဆို့နင့်နေသော ဦးရီးတော်အသံကို ကျော်လွန်၍ ကျွန်ုပ်အမိန့်မပေးနိုင်တော့ချေ။

"ခွင့်လွှတ်ပါဦးရီးတော်၊ ကျုပ်မှားသွားတယ်၊ ကဲ ရာဝဏကို ဖြစ်ခဲ့သမျှအားလုံးပြောပြပါ၊ ရန်သူအကြောင်းသိသမျှပြောပြပါ၊ ကျုပ်တို့အခုချက်ချင်းကိသကိန္ဓကိုလိုက်ချင်လိုက်မယ်"

"ကိသကိန္ဓကို၊ သြော်ဂမ္ဘီဟာသူ့အသက်ကို လက်ာဒီပအထိအရောက်သယ်ယူလာခဲ့ပြီး သူပြောနိုင်သလောက် ပြောသွားသေးသကို၊ တူမတော်ရယ်မင်းကို ဦးရီးတော် နှမြောလိုက်ပါဘိကွယ်"

"ဦးရီးတော် ကျုပ်တို့ ဂမ္ဘီအတွက်လပေါင်းများစွာ ဝမ်းနည်းပူဆွေးဖို့အချိန်တွေရှိပါသေးတယ်၊ အခုတော့ တိုက်ပွဲအကြောင်းပြောပါဦး ဦးရီးတော်"

"အေး ပြောမယ်ရာဝဏ၊ နားထောင်၊ မင်းတို့စီစဉ်ထားတဲ့အတိုင်းငါမှော်ရုံဟေဝန်ရဲ့ မြောက်ဘက်တောအုပ်အတွင်းက စောင့်နေခဲ့တယ်။ မကြာခင်မှာပဲ သမင်ငယ်နဲ့ ရာမတို့တောအုပ်ထဲကိုရောက်လာကြတယ်၊ သမင်ငယ်ဟာ မကောင်းဆိုးဝါး၊ သို့မဟုတ်ရင်လဲ နတ်ဒေဝတာတစ်ပါးပါးပူးကပ်နေသလားအောက်မေ့လောက်အောင်ရာမရဲ့ဖမ်းဆီးမှုက လွတ်မြောက်တိမ်းရှောင်နေတယ်၊ မှော်ရုံဟေဝန်မြောက်ဘက်တောဟာ ချုံနွယ်ပိတ်ပေါင်းအထူထပ်ဆုံးနေရာဖြစ်တယ်၊ သမင်ငယ်ရဲ့ပြေးလမ်းဟာ ကျဉ်းမြောင်းပြီး ချုံပုတ်နဲ့လည်းနီးကပ်လှတယ်၊ ဂမ္ဘီဟာသူ့သမင်နဲ့ မလှမ်းမကမ်း ထပ်ကြပ်မကွာလိုက်လာတာမို့ သူပုန်းခိုရတဲ့ ချုံပုတ်နဲ့ သမင်တို့ဟာလည်း နီးကပ်နေတယ်၊ ဒီအခြေအနေကို သိရတာနဲ့ပဲ ငါလည်းချက်ချင်းပဲ အခြေအနေမဟန်ဘူးဆိုတာရိပ်စားမိလို့ ငါ့မျက်စိအောက် သမင်နဲ့ရာမကို မြင်မြင်ချင်း ဆင်ရိုင်းကြီးတစ်ကောင် အော်သံတစ်သံပြုလုပ်လိုက်တယ်"

"အင်မတန် ဂုဏ်မြောက်တဲ့ ဆင်ရိုင်းအော်သံပေပဲ ဦးရီးတော်"

"အင်းပြီးတော့ သူ့နောက်လိုက် တောဆင်ရိုင်းတွေရဲ့ ချိုးဖဲ့ပြီးဆင်နင်းသံတွေဖြစ်အောင်လုပ်လိုက်တယ်။ ဒီအခါမှာ သမင်ငယ်ဟာ ရာမရှေ့က သွေးဆောင်လမ်းပြနေရာကနေ တကယ့်ဆင်ရိုင်းအုပ်လာပြီအထင်နဲ့ ကြောက်လန့်ပြီး ချုံပုတ်ထဲဝင်ပြေးသွားတယ်။အဲဒီချုံပုတ်က ဂမ္ဘီရှိနေတဲ့နေရာပဲ"

ကျွန်ုပ်တို့အသက်မရှူမိကြချေ။

"ရာမဟာ သမင်မျက်စိအောက်က ပျောက်သွားတာနဲ့ အသံကြားရာဆီကို လှမ်းကြည့်တယ်၊ မှော်ရုံဟေဝန်လိုဒေသမျိုးမှာ ရဲရင့်စွာအမဲလိုက်သူတစ်ဦးအနေနဲ့ သင်လဲတောရဲ့အနံ့၊ တိရစ္ဆာန်တွေရဲ့အနံ့ကို ကျွမ်းကျင်ရမှာပေါ့၊ ဒီအချိန်မှာ လေဟာငါရှိရာကနေ ရာမရှိရာဘက်ကို တိုက်ခတ်နေတယ်၊ ဆင်အော်သံတွေကိုသာအနီးကပ်ကြားရပြီး ဆင်အုပ်ကိုမတွေ့ရ၊ အနံ့ကိုလည်းမရတဲ့အတွက် ရာမဟာ သံသယဝင်သွားဟန်တူတယ်။ ဒီတော့မူလအစီအစဉ်အတိုင်းငါဟာ ကျောက်ဂူမှာကျန်ခဲ့တဲ့ လက္ခဏကို အမြန်လှည့်စားခေါ်ယူနိုင်အောင် ခြင်္သေ့ဟောက်သံကို ငါဖန်တီးလိုက်တယ်၊ လက္ခဏမြောက်ဘက်ဆီထွက်လာတာကို ငါသစ်ပင်ထိပ်က မြင်လိုက်ပါတယ်။ ဒါပေမယ့်"

ဦးရီးတော်သည် ဂမ္ဘီရှိရာသို့ လှမ်းကြည့်လိုက်သည်။ သွေးအိုင်ထဲမှ သမင်ငယ်ကိုလည်း ကြည့်လိုက်သည်။

"တို့လူသားတွေရဲ့ ကြီးကျယ်လေးနက်တဲ့ သေနင်္ဂဗျူဟာကို သမင်ငယ်က နားမလည်ဘူးလေ ရာဝဏ၊ ခြသေ့်ဟောက်သံကြားလိုက်တော့သမင်က ချုံပုတ်ထဲကခုန်ထွက်တယ်၊ ဂမ္ဘီက သမင်ရဲ့နောက်ကကပ်လျက်လှုပ်ရှားလိုက်တယ်။ ဒီအခါမှာပဲ"

"ရာမဟာလေးညို့ကိုင်ပြီး ရွှေသမင်ကိုရော သူ့နောက်ကွယ်က ဂမ္ဘီဆီကိုပါ မြားပစ်လွှတ် လိုက်တယ်။ မြားဟာသမင်ရဲ့လည်ပင်း၊ ပြီးတော့ဂမ္ဘီ၊ ထုတ်ချင်းခတ်စူးဝင်သွားတော့တယ်၊ ရာမလည်းမြောက်ဘက်တောအုပ်ကနေ ရှေ့ဘက်ဆီကို ပြေးဝင်သွားတယ်၊ နောက်ကလိုက်လာတဲ့ လက္ခဏနဲ့သူတနေရာမှာဆုံမှာပဲ၊ ငါဂမ္ဘီနဲ့ရွှေသမင်မှာစူးဝင်နေတဲ့ မြားကိုမနုတ်ဘဲထမ်းပိုးပြီး လက်ာဒီပကိုအပြင်းနှင်ခဲ့တယ်၊ အရင်ကငါ့ရဲ့အဟုန်ဟာမြွေလိုလျင်မြန် ခဲ့တယ်ဆိုရင် ငါတစ်သက်မှာ ဒီလိုအမြန်ဆုံး အပြင်းနှင်ခဲ့တဲ့အဟုန်ကို မြားရဲ့လျင်မြန်ခြင်းလို့ ခေါ်လိုက်တယ်၊ လက်ာဒီပနန်းတော်ကိုရောက်တော့ တောအုပ်ထဲမှာစိုက်ထုတ်ခဲ့တဲ့ အင်အား၊ တုန်လှုပ်ချောက်ချားခဲ့ရတဲ့ မောပန်းမှုတွေကြောင့် ငါ့တစ်သက်နဲ့တစ်ကိုယ်မဖြစ်စဖူး မေ့မြောသွားခဲ့တာပဲ၊ ငါ...ဟာ...ရာဝဏရယ် ငါဟာ မနေ့က ငါ့မြေးတွေ၊ ဒီနေ့ငါ့တူမ ... သင်းတို့တွေရဲ့သွေးကို လက်ာဒီပနန်းတော်ထက်ပက်ဖျန်းဖို့ငါပြန်လာခဲ့သလိုဖြစ်နေပြီကော ... ရာဝဏရယ် ... ငါ..."

ဦးရီးတော်သည် ကိုယ်စိတ်နွမ်းနယ်မှု၏ဒဏ်ကို သည်းထန်စွာခံစားရပြီး တစ်ဖန်ပြန်လည် မေ့မြောလဲကျသွားပြန်လေသည်။

နေဝင်ရီတရောအချိန် ရောက်ပေပြီ။

ဤအချိန်ကား ... ဂန္ဓမာလာသားရဲတွင်း၌ နမတော်ဂမ္ဘီ၏ ဆန်းကြယ်သော သမင်ခတ်ပွဲကျင်းပသည့်အချိန်၊ ဂန္ဓမလာသားရဲတွင်း၌ မိဂါဒေဝီ၏ရွှေလက်ကိုင်တပ်ကျာပွတ်သံ တရွှမ်းရွှမ်း လွင့်ဝဲသည့်အချိန်၊ သမင်ခတ်ပွဲကို ကြည့်ရင်းစစ်သည်ရဲမက်တို့ပျော်ရွှင်စွာဟစ်အော်ကြသည့်အချိန်။ ယခုမူကား ဤနေဝင်ရီတရော အချိန်ကို အစိုးရသော သခင်မသည် သူ၏ချစ်လှစွာသော ရွှေသမင်၊ ဒသဂီရိ၏ အမိန့်ကို ဦးထိပ်ပန်ဆင်ပြီး သူလက်သပ်မွေးခဲ့သော ရွှေသမင်နှင့်အတူ

ဤအဖြစ်သနစ်များကို မသိသော သားရဲတွင်းစောင့် တံခါးမှူးသည် ခါတိုင်းလိုပင် သမင်ခတ်ပွဲကိုဖွင့်လှစ်ရန် ကျွဲချိုတံပိုးကို မှုတ်လိုက်ချေသည်။

တံပိုးသံသည် လက်ာဒီပနန်းတော်၏ သွေးညှီနံ့သင်းသော လေထဲဝယ် ကြေကွဲဆို့နစ်ဖွယ် လွင့်ပျံလာချေသည်တကား

အိန္ဒူမြစ်ရေပြင်ထက်ဝယ် နေလုံးသည် မေးတင်လျက်ရှိသည်။တစ်နေ့ခင်း၏နောက်ဆုံးကာလတွင် နေလုံးကြီးသည် လက်ာဒီပကို နီရဲသောအရောင်များဖြင့် ပွေ့ဖက်နှုတ်ဆက်နေသည်။ ဝေးလံသောအရပ်မှ တောင်တန်းကြီးများသည် မှိုင်းပြာသောဝတ်ရုံကိုခြုံလျက် တိတ်ဆိတ်ငြိမ်သက်နေကြသည်။ဤတောင်တန်းကြီးများ၏ တနေရာတွင်ရှိသော မော်ရုံဟေဝန်သည်လည်း တိတ်ဆိတ်ငြိမ်သက်နေပေတော့သည်။

မြစ်ကမ်းဆီမှ မီးတိုင်များကို ကျေးကျွန်တို့စတင်ထွန်းညှိနေကြပေပြီ။ရှည်လျားသော မီးတိုင်များသည် အိန္ဒူမြစ်ကမ်းတစ်ဝိုက်တွင် စတင်လော်ကျွမ်းနေကြပေပြီ။ မီးရောင် အများဆုံးနေရာတွင်တောင်ကုန်းငယ်တစ်ခုရှိသည်။ ဝတ်ရုံနီညိုများကို ဝတ်ဆင်ထားသည့် ယဇ်ဆရာများသည် ပန်းပွင့်နှင့်နံ့သာရည်များကိုသယ်ဆောင်လျက် တောင်ကုန်းပေါ်သို့ တရွေ့ရွေ့တက်သွားကြသည်။ သူတို့၏နောက်မှ လက်ာဒီပနန်းတွင်း တေးသည်အစုတို့ လိုက်ပါသွားကြသည်။ တေးသည်တို့ရွတ်ဆိုနေကြသည့်တေးသံမှာ ညီညာသော်လည်း တက်ကြွသည့်အသံမဟုတ်ချေ။ညည်းညူရေရွတ်နေသည့် ကြေကွဲသော အသံဖြစ်သည်။ သူတို့၏အသံသည် ကျွန်ုပ်၏နားထဲသို့တသိမ့်သိမ့်ဝင်ရောက်လာသည်။တရိဂမ္ဘီ၏ ဂုဏ်ပုဒ်များကိုဖွဲ့နွဲ့ထားသည့် တေးသီချင်းများပေတကား။ တောင်ကုန်းငယ် ထိပ်ရှိလှပစွာလုပ်ထားသည့် ကျောက်တုန်းများပေါ်တွင် တရိဂမ္ဘီသည် ငြိမ်သက်စွာ လဲလျောင်းနေပေပြီ။ ယဇ်ဆရာများနှင့် တေးသည်သည်အစုတို့ကျောက်တုံးဗိမာန်ကို ဝိုင်းရံနေရာယူလိုက်ပြီး ဂမ္ဘီ၏ရဲမက်ဆယ်ယောက် အစုသည် တောင်ကုန်းငယ်ထက်သို့ တက်သွားကြသည်။ ရဲမက်များ နေရာယူပြီးသည်နှင့် တံပိုးသံတစ်ချက်ပေါ်လာသည်။ အမှန်မှာ ဤတံပိုးသံသည် တရိဂမ္ဘီအတွက် သတ်မှတ်ပေးထားသော စစ်ချီတံပိုးသံဖြစ်သည်။ အမြဲတစေတက်ကြွရဲရင့်ခြင်းကိုဆောင်ခဲ့သည့် ဤတံပိုးသံသည် ယခုအခါကြေကွဲဝမ်းနည်းမှုကို ကိုယ်စားပြုနေသည်။တံပိုးသံဆုံးသည်နှင့် ယဇ်ဆရာခေါင်းဆောင်သည် သမင်ရေကြက်ထားသည့် စည်ကိုစတင်၍တစ်ချက်ချင်းထုနက် တီးခတ်လေသည်။ကျွန်ုပ်သည် လက်ထဲမှမြင်းဇက်ကြိုးကို အသာအယာလှုပ်ခါလိုက်သည်။ စစ်မြင်းဆယ်ကောင်က ရထားဘီးစတင်ရွေ့လျားသည်။ တောင်ကုန်းငယ်ရှိရာသို့ကျွန်ုပ်ရထားသည် တရွေ့ရွေ့လိမ့်သွားသည်။ လက်ာဒီပဘုရင်သည် သူ၏စစ်ရထားကို ပထမဆုံးအကြိမ် ဖြည်းညင်းလေးဆေးစွာ မောင်းနှင်ရခြင်းပေတည်း။

ယဇ်ခေါင်းဆောင်တီးခတ်နေသောစည်သံသည် ချက်ကျမှန်ကန်စွာထွက်ပေါ်နေသည်။ တောင်ကုန်းခြေရင်းသို့ ကျွန်ုပ်၏ရထားရောက်ချိန်တွင် စည်သံတိတ်သွားသည်။ အသင့်စောင့်နေသော ညီတော်ဘိဘိသန၊ သားတော်မေဃနာဒ၊ ဦးရီးတော်မာရဇ္ဇနှင့် အခြားလင်္ကာဒီပ သေနာပတိကြီးများ၏ရှေ့ဆုံးမှ ကျွန်ုပ်သည် တောင်ကုန်းထက်သို့ တက်ခဲ့သည်။ ကျောက်လှေကားထစ်များနှင့် ကျွန်ုပ်တို့၏ ဝတ်ရုံစများပွတ်တိုက်သံသည်ပင် ကျယ်လောင်စွာ ထွက်နေသည်ဟုထင်ရသည်။ အားလုံးတိတ်ဆိတ်နေသည်။

ဂမ္ဘီ၏အလောင်းတင်ထားသည့် ကျောက်တုံးကို လက်ဝဲရစ်လှည့်ပတ်ပြီးနောက် ကျွန်ုပ်၏ခေါင်းရင်းနေရာ၌ ရပ်လိုက်သည်။ သားတော်၊ ညီတော်၊ ဦးရီးတော် နှင့် သေနာပတိကြီးများက အလောင်းကို ဝိုင်းရံ၍ ရပ်လိုက်ကြသည်။ တောင်ကုန်းထက်တွင် တဟူးဟူးတိုက်နေသောလေကြောင့် ဝတ်ရုံစများမှ အသံများထွက်ပေါ်နေသည်။ လှုပ်ရှားနေသော မီးရောင်များအောက်တွင် ကျွန်ုပ်သည် ဂမ္ဘီ၏မျက်နှာကို မှောင်ချည်လင်းချည် တွေ့နေရသည်။ တောင်ကုန်းအောက်ဘက်မှာ ဒြာဝိဒိယန်တို့သည် မြေပြင်တွင်ဒူးထောက် လိုက်ကြလေသည်။

ယဇ်ဆရာ၏ အသံပေါ်လာလေသည်။

"အိန္ဒူမြစ်ဝှမ်း တောင်ပိုင်းလွင်ပြင်၊ လင်္ကာဒီပသိမ်းခိုနိုင်ငံ၏သက်ဦးဆံပိုင်ဧကရာဇ် ဖြစ်တော်မူသော ဒသဂီရိဘုရင်မင်းမြတ်၏နမတော်၊ လင်္ကာဒီပအိမ်ရှေ့စံ ဘိဘိသန အရှင်သခင်၏နမတော်၊ လင်္ကာဒီပသေနာပတိချုပ် မေဃနာဒအရှင်သခင်၏ အကြီးတော် မူသော မိဂါဒေဝီဘွဲ့ခံ အရှင်သခင်မ တရိဂမ္ဘီသည် ...."

ယဇ်ဆရာသည် တရိဂမ္ဘီ၏ ဂုဏ်ပုဒ်များကို ထုတ်ဖော်ဖွဲ့ဆိုချီးကျူးနေလေသည်။

သူ၏အောင်မြင်ခဲ့ညားသော ရွတ်ဆိုသံသည် အိန္ဒူမြစ်ရေပြင်ကို ဖြတ်လျက်လင်္ကာဒီပ တစ်ဝန်းလုံးသို့ပျံ့နှံ့သွားပေမည်။ ရွှေချထားသောဂမ္ဘီ၏နဖူးပြင်ကို မီးရောင်အောက်တွင် ပြိုးပြက်စွာတွေ့မြင်နေရသည်။

ဤနဖူးပြင်အောက်တွင်မှ မျက်လုံးအစုံတို့သည် ဘယ်သောအခါမှ ပြန်လည်၍ပွင့်လာ ကြတော့မည်မဟုတ်တော့။ သူ့ဘေးတွင်လဲလျောင်းနေသည့် ရွှေရိုးတပ်ကျာပွတ်သည်လည်း ဘယ်သောအခါမှ အသံမြည်လာမည်မဟုတ်တော့။ ယဇ်ဆရာရွတ်ဖတ်နေသည်များကို ကျွန်ုပ်မကြားမိချေ။ 'ရန်သူကိုလက်စားချေပါ .....ရန်သူကိုလက်စားချေပါ .....' ဟူသောဂမ္ဘီ၏နောက်ဆုံးစကားများကိုသာ အထပ်ထပ်ကြားနေမိသည်။ တိတ်ဆိတ်မည်းမှောင်သော ဤအိန္ဒူမြစ်ကမ်းတောင်ကုန်းထက်တွင်ရပ်လျက် ဆွတ်ပျံ့ ကြေကွဲသောရွတ်ဖတ်သံများကို ကျွန်ုပ် ဆက်လက်နားထောင်မနေချင်တော့။

ယဇ်ဆရာကမူ တရိဂမ္ဘီ၏စစ်ပွဲများအကြောင်းကို ဆက်လက်ရွတ်ဖတ်နေလေသည်။

မီးတောက်ကို လေတိုးသံများနှင့် ဝတ်ရုံစများမှ တဖျပ်ဖျပ်မြည်သံတို့သာ သူ၏အသံကို အထောက်အကူပေးနေကြသည်။

ကျွန်ုပ်၏ဆန္ဒမှာမူ ဤအခမ်းအနားကို အမြန်ဆုံးအပြီးသတ်၍ နန်းတော်သို့အမြန်ဆုံး ပြန်ပြီး ဘိဘိသန၊ မေဃနာဒ၊ ဦးရီးတော်မာရဇ္ဇနှင့် သေနာပတိများကို စုရုံးလျက် ကိသကိန္ဓာ ကိုချီတက်ရေးကိုသာစီစဉ်ဆွေးနွေးလိုသည်။

ဂမ္ဘီ၏အလောင်းအနီးတွင် ဤသို့တိတ်ဆိတ်စွာရပ်နေမည့်အစားအသားဝါတို့၏အလောင်းများ အလယ်တွင်သာ ဟစ်အော်ကြွေးကြော်နေလိုသည်။

"..........ဤကဲ့သို့ ရဲစွမ်းသတ္တိနှင့်ပြည့်စုံထက်မြက်သည့် မိဂါဒေဝီအား ပထဝီကိုအစိုးရသောနတ်ဒေဝတာအထံသို့ကျွန်ုပ်တို့ပြန်လည်ပို့ဆောင်ဆက်သပါသည်။ သူ၏ဝိဉာဉ်အား ကောင်းကင်ကို အစိုးရသောနတ်ဒေဝတာသို့ပို့ဆောင်ဆက်သပါသည်။ လင်္ကာဒီပသခင် ၏ဝိဉာဉ်များနားနေအိပ်စက်ရာဖြစ်သည့် ဤမိုဟန်ဂျိုဒါရိုဒေသ၌ နားနေအိပ်စက်တော့မည့် မိဂါဒေဝီကို ဒြာဝိဒိယန်အပေါင်းတို့က နောက်ဆုံးဂုဏ်ပြုကြကုန်အံ့"

ယဇ်ဆရာ၏ရွတ်ဖတ်မှုပြီးဆုံးသွားသည်နှင့် ကျွဲချိုတံပိုးသံများစည်သံများ တခဲနက် မြည်ဟည်း လာလေသည်။ စစ်သားများသည် အနီရောင်သုတ်လိမ်းထားသည့် ကျောက်တုံးများ ကိုဂူပေါ်သို့ဆင့်လိုက်ကြသည်။ တောင်ကုန်းအောက်မှဒြာဝိဒိယန်စစ်သည်များ၊တိုင်းသူပြည် သား များသည် "သေမင်း၏တန်ခိုးတော်" အမည်ရှိတေးကို ဖြည်းညင်းစွာပြိုင်တူရွတ်ဆိုကြသည်။ ယဇ်ဆရာသည် အသင့်ခပ်ယူလာသော အိန္ဒူမြစ်ရေထည့်ထားသည့် ရွှေခွက်ထဲသို့စစ်သုံ့ပန်း ကျွန်များ၏ လည်ချောင်းသွေးနှင့် သမင်သွေးတို့ကို လောင်းထည့်ရောစပ်နေသည်။ ထို့နောက် ဂူထက်သို့ပက်ဖျန်းလိုက်သည်။

ကျွန်ုပ်သည် တောင်ကုန်းထက်မှ ဆင်းလာခဲ့သည်။

အားလုံးကျွန်ုပ်နောက်မှ ဆင်းလာကြသည်။

လက်ဘ်ာဒီပသခင်များ၏ ဂူသချိုင်းများ တည်ဆောက်ရာ မိဟန်ဂျိဒါရိအရပ်မှ လက်ဘ်ာဒီပ နန်းတော်သို့ပြန်လာသည့် လမ်းတလျှောက်လုံးတွင် ကျွန်ုပ်သည် အတွေးအာရုံများ ဦနှစ်မြုပ်လာခဲ့သည်။အနှစ်နှစ်ဆယ်မျှအုပ်ချုပ်လာခဲ့သည့် ကာလတလျှောက်လုံးတွင်ကျွန်ုပ်သည် ဘာကိုရရှိခဲ့သနည်း။ ဘာကိုပိုင်ဆိုင်ခဲ့သနည်း။

ကျယ်ပြန့်သော လက်ဘ်ာဒီပနိုင်ငံ၊ ဘုန်းလက်ရုန်းအာဏာ။

ပိုင်ဆိုင်ခဲ့သော ဒြာဝိဒိယန်ဘုရင်များသည် နိုင်ငံတော်နှင့်အာဏာကိုသူတို့၏သားတော်များလက်သို့ လွှဲပြောင်းပေးအပ်လျက်သူတို့ကိုယ်တိုင်ကမူ မိဟန်ဂျိဒါရိုသချိုင်းများထဲသို့ ဝင်ရောက်နားနေခဲ့ကြလေပြီ။ နှစ်ခေါက်ဆေးဆိုး နံငယ်ပိုင်းကိုဝတ်ဆင်သော ဒြာဝိဒိယန် အရိုင်းအစိုင်းမျိုးနွယ်အထိများလုစွာသော အိန္ဒုတိုင်းရင်းသားတို့သည် လက်ဘ်ာဒီပဘုန်းလက်ရုံး အောက်သို့ခိုဝင်ခဲ့ကြပေပြီ။ အိန္ဒုတောင်ပိုင်း၏ မြေဩဇာကောင်းသောလွင်ပြင်တလွှမ်း၌ စိုက်ပျိုးခင်းကြီးများဖြစ်ထွန်းခဲ့ပြီ။ လက်ဘ်ာဒီပနန်းတော်ကိုဗဟိုပြုလျက်ကျောက်တုံးနေအိမ်ကြီးများ လည်း အစီအရီ အခိုင်အမာပေါ်ပေါက်ခဲ့ကြပြီ။

အိန္ဒုမြစ်ဝှမ်းဒေသ၏ထိုဇာတ်လမ်းတွင် ကျွန်ုပ်ဒသဂီရိဘုရင်မင်းမြတ် ဘာကိုပိုင်ဆိုင်ခဲ့သနည်း။ တချိန်လုံး ကျွန်ုပ်လက်တွင်း၌ ဘယ်အရာတည်ရှိခဲ့သနည်း။

ဘုန်းလက်ရုံးအာဏာ၊ လက်နက်လေးမြား၊ စစ်ရထား။

ဘုန်းလက်ရုံးအာဏာမှလွဲ၍ အခြားမည်သည့်အရာမှ ကျွန်ုပ်လက်တွင်းသို့မဝင်ရောက်ခဲ့။

တည်ရှိပြီးအရာသာလျှင်ပို၍ပို၍ကြီးမားများပြားခဲ့သည်။ ဤဘုန်းလက်ရုံးအာဏာတို့ကို တနေ့သောအခါ ညီတော်ဘိဘိသန၊ သို့မဟုတ်သားတော်မေဃနာဒသို့ လွှဲအပ်ခဲ့ပြီး ကျွန်ုပ်ဒသဂီရိလည်း ဤမိုဟန်ဂျိဒါရို အရပ်၏တစ်ခုသောတောင်ကုန်းငယ်ကို ပိုင်ဆိုင်ရအုံး မည်။ ကျွန်ုပ်၏ခေါင်းရင်းမှနေ၍ ယဇ်ဆရာက ကျွန်ုပ်၏ဂုဏ်ပုဒ်များကို တေးဖွဲ့သီကျူးပေး ဦးမည်။ ကျွန်ုပ်၏နဖူးတွင် ရွှေပြားကို ထိကပ်ကြပေဦးမည်။ ထိုအချိန်တွင် ကျွန်ုပ်၏သန်လျက်သည် ကျွန်ုပ်၏ဘေးတွင် ကိုင်တွယ်မည့်လက်မှ ကင်းဝေးလျက် လဲလျောင်းနေပေဦးမည်။ ကျွန်ုပ်၏ကိုယ်ခန္ဓာပေါ်သို့ စစ်မြင်းဖြူဆယ်ကောင်တို့၏သွေးများဖြင့် ရောစပ်ထားသည့် အိန္ဒုမြစ်ရေစင်ကို ပက်ဖျန်းကြဦးမည်။

"ဒါဟာ ........... ဒသဂီရိရဲ့ နိဂုံးလား၊ ဒါဟာ ........... ရာဝဏရဲ့ နိဂုံးတဲ့လား"

ဘိဘိသနနှင့် မေဃနာဒသည် ကျွန်ုပ်၏မျက်နှာကိုအလန့်တကြားမော့ကြည့်လိုက်သည်။

ဦးရီးတော်မာရဇ္ဈကမူ မျက်မှောင်ကုပ်နေသည်။

"ဟား .... ဟား ..... ဟား .... ကြီးကျယ်ပြောင်မြောက်တဲ့ လက်ဘ်ာဒီပသခင်တွေရဲ့ နောက်ဆုံးအချိန်တွေဟာ ယဇ်ဆရာရဲ့တေးကဗျာနဲ့ပဲ အဆုံးသတ်ရမတဲ့လား ဘိဘိသနရဲ့၊ ဒသဂီရိဘွဲ့ခံ ရာဝဏကတော့ မိဟန်ဂျိဒါရိုတောင်ကုန်းထက်မှာ ယဇ်ဆရာပြုသမျှစင်းပြီးခံနေမယ့်သူ မဟုတ်ဘူးဟေ့"

"မင်း ဘာတွေပြောနေတာလဲ ရာဝဏ၊ ဒီအချိန်ဟာ ဂမ္ဘီအတွက် ဝမ်းနည်းကြေကွဲ နေကြရမယ့်အချိန်၊ ဒီအချိန်မှာ ဂမ္ဘီရဲ့အစ်ကိုဟာ ဟားတိုက်ရယ်နေသတဲ့လား"

ဦးရီးတော်မာရဇ္ဈက ကျွန်ုပ်လက်ကို ခါယမ်း၍မေးနေသည်။

"ဝမ်းနည်းကြေကွဲနေကြမယ့်အချိန်တဲ့၊ အဲဒီလိုဝမ်းနည်းကြေကွဲနေသူများလ ်တချိန်ကျတော့ သူတပါးရဲ့ ဝမ်းနည်းကြေကွဲမှုကို ခံယူကြရဦးမှာပဲ၊ ဒီသမရိုးကျ အစဉ်အလာကို ကျုပ်ကလိုက်ပါသွားလိမ့်မယ်ထင်သလား ဦးရီးတော်၊ ကျုပ်ဟာဘယ်သူရဲ့ ဝမ်းနည်းကြေကွဲမှုကိုမှ မခံဘူး၊ထိတ်လန့်အံ့ဩမှုကိုသာခံယူသွားမယ်၊ ဟေ့ ...ဘိဘိသန ငါသေဆုံးရင်လည်း မင်းတို့ဒီမိုဟန်ဂျိဒါရိုတောင်ကုန်းထက်မှာ ငါ့ကို ပစ်ထားခဲ့ကြဦးမှာ မဟုတ်လား"

ဘိဘိသနသည် ဘာပြန်ပြောရမည်မသိသကဲ့သို့ ကြောင်အမ်းအမ်းဖြစ်နေသည်။

"ဘယ်တော့မှမနေဘူး၊ တိတ်ဆိတ်မည်းမှောင်တဲ့ ဒီတောင်ကုန်းထက်က ဂူသချိုင်းထက်မှာ ငါဘယ်တော့မှ မနေဘူး"

"ဒါဖြင့်မင်းက ဘယ်မှာနေမှာလဲ ရာဝဏ"

"ကျုပ်လား ဘယ်မှမှမနေဘူးလေ၊ အာရိယန်တွေကို တိုက်ခိုက်မောင်းထုတ်ရင်းနဲ့ ကျုပ်အမြဲရှင်သန်နေမှာပဲ"

"မင်းစကားတွေက အမြီးအမောက်မတည့်တဲ့ အယူအဆတွေပဲ ရာဝဏ"

"ဟား ......ဟား ......ဟား ......"

စစ်ရထား၏ မြင်းဇက်ကို ဆွဲယူလိုက်ပြီးနောက် ကျာပွတ်ကို ထုတ်ကိုင်လိုက်သည်တွင် ဘိဘိသနက ရထားအနောက်သို့ကပ်လာလေသည်။

"နောင်တော်ဘုရင်မင်းမြတ် စစ်ရေးနဲ့ပက်သတ်ပြီး ယနေ့ညအထူးဆွေးနွေးတိုင်ပင် စရာများရှိနေပါတယ်။ ရွှေနန်းတော်တပ်မင်းများခန်းမဆောင်မှာ အားလုံးစောင့်ဆိုင်း နေကြပါမယ်"

"သီတာဒေဝီနဲ့ စကားပြောပြီးချိန်မှာ ငါလာခဲ့မယ် ဘိဘိသန"

ကျွန်ုပ်၏စစ်ရထားကို မိုဟန်ဂျိုဒါရိုဒေသမှ မောင်းနှင်လာခဲ့လေသည်။

တရိဂမ္ဘီ၏ဈာပနအခမ်းအနားမှာ စီစဉ်နေသည့် သုံးရက်လုံးလုံးကျွန်ုပ်သည် သီတာဒေဝီနှင့် တွေ့ဆုံခဲ့ခြင်းမရှိပေ။ ယခုအခါသီတာဒေဝီသည် လက်ဘ်ဒီပနန်းတော်သို့ရောက်ရှိနေခဲ့သည်မှာ ငါးရက်ပင်ရှိပေပြီ။ ကျွန်ုပ်ကိုယ်တိုင်က သီတာကို အကျဉ်းသားအဖြစ်မသတ်မှတ်ဘဲ လက်ဘ်ဒီပ၏မဟေသီအဖြစ်နှင့်သာ နေထိုင်စေခဲ့သည်။ သို့သော် သီတာဒေဝီသည် သူ့ကိုယ်သူအကျဉ်းသားအဖြစ်ပြုလုပ်ခါ စက်ရာဆောင်အတွင်းမှ လုံးဝမထွက်ဘဲ နေခဲ့သည်။ ကျွန်ုပ်ကိုလည်း တွေ့ဆုံခွင့်မပြုချေ။လက်ဘ်ဒီပဘုရင်သည်သူ၏နန်းတော်မှ တစ်ခုသောအဆောင်အတွင်း ဝင်ရောက်ခွင့်မရဟူသည်မှာ အံ့သြဖွယ်ဖြစ်သည်။ သို့သော် တကယ်ပင်ထိုအတိုင်းဖြစ်နေပေသည်။ စက်ရာဆောင်တံခါးဝတွင်ကျွန်ုပ်မက်တပ်ရပ် လိုက်သည်နှင့် သီတာသည် လေသာဆောင်ပြတင်းသို့တက်လိုက်ပြီး အောက်သို့ခုန်ချရန် ဟန်ပြင်လေသည်။ သုံးကြိမ်တိုင်တိုင်ဤသို့ဖြစ်ခဲ့ရသဖြင့် ကျွန်ုပ်သည် စက်ရာဆောင်တံခါးဝမှ ပြန်လှည့်ခဲ့ရသည်ချည်းဖြစ်သည်။

လုပသောမျက်ဝန်းများ နောက်ကွယ်မှ တင်းမာသောနှလုံးသားများကို ကျွန်ုပ်အံ့သြမိသည်။ သို့သော်သီတာဒေဝီသည် ကျွန်ုပ်ထံမှမည်သို့မျှ ထွက်ပြေးလွတ်မြောက်နိုင်မည်မဟုတ်။ တနေ့တွင် အလှအပသည် ဘုန်းလက်ရုန်းအောက်သို့ ဝပ်စင်းငုံ့လျှိုးရမည်သာဖြစ်သည်။ ထိုတနေ့ကို ကျွန်ုပ်စောင့်ဆိုင်းရပေမည်။

စက်ရာဆောင်၏ ရွှေခြည်ဖောက်ပဝါစကို ကျွန်ုပ်ဖယ်ရှားလိုက်သည်။ ပုလဲကြိုးများလှုပ်ခါ သွားပြီး ညင်သာသောထိခိုက်သံများထွက်လာပေသည်။ ထုံးစံအတိုင်းသီတာဒေဝီသည် လေသာပြတင်းမှ အပြင်သို့ငေးမျှော်နေသည်။ တစုံတခုတွင် အာရုံမြောနေဟန်တူသည့်အတွက် ကျွန်ုပ်ရောက်လာသည်ကို သူမသိပေ။ ထို့ကြောင့်ကျွန်ုပ်သည် ပထမဆုံးအကြိမ်အဖြစ် စက်ရာဆောင်သို့လှမ်းဝင်ခွင့်ရခဲ့ပေသည်။

"သီတာဒေဝီ"

သီတာသည် ကျွန်ုပ်ကို တုန်လှုပ်စွာကြည့်လိုက်ပြီးနောက် ပြတင်းပေါင်ပေါ်သို့ တက်ရန် ဟန်ပြင်လိုက်သည်။

"မလုပ်နဲ့ သီတာဒေဝီ၊ ဒီလိုမလုပ်ပါနဲ့၊ ပြတင်းရဲ့အောက်ဘက်မှာ ဂန္ဓမာလာသားရဲတွင်းရှိတယ်။ သားရဲတွင်းထဲမှာ သမင်ရိုင်းတွေနဲ့ ခြသေ့်တွေ ကျားသစ်တွေနေထိုင်ကြတယ်"

"အပြင်ထွက်သွားပါ လက်ဘ်ဒီပဘုရင်"

"ကျုပ်ပြောတာနားထောင်ပါဦး လက်ဘ်ဒီပဘုရင်"

"လက်ဘ်ဒီပဘုရင် နောက်ထပ်စကားတစ်လုံးနောက်ထပ်ခြေတစ်လှမ်းရှေ့တိုးဝင်လာတာနဲ့ ဟောဒီပြတင်းပေါက်ပေါ်ကနေပြီး သားရဲတွင်းထဲကို ခုန်ချလိုက်မယ်"

"ကျုပ်ရှေ့မတိုးပါဘူး သီတာဒေဝီ၊ ဒါပေမယ့် စကားနည်းနည်းပြောချင်ပါတယ်၊ နားထောင်ပါ၊ လက်ဘ်ဒီပရဲ့ မဟေသီအဖြစ်ကို မင်းခံယူပါ သီတာဒေဝီ၊ နောင်မကြာခင် လက်ဘ်ဒီပမဟေသီအဖြစ်ကနေပြီး အိန္ဒိယဒေသတစ်ခုလုံး၊ ဟိမဝန္တာဒေသတစ်ခုလုံးရဲ့ မဟေသီအဖြစ် မင်းရောက်ရှိမှာပါ။ ဘာကြောင့်လဲဆိုတော့ ကျုပ်ရဲ့ဘုန်းအာဏာဟာ ကိသကိန္ဓာကတဆင်းမြေပြင်တဝှမ်းလုံးပျံ့နှံ့တော့မှာမို့ .........."

"ကိသကိန္ဓာ ......."

"ဟုတ်တယ်သီတာဒေဝီ၊ မင်းကလွဲပြီး ဆိုးညစ်တဲ့ အာရိယန်အားလုံးကို ကျုပ်တို့ကိသကိန္ဓာကနေ ခုခံမောင်းထုတ်တော့မယ်၊ ပျက်စီးရှုံးနိမ့်မယ့် မျိုးနွယ်စုကနေထွန်းတောက်အောင်မြင်တဲ့မျိုးနွယ်စုဘက် ကူးပြောင်းပြီး လက်ဘ်ဒီပမဟေသီအဖြစ်ကို မင်းခံယူပါ သီတာဒေဝီ"

"အို .အေ..... မကြားချင်ဘူး၊ မကြားချင်ဘူး၊ ရှင်အခုထွက်သွားပါ၊ အခုထွက်သွားပါ"

"မဟေသီအလောင်းအလျာရဲ့ အမိန့်ကို ခံယူပါတယ်"

ကျွန်ုပ်သည် ကျိုးနွံမှုဝေါဟာရအသုံးအနှုံးကို ယင်း၏ဆန့်ကျင်ဘက်အသံဖြင့် နှုတ်ဆက်ခဲ့ပြီး စက်ရာဆောင်မှ ထွက်ခွာခဲ့လေသည်။ နန်းတော်၏တပ်မင်းများခန်းမဆောင်တွင် ညီတော်ဘိဘိသန၊ သားတော်မေဃနာဒတို့နှင့် တကွလက်ဘ်ဒီပသေနာပတိများစောင့်ဆိုင်းနေကြပေမည်။

ကျွန်ုပ်ရောက်ရှိသွားချိန်၌ တပ်မင်းများခန်းမဆောင်တွင် ညီတော်ဘိဘိသန၊ သားတော်မေဃနာဒနှင့်တကွ လက်ဘ်ဒီပသေနာပတိများ ရောက်ရှိစုံညီနေကြပြီဖြစ်သည်။ သူတို့အားလုံးသည် တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေကြပြီး နက်ရှိုင်းသောဣန္ဒြေကို ဆောင်ထားကြလေသည်။ သူတို့ကားကျွန်ုပ်၏ဝဲယာတွင်အစဉ်ခြံရံလျက် လက်ဘ်ဒီပနယ်နိမိတ်ကို တိုးချဲ့ရေးလုပ်ငန်းတွင်အစဉ်ပြောင်မြောက်စွာပါဝင်ခဲ့ကြသောစစ်သည်တော်ကြီးများပင် ဖြစ်ပေသည်။

အိန္ဒိယမြစ်ဝှမ်းဒေသတွင် တနေရာမှ တနေရာလှည့်လည်၍ရေကြည်မြက်နုဒေသကို ရွှေ့ပြောင်းရှာဖွေရင်းနှင့် စားကျက်လုသည့် မျိုးနွယ်စုစစ်ပွဲများကို ဆင်နွဲတိုက်ခိုက်လေ့ရှိသည်။ မျိုးနွယ်စုများကို စုရုံးသိမ်းပိုက်နိုင်ခဲ့သူများလည်း ဖြစ်သည်။ စစ်ပွဲပေါင်းများစွာကို ဖြတ်သန်းလာခဲ့သည့် သူတို့၏လက်များသည် အစဉ်သဖြင့် ဒသဂီရိဘုရင်၏ ခြေအစုံကို ထိကပ်ထားကြသည်။ အထူးထူးသော သေနင်္ဗျူဟာများကို ကျွမ်းကျင်သူများလည်းဖြစ်သည်။ ထိုလင်္ကာဒီပသူရဲကောင်းများစုဝေးရာဖြစ်သည့် ဤတပ်မင်းများခန်းမဆောင်သည် လင်္ကာဒီပ၏ကံကြမ္မာကို အစဉ်အမြဲပွတ်တိုက်အရောင်တင်ပေးရာဒေသဖြစ်ပေသည်။

"ဘုရင်မင်းမြတ်ရောက်ရှိပြီးဖြစ်တဲ့အတွက် စစ်ရေးညီလာခံစတင်ပါပြီ"

သေနာပတိချုပ်ဖြစ်သော သားတော်မေဃနာဒသည် သူ့နေရာမှထလျက် အောင်မြင်သော အသံဖြင့် စတင်ပြောဆိုလိုက်လေသည်။

"လင်္ကာဒီပ သေနာပတိအားလုံးစုံညီကြရဲ့လား"

"နာဂမျိုးနွယ်စု သေနာပတိ ဂုမ္ဘဒီပ ရောက်ရှိပါပြီ"

"ဂရုဠမျိုးနွယ်စု သေနာပတိ ဂုမ္ဘီကဏ္ဏရောက်ရှိပါပြီ"

"ဂုမ္ဘာနမျိုးနွယ်စု သေနာပတိသူရာဂုမ္ဘာန်ရောက်ရှိပါပြီ"

မျိုးနွယ်စုသေနာပတိတဦးစီမိမိတို့ရောက်ရှိကြောင်းအစီရင်ခံကြသည်။

"လင်္ကာဒီပအရပ်ရှစ်မျက်နှာ နယ်နိမိတ်တပ်မင်းများ စုံညီကြပြီလား"

နယ်နိမိတ်တပ်မင်းခေါင်းဆောင်များ တစ်ဦးပြီးတစ်ဦး မတ်တပ်ရပ်ကြသည်။ တစ်ခုသော နေရာမှ ထိုင်ခုံလစ်လပ်နေပေသည်။ မေဃနာဒသည် ဓားမြှောင်ကို ထုတ်လျက်လစ်လပ်နေသောထိုင်ခုံနောက်မှီပေါ်သို့ပစ်စိုက်လိုက်သည်။

"ဘုရင်မင်းမြတ်ရောက်ရှိချိန်အထိမရောက်သေးတဲ့အဲဒီနေရာဟာ ဘယ်သူလဲ"

"ကိသကိန္ဒာဒေသ နယ်နိမိတ်ခေါင်းဆောင် ဣဇနေဖြစ်ပါတယ်သေနာပတိချုပ် သူဟာနယ်စပ်ရဲ့ ထူးခြားတဲ့သတင်းတစ်ခုကို ရယူလာဖို့အတွက် နောက်ကျနေခြင်းဖြစ်ပါတယ်"

တပ်မင်းတစ်ဦးကအဖြေပေးသည်။

"ရှိပါစေလေ၊ သူရောက်လာတဲ့အခါမှာသူပြောတာကိုနားထောင်ကြတာပေါ့၊ ကိုင်းအခု သေနာပတိများ ပြောစရာရှိတာပြောကြပါ"

ဘိဘိသနသည် တည်ငြိမ်အေးဆေးသောအသံဖြင့် ဝင်ရောက်ဖြေရှင်းလိုက်သည့်အတွက် ထိုစိတ်အနှောက်အယှက်ဖြစ်စရာပြဿနာမှာ ပြီးဆုံးသွားခဲ့သည်။ ရှေ့ပိုင်းနေရာမှ သေနာပတိတစ်ယောက်ထလိုက်သည်။

"နာဂါမျိုးနွယ်စု သေနာပတိ ဂုမ္ဘဒီပလျှောက်တင်ပါရစေ၊ လွန်ခဲ့တဲ့ ခုနစ်ရက်က အာရိယန် ဘုရင်ဒသရဋ္ဌရဲ့ သားနှစ်ဦးဖြစ်တဲ့ ရာမနဲ့လက္ခဏတို့ဟာ ကျွန်ုပ်ရဲ့နယ်နိမိတ်အရှေ့ဘက်အရပ် အိန္ဒိယမြစ်တစ်ဘက်ကမ်းကို ဖြတ်ကူးသွားကြပါတယ်။ သူတို့မှာနောက်လိုက်နောက်ပါ စစ်သည်များ မပါရှိပါ"

"သူတို့ဘယ်ဒေသကိုသွားသလဲ"

"ကိသကိန္ဒာတိုင်းပြည်ဘက်ကို သွားပါတယ်"

လွန်ခဲ့သောခုနစ်ရက်ဟူသောအချိန်မှာ ကျွန်ုပ်မှော်ရုံဟေဝန်မှ သီတာဒေဝီကို ခေါ်ဆောင်လာခဲ့သည့် ရက်ပိုင်းဖြစ်သည်။ ရာမနှင့် လက္ခဏတို့သည် မှော်ရုံဟေဝန်မြောက်ဘက်တစ်နေရာတွင် တွေ့ဆုံကြပြီး ကိသကိန္ဒာသို့အပြင်းနှင်သွားကြခြင်းဖြစ်ပေမည်။ ပျောက်ဆုံးနေသော သီတာဒေဝီအတွက် သင်းတို့ရှာပုံတော်ဖွင့်ကြပေမည်။ ကျွန်ုပ်ပြုံးလိုက်သည်ကို ဘိဘိသနက လှမ်းကြည့်လိုက်လေသည်။

"ဂရုဠမျိုးနွယ်စု သေနာပတိ ဂုမ္ဘီကဏ္ဏလျှောက်တင်ပါရစေ၊ ရာမနဲ့လက္ခဏတို့ဟာ လွန်ခဲ့ တဲ့သုံးရက်က နယ်နိမိတ်မြောက်ဘက်အရပ်ကြို့ပင်တောအုပ်အနီးက ဖြတ်သန်းသွားကြပါတယ်။ သူတို့ဟာအိန္ဒိယမြစ်ရဲ့ဒီမှာဘက်လင်္ကာဒီပ ပိုင်နက်ထဲကို ချင်းနင်းဝင်ရောက်မလာကြပါဘူး၊ ဒါကြောင့် ကျွန်ုပ်တို့တိုက်ခိုက်ခြင်းမပြုခဲ့ပါ"

"ကိစ္စမရှိပါဘူးလေ၊ ဒါကိုမပြောပါနဲ့၊ မင်းတို့တွေ့လိုက်တဲ့အချိန်မှာကော သူတို့နှစ်ဦးပဲလား၊ စစ်သည်တွေပါသေးသလား"

"စစ်သည်တွေမပါ ပါ၊ ဒါပေမယ့် နှစ်ဦးမဟုတ်၊ သုံးဦးဖြစ်ပါတယ်"

"သုံးဦးဟုတ်လား၊ တတိယလူက ဘယ်သူလဲ"

"ကျွန်ုပ်မမြင်ပါဘူး၊ ဒါပေမယ့် အသွင်ထူးဆန်းပါတယ်။ ရင်အုပ်ကြီးမားပြီးလက်တံများ ရှည်လွန်းလှပါတယ်။

ခြေဖဝါးလက်ဖဝါးများ ကြီးမားလှပါတယ်။ ဝတ်စားတန်ဆာများဟာ အဖိုးထိုက်အဖိုးတန်များ ဖြစ်ပေမယ့် ပေရေစုတ်ပြတ်နေပါတယ်။ သူဟာရာမနဲ့ လက္ခဏတို့နောက်က လိုက်ပါသွားပါတယ်"

လက်တံများရှည်လျားပြီး လက်ဖဝါးခြေဖဝါးများ ကြီးမားသည်ဟုသော ထိုတတိယလူသည် အဘယ်သူနည်း။ ကျွန်ုပ်စဉ်းစားလိုက်သည်။ ကျွန်ုပ်၏အတွေးထဲသို့ မက္ကဘုရင်ဘာလီ၏အသွင် သဏ္ဌာန်ဝင်ရောက်လာသည်။

"ဂရုဠသေနာပတိ သင် မက္ကဘုရင်ဘာလီကို မြင်ဖူးသလား"

ဘိဘိသနလည်း ကျွန်ုပ်ကဲ့သို့ပင် အတွေးဝင်ဟန်ရှိသည်။ သူသည်ကျွန်ုပ်ကိုယ်စားဂုမ္ဘီကဏ္ဏကို မေးလိုက်သည်။

"ကျွန်ုပ်မက္ကဠဘုရင်ကို မြင်ဖူးပါတယ် အိမ်ရှေ့မင်း၊ဒါပေမယ့် အဲဒီလူဟာ မက္ကဠဘုရင်မဟုတ်ပါဘူး"

"ဒါဖြင့်ရင်" ကျွန်ုပ်အတွေးမဆုံးခင် ဘိဘိသနအသံပေါ်လာသည်။

"သူဟာ မက္ကဠဘုရင်ဟောင်း သုခရိတ်ဖြစ်နိုင်တယ်၊ ကိသကိန္ဒာနန်းကျဘုရင်သုခရိတ်ဖြစ်နိုင်တယ်"

"အေး ငါလည်းဒီလိုပဲတွေးမိတယ်ဘိဘိသန၊ သို့သော်သူဟာသုခရိတ်ဖြစ်ခဲ့ရင်ဘာကြောင့် လွှန်ခဲ့တဲ့သုံးရက်ကမှ ရာမတို့နဲ့တောနက်ထဲတောင်ထဲမှာအတူရှိနေရသလဲ၊ သူရဲ့ကိသကိန္ဒာထီးနန်းကိုပြန်ယူဖို့လွှန်ခဲ့တဲ့ရက်ပေါင်းများစွာကတ ည်းက သူရာမတို့ရှိရာခိုဝင်ခဲ့တာမဟုတ်လား၊ပြီးတော့စစ်သည်ဗိုလ်ပါ မပါလဲရာမ ၊လက္ခဏနဲ့ သုခရိတ်သုံးဦးတည်း ကိသကိန္ဒာကိုသွားကြမတဲ့လား"

ဘိဘိသနသည် အဖြေမပေးနိုင်သေးဘဲ အတွေးနက်နေဟန်ရှိသည်။ မှော်ရုံဟေဝန်မှသီတာဒေဝီကို ခေါ်ဆောင်ခဲ့စဉ်ကလည်း ရာမ၊လက္ခဏတို့စခန်းချသည့် ကျောက်ဂူစခန်းတွင် စစ်သည်များမရှိခဲ့။ ထီးနန်းကို ပြန်လည်ရယူရေးကိစ္စ၌ စစ်သည်ဗိုလ်ပါမရှိဘဲထိုသုံးဦးသည်ရှူးမိုက်စွာ ကြံစည်နေကြပြီထင်သည်။ ထို့ပြင်တခါကလည်း ညီတော်ဘိဘိသနကိုယ်တိုင်ရာမတို့ကို စစ်သည်ဗိုလ်ပါများနှင့်အတူအရှေ့မြောက်ဘက်ဒေသ၌တွေ့ခဲ့ကြောင်း ကျွန်ုပ်ကို သတင်းပေးခဲ့ဖူးသည်။ ညီအကိုနှစ်ယောက်နှင့် မက္ကဠနန်းကျဘုရင်တစ်ယောက်စုစုပေါင်းသုံးယောက်တို့ကိသကိန္ဒာသို့ ခိုးကြောင်ခိုးဝှက်ထွက်သွားသည့်အရေးကိစ္စအတွက်လင်္ကာဒီပသေနာပတိတို့စည်းဝေးနေကြရမည်လော။ အဘယ်ကြောင့် ညီတော်ဘိဘိသနသည် သေနာပတိအားလုံးကို စုဝေးစေလျက်ဤညီလာခံခန်းမတွင်စုရုံးစေသနည်း။ ထုံးစံအတိုင်းဘိဘိသနသည် အကြောက်လွန်နေခြင်းသာ ဖြစ်ရပေမည်။

"ဘယ်နယ့်လဲညီတော်ဘိဘိသန၊ တို့များဟာဘာအတွက်တပ်မင်းများခန်းမထဲကိုစုဝေးနေရတာလဲ၊ သားတော်မေဃနာဒ မင်းရဲ့သေနာပတိတွေကော ဘုရင့်သားနှစ်ယောက်နဲ့ နန်းကျဘုရင်တစ်ယောက်အတွက် ဒီကိုခေါ် သွားတာလား၊ တို့ခုကိသကိန္ဒာကို ချီတက်တိုက်ခိုက်ကြရမှာလား"

ဘိဘိသနနှင့် မေဃနာဒတို့သည်နီရဲသောမျက်နှာများကိုအောက်သို့ ငုံ့လိုက်ကြသည်။ စကားတစ်စုံတစ်ရာ ပြန်လှန်ပြောဆိုနိုင်ခြင်းမပြုနိုင်ကြ။ သေနာပတိအားလုံးကလည်း သူတို့နှစ်ဦးကို ကြည့်နေကြသည်။

"ငါကကိသကိန္ဒာမှာ အာရိယန်တွေရောက်နေလို့ ဘာလီဘုရင်ကိုစစ်ကူပေးဖို့အရေးဆွေးနွေးမယ်ထင်ပြီးလာခဲ့တာ၊ ဒီလိုတိတ်ဆိတ်ငြိမ်သက်နေတဲ့အဖြေမရှိတဲ့ တပ်မင်းညီလာခံမျိုးကိုလာခဲ့တာမဟုတ်ဘူး၊ ဟေ့ မင်းတို့ကတော့၊ ဂုမ္ဘီဒီပ .... ဂုမ္ဘီကဏ္ဏသေနာပတိကြီးတွေ မင်းတို့တာဝန်ကျတဲ့နယ်နိမိတ်မှာ ဘယ်တုန်းက ဘယ်သူနှစ်ယောက် ဖြတ်သွားပါတယ်ဆိုတာအစီရင်ခံဖို့ဒီကိုလာခဲ့ကြတာလား"

ညီလာခံတစ်ခုလုံးတိတ်ဆိတ်ငြိမ်သက်နေသည်။ သေနာပတိများသည် ကျောက်ရုပ်များလို ဖြစ်နေကြသည်။

"ဟေ့ ...... ဒါဟာ ဟိမဝန္တာကယောဂီတွေရဲ့ ဂူမဟုတ်ဘူး၊ ဒသဂီရိရဲ့စစ်ရေးဆွေးနွေးရာ နန်းဆောင်ကွ၊ မင်းတို့မှာတစ်ခြားဘာမှပြောစရာမရှိဘူးလား"

သားတော်မေဃနာဒကစတင်လှုပ်ရှားလာသည်။ တစ်စုံတစ်ခုပြောရန်ဟန်ပြင်လိုက်သည်။ သို့သော် သူပြောခွင့်မရလိုက်၊ကျယ်လောင်သော မြင်းခွာသံများနန်းဆောင်တံခါးဝ၌ ပေါ်လာပြီး နန်းဆောင်အတွင်းသို့ တစုံတဦး ပြေးဝင်လာသည်။ သူသည် ဓားမြှောင်စိုက်ဝင်နေသည့်ထိုင်ခုံသို့ပြေးလာပြီး ထိုင်မည်အပြုတွင်မှ ဓားမြှောင်ကို မြင်လိုက်ရသောကြောင့် တုန်လှုပ်သွားပြီး ရပ်နေလိုက်သည်။

သားတော်မေဃနာဒထံမှ အသံထွက်လာသည်။

"ဣန္ဒေန၊ ကိသကိန္ဒာနယ်စပ်တပ်မှူး ဣန္ဒေန"

"ဟုတ်ပါတယ်၊ သေနာပတိချုပ်၊ ကျွန်ုပ်ဣန္ဒေနပါ၊ အထူးအရေးကြီးတဲ့ကိစ္စတရပ်ပေါ်လာလို့ နောက်ကျနေရတာကိုခွင့်လွှတ်ပါ၊ ကျွန်ုပ်မှာ အရေးကြီးတဲ့သတင်းတွေပါလာပါတယ်"

ဣန္ဒြေနေ၏ရင်အုပ်သည် ပြင်းစွာ နိမ့်ချည်မြင့်ချည်ဖြစ်နေသည်။ သူသည်လက်ကိုညာဘက်ရင်အုံပေါ်သို့ဖိကပ်ထားသည်။ သူ့အသံမှာမောဟိုက်နေပြီး ကျယ်လောင်သောအသက်ရှူသံ များ ကြားနေရသည်။ မျက်နှာမှာလည်း သွေးဆုတ်နေသည်။ မေဃနာဒက အမိန့်ပေးလိုက်သည်။

"မြန်မြန်ပြောစမ်း"

"တခါက လက်ာဒီပဘုန်းလက်ရုံးအောက်မှာ ခိုဝင်ပါရစေဆိုတဲ့မဏ္ဍဋ္ဌဘုရင်ဟာ သူ့ရဲ့နောင်တော် သုခရိတ်မင်းကို ကိသကိန္ဒာကနေပြီး မတရားသဖြင့်နှင်ချတာဖြစ်ပါတယ်။ မိဖုရားခေါင် သုဘတ္တနဲ့တကွထီးနန်းကို အတင်းအဓမ္မသိမ်းပြီး နောင်တော်သုခရိတ် ကိုနန်းချပစ်ပါတယ်"

ဘိဘိသနက ကျွန်ုပ်ကိုလှမ်းကြည့်လိုက်လေသည်။ ဘာလီမင်း၏ မျက်လုံးသူငယ်အိမ်သည် သေးငယ်၍လှုပ်ရှားကစားလွန်းသောကြောင့် မနှစ်မြို့ဟုသူတခါကပြောဖူးသည်ကို အမှတ်ရဟန်ရှိလေသည်။

"ဒီလိုမတရားမှုကို မဏ္ဍဋ္ဌပြည်သူပြည်သားများကလည်း မကြိုက်ကြဘူး၊ ဒါပေမယ့် ဘာလီ မင်းဟာ ကျွန်ုပ်တို့နဲ့ မဟာမိတ်ပြုထားတယ်ဆိုတာသိကြလို့ ဘာလီမင်းကို သူတို့ပြန်မချရဲကြ ဘူး၊ သုခရိတ်ဘုရင်ပြန်လာမယ့်ရက်ကိုပဲ မဏ္ဍဋ္ဌမျိုးနွယ်စုတွေက မျှော်လင့်နေကြတယ်"

ဣန္ဒြေနေ၏အသံသည်ပို၍မောဟိုက်လာသည်။

"သုခရိတ်ဟာ အာရိယန်ဘုရင်တွေဆီစစ်ကူတောင်းဖို့ အိန္ဒြမြောက်ပိုင်းကိုထွက်ပြေးခဲ့တယ်၊ မြောက်ပိုင်းကိုမရောက်ခင် လမ်းခုလတ်တောင်ပိုင်းတောအုပ်တစ်ခုအတွင်းမှာ နေပြည်တော်က အနှင်ခံရတဲ့ ရာမ၊ လက္ခဏတို့နဲ့ တွေ့တယ်"

"ဘာ ...... နေပြည်တော်ကအနှင်ခံရတဲ့ ရာမနဲ့လက္ခဏ ဟုတ်လား"

"ဟုတ်ပါတယ် ဘုရင်မင်းမြတ်၊ ရာမနဲ့လက္ခဏတို့ဟာ အယုဒ္ဓယကနေ အနှင်ခံကြရတယ်၊ သူတို့ရဲ့ခမည်းတော်ဘုရင်ရဲ့ အမိန့်နဲ့အနှင်ခံရတာပါ"

"အလို ရှုပ်ထွေးလှပါလား၊ သားတော်မေဃနာဒ၊ ဣန္ဒြေနေကိုသူ့ထိုင်ခုံမှာထိုင်ပါစေ၊ ပြီးတော့မှ သူသေသေချာချာပြောပါစေ"

နောက်မှီတွင် စိုက်ဝင်နေသည့် ဓားမြှောင်ကို ဖယ်ရှားလိုက်ပြီးဣန္ဒြေနေကို ထိုင်စေသည်။

ထိုင်ခုံတွင် ထိုက်လိုက်သည့်အခါတွင်မှဣန္ဒြေနေရင်အုံ၌ဖိကပ်ထားသည့် သူ့လက်ကိုပြန်ခွာ လိုက်သည်။ ဝတ်ရုံစနှင့်ကိုယ်ကြပ်ကိုဖွင့်ပြသည်။ ထိုအခါမှပင် ရင်ဘတ်၌သွေးများစိမ့်ထွက်နေသည့် အပေါက်ငယ် တစ်ပေါက်ကို တွေ့ကြရပေသည်။ သေနာပတိများက ဣန္ဒြေနေကို ဖေးမမည်ပြုကြသောအခါ ဣန္ဒြေနေသည် ငြင်းပယ်လိုက်လေသည်။

"ဘာမှမကူညီကြပါနဲ့၊ အချိန်မရှိဘူး၊ ကျုပ်သေမှာပဲ၊ အရေးကြီးတဲ့သတင်းတွေ ပြောစရာရှိတယ်"

ကျုပ်တို့ရှုပ်ထွေးနေခဲ့တဲ့အကြောင်းအရာများသည် ဣန္ဒြေနေရခဲ့သည့် သတင်းများကြောင့် အားလုံး ရှင်းလင်းသွားခဲ့ပေသည်။

ရာမနှင့်လက္ခဏတို့သည် မိထိလာလေးတင်ပွဲမှ သီတာဒေဝီကို ဆောင်ကျဉ်း၍အယုဒ္ဓယ သို့ပြန်သွားခဲ့ကြသည်။ ရာမသည် အယုဒ္ဓယထီးနန်းကို ဆက်ခံရန်ဖြစ်သော်လည်း သူတို့၏ ခမည်းတော် ဒသရဋ္ဌဘုရင်သည် ရာမအားထီးနန်းမပေးဘဲ ဩဇာညောင်းသည့် မိဖုရား တစ်ပါး၏သားကိုသာ ထီးနန်းပေးခဲ့ရသည်။ သူတို့အာရိယန်မျိုးနွယ်စုများအကြားတွင် ရှုပ်ထွေး သောထီးနန်းပြဿနာများရှိပေသည်။ ထို့နောက် ရာမတို့ကို လိုလားကြသော မျိုးနွယ်စုနှင့် မိဖုရား ၏မျိုးနွယ်စုတို့အချင်းချင်း စစ်မက်ဖြစ်ပွားကြမည့်အရေးကြောင့် ရာမတို့အား အယုဒ္ဓယမှ နှင်ထုတ်ခဲ့ခြင်းဖြစ်သည်။အာရိယန် မျိုးနွယ်စုအများအပြားမှာလည်း ရာမတို့ညီအကို နှစ်ဦးကိုလို လားကြသည်။ ဘုရင်ဒသရဋ္ဌအနေနှင့်မူ မိမိ၏သားကို အိန္ဒြမြစ်မြောက်ပိုင်းမှတောင်ပိုင်းသို့ လှည့်လည်စည်းရုံးလျက်ကြီးမားသောမျိုးနွယ်စုအသစ်ကို ဦးဆောင်စေပြီး ထီးနန်း ကိုပြန်လည် ရယူစေလိုခဲ့သည်။ ရာမတို့ညီအစ်ကိုလည်း ဤကဲ့သို့ပင်ကြံစည်ခဲ့ကြဟန်တူသည်။ ထို့ကြောင့် အယုဒ္ဓယမှ ထွက်ခွာခဲ့ကြခြင်းဖြစ်ပေမည်။ သူတို့အား အရှေ့မြောက်ဘက်တောင်တန်း အထိ အာရိ ယန် စစ်သည်များ အစောင့်အရှောက်ဖြင့်လိုက်ပါပို့ဆောင်ခဲ့ခြင်းဖြစ်မည်။ ညီတော်ဘိဘိသန တွေ့ခဲ့သည်ဆိုသောစစ်သည်များမှာ ရာမတို့ကိုလိုက်ပို့သည့်စစ်သည်များဖြစ်ပေမည်။ ထိုစစ်သည်တို့သည် မော်ရုံဟောဝန် မြောက်ဘက် အိန္ဒြမြစ်တစ်ဘက်ကမ်း အရောက်တွင် ပြန်သွားကြခြင်းဖြစ် သည်။

ရာမနှင့်လက္ခဏတို့သည် အာရိယန်မျိုးနွယ်စုအသစ်ကို တည်ထောင်ရန် ဝေးလံသောအရှေ့ဘက် မြက်ခင်းပြင်ဒေသများ၌ သွားရောက်ခြင်းဖြစ်နိုင်သည်။ ရေကြည်မြက်နုကို လှည့်လည်ရှာဖွေသည့် မျိုးနွယ်စုငယ်များမှ စတင်စည်းရုံးရန် အကြံရှိဟန်တူသည်။ ထိုအချိန်တွင်သင်း၏သီတာဒေဝီကို ကျွန်ုပ်ခေါ်ဆောင်လာနိုင်ခဲ့သဖြင့် သီတာဒေဝီကိုရှာဖွေရန် ခရီးလမ်းကြောင်းပြောင်း သွားရခြင်းဖြစ်နိုင်သည်။ ဤတွင်ကိသကိန္ဒာမှ

ထွက်ပြေးခဲ့ရသည့်နန်းကျာဘုရင်သုခရိတ်နှင့် တွေ့ ဆုံခြင်းဖြစ်ပေမည်။ ဣန္ဒြေနေ၏သတင်းများကိုဆက်စပ်ကြည့်သောအခါ ဤသို့ပင်အဖြေထွက်လာ ပေသည်။

" .... အဲဒီလိုတွေ့ဆုံကြပြီးနောက် ရာမ၊လက္ခဏနဲ့သုခရိတ်တို့ဟာ ကိသကိန္ဓာကိုဆက်သွားခဲ့ကြတယ်၊ ရာမတို့ဟာအလွန်ဝေးလံတဲ့ မြောက်ပိုင်းဒေသ ဆင်းသက်ပေါက်ဖွားတဲ့ အာရိယန်များဖြစ်တဲ့အတွက် အုပ်စုငယ်ဖွဲ့ပြီးတိုက်တဲ့ စစ်မက်ရေးရာမှာ ကျွမ်းကျင်ကြသူတွေပါပဲ၊ သုခရိတ်ဘုရင်ကအားကိုးတယ်၊ယုံကြည်တယ်၊ သုခရိတ်ဘုရင်မှန်တယ်၊ သူအားကိုးယုံကြည်တဲ့အတိုင်း သုခရိတ်ဟာသူ့ကိုလေးစားမြတ်နိုးတဲ့ မက္ကဋမျိုးနွယ်စုတွေကိုစုရုံးပြီး ရာမ၊လက္ခဏတို့ ဦးဆောင်မှုနဲ့အခုကိကိန္ဓာထီးနန်းကို ပြန်လည်သိမ်းပိုက်လိုက်ပြီ"

"ဘာ...... သုခရိတ်ဟာ ကိသကိန္ဓာကိုပြန်သိမ်းလိုက်ပြီ ဟုတ်လား"

"ဟုတ်ပါတယ် သေနာပတိချုပ်"

"ဒါဖြင့် ဟိုဘာလီဘုရင်ကော"

"စစ်ပွဲမှာ ကျဆုံးသွားပြီ"

အခြေအနေများသည် တမဟုတ်ချင်းပြောင်းလဲသွားကြပြီဖြစ်သည်။ ကျွန်ုပ်ထံသို့ လက် အောက်ခံ မဟာမိတ်အဖြစ်ခိုဝင်ခဲ့သော ဘာလီဘုရင်သည် သေဆုံးသွားပေပြီ။ ကျွန်ုပ်ပေး လိုက်သည့် ရွှေပခုံးကာကိုယ်ကျပ်ကို အနီစ အပြင်ထုတ်၍ ကျွန်ုပ်ထံသို့ ပို့ခွင့်မရလိုက်တော့ချေ။ ကျွန်ုပ်၏အကူအညီကို မရလိုက်သောကြောင့် သင်းရှုံးနိမ့်သွားရခြင်း ဖြစ်ပေသည်။ ကျွန်ုပ်သာကြိုတင်သိခဲ့ရလျှင် .......

"ဟေ့ ဘာလီဘုရင်မရှိတော့လဲ ငါဟာသူတို့ရဲ့မဟာမိတ်အဖြစ် မက္ကဋမျိုးနွယ်စုကို အကူ အညီပေးရမယ်၊ လက်ာဒီပဘုရင်ထံ လက်အောက်ခံခိုဝင်လာသူတစ်ဦးကို သတ်ဖြတ်ပြီး ထီးနန်းကို ပြန်သိမ်းတဲ့ကိစ္စမှာတို့က ဒီအတိုင်းကြည့်နေယင်တော့ တို့ဒြာဝိဒိယန်မျိုးနွယ်စုရဲ့ ဂုဏ်သိက္ခာကျဆင်းလိမ့်မယ်"

"နောင်တော်ဘုရင်မင်းမြတ်"

"မင်းအသာနေစမ်းပါဘိဘိသန၊ ပြီးတော့ဒီကိစ္စမှာ ငါ့ကိုမလေးမခန့်ပြုခဲ့တဲ့ ဒသရဌဘုရင်ရဲ့သားတွေက အဓိကအကူအညီပေးနေကြတယ်၊ ရာမဟာ ငါ့ရဲ့ရန်သူဖြစ်တယ်၊ ငါ့ရဲ့မဟာမိတ်ကို သင်းကဦးစီးပြီး လုပ်ကြံတယ်၊ ဒါကြောင့်သင်းဟာ ငါ့ရဲ့ရန်သူအဖြစ်မှ ပိုပြီးလေးနက်လာခဲ့ပြီ၊ဒါကြောင့်တို့ ကိသကိန္ဓာကို ချီတက်ရမယ်"

"ကိသကိန္ဓာကိုချီတက်ပါ"

"ကိသကိန္ဓာကိုချီတက်တိုက်ခိုက်ပါ"

သေနာပတိအားလုံး၏တောင်းဆိုသံများ နန်းဆောင်အတွင်းဟိန်းသွားသည်။

"နေကြပါဦး ........ နေကြပါဦး၊ ရှင်းရှင်းလင်းလင်းတွေးကြပါ၊ ဘာလီဘုရင်ဟာ လက်ာဒီပ ကို မဟာမိတ်ဖွဲ့လာသူဖြစ်တယ်၊ သို့သော် လက်ာဒီပနဲ့ ကိသကိန္ဓာအကြားဘယ်လိုဆက်သွယ်မှုမှ မရှိသေးပါဘူး၊ ပြီးတော့မက္ကဋမျိုးနွယ်စုဟာ သူတို့ရဲ့ဘုရင်ဟောင်းသုခရိတ်ကိုပြန်ပြီး နန်းတင်လိုက်ကြပြီ၊ သူတို့မလိုလားတဲ့ဘာလီဘုရင်ကို သုတ်သင်လိုက်ပြီးပြီ။ သူတို့အရေးကို သူတို့ဘာသာဖြေရှင်းပြီးသွားပြီ၊ ဒီအရေးမှာ ဒြာဝိဒိယန်တို့ဟာ ကိသကိန္ဓာကို တိုက်ခိုက်စရာဘာမှမလိုတော့ဘူး"

ဘိဘိသနသည် နေရာမှမတ်တပ်ရပ်လိုက်ပြီး အော်ဟစ်ပြောဆိုလေသည်။

"ဘိဘိသန .... ကိုယ့်ရဲ့မဟာမိတ်ကိုထိပါးလာသူဟာ ကိုယ့်ရဲ့ရန်သူပဲ၊ ဒါဟာအင်မတန်ရှင်းလင်းလွယ်ကူတဲ့ သေနင်္ဗျူဟာပဲ၊ ဒါကိုမသိဘူးလား"

"ဒါဟာ အင်မတန်ရိုးတဲ့သေနင်္ဗျူဟာပါ နောင်တော်ဘုရင်မင်းမြတ်၊ သို့သော်ကိသကိန္ဓာကိုတိုက်ခိုက်ဖို့အရေးဟာ ဒီသေနင်္ဗျူဟာနဲ့မဆိုင်ပါဘူး၊ အဓိကကျတဲ့လုပ်ငန်းက ကိသကိန္ဓာကို ချီတက်ဖို့မဟုတ်ဘူး၊ လက်ာဒီပကို ပိုမိုလုံခြုံအောင် စီမံဖို့ဖြစ်တယ်"

"ဘာဖြစ်လို့လက်ာဒီပကို ပိုမိုလုံခြုံအောင်လုပ်ရမှာလဲ ဘထွေးတော်"

သားတော်မေဃနာဒက ဘိဘိသနကို စိတ်အားထက်သန်စွာမေးလိုက်သည်။

ဘိဘိသနသည် နေရာမှမတ်တပ်ရပ်လိုက်ပြီးသူ၏ဝတ်ရုံကြီးကို လက်ဖြင့် ဖယ်ရှား လိုက်သည်။သူ၏အမူအယာမှာ ပို၍လေးနက်သွားလေသည်။ ခန်းမဆောင်အတွင်းသူ့အသံသည် ရှင်းလင်းပြတ်သားစွာ ပေါ်ထွက်လာလေသည်။

"နောင်တော်ဘုရင်မင်းမြတ်နဲ့တကွ သေနာပတိအားလုံးနားထောင်ပါ။ ကျွန်ုပ်ဟာ လက်ာဒီပ အိမ်ရှေ့စံအဖြစ်ဟောဒီအိန္ဒိယမြစ်တောင်ပိုင်းဒေသကိုသာမက ကမ္ဘာမြေပြင်ပေါ်မှာဖြစ်နေတဲ့ အကြောင်းအရာများကိုပါ တတ်နိုင်သလောက်လေ့လာထားပါတယ်၊ ကျွန်ုပ်တို့ဒြာဝိဒိယန်တွေဟာ ဟောဒီအိန္ဒိယမြစ်တောင်ပိုင်းမှာ မျိုးနွယ်စုပေါင်းများစွာကို

စည်းရုံးအုပ်ချုပ်နေချိန်မှာမြောက်ပိုင်းက အသားဝါအာရိယန်တွေကလဲ တဖြည်းဖြည်း အင်အားကြီးမားတဲ့ နိုင်ငံကြီးထူထောင်ဖို့ကြိုးစား နေကြတယ်၊ ဒီနေ့ကျွန်ုပ်အဓိကထားပြီး လေးလေးနက်နက်တိုင်ပင်ဆွေးနွေးရမှာက ကိသကိန္နာကိစ္စ၊ မက္ကဋမျိုးနွယ်စုကိစ္စမဟုတ်ဘူး၊ ကြီးထွားတိုးတက်လာတဲ့ အာရိယန်ကိစ္စသာဖြစ်တယ်၊ ယနေ့ဒြာဝိဒိယန်မျိုးနွယ်စုနဲ့ အာရိယန်မျိုးနွယ်စုတို့ဟာ အင်အားအကြီးဆုံးဖြစ် တယ်၊ ဒါကိုကျွန်ုပ်တို့ စစ်ရေးအရ၊နိုင်ငံရေးအရ လေးနက်ကျယ်ပြန့်စွာစဉ်းစားကြရမယ်၊အလွန်အရေးကြီးတဲ့ အခုလိုအချိန်မျိုးမှာ ကိသကိန္နာကို ချီတက်တိုက်ခိုက်ခြင်းဆိုတဲ့ အသေးအဖွဲ ကိစ္စတစ်ခုကြောင့် လက်ာဒီပရဲ့အင်အားကို မကုန်ခမ်းစေသင့်ဘူး"

ဘိဘိသနသည် ပြန်မထိုင်သေးဘဲသေနာပတိများကို တလှည့်စီလိုက်ကြည့်နေလေသည်။

သေနာပတိများသည် ဘိဘိသနစကားကြောင့် တွေဝေရှုပ်ထွေးသွားဟန်ဖြင့် တီးတိုးပြောဆိုနေကြသည်။ သားတော်မေဃနာဒက လေးနက်စွာအတွေးဝင်နေဟန်ရှိသည်။

"သေးဖွဲတဲကိစ္စ၊ ဟုတ်လားဘိဘိသန၊ ရာမတို့ရှိရာကို တိုက်ခိုက်ဖို့အရေးဟာ သေးဖွဲ့တဲ့ကိစ္စတဲ့လား၊ ဒီဒသရဋ္ဌဘုရင်ရဲ့သားနှစ်ယောက်ဟာ ငါရဲ့ရန်သူဆိုတာ မင်းမေ့နေပြီလား၊ သီတာဒေဝီကို ငါ့ထံကဆောင်ကျဉ်းသွားခဲ့လို့ငါက ပြန်လည်ဆောင်ကျဉ်းယူခဲ့ရတဲ့အဖြစ်ဟာ သေးဖွဲတဲ့ကိစ္စလား ........ ဟင်"

ဘိဘိသနသည် ခေါင်းကို ခါယမ်းနေသည်။ "ငါပြောတာကို နားလည်ကြပါ၊နားလည်ကြပါ" ဟုလည်း ထူးဆန်းစွာ ရေရွတ်ညည်းတွားနေလေသည်။ တပ်မင်းများ ခန်းမဆောင်အတွင်း၌ ဆွေးနွေးတိုင်ပင်နေကြသံများ ပို၍ဆူညံလာသည်။ ဘိဘိသနက တစုံတခုကို ရေရွတ်ရင်းခေါင်းကို ခါယမ်းနေလေသည်။ ထိုအခိုက် ဣဗ္ဗေနကို ပြန်၍သတိပြုမိကြတော့သည်။ သူကား ... .ဒဏ်ရာရထားသူဖြစ်သည်။ ဣဗ္ဗေနၡ် ယိမ်းယိုင်သောလှုပ်ရှားမှုကြောင့် သေနာပတိတယောက်က သူ့ကိုဖေးမလိုက်ရသည်။ ထိုအခါမှပင် အသံများ ပြန်လည်ငြိမ်သက်သွားကြသည်။

"နားထောင်ကြပါ၊ ကျွန်ုပ်ဒဏ်ရာသည်းလာပြီ။ ကျွန်ုပ်မနေရတော့ဘူး၊ ကိသကိန္နာကို ချီတက်စရာမလိုဘူး၊ ဘာကြောင့်လဲဆိုတော့ ရာမ၊လက္ခဏနဲ့ သုခရိတ်ဘုရင်ခေါင်းဆောင်တဲ့ မက္ကဋမျိုးနွယ်စုဟာ လက်ာဒီပကို ချီတက်လာကြလိမ့်မယ်၊ ဒီက သွားစရာမလိုဘူး၊ သူတို့လာကြလိမ့်မယ်"

ဆူညံနေသည့် ခန်းမဆောင်သည် ပကတိ တိတ်ဆိတ်သွားပြန်သည်။

သားတော်မေဃနာဒ၏ အသံပေါ်လာသည်။

"ဒီသတင်းသေချာလား ဣဗ္ဗေန"

"သေချာပါတယ်၊ သေနာပတိချုပ် ၊ ကျွန်ုပ်ရရှိခဲ့တဲ့ ဒဏ်ရာဟာကိသကိန္နာနယ်စပ်က သုခရိတ်ဘုရင်ရဲ့ မက္ကဋနယ်စောင့်တပ်အနီးသွားပြီး စုံစမ်းထောက်လှမ်းရာက သူတို့ပစ်လိုက်တဲ့ ဒဏ်ရာဖြစ်ပါတယ်၊ သေးငယ်ချွန်ထက်ပြီး ထူးဆန်းတဲ့ လက်နက်နဲ့ပစ်လိုက်လို့ရတဲ့ဒဏ်ရာ"

ဣဗ္ဗေန၏အသံသည် တဖြည်းဖြည်းတိမ်ဝင်သွားသည်။ ဤအခြင်းအရာသည် သူသေဆုံးတော့မည်ကို ပြသည့် လက္ခဏာဖြစ်ကြောင်းကျွန်ုပ်တို့သိလိုက်ကြသည်။ ဘိဘိသနသည် ဣဗ္ဗေနရှိရာသို့ပြေးသွားပြီး စားပွဲပေါ်သို့တဖြည်းဖြည်း ကိုင်းညွတ်နေသည့် သူ့ကိုဖေးမထားလိုက်သည်။ မေဃနာဒကမူ ဒဏ်ရာကိုလျစ်လျူရှုလျက်မေးခွန်းတစ်ခုကို စိတ်အားထက်သန်စွာ မေးလိုက်သည်။

"သူတို့ဘယ်တော့လာမလဲ"

ဣဗ္ဗေနသည် ခေါင်းကို ကြိုးစား၍ခါပြသည်။

"အဲ .. ဒါ ... မသိဘူး၊ ဒါပေမယ့် ......... အစွမ်းထက်တဲ့ မက္ကဋစစ်သူကြီးတစ်ဦးကိုယ်တိုင်ပါဝင်ခေါင်းဆောင် ... မယ်. . .. .တဲ့ ... သူ့နံမည်က ..... "

ဣဗ္ဗေန၏ခေါင်းသည် စားပွဲပေါ်သို့ကျသွားသည်။ ဘိဘိသနသည် သူ၏ပါးစပ်နားသို့နားကို ကပ်လျက်နားထောင်လေသည်။ ဣဗ္ဗေန၏ပါးစပ်သည် တစ်ချက်မျှပွင့်ဟသွားပြီး သွေးများထွက်ကျလာသည်။

"သူ ..... ကျဆုံးသွားပြီ"

ဘိဘိသနထံမှ ကြေကွဲသောအသံများထွက်ပေါ်လာသည်။ မေဃနာဒသည် မိမိနေရာမှ တိုးတက်ကာ ဣဗ္ဗေနလဲကျနေရာသို့သွားပြီး မေးခွန်းတစ်ခုမေးလိုက်သည်။

"အဲဒီ ... မက္ကဋစစ်သူကြီး ရဲ့အမည်ကို သူပြောသွားသေးလားဘထွေးတော်၊ အစွမ်းထက်တဲ့အဲဒီစစ်သူကြီးဆိုတာ ဘယ်သူတဲ့လဲ"

ဘိဘိသနသည် သားတော်မေဃနာဒကို စိုက်ကြည့်ရင်းအဖြေပေးသည်။

"ဟန်နုမာန် ... တဲ့ .... "

တပ်မင်းခန်းမဆောင် ဆွေးနွေးပွဲနောက်ပိုင်းတွင် သားတော်မေဃနာဒနှင့် တကွသော လင်္ကာဒီပသေနာပတိများသည် စစ်ရေးပြင်ဆင်မှုများကို စတင်ဆောင်ရွက်ကြလေသည်။ ဤနေရာတွင်လည်းညီတော်ဘိဘိသန၏အယူအဆသည် မှန်ခဲ့ပေသည်။ ဘိဘိသနအနေနှင့် သူ၏လေးနက်ကျယ်ပြန့်ရှုပ်ထွေးသော အကြောင်းပြချက်ဖြင့် ကိသကိန္ဒာသို့စစ်ချီမတက်ရန်၊ လင်္ကာဒီပကိုသာ လုံခြုံအောင်ထပ်မံစီစဉ်ရန် အကြံပေးခဲ့သည်။ သူ့အကြောင်းပြချက်အရ မဟုတ်သော်လည်း ကျွန်ုပ်တို့သည် ကိသကိန္ဒာသို့ချီတက်ရန်မလိုတော့ပေ၊ ဣန္ဒဇိန၏ သတင်း ပေးချက်အရ မက္ကဋမျိုးနွယ်များကိုယ်တိုင်က လင်္ကာဒီပသို့ ချီတက်လာကြမည် ဖြစ်ခြင်းကြောင့်ပင်။ သားတော်မေဃနာဒသည်ယခုအခါလင်္ကာဒီပ၏အကောင်းဆုံးမြို့စောင့်တပ်မကို အပြင်းအထန် စစ်ရေးလေ့ကျင့်ပေးနေသည်။ ရဲမက်ရင်ပြင်သည် နေ့ရောညပါ ဓားလှံလက်နက်သံများ ဆူညံနေသည်။ မေဃနာဒကိုယ်တိုင် စစ်ရေးလေ့ကျင့်မှုကို ကွပ်ကဲသည်။ မက္ကဋရဲမက်များ၏အစွမ်းကို ဘာလီဘုရင် လာရောက်စဉ်ကတွေ့ရှိခဲ့ပြီးဖြစ်သည့်အတွက် သားတော်သည် ထိုသေနင်္ဗျူဟာကို တန်ပြန်ဖြိုဖျက်မည့်စစ်ရေးအစီအစဉ်များကို လည်းကောင်း၊ ကြိုးများဖြင့်ခုန်လွှားဆွဲခို၍ လျင်မြန်စွာလှုပ်ရှားတတ်ကြသည်ကို လည်းကောင်း၊ တွေ့မြင်ရပြီးဖြစ်သည်။ ထို့ကြောင့် လျင်မြန်စွာလှုပ်ရှားနေသည့် ရန်သူကို လေးဖြင့် မလွတ်တမ်းပစ်စိုက်နိုင်မည့် တိုက်ကွက်ကို အဓိကထား၍လေ့ကျင့်စေသည်။ ယခင်မိမိကိုယ်တိုင်မြင်းပေါ်မှ သို့မဟုတ် ရထားပေါ်မှ လျင်မြန်စွာ လှုပ်ရှားနေရင်း ငြိမ်သက်နေသော ပစ်မှတ်သို့ပစ်စိုက်သည့် လေ့ကျင့်မှုကို လေ့ကျင့်ခဲ့သည်။ ယခုမူ ပစ်မှတ်ကို ကြိုးဖြင့်ချည်နှောင်၍ မြင့်မားသော အထက်ဆီ၌ စောင့်ကြည့်ရင်း တည့်မတ်စွာစိုက်ဝင်အောင် လေးဖြင့်ပစ်ကြရသည်။ သားတော်၏သေနင်္ဗျူဟာ အသစ်များကို ကြည့်ရှုရင်းကျွန်ုပ်သည် တရိဂမ္ဘိကို သတိရမိပေသည်။ ဂမ္ဘိသာရှိသေးလျှင် သူ၏သားနှစ်ယောက်ဒုသနှင် ခရတို့နှင့် ရဲမက်ရင်ပြင်၌ တက်ကြွစွာ စစ်ရေးလေ့ကျင့် နေပေလိမ့်မည်။ ဤသို့တွေးမိတိုင်း ကျွန်ုပ်သည် ရာမကို ပြင်းစွာမုန်းတီးမိပြီး ကျွန်ုပ်တစ်ဦးတည်း ကိသကိန္ဒာသို့သွား၍ တိုက်ခိုက်လိုသည့်ဆန္ဒများပေါ်ပေါက်လာသည်။

ညီတော်ဘိဘိသနမူကား နဝမနှင့် ဒသမ ပဗ္ဗတအကြားမှ ခံတပ်ကို ထပ်မံ၍လုံခြုံခိုင်ခံ့အောင်စီမံနေသည်။ ထိုလျှို့ဝှက်ဥမင်လမ်းကို ပြသ၍နောက်ဆုံးဥမင်လှိုဏ်ထွက်ပေါက်ဖြစ်သော အိန္ဒြမြစ်ကမ်းအထိ ဘိဘိသနက လမ်းပြသည်။ အိန္ဒြမြစ်ကမ်းထိုနေရာသည် လင်္ကာဒီပနှင့် ဝေးကွာသော နေရာဖြစ်သည်။ ထိုနေရာမှနေ၍ အိန္ဒြမြစ်အတိုင်း တောင်ဘက်သို့ စုန်ဆင်းသွားပါက သမုဒ္ဒရာခေါ် အလွန်ကျယ်ပြန့်သော ပင်လယ်ကြီးတစ်ခုသို့ရောက်ရှိမည်ဟု ဘိဘိသနက ပြောပြသည်။ ထိုလှိုဏ်ခေါင်းနှင့် အိန္ဒြမြစ်ကြောင်းကို ဘယ်လိုအသုံးချရမည်လဲဟု ကျွန်ုပ်ကမေးသောအခါဘိဘိသနက တိကျသော အဖြေကို မပေးချေ။ သို့သော် ထိုခံတပ်ဥမင်သည် လင်္ကာဒီပ၏အချက်အချာ အကျဆုံးဖြစ်သည်ဟု အဖြေပေးတတ်သည်။ "ဒီခံတပ်နဲ့ ဥမင်ကို မသုံးဖြစ်ရင်တော့ အကောင်း ဆုံးပဲ" ဟုလည်းပြောတတ်သည်။ ဘိဘိသန၏အချို့လုပ်ငန်းများမှာ ကျွန်ုပ်၏စိတ်ကိုရှုပ်ထွေး စေသည်။ ကျွန်ုပ်နားမလည်နိုင်သည့် ကိစ္စများအတွက် အချင်းမများလိုသောကြောင့် ထို့ထက်ပို၍ ကျွန်ုပ်မမေးတော့ချေ။

ဂုမ္ဘဒီပ၊ ဂုမ္ဘိကဏ္ဏ၊ သူရာဂုမ္ဘာန် ... စသည့် သေနာပတိများလည်း မိမိတို့ တာဝန်ကျရာ နယ်နိမိတ်ဒေသများတွင် တက်ကြွစွာလှုပ်ရှားနေကြသည်။ ကျဆုံးသွားသည့် ဣန္ဒဇိန နေရာတွင် တပ်မင်းတစ်ယောက်ခန့်အပ်ရန် ဘိဘိသနက သတိပေးသဖြင့် ကျွန်ုပ်သည် ဦးရီးတော်မာရဇ္ဇအား ထိုနေရာ၌ထားရှိရန်စိတ်ကူးထားသည်။ သို့သော် ဦးရီးတော်သည် တရိဂမ္ဘိကျဆုံးပြီးချိန်မှစ၍ စိတ်နှလုံးထိခိုက်ခဲ့ပြီး သမားတော်များ၏ ကုသမှုကို ခံယူနေရပေသည်။ ကျန်းမာလာလျှင် ထိုတပ်မင်းနေရာကိုလက်ခံပါရန် ဦးရီးတော်အားကျွန်ုပ်တိုက်တွန်းရပေမည်။

ကျွန်ုပ်ကိုယ်တိုင်မှာမူ သီတာဒေဝီ၏ စက်ရာဆောင်အတွင်း၌ ဝင်ခွင့်မရသောကြောင့် ဆူဝေသောသွေးများကို မေ့ပျောက်နိုင်ရန် လင်္ကာဒီပ၏ စစ်ရေးပြင်ဆင်မှုဒေသများသို့ပြန်ရောက်သောအခါ ကျွန်ုပ်ဦးရီးတော်အား သွားရောက်တွေ့ဆုံခဲ့သည်။ ဦးရီးတော်သည် ဂန္ဓမာလာ သားရဲတွင်းအနီးရှိ ပန်းဥယျာဉ်တွင် အနားယူနေပေသည်။

"နေကောင်းထိုင်သာရှိသွားပြီလား ဦးရီးတော်"

"သြော် .... ရာဝဏပါလား။ အေး ... ငါနေကောင်းသွားပြီ"

ထိုခြင်္သေ့ကြီးသည် မကျန်းမမာဖြစ်ခဲ့သည်ဟုဆိုခြင်းကို ယုံကြည်ရန်ခက်ခဲလှသည်။ သူ့အသံမှာ ခါတိုင်းကဲ့သို့ပင် နက်ရှိုင်းမြည်ဟည်းနေပြီး ကိုယ်ခန္ဓာမှာလည်း ထွားကျိုင်းခိုင်မာလှသည်။

"လင်္ကာဒီပဘုရင်က ဦးရီးတော်ကို တာဝန်တစ်ခုပေးရင် ဦးရီးတော်လက်ခံနိုင်ပါ့မလား"

"လင်္ကာဒီပဘုရင်က ဟုတ်လား၊ အေး ...... ဘုရင်ပဲဖြစ်ဖြစ် ရာဝဏပဲဖြစ်ဖြစ် ဒြာဝိယန်မျိုးနွယ်စုအတွက် ဆိုရင် ၊ ပြီးတော့ သင့်မြတ်လျော်ကန်တဲ့တာဝန်ဆိုရင် ငါလက်ခံမှာပေါ့၊ မသင့်မြတ်လို့ ငါမကြိုက်ရင်တော့ မင်းရဲ့သက်ဦးဆံပိုင် ဘုရင့်အာဏာမကလို့ အာကာသနတ်ဒေဝတာရဲ့ အမိန့်ပဲဖြစ်နေနေ ငါလက်မခံဘူး"

ဦးရိုးတော်၏တင်းမာပြတ်သားသော အဖြေကို ကျွန်ုပ်နှစ်ခြိုက်စွာ ရယ်မောလိုက်မိသည်။

"သင့်မြတ်လိမ့်မယ်လို့ ထင်ပါတယ် ဦးရိုးတော်၊ အဲဒါကတော့ ကျဆုံးသွားတဲ့ကိသကိန္ဒာနယ်စပ်တပ်မှူးနေရာမှာ ဦးရိုးတော်တာဝန် ယူစေချင်တာပါပဲ"

"ဘယ်လို ......... ကိသကိန္ဒာ နယ်စပ်တပ်မှူး၊ ဟုတ်လား ရာဝဏ"

"ဟုတ်ပါတယ်၊ ဦးရိုးတော်၊ သေနာပတိပါ"

"အဓိပ္ပါယ်မရှိတာ ပြောမနေစမ်းပါနဲ့ ငါက မင်းရဲ့သားသေနာပတိချုပ် မေဃနာဒအမိန့်ကို နာခံရမှာလား"

ဦးရိုးတော်တစ်စုံတစ်ခုကို အလိုမကျလျှင် ပြုမူလေ့ရှိသည့် အတိုင်း ကျားလျှာထက်ကြမ်းသော ညာလက်ဖဝါးကြီးနှင့် အနီးမှ ထင်းရှူးပင်စည်တစ်ခုကို ရိုက်ပစ်လိုက်သည်။ ပေါင်လုံးခန့်ရှိ ထင်းရှူးပင်ငယ်သည် ဖြောင်းခနဲကျိုးကျသွားလေသည်။

"မြေးက သေနာပတိချုပ်ဖြစ်နေပြီး သူ့အဘိုးသေနာပတိကို အမိန့်ပေးမယ်၊ ဒီအမိန့်ဟာ တူဖြစ်ဆီကလာတဲ့အမိန့်၊ တော်စမ်းပါ ရာဝဏ"

"ဒါဖြင့် ဦးရိုးတော် သေနာပတိချုပ်တာဝန်ကိုယူလေ"

"မေဃနာဒရဲ့ စည်းစိမ်ကို ငါမမက်ပါဘူး၊ ဒါတွေလုပ်မယ့်အစားငါ့ဘယ်ဘက်လက်နဲ့ ဂန္ဓမာလာပန်းတွေကို ကမ္ဘာပေါ်မှာ အဆန်းကြယ်ဆုံးဖြစ်အောင် ဖန်တီးတီထွင်နေလိုက်မယ် ရာဝဏ"

စကားပြောရင်း ဦးရိုးတော် မာရဇ္ဇသည် ဘယ်ဘက်လက်ဖဝါးဖြင့် အနက်ရောင် နှင်းဆီအခိုင်တစ်ခိုင်ကို အုပ်မိုးသုံးသပ်လိုက်သည်။ ထိုအခိုင်မှာ အဖူးအငုံများချည်းရှိသောအခိုင်ဖြစ်သည်။ ဦးရိုးတော်သည် အနီးရှိကျောက်ခွက်ထဲရှိဆီးနှင်းရည်ကို လက်ဖြင့် ဆွတ်ယူလိုက်ပြီးနှင်းဆီဖူးများကို အသာအယာရေစက်ဖြင့် တောက်ပေးရင်းအဖူးများကို ဖြည်းညင်းစွာ လိမ်းသုတ်လိုက်လေသည်။ နှင်းဆီဖူးများသည် ညကပွင့်ခဲ့သည့် အပွင့်များအတိုင်း လှပစွာပွင့်အာသွားကြသည်။ ဦးရိုးတော်၏ထိုထူးဆန်းလှပသော လှုပ်ရှားမှုများကို ကြည့်ရင်းကျွန်ုပ်ခေါင်းထဲသို့ အတွေးတစ်ခုဝင်ရောက်လာလေသည်။ ဤအတွေးကြောင့်ကျွန်ုပ်ပျော်ရွှင်သွားမိသည်။

"ဦးရိုးတော် သဘောအတိုင်းပဲရှိပါစေ၊ ဒါပေမယ့် ကျုပ်ကိုဦးရိုးတော်ရဲ့ ပဋိပက္ခသေနင်္ဗျူဟာ တစ်ရပ်သင်ကြားပေးပါလား ဦးရိုးတော်"

"ဘာလဲရာဝဏ"

"ဖူးငုံနေတဲ့နှင်းဆီကို ပွင့်သွားစေတဲ့ ပညာ"

"ဟေ ...... မင်းတကယ်ပြောတာလား ရာဝဏ၊ မင်းလိုလူမျိုးက ဒါကိုသင်ယူမလို့လား"

ဦးရိုးတော်၏ ခြင်္သေ့နှင့်တူသော မျက်နှာမှ မျက်လုံးများသည် တောက်ပြောင်သွားကြသည်။

"ဟုတ်တယ် ဦးရိုးတော်"

"အင်မတန်သင့်မြတ်တဲ့လုပ်ငန်းပေါ့ ရာဝဏရယ်၊ ကဲ ........ လာ"

"ဒါပေမယ့် ဒါကိုပြောတာမဟုတ်ဘူး ဦးရိုးတော်"

"ဘယ်လို ...... ရာဝဏ၊ ဖူးငုံနေတဲ့ပန်းပွင့်များကို ပွင့်အာသွားစေတဲ့ ပညာဆို ........"

"ဟုတ်တယ်လေ၊ ဒါပေမယ့် ပန်းပွင့်မဟုတ်ဘူး၊ ဦးရိုးတော်၊ မိန်းမတစ်ဦး ရဲ့အချစ်"

"ဘာ ..................."

"ပိတ်ဆို့နေတဲ့နှလုံးအိမ်အတွင်းက မိန်းမတစ်ဦးရဲ့ အချစ်ကို ဖူးငုံပွင့်အာလာအောင်လုပ်တဲ့ပညာ၊ ဒါကိုလဲ ဦးရိုးတော်တတ်ကျွမ်းမှာပေါ့"

"မင်းဘာတွေပြောနေတာလဲရာဝဏ"

"သီတာဒေဝီလေ ဦးရိုးတော်၊ သီတာဒေဝီရဲ့အချစ်၊ ယခုထိသူဟာ ကျုပ်ကို မုန်းတီးစက်ဆုပ်နေတယ်၊ သူ့နှလုံးထဲမှာ အချစ်ကို ပိတ်ဆို့ကာကွယ်ထားတယ်၊ ဒါကိုဖူးပွင့်လာအောင်လုပ်ဖို့ ..............."

ဦးရိုးတော်သည် ကျွန်ုပ်ကို အံ့သြထိတ်လန့်စွာ စိုက်ကြည့်နေသည်။ ဂန္ဓမာလာဥယျာဉ်အတွင်းမှ ပန်းရနံ့များသည် သင်းပျံ့နေကြလေသည်။ ထိုသင်းပျံ့သောလေထဲတွင် သားရဲတွင်းမှ ခြင်္သေ့ဟိန်းသံများသည် တစ်ချက်တစ်ချက် စွက်ဖက်နေသည်။

"ရာဝဏ. ............. ပဋိပက္ခသေနင်္ဗျူဟာရဲ့ လျှို့ဝှက်နက်နဲမှုကို ငါအနှစ်နှစ်ဆယ်လုံးလုံး အရှေ့ဘက်တောတောင်တွေထဲမှာ ဆည်းပူးလေ့ကျင့်ခဲ့တယ်၊ သဘာဝရဲ့ခက်ထန်မှု၊ သဘာဝရဲ့နူးညံ့မှုတွေနောက်ကွယ်က အဓိကအင်အားတွေကို ငါရှာဖွေတွေ့ရှိခဲ့တယ်၊ ဟောဒီဥယျာဉ်ထဲက ပန်းပွင့်တွေ၊ ဟောဒီသားရဲတွင်းက သားရိုင်းတွေအားလုံးကို ငါအလိုရှိသလိုစီမံနိုင်တယ်၊ ဒါပေမယ့် ............"

ဦးရီးတော်သည်မျက်လုံးအစုံကိုဖြည်းညင်းစွာမှိတ်လိုက်သည်။

"မိန်းမတစ်ဦးရဲ့ နှလုံးအိမ်အတွင်းက ခက်ထန်မှုနဲ့ နူးညံ့မှုကို ငါမသိဘူး၊ ငါသိတာတစ်ခုပဲရှိတယ်၊ အဲဒါကတော့ မိန်းမတစ်ဦးရဲ့ ပဋ္ဌပက္ခသေနင်္ဂျဗျူစာထက်အဆပေါင်းများစွာ နက်နဲ့ရှုပ်ထွေးတယ်၊ ပိတ်ဆို့နေတဲ့ နှလုံးအိမ်ကို ဖူးပွင့်လာအောင်လုပ်ဖို့၊ အဲဒီကအချစ်ဆိုတာကို ပွင့်အာလာစေဖို့၊ ဒါကိုတော့ ငါလဲနားမလည်ဘူးရာဇဏ၊ ငါမတတ်ဘူး၊ ဒါကြောင့် မင်းကို သင်ကြားမပေးနိုင်ဘူး"

စကားဆုံးသောအခါ ဦးရီးတော်သည် လှပစွာပွင့်နေသည့် သူ့လက်ထဲမှ နှင်းဆီနက်ကို အောက်သို့ပစ်ချလိုက်ပြီး ခြေနှင့်နင်းချေလိုက်သည်။ထို့နောက်ကျွန်ုပ်ရှေ့မှထွက်ခွာသွားသည်။ ဥယျာဉ်မုခ်ဝတွင် သော်ကပန်းရုံရှိရာသို့ ရောက်သောအခါ ကျွန်ုပ်ဆီသို့နောက်လှည့်ကြည့်လိုက်သည်။

"ရာဇဏ .. မင်းဟာ မျက်စိတမှိတ်အတွင်း မြားအစင်းပေါင်းများစွာကို ပစ်လွှတ်နိုင်သူဖြစ်တယ်၊ သို့သော် တစ်ခါပစ်လွှတ်ရင် မင်းရဲ့လေးညို့မှာမြားတစ်စင်းသာတင်နိုင်မယ်၊ မြားအစင်းပေါင်းများစွာကို ပစ်လွှတ်ဖို့ လေးညို့ကိုအကြိမ်ပေါင်းများစွာ ဆွဲငင်ရမယ်၊ ဒါပေမယ့် ... သူတို့ ... မိန်းမဆိုတာမျိုးက ညို့ကိုတခါငင်းလိုက်ရင်ပဲမြားငါးစင်းကို တစ်ပြိုင်တည်းလွှတ်နိုင်တယ်၊ လှပတဲ့ ရုပ်အဆင်း၊ သာယာတဲ့အသံ၊ နူးညံ့တဲ့အထိအတွေ့၊ သင်းပျံ့တဲ့ရနံ့၊ ချိုမြတဲ့အရသာဆိုတဲ့ အဆိပ်လူးမြားငါးစင်း ..."

ဆန်းပြားသောစကားများကို အသံနက်ကြီးဖြင့် ရေရွတ်ရင်း ဦးရီးတော်သည် သော်ကပန်းရုံနောက်ကို ဝင်ရောက်ပျောက်ကွယ်သွားလေသည်။ ဦးရီးတော်၏တိုးဝှေ့ပွတ်သပ်မှုကြောင့် သော်ကပန်းရုံသည် လှုပ်ခါသွားပြီး လိပ်ပြာငယ်များ ပန်းရုံအပြင်သို့လန့်ဖျပ်ပျံထွက်လာကြသည်။ အတန်ကြာမျှရစ်ဝဲပျံသန်းနေကြပြီးနောက် လိပ်ပြာတို့သည် ပန်းပွင့်များထက်သို့ နားလိုက်ကြပြန်သည်။ ဦးရီးတော် နင်းခြေသွားသော နှင်းဆီနက်၏ပွင့်ဖတ်များသည် ကျောက်ပြားပေါ်တွင်ပြန့်ကျဲနေသည်။ ဂန္ဓမာလာဥယျာဉ်တခွင်၌ သင်းပျံ့နေသောပန်းရနံ့ များသည် ကျွန်ုပ်ကို လွှမ်းခြုံနေကြသည်။ ပန်းပေါင်းစုံတို့လှပစွာဖူးပွင့်နေကြသည်။ လိပ်ပြာနှင့် ပျားပိတုန်းတို့ ကူးသန်းမြူးတူးနေကြသည်။

ကျွန်ုပ်၏ အတွေးများထဲတွင်ဦးရီးတော်မာရဇ္ဇပြောသွားသည့် စကားများ လှည့်လည်နေလေသည်။ ပန်းတို့၏ အဖူးအငုံများကို မိမိလက်ဖြင့် ပွင့်အာစေသူဥာဏ်ပုဂ္ဂိုလ်ကြီးသည် ပိတ်ဆို့နေသော မိန်းမတစ်ဦး၏နှလုံးအိမ်ကို ဖူးပွင့်စေဖို့မတတ်နိုင်ဘူးတဲ့လား။ သီတာဒေဝီရဲ့ နှလုံးအိမ်ကို ဖွင့်ဖို့ ဒီကမ္ဘာမှာ ဘယ်အရာမှ မရှိဘူးလား။

မေးခွန်းများစွာကို မေးနေမိစဉ်တွင် သားရဲတွင်းဆီမှ ခြင်္သေ့ဟိန်းသံတစ်သံထွက်ပေါ်လာသည်။ ဂန္ဓမာလာ၏ သစ်ပင်များဆီမှ ကျေးငှက်များလန့်၍ပြေးကုန်ကြသည်။ ခြင်္သေ့၏အဆက်မပြတ်ဟိန်းဟောက်သံများကို နားထောင်ရင်း ကျွန်ုပ်၏ခေါင်းထဲသို့ အဖြေတစ်ခုဝင်ရောက်လာလေသည်။

"ခွန်အားလက်ရုံး"

"ပိတ်ဆို့နေတဲ့ မိန်းမတစ်ဦးရဲ့ နှလုံးအိမ်ထဲက အချစ်ကို ဖွင့်ယူဖို့အရေးဟာ ဘာများခက်ခဲနေရမှာလဲ၊ အင်အားဟာ အမှန်တရားပဲ မဟုတ်လား၊ အင်အားရဲ့ရှေ့မှောက်မှာ ပိတ်ဆို့နေတဲ့အရာမှန်သမျှ ပွင့်ဟလာရမှာပဲ"

ကျွန်ုပ်သည် ဂန္ဓမာလာ ဥယျာဉ်ထဲမှ ထွက်ခဲ့ပြီး သီတာဒေဝီရှိရာ စက်ရာဆောင်သို့ လာခဲ့သည်။ လင်္ကာဒီပသို့ရောက်သည့် နေမှစ၍ သီတာဒေဝီကို ကျွန်ုပ်အတတ်နိုင်ဆုံး သူ့သဘောကျ လိုက်လျောခဲ့ပေသည်။ ဒသဂီရိဘုရင်၏ တစ်သက်တာဝယ် မိမိအလိုဆန္ဒကို မေ့ဖျောက်လျက် သူတစ်ပါး၏အလိုအတိုင်း လိုက်လျောခွင့်ပြုမှုတစ်ကြိမ်တစ်ခါ ဖြစ်ပေါ်ခဲ့သည်ဆိုလျှင် ထိုတစ်ကြိမ်တစ်ခါသည် သီတာဒေဝီကို လိုက်လျောခွင့်ပြုခြင်းသာဖြစ်ပေမည်။ သီတာဒေဝီကို သွားရောက်တွေ့ဆုံတိုင်း ကျွန်ုပ်သည် လင်္ကာဒီပသက်ဦးဆံပိုင် အာဏာကိုသူ၏စက်ရာဆောင်တံခါးအပြင်ဘက်တွင် ထားခဲ့သည်ချည်းဖြစ်သည်။ ယခု ကျွန်ုပ်၏အမှားများကို ကျွန်ုပ်ပြန်မြင်လာသည်။ ဒသဂီရိသည် ဘုန်းလက်ရုံးအင်အားအာဏာနှင့် ခွဲခြား၍ မရစကောင်း။ ဒသဂီရိ၏အပြုအမူ အကျင့်အကြံမှန်သမျှ ခွန်အားနှင့် တွဲဖက်နေရမည်။ ထိုအခါ အောင်မြင်မှုတို့ဖြစ်ပေါ်လာသည်။ သီတာဒေဝီအတွက်မူကျွန်ုပ်သည် အဘယ်ကြောင့်ကျွန်ုပ်နှင့် ခွဲခွာမရအောင် တွဲဖက်နေသည့် အင်အားကို တသီးတခြားပယ်ခွာခဲ့ရသနည်း။ အင်အားမှကင်းကွာသော ဒသဂီရိ၏အလုပ်သည် အောင်မြင်မည်မဟုတ်ချေ။ ကျွန်ုပ်သည် မိမိပိုင်ဆိုင်သောအရာကို မိုက်မဲစွာလျစ်လျူရှု နေမိခဲ့ခြင်းဖြစ်ပေမည်။

စက်ရာဆောင်၏ ရွှေခြည်ဖောက်ပဝါခန်းဆီးစကို ဖယ်ရှားလိုက်သည်နှင့် တံခါးအထက်တွင် တွဲခိုကျနေသည့် ပုလဲကြိုးများမှာ အသံမြည်သွားလေသည်။သီတာဒေဝီသည် ညောင်စောင်း ပေါ်တွင် လဲလျောင်းနေရာမှ ကျွန်ုပ်ကို မြင်သောအခါကိုယ်ကို ထူမလိုက်သည်။ ဒြာဝိဒိယန်လုံမ ငယ်၏ဗျပ်စောင်းသံလည်း ရုတ်ခြည်းတိတ်သွားသည်။ ကျွန်ုပ်သည် လေသာပြတင်းရှိရာသို့ တစ်ဟုန်ထိုးချည်းကပ်လိုက်ပြီး သီတာဒေဝီကို မျက်နှာချင်းဆိုင်လိုက်သည်။ ဤလေသာပြတင်း

၏အောက်တွင် သားရဲတွင်းရှိပေသည်။ သီတာဒေဝီသည် ညောင်စောင်း၏ခေါင်းရင်းဆီမှ ရှည်လျားသော ပဝါတစ်ခုကို ကောက်ယူပြီး လက်တွင်တင်းတင်းဆုပ်လိုက်သည်။ ဤပုဝါသည် ဟိမဝန္တာမှ ပိုးချည်မျှင်များနှင့် ရက်လုပ်ပြီး အပေါ်တွင် ရွှေစများ ကြပ်ကန်ခတ်နှိပ်ထားသည့် ပဝါဖြစ်သည်။

စက်ရာဆောင်အတွင်းရှိ ကျွန်ုပ်အမိန့်ပေးထားသည့် လုံမငယ်တို့သည် အလျှိုလျှိုပျောက်ကွယ်သွားကြလေသည်။

"ဘယ့်နှယ့်လဲ သီတာဒေဝီ၊ ဒြာဝိဒိယန်တေးဂီတကို မင်းနားယဉ်သွားပြီမဟုတ်လား၊

လက်ာဒီပနန်းတော်ထဲက အသုံးအဆောင်တွေနဲ့လဲ ရင်းနှီးသွားပြီမဟုတ်လား"

သီတာသည် ရွှေပဝါကို တင်းကျပ်စွာဆုပ်ကိုင်ရင်း မျက်နှာကို ငုံ့ထားလေသည်။

"လေသာပြတင်းက ခုန်ချဖို့ပြင်ဆင်ပြီး ကျုပ်ကို နှင်ထုတ်ဖို့အကြံကိုတော့ လက်လွှတ်လိုက်ပါတော့သီတာဒေဝီ၊ ဒီလိုမှမဟုတ်ဘူးဆိုရင်လဲ လေသာပြတင်းရှိရာကို မင်းလာခဲ့လေ၊ ကျုပ်ဒီမှာရှိနေတယ်"

အောက်ဘက်မှ ခြင်္သေ့ဟိန်းသံတစ်ချက်ပေါ်လာသည်။

"အဲဒါ ... သားရဲတွင်းဆီကပဲ သီတာဒေဝီ၊ အဲဒီမှာရှိနေတဲ့ခြင်္သေ့တွေဟာ အင်မတန်ကြီးမား ရိုင်းစိုင်းကြတယ်၊ သူ့ကိုအစာကျွေးတဲ့ လူတော်တော်များများကိုလည်း သူဟာသတ်ဖြတ် ပစ်ခဲ့ပေါင်းများလှပြီ၊ သူ့မှာချစ်ခင်တတ်တဲ့ နှလုံးသားဆိုတာလဲမရှိဘူး၊ ရက်စက် ကြမ်းကြုတ် မှုပဲရှိတယ်၊ ဒါပေမယ့် အဲဒီရက်စက်ကြမ်းကြုတ်တဲ့တရိစ္ဆာန်တွေ ရဲ့အရှင်သခင်ဖြစ်တဲ့ ကျုပ်မှာတော့ ချစ်ခင်တတ်တဲ့နှလုံးသားရှိနေတယ်"

သီတာဒေဝီသည် မျက်နှာကိုပြန်မဖော်၊ စကားပြန်လှန်မဆိုဘဲ ပဝါကိုသာဆုပ်နယ်နေလေသည်။ လုံးဝန်းသော ပခုံးများနှင့် လုပသည့်လက်ချောင်းများကို ကြည့်ရင်း ကျွန်ုပ်ရင်တို့လှုပ်ခတ်လာကြသည်။

"ဒါကို မင်းမသိဘူးလားသီတာဒေဝီ၊ ကျုပ်ရဲ့ချစ်ခင်တတ်တဲ့ နှလုံးသားကို မင်းမသိဘူးလား၊ သိဖို့မကြိုးစားတော့ဘူးလား၊ ရက်ပေါင်းများစွာလက်ာဒီပနန်းတော်ထဲမှာ မင်းဒီလိုပဲနေတော့ မှာလား၊ ကျုပ် ......"

အငြိုးကြီးစွာဆုပ်ခြေခံနေရသော သူ့လက်ထဲမှ ပဝါစသည် ကျွန်ုပ်ကိုယ်စားဖြစ်ကြောင်း ရုတ်တရက် နားလည်လိုက်သည်။ ထိုအခါတွင် ကျွန်ုပ်သည် ဆောက်တည်နေခြင်းငှာ မစွမ်းနိုင်တော့ဘဲ သူ့လက်ထဲမှ ပဝါစကိုဆွဲယူလိုက်မိလေသည်။လက်တွင်း၌ရစ်ပတ်ထားသောကြောင့် ပဝါစသည် သီတာဒေဝီလက်အတွင်းမှ လွတ်ကျမလာချေ။ ထိုအခါရှည်လျား သော ပဝါစ ၏အစွန်းတစ်ဖက်သည် သီတာဒေဝီ၏လက်၌၊ အခြားအစွန်းတစ်ဖက်သည် ကျွန်ုပ်၏လက်၌ရောက်ရှိနေလေသည်။ ရွှေစများကြပ်ထားသည့် ပိုးပဝါသည် မိုးတိမ်စတစ်ခုကဲ့သို့ ကျွန်ုပ်တို့ နှစ်ဦးအကြားတွင် သွယ်တန်းနေသည်။မမျှော်လင့်ဘဲ ဤသို့ဖြစ်ပေါ်သွားခြင်း၌ ကျွန်ုပ်ပျော်ရွှင်သွားမိသည်။ ပဝါ၏ဤမှာဘက်အမြိတ်စွန်းသည် ကျွန်ုပ်၏လက်ထဲ၌ ဟိုမှာဘက်အမြိတ်စွန်းသည် သီတာဒေဝီ၏လက်ထဲ၌။

သီတာဒေဝီသည် မျက်ရည်စများ မခြောက်သေးသော မျက်လုံးအစုံဖြင့် ကျွန်ုပ်ကို စိမ်းစိမ်းကြည့်နေလေသည်။ ကျွန်ုပ်၏စကားများ၌ သို့မဟုတ် ကျွန်ုပ်၏အသံ၌ သက်ဝင်ညွှတ်နူး ခြင်းရှိလာရန် ကျွန်ုပ်အားထုတ်ရပေမည်။

"ဒါတွေဟာ အခုအခိုက်အတန့် ကျုပ်ရဲ့အစီအစဉ်တွေပဲ သီတာဒေဝီ၊ မင်းအနေနဲ့ ဒါ့ထက်ပိုပြီး ခမ်းနားလှပတဲ့ အရာတွေကို လိုအပ်သေးတယ်ဆိုရင်လဲ အခုကျုပ်ကို ပြောပြပါလား"

သူ၏ပထမဦးဆုံးစကားလုံးများ ထွက်ပေါ်လာသည်။

"လက်ာဒီပဘုရင်၊ ကျွန်မရဲ့မေးခွန်းတွေကို ခွင့်ပြုမလား"

သီတာဒေဝီ၏နှုတ်မှ ပြေပြစ်သောစကားအသုံးကို ပထမဆုံးအကြိမ် ကျွန်ုပ်ကြားရခြင်းပေတည်း။ ဤမျှသော အလှအပသည် ဤမျှသောချိုမြသည့်အသံနှင့်သာ လိုက်ဖက်လေသည်။ အဘယ့်ကြောင့် သီတာဒေဝီသည် သူ၏ချိုမြသော မူလအသံကို ရက်ပေါင်းများစွာ သိမ်းဆည်းထားရသနည်း။

"ပြောပါ သီတာဒေဝီ၊ ပြောပါ၊ ကျုပ်အမြားကြီးဝမ်းမြောက်မိပါတယ်၊ သီတာဒေဝီကို ဒသဂီရိခွင့်မပြုတဲ့ အရာဆိုတာ မရှိနိုင်ပါဘူး"

"ကျွန်မကို ဒီနန်းတော်ထဲခေါ်လာပြီး ဒီလိုထားတာဟာ အာရိယန်တွေအပေါ်မှာ ဒြာဝိဒိယန်တွေက လွှမ်းမိုးချုပ်ကိုင်နိုင်ဖို့အရေးအတွက်သုံးချတာလား လက်ာဒီပဘုရင်"

နှလုံးသည်းပွတ်၏ဝန်းကျင်၌ လှည့်လည်နေသောကျွန်ုပ်၏အတွေးတို့သည် မာကျောသောမေးခွန်းများကြောင့် ချောက်ချားသွားရပေသည်။ ထိုအမေးကိုဖြေရန်ကျွန်ုပ်စကားလုံးရှာမတွေ့ဖြစ်သွားရသည်။

"ဘယ်လို မေးလိုက်သလဲသီတာဒေဝီ"

"အာရိယန်မျိုးနွယ်စုဘုရင့်သမီးတော်တစ်ယောက်က ဒြာဝိဒီယန်ဘုရင်ကို မေးလိုက်တာပါ၊ ကျွန်မကို ဖမ်းဆီးချုပ်နှောင်ထားခြင်းအတွက် လက်ာဒီပဘုရင်လို စစ်ဘုရင်တစ်ဦးအဖို့ ဒါကလွဲပြီး တခြား ရည်ရွယ်ချက်များ ရှိသေးသလား"

"တော် ......... တော်စမ်းပါ သီတာဒေဝီ၊ အဲဒီကြမ်းတမ်းတဲ့ အတွေးကို ဖယ်ထုတ်လိုက်စမ်းပါ၊ မင်းကို ဖမ်းဆီးချုပ်နှောင်ထားတာလဲ မဟုတ်ဘူး၊ မျိုးနွယ်စုတစ်စုကို လွှမ်းမိုးအုပ်ချုပ်ဖို့အရေးလဲ မဟုတ်ဘူး၊ ကျုပ်မင်းရုပ်ပုံကို ဓမ္မကတောင်ခြေရင်းက စမ်းချောင်းငယ်တစ်ခုမှာတွေ့ရှိရပြီး မိထိလာလေးတင်ပွဲကို လာရောက်ခဲ့စဉ်တုန်းက မင်းကို ကျုပ် ................"

ထူးဆန်းသော အင်အားကြီးက စကားတစ်ခွန်းသည် ကျွန်ုပ်၏နှုတ်ဖျားသို့ရောက်ရှိလာပြီးနောက် ရုတ်တရက် ရပ်တန့်သွားသည်။ ထိုအရာကို ကျွန်ုပ်လေထဲသို့ ဖွင့်ဟထုတ်ရန်အတွက် ထူးဆန်းသော ထိတ်လန့်မှုတစ်ခုကို ကြုံတွေ့နေသည်။

"ချစ်မြတ်နိုး .... လို့"

စစ်ဘုရင်ဟု အခေါ်ခံရသော ကျွန်ုပ်က ထိတ်လန့်နေစဉ်လုပသောမိန်းမသည် စစ်ဘုရင်၏ရှေ့မှောက်၌ ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေသည်။

"ချစ်မြတ်နိုးခြင်းတဲ့လား ....... ၊ ရှိပါစေတော့ လက်ာဒီပဘုရင်၊ ဒါပေမယ့် ကမ္ဘာလောကမှာ ချစ်မြတ်နိုးမှုကို ပိုင်ဆိုင်တဲ့သူတွေဟာ မိမိချစ်မြတ်နိုးသူတွေရဲ့ ဆင်းရဲဒုက္ခကို မဖန်တီးရဘူး၊ မိမိချစ်မြတ်နိုးသူရဲ့ လိုအင်ဆန္ဒကို ဖြည့်ဆည်းဖို့ကို အမြဲရည်ရွယ်ရမယ်၊ အဲဒါဟာ ချစ်မြတ်နိုး ခြင်းဆိုတာရဲ့ ဂုဏ်လက္ခဏာပေါင်းများစွာထဲက တစ်ခုသာရှိသေးတယ်၊ လက်ာဒီပဘုရင်"

ပင်ပန်းခက်ခဲစွာကျွန်ုပ်အားထုတ်ပြောဆိုရသည့် စကားလုံးများကို သီတာဒေဝီသည် လွယ်ကူစွာဖြင့် ထပ်တလဲလဲ သုံးစွဲပြောဆိုနေနိုင်ပေသည်။

"လက်ာဒီပဘုရင် သင့်ရဲ့အပြုအမူတွေဟာ ချစ်မြတ်နိုးခြင်းရဲ့ ဆန့်ကျင်ဘက်တွေဖြစ်တယ်၊ ဒါကိုကော သင်သိရဲ့လား"

သီတာဒေဝီကို ချစ်မြတ်နိုးမိသောကြောင့် ကျွန်ုပ်ပြုမူခဲ့သည် များသည် ထိုအရာ၏ ဆန့်ကျင်ဘက်တဲ့လား။ ကျွန်ုပ်မသိချေ၊ သို့သော်ကျွန်ုပ်မသိဟုဖြေလိုက်လျှင်ကျွန်ုပ်၏ နှလုံးအိမ်အတွင်းမှ တကယ်ရှိနေသောအရာကို အတုအယောင်ဟု သီတာဒေဝီယူဆပေလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်သည် သူ့မေးခွန်းကိုမဖြေဘဲ နေလိုက်မိသည်။

"မိမိချစ်မြတ်နိုးတဲ့သူရဲ့ ဆန္ဒကို လိုက်လျောရမယ်၊ ဒါကိုကောသိရဲ့လား လက်ာဒီပဘုရင်"

"ဒါမှန်ပါတယ် သီတာဒေဝီ၊ မင်းရဲ့လိုအင်ဆန္ဒကို ကျုပ်လိုက်လျောရမှာပေါ့"

သီတာဒေဝီ၏မျက်နှာသည် ချက်ချင်းတင်းမာသွားပြန်သည်။

"ဒါဖြင့် ကျွန်မကို အခုချက်ချင်း လွှတ်ပြီး မောင်တော် ရာမဆီပြန်ပို့ပါ"

"ဘာ .............."

ကျွန်ုပ်၏မျက်စိထဲ၌ လျှပ်ပြက်သကဲ့သို့ ဝင်းခနဲဖြစ်သွားသည်။

" ကျွန်မကို အခုချက်ချင်း လွှတ်ပြီး မောင်တော် ရာမဆီပြန်ပို့ပါ"

"တိတ်စမ်း ..........."

ကျွန်ုပ်သည် ယောင်ယမ်း၍ ခါးကြားမှ ဓားမြှောင်ကို ဆွဲထုတ်လိုက်သည်။ သီတာဒေဝီသည် ကျွန်ုပ်အနီးမှ ရုတ်ခြည်းနောက်သို့ဆုတ်သွားလေသည်။

"မင်းကို ကျုပ်က လွှတ်ပြီးပြန်ပို့ရမယ် ဟုတ်လား၊ ကျုပ်ရဲ့နှလုံးသည်းပွတ်ကို ထုတ်ယူပြီး ရန်သူရဲ့ခြေရင်းမှာ သွားထားရမယ် ဟုတ်လား၊ အိန္ဒိယမြစ်က ရေတွေအားလုံးနဲ့ဆေးကြောတောင်မှ မပျောက်ပျက်နိုင်မယ့် မိုက်မဲတဲ့ အပြစ်ကို ကျုပ်ကကျူးလွန်ရမယ်တဲ့လား၊ ဒီမှာ လက်ာဒီပဘုရင်ကို ကြည့်စမ်းပါ၊ မင်းကိုတော့ သူဆီဘယ်တော့မှ ပြန်မပို့ဘူး၊ လက်ာဒီပကို မက္ကဋမျိုးနွယ်စုတွေနဲ့ အတူရောက်လာမယ့် သူ့အလောင်းကိုပဲ မင်းရှေ့မှောက်အရောက်လာပို့မယ်၊ နားလည်လား"

"ဟင် ... ဘာပြောတယ်၊ မက္ကဋမျိုးနွယ်စုတွေနဲ့အတူ မောင်တော်ရာမ ဒီကို လာမယ် ဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမယ့် မင်းကို အသက်ရှင်ရက်နဲ့ ဘယ်တော့မှ မတွေ့ရဘူး၊ မင်းကတော့ ကျုပ်အတွက် အသက်ရှင်နေရမယ်၊ အဲဒီအသားဝါဘုရင်ရဲ့သားကိုတော့ အသက်ဝိဉာဉ်ကင်းမဲ့တဲ့ အဖြစ်နဲ့ မင်းတွေ့စေရမယ်"

"ရက်စက်ကြမ်းကြုတ်တဲ့ လက်ာဒီပဘုရင် ကျွန်မကို အခုလွှတ် ... လွှတ်"

"ဘယ်တော့မှ မလွှတ်နိုင်ဘူး သီတာဒေဝီ၊ ဘယ်တော့မှ မလွှတ်နိုင်ဘူး၊ မလွှတ်တဲ့အပြင် မင်းဟာ နူးညံ့တဲ့ ကျုပ်နှလုံးအိမ်ကို အချိန်မရွေး ထွင်းဖောက်ထွက်ပြေးလိမ့်မယ်၊ ချစ်မြတ်နိုးမှုနဲ့ မင်းကိုချည်နှောင်လို့တော့ မရဘူး၊ အကျဉ်းထောင်နဲ့သာလျှင်မင်းကို ချည်နှောင်ရတော့မယ်၊ ဟေ့ အဆောင်တော်ဝန်ဒီကိုလာစမ်း၊ ဟိုရွှေသမင်အတွက်

တရိဂမ္ဘီအထူးစီမံထားခဲ့တဲ့ ရွှေလှောင်အိမ်ကို အခုချက်ချင်းဒီကိုယူခဲ့၊ သွားသီတာဒေဝီ အဲဒီရွှေလှောင်အိမ်ဟာ မော်ရုံဟေဝန်ကျောက်ဂူစခန်း မှာတုန်းက မင်းလိုချင် တပ်မက်ခဲ့တဲ့ ရွှေသမင်ငယ်နေထိုင်သွားတဲ့ လှောင်အိမ်ပဲ၊ မင်းအခု အဲဒီလှောင်အိမ်ထဲမှာ နေရမယ်၊ လှောင်အိမ်ထဲမှာ နေရခြင်းကလွဲပြီး အားလုံးချမ်းသာစွာနေရ အောင် ကျုပ်စီစဉ်ပေးခဲ့မယ်၊ ရွှေလှောင်အိမ်ဟာ ဟောဒီစက်ရာဆောင်အခန်းနဲ့ ထပ်တူကျယ်ဝန်း တာမို့ မင်းအတွက် အကျဉ်းထောင်ဆိုရင်လဲ ဒါဟာ ရက်စက်တဲ့အကျဉ်းထောင်မဟုတ်ဘူး၊ သီတာဒေဝီ ချစ်မြတ်နိုးမှုနှလုံးအိမ်ကို ဖောက်ထွင်းထွက်ပြေးမှာစိုးလို့ ထပ်မံတားဆီးရတဲ့အရာ တစ်ခု လို့သာသဘောထားပါ။ ရွှေလှောင်အိမ်ထဲမှာ မင်းဟာ အရင်ကထက်နှဆရှိတဲ့ စည်းစိမ်ချမ်းသာနဲ့ ဖျော်ဖြေမှုကို ရရှိစေမယ်၊ ကျုပ်ပြောခဲ့တဲ့ စကားတွေထဲမှာ အရာနှစ်ခုကို မင်းမှတ်သားရစ်ခဲ့ပါ၊ တစ်ခုက ကျုပ်မင်းကို ချစ်မြတ်နိုးပါတယ်ဆိုတာရယ်၊ တစ်ခုက မင်းကို ကျုပ်ဘယ်တော့မှ မလွှတ်ဘူးဆိုတာရယ် ...”

သီတာဒေဝီသည် မေ့မြောလဲကျသွားလေသည်။

အမျိုးအမည်မသိနိုင်တော့သော ပူလောင်ပြင်းပြမှုများကို ရင်၌ပွေ့ပိုက်လျက် ကျွန်ုပ်လည်း ချစ်သူရှေ့မှ ပြေးထွက်ခဲ့မိလေတော့သည်။

# အပိုင်း (၈)
# အာရိယန်နှင့် ဒြာဝိဒီယန်

လာချေပြီ ........... မြင်းများခေါင်းဘွယ်မှာလေ ........
ဖြိုးမျှကဲလွန်း ............... နိမ့်သူဆုတ်ကြသွားလေစေငယ်လေ ............
တိမ်းလို့လမ်းရှား ............. ကြွားကြွားရွှား ............
ဝေဝေပြောင်ပြောင် ........... ဝေဝေပြောင်ပြောင်
ရွှေကတောင်နှင့်သာ ........... ဝိုးဝိုးဝင်းဝင်း .......
မြင်းတွင်းမြင်းများမင်း .........
(မြင်းစီးကြိုး)

အိန္ဒုသောင်ပြင်တွင် ဒြာဝိဒီယန်တို့ဖြင့် ပြည့်နှက်နေသည်၊ ဤနေရာတွင်စုရုံးနေသည့် မျိုးနွယ်စုမှာ ဆယ်စုဖြစ်သည်။ သူတို့အားလုံးသည် အိန္ဒုမြစ်ဝှမ်းဒေသ၏ ကျွဲနွားမွေးသူများ၊ ဂျုံနှင့် ဆန်ပြောင်းစိုက်သူများဖြစ်သည်။ သူတို့အစဉ်အမြဲကိုင်ဆောင်ခဲ့သည့်လက်နက်မှာ ကျွဲနွားအုပ်ကိုလာ၍ဆွဲတတ်သည့် ဝံပုလွေ၊ ကျားများနှင့် စိုက်ခင်းများကို ဝင်ရောက်ဖျက်ဆီး တတ်သည့် တောဝက်၊ ဆင်ရိုင်းများကို ခုခံသတ်ဖြတ်သည့် လက်နက်များသာဖြစ်သည်။ သူတို့သည် ကြေးနီဒိုင်းကို သော်လည်းကောင်း၊ သံခါးကိုသော်လည်းကောင်း ၊ လောဟာ ဖြင့်ပြီးသောလေးမြားကိုသော်လည်းကောင်း အကျွမ်းတဝင်ကိုင်ဆောင်ခဲ့ကြသူများမဟုတ်၊ သူတို့ကျွမ်းကျင်သည်မှာ သံသွားတပ်လှံတံရှည်များသာဖြစ်သည်။ အချို့သောမုဆိုးများသာ ကျွဲချိုလေးနှင့် အဆိပ်လူးမြားကိုကိုင်ဆောင်ဖူးကြသည်။ သို့သော်သူတို့အားလုံးသည် ယခုအခါ ဒြာဝိဒီယန်စစ်သည်ရဲမက်များဖြစ်နေကြပေပြီ။ သူတို့သည် ကောင်းစွာလေ့ကျင့်ထားသည့် လက်ာဒီပရဲမက်များနှင့် မခြား အိန္ဒုလွင်ပြင်တွင် စုရုံးနေကြပေသည်။ မျိုးနွယ်စုခေါင်းဆောင်များ သည် ဝက်ဝံရေကိုယ်ကျပ်များကို ဝတ်ဆင်ထားပြီး ခါးတွင် ကျွဲချိုတံပိုးများ ချိတ်ဆွဲထား ကြလေသည်။ တံပိုးသံများသည် မျိုးနွယ်စုဘာသာအလိုက် လွင်ပြင်တွင်လွင့်ဝဲနေကြသည်။ အချို့သော ဒြာဝိဒီယန်တို့သည် သုံးချောင်းခွခက်ရင်းများကို ကိုင်ဆော်ထားကြသည်။ မည်းနက်သော၊ ညိုပြာသော၊နီမောင်းသောအသားအရောင် အမျိုးမျိုးရှိကြသည့် ဒြာဝိဒီယန်မျိုး နွယ်စုများသည် လွန်ခဲ့သည့်ရက်အနည်းငယ်က ကျွဲနွားမွေးမြူသူများ၊ သီးနှံစိုက်သူများဖြစ်ကြ သည်။ ယနေ့သူတို့သည် စစ်သည်ရဲမက်များဖြစ်နေကြပေပြီ။သူတို့ကား လက်ာဒီပဘုရင်၏ စစ်သည်ရဲမက်များဖြစ်ကြသည်။

သူတို့ကား အိန္ဒြမြစ်ဝှမ်းဒေသသို့ဝင်ရောက်လာမည့်ရန်သူများကို ခုခံတိုက်ခိုက်ကြမည့် လင်္ကာဒီပရဲမက်များဖြစ်သည်။ ဖွေးဖွေးလှုပ်နေသည့် ဒြာဝိဒိယန်တို့ကို တောင်ကုန်းထက်မှကြည့် ရင်းကျွန်ုပ်၏စိတ်၌ ဆွတ်ပျံ့ခြင်းများဖြစ်လာမိသည်။ သူတို့စုရုံးရာလွင်ပြင်၏ဘေးဘက်၌ မိန်းမနှင့် ကလေးများသည် ဟိုမှသည်မှ သွားလာလှုပ်ရှားနေကြသည်။ တိရစ္ဆာန်များ၏အရေတို့နှင့် ပြုလုပ်ထားသည့် တဲများရှေ့တွင်မီးဖိုများရှိသည်။ မီးခိုးများသည် လင်္ကာဒီပကောင်းကင်သို့ တလူလူလွင့်နေကြသည်။ တံစို့ထိုး၍ကင်ထားသော သမင်ကိုယ်လုံးကို အရွယ်ရောက်သည့်ကလေးများက လက်ကိုင်ဖြင့် လှည့်ပတ်မီးကင်နေကြသည်။ တစ်နေရာတွင်မူ နီမောင်းသောအသားအရောင်ရှိသည့် ဒြာဝိဒိယန်အဘိုးကြီးတစ်ဦးသည် ဗျပ်စောင်းကို တီးခတ်ရင်းတေးတစ်ပုဒ်ကိုသီဆိုနေသည်။ သမင်ကောင်ကို ကင်နေသည့် မီးဖိုမှ မီးတောက်သည် အဘိုးကြီး၏ မျက်နှာသို့အနီရောင်များ ပက်ဖျန်းလျက်ရှိသည်။

"ပထဝီကိုအစိုးရတဲ့ နတ်ဒေဝတာက .......

မြေသြဇာကောင်းတဲ့ လွင်ပြင်ကြီးတစ်ခုကို .......

ဒြာဝိဒိယန်များအား ပေးသနားခဲ့တယ် ....

အတုမရှိတဲ့ အဲဒီလွင်ပြင်ကို ...

အိန္ဒြမြစ်ဝှမ်းလို့ခေါ်ကြတယ်"

အဘိုးကြီးသီဆိုသောတေးမှာ ကျွန်ုပ်ငယ်စဉ်ကတည်းက ကြားဖူးနေသည့် "ဒြာဝိဒိယန်တို့၏ အိန္ဒြဒေသ" အမည်ရှိတေးဖြစ်သည်။ ဒသဂီရိဘွဲ့ခံရာဝဏသည် ထိုတေးဖြင့်ပင် အရွယ်ရောက် လူလားမြောက်၍ လင်္ကာဒီပဘုရင်အဖြစ် ခံယူခဲ့ရပေသည်။ အဘိုးကြီး၏တေးသည် ကျွန်ုပ်အတွက် ပြန်လည်အသစ်ဖြစ်နေလေသည်။

"တောဆင်ရိုင်းနဲ့ ခြင်္သေ့များကလည်း ....

ဒြာဝိဒိယန်တို့ရဲ့အောင်ပွဲကို ...

သက်သေခံကြတယ် ....

အိန္ဒြမြစ်ရဲ့ သဲပွင့်များဟာ .........

မည်းနက်တဲ့ရာဇဝင်ရဲ့ တေးလင်္ကာများဖြစ်ကြတယ် ........

အဘိုးအိုများရဲ့ ဖြူဖွေးတဲ့ မုတ်ဆိတ်တွေကို

လုလင်ပျိုများရဲ့ သန်မာတဲ့ လက်ရုံးတွေနဲ့ ပွတ်သပ်ကြမယ်

ထင်းရှူးပင်ကို အစိုးရတဲ့ နတ်ဒေဝတာက ..

လင်္ကာဒီပတေးသီချင်းကို ဖွဲ့နွဲ့တယ် ............."

အဘိုးအို၏တေးကို ကလေးသူငယ်များက အနီးရှိသစ်ခေါင်းတုံးကြီးအားလုံတံများဖြင့် ရိုက်နှက်၍ စည်းချက်လိုက်နေသည်။ တဒုန်းဒုန်းမြည်သံသည် စစ်သည်များ ခြေချသံနှင့် တူနေပေသည်။ အချို့ကလေးများသည် သစ်သားဓားများနှင့် စစ်တိုက်တမ်းကစားနေကြသည်။ ကလေးတစ်ယောက်သည် မျက်နှာကို မြေဝါများလိမ်းကျံထားပြီး သူ့အား အခြားကလေးများက ဝိုင်းဝန်းတိုက်ခိုက်နေကြသည်။

"အသားဝါ အာရိယန်ဆိုတာ မင်းလားကွ၊ သေပေတော့"

"အား ........... ငါ့ကို လုံတံကြီး ထုတ်ချင်းပေါက်သွားပြီ"

မြေဝါလိမ်းကျံထားသော ကလေးသည် မြက်ခင်းပေါ်သို့ လိုမ့်ချလိုက်သည်။ "ငါ .... ရှုံးသွားပြီ" ဟုအော်ဟစ်နေသည်။ အခြားကလေးများက သူ့ကို ဝိုင်းရံ၍ ခုန်ပေါက်လှည့်ပတ်နေကြလေသည်။

အခြားတစ်နေရာတွင်မူ မိန်းမများသည် သူတို့၏လင်သားများအတွက် ကျားသစ်ရေနှင့် ဝက်ဝံရေများကို ပခုံးကာလက်စည်းများဖြစ်အောင်ချုပ်လုပ်နေကြသည်။ ပြုံးရွှင်သော မျက်နှာများဖြင့် ရယ်မောပြောဆိုနေကြသည်။

တစ်နေရာမှမူ အလွန်စိတ်ဝင်စားဖွယ် ကောင်းသောကြောင့် ကျွန်ုပ်အနီးအနားရှိ ကျောက်ဂူပေါ်သို့တက်၍ကြည့်မိသည်။ ဖြူဖွေးနေသည့် မုတ်ဆိတ်ရှည်ကြီးများရှိသည့် အဘိုးအိုကြီးတစ်ဦး ကို သန်မာသည့် လူငယ်များက ဝန်းရံလျက်ထိုင်နေကြသည်။ အဘိုးကြီးသည် အသွားကျိုးပဲ့ နေသည့် သူ၏ပုဆိန်ကို ကိုင်လျက် လူအုပ်အလယ်တွင်ခုန်ပေါက်လှုပ်ရှားနေသည်။ သူ့နှုတ်မှလည်း တစ်စုံတစ်ရာကို ရေရွတ်ပြောဆိုနေလေသည်။

"အဲဒါ နာဂါလူမျိုးနွယ်စုတွေရဲ့ စားကျက်လုရတဲ့စစ်ပွဲပေါ့၊ အမှန်တော့သင်းတို့က တို့နေတဲ့ စားကျက်ကို လာလုတာပါ၊ ငါ့ရဲ့ပုဆိန်တစ်ချက်ဖော့ယမ်းလိုက်ရင် ဝဲယာက ရန်သူတစ်ယောက်ဟာ တုန်းခနဲပဲ၊ ဆွေမျိုးစုခေါင်းဆောင်ဖြစ်တဲ့ ငါ့အဘိုးက စစ်သူကြီးပေါ့၊ ငါဆိုတာအဲဒီတုန်းက ဆွေမျိုးစုထဲမှာ အသန်မာဆုံးအနုပျိုဆုံး စစ်သားပဲ။ အသက်ကလည်း နှစ်ဆယ်ပဲရှိသေးတာကိုး"

"အခုအဘိုးရဲ့အသက်က ဘယ်လောက်ရှိပြီမို့လဲ"

"တစ်ရာနဲ့ လေးနှစ်၊ ဒါပေမယ့် မင်းတို့နဲ့ ပုဆိန်ချင်း ခုတ်ရဲသေးတယ်"

အဘိုးအို၏အသံမှာမူ မောဟိုက်နေပေသည်။ ဝိုင်းထိုင်နေကြသောလူငယ်တို့သည် အဘိုးအိုကို စိတ်အားထက်သန်စွာ ငေးမောနေကြသည်။

"ဒီလိုဆိုရင် ကျွန်တော်နဲ့ တစ်ပွဲတစ်လမ်းလောက် စမ်းကြည့်ရအောင်လား အဘိုး"

လူရွယ်တစ်ယောက်က ထိုင်ရာမှထ၍ ပြောလိုက်သည်။ ကျွန်ုပ်သည် ကျောက်တုံးနောက်သို့ ခုန်ဆင်းလိုက်ပြီး သူတို့မမြင်သာအောင် ပုန်းကွယ်လိုက်သည်။

"လာလေကွယ်၊ ဒိုင်းကို အသုံးမပြုစတမ်း"

အဘိုးအိုနှင့် လူငယ်တို့၏တိုက်ပွဲစ လေသည်။ ပုဆိန်များသည် လေထဲတွင် မြွေဟောက်တွန်သံများ သို့သော အသံများကို ဖြစ်စေသည်။ အဘိုးအိုသည် လူရွယ်၏ပုဆိန်ချက်များကို ခုခံနေသည်။ သူ၏တိုက်ကွက်များမှာ သေသပ်လှပပေသည်။ သို့သော်အတန်ကြာမျှ တိုက်ခိုက်ကြပြီးနောက်တွင် အဘိုးအိုထံမှ မောဟိုက်သံများ ထွက်လာသည်။

"အဘိုး ........မောနေပြီ၊ အရှုံးပေးတော့လေ"

"မင်း .......... ငါ့ပုဆိန်ရိုးကိုပဲ ထိအောင်ခုတ်ပါဦး"

သံသွားနှစ်ခု ဆုံမိသည့်အခါများတွင် မီးပွင့်များလွင့်စဉ်လာသည်။ နှစ်ပေါင်းများစွာ အသုံးပြုခဲ့သော အဘိုးအို၏ပုဆိန်ရိုးသည် လူရွယ်၏ခုတ်ချက်များတွင် ကျိုးပဲ့သွားပြီး ပုဆိန်လွင့်ကျသွားသည်။

"ဟော့ ... တော်တော့"

လူရွယ်၏ပုဆိန်ရိုးဆီသို့ ကျွန်ုပ်ဓားမြှောင်တစ်ချောင်းပစ်စိုက်လိုက်သည်။ လက်ကိုင်ရိုးတွင်လှုပ်ခါနေသော ဓားမြှောင်ကိုကြည့်ရင်း လူရွယ်သည်ကျွန်ုပ်ပုန်းကွယ်နေရာသို့ လှမ်းကြည့်လိုက်သည်။

"ဘုရင်မင်းမြတ်ပါလား"

သူတို့အားလုံး ကျွန်ုပ်ရှေ့သို့ဒူးထောက်ချလိုက်သည်။

"ဒီအဘိုးကြီး ပုဆိန်ရိုးကျိုးသွားပြီ၊ ဒါဟာ သစ်သားဆွေးမြည့်နေလို့ပဲ၊ သူရဲ့ သတ္တိနဲ့ စွမ်းရည်ကတော့ ဘယ်တော့မှ မဆွေးမြည့်ဘူး၊ ဟုတ်တယ်မဟုတ်လား အဘိုးကြီး"

"ဟုတ် ...... ဟုတ်ပါတယ် ဘုရင်မင်းမြတ်၊ လက်ာဒီပဘုရင်အတွက် ကျုပ်ရဲ့ဒြာဝိဒိယန်သွေးများဟာ ဘယ်တော့မှ ဟောင်းနွမ်းဆွေးမြည့်မသွားပါဘူး"

အဘိုးကြီးသည် တောက်ပြောင်စူးရှသောမျက်လုံးများကို မော့ကြည့်ရင်း မောဟိုက်သံနှင့် ဖြေနေလေသည်။ ကျွန်ုပ်ရောက်ရှိကြောင်း သိသွားသည့်အတွက် အခြားဒြာဝိဒိယန်များ စုဝေးလာကြသည်။ စစ်ရထားပေါ်တွင်သာ အစဉ်အမြဲတွေ့မြင်ခဲ့ရသော သူတို့၏ဘုရင်မင်းမြတ်ကို သူတို့ဤသို့အနီးကပ်တွေ့မြင်လိုက်ကြပေမည်။ လူအုပ်ကြီးသည် ကျွန်ုပ်အနီးသို့တိုးဝှေ့လာကြရင်း ခေါ်သံအော်သံများဖြင့် ဆူညံသွားကြလေသည်။

"ဘုရင်မင်းမြတ် ရောက်လာတယ်ဟေ့"

"ဒသဂီရိဘုရင် ရောက်လာတယ်ဟေ့"

နီမြန်းသည့် ဆံပင်ရှိသည့် အဘွားကြီးတစ်ဦးသည် ကျားသစ်ရေခင်းထားသည့် သစ်သားထိုင်ခုံတစ်ခုကို လူအုပ်ကြားမှ တိုးဝှေ့ဆွဲယူလာပြီး ကျွန်ုပ်အားထိုင်ရန်ခင်းပေးသည်။ ထိုင်ခုံပေါ်သို့ကျွန်ုပ်ထိုင်လိုက်သောအခါ အဘွားကြီးသည် ပြုံးရယ်လျက်လက်များကို ကောင်းကင်သို့မြှောက်လိုက်လေသည်။ ထို့နောက်ကျွန်ုပ်ကို လက်ညိုးထိုး၍ လေထဲတွင်လက်ကို ဝှေ့ယမ်းနေသည်။

"သူ ... စကားမပြောနိုင်ဘူး ဘုရင်မင်းမြတ်၊ ဂရုဠမျိုးနွယ်စုနဲ့ တိုက်ခိုက်တဲ့စစ်ပွဲတုန်းက ရန်သူတွေက သူ့ကို ကျွန်အဖြစ်ဖမ်းဆီးသွားတယ်။ ပြီးတော့သူ့လျှာကို ဖြတ်လိုက်ကြတယ်။ လက်ာဒီပနိုင်ငံပြန်ဖြစ်တော့မှ ရန်သူ့လက်ထဲက လွတ်ခဲ့တယ်။ ဒါပေမယ့် စကားတော့ မပြောနိုင်တော့ဘူး"

ပုဆိန်ကိုင် အဘိုးကြီးက အဘွားကြီးကို ညွှန်ပြလျက်ကျွန်ုပ်အားရှင်းပြနေသည်။

အနီးရှိကျောက်တုံးတစ်ခုပေါ်သို့ ကျွန်ုပ်ခုန်တက်လိုက်သည်တွင် ဒြာဝိဒိယန်အားလုံး သောင်ပြင်ပေါ်သို့ ဒူးထောက်ဝပ်တွားလိုက်ကြလေသည်။

"နားထောင်ကြစမ်း၊ ဒြာဝိဒိယန်တို့၊ ကျွန်ုပ်လက်ာဒီပဘုရင်အဖြစ်နဲ့မဟုတ်ဘဲ ရာဝဏဆိုတဲ့ ဒြာဝိဒိယန်အနေနဲ့ စကားပြောလိုတယ်၊ အခုအိန္ဒိမြစ်ဝှမ်းလွင်ပြင်မှာ စုရုံးနေကြတဲ့ သင်တို့အားလုံးဟာ မနေ့ကအထိ ကျွဲနွားမွေးမြူသူများ၊ ဂျုံပြောင်းကို စိုက်ပျိုးသူများဖြစ်ခဲ့တယ်။ ယနေ့သင်တို့ဟာ စစ်သည်များဖြစ်နေကြပြီ။ လက်ာဒီပစစ်သည်များ ဖြစ်နေကြပြီ။

သင်တို့အထဲမှာ တစ်ချိန်က စစ်မက်တိုက်ခိုက်ခဲ့ကြတဲ့ စစ်သားဟောင်းကြီးများရှိပေမယ့် သူတို့ရဲ့စစ်လက်နက်တွေကို သိမ်းဆည်းထားခဲ့ကြတာကြာမြင့်ခဲ့ပြီ။ ကျွန်ုပ်ရာဝဏ ဒသဂီရိဘွဲ့ကို ခံယူပြီးကတည်းက ဒြာဝိဒိယန်တို့ရဲ့ စစ်ပွဲကို လက်ာဒီပနန်းတော်က စစ်သည်များနဲ့သာ အသုံးပြုခဲ့တယ်။ သင်တို့ကိုတော့ စိုက်ခင်းများနဲ့ မွေးမြူတဲ့ ကွင်းပြင်များထဲမှာ အလုပ်လုပ်စေခဲ့တယ်။ ဒါပေမယ့် အခုအချိန်မှာတော့ သင်တို့ဟာ လက်ာဒီပနန်းတော်က စစ်သည်များနဲ့မခြား ဖြစ်နေကြပြီ။ အိန္ဒုတောင်ပိုင်းရဲ့ သဲတစ်ပွင့်ကိုမှ ရန်သူ့လက်ထဲမပါအောင် သင်တို့ကာကွယ်ကြမယ်ဆိုတာလည်း ကျွန်ုနားလည်ခဲ့ပြီ။ ဒါ့အတွက် ကျွန်ုပ်များစွာနှစ်ထောင်းအားရ ဖြစ်မိတယ်။ ဒါကြောင့် ရာဝဏဟာသင်တို့ကို ဆုလာဘ်များချီးမြင့်လိုတယ်။ အဝတ်အထည်၊ စားစရာ၊ ဒါမှမဟုတ် ရွှေငွေရတနာ”

အတန်ကြာမျှ တိတ်ဆိတ်နေသည်။ သူတို့အချင်းချင်း တစ်ဦးကို တစ်ဦး ကြည့်ကြသည်။ မိန်းမများသည် သူတို့၏လင်သားများ၏လက်ကို ဆုပ်ကိုင်ကြသည်။ တိုးတိတ်သော ဆွေးနွေးရေရွတ်သံများ ပေါ်လာသည်။ တချို့က ဦးခေါင်းကို ယမ်းကြ၍ တစ်ချို့က လက်ဖဝါးများကို ဖြန့်၍ကြည့်ကြလေသည်။

တိတ်ဆိတ်ညင်သာမှု၏ အဆုံးဝယ် သူတို့အားလုံးထံမှ ကျယ်လောင်သော အသံများမည်ဟည်းသွားပေသည်။

“လက်နက်ပေးပါ ဘုရင်မင်းမြတ်”

“လှံတံကောင်းကောင်းနှင့် ဒိုင်းများပေးပါ”

“လက်ကိုင်ရှိးခိုင်မာတဲ့ ပုဆိန်များ လိုချင်ပါတယ်”

“ညှိုးကြိုးသန်မာတဲ့ လေးများပေးပါ ဘုရင်မင်းမြတ်”

အရိုးကျိုးနေသည့် အသွားမဲ့ပုဆိန်ရိုးများကို ကိုင်ထားသောအဘိုးအိုကြီးသည် ရှေ့သို့တိုးလာပြီး ကျွန်ုပ်၏မျက်လုံးများကို ရဲဝံ့စွာစိုက်ကြည့်လေသည်။

“ဘုရင်မင်းမြတ်၊ ကျုပ်တို့မှာ စစ်လက်နက်ကောင်းကောင်းမရှိဘူး၊ ကျုပ်တို့ စစ်လက်နက် ကောင်းကောင်းလိုချင်တယ်၊ အာရိယန်တွေကို တိုက်ခိုက်ဖို့လက်နက်လိုတယ်၊ အခြားဘာမှ မလိုချင်ကြပါဘူး”

ကျွန်ုပ်က လက်ကိုမြှောက်ပြလိုက်သဖြင့် အသံများငြိမ်သက်သွားသည်။

“ကောင်းပြီ၊ သက်ဆိုင်ရာ မျိုးနွယ်စုခေါင်းဆောင်တွေဆီက တစ်ဆင့်သင်တို့ကို လက်နက်များပေးမယ်။ ဒီလက်နက်တွေကို ဒြာဝိဒိယန်လက်နဲ့စွဲကိုင်ပြီး အာရိယန်သွေးနဲ့ သုတ်လိမ်းပေးရမယ်၊ နားလည်ကြရဲ့လား”

“လက်ာဒီပဘုရင်မင်းမြတ် သက်တော်ရှည်ပါစေ၊ လက်ာဒီပ အစွန့်ရှည်ပါစေ”

ဟစ်ကြွေးသံများသည် အိန္ဒုမြစ်ကမ်းတစ်ခုလုံးကို ဖုံးလွှမ်းသွားလေသည်။ ဝမ်းသာအားရဖြင့် ခုန်ပေါက်ပြေးလွှား၍ တဲများဆီသို့ပြန်သွားကြသောသူတို့ကို ကျောခိုင်းလျက် ကျွန်ုပ်သည် နန်းတော်သို့ပြန်ရန်ပြင်ဆင်လိုက်သည်။

“နောင်တော်ဘုရင်မင်းမြတ်”

“ဘိဘိသနပါလား၊ ဘာဖြစ်လို့လိုက်လာတာလဲ”

ဘိဘိသနနှင့် အတူ သူ၏နောက်တွင် သေနာပတိချုပ်သားတော် မေဃနာဒနှင့်တကွ မျိုးနွယ်စု သေနာပတိများ စုရုံးလျက်တွေ့လိုက်ရသည်။

“ကိသကိန္ဓာ နယ်စပ်က မြင်းသည်တော်ရောက်ရှိလာပါတယ်၊ ဟာရပ္ပဒေသနန်းဆောင်မှာ သေနာပတိများအားလုံးနဲ့ တွေ့ဆုံဆွေးနွေးကြဖို့ပါ နောင်တော်”

ဟာရပ္ပဒေသကို ကျွန်ုပ်က “ကျောက်တုံးမြို့တော်” ဟု အမည်ပေးထားသည်။ ဒေသတစ်ခုလုံး ကျောက်တုံးများဖြင့် အခိုင်အမာတည်ထားသည့် အဆောက်အအုံချည်းဖြစ်သည်။ မိုဟန်ဂျိုဒါရိုကဲ့သို့ တောင်ကုန်းများထူထပ်ခြင်းမရှိသည့်အတွက် ကျောက်နန်းဆောင်များတည်ဆောက်ရန်ညီတော်ဘိဘိသနက ဟာရပ္ပကို ရွေးချယ်ခဲ့ခြင်းဖြစ်ပေသည်။ ထို့ပြင် ဟာရပ္ပနန်းဆောင်သည် နဝမပဗ္ဗတတောင်နှင့် ဒသမပဗ္ဗတောင်ကြား ခံတပ်နေရာနှင့်လည်း နီးကပ်လေသည်။ ကျွန်ုပ်၏ နယ်စပ်တပ်မင်းများသည် ဟာရပ္ပတွင်တွေ့ဆုံစည်းဝေးလေ့ရှိကြသည်။ နန်းဆောင်ခန်းမတွင် နေရာယူကြပြီးသည်နှင့် ဘိဘိသနသည် ကိသကိန္ဓာနယ်စပ်မှ မြင်းသည်တော်ကိုခေါ်ယူလိုက်လေသည်။ တုန်လှုပ်နေသော မြင်းသည်တော်သည် လက်ထဲမှ စာချွန်ကို သားတော်မေဃနာဒသို့ပေးလိုက်သည်။

ကျွန်ုပ်က ခေါင်းညိမ့်ပြလိုက်သဖြင့် သားတော်မေဃနာဒက စာချွန်ကို ဖွင့်၍ဖတ်သည်။

“လက်ာဒီပဘုရင်မင်းမြတ်ထံသို့ ကျွန်ုပ်ကိသကိန္ဓာနယ်စပ်တပ်မခေါင်းဆောင် မာရိသ အစီရင်ခံပါသည်။ အာရိယန်မင်းသားရာမ၏သေနာပတိချုပ်ဖြစ်သော မက္ကဋမျိုးနွယ်စုစစ်သူကြီး ဟာနုမာန်သည် မက္ကဋစစ်သည်ဆယ်ဦးဖြင့် နယ်စပ်တပ်မသို့ထိုးဖောက်တိုက်ခိုက်ခဲ့ပါသည်။ နယ်စပ်တပ်မ စစ်သည်ငါးဆယ်ကျဆုံးပြီး သုံးဆယ်ဒဏ်ရာရ ခဲ့ပါသည်။ မက္ကဋတို့ဘက်မှ နှစ်ယောက်ကျဆုံးပါသည်။ အလောင်းများကို သူတို့ပြန်ယူသွားကြပါသည်”

စာချွန်ကိုကိုင်ထားသည့် မေဃနာဒ၏လက်သည် တဆတ်ဆတ်တုန်လာသည်။ ထို့နောက်သားတော်သည် စာချွန်ကို မြင်းသည်တော်၏မျက်နှာသို့ ပစ်ပေါက်လိုက်သည်။

"အဲဒီတပ်မ ခေါင်းဆောင် မာရိသကော၊ ယုတ်ညံ့တဲ့ ဒီစာချွန်ကိုပေးပို့လိုက်တဲ့ခေါင်းဆောင်ကော"

"သူ ... သူကျဆုံးသွားပါပြီ၊ သေနာပတိချုပ်"

"ကောင်းတယ်၊ စစ်သည် ဆယ်ယောက်ပါတဲ့ ရန်သူကြောင့် ကိုယ့်ဘက်က စစ်သည် ငါးဆယ်ကျဆုံးသွားပြီး ရန်သူနှစ်ယောက်ကိုပဲသတ်ဖြတ်နိုင်ခဲ့တဲ့ အသုံးမကျတဲ့တစ္ဆာန်. သင်းတို့ဘယ်တုန်းက ဝင်တိုက်သလဲ၊ မင်းသိသမျှ ပြောစမ်း"

"မနေ့ညကပါ သေနာပတိချုပ်၊ သန်းခေါင်အချိန်မှာ တပ်မရဲ့ ဘေးပတ်လည်က သစ်ပင်တွေပေါ်ကနေ ကြိုးနဲ့ခုန်ချဝင်လာပြီး အလစ်ဝင်ရောက်တိုက်ခိုက်တာပါ။ ခေါင်းဆောင်မာရိသလည်း ဒီ. .... ဒီစာချွန်ကိုရေးစေပြီး အသက်ကုန်သွားပါတယ်"

မြင်းသည်တော်သည် နန်းဆောင်အတွင်းမှ အပြေးအလွှားထွက်ခွာသွားသည်။ ကျွန်ုပ်၏လက်မောင်းမှ သွေးကြောများ တဖျဉ်းဖျဉ်းဖြစ်လာသည်ဟုထင်မိသည်။ သားတော်သည် ယုတ်ညံ့သော ထိုသတင်းကို ယူဆောင်လာသည့်မြင်းသည်တော်ကို အဘယ်ကြောင့် နေရာတွင် မသတ်လိုက်လေသနည်း။ ကျွန်ုပ်သည် ဓားကို ဆွဲထုတ်လိုက်သော်လည်း မြင်းသည်တော်သည် ပျောက်ကွယ်သွားပြီဖြစ်သည်။

သားတော်မေဃနာဒသည် လက်သီးကို တင်းတင်းဆုပ်လျက် ပြောလေသည်။

"မင်းနဲ့ မတော်ဘူးတူတော် မေဃနာဒ၊ မင်းဟာ သေနာပတိချုပ်အဖြစ် လက်ာဒီပရဲ့ ဗဟိုတပ်မဟာကနေပြီးစီမံအုပ်ချုပ်ပါ၊ ကိသကိန္ဒာနယ်စပ်အတွက် သေနာပတိ ဂုမ္ဘကဏ္ဏကို လွှတ်သင့်တယ်၊ သူဟာ မက္ကဋ္ဌတွေရဲ့ သေနင်္ဗျူဟာကိုလည်း လေ့လာထားသူဖြစ်တယ်"

ဘိဘိသနက တုန်လှုပ်ခြင်းကင်းသော လေသံဖြင့် ဝင်ပြောလေသည်။

"သားတော်မေဃနာဒ၊ ဘိဘိသန ပြောတာမှန်တယ်၊ ဂုမ္ဘကဏ္ဏကိုပဲ သွားပါစေ၊ ကဲဒါနဲ့ တဆက်တည်းပဲ တို့အရေးကို ဆွေးနွေးကြမယ်။ ဘယ့်နယ်လဲ ညီတော်ဘိဘိသန"

ကျွန်ုပ်က အဆုံးအဖြတ်ပေးလိုက်သဖြင့် သေနာပတိအားလုံး အနီးသို့စုရုံးလာကြသည်။ ကျောက်နန်းတော်၏ နံရံများသည် မီးတိုင်မှ အလင်းရောင်တွင် နီရဲပြိုးပျက်နေကြလေသည်။

"အခုကိသကိန္ဒာနယ်စပ်ကို ဝင်ရောက်တိုက်ခိုက်ခြင်းဟာ သင်းတို့ရဲ့ စစ်ကြေငြာခြင်းပဲ။ ဣန္ဒြေနပြောသလို သူတို့လာလိမ့်မယ်ဆိုတာ ဟုတ်ပြီပေါ့။ သူတို့မကြာခင်မှာပဲ ဒြာဝိဒိယန်နယ်မြေထဲကို ဝင်ရောက်တိုက်ခိုက်ကြတော့မယ်။ ဒီအသားဝါတွေနဲ့ သူတို့ရဲ့ကျွန် မက္ကဋ္ဌမျိုးနွယ်ကို မောင်းထုတ်ဖို့ဟာ ဒြာဝိဒိယန်အားလုံးရဲ့ တာဝန်ဖြစ်တယ်၊ ဒါပေမယ့် ..."

"ဒါပေမယ့် .. ဒြာဝိဒိယန်အားလုံးထက် ငါကပိုပြီး တာဝန်ရှိတယ်"

"ဒြာဝိဒိယန်ဘုရင်မင်းမြတ်အနေနဲ့ ဒါကိုပြောဖို့လိုသေးသလားနောင်တော်"

"ပြောဖို့လိုတယ် ညီတော်ဘိဘိသန၊ဘာကြောင့်လဲဆိုတော့ ဒီစစ်ပွဲဟာဖြစ်နိုင်ရင်ငါတစ်ဦးတည်း ဆင်နွှဲသင့်တဲ့ စစ်ပွဲပဲ။ ရာမကိုဖြစ်စေ၊ ဟနုမာန်ကိုဖြစ်စေ၊ ငါတစ်ဦးတည်းရဲ့လက်နဲ့ပဲ သတ်ဖြတ်သုတ်သင်သင့်တယ်"

"ဘုရင်မင်းမြတ်ကိုယ်စား ကျွန်ုပ်တို့သေနာပတိများက တာဝန်ယူပါရစေ"

သေနာပတိသူရာဂုမ္ဘာနက ဝင်ပြောသည်။ ညီတော်ဘိဘိသနကမူ အံ့သြသောမျက်နှာဖြင့် ကျွန်ုပ်ကို ကြည့်နေလေသည်။

"မလိုဘူး သူရာဂုမ္ဘာန်၊ အမှန်တော့ ရာမဟာ မက္ကဋ္ဌမျိုးနွယ်စုဘုရင်ဟောင်း သုခရိတ်ကို အကူအညီပေးပြီး မက္ကဋ္ဌတွေဆီကအကူအညီပြန်ယူခဲ့တာဟာ တစ်ခုတည်းသော ရည်ရွယ်ချက် ကြောင့်ဖြစ်တယ်၊ အဲဒါကတော့ သီတာဒေဝီပဲ။ သီတာဒေဝီကို သူပြန်ရလိုတဲ့အတွက် လက်ာဒီပကို စစ်ပြုလာခြင်းဖြစ်တယ်။ သီတာဒေဝီအတွက် ငါကိုယ်တိုင်ပဲ သူတို့ကို ရင်ဆိုင်ရလိမ့်မယ်"

"ခမည်းတော် ဘုရင်မင်းမြတ်ပြောတာတွေက သားတော်အတွက် ရှုပ်ထွေးနေပါတယ်။ ဘယ်နည်းနဲ့ပဲ ရန်သူလာလာ ဒြာဝိဒိယန်အားလုံးဟာ ရန်သူကို တိုက်ခိုက်ရမှာပဲ မဟုတ် လား"

"ဒါဟာ မျိုးနွယ်စုကြီးနှစ်ရပ်ရဲ့စစ်ပွဲအသွင်အားဖြင့်မှန်တယ်။ ဒါပေမယ့်ဒီကိစ္စဟာ မျိုးနွယ်စုကြီးနှစ်ရပ်ရဲ့ စစ်ပွဲမဟုတ်ဘူး၊ ငါ့ဆီက သီတာဒေဝီကို သင်းပြန်လုယူတဲ့ စစ်ပွဲဖြစ်တယ်။ ဒါကြောင့် ငါရာမနဲ့ စီးချင်းထိုးမယ်။ သို့မဟုတ်ဟာနုမာန်နဲ့ စီးချင်းထိုးရမယ်။ သင်းတို့ကို သတ်ဖြတ်ပြီး သီတာဒေဝီကို ငါပိုင်ဆိုင်ရမယ်။ ဒါကို မင်းတို့နားလည်ထားရမယ်။ အိန္ဒိယမြစ်ကမ်းမှာ စုဝေးရောက်ရှိနေကြတဲ့ ဒြာဝိဒိယန်တွေကိုတော့ ငါရှင်းလင်းမပြခဲ့တော့ဘူး။ စစ်စိတ်စစ်သွေး တက်ကြွနေတဲ့ သူတို့ကို ငါလက်နက်များပေးမယ်လိုပဲ ပြောခဲ့တယ်"

ဘိဘိသနသည် အားလုံးရှေ့သို့တိုးထွက်လာသည်။ မီးတိုင်၏အလင်းရောင်ကြောင့် သူ့မျက်လုံးများသည် ခါတိုင်းနှင့်မတူဘဲ ပို၍စူးရှတောက်ပြောင်နေသည်။

"မကြာခင်ဖြစ်တော့မယ့် စစ်ပွဲဟာ အာရိယန်နဲ့ ဒြာဝိဒိယန်တို့ရဲ့ စစ်ပွဲမဟုတ်ဘူးလို့ နောင်တော် ဘုရင်မင်းမြတ် ဆိုသလား"

"အာရိယန်နဲ့ ဒြာဝိဒိယန်စစ်ပွဲတော့မှန်တယ် ဘိဘိသန၊ ဒါပေမယ့် မျိုးနွယ်စုစစ်ပွဲမဟုတ်ဘူး။ အာရိယန်ဖြစ်တဲ့ရာမနဲ့ ဒြာဝိဒိယန်ဖြစ်တဲ့ လက်ာ်ဒီပဘုရင်အကြားက စစ်ဖြစ်တယ်။ ဒါကြောင့် ငါရာမနဲ့ စီးချင်းထိုးရမယ်။ စီးချင်းထိုးပွဲမှာ ငါအနိုင်ရပြီးရင် ဒီပြဿနာတစ်ခုဟာလည်း ပြီးဆုံးသွားလိမ့်မယ်။ ရာမအတွက် လက်စားချေမယ့် အာရိယန်တွေလည်း မရှိနိုင်ဘူး။ သူဟာ သူ့ရဲ့မျိုးနွယ်စုကနေ အယုဒ္ဓကနေ နှင်ထုတ်ခံထားရသူမဟုတ်လားသူဟာ အခုမှ မက္ကဋ္ဌတွေဆီကနေ အင်အားပြုပြီး မျိုးနွယ်စု ထူထောင်ဖို့ အစပြုနေသူမဟုတ်လား။ သူ့နောက်မှာ တောင့်တင်းခိုင်မာတဲ့ စစ်သည်ရဲမက်တွေမရှိဘူး။ အကယ်၍ မက္ကဋ္ဌတွေရဲ့ နောက်ဆက်အန္တရာယ် ရှိသည်ဆိုဦးတော့ တို့ဟာ ဒီမျောက်ဝံတွေကို နှိမ်နင်းနိုင်ပါတယ်"

"နောင်တော်ဘုရင်မင်းမြတ်လုံးဝမှားတယ်"

ဘိဘိသနသည် ကျွန်ုပ်၏မျက်နှာဆီသို့ လက်ညိုးတည့်တည့်ထိုးရင်းအော်ဟစ်လိုက်သည်။ သို့သော် ထူးဆန်းစွာပင် ကျွန်ုပ်သည် သူ့အားစိတ်မဆိုးမိ၊ ကျွန်ုပ်၏ပကတိအခြေ အနေများကို သူတို့နားလည်သဘောပေါက်ခြင်းမရှိသေးသောကြောင့် ဖြစ်ပေမည်။

"ငါမမှားပါဘူး ဘိဘိသန၊ မင်းတို့ နားမလည်ကြတာပါ၊ ရာမ၊ ဒသဂီရိနဲ့ သီတာဒေဝီတို့ရဲ့ ပြဿနာကို မင်းတို့မျိုးနွယ်စုစစ်ရေးနဲ့ ရောထွေးမစဉ်းစားကြနဲ့"

"အိန္ဒြဒေသ၊ဟိမဝန္တာဒေသ... ပြီးတော့ . ဟိုဘက်က ဂင်္ဂါဒေသ ဒီကမ္ဘာပေါ်ကအရေးမှန်သမျှဟာ မျိုးနွယ်စုအရေးဖြစ်တယ် နောင်တော်ဘုရင်မင်းမြတ်၊ မျိုးနွယ်စုအရေးကလွဲပြီး တခြားဘာမှ မဟုတ်ဘူး။ ညီတော်တို့က ရောထွေးစဉ်းစားနေတာမဟုတ်ဘူး။ နောင်တော် ဘုရင်မင်းမြတ်ကသာ တသီးတခြားဖယ်ထုတ်စဉ်းစားနေတာ"

"အလို ဘိဘိသန၊ လက်ာ်ဒီပဘုရင်ကို ပြောတဲ့မင်းလေသံဟာ တင်းမာလှချည်လား"

ဘိဘိသနကို အံ့သြနေသည့် သေနာပတိများသည် ကျွန်ုပ်ကို ကြောက်ရွံ့သွားကြပြီး အနည်းငယ် လှုပ်ရှား သွားကြသည်။ သေနာပတိဂုမ္ဘဒီပသည် သူ၏ဝတ်ရုံကို ပွတ်သပ်ရင်း နက်နဲစွာစဉ်းစားနေဟန်ရှိသည်။

"ဒြာဝိဒိယန်အာလုံး လှုပ်လှုပ်ရွရွဖြစ်နေတာ ဟာနုမာန်ဆိုတဲ့အမည်ကို ဒုတိယအကြိမ်ကြားရတာ ကိသကိန္ဓာနယ်စပ်တိုက်ပွဲအကြောင်း ကြားသိရတာ ဒါတွေကြောင့် အရေးကြီးတဲ့ အချိန်လို့ မင်းပြောသလားဘိဘိသန၊ ငါပြောပြီးပါပကော ဒါတွေရဲ့ အရင်းမူလက သီတာဒေဝီပါပဲလို့ ငါပြောခဲ့ပြီကော"

"မဟုတ်ဘူး သီတာဒေဝီရဲ့ ပြဿနာဟာ အစိတ်အပိုင်းတစ်ခုသာဖြစ်တယ်"

"အိမ်ရှေ့စံရဲ့ အယူအဆကို ကျုပ်တို့သိပါရစေ"

သေနာပတိ ဂုမ္ဘီကလေးနက်စွာ ပြောသည်။ စစ်ပွဲအတွေ့အကြုံရင့်ကျက်၍ စကားနည်းသော ဂုမ္ဘီကဏ္ဏကို ညီတော်ဘိဘိသနကိုယ်တိုင် လေးစားပေသည်။

"ကောင်းပါပြီ နောင်တော်ဘုရင်မင်းမြတ်နဲ့ တကွ သေနာပတိများအားလုံးနားထောင်ကြပါ။ ကျုပ်ဟာ ဒီစကားတွေကို ပြောဖို့ အခွင့်မကြုံတဲ့အတွက် ဒီစကားတွေရဲ့ နောက်ကွယ်ကအယူအဆတွေအရ လက်တွေ့လုပ်ငန်းများကိုသာ လုပ်ကိုင်နေခဲ့ပါတယ်။ တောင်ဆယ်လုံးမှာ ခံတပ်လုပ်ပြီး ဥမင်လိုဏ်တူးခဲ့တာတွေဟာ တစ်စုံတစ်ခုသော မျိုးနွယ်စုရေးဆိုင်ရာ အဘိဓမ္မာအရလုပ်ခဲ့တာဖြစ်တယ်"

ဘိဘိသနသည် သုခမိန်ကြီးတစ်ဦးကဲ့သို့ တည်ငြိမ်သွားလေသည်။

"အိန္ဒြဒေသမှာ ကျုပ်တို့ဒြာဝိဒိယန်နဲ့ အာရိယန်မျိုးစုနှစ်ခုဟာ အင်မတန်အင်အားအကြီးဆုံးနဲ့ အထွတ်အထိပ်အကျဆုံး မျိုးနွယ်စုနှစ်ခုဖြစ်ကြတယ်၊ ဒါပေမယ့် ကျုပ်တို့က အာရိယန်များထက်သာလွန်တာရှိတယ်။ အဲဒါကတော့ တောင်ပိုင်းမြစ်ဝှမ်းဒေသမှာ အခြေတစိုက်နေထိုင်ခဲ့ကြခြင်းပဲ၊ ကျုပ်တို့မှာ နောင်နှစ်ပေါင်းရာပေါင်းများစွာ အသုံးဝင်မယ့် မြေသြဇာလွှင်ပြင်တွေ၊ တောအုပ်တွေနဲ့တောင်တန်းတွေ၊ စားကျက်တွေ ပိုင်ဆိုင်ထားတယ်၊ အာရိယန်တွေမှာတော့ တောင်တန်းတစ်ခုကနေ တစ်ခု၊ မြစ်တစ်ခုကနေတစ်ခု ပြောင်းရွှေ့သွားလာနေကြရဆဲဖြစ်တယ်၊ သူတို့ဟာ ကျုပ်တို့ရဲ့ တောင်ပိုင်းမြစ်ဝှမ်းဒေသကို လိုချင်တပ်မက်ကြတယ်။ မြေဆီကောင်းတဲ့ စားကျက်တွေ၊ ကျန်းမာသန်စွမ်းတဲ့ ကျွဲနွားတွေနဲ့ တန်ဖိုးရှိတဲ့ သတ္တုဝါတွေကို သူတို့သိမ်းပိုက်လိုချင်လာကြတယ်။ ကျုပ်တို့ဒေသကို သူတို့တစ်ချိန်မှာ ဝင်ရောက်သိမ်းပိုက်ဖို့ကြိုးစားလိမ့်မယ်ဆိုတာကို ကျုပ်ဟာကြိုတင် သိရှိခဲ့တယ်။ သူတို့ဟာ ဒြာဝိဒိယန်ကို ဖြိုဖျက်ပြီး တစ်ခုတည်းသော အာရိယန်မျိုးနွယ်စုကို တည်ထောင်လိုကြတယ်။ ဒသဂီရိဘုရင်ရဲ့ လက်ထက်မှာဖြစ်စေ၊ အခြားဘုရင်ရဲ့

လက်ထက်မှာ ဖြစ်စေ၊ သီတာဒေဝီဆိုတဲ့ ဘုရင့်သမီးကို လင်္ကာဒီပသို့ခေါ်ဆောင်လာသည်ဖြစ်စေ၊ ခေါ်ဆောင်မလာသည်ဖြစ်စေ အာရိယန်တွေဟာ ဒြာဝိဒိယန်တွေကို ဝင်ရောက်တိုက်ခိုက်မှာပဲ ဒါဟာလုံးဝမှန်ကန်တဲ့ အချက်ဖြစ်တယ်။ ကုန်ပစ္စည်းလဲလှယ်ကြတဲ့ ခရီးသွားမျိုးနွယ်စုတွေ ပေါင်းစုံထံက ကျုပ်ဒီအချက်ကို လေ့လာရရှိခဲ့တယ်။ ဒါကြောင့် တစ်ချိန်မှာ အာရိယန်နဲ့ ဒြာဝိဒိယန်တို့ရဲ့ စစ်ပွဲဟာ ဖြစ်ခဲ့သမျှသော မျိုးနွယ်စုစစ်ပွဲတကာထက် အကြီးကျယ်ဆုံး စစ်ပွဲကြီးအဖြစ်ပေါ်ပေါက်လာမယ်ဆိုတာ ကျုပ်ကြိုတင်ခန့်မှန်းခဲ့တယ်။ အဲဒီတစ်ချိန်ချိန်ဟာ အခုကျုပ်တို့လက်ထဲမှာပဲ ပေါ်ပေါက်တော့မှာဖြစ်တယ်။ ဒါကြောင့် အခုတွေ့ဆုံနေရတဲ့အရေးဟာ မျိုးနွယ်စုအရေးမှအပ ဘာမှမဖြစ်နိုင်ဘူး။ သီတာဒေဝီကို အကြောင်းပြုပြီး အာရိယန်မင်းသားရာမနဲ့ လင်္ကာဒီပဘုရင်တို့ တိုက်ခိုက်တဲ့ စစ်ပွဲမဟုတ်ဘူး"

ဘိဘိသနသည် ရှည်လျားသောရာဇဝင်လင်္ကာကို နေ့ပေါင်းညပေါင်းများစွာ ရွတ်ဆိုနေရသကဲ့သို့ မောဟိုက်သွားလေသည်။ သို့သော်သူ၏အသံမှာ ကျွန်ပ်ကြားဖူးခဲ့သမျှသော အသံတို့တွင် လေးနက်မှုနှင့် စိတ်အားထက်သန်မှုကို အဆောင်နိုင်ဆုံးဖြစ်သည်။

"ဘထွေးတော်ဆိုလိုတာက ဒီအာရိယန်တွေဟာ ကျုပ်တို့ရဲ့ ဒြာဝိဒိယန်နယ်မြေကို ဝင်ရောက်ကျူးကျော် တိုက်ခိုက်ကြလိမ့်မယ်၊ ဒီစစ်ပွဲဟာမုချမသွေဖြစ်ရမယ့် စစ်ပွဲ၊ ဒီလိုလား"

သားတော်မေဃနာဒဓားရိုးကို လက်နှင့်တင်းတင်းဆုပ်ကိုင်၍မေးသည်။

"ဟုတ်တယ် တူတော်မောင် မေဃနာဒ၊ ရာမမင်းသားဟာ မက္ကဋမျိုးနွယ်စုရဲ့ အကူအညီနဲ့ လင်္ကာဒီပကို တိုက်ခိုက်မှာဖြစ်တယ်၊ တစ်ချိန်ကတော့ သူဟာ သူရဲ့ အယုဒ္ဓယထီးနန်းကို ပြန်ည်ဆက်ခံသိမ်းပိုက်ပြီးမှ လင်္ကာဒီပကို ဝင်ဖို့စီစဉ်ခဲ့ပေမယ့် ၊ သူရဲ့မူလအစီအစဉ်ကို ဖျက်ပြီး အယုဒ္ဓယထီးနန်းကို မသိမ်းပိုက်သေးဘဲမက္ကဋတွေနဲ့အတူလင်္ကာဒီပကို အဆောတလျင် ဝင်တိုက်ဖို့စီစဉ်တာဖြစ်လိမ့်မယ်၊ သူ့မှာ သီတာဒေဝီကို ပြန်ရယူဖို့အရေးကြီးနေတယ်လေ"

သေနာပတိအားလုံးသည် နက်နဲစွာ စဉ်းစားနေကြဟန်ဖြင့် တိတ်ဆိတ်ငြိမ်သက်နေကြသည်။ ပထမဦးစွာ စတင်လှုပ်ရှားလာသူမှာ သေနာပတိ ဂုမ္ဘကဏ္ဏဖြစ်သည်။

"အိမ်ရှေ့စံရဲ့ အယူအဆကို ကျုပ်နားလည်သဘောပေါက်ပါတယ်၊ ဒီအတိုင်းပဲ ဖြစ်ရမယ်လို့ ကျုပ်လဲယူဆပါတယ်။ အကြီးမားဆုံးမျိုးနွယ်စုနှစ်ခုရဲ့ အကြီးကျယ်ဆုံးတိုက်ပွဲအတွက် ကျုပ်တို့ပြင်ဆင်ကြရလိမ့်မယ်"

"လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်အတွင်း ကျုပ်တို့ဟာ အိန္ဒိယဒေသက မျိုးနွယ်စုပေါင်းများစွာကို တိုက်ခိုက်သိမ်းပိုက်ပြီး လင်္ကာဒီပလက်နက်နိုင်ငံတော်ကြီးကို ထူထောင်ခဲ့ကြတယ်။ အိမ်ရှေ့စံပြောတဲ့အတိုင်းဆိုရင် ဒီတစ်ခါရင်ဆိုင်ရမယ့် စစ်ပွဲဟာ ကျုပ်တို့အတွက် အကြီးမားဆုံးစစ်ပွဲဖြစ်မှာပဲ၊ ဒီတော့ လင်္ကာဒီပရဲ့ စစ်အင်အားကို အကောင်းဆုံးဖြစ်အောင် ဖြည့်တင်းတိုးချဲ့သင့်တယ်လို့ကျုပ်ထင်တယ်"

သူရာဂုမ္ဘာန်က လေးနက်စွာ ဝင်ပြောသည်။

တချိန်လုံးငြိမ်သက်နေသော ဂမ္ဘီဒီပကလည်း တက်ကြွစွာ ဆွေးနွေးသည်။ ဂုမ္ဘဒီပကား စစ်ရေးမှအပ ဘာကိုမျှ စိတ်မဝင်စားသူဖြစ်သည်။

"နာဂမျိုးနွယ်စုခေါင်းဆောင် သေနာပတိအနေနဲ့ပ ကျုပ်ပြောပါရစေ၊ ဒီအသားဝါတွေနဲ့သူတို့နောက်လိုက် မျောက်ဝံတွေရဲ့ တပ်ကို ကျုပ်တို့ဖောက်ထွင်းပြီး ရာမမင်းသားရဲ့ အယုဒ္ဓယကို သွားတိုက်ရင်ကောင်းမယ်၊ ရန်သူကို ဖောက်ထွက်ဖို့ကိုတော့ နာဂမျိုးနွယ်စုတပ်ဦးနဲ့ ကျုပ်တာဝန်ထားပါ"

ခန်းမဆောင်အတွင်းရှိသေနာပတိအားလုံးသည် ဂုမ္ဘဒီပ၏ တက်ကြွလွန်းသော အသံကြောင့် သူ့ကို ဝိုင်းကြည့် လိုက်ကြလေသည်။

"ကျုပ်ပြောတာမဟုတ်ဘူးလား၊ လင်္ကာဒီပနယ်နိမိတ်ကို အယုဒ္ဓယအထိ အိန္ဒမြစ်မြောက်ပိုင်း အထိ တိုးချဲ့ပစ်လိုက်မယ်လေ"

ခန်းမဆောင်ဘေးပတ်ပတ်လည်ရှိ အချို့သောတပ်မင်းများသည် အချင်းချင်း တီးတိုးတိုင်ပင်နေကြသည်။ အချို့က ခေါင်းကို ခါယမ်းနေကြသည်။ အချို့ကမူ ယခုပင်စစ်ချီရ တော့မည့်အလား ဓားအိမ်ထဲမှ ဓားကို ထုတ်လိုက်သွင်းလိုက်လုပ်နေကြသည်။ ဆွေးနွေးသံများသည် ခန်းမဆောင်အတွင်း ကျယ်လောင်လာသည်။ ညီတော်ဘိဘိသနနှင့် သားတော်မေဃနာဒတို့သည် အနီးမှ တပ်မင်းများကို ရှင်းလင်းပြောဆိုနေကြဟန်တူသည်။

"အားလုံးတိတ်စမ်း"

တရားခမ္မဆွေးနွေးပွဲသို့တက်ရောက်နေကြသည့် ယောဂီများလို အချင်းချင်း စကားများ ဆူညံနေကြသည့် သူတို့အားလုံးကို ကျွန်ုပ်အလိုမကျဖြစ်လာသဖြင့် နေရာမှထ၍ အော်ဟစ်လိုက်သည်။ အားလုံးငြိမ်သက်သွားကြပြီး ကျွန်ုပ်ကို စူးစိုက်ကြည့်လိုက်ကြသည်။

"ငါပြောတာနားထောင်စမ်း၊ ဘာမှမဟုတ်တဲ့ အသားဝါဘုရင့်သားညီအကိုနှစ်ယောက်နဲ့ နောက်လိုက်မျောက်ဝံလိုကောင်တွေရဲ့ အရေးကို ဘာဖြစ်လို့ ဒီလောက်လှုပ်လှုပ်ရှားရှားဖြစ်နေကြတာလဲ။ ဂုမ္ဘီကဏ္ဏ၊ ဂုမ္ဘဒီပ၊ သူရာဂုမ္ဘာန်တို့ရဲ့အကြံပေးချက်တွေကိုလည်း ငါတစ်ခုမှ လက်မခံဘူး ၊ ဘိဘိသနပြောတာဖြစ်နိုင်စရာရှိတယ်၊ ဒါပေမယ့် စိုးရိမ်မှုလွန်ကဲနေတယ်၊ ဒြာဝိဒိယန်တို့ရဲ့သေနင်္ဂဗျူဟာမှာ ဘယ်တော့မှ ဒီလိုရှည်ရှည်ဝေးဝေးမတွေးရဘူး၊ နားလည်လား"

ကျွန်ုပ်နှင့် အနီးဆုံးနေရာမှ သေနာပတိများ၊ တပ်မင်းများ၏မျက်နှာများကို ကျွန်ုပ်တစ်ယောက်စီ ကြည့်လိုက်သည်။ မည်သူမျှကျွန်ုပ်ကို ပြန်မကြည့်ရဲကြ။ သားတော်မေဃနာဒသော်မှ ခေါင်းကို အောက်သို့ငုံ့ထားသည်။ သို့သော်ဘိဘိသနကမူ ကျွန်ုပ်၏မျက်လုံးထဲသို့ရဲဝံ့စွာပြန်ကြည့်နေသည်။

"စောစောက ငါအိန္ဒြသဲပြင်မျိုးနွယ်စုတွေ စုရုံးတဲ့နေရာဆီ ရောက်ခဲ့တယ်၊ သူတို့ထဲမှာကျန်းမာသန်စွမ်းတဲ့ စစ်သည်ကောင်းများ ဖြစ်နိုင်တဲ့ အရေအတွက်ဟာ အင်မတန်နည်းတယ်၊ ပြီးတော့သူတို့ဟာ လင်္ကာဒီပရဲ့ သီးနှံစိုက်ပျိုးသူတွေ၊ တိရစ္ဆာန်မွေးသူတွေသာဖြစ်တယ်။ ဒါပေမယ့် သူတို့ဟာ ငါ့ထံက လက်နက်ကိုတောင်းဆိုကြတယ်၊ သူတို့မှာ စစ်စိတ်စစ်သွေး တွေပြည့်လျှံနေတယ်။ မင်းတို့သေနာပတိကြီးတွေကျတော့ ဟာရပ္ပမြို့ရဲ့ ဒီခန်းဆောင်ထဲမှာ အချင်းချင်းစကားပြောနေကြတယ်။ နတ်ဒဝတာရဲ့ စစ်တပ်နဲ့ တိုက်ရတော့မယ့်အလား အကြီးအကျယ်ဆွေးနွေးနေကြတယ်။ သာမန်ဒြာဝိဒိယန်တွေရဲ့ သွေးဟာ စပျစ်သူရာလို နီရဲသွက်လက်ချိန်မှာ မင်းတို့သွေးတွေက ရွှံ့ရည်တွေလိုညိုမည်းပျစ်ခဲနေသလား ... ဟင်"

ဘိဘိသနသည် နေရာမှထ၍ သူ၏နက်ပြောရောင် ဝတ်ရုံကြီးကို လက်တွင်သိုင်းယူလိုက်သည်။

"နောင်တော်ဘုရင်မင်းမြတ်၊ သာမန်ဒြာဝိဒိယန်တွေရဲ့ တက်ကြွမှုဟာ ရင့်ကျက်တဲ့ လင်္ကာဒီပ သေနာပတိများရဲ့ လေးနက်မှုနဲ့ ဘာမှမဆိုင်ပါဘူး၊ ဒီကိစ္စဟာ လေးနက်ကြီးကျယ်တဲ့ သေနင်္ဂဗျူဟာနဲ့ ချမှတ်စီစဉ်ရမယ့်ကိစ္စဖြစ်ပါတယ်"

"သီတာဒေဝီကို ပြန်လည်ရယူဖို့လာတဲ့ ရာမမင်းသားနဲ့ အရေးကိုစ္စဟာ လေးနက်ကြီးကျယ်တဲ့ သေနင်္ဂဗျူဟာနဲ့ ဘာမှမဆိုင်ဘူး ဘိဘိသန၊ အိမ်ရှေ့စံဖြစ်တဲ့မင်းကိုယ်တိုင်သော်မှ ဒီနေရာမှာ အယူအဆလွဲနေပြီ"

ဘိဘိသန၏တည်ငြိမ်သော မျက်နှာသည် ရဲခနဲ ဖြစ်သွားလေသည်။ သေနာပတိများအလယ်တွင် လင်္ကာဒီပအိမ်ရှေ့စံတစ်ဦးအနေနှင့် ဤသို့ပြောဆိုခံလိုက်ရခြင်းအတွက် ဘိဘိသနသည် အရှက်ရသွားဟန်တူလေသည်။

"နားထောင်ကြစမ်း၊ အိန္ဒြသဲပြင်မှာ စုရုံးနေကြတဲ့ ဒြာဝိဒိယန်တွေကို လက်နက်လေးမြားပေးမယ်လို့ ငါပြောခဲ့တယ်၊ ဒါပေမယ့်သူတို့ဟာ ဘယ်တော့မှ ကျွမ်းကျင်တဲ့ စစ်သည်ရဲမက်တွေဖြစ်လာမှာ မဟုတ်ဘူး၊ လက်ပျဉ်ကျနေတဲ့ အဘိုးအိုတွေ စကားမပြောနိုင် နားမကြားနိုင်ဖြစ်နေတဲ့ အဘွားအိုတွေ၊ မိန်းမနဲ့ ကလေးသူငယ်တွေ၊ သူတို့ကို လက်နက်လေးမြား ဆင်ယင်ပေးလိုက်ရင် သူတို့အားလုံးကို သေတွင်းထဲ ခုန်ချခိုင်းတာနဲ့ဘာမှ မထူးဘူး၊ အချည်းနှီးသောသွေးများနဲ့ အိန္ဒြမြစ်ရေကို နီရဲသွားအောင်ငါမလုပ်ဘူး။ မင်းတို့ရဲ့ မျိုးနွယ်စုံ စစ်သည်ရဲမက်များကို လည်း တာဝန်မပေးဘူး"

ဘိဘိသနက တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်သည်တွင် သားတော်မေဃနာဒက လှမ်း၍တားလိုက်သည်ကို တွေ့လိုက်ရသည်။

"ဒီတော့ရန်သူဘက်က ရာမမင်းသားနဲ့ဖြစ်စေ၊ သူ့ညီလက္ခဏနဲ့ဖြစ်စေ၊ ဟိုဟာနုမာန်ဆိုတဲ့ မက္ကဋ္ဌစစ်သူကြီးနဲ့ဖြစ်စေ၊ ကိသကိန္ဒာဘုရင်သုခရိတ်ဖြစ်စေ၊ သူတို့အာလုံးနဲ့ပဲဖြစ်စေ ငါစီးချင်းတိုက်မယ်၊ စီးချင်းတိုက်ပွဲမှာ သူတို့သေဆုံးသွားပြီဆိုရင် ဒီပြဿနာအားလုံးပြီးပြီ။ ဘယ်အာရိယန်မျိုးနွယ်စုလဲ လင်္ကာဒီပကို လာထိရဲမှာမဟုတ်တော့ဘူး"

မေဃနာဒက ဝတ်ရုံစကို ဆွဲထားသည့်ကြားမှ ဘိဘိသနသည် ရှန်းထွက်၍ ကျွန်ုပ်ရှေ့သို့ ခုန်ထွက်လာသည်။

"မဟုတ်ဘူး .. မဟုတ်ဘူး၊ သီတာဒေဝီရဲ့ပြဿနာဟာ အဓိကမဟုတ်ဘူး၊ ဒါဟာလင်္ကာဒီပဘုရင်နဲ့ အာရိယန်မင်းသားတို့ရဲ့ အချစ်ပြဿနာမဟုတ်ဘူး၊ ဒါဟာ ဒြာဝိဒိယန်နဲ့ အာရိယန်မျိုးနွယ်စုတို့ရဲ့မျိုးနွယ်စု စစ်ရေးနောင်တော်ဘုရင်မင်း ....... "

သီတာဒေဝီ၏ မုန်းတီးစက်ဆုပ်မှုကို ခံယူနေရသည့် ကျွန်ုပ်၏နှလုံး၊ ရာမမင်းသားအပေါ်နာကြည်းရွံ့မုန်းနေသည့် ကျွန်ုပ်၏ အမျက်ဒေါသ၊ ဒါတွေကို နားလည်သဘော ပေါက်ရန်မကြိုးစားလေဘဲ မျိုးနွယ်စုအရေးကိုသာ ထပ်တလဲလဲ ပြောနေသည့် ဘိဘိသနအား ကျွန်ုပ်နည်းနည်းလေးမှ မနှစ်မြို့နိုင်တော့ပေ။

"မင်းနေရာမှာ ပြန်ထိုင်လိုက်စမ်း . ... ဘိဘိသန"

ဘိဘိသနသည် အံကိုကြိတ်လျက် နောက်သို့ဆုတ်သွားသည်။ သေနာပတိများကားခေါင်းကို မဖော်ကြတော့ချေ။ သားတော် မေဃနာဒသာလျှင်နေရာမှ မရဲတရဲ ထလေသည်။

"ခမည်းတော်ဘုရင်မင်းမြတ်ကို တစ်ခုပဲတောင်းဆိုပါရစေ၊ အကယ်လို့ အဲဒီလိုစီးချင်းတိုက်ခိုက်ကြပြီဆိုရင် မက္ကဋ္ဌစစ်သူကြီး ဟာနုမာန်ဆိုတဲ့သူနဲ့ တိုက်ခိုက်ဖို့ သားတော်ကို ခွင့်ပြုပါ၊ သားတော်သင်းကို တာဝန်ယူပါရစေ"

"အင်း ........ ကောင်းပြီ၊ ကဲ သေနာပတိများ ဒီမျောက်ဝံအုပ်စုအတွက် ဘာမှ ပူပန်သောက ရောက်မနေကြနဲ့၊ မင်းတို့ရဲ့ မျိုးနွယ်စု တပ်တွေကိုသာ ဆက်လက်လေ့ကျင့် မြဲလေ့ကျင့်ပေးနေကြ၊ စီးချင်းတိုက်ပွဲကို ဆင့်ခေါ်မယ့်အမိန့်ကိုသာ စောင့်ကြပေတော့၊ ကိုင်း ....... သွားကြတော့"

သေနာပတိများနှင့် တပ်မင်းများ ခန်းမဆောင်အတွင်းမှ တိတ်တဆိတ်ထွက်ခွာသွားကြလေသည်။ ကျွန်ုပ်ကို အစဉ်အမြဲ ချစ်ကြောက်ရိုသေခဲ့သောမျက်လုံးများတွင် ကျွန်ုပ်နှင့် မရင်းနှီးသော အရိပ်အငွေ့များကို တွေ့နေရသည်။ ဘိဘိသန၏ပခုံးပေါ်သို့ ကျွန်ုပ်လက်ကို တင်ပြီး ဆုပ်နယ်လိုက်သည်။ သူ့ကိုယ်သည် ရိုကျိုးပျော့ပျောင်းခြင်းမရှိဘဲ တောင့်တောင့် ကြီးဖြစ်နေကြောင်း ကျွန်ုပ်သတိပြုလိုက်မိသည်။

"လက်ာဒီပရဲ့ ဘုရင်မင်းမြတ်နဲ့ အိမ်ရှေ့စံဆိုတဲ့ အဖြစ်ကို ငါတို့ခဏမေ့လိုက်ကြရအောင်၊ စောစောက ဆွေးနွေးငြင်းခုံမှုတွေကိုလည်း မင်းခေါင်းထဲက ထုတ်ပစ်လိုက်တော့၊ မင်းရဲ့ အကိုတစ်ဦးအနေနဲ့ ငါမင်းကို တာဝန်တစ်ခုပေးချင်တယ်"

ဘိဘိသနသည် ကျွန်ုပ်အားမမြင်ဖူးသလို မော့ကြည့်လေသည်။

"မင်းဟာ စကားအရာမှာ လိမ္မာပါးနပ်ပြီး အသိဉာဏ်ပြည့်စုံကြွယ်ဝသူဖြစ်တယ်၊ ကြောက်ရွံ့ မုန်းတီး မှုတွေနဲ့ ပြည့်နှက်နေတဲ့ မိန်းမတစ်ယောက်ရဲ့ နှလုံးကိုလဲ ညင်သာပျော့ပျောင်း လာအောင် မင်းစွမ်းဆောင်နိုင်လိမ့်မယ်လို့ ငါယုံကြည်တယ် "

"နောင်တော်ဘုရင်မင်းမြတ်ဘာကိုဆိုလိုချင်ပါသလဲ"

"သီတာဒေဝီပေ့ါ ... ဘိဘိသန၊ သူဟာ ငါ့ကိုကြောက်ရွံ့နေတယ်၊ ငါ့ရဲ့အချစ်ကိုလဲ သူကြောက်ရွံ့နေဟန်တူတယ်။ ရာမမင်းသာနဲ့ စီးချင်းတိုက်မယ့်အကြောင်းကို ငါကိုယ်တိုင်သူ့ကိုဖွင့်ပြောဖို့ မဖြစ်ချေဘူး၊ ဒီတော့ မင်းကနူးညံ့ညင်သာစွာနဲ့ ဒီအကြောင်း သူ့ကိုပြောပြပါ၊ စီးချင်းတိုက်ပွဲ အနိုင်အရှုံးအဖြေရလာဒ်အတိုင်း သူလိုက်နာရမှာဖြစ်တဲ့အကြောင်းကိုလည်း သူလက်ခံအောင်ပြောပြပါ။ ဒီမြေပေါ်မှာ ရာမမင်းသားအသက်ရှင်လျက်နဲ့မရှိတော့ဘူးဆိုရင်သူဟာ ငါ့အပေါ်မှာ တမ်းညွတ်လာမှာပဲ၊ ဒီအစီအစဉ်ကို သူကိုယ်တိုင်နားလည်သဘောပေါက်ပြီး လိုက်နာအောင် မင်းစွမ်းဆောင် နိုင်လိမ့်လို့ငါယုံပါတယ် ဘိဘိသန"

ဘိဘိသနသည် အတန်ကြာမျှ တိတ်ဆိတ်ငြိမ်သက်နေပြီးမှ အိပ်မက်မှ နိုးထလာသည့် အသံမျိုးဖြင့် ပြန်ပြောလေသည်။

"ညီတော်အတတ်နိုင်ဆုံးကြိုးစားပါ့မယ်၊ သီတာဒေဝီကို ဘယ်လိုတွေ့ရမလဲ"

"ဂန္ဓမာလာ သားရဲတွင်းပေါ်က ခန်းဆောင်မှာ၊ ဒါပေမယ့် သူ့ကို ငါရွှေလှောင်အိမ်နဲ့ထားတယ်၊ သူ့ကို ဖျောင်းဖျပြောဆိုသိမ်းသွင်းဖို့အတွက်မင်းကိုယ်တိုင် ရွှေလှောင်အိမ်ထဲဝင်ရလိမ့်မယ်။ သူ့ကို အပြင်ထုတ်လို့မဖြစ်ဘူး"

ဘိဘိသနသည် သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်ဟု ကျွန်ုပ်ထင်ပေသည်။

ဤရက်များအတွင်း ကျွန်ုပ်သည် လက်ာဒီပနန်းတော်သို့ မပြန်ဖြစ်ချေ။ ညီတော်ဘိဘိသနကိုသာလျှင် လက်ာဒီပသို့ပြန်လွှတ်ခဲ့သည်။ သီတာဒေဝီကို ဖျောင့်ဖျသိမ်းသွင်းရန်နှင့် အခြားနန်းတွင်းရေးလုပ်ငန်းများကို စီမံခန့်ခွဲရန် သူ့အားတာဝန်ပေးလိုက်သည်။ ကျွန်ုပ်သည် သေနာပတိ ဂုမ္ဘဒီပတစ်ဦးတည်းကိုသာ အဖော်ပြုလျက် ဟာရပ္ပကျောက်နန်းဆောင်များတွင် စစ်ရေးလေ့ကျင့်သည်။ ဟာနမာန်ခေါင်းဆောင်သည့် မက္ကဋမျိုးနွယ်စုများ ဝင်တိုက်ခဲ့သော မက္ကဋနယ်စပ်တပ်မသို့ သေနာပတိ ဂုမ္ဘီကဏ္ဏကို စေလွှတ်လိုက်သည်။ အခြားသော သေနာပတိများလည်း မိမိတို့တပ်မများရှိရာသို့ ပြန်လည်ထွက်ခွာသွား ကြပြီဖြစ်သည်။ သားတော်မေဃနာဒလည်း ဘိဘိသနနှင့်အတူ လက်ာဒီပနန်းတော်သို့ ပြန်လည်ထွက်ခွာသွားပြီဖြစ်သည်။

သီတာဒေဝီနှင့် ထပ်မံတွေ့ဆုံရန် ကျွန်ုပ်ဝန်လေးနေမိသည်။ ကြောက်ရွံ့မုန်းတီးမှုများ ဖုံးလွှမ်းနေသော သူ့မျက်လုံးများကို ကျွန်ုပ်ရင်မဆိုင်လိုပေ။ ကျွန်ုပ်နှင့် တစ်ကြိမ်တွေ့ဆုံတိုင်း သူ၏ကြောက်ရွံ့မုန်းတီးမှုများတစ်လွှာပြီးတစ်လွှာ တိုးတက်များပြားလာမည်ကို ကျွန်ုပ်မလိုလားပေ။ ညီတော်ဘိဘိသန၏ လိမ္မာပါးနပ်မှုတို့သည် သီတာဒေဝီ၏ တင်းမာသော စိတ်နှလုံးကို ထိုးဖောက်နိုင်မည်ဟု ကျွန်ုပ်မျှော်လင့်မိသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်၏မျက်လုံးအိမ်၌ သီတာဒေဝီ၏ ရုပ်သွင်သည် ရစ်ဝဲနေလေသည်။

ဟာရပ္ပမြို့ စစ်ရေးလေ့ကျင့်ခန်းမဆောင်တွင် ကျွန်ုပ်၏လက်နက်သံများ ဖုံးလွှမ်းနေသည်။ စစ်မြင်းဆယ်ကောင်တပ်ရထားဘီးမှ သံချွန်များကိုလည်း အသစ်လဲလှယ်တပ်ဆင်စေလိုက်သည်။ သို့သော် မိထိလာလေးတင်ပွဲမှ ရာမမင်းသားပစ်လွှတ်ခဲ့သည့် မြားချက်ကြောင့် ကွဲအက်နေသည့် မြားကာတိုင်လုံးကိုမူ ကျွန်ုပ်အသစ်မလဲခဲ့ပေ။ စီးချင်းတိုက်ပွဲအပြီးတွင် ထိုအသားဝါမင်းသား၏ ဉက္ကောင်းကို ဤတိုင်လုံးမှာပင် ချိတ်ဆွဲရပေမည်။ အိန္ဒုသဲပြင်တွင် စုရုံးနေကြသည့် ဒြာဝိဒိယန်တို့ကိုမူ သူတို့သဘောကျကျေနပ်စေရန် ဓားလှံလက်နက်များပေးလိုက်သည်။

အိန္ဒြသဲပြင်ထက်တွင် ဓားသွားချင်း လှံရိုးချင်း၊ ထိခတ်သံများ ဆူညံနေတတ်သည်။ သူတို့ကို ဦးစီးလေ့ကျင့်ပေးရန်အတွက် ကျွန်ုပ်သည် ဦးရီးတော်အား ခေါ်ယူထားသည်။ ဦးရီးတော်သည် တောင့်တင်းသန်မာသော ဒြာဝိဒိယန်များကို ရွေးချယ်၍ ဓားလှံလေးမြားကိုင်ဆောင်ခြင်းမပြုသည့် တိုက်ခိုက်မှုများကို သင်ကြားပေးလေသည်။ သေနာပတိ ဂုမ္ဗာဒီပကိုယ်တိုင်ပင် ဦးရီးတော်၏တိုက်ခိုက်မှုပညာရပ်ကို ရင်သပ်ရှုမောဖြစ်နေသည်။ စစ်ရေးလေ့ကျင့်မှု၏ခုနစ်ရက်မြောက်နေ့တွင် ဦးရီးတော်သည် သူ့စစ်သည်ရဲမက်များ၏ အစွမ်းကို ကျွန်ုပ်အား ခေါ်၍ပြလေသည်။ ဘာလီဘုရင်နှင့် အတူပါလာသည့် မက္ကဋ္ဌစစ်သည်တို့၏သေနင်္ဗျူဟာကို တွေ့မြင်အံ့သြမိသောလည်း ဦးရီးတော်၏ စစ်သည်များအစွမ်းကိုတွေ့ရသည့်အခါ ကျွန်ုပ်သည် ဦးရီးတော်ကို မချီးကျူးဘဲ မနေနိုင်ပေ။

"သစ်ပင်နွယ်ကြိုးများနဲ့ ကျွမ်းကျင်တဲ့ မက္ကဋ္ဌတွေရဲ့ တိုက်ခိုက်မှုကို ငါတို့ပြန်ချေဖျက်ထားတယ် ရာဝဏ၊ ကြည့်စမ်း"

သောင်ပြင်တွင် မြင့်မားသော ထင်းရှူးပင်ကြီးတစ်ပင်ကို စိုက်ထူထားသည်။ ထင်းရှူးပင်ထိပ်မှနေ၍ မြက်ခြောက်၊ ရွှံ့စေးများနှင့် ပြုလုပ်ထားသော မက္ကဋ္ဌစစ်သည်ပုံရိပ်များကို ကြိုးဖြင့်အောက်သို့လွှဲချလိုက်သည်။ အရုပ်များ ထင်းရှူးပင်ကို လက်ယာရစ်လွှဲယမ်း၍ အောက်သို့ဆင်းလာကြသည်။ ထိုအခါ သဲပြင်အောက်တွင် ကိုယ်ကို မြုပ်၍ ပုန်းအောင်းနေသည့် ဦးရီးတော်၏ စစ်သည်များသည် လက်ဝဲရစ်ပြောင်းပြန်ပြေးလွှားရင်း လှံတံများကို အရုပ်များဆီသို့ ပစ်လွှတ်လိုက်ကြသည်။ အရုပ်များသည် သောင်ပြင်ပေါ်သို့မရောက်မီလမ်းခုလတ်မှာပင် လှံတံများစိုက်ဝင်လျက် ပျက်စီးသွားကြသည်။ အရုပ်များလက်ယာရစ်လွှဲဆင်းလာသည့်အရှိန်ကို ပိုမိုမြန်ဆန်အောင်လှည့်ပတ်စေသည်။ ထိုအခါစစ်သည်တို့၏ လက်ဝဲရစ်ပြောင်းပြန်လှည့်ပတ်မှုလည်း ပို၍မြန်လာသည်။ အရုပ်များကို လက်ဝဲရစ်လည်ပတ်စေသောအခါ စစ်သည်များသည် လက်ယာရစ်လှည့်ကြသည်။ သူတို့၏လှည့်ပတ်မှုသည် မြန်လွန်းလှသဖြင့် ကျွန်ုပ်တို့မျက်စိထဲတွင် တစ်ခုနှင့် တစ်ခု ဆန့်ကျင်ဘက်လည်နေသည့် စက်ဝိုင်းနှစ်ခုလိုဖြစ်နေသည်။

"ဒါဦးရီးတော်ရဲ့ ပဋိပက္ခသေနင်္ဗျူဟာကို သုံးထားတာပဲ မဟုတ်လား"

ဦးရီးတော်မာရဇ္ဇသည် ကျွန်ုပ်ကို ပြုံး၍ ကြည့်လိုက်လေသည်။

"ဟိုဘက်ကို ကြည့်စမ်းပါဦးရာဝဏ"

ဒြာဝိဒိယန် လူငယ်ဆယ်ယောက်ခန့် ဝိုင်းဖွဲ့၍ စကားပြောနေကြသည်ကို ခပ်လှမ်းလှမ်းတွင် တွေ့နေရသည်။ ဦးရီးတော်သည် ပါးစပ်မှ ထူးဆန်းသောအသံများကို အော်ဟစ်လိုက်သည်။ ဦးရီးတော်အသံမှာ လေထဲတွင် မြားတံများဖြတ်သန်းသွားသည့် အသံဖြစ်သည်။ ထိုအသံများကို ကြားလျှင်ကြားချင်း စကားပြောနေကြသည့် လူငယ်များသည် သူတို့တစ်ရပ်စာ ကိုယ်ကို လေထဲသို့ခုန်လိုက်ကြပြီးနောက် တစ်နေရာတွင် မတ်တပ်ရပ် တန်းစီလျက် ပြန်ကျသွားသည်။

"နည်းနည်း နှေးသေးတယ်ဟေ့။ တကယ့်မြားတံက မင်းတို့ဆီ ဒါထက်ပိုပြီး မြန်မြန်ရောက်လာမှာ၊ ကဲ .... မင်းတို့အဲဒီမှာ ရပ်နေကြ၊ ဟိုဘက်က ဆယ်ယောက်လာကြစမ်း၊ ဟိုနားက ကျောက်ဆောင်ပေါ်တက်ပြီး သူတို့ကို လေးနဲ့ပစ်စမ်း၊ ကျည်တောက်ထဲက မြားတွေကုန်အောင်ပစ်၊ ဦးခေါင်းနဲ့ ရင်ဘတ် ၊ ဝမ်းဗိုက်နေရာတွေကိုပစ်"

အခြားသူငယ် ဆယ်ယောက်သည် လေးကိုယ်စီဖြင့် မြားကျည်တောက်ကို လွယ်လျက် ကျောက်ဆောင်ပေါ်သို့ တက်သွားကြသည်။ စောစောက လူငယ်ဆယ်ယောက်တို့သည် သောင်ပြင်တွင် ရပ်လျက် မြားတံများကို စောင့်နေကြသည်။

"ပစ် တော့ ...."

မြားတံများသည် ဝှစ်ခနဲ ဝှစ်ခနဲ ကျောက်ဆောင်ပေါ်မှ ပျံသန်းသွားကြသည်။ သောင်ပြင်ရှိလူငယ်တို့သည် မတ်တပ်ရပ်နေရာမှ လေထဲသို့မြောက်ခုန်ပြီး မြားလမ်းကြောင်းအတိုင်း ကိုယ်ကိုဦးတည်တူရှုပေးရင်း ရှောင်တိမ်းကြသည်။ တစ်ယောက်သောသူငယ်သာလျှင် ပခုံးတွင်မြားတံတစ်ချောင်းအစိုက်ခံရပြီး ကျန်မြားအားလုံးမှာ သောင်ပြင်သို့စိုက်သွားကြသည်။

"ဒါက ဘယ်လိုနည်းနဲ့ ရှောင်တာလဲ ဦးရီးတော်"

ဦးရီးတော်သည် သူ၏ကျယ်ပြန့်သော ရင်အုပ်ကြီးကို လက်နှင့် ပွတ်သပ်ရင်း ကျေနပ်စွာပြုံးလိုက်လေသည်။

"ပဋိပက္ခသေနင်္ဗျူဟာပါပဲ၊ လေထဲကို ဖြတ်လာတဲ့မြားဟာ သူနဲ့ဆန့်ကျင်ပြီးရှိနေတဲ့ မျက်နှာပြင်ကို ထိုးစိုက်ဖို့အဆင်သင့်ပဲ ၊ မြားက ဒီလိုလမ်းကြောင်းနဲ့လာတယ်၊ ပစ်ကွင်းက ဒီလိုအပြားလိုက်ရှိနေတယ်"

ဦးရီးတော်သည် သူ၏ဘယ်ဘက်လက်ဖဝါးကို ညာဘက်လက်ချောင်းများဖြင့် ထိုးစိုက်ပြလိုက်သည်။

"ဒီတော့ ငါက ဒီလိုလုပ်လိုက်တယ်၊ ပစ်ကွင်းရဲ့ တည်နေမှုကို မြားလမ်းကြောင်းအတိုင်း လမ်းကြောင်းချင်း အတူတူဖြစ်သွားအောင်လုပ်လိုက်တယ်၊ ဟောဒီလို ...."

စောစောက ဖြန့်ထားသည့်ဘယ်လက်ဖဝါးကို ညာဘက်လက်နှင့် ယှဉ်၍ပြလိုက်သည်။ လက်နှစ်ဖက်သည် မျဉ်းတပြေးတည်း ဖြစ်သွားသည်။

"ဒီတော့မြင်းဟာ သူနဲ့အတူ လမ်းကြောင်းခြင်းပြိုင်နေတဲ့ ပစ်ကွင်းကို ထိစိုက်ဖို့မလွယ်တော့ဘူး၊ သူ့ရှေ့မှ အပြင်လိုက်ခံနေမှသာ သူဟာပစ်ကွင်းကို ထိစိုက်ရမှာကိုး၊ ပစ်ကွင်းကို အဆမတန်သေးငယ်သွားစေတဲ့ နည်းလမ်းပေါ့၊ ဘယ်လောက်ပဲ လေးအတတ်မှာ ကျွမ်းကျင်သူဖြစ်နေပါစေ၊ ပစ်ကွင်းကို ဒီအနေအထားနဲ့ ချိန်ရွယ်ပြီး လေထဲကို ကိုယ့်မြားဖြတ်သန်းသွား နေချိန်မှာ အဲဒီပစ်ကွင်းက သေးငယ်ပြောင်းလဲသွားတဲ့နောက် ဘယ်မြားက ဝင်စိုက်နိုင်ဦးမှာလဲ"

"ကျုပ်ပစ်ကြည့်စမ်းချင်တယ်"

ကျွန်ုပ်နှင့်အတူပါလာသော သေနာပတိဂုမ္ဘာဒီပက ဦးရီးတော်ကို ပြောလိုက်သည်။ ဂုမ္ဘာဒီပကား မြားတံကို ထုတ်ချင်းပေါက်အောင် သို့မဟုတ်တစ်ဝက်မျှစိုက်ဝင်အောင် သို့မဟုတ် အသွားလောက်မျှသာ စူးဝင်အောင် လိုသလို ချိန်ဆလွှတ်နိုင်သည်အထိ လေးညို့အထိန်းအဆ ကျွမ်းကျင်သူဖြစ်သည်။ ပစ်ကွင်းကို ထိမှန်စေရေးဟူသည်မှာ ဂုမ္ဘာဒီပအဖို့သေးနုပ်သော မှုမျှသာဖြစ်သည်။

"လုပ်ကြည့်လေကွာ၊ ဟောဟိုစက်ကွင်းကို အရင်ပစ်ကြည့်ဦးပေါ့"

ဦးရီးတော်သည် ခပ်လှမ်းလှမ်းရှိစက်ကွင်းကို ညွှန်ပြလိုက်သည်။ ထို့နောက် သူကိုယ်တိုင် ထိုစက်ကွင်းရှိရာသို့သွား၍ စက်ကွင်းကို လက်နှင့်ကိုင်ထားသည်။ ဂုမ္ဘာဒီပသည် မြားတစ်ချောင်းကို လေးညို့တွင် တပ်လိုက်ပြီး ချိန်ရွယ်ပစ်လွှတ်လိုက်သည်။ ဦးရီးတော်သည်စက်ဝင်းပစ်ကွင်းကို လက်နှင့်ဆွဲ၍ ဒေါင်လိုက်ဖြစ်အောင် လုပ်လိုက်သည်။ ဂုမ္ဘာဒီပ၏မြားတံသည် ပစ်ကွင်းနောက်ဘက်အတန်ငယ်ဝေးရာထိပျံသန်းသွားပြီး သောင်ပြင်တွင် ဝင်စိုက်နေသည်။

"တယ်ဟုတ်ပါလား ဦးရီးတော်၊ ဒါပေမယ့် ပစ်ကွင်းကို ပြောင်းလဲသေးငယ်သွားစေဖို့ မြားတံလာနေပြီဆိုတာ ဘယ်လိုလုပ်သိမလဲ"

"အဲဒါကျတော့ သောတအာရုံနဲ့ နိုးကြားမှုအပေါ်မှာမူတည်တယ်၊ အလေ့အကျင့်လုပ်ရမှာပေါ့"

"မြားတံက သိပ်မြန်တဲ့ အရှိန်နဲ့ လာနေတယ်ဆိုရင်ကော တပ်မင်း၊ လေထဲကို သူဖြတ်သွားတဲ့ အသံကြားရဦးမလား"

မြားချက်လွဲသွားသဖြင့် မကျေမနပ်ဖြစ်နေသော ဂုမ္ဘာဒီပက ဝင်မေးလေသည်။

"အဲဒါက သဘာဝရဲ့နိယာမကို မင်းနားမလည်လို့ ဂုမ္ဘာဒီပ၊ လေထဲမှာဖြတ်သန်းလာတဲတစ်စုံတစ်ခုဟာ အရှိန်မြန်လေလေ၊ အသံပိုကျယ်လေလေပဲ၊ သိပ်မြန်တဲ့ မြားတံဟာ သိပ်ကျယ်တဲ့ အသံကိုပါ ဆောင်လာလေ့ရှိတယ်၊ သို့သော် ဒါကို ချက်ချင်းကြားသိဖို့ကတော့ အလေ့အကျင့်ပဲပေါ့"

"ဟုတ်တယ် တပ်မင်း၊ ကျုပ်နားလည်ပြီ"

ဦးရီးတော်သည် သူ၏ ပဋိပက္ခသေနင်္ဗျူဟာများကို အသုံးပြုပြသခွင့်ရသဖြင့် ကျေနပ်နေဟန်ရှိပေသည်။ သို့သော် ပြုံးရွှင်နေသည့် သူ့မျက်နှာသည် ချက်ချင်းတည်ငြိမ်သွားပြီး ရန်သူသားကောင်ကိုတွေ့ရသောအခါ ဟိန်းဟောက်တတ်သည့် ခြင်္သေ့ကြီး၏အသံမျိုး သူ့လည်ချောင်းထဲမှ ထွက်လာသည်။

"ငါ့မြေးနှစ်ယောက် ဒုသနဲ့ ခရကို ငါဒါတွေ သင်မပေးလိုက်ရလို့ သင်းကလေးတွေ အသေဆိုးနဲ့သေရတာ၊ အဲဒါတွေအတွက် ငါ့မှာ တင်ရှိနေတဲ့ သွေးကြွေးကို ငါပြန်ဆပ်နေရတာ၊ ဟိုအသားဝါဘုရင်ရဲ့ သား လေးအတတ်မှာ ဘယ်လောက်ကျွမ်းကျင်နိုင်မလဲ၊ ငါသူ့မြားတံတွေကို သစ်ကိုင်းက အခက်တွေချိုးသလိုချိုးပြမယ်"

ဤခြင်္သေ့ကြီးသည် သူ၏မြေးနှစ်ယောက်သေဆုံးရခြင်းအတွက် ယခုတိုင် မပြေနိုင်သေးဘဲ ရှိပေသည်။ ဤအခါတွင် ကျွန်ုပ်သည် နှမတော်ဂမ္ဘီကို သတိရလာမိသည်။ ဂမ္ဘီမရှိတော့သည့်နောက်တွင် သူ၏သားရဲတွင်းမှ သမင်ရိုင်းခတ်ပွဲများလည်း မကျင်းပဖြစ်တော့။ သို့သော်သူနှင့်အတူသေဆုံးသွားသော ရွှေသမင်၏ရွှေလှောင်အိမ်မူကား သီတာဒေဝီအတွက် အကျဉ်းထောင်အဖြစ် အသုံးဝင်ခဲ့ပေသည်။ ယခုအချိန်ဆိုလျှင် ရွှေလှောင်အိမ်အတွင်းဝယ် ညီတော်ဘိဘိသနသည် သီတာဒေဝီကို ဖျောင်းဖျသိမ်းသွင်းနေပေရော့မည်။ ဦးရီးတော်မာရဇ္ဇသည်လည်း ကျွန်ုပ်ကဲ့သို့ပင် ဂမ္ဘီကို ဆက်စပ်သတိရနေဟန်တူသည်။

"အင်း ........ ငါ့တူမကြီးတရိဂမ္ဘီ၊ သူရဲကောင်းပီသစွာကျဆုံးခဲ့တဲ့တရိဂမ္ဘီ၊ သင်းများရှိနေသေးရင် ခုနေငါ့ရဲ့သေနင်္ဗျူဟာတွေကို သူကိုယ်တိုင် သင်ယူမှာ၊ ဘိဘိသနတစ်ယောက် ကတော့ ငါ့ကိုဘယ်တော့မှ ဆည်းကပ်မှာ မဟုတ်ဘူး၊ သူက စစ်မက်ရေးထက် မျိုးနွယ်စု ရာဇဝင်ကိုပိုပြီး စိတ်ဝင်စားတဲ့ကောင်၊ ဒါပေမယ့် သူလည်း ဒီဘက်မှာတော့ တကယ့် သုခမိန်ပါပဲလေ၊ အင်း ..... ဟေ့ရာဝဏ၊ ဘိဘိသနတစ်ယောက်ကော၊ စစ်ရေးလေ့ကျင့်တဲ့ နေရာတွေကို လင်္ကာဒပဘုရင်လိုက်လံကြည့်ရှုနေချိန်မှာ အိမ်ရှေ့စံမပါဘူးတဲ့လား"

ဦးရီးတော်သည် တစ်ယောက်တည်း ရေရွတ်နေရင်းမှ ဘိဘိသနကို မေးလိုက်သည်။

"အရေးကြီးတဲ့ တာဝန်တစ်ခုအတွက် ကျုပ်လင်္ကာဒီပနန်းတော်ကို ခိုင်းလိုက်တယ် ဦးရီးတော်"

"ဘာတာဝန်များလဲ ရာဝဏ"

"ကမ္ဘာပေါ်မှာ အလှပဆုံးဖြစ်ပေမယ့် ပိတ်ဆို့နေတဲ့ ပန်းပွင့်တစ်ပွင့်ကို ဖူးငုံပွင့်အာလာအောင် လုပ်ဖို့လေ၊ ဦးရီးတော်တစ်ခါက ငါတော့မတတ်နိုင်ဘူးဆိုတဲ့လုပ်ငန်း ..."

ဦးရီးတော်သည် အံ့အားသင့်ဟန်ဖြင့် ကျွန်ုပ်ကို ငေးကြည့်နေလေသည်။

"ဩော် .. ဩော်၊ မင်းဒါကို အခုထိကြိုးစားနေတုန်းပဲနော်၊ ရာဝဏ"

"ကျုပ်ရဲ့နှလုံးသားက အမြဲစေခိုင်းနေတယ် ဦးရီးတော်"

"မင်းသူ့ကို အချိန်မရွေးသိမ်းပိုက် နိုင်တာပဲ ရာဝဏ"

"မဟုတ်ဘူးဦးရီးတော်၊ ဒါကဦးရီးတော်ရဲ့ ပဋ္ဌပက္ခသေနင်္ဗျူဟာထက်ပိုပြီး နူးညံ့လေးနက်တယ်။ ကျုပ်ရဲ့ခွန်အားသတ္တိနဲ့ဘုန်းလက်ရုန်းတွေကို ဆန့်ကျင်ဘက်ဖြစ်တဲ့ အလှအပပေါ်မှာ တိုက်ခိုက်နှိမ်နင်းဖို့အတွက် အသုံးမပြုသင့်ဘူးလို့ ကျုပ်ထင်နေတယ်၊ သူပြောတဲ့ စကားတစ်ခွန်းရှိတယ်၊ မိမိချစ်မြတ်နိုးသူရဲ့ အလိုဆန္ဒကို မဆန့်ကျင်မှသာ ချစ်မြတ်နိုးခြင်းဖြစ်တယ်တဲ့။ သူက အဲဒီလို ကြမ်းကြမ်းတမ်းတမ်း နှိမ်နင်းသိမ်းပိုက်တာမျိုးကို မလိုလားဘူး။ ဒီတော့ သူမလိုလားတာကို ကျုပ်မလုပ်ချင်ဘူး။ သူ့အလိုဆန္ဒကို ကျုပ်မဆန့်ကျင်နိုင်ဘူး"

ဦးရီးတော်သည် ကျွန်ုပ်လက်ကို တင်းကျပ်စွာဆုပ်ကိုင်လိုက်လေသည်။

"ရာမမင်းသားနဲ့ စီးချင်းထိုးပြီး ရာမကိုသတ်ဖို့ဆိုတာကိုတော့ သီတာဒေဝီက လိုလားမယ်တဲ့လား ရာဝဏ"

ဦးရီးတော်၏စကားသည် ကျွန်ုပ်၏မျက်စိနှစ်ဖက်အား ပြင်းစွာရိုက်ပုတ်လိုက်သလို ဖြစ်သွားပေသည်။ ချစ်မြတ်နိုးသူ၏ အလိုဆန္ဒကို မဆန့်ကျင်ခြင်း၊ ချစ်မြတ်နိုးသူမလိုလားသော အမှုကို ရှောင်တိမ်းခြင်း။ သို့ဆိုလျှင် ကျွန်ုပ်သည် ရာမနှင့် စီးချင်းမထိုးဘဲ နေရအံ့လော။ ကျွန်ုပ်က စီးချင်းမထိုးလိုသည်ပင်ထားဦး၊ ရာမကတော့ သီတာဒေဝီကို ပြန်လည်ရယူရန်အတွက် ကျွန်ုပ်အားတိုက်ခိုက်တော့မည်။ သီတာဒေဝီ၏အလိုဆန္ဒအတိုင်း ကျွန်ုပ်က တုံ့ပြန်ခြင်းမပြုလျှင်ရန်သူသည် ကျွန်ုပ်အားသတ်ဖြတ်ပေလိမ့်မည်။ ဒြာဝိဒိယန်ဘုရင်သည် အာရိယန်မင်းသား၏ လက်နက်ကို ရှောင်ကွင်းသွားရမည်လော။

သို့တည်းမဟုတ် ရန်သူကိုတိုက်ခိုက်နှိမ်နင်း၍ သီတာဒေဝီအား သိမ်းပိုက်လျှင်လည်း ဤအမှုသည် ချစ်မြတ်နိုးသူ၏ အလိုဆန္ဒကို ဆန့်ကျင်ခြင်း ..........

လေပြင်တစ်ချက်မွှေလိုက်သဖြင့် အိန္ဒသဲပွင့်များ လွင့်ခါသွားသည်။ တစ်နေရာတွင် လေပွေတစ်ခုဖြစ်ပေါ်လာပြီး သဲပွင့်များသည် ဝန်းဝိုက်လည်ပတ်လျက် အပေါ်သို့ လွင့်တက်သွားသည်။ ထိုလေပွေသည် ကျွန်ုပ်၏ရင်တွင်း၌ ဝင်ရောက်ဖြစ်ပေါ်လာသည်ဟု ခံစားရသည်။ မယ်တော် ဂုမ္ဘီကွယ်လွန်စဉ်က၊ မိဖုရား မန္ဒောကွယ်လွန်စဉ်က တူတော်များနှင့် ချစ်စွာသောနမတော် ကွယ်လွန်စဉ်က ဖြစ်ပေါ်ခဲ့ဖူးသည့် နာကျင်မှုမျိုးနှင့် မတူသည့် နှလုံးနာကျင်မှု ကျွန်ုပ်ရင်ထဲ၌ ဖြစ်ပေါ်လာသည်။

"ဘုရင်မင်းမြတ်၊ ဒီနေရာဟာ လေပွေများတိုက်ခတ်ပြီး သဲပွင့်တွေလွင့်ပါးလှပါတယ်။ ပူပြင်းတဲ့ နေအရှိန်ကြောင့်လည်း လေဟာပူနေပါတယ်။ ဘုရင်မင်းမြတ်ရဲ့ မျက်နှာဟာ နီရဲပြီး အနည်းငယ်မကျန်းမမာသယောင်ရှိတယ်လို့ ကျွန်ုပ်ထင်ပါတယ်။ အေးမြတဲ့ဒေသတစ်ခုခုကို သွားရောက်သင့်ပါတယ်"

သေနာပတိဂုမ္ဘဒီပသည် ကျွန်ုပ်၏မျက်နှာကို မရဲတရဲကြည့်ရင်း တောင်းပန်လိုက်လေသည်။

"ရာဝဏရဲ့ မျက်နှာပြင်က နီရဲနေတာမဟုတ်ဘူး၊ ဖြူရော်ရော်ဖြစ်နေတာ။ နီရဲနေတာက သူ့မျက်လုံးတွေ။ ကဲ ... ဒီလိုလုပ်၊ အခုဟာရပွဲနဲ့ အနီးဆုံးက မင့်ညီတော် ဘိဘိသနဆောက်ထား တဲ့ နဝမနဲ့ ဒသမပဗ္ဗတ တောင်ကြားခံတပ်ပဲ။ အဲဒီကို သွားကြရအောင်၊ ငါလည်းလိုက်မယ်၊ ငါတစ်ခါမှ မရောက်ဖူးသေဘူး။ တောင်ကြားခံတပ်တွေထဲမှာ အဲဒီဥမင်ခံတပ်ဟာ အကောင်းဆုံးဆိုပဲ"

ဦးရီးတော်သည် ပြောပြောဆိုဆိုပင် ကျွန်ုပ်လက်မောင်းအိုးကို ကိုင်တွယ်လျက် ရထားရှိရာသို့ ဆွဲခေါ်လေသည်။ ဂုမ္ဘဒီပလည်း နောက်က လိုက်လာသည်။

"မနောအာရုံအပြောင်းအလဲပေါ့ ရာဝဏရယ်၊ လာပါ"

'ဒသဂီရိ' ဘွဲ့ကို ခံယူရန်အတွက် ကျွန်ုပ်သိမ်းပိုက်အောင်မြင်ခဲ့သော တောင်ကုန်းကလပ်များအကြား ခံတပ်များကို တစ်ခုပြီးတစ်ခု မောင်းနှင်ဖြတ်သန်းခဲ့သည်။ ခံတပ်များ၏အနေအထား များကို စစ်ရထားပေါ်မှသာ ကျွန်ုပ်တို့ကြည့်ရှုခဲ့သည်။ ညီတော်ဘိဘိသန၏ အစီအမံဖြင့် ဆောက်လုပ်ထားသော ထိုခံတပ်များဖြင့်အတိပြီးသော အဆောက်ဖြစ်ပေသည်။ ခံတပ်အပြင်ဘက် တွင် တူးထားသော ကျုံး၏အကျယ်အဝန်းမှာ ရန်သူ၏မြားချက်မရောက်နိုင်သည့် အကျယ်အဝန်း ဖြစ်သည်။ တောင်ကြားတွင် တဝီးဝီးတိုက်ခတ်နေသည့် လေကြောင်းကိုလည်း အကာအကွယ် ယူထားသည်။ လေသည်ခံတပ်မျက်နှာစာကို အလျားလိုက် တိုက်ခတ်နေသောကြောင့် ကျုံးတစ်ဖက်မှရန်သူ၏မြားသည် ခံတပ်ထိပ်သို့ရောက်လာနိုင်စေဦး။

တောင်ကြားလေအဟုန်ဖြင့် လွင့်ပါးတိမ်းချော်သွားမည်သာဖြစ်ပေသည်။ ညီတော်ဘိဘိသနသည် ကျုံးရေပြင်ကို အနက်မတူးဘဲ အကျယ်တူးခဲ့သည်။ သို့သော်ခပ်တိမ်တိမ်သာရှိသောရေပြင်၏ အောက်ခြေ၌ ဆူးငြောင့်များစိုက်ထားသည်။ ထို့ကြောင့်ရန်သူသည် ကျုံးကိုကူးခတ်၍ခံတပ်အောက်သို့ ချဉ်းကပ်ရန် မလွယ်ကူတော့ပေ။ တစ်ဖက်မှနေ၍ အဝေးအပြေးနိုင်ဆုံးသော လေးနှင့်မြားကို အသုံးပြုလျှင်လည်း တောင်ကြားလေအဟုန်တွင် မြားတံသည် ငှက်မွေးများသဖွယ်လွင့်မျော သွားကြမည်။ လှေများကို သုံးလျှင်လည်း အောက်တွင်စိုက်ထားသော ဆူးများက ရန်သူ့လှေဝမ်းကို ထိုးဖောက်ပစ်ကြမည်။ ညီတော်ဘိဘိသန၏ အစီအမံကား အဘက်ဘက်မှ လုံခြုံ လှပေသည်။

"ရန်သူဟာ .... အိန္ဒုမြစ်ကမ်းက ကျောက်တုံးကြီးတွေမ လာပြီး ကျုံးရေထဲပစ်ချ၊တံတားခင်းနိုင်မှသာ ခံတပ်ရောက်မှာပဲ။ ဘိဘိသနတော်သဟော့၊ ဟား ..... ဟား .... ဟား"

ဦးရီးတော်က ဘိဘိသန၏အစီအမံကို နှစ်ခြိုက်စွာ ချီးကျူးသည်။

"တိုးတိုးပြောဦးရီးတော်၊ ကျုံးကိုဖြတ်ကူးတဲ့နည်းကို ဟိုမျောက်ဝံတွေကြားသွားလိမ့်မယ်။ဒီကောင်တွေက လက်တံရှည်ရှည်နဲ့ ကျောက်တုံးတွေကို တကယ်မ၊ ကျုံးထဲပစ်ချပြီး ကျောက်တံတား တကယ်လုပ်ချင်လုပ်နေမှာ"

"ဟား ......ဟား ......ဟား ......ဟား ......"

ဦးရီးတော်၏ရယ်သံသည် တောင်ကြားလေတိုးသံကိုပင် ဖုံးလွှမ်းသွားသည်။

"အဲဒီကျောက်တံတားခင်းနေချိန်မှာ ခံတပ်ပေါ်က ရဲမက်တွေအဖို့တော့ တွင်းထဲက တောဝက်ကို လှံတံနဲ့ပစ်နေသလို လုလုပပကြီးလှံရေးပြကြမှာပေါ့ ရာဝဏရဲ့၊ ဟား ......ဟား ......ဟား ......"

မျောက်ဝံနှင့်တူသည့် မဣဋ္ဌမျိုးနွယ်စုများကို စစ်သည်ရဲမက်ပြုလုပ်၍ ချီတက်လာသည်ဆိုသော ရာမ၊လက္ခဏတို့၏ သေနင်္ဂဗျူဟာကား ရယ်စရာကောင်းလှတော့သည်။

တောင်ကြားခံတပ်ရှစ်ခုကို ကျွန်ုပ်တို့ လှည့်လည်ကြည့်ရှုပြီးနောက် နဝမနှင့် ဒသမပဗ္ဗတတောင်ကြားမှ ခံတပ်ဥမင်ဆီသို့ ဆက်လက်မောင်းနှင်ခဲ့သည်။ ဆီးနှင်းမှုန်တို့သည် ကျွန်ုပ်၏ရထားဘေးနှစ်ဘက်တွင် လွင့်စဉ်၍ ကျန်ရစ်ခဲ့သည်။ အမွေးပွစစ်မြင်းဖြူကြီးများသည် ရထားကို တက်ကြွစွာ ရုန်းဆွဲကြလေသည်။ နဝမတောင်အနီးသို့ရောက်သောအခါ ရှေ့ခပ်လှမ်း လှမ်းဆီးနှင်းများအကြားတွင် မည်းနက်သော အဆောက်အအုံကြီးကို ဝိုးတဝါးတွေ့လိုက်ရသည်။

ဘိဘိသန အထူးတလည်စီမံဆောက်လုပ်ထားသော ခံတပ်ဥမင်ပေတည်း။

ကျွန်ုပ်တို့ ဖြတ်သန်းလာခဲ့သော ခံတပ်များကို ပထမခံတပ်၊ဒုတိယခံတပ်၊ စသည်ဖြင့် အမည်ပေး ထားသော်လည်း ယခုနဝမနှင့် ဒသမပဗ္ဗတတောင်ကြားခံတပ်ကိုမူကား ဘိဘိသနသည် ခြားနား သောနံမည်ပေးခဲ့သည်။ ယင်းအမည်ကား

'ရာဝဏခံတပ်'

ကျွန်ုပ်၏မျိုးနွယ်စုအမည်ကို အသုံးပြုထားသည်က အကြောင်းရှိပေသည်။ အခြားသော ခံတပ်များသည် ရိုးရိုးခံတပ်များဖြစ်ကြသည်။ ရာဝဏခံတပ်ကား ထုထည်အကြီးမားဆုံး

လည်းဖြစ်သည်။ အချက်အချာအကျဆုံးလည်းဖြစ်သည်။ ထို့ထက်ထူးခြားသည်ကား ဤခံတပ်အတွင်းဘက်၌ ဥမင်လိုဏ်ဖောက်လုပ်ထားသောကြောင့်ဖြစ်သည်။ ဥမင်လိုဏ်သည် ခံတပ်အပြင်ဘက်နေရာ မှနေ၍ လမ်းနှစ်သွယ်ခွဲထွက်သွားသည်။ တစ်လမ်းမှာ လင်္ကာဒီပနန်းတော်သို့ အနီးဆုံး သွားနိုင်သည့် လမ်းဝသို့ရောက်သည်။ အခြားတစ်လမ်းမှာ အိန္ဒုမြစ်ကမ်းသို့ပေါက် ရောက်သည်။ ထိုနေရာ၌ အိန္ဒုမြစ်သည် မြစ်ကျဉ်းဖြစ်သည်။ မြစ်ကျဉ်း၏တစ်ဖက်ကမ်း၌ ကိသကိန္ဒာတိုင်းပြည် မှ တောင်တန်းစွယ်များရှိသည်။ သို့သော်ထိုနေရာကား တောတောင်ထူထပ်လှသည်။ အိန္ဒုမြစ်၏ရေစီးမှာလည်း ထိုနေရာတွင် ရေစီးအလွန်ကြမ်းပေသည်။ ဥမင်တူးထားသည့် ခံတပ်ဖြစ်သောကြောင့် အခြားခံတပ်များကဲ့သို့ ရှေ့ဘက်တွင် ကျုံးရေပြင်မရှိချေ။ ကျုံးတူးလိုက်လျှင် ဥမင်လိုဏ်ဂူသည် ရေအားကြောင့် ပြိုကျပျက်စီးသွားမည်ဟု ဘိဘိသနက ကျွန်ုပ်ကို ပြောဖူးသည်။ ကျုံးမရှိသော်လည်း ရာဝဏခံတပ်သည် အခြားခံတပ်များထက်ပို၍ မြင့်မားကြီးကျယ်လှသောကြောင့် ရန်သူတို့အလွယ်တကူ သိမ်းနိုင်မည်မဟုတ်ချေ။ ဦးရီးတော်သည် ရာဝဏခံတပ်၏ အနေအထားများကို များစွာ နှစ်ခြိုက်နေပေသည်။ ဘိဘိသနကိုလည်း ချီးကျူး၍မဆုံးဖြစ်နေသည်။ ရာဝဏခံတပ်နှင့် အနီးဆုံးနယ်စပ်ဖြစ်သည့် ကိသကိန္ဒာနယ်စပ် တပ်မ မှ သေနာပတိ ဂုမ္ဘီကဏ္ဏသည် ကျွန်ုပ်တို့ကို လာရောက်ကြိုဆိုနေသည်။

"ဘုရင်မင်းမြတ်လာရောက်မယ့်အကြောင်း သတ္တမခံတပ်ဗိုလ်မင်းက အကြောင်းကြားထားပါတယ်၊ ဘုရင်မင်းမြတ် အလိုရှိတယ်ဆိုရင် ကျွန်ုပ်ဥမင်အတွင်းကို လိုက်ပြပါရစေ"

ဂုမ္ဗီကဏ္ဍက ဒူးထောက်၍ ပြောလိုက်သည်။ ဦးရီးတော်ကို လှမ်းကြည့်သောအခါ ဦးရီးတော်က လိုက်ကြည့်လိုကြောင်း ခေါင်းငြိမ့်ပြလေသည်။

"ကိုင်း .... သွားကြတာပေ့ါ"

ဂုမ္ဗီကဏ္ဍသည် ကျွဲချိုတံပိုးကို စူးရှစွာမှုတ်လိုက်သည်။ ခံတပ်တံခါးပွင့်လာပြီး မြင်းစီးစစ်သည်ဆယ်ဦး ရောက်လာသည်။ မြင်းစီးစစ်သည်ဆယ်ဦးနောက်မှ ကျွန်ုပ်၏ရထားကို မောင်းနှင်လာခဲ့သည်။

ရာဝဏခံတပ်၏ အတွင်းဘက်သည် လက်ာဒီပနန်းတော်ကဲ့သို့ ညီညာသောမြေပြင်မဟုတ်ချေ။ တောင်ကုန်းငယ်များဖြင့်အတိပြီးသည်။ တောင်ကုန်းငယ်တစ်ခုစီတွင် ကျောက်တုံးများဖြင့် ခံတပ်ငယ်များ အစီအရီဆောက်ထားသည်။ ရဲမက်များသည် စစ်ပွဲတွင် စခန်းချနေသည့်အတိုင်း လှုပ်ရှားနေကြသည်။ လက်ာဒီပတပ်မကဲ့သို့ ခမ်းနားသော စစ်သည်အဆောက်အအုံမရှိသော်လည်း အချိန်မရွေးအဆင်သင့်ဖြစ်နေသည့် လှုပ်ရှားမှုများကိုသာ တွေ့နေရပေသည်။

"ဒီခံတပ်ဟာ ရန်သူများကို တွန်းလှန်ရေးထက် ရန်သူကို အထဲဝင်ပြီး ပြေးပေါက်မရှိစေဘဲ အားလုံး သတ်ဖြတ်ပစ်ရေးကို ပိုအဓိကထားပါတယ်။ ဟိုဘက်က ခံတပ်တွေကို အကယ်၍နှံသူဟာ ကျော်လွှန်လာနိုင်သည်ပဲထားဦး၊ ဒီရာဝဏခံတပ်ကိုရောက်ရင်တော့ ဒီအထဲမှာ ပိတ်ပြီးမိနေမှာဖြစ်ပါတယ်။ ဒီထဲက တောင်ကုန်းခံတပ်လေးတွေဟာ ဝက်ပါလိုရှုပ်ထွေးပြီး ရန်သူရဲ့မြင်း၊စစ်ရထားတို့ ဘယ်လိုမှ တိမ်းရှောင်ခွင့်မရအောင်ချေမှုန်းနိုင်မှာဖြစ်ပါတယ်။ ရန်သူကို ကျုံးသွင်းလိုက်တဲ့ သေနင်္ဂဗျူဟာပါပဲ ဘုရင်မင်းမြတ်"

သေနာပတိ ဂုမ္ဗီကဏ္ဍတည် ခံတပ်ခံတပ်အကြောင်းကို အသေးစိတ်ရှင်းပြနေလေသည်။

"မျောက်ဝံတွေအတွက် ထောင်ချောက်ဆိုပါတော့ ............"

ဦးရီးတော်က ပျော်ရွှင်မြူးတူးနေသောလေသံနှင့် မှတ်ချက်ချသည်။ ဂုမ္ဗီကဏ္ဍက လေးနက်စွာခေါင်းညိမ့်ပြပြီး တစ်နေရာသို့ညွှန်ပြလိုက်သည်။

"အဲဒါဟာ ဥမင်လိုဏ်တံခါးပဲဖြစ်ပါတယ်။ အထဲကိုဝင်ကြည့်လိုပါသလား ဘုရင်မင်းမြတ်"

"အေး ............ ဝင်ကြည့်ရအောင် "

ဥမင်လိုင် တံခါးမှာ ထူထဲသောသံပြားကြီးဖြစ်သည်။ စစ်သည်များက ကြိုးဖြင့်ဆွဲ၍တံခါးကို ဖွင့်ကြလေသည်။ အထဲတွင် အနည်းငယ်မှုံသာ မှောင်နေသည်။ ဂုမ္ဗီကဏ္ဍကတံခါးဝတွင် ချိတ်ထားသည့် ဝက်ဝံဆီမီးတိုင်ကို ဖြုတ်ယူလိုက်ပြီး အခြားမီးတိုင်များကို ထွန်းညှိလိုက်သဖြင့် အတော်အတန်အလင်းရောင်ရသွားလေသည်။ ဥမင်ထဲသို့ ကျွန်ုပ်တို့ဝင်လိုက်ကြသည်။ အထဲတွင်အေးစိမ့်၍နေသည်။ သို့သော် ဆယ်ငါးတောင်မျှကွာသောမီးတိုင်များကို ဂုမ္ဗီကဏ္ဍက သွားရင်းထွန်းညှိထားသဖြင့် ပူနွေး၍လာသည်။ ဥမင်နံရံကျောက်သားများသည် ဝက်ဝံဆီမီးရောင်တွင် ကြေးနီရောင်ထနေပေသည်။

အတန်ငယ်ဝင်မိသောအခါ လမ်းခွတစ်ခုကို တွေ့ကြရပေသည်။ ကျွန်ုပ်သည် ဘိဘိသန၏ ရာဝဏခံတပ်ဥမင်အတွင်းသို့ ယခင်ကဝင်ရောက်ကြည့်ရှုခဲ့ခြင်းမရှိချေ။ ဘိဘိသနကလည်း ဤမင်အကြောင်းကို ကျွန်ုပ်အားအသေးစိတ်ပြောမပြခဲ့ဖူးပေ။

"ဒီလမ်းခွက ဘယ်လိုလဲဂုမ္ဗီကဏ္ဍ"

ဦးရီးတော် မာရဇ္ဇက မေးလိုက်သည်။ ဦးရီးတော်၏အသံသည် ဥမင်ထဲတွင် ပို၍ဟိန်းသွားလေသသည်။ ဂုမ္ဗီကဏ္ဍက ပြန်မပြောဘဲ ဝက်ဝံဆီမီးတိုင်ကိုအထက်သို့ မြှောက်လိုက်လေသည်။ မီးရောင်ထဲတွင် ကျောက်ဂူနံရံပေါ်ရှိစာလုံးများ ပေါ်လာသည်။

"လက်ာဒီပ နန်းတော်သို့"

"အိန္ဒုမြစ်ကျဉ်းသို့"

ဘိဘိသန ပြောဖူးသော လမ်းခွဲနှစ်သွယ်ပင်ဖြစ်သည်။

"ဒီလမ်းနှစ်ခုမှာ လက်ာဒီပ လမ်းခွဲဥမင်လိုဏ်က ပိုပြီး ရှည်ပါတယ်။ လက်ာဒီပနန်းတော်သို့လို့ လမ်းညွှန်ထားပေမယ့် နန်းတော်အထိတိုက်ရိုက်ပေါက်တာမဟုတ်ပါဘူး။ လက်ာဒီပနဲ့ အနီးဆုံးတောစပ်ကို ရောက်တဲ့လမ်းပါ။ အိန္ဒုမြစ်ကျဉ်းသို့ဆိုတဲ့ လမ်းခွဲကတော့ ပထမလမ်းခွဲလောက်မရှည်ပါဘူး"

"နန်းတော်လမ်းခွဲဥမင်လိုဏ်ဘက်သွားကြမလား ရာဝဏ"

ဦးရီးတော်က ကျွန်ုပ်အားမေးလိုက်သည်။ ကျွန်ုပ်က ခေါင်းညိမ့်လိုက်သည်။

"နန်းတော်လမ်းခွဲအတိုင်းသွားကြရင် ကျုပ်နန်းတော်အထိပြန်သွားမိလိမ့်မယ် ဦးရီးတော်၊ သီတာဒေဝီရှိနေတဲ့ နန်းတော်ဘက်ခြေဦးလှည့်မိရင် ကျုပ်ဒီကိုပြန်လာချင်မှာ မဟုတ်တော့ဘူး၊ ကျုပ်ရောက်သွားရင် သီတာဒေဝီကို ဖျောင်းဖျသိမ်းသွင်းနေတဲ့ ဘိဘိသနရဲ့ လုပ်ငန်းအနှောင့်အယှက်ဖြစ်သွားလိမ့်မယ်။ ဒီတော့ ကျုပ်တို့ ဒီအိန္ဒုမြစ်ကျဉ်းလမ်းခွဲအတိုင်ပဲ သွားကြရအောင်။ ဒီဥမင်လိုဏ်ရဲ့ တစ်ဖက်က အိန္ဒုမြစ်ကျဉ်းနေရာကို ကြည့်ချင်တယ်၊ ဂုမ္ဘီကဏ္ဏမင်းလည်းနယ်စပ်တပ်မကနေ ဒီကို ဒီဥမင်လိုဏ်အတိုင်းလာခဲ့တာမဟုတ်လား"

"မဟုတ်ပါဘူး ဘုရင်မင်းမြတ်၊ ဒီဥမင်လိုဏ်ကို ဘုရင်မင်းမြတ်အလိုရှိတဲ့အခါမှတပါး ဘယ်သူမှ အသုံးမပြုရဘူးလို့ အိမ်ရှေ့စံက အမိန့်ထုတ်ထားပါတယ်၊ ယခုကျွန်ုပ်ဘုရင်မင်းမြတ်နဲ့ အတူအိန္ဒုမြစ်ကျဉ်းလမ်းခွဲဥမင်ကို ပထမဆုံးအကြိမ်သွားဖူးတာဖြစ်ပါတယ်"

"အေး ............ ညီတော်ဘိဘိသနက ဒီဥမင်နဲ့ပတ်သတ်ပြီး လျှို့ဝှက်ချက်တွေ အတော်လုပ်ထားတာပဲ၊ ကဲ ...... သွားကြစို့"

ဂုမ္ဘီကဏ္ဏက ဝက်ဝံဆီမီးတိုင်ဖြင့် ရှေ့ဆုံးမှ လမ်းပြသည်။ ကျွန်ုပ်၏နောက်မှ ဦးရီးတော်မာရဇ၊ ဦးရီးတော်နောက်မှာ ဂုမ္ဘဒီပတို့ဖြစ်သည်။ ကျွန်ုပ်တို့ ၏ခြေသံများသည် ဥမင်အတွင်း ပဲ့တင်သံများ ဖြစ်ပေါ်စေသည်။ တစ်ခါတစ်ခါ ဂုမ္ဘီပ၏ဓားအိမ်သည် ဥမင်ကျောက်နံရံနှင့် ထိခိုက်မိပြီး ကျယ်လောင်သော မြည်ဟိန်းသံများထွက်ပေါ်လာသည် အချို့နေရာတွင် ချိတ်ဆွဲထားသော ဝက်ဝံဆီမီးတိုင်များမှာ အအေးဓာတ်ကြောင့် ဝက်ဝံဆီများခဲနေသဖြင့် ရုတ်တရက်မီးထွန်းညှိ၍ မရချေ။ ထိုအခါများတွင် ဦးရီးတော်သည်လက်ဝါးနှစ်ဖက်ကို ပွတ်လှည့်ကာ မီးတိုင်အိမ်ကို လက်နှင့်အုပ်၊အပူငွေ့ပေးရသည်။ ဝက်ဝံဆီများ ချက်ချင်းအရည်ပျော်သွားသည်ကို တွေ့ရသောအခါ ဂုမ္ဘီကဏ္ဏသည် ဦးရီးတော်၏လက်များကို ကြည့်ကာ အံ့အားသင့်နေလေသည်။ ထို့အပြင် ကျွန်ုပ်တို့အံ့အားသင့်ရသော အခြားတစ်ခုရှိသေးသည်။ ဥမင်လိုဏ်အတွင်းကျွန်ုပ်တို့ခြေသံများကို လုံအောင်မထိန်းနိုင်သော်လည်း ဦးရီးတော်ထံမှ မည်သည့်အသံမျှထွက်မလာပေ။ ယုန်တစ်ကောင်၏ ညင်သာမှုမျိုးဖြင့် ဦးရီးတော်၏ခြေလှမ်းများသည် တိုးတိတ်ညင်သာလှပေသည်။ ကျောက်ခဲလေးတစ်လုံးကို ခြေဖြင့်တိုက်မိသောအသံသည်ပင် ဥမင်အတွင်း၌ ကျယ်လောင်လှပေသည်ဖြစ်ရာ ဦးရီးတော်၏ ဖျပ်လက်ညင်သာသော ခြေလှမ်းများကို သေနာပတိနှစ်ယောက်သည် တအံ့တသြဖြစ်နေကြလေသည်။

"ဘိဘိသနက အထူးစီမံဖောက်လုပ်ထားတဲ့ ဥမင်လိုဏ်ထဲမှာ ငါကလဲ သူ့အစီအမံကို လေးစားလိုက်နာရမယ်လေ" ဦးရီးတော်အသံမှာလဲ ညင်သာလှသည် ။ ပဲတင်သံကို ဖြစ်ပေါ်စေခြင်းမရှိချေ။ ဦးရီးတော်၏ ပဋိပက္ခသေနင်္ဗျူဟာကို နားလည်နေသော ကျွန်ုပ်မှာမူကား မအံ့သြမိတော့။ ဘိဘိသန၏လျှို့ဝှက်သောအစီအစဉ်ကိုသာ တွေးတောနေမိသည်။ ဝက်ဝံဆီမီးတိုင်ပေါင်းများစွာကို ထွန်းညှိဖြတ်ကျော်ပြီးနောက်တွင် လတ်ဆတ်သော လေအနံ့ကို ရရှိလာသည်။ ဥမင်လိုဏ်အပြင်ဘက်သို့ထွက်လိုက်သည်။ ပထမဆုံးသတိထားလိုက်မိသည်ကား တဟဲဟဲမြည်ဟည်းနေသော ရေစီးသံဖြစ်သည်။ အိန္ဒုမြစ်ကျဉ်းသည် ဘိဘိသနပြောသကဲ့သို့ ဤနေရာတွင်ကျဉ်းမြောင်းလှသည်။ ကျောက်ဆောင်တို့သည်လည်း ထူထပ်လှသည်။ ကျောက်တုံး၊ ကျောက်ဆောင်များအကြားဖြတ်သန်းစီးဆင်းရသဖြင့် ရေစီးကြမ်းသည်။ ရေစက်ရေမှုန်များသည် ရေမျက်နှာပြင်ပေါ်၊လူးလွန့်ခုန်ပေါက်နေကြသည်။ ရေသည် ကြည်လွန်းလှသဖြင့် အောက်ခြေမှ ကျောက်တုံးများကို မြင်နေရသည်။ ကျောက်တုံးများကား အရောင်အသွေးစုံလှပေသည်။ ကျွန်ုပ်သည် မြစ်ကျဉ်းကမ်းစပ်မှ ကျောက်တုံးကြီးတစ်ခုပေါ်သို့ ခုန်တက်လိုက်သည်။

အေးမြလတ်ဆတ်သော လေသည် လေပြည်ထက်အနည်းငယ်ပို၊အရှိန်ပြင်းသည်။ ကျွန်ုပ်၏ဝတ်ရုံစသည် လေထဲတွင် တလွင့်လွင့်ယမ်းခါနေသည်။ မြစ်ကျဉ်း၏ဟိုမှာဘက်တွင် မတ်သောကျောက်နံရံကြီးများရှိသည်။ နံရံတလျှောက်တွင် အရောင်အသွေးစုံသော သစ်ခွပန်းများပွင့်နေကြသည်။ ကျောက်နံရံတစ်ခုလုံး အစိမ်းရောင်ရေညှိများဖုံးလွှမ်းနေပြီး ထိုအစိမ်းရောင်ပေါ်တွင် ခရမ်းရောင်နှင့် အနီရောင်သစ်ခွများပွင့်နေသည်ကား ထူးခြားဆန်းကျယ်သော မြင်ကွင်းတစ်ခုဖြစ်သည်။

"မှော်ရုံဟောဝန်နဲ့ ဂန္ဓမာလာမှာ ငါစိုက်ခဲ့တဲ့ သစ်ခွတွေကောင်းလှပြီထင်တာ၊ ဒီနေရာက သစ်ခွတွေနဲ့ပ နှိုင်းယှဉ်လိုက်ရင်တော့ မယှဉ်သာအောင်ပါပဲလား၊ ငါ့တစ်သက်မှာ ဒီလောက်များပြီး ဒီလောက်လှတဲ့ သစ်ခွပန်းတွေ မတွေ့ဖူးသေးဘူး"

ဦးရီးတော်ကိုယ်တိုင်ပင် အံ့သြငေးမောနေတော့သည်။

ဤသစ်ခွပန်းများကို ကြည့်ရင်း ကျွန်ုပ်၏နှလုံးကို နွေးထွေးသွားစေသည်မှာ သီတာဒေဝီအားသတိရလိုက်မိသော အတွေးပင်ဖြစ်သည်။ သီတာဒေဝီသည် မှော်ရုံဟောဝန်၏ ရေတံခွန်၊ ကျောက်ဂူ၊ မြက်ခင်းတွင် ကလေးငယ်တမျှပျော်ရွှင်ခဲ့ဖူးပေသည်။ မှော်ရုံဟောဝန်သည်လည်း လှပရှုမောဖွယ်သော ဒေသဖြစ်သည်။ သို့သော်

သားကောင်များရှိသည်။ အနည်းဆုံးတော့ ရေသောက်ဆင်းသည့် သမင်များ၊ စမ်းချောင်းတွင် ကူးခတ်နေသည့် ရွှေငါးများရှိသည်။ အိန္ဒြမြစ်ကျဉ်းဤနေရာကား လင်္ကာဒီပနယ်စပ်၏ အစွန်အဖျားအကျဆုံးတောတောင်ဖြစ်သည်။ ဆီးနှင်းများအမြဲကျရောက်နေသော ဒေသလည်းဖြစ်သည်။ နက်မှောင်ဝေသီလှသော ထိုနေရာတွင် သားကောင်များ တိရိစ္ဆာန်များမရှိကြပါ။ ရေစီးသံနှင့် သစ်ခွပန်းများ၊ ဆီးနှင်းငွေ့များနှင့် အစိမ်းရောင်ကျောက်နံရံကမ်းပါးကြီးများသာရှိသည်။ ပကတိတိတ်ဆိတ်အေးချမ်းသော ဒေသပေတကား။

"ဦးရီးတော်မာရဇ္ဇ"

"ဘာလဲ ရာဝဏ"

"အိန္ဒြမြစ်ကျဉ်းဒီနေရာကို ဘယ်လိုထင်သလဲ"

"သက်ရှိသတ္တဝါကင်းမဲ့တဲ့ တကယ့်ပကတိသဘာဝဒေသပေါ့ ရာဝဏ၊ တိတ်ဆိတ်ပြီး နက်ရှိုင်းတဲ့ သာယာမှုကိုဆောင်တဲ့ဒေသပေါ့"

"ကျုပ်ရာမနဲ့ စီးချင်းထိုးပြီး သူ့ကိုသတ်ပြီးရင် သီတာဒေဝီနဲ့ ဒီနေရာကိုလာပြီး အနားယူမယ်။ လင်္ကာဒီပနန်းတော်အရေးကိစ္စမှန်သမျှကို ဦးရီးတော်နဲ့၊ ဘိဘိသနတို့နဲ့ လွှဲထားခဲ့မယ်"

ဦးရီးတော်သည် ကျွန်ုပ်အားတခါမျှ မမြင်ဖူးသည့်အလား စိုက်ကြည့်လေသည်။

"နက်ရှိုင်းတဲ့ သာယာမှုကိုဆောင်တဲ့ သဘာဝဒေသလို့ ဦးရီးတော်ပြောလိုက်တယ်။ အင်မတန်လျော်ကန်တဲ့စကားပါပဲ၊ ဟောဟိုက သစ်ခွပန်းတွေကိုလည်း သီတာဒေဝီ အရူးအမူးမြတ်နိုးနှစ်ခြိုက်မှာပဲ၊ ရေစီးသံကိုလည်း သူသဘောကျမှာပဲ၊ ဒါပေမယ့် ဆီးနှင်းတွေရဲ့ အအေးဒဏ်ကိုတော့ သူခံနိုင်မှာမဟုတ်ဘူး"

ဦးရီးတော်သည် ကျွန်ုပ်၏ပခုံးကို ဆုပ်ကိုင်လိုက်သည်။

'ရာဝဏ ........ ရာဝဏ၊ ဒသဂီရိဘွဲ့ခံလင်္ကာဒီပဘုရင်ရာဝဏ၊ မင်းဆီက ဒီလိုနူးညံ့ပျော့ပျောင်းတဲ့ လေသံ၊ ဒီလိုချိုမြတဲ့စကားလုံးကို ငါပထမဆုံးကြားဖူးတာပဲ၊ စစ်သွေးတွေနဲ့ အမြဲတမ်းနီရဲခက်ထန်နေတဲ့မင်းမျက်နှာပြင်မှာလည်း ထူးဆန်းတဲ့အရိပ်တွေ ဖုံးလွှမ်းလို့ပါလား။ ဒီစကားမျိုး၊ ဒီသွင်ပြင်မျိုးကို မင်းပြောနေတယ်ဆိုတာ ငါကြားနေလျက်နဲ့ မြင်နေလျက်နဲ့တောင်မှ မယုံချင်ဘူး ရာဝဏ"

"ဟုတ်လား၊ ကျုပ်အဲဒီလိုဖြစ်နေသလား ဦးရီးတော်"

ဦးရီးတော်သည် ခေါင်းကို လေးပင်စွာ ညိတ်နေလေသည်။

ကျွန်ုပ်ကိုယ်ကျွန်ုပ်လည်း ထူးဆန်းလှသော အိမ်မက်တစ်ခုကို မက်နေရသလိုထင်မိသည်။ အိန္ဒြမြစ်ကျဉ်း၏ရေစီးသံများသည် ကျွန်ုပ်ကိုယ်တွင်းသို့ ဝင်ရောက်လှည့်ပတ်နေပြီထင်သည်။

"ဒါပေမယ့် သီတာဒေဝီကို ဒီနေရာခေါ်လာဖို့အတွက် ပထမဆုံးကျုပ်ရဲ့ရန်သူ ရာမကို သုတ်သင်ပစ်ရမယ်။ သင်းအသက်ရှင်နေသရွေ့သီတာဒေဝီဟာ သူ့ရဲ့နှလုံးအိမ်ကို ပိတ်ဆို့ထားမှာပဲ။ ရာမဟာ ကျုပ်အတွက် ခလုတ်ကန်သင်းဖြစ်နေတယ်"

"အင်း ............ တကယ့်ရာဝဏအစစ်ကို ငါပြန်မြင်ရပြီ"

"မြစ်ကျဉ်းအောက်ဘက်ကို သွားချင်ပါသေးသလား ဘုရင်မင်းမြတ်"

ဂုမ္ဘီကဏ္ဏမေးမြန်းသံကြားမှပင် သေနာပတိနှစ်ယောက်ကို ကျွန်ုပ်သတိထားမိတော့သည်။

ဂုမ္ဘီကဏ္ဏသည် ဤမျှတိတ်ဆိတ်သာယာလှပသော ဒေသမှာပင် သူ၏အာရုံကို ကျွန်ုပ်၏ အလိုဆန္ဒကိုသာ နှစ်မြုပ်ထားဟန်တူပေသည်။

"မြစ်ကျဉ်းအောက်ဘက်ဆိုရင်မြစ်ပဲရှိတော့မပေါ့၊ အထက်ဘက်ဆက်သွားရင် ဘာရှိမလဲ"

ကျွန်ုပ်သည် မြစ်ကျဉ်း၏အထက်ဘက် အရှေ့ဘက်ဆီသို့ကြည့်လိုက်သည်။ ဝေးလံသော ကောင်းကင်ပြင်တွင် ညိုမှိုင်းသော တောင်ထွတ်ကြီးတစ်ခုထိုးထွက်နေသည်။

"အဲဒီတောင်က ..........."

"ဓမ္မိက တောင်သေလာပါ ဘုရင်မင်းမြတ်"

"ဓမ္မိက တောင်သေလာ" အိန္ဒြမြစ်ကျဉ်းကား ကျွန်ုပ်အတွက်ချိုမြသာယာသော အရာများကို ချည်းဆောင်ကြည်းပေးနေသည်တကား။ ထိုဓမ္မိကတောင်သေလာ၏ခြေရင်းတစ်ခုသော စမ်းချောင်း၊ကျွန်ုပ်သည် သီတာဒေဝီ၏ ရုပ်ပုံရွှေလွှာကို ရရှိခဲ့ပေသည်။ ထူးဆန်းသော အရှက်နှင့် အကြောက်ကို ပထမဆုံး ကျွန်ုပ်တွေ့ရှိခဲ့သောနေရာ။

"အင်း ......... နောင်ကျရင်တော့ ဒီနေရာကို အိန္ဒြမြစ်ကျဉ်းဆိုတဲ့ရိုးစင်းတဲ့အမည်ကို ပျောက်စေရမယ်၊ ဒသဂီရိဘုရင်၊ သီတာဒေဝီ မိဖုရားတို့နဲ့ သက်ဆိုင်တဲ့ အခြားအမည်တစ်ခုခုကို ပေးဖို့ ညီတော်ဘိဘိသနကိုအမည်ရွေးခိုင်းရမယ် ဦးရီးတော်"

"အေး .......... ဘိဘိသနဆိုရင်တော့ လေးနက်ပြီး လှပတဲ့ အမည်တစ်ခုခုရွေးနိုင်မှာပဲ။ ငါတော့မင်းရဲ့ထူးခြားတဲ့လေသံအသွင်ကိုကြည့်ပြီး တစ်မဟုတ်ချင်း ပြောင်းလဲနေတဲ့ မင်းအဖြစ်နဲ့လိုက်ဖက်လျော်ကန်မယ့် အမည်တစ်ခုပေးချင်တယ်၊ ငါသိတဲ့ရာဝဏကို ဒီနေရာမှာ ငါမတွေ့ရဘူး။ အခြားရာဝဏတစ်ယောက်ကိုတွေ့နေရတယ်"

"ဘယ်လိုတဲ့လဲ ဦးရီးတော်"

"ရာဝဏရဲ့ကြမ်းတမ်းခက်ထန်မှု၊ ရာဝဏရဲ့တကယ့်သဘာဝတွေပျောက်ကွယ်သွားတဲ့ အခိပယ်နဲ့လေ၊ ငါပေးမယ့်နံမည်က ဒသဂီရိ၏ ဝိဉာဉ်တဲ့"

"ဟား .........ဟား........ ဟား "

သေနာပတိနှစ်ယောက်က အနည်းငယ်ပြုံးနေကြသည်။

"ကျုပ်မှမသေသေးဘဲ၊ ဒသဂီရိ၏ဝိညာဉ်လို့ဦးရီးတော်အမည်က မကောင်းသေးပါဘူး၊ ဘိဘိသနကလွဲလို့ ဘယ်သူမှတတ်နိုင်မှာမဟုတ်ပါဘူး"

"အိမ်ရှေ့စံဟာတကယ်ပညာဉာဏ်လေးနက်ကြီးကျယ်တဲ့ဒြာဝိဒိယန်တစ်ယောက်ပါပဲ"

ဂုမ္ဘဒီပက လေးစားသောအသံဖြင့် ဘိဘိသနကို ချီးကျူးနေသည်။

"ဘုရင်မင်းမြတ်၊ မြစ်ကျဉ်းအထက်ဘက်ကို သွားလိုပါသလား"

"မင်းအုပ်ချုပ်တဲ့ နယ်စပ်တပ်မကို ငါစိတ်ချပါတယ်၊ ငါတို့လာလမ်းအတိုင်း ပြန်ကြစို့၊ ရာဝဏခံတပ်ကို ဆက်ကြည့်ကြစို့"

ဂုမ္ဘိကဏ္ဏသည် ဝက်ဝံဆီမီးတိုင်ကို ပြန်ကိုင်လိုက်သည်။ ကျွန်ုပ်တို့ဥမင်လိုဏ်အတွင်းသို့ပြန်ဆင်းခဲ့ကြလေသည်။ အလာခရီးက ထွန်းညှိထားခဲ့သောမီးတိုင်များကြောင့် ဥမင်လိုဏ်အတွင်း၊ဆွေးထွေး၍နေသည်။ အပြန်ခရီးတွင်ဦးရီးတော်သည် သေနာပတိ ဂုမ္ဘဒီပနှင့်အတူ ညီတော်ဘိဘိသအကြောင်းကို ချီးကျူးပြောဆိုလာကြသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း လင်္ကာဒီပနန်းတော်သို့ပြန်ပြီး သီတာဒေဝီ၏သဘောတူညီမှုနှင့် စီးချင်းထိုးရန်အရေးကိစ္စကိုသာတွေးလာသည်။ ညီတော်ဘိဘိသနသည် သီတာဒေဝီအား လိမ္မာပါးနပ်စွာ ဖျောင်းဖျသိမ်းသွင်းထားလောက်ပေပြီ။

ဥမင်လိုဏ်တံခါးဝသို့ ကျွန်ုပ်တို့ပြန်ရောက်လာကြသည်။

"ဟင် ...... မေဃနာဒ"

သားတော်မေဃသည် တံခါးဝတွင်ခြေစုံရပ်လျက်ရှိသည်။ ကျွန်ုပ်ကိုတွေ့လိုက်သောအခါ ဒူးထောက်ချလိုက်သည်။ သူ့အားကျွန်ုပ်လင်္ကာဒီပနန်းတော်တွင် တာဝန်ပေးထားခဲ့သည်။ အဘယ့်ကြောင့် သားတော်သည် ဤမျှဝေးလံသော ခံတပ်ဥမင်လိုဏ်ဝသို့ ရောက်ရှိနေရလေသနည်း။

"မင်းကို ငါလင်္ကာဒီပပြန်လွှတ်ခဲ့တယ်မဟုတ်လားသားတော်၊ ဘာဖြစ်လို့ မင်း ............."

သားတော်မေဃနာဒသည် လက်ထဲမှ တစ်စုံတစ်တစ်ရာကို ကျွန်ုပ်အားလှမ်းပေးလိုက်သည်။ စာချွန်ဖြစ်သည်။ စာချွန်ထည့်သည့်လေဟာဘူးမှာ ဘိဘိသန၏အိမ်ရှေ့စံတံဆိပ်ခတ်နှိပ်ထားသည့် ဘူးဖြစ်သည်။ ကျွန်ုပ်အထဲမှ စာချွန်ကို ထုတ်ယူလိုက်သည်။

"ညီတော်၏အကြံအစည်မအောင်မြင်ခဲ့ပါ၊ နောင်တော်ဘုရင်မင်းမြတ်ပေးအပ်သော တာဝန်ကို မကျေပွန်သည့်အတွက် ညီတော်အားခွင့်လွှတ်ပါနောင်တော်ဘုရင်မင်းမြတ်"

"ဒါ ........... ဘိဘိသနရဲ့စာ၊ ဘာအဓိပ္ပာယ်လဲ၊ သူဘယ်မှာလဲ မေဃနာဒ"

မေဃနာဒသည် ဘူးမပါသော စာချွန်လိပ်တစ်ခုကို ထပ်၍ပေးပြန်သည်။

"ဘထွေးတော်ဘိဘိသနရဲ့ စာနဲ့အတူ ရောက်ရှိလာတဲ့ စာချွန်ပါခမည်းတော်"

ကျွန်ုပ်စာချွန်လိပ်ကိုဖွင့်လိုက်သည်။ မကဝဋ္ဋမျိုးနွယ်စုတံဆိပ်ကို ခတ်နှိပ်လျက် .............

' 'လပြည့်နေတွင် သင်၏လင်္ကာဒီပကို ကျွန်ုပ်တို့တိုက်ခိုက်မည်၊ သင်၏ညီအိမ်ရှေ့စံ ကျွန်ုပ်တို့နှင့် အတူရှိနေပြီ၊ သူသည် ဉာဏ်ပညာရှိသော သုခမိန်ဖြစ်၍ကျွန်ုပ်အားကိုးရသည်။ သင်ကားမိုက်မဲသူဖြစ်သည်။ သုခမိန်အိမ်ရှေ့စံကို တပ်ဦး၌ကျွန်ုပ်နှင့် အတူထား၍မိုက်မဲသောသင့်အား သတ်မည်"

အယုဒပြည့်ရှင် ဘုရင်ဒသရဋ္ဌ၏သားတော်ရာမမင်းသား

"သစ္စာဖောက်"

ကျွန်ုပ်သည် စာချွန်ကို ဆုပ်လုံး၍မြေပြင်သို့ပေါက်ချလိုက်သည်။ ညီတော်ဘိဘိသန၊ လင်္ကာဒီပ၏ အိမ်ရှေ့စံ ဘိဘိသန၊ ကျွန်ုပ်၏လက်ရုံး သုခမိန်ညီတော်၊ ဦးရီးတော်နှင့်တကွသော သေနာပတိများအားလုံး၏ လေးစားမြတ်နိုးမှုကိုခံယူရသော ဘိဘိသနသည် ကျွန်ုပ်အားယုတ်ညံ့သိမ်ဖျင်းစွာ သစ္စာဖောက်ချေပြီတကား။ ဒြာဝိဒိယန်၊ လင်္ကာဒီပအာဏာ၊

နောင်တော်ဒသဂီရိဘုရင် ........ အားလုံးသော အရာတို့ကို သင်းသည်သစ္စာဖောက်လျက်အာရိယန်များနှင့် ပူးပေါင်းချေပြီတကား။ သင်းအား သီတာဒေဝီကို သိမ်းသွင်းရန်ကျွန်ုပ်တာဝန်ပေးခဲ့သည်။ ယခု ......

"သီတာဒေဝီဘယ်မှာလဲ"

"လက်ာဒီပနန်းတော်မှာ ရှိနေပါတယ် ခမည်းတော်"

"ဘာတွေဖြစ်နေသလဲ၊ သင်းကဘယ်လိုလုပ်ပြီး ရန်သူနဲ့ပူးပေါင်းသလဲ၊ သင်းကို မင်းတို့က အလွတ်ခံသလား၊ မင်းတို့ လက်ာဒီပနန်းတော်တပ်မင်းတွေ၊ ဘာလုပ်နေသလဲ"

သားတော်မေဃနာဒနှင့် အတူသူနှင့်ပါလာသောသေနာပတိများ၏မျက်နှာများကို ကျွန်ုပ်ရိုက်ချပစ်လိုက်သည်။ မေဃနာဒသည် ပါးစပ်တွင်းမှကျလာသော သွေးများကို လက်ဖမိုးဖြင့် သုတ်လိုက်သည်။ သေနာပတိများကား သွေးကို မသုတ်ရဲကြ။

"ဘထွေးတော်ဟာ သီတာဒေဝီရဲ့ ရွှေလှောင်အိမ်အတွင်းသုံးရက်မျှဝင်ရောက်ခဲ့ပါတယ်။ ခမည်းတော်ရဲ့အမိန့်ကြောင့် ဘယ်သူမှ အနားမကပ်ရဲကြပါဘူး။ စတုတ္ထမြောက်နေ့မှာ သူဟာသီတာဒေဝီကို ရွှေလှောင်အိမ်အပြင်သို့ထုတ်ယူပါတယ်။ နောင်တော်ဘုရင်မင်းမြတ်ရှိရာကို ခေါ်သွားမယ်လို့သူပြောတာကြောင့် သားတော်တို့ခွင့်ပြုလိုက်ပါတယ်။ ဒါပေမယ့် သားတော်ကို အတူလိုက်ခွင့်မပြုတာကြောင့် မသင်္ကာဖြစ်ပြီး သူတို့ရထားနောက်ကို သားတော်နဲ့သေနာပတိများလိုက်ကြပါတယ်။ ဘထွေးတော်ကရထားကို အပြင်းမောင်းနှင်ပြေးပါတယ်။ အိန္ဒမြစ်ကမ်းရောက်တဲ့အခါမှ သူဟာခမည်းတော်ဆီသွားတာမဟုတ်ဘဲ ကိသကိန္ဒာဘက်ခေါ်သွားကြောင်း အတိအကျသိရပါတော့တယ်၊ သူ့ကိုသားတော်တို့ တားဆီးတိုက်ခိုက်ဖို့ကြိုးစားကြပါတယ်။ ဒါပေမယ့် လက်ာဒီပအိမ်ရှေ့စံကို ဘယ်သေနာပတိမှ ထိခိုက်အောင်မတိုက်ရဲကြပါဘူး။ ဒါကြောင့် သီတာဒေဝီကိုသာပြန်လည်ခေါ်ယူလာနိုင်ခဲ့ပြီး ဘထွေးတော်ကတော့ လက်လွတ်သွားပါတယ်။ ဒီစာချွန်လွှာဟာ ဘထွေးတော်ကိသကိန္ဒာဘက်ထွက်ပြေးသွားတဲ့ နောက်တနေ့မှာ နယ်စပ်တပ်မထိကတဆင့် ရောက်လာတဲ့စာချွန်ပါခမည်းတော် ဘုရင်မင်းမြတ်"

"အခုသီတာဒေဝီဘယ်မှာလဲ"

"လက်ာဒီပနန်းတော်ကို ပြန်ရောက်နေပါပြီ၊ ခမည်းတော်"

"ဂုမ္ဘကဏ္ဏ၊တစ်ယောက်ပဲ နေရစ်ခဲ့။ ကျန်တဲ့လက်ာဒီပသေနာပတိအဖျင်းအအ လူမိုက်တွေငါနဲ့ လက်ာဒီပကို ပြန်လိုက်ခဲ့"

စစ်မြင်းဖြူ ဆယ်ကောင်၏ကျောထက်သို့ ကျွန်ုပ်၏ ကျာပွတ်ကိုအဆက်မပြတ်ရိုက်ချလိုက်လေသည်။

+++++++++

သော်ကဥယျာဉ်

လက်ာဒီပနန်းတော်၏ လက်ဝဲဘက်နန်းဆောင်အနီးမှ သော်ကဥယျာဉ်တွင် အစောင့်စစ်သည်တို့တစ်ထပ်ပြီးတစ်ထပ် ချထားသည်။ သားတော်မေဃနာဒ၏ညွှန်ပြချက်အရ ကျွန်ုပ်သည် သော်က ဥယျာဉ်ဘက်သို့ရထားကို မောင်းနှင်ခဲ့သည်။ အစောင့်စစ်သည်များသည် ရထားကို ဖရိုဖရဲဖြင့် ရှောင်တိမ်းလိုက်ကြသည်။

ကြီးမားသော သော်ကပန်းရုံကြီးအနီးရှိ ကျောက်သလင်းခုံပေါ်တွင် သီတာဒေဝီထိုင်နေသည်။ ညိုးငယ်နွမ်းလျသော အလှအပနှင့်ဆန့်ကျင်စွာပင် သူမ၏မျက်နှာသည် တင်းမာနေသည်။ သီတာဒေဝီအား စောင့်ကြပ်နေသည့်စစ်သည်များကို ကျွန်ုပ်မောင်းထုတ်လိုက်သည်။ သားတော်မေဃနာဒနှင့်သေနာပတိများကိ စက်ဝိုင်းသဏ္ဍာန်ဝိုင်းရံလိုက်ကြသည်။ ကျွန်ုပ်သည် သီတာဒေဝီရှိရာသို့ မဆိုင်းမတွဝင်သွားလိုက်သည်။

သားတော်မေဃနာဒနှင့် ဦးရီးတော်မာရဇ္ဇတို့က ကျွန်ုပ်နောက်မှလိုက်ပါလာသည်။

"ဘာဖြစ်လို့သီတာဒေဝီကို ဂန္ဓမာလာသားရဲတွင်းဘက်က နန်းဆောင်ထဲပြန်မထားတာလဲ၊ ရွှေလှောင်အိမ်ကော"

"ဘထွေးတော်ဆီက သီတာဒေဝီကို ပြန်လုယူခဲ့ရပြီးနောက် သူ့ကို နန်းဆောင်ထဲပြန်ခေါ်လို့မရဘူးခမည်းတော်၊ ဒါကြောင့်ဒီသော်ကဥယျာဉ်ထဲမှာပဲ အစောင့်တွေထူထပ်စွာချပြီး ထားရတာပါ၊ ရွှေလှောင်အိမ်ကတော့ နန်းဆောင်ထဲမှာပဲ ရှိနေပါသေးတယ်"

"သွား .......... ရွှေလှောင်အိမ်ကို ဒီယူလာခဲ့။ ဒီနေရာမှာပဲ သူ့ကို ရွှေလှောင်အိမ်နဲ့ထား"

စစ်သည်များ ထွက်သွားကြသည်။ ရွှေလှောင်အိမ်ကို ယူလာကြသည်။ သီတာဒေဝီ၏ရှေ့တွင် ရွှေလှောင်အိမ်တံခါးကို ဖွင့်ပေးလိုက်သည်။ သီတာဒေဝီသည် ကျွန်ုပ်ကို မီးထွက်မတတ်မျက်လုံးများဖြင့်ကြည့်ပြီးလှောင်အိမ်အတွင်းသို့ ဝင်လိုက်လေသည်။ လှောင်အိမ်တံခါးကို ကျွန်ုပ်ကိုယ်တိုင်ပိတ်ပြီး တံခါးတိုင်ကို လက်ဖြင့်ဆုပ်ကိုင်လိုက်သည်။

"သီတာဒေဝီ၊ မင်းကျုပ်ဆီက ထွက်ပြေးဖို့ သစ္စာဖောက်နဲ့ ပူးပေါင်းခဲ့တယ်"

သီတာဒေဝီသည် ကျွန်ုပ်ကို ကျောခိုင်း၍ရွှေလှောင်အိမ်သံတိုင်များကို တင်းကြပ်စွာဖက်တွယ်ထားလေသည်။

"မင်းကို ......... ဟိုသစ္စာဖောက်က ဘယ်လိုအကြံတွေပေးခဲ့သလဲ။ ဘာအကူအညီတွေပေးခဲ့သလဲ။ မင်းတို့ကိသကိန္ဒာကို ထွက်ပြေးကြမလို့မဟုတ်လား၊ သစ္စာဖောက်ဘိဘိသနကို မင်းယုံကြည်ကိုးစားခဲ့တာပေါ့ဟုတ်လား"

"ဒီမှာ လက်ာဒီပဘုရင်၊ အိမ်ရှေ့စံဘိဘိသနဟာ သစ္စာဖောက်မဟုတ်ဘူး၊ အမြော်အမြင်ကြီးတဲ့သူခမိန်၊ ရှင်သာရက်စက်ကြမ်းတမ်းတဲ့စစ်ဘုရင်သိလား၊ ဘိဘိသနဟာ ကျွန်မကို လွတ်မြောက်အောင်ကယ်တင်ဖို့ကြိုးစားခဲ့တယ်၊ ကြမ်းတမ်းတဲ့ စစ်ဘုရင်လက်ထဲက လွတ်မြောက်အောင်ကူညီခဲ့တယ်"

သီတာဒေဝီသည် သားတော်မေဃနာဒအား မုန်းတီးစွာဖြင့်ကြည့်လိုက်သည်။

"ဒါပေမယ့် ရှင့်ရဲ့နောက်လိုက်ဘီလူးတွေကြောင့် ကျွန်မဒီကိုပြန်ရောက်ရတယ်၊ အိမ်ရှေ့စံလွတ်မြောက်သွားတဲ့အတွက် ကျွန်မဝမ်းသာတယ်။ အိမ်ရှေ့စံဟာ ရှင်တို့ဒြာဝိဒိယန်တွေအားလုံးနဲ့မတူတဲ့ သူခမိန်၊ ရှင်တို့သာ ....... ရှင်တို့သာ"

တင်းမာခက်ထန်သောအသံသည် တုန်ယင်လာပြီးနောက် သီတာဒေဝီသည် သည်းထန်စွာငိုကြွေးလေသည်။ ရွှေလှောင်အိမ်သံတိုင်များကို ဆုပ်ကိုင်ရင်း အောက်သို့ပုံကျသွားသည်။ ဘိဘိသန၏ယုတ်ညံ့သော အပြုအမူကို ဒေါသထွက်နေသဖြင့် ကျွန်ုပ်သည် သီတာဒေဝီ၏ငိုကြွေးခြင်း၊ခါတိုင်းကဲ့သို့မတုန်လှုပ်တော့ပေ။

"အေး ... မင်းကတော့ မင်းကို ကယ်တင်ဖို့ကြိုးစားပေးတဲ့သူဆိုတော့ သူခမိန်လို့ထင်မှာပဲ။ဒါပေမယ့် ဘိဘိသနဟာ ဒြာဝိဒိယန်တို့ရဲ့ ကြောက်စရာအကောင်းဆုံးသစ္စာဖောက်လူယုတ်မာပဲ။ ထားတော့ဘိဘိသနနဲ့ပတ်သတ်ပြီး မင်းနဲ့ကျုပ်အငြင်းမပွားချင်ဘူး။ ဘိဘိသနကို ဘာတွေပြောခဲ့ပြီးဘယ်လိုကူညီခဲ့တယ်ဆိုတာ ကျုပ်ကိုပြောစမ်း သီတာဒေဝီ"

ကျွန်ုပ်၏အမေးများကို လျစ်လျူရှုဟန်ဖြင့် စကားပြန်လှန်ပြောလေ့မရှိသောသီတာဒေဝီသည် ယခုအခါတွင်ကား ငိုရှိုက်သံဗလုံးဗထွေးဖြင့် တင်းမာစွာပြန်ဖြေလေသည်။

"ဘာကူညီရမလဲ၊ ရှင့်ရဲ့ရဲထဲက လွတ်မြောက်စေပြီး မောင်တော်ရာမဆီကို ပြန်ပို့ပေးဖို့သူကူညီပေးတာပေါ့။ ကျွန်မကို မောင်တော်ရာမရှိရာ ကိသကိန္ဒာကို ခေါ်သွားမယ်၊ပြီးတော့ မဣန္ဒမျိုးနွယ်စုနဲ့ရှင်တို့အကြားမကြာခင်ဖြစ်ပွားတော့ မယ့်စစ်ကို မဖြစ်ရအောင်သူမောင်တော်ရာမကို ပြောမယ်။ ကျွန်မက ကျွန်မကိုကယ်တင်ပေးခဲ့တဲ့အတွက်ကျေးဇူးတုံးပြန်တဲ့အနေနဲ့ စစ်မတိုက်ဖို့မောင်တော်ရာမကို ပြောပြပေးရမယ်၊ အာရိယန်နဲ့ ဒြာဝိဒိယန်စစ်မဖြစ်ရအောင်ကျွန်မနဲ့ အိမ်ရှေ့စံကြိုးစားကြမယ်။ ဒါပေမယ့် .............. ဒါပေမယ့် သွေးဆာနေတဲ့ ရှင်တို့စစ်ဘီလူးတွေကြောင့် အကြံအစည်အားလုံးပျက်စီးရပြီ"

"ဟား .......... ဟား ...... ဟား ......... ၊ ကျုပ်ရဲ့သီတာဒေဝီကို ရာမဆီပြန်ပို့မတဲ့၊ အာရိယန်နဲ့ဒြာဝိဒိယန်စစ်မဖြစ်အောင်ကြိုးစားမယ်တဲ့၊ ဟား ..... ဟား ........."

ကျွန်ုပ်သည်ရွှေလှောင်အိမ်တံခါးဝကို တဝုန်းဝုန်းဆွဲခါလိုက်သည်။

"ဒီမှာသီတာဒေဝီ၊ ဘိဘိသနဟာ ကောက်ကျစ်စဉ်းလဲတဲ့သစ္စာဖောက်ပဲ၊ မင်းကိုရာမဆီပြန်ပို့ပြီး သူကရာမနဲ့ပူးပေါင်း၊ ပြီးတော့ လက်ာဒီပထီးနန်းကို ရန်သူ့အကူအညီနဲ့ သိမ်း၊ ငါ့ကိုသုတ်သင်ဖယ်ရှားပစ်၊ သူကဘုရင်လုပ်၊ ဒါဟာသူခမိန်တဲ့လား၊ ဒါဟာအိမ်ရှေ့စံသူခမိန်တဲ့လား၊ ဒီမယ် .... ဦးရိုးတော် မာရဇ္ဇ"

ဦးရိုးတော်သည် ရပ်နေရာမှ ကျွန်ုပ်အနီးသို့တိုးလာသည်။

"ရာဝဏခံတပ်ဥမင်လိုဏ်ရဲ့ အစီအမံတွေကို ဦးရိုးတော်တို့ အံ့သြချီးကျူးခဲ့ကြတာ မှတ်မိသေးလားဟင်၊ ဥမင်လိုဏ်က လျှို့ဝှက်လမ်းနှစ်ခုနဲ့၊ တစ်ခုက လက်ာဒီပနန်းတော်သို့တဲ့၊ တစ်ခုက အိန္ဒုမြစ်ကျဉ်းတဲ့ ......၊ ဒါတွေဟာ ဘိဘိသနရဲ့ အစီအမံတွေပေါ့။ လက်ာဒီပအိမ်ရှေ့စံဟာ အင်မတန်ထက်မြက်ပြည့်ဝတဲ့ သူခမိန် .. ဆို .. "

ဦးရိုးတော်မာရဇ္ဇသည် မျက်မှောင်ကုတ်ပြီး မြေပြင်ကိုစိုက်ကြည့်နေသည်။ ကျွန်ုပ်ကိုဘာမှပြန်မပြောနိုင်ချေ။

"သင်း ......... လက်ာဒီပက ထွက်ပြေးစဉ်မှာ မင်းတို့သေနာပတိတွေ အိမ်ရှေ့စံဆိုပြီး ထိခိုက်အောင်မတိုက်ရဲခဲ့တာ။ ငါနဲ့တွေ့ခဲ့ရင်မင်းတို့အိမ်ရှေ့စံဟာ ရထားပေါ်မှာပဲ ခေါင်းပြတ်သွားစေရမယ်။ မင်းတို့ဟာ သစ္စာဖောက်ကိုကြောက်ရွံ့ခဲ့တဲ့အသုံးမကျတဲ့ လူဖျင်းတွေ၊ အေး ..... သီတာဒေဝီကို ပြန်ရအောင်ခေါ်နိုင်ခဲ့လို့သာ မင်းတို့အသက်ချမ်းသာရာ ရတယ်မှတ်ပါ။ ဟေ့ ... မေဃနာဒ"

"အမိန့်ရှိပါ ခမည်းတော်ဘုရင်မင်းမြတ်"

"နန်းတော်ထဲမှာ ရွှေလှောင်အိမ်ထားစဉ်က ရွှေလှောင်အိမ်ကို စောင့်ကြပ်တဲ့သူ ဘယ်သူလဲ"

"ဗိုလ်မင်း ကာရိဋ္ဌပါ ခည်းတော်"

"ခေါ်လိုက်စမ်း"

စစ်သည်များကာရိဋ္ဌကိုခေါ်လာကြသည်။ သို့သော် သူသည်စကားမပြောနိုင်၊ မလှုပ်ရှားနိုင်တော့။ သူ့လည်ပင်းတွင် ဓားမြောင်တစ်ချောင်းစိုက်နေသည်။

"ဒါဘိဘိသနရဲ့လက်ချက်မဟုတ်လား"

"မဟုတ်ပါဘူး ....... ခမည်းတော်ဘုရင်မင်းမြတ်၊ သီတာဒေဝီကို ရွှေလှောင်အိမ်အပြင်ဘက်ထုတ်ယူသွားပြီးနောက် ကိသကိန္ဒာဘက်ထွက်ပြေးကြတယ်ကြားသိတာနဲ့ သူဟာ သူ့အပြစ်သူကြောက်ပြီး ကိုယ့်ကိုယ်ကို သတ်သေသွားတာဖြစ်ပါတယ်"

"မိမိအပြစ်ကို ကြောက်ရွံ့ပြီး ပြစ်ဒဏ်စီရင် မခံရဲတဲ့ဒီအကောင်ကို သားရဲတွင်းထဲပစ်ချလိုက်၊ ဘယ်မှာမှ မြုပ်နှံမနေနဲ့၊ သွားအခုချက်ချင်းယူပြီး သားရဲတွင်းထဲပြစ်ချလိုက်"

စစ်သည်များသည် ကာရိဋ္ဌအလောင်းကို မယူပြီး သားရဲတွင်းသို့ယူသွားကြသည်။ ခဏအကြာတွင် သားရဲတွင်းမှ ခြသေ့်ဟိန်းသံများနှင့် တစ်ကောင်နှင့်တစ်ကောင် အစာလုယက်သတ်ပုတ်ကြသံများကို ကြားလိုက်ရသည်။

"ကြားကြလား၊ ဒါဟာ လုံလောက်တဲ့ အပြစ်ဒဏ်မဟုတ်သေးဘူး၊ ကာရိဋ္ဌဟာ သူ့ကိုယ်သူသတ်သေပြီးမှ သူ့ရဲ့အသက်မရှိတဲ့ကိုယ်ခန္ဓာကို သားရဲတွင်းထဲပစ်ချလိုက်တယ်။ နောင်ဆိုရင် မိမိတာဝန်မကျေပွန်တဲ့သူများ သားတော်မေဃနာဒက အစအားလုံး၊ အရှင်လတ်လတ် သားရဲတွင်းထဲပစ်ချခံရမယ်"

သီတာဒေဝီသည် ငိုရှိုက်နေရာမှ ကျွန်ုပ်ရှိရာ ရွှေလှောင်အိမ်တံခါးဘက်သို့ချဉ်းကပ်လာသည်။ ထို့နောက်ရွှေလှောင်အိမ်တံခါးကို ဆွဲခါလိုက်လေသည်။

"ဒီမှာလင်္ကာဒီပဘုရင်၊ ဒီလောက်သွေးဆာနေရင်လည်း တခြားသူတွေကို သားရဲတွင်းထဲပစ်ချမနေပါနဲ့၊ ကျွန်မကိုပဲ အရှင်လတ်လတ်ပစ်ချလိုက်ပါလား ........ ပစ်ချလိုက်ပါလား"

သီတာဒေဝီ၏ ပါးပြင်တွင် မျက်ရည်စများလိမ်းကျံနေသည်။ နုနယ်သောသူ၏မျက်နှာပြင်၌ဒါသကြောင့် ပန်းနုရောင်တို့ယှက်သန်းနေလေသည်။

"သီတာဒေဝီ ..... မင်းမှာ ဘာအပြစ်မှမရှိဘူး၊ ဘာအပြစ်မှ ရှိတဲ့သူမဟုတ်ဘူး။ ကမ္ဘာလောကမှာ မင်းဟာ အပြစ်အကင်းဆုံးသူဖြစ်တယ်။ ဒါပေမယ့် မင်းကို ကျုပ်ဆီကနောက်ထပ်တစ်ခါထွက်ပြေးမခံနိုင်ဘူး။ ဒါကြောင့် မင်း ... ရွှေလှောင်အိမ်ထဲမှာပဲနေရလိမ့်မယ်၊ ရွှေလှောင်အိမ်ကိုလည်းနန်းဆောင်ထဲပြန်မထားတော့ဘူးလေ ၊ နန်းဆောင်ထဲမှာပြန်ထားရင်မင်းဟာ တစ်စုံတစ်ယောက်ရဲ့ပယောဂနဲ့ ထွက်ပြေးဖို့ကြိုးစားချင်ကြိုးစားမယ်။ ဒါမှမဟုတ် အောက်က သားရဲတွင်းထဲခုန်ချချင်ခုန်ချမယ်။ ဒီရွှေလှောင်အိမ်နဲ့ ဟောဒီသော်ကဉယျာဉ် ကို ဦးရီးတော်ကိုယ်တိုင်အုပ်ချုပ်ရမယ်"

"စိတ်ချပါ ရာဝဏ၊ ဘယ်လိုအကြောင်းကိစ္စမှ ဘယ်သူမှ ရွှေလှောင်အိမ်ထဲမဝင်စေရဘူး၊ မင်းကိုယ်တိုင်သော်မှ ဝင်ခွင့်မပေးဘူး"

"ခမည်းတော် ဘုရင်မင်းမြတ်၊ ကိသကိန္ဒာကလာတဲ့စာချွန်အတွက် စစ်ရေးပြင်ဆင်ဖို့အမိန့်ပေးပါ"

သားတော်မေဃနာဒသည် သေနာပတိချုပ်၏ စစ်တာဝန်များကို လေးနက်စွာပြောလာသည်။ ဘိဘိသန၏ သစ္စာဖောက်မှုကြောင့် ဒေါသဆူဝေနေခဲ့သော ကျွန်ုပ်သည် ထိုအခါမှာပင် ရာမ၏စာချွန်ကို သတိရတော့သည်။

"အင်း .......... လပြည့်နေ့မှာ ရန်သူလာမယ်တဲ့၊ နောက်သုံးရက်နေရင်လပြည့်တော့မယ်၊ နယ်စပ်တပ်မက သေနာပတိတွေ ကိုယ့်တပ်မကိုယ်အခုထွက်ကြ၊ ခံတပ်တွေအားလုံး အဆင်သင့်ဖြစ်ပါစေ၊ ဦးရီးတော်က အိန္ဒမြစ်ကမ်းသောင်ပြင်က ဦးရီးတော်ရဲ့ဒြာဝိဒ်ယန်စစ်သည်တွေကို စုရုံးပြင်ဆင်ဖို့သွားပါ။ သူတို့ကို ပြင်ဆင်ပြီးမှ သော်ကဉယျာဉ်အုပ်ချုပ်မှုကို တာဝန်ပြန်ယူပါ။ သားတော်မေဃနာဒက ငါနဲ့အတူ နန်းတော်ဆောင်ကိုလိုက်ခဲ့စမ်း"

အမိန့်ကိုရသည်နှင့် အားလုံးလှုပ်ရှားသွားကြသည်။ သောကဉယျာဉ်တွင် ရွှေလှောင်အိမ်အတွင်းမှ သီတာဒေဝီ။ ကျွန်ုပ်နှင့် သားတော်မေဃနာဒတို့သုံးဦးသာကျန်ခဲ့သည်။ အစောင့်စစ်သည်များက ခပ်လှမ်းလှမ်းတွင်ရှိနေလေသည်။

"ခမည်းတော်ဘုရင်မင်းမြတ်၊ မက၊စစ်သူကြီး ဟာနုမာန်ကို သုတ်သင်ဖို့တာဝန်ဟာသားတော်အတွက်ဖြစ်တယ်လို့ အမိန့်ချမှတ်ခွင့်ပြုထားတာကို မမေ့ဘူးလို့သားတော်ထင်ပါတယ်"

"အေး . ... ငါမမေ့ပါဘူး"

"ဒါဆိုရင်လင်္ကာဒီပ ဗဟိုတပ်မမှာ စုရုံးပြင်ဆင်ပြီးရင် သားတော်ကိသကိန္ဒာနယ်စပ်တပ်မကို သွားပါရစေ။ စစ်ဦးမှာပဲ သားတော် အဲဒီမက၊စစ်သူကြီးကို သုတ်သင်လိုက်ပါမယ်"

"အေး .... ကောင်းပြီ"

ရွှေလှောင်အိမ်ထဲမှ သီတာဒေဝီသည် ကျွန်ုပ်တို့စကားပြောသံကိုနားစွင့်နေဟန်တူသည်။

"ဟာနုမာန် .. တဲ့၊ဟုတ်လား"

သီတာဒေဝီထံမှ ထူးဆန်းသော အသံကြားလိုက်ရသည်။ကျွန်ုပ်တို့သီတာဒေဝီကိုလှည့်ကြည့်လိုက်ကြသည်။ သီတာဒေဝီသည် ရွှေလှောင်အိမ်ကို တင်းကျပ်စွာဆုပ်ကိုင်ရင်း ဝင်းလက်သောမျက်လုံးများဖြင့် အပြင်သို့ကြည့်နေသည်။

"ဟနုမာန် ..၊ကိသကိန္ဓာဘုရင်သုခရိတ်ရဲ့ မော်ရုံဟေဝန်တောစပ်မှာတွေ့စဉ်က သုခရိတ်ဘုရင်ပြောဖူးတဲ့ စစ်သူကြီးဟာနုမာန်ဆိုတာဖြစ်မှာပဲ၊သူဟာခွန်အားဗလကြီးပြီး ရဲစွမ်းသတ္တိနဲ့ ပြည့်စုံတဲ့မက္ကဋ္ဌတစ်ယောက်ပဲ၊ မောင်တော်ရာမဟာ သူ့လိုစစ်သူကြီးမျိုးနဲ့ ငါ့ကိုလာကယ်ရင်ငါမုချလွတ်မြောက်မှာပဲ"

သီတာဒေဝီသည် မျှော်လင့်ခြင်းများပြည့်နှက်နေသော လေသံဖြင့် တစ်ကိုယ်တည်းရေရွတ်နေသည်။

"ကြားရဲ့လားသားတော်မေဃနာဒ၊ သီတာဒေဝီဟာ ဟာနုမာန်ကိုမမြင်ဖူးသေးဘဲ သိပ်ကိုအားကိုးနေပါလား၊ သူ့မျှော်လင့်ချက်တွေအားလုံးပြိုကွဲသွားအောင်လုပ်ဖို့ မင်းတာဝန်ပဲ၊ ငါကတော့ရာမမင်းသားရဲ့ ခေါင်းကိုဖြတ်ပြီး စစ်ရထားရဲ့မြားကာတိုင်မှာချိတ်ဆွဲဖို့တာဝန်ရှိနေတယ်၊ ဟာနုမာန်အတွက်က မင်းတာဝန်၊ ရာမမင်းသားအတွက်က လင်္ကာဒီပဘုရင် ဒသဂီရိတာဝန်၊ သစ္စာဖောက် ဘိဘိသနအတွက်ကိုတော့ ဒီကမ္ဘာလောကမှာအပြင်းထန်ဆုံးအပြစ်ဒဏ်ကို တို့အားလုံးစဉ်းစားကြရဦးမယ်၊ ကိုင်း .... သွားကြစို့သားတော် မေဃနာဒ"

## အခန်း (၉)
## ရာဝဏနှင့် ရာမမင်းသား

နေလာသိန်နတ်နန်းကြာကြွ ......
ရွှေအာလိန်တပ်လမ်းထာဝရ ......
မာနသံတိုင် ......... ဒေါလေသံပြိုင် ......
မောလေဟန်နှင့်ဆိုင် ...
ဝေယန်ပိုင် ....... ရွှေမဏ္ဍိုင်ရှင် ...
ပိုင်စဉ်ဆိုင်စဉ် .... နိုင်ချင်တော်မူ .....
ကျော်သံဇမ္ဗူ ......
တော်သဲလို့ကျွတ်ကျွတ်ဆူ .......
(လျှပ်ပန်းခွေနွဲ့ ... ယိုးဒယား)

ကျောက်သလင်းစားပွဲပေါ်တွင် ရွှံစေးငယ်များဖြင့် ပြုလုပ်ထားသော ခံတပ်ပုံစံငယ်ရှိသည်။

ဤစားပွဲကို အလယ်မှာထားလျက် ကျွန်ုပ်နှင့်သားတော်မေဃနာဒတို့ တစ်ဖက်စီ၌နေရာယူ လိုက်ကြသည်။ ကျွန်ုပ်တို့မှအပ အခြားမည်သူမျှမရှိ၊ မည်သည့်သေနာပတိမျှမရှိ၊ သေနာပတိချုပ် ဖြစ်သော သားတော်သည် ကျွန်ုပ်ထံမှ အမိန့်စကားကို စောင့်စားလျက်ရှိသည်။ ခန်းမဆောင်တစ်ခုလုံးတိတ်ဆိတ်နေသည်။

ယခင်ကဆိုလျှင် ဤခန်းမဆောင်အတွင်းရှိ ဤခံတပ်ပုံစံငယ်ကျောက်သလင်းစားပွဲ၏ ဝဲယာပတ်လည်တွင် ဘိဘိသန၊ တရိဂမ္ဘီ၊ဦးရီးတော်တို့ ရှိခဲ့ကြဖူးသည်။ ဦးရီးတော်သည် ယခုအခါ အိန္ဒုမြစ်ကမ်း၌ဒြာဝိဒိယန်စစ်သည် အသစ်များအား စစ်အတတ်များလေ့ကျင့် ပေးရန်ထွက်ခွာသွားပေပြီ။ တရိဂမ္ဘီသည်လည်း မိုဟန်ဂျိုဒါရိုအရပ်မှ တစ်ခုသောတောင်ကုန်း ငယ်ထက်တွင် ထာဝရအနားယူအိပ်စက်သွားခဲ့ပြီ။ ဘိဘိသနသစ္စာဖောက် ဘိဘိသန၊ လျှပ်ပေါ်လော်လည်သော ဘိဘိသနလည်း ရန်သူများထံ ခိုဝင်ပူးပေါင်းသွားခဲ့လေပြီ။

ဉာဏ်ပညာကြီးမားသူ၊ အိန္ဒုဒေသတစ်ခုလုံးအကြောင်းကို တတ်ကျွမ်းနားလည်သူ၊ မျိုးနွယ်စုတို့၏ရာဇဝင်များ၌ နှံ့စပ်ကျွမ်းကျင်သူဟူ၍ ကျွန်ုပ်နှင့်တကွသော ဒြာဝိဒိယန်တို့က ချီးမြှောက်မြတ်နိုးခဲ့ကြသည့် ဘိဘိသနသည် ယခုအခါ ရန်သူလက်အောက်ခံ သစ္စာဖောက်ဖြစ်ခဲ့ပြီ။ ယခင်က စစ်ရေးဆွေးနွေးတိုင်ပင်သံ၊ ငြင်းခုံအော်ဟစ်သံတို့ဖြင့် စည်ပင်ဝေဆာခဲ့သော ဤခန်းမဆောင်၌ ယခုအခါ ကျွန်ုပ်နှင့် မေဃနာဒ နှစ်ဦးတည်း။ .... တိတ်ဆိတ်ငြိမ်သက်မှုထဲ၌ ကျွန်ုပ်သည် မုန်းတီးခြင်း၊ နာကြည်းခြင်း၊ စက်ဆုပ်ခြင်းတို့ကို ခံစားနေရသည်။

ခံတပ်ပုံစံငယ်သည် ခြောက်သွေ့စွာလဲလျောင်းနေသည်။

ဤပုံစံငယ်ကား ဘိဘိသန၏ အစီအမံ၊ သစ္စာဖောက်၏လက်ရာ။ အဘယ်ပုံအသုံးဝင်နိုင်မည်နည်း။ ရွှံ့စေးအညိုရောင်ခံတပ်များသည် ကျွန်ုပ်ကို လှောင်ပြောင်နေကြသည်။ သစ္စာဖောက်တစ်ဦး၏ရာဇဝင်ကိုဖော်ပြနေကြသည်။

"သွားစမ်း ....... သွားစမ်း၊ ဒါတွေအားလုံးဘာလုပ်ရမှာလဲ ..... သွား"

မုန်းတီးရွံရှာစက်ဆုပ်စွာဖြင့် ကျွန်ုပ်သည် ရွှံ့စေးခံတပ်ပုံစံများကို ရိုက်ပုတ်ဖျက်ဆီးပစ်လိုက်သည်။ အားလုံး ဖရိုဖရဲ ဖြစ်ကုန်လေသည်။

"သင်း ...... လုပ်သွားခဲ့တဲ့ အစီအမံ၊ ဒါတွေရဲ့လျှို့ဝှက်ချက်ကို သင်းဟာအသိဆုံး၊ ဒါတွေကို ရန်သူ့ထံမှာ အားလုံးဖွင့်ပြော၊ ရန်သူကဒီလျှို့ဝှက်ချက်ပေါ်မှာ အနိုင်ယူတိုက်ခိုက် ......"

အမျက်ဒေါသချောင်းချောင်းထွက်လွန်းလှသဖြင့် ကျွန်ုပ်၏စကားကို ရှေ့မဆက်နိုင်တော့ချေ။ သားတော်မေဃနာဒသည် စကားတစ်စုံတစ်ရာမပြောဘဲ စားပွဲဘေး၌ခြေစုံရပ်ရင်းကျွန်ုပ်ကိုကြည့်နေသည်။ ပုံစံငယ်တစ်ခုလုံးရွှံ့စေး ခဲများအဖြစ်ရောက် ရှိသွားသည်။ သို့သော်တနေရာ ကျန်နေသည်။ ထိုနေရာကားအနီရောင်ကတ္တီပါစတစ်ခုကပ်ထားသောနေရာ၊ 'ကိသကိန္ဓာနယ်စပ်'ဟူသောစာတန်းကပ်ထားသည်။ ထိုနေရာ၌ နဝမနှင့် ဒသမပဗ္ဗတတောင်ကြားခံတပ်ဥမင်ပုံရှိသည်။ ကတ္တီပါအနီစ ကပ်ထားသည့်အမိပ္ပါယ်မှာ 'အရေးအကြီးဆုံး' ဟူသောအဓိပ္ပါယ်ပင်ဖြစ်သည်။ နောက်ဆုံးကျန်နေသော ဘိဘိသန၏လက်ရာကို ကျွန်ုပ်အနီးမှ သန်လျက်ဖြင့် ခုတ်ပိုင်းဖျက်ဆီးလိုက်သည်။

"ခမည်းတော်ဘုရင်မင်းမြတ် ဒီပုံစံငယ်ကိုဘယ်လိုပဲဖျက်ဆီးပေမယ့် တကယ့်ခံတပ်တွေကတော့ အခိုင်အမာဆောက်ထားပြီးဖြစ်ပါတယ်။ စစ်သည်ရဲမက်များလည်း ဒီခံတပ်တွေမှာ အားလုံးအဆင်သင့် ပြင်ဆင်နေကြပြီဖြစ်ပါတယ်။ ဘထွေးတော်ရဲ့သစ္စာဖောက်မှုအပေါ် စက်ဆုပ်ရွံရှာနေခြင်းများကို ခေတ္တသိမ်းဆည်းပြီး စစ်ရေးအတွက်ပြင်ဆင်ဖို့ သားတော်သတိပေးပါရစေ"

မေဃနာဒသည် ရှေ့သို့တိုးလာပြီး လေးနက်သောအသံဖြင့်ပြောလိုက်လေသည်။

"တို့ ..... ဒီခံတပ်အစီအမံတွေအားလုံးကို ဖျက်သိမ်းပစ်ရလိမ့်မယ် သားတော်မေဃနာဒ၊ ဟိုသစ္စာဖောက် ကသူလုပ်ထားတဲ့အရာတွေရဲ့လျှို့ဝှက်ချက်ကို သူကိုယ်တိုင်အလွယ်လေး ဖျက်ဆီးနိုင်လိမ့်မယ်"

"သားတော်က ဒီလိုမယူဆပါဘူး၊ ဒီခံတပ်တွေကို သစ္စာဖောက်ဘထွေးတော်ကိုယ်တိုင်လုပ်ခဲ့ တာမှန်ပေမယ့် ဒါကိုသူပြန်မဖျက်ဆီးနိုင်ပါဘူး"

"ဘာကြောင့်လဲ မေဃနာဒ"

"ဒီခံတပ်တွေကို ဒီအတိုင်းပဲထားရှိပြီး အတွင်းက စစ်သည်များရဲ့နေရာနဲ့ အင်အားချထားမှုကို အခြားပုံစံတစ်မျိုးပြောင်းလဲထားလိုက်ခြင်းအားဖြင့် ရန်သူဟာမမျှော်လင့်တဲ့တိုက်ခိုက် မှုနဲ့တွေ့သွားစေရမယ်"

"ဘယ်လို ........."

"သစ္စာဖောက်ဘထွေးတော်ဟာ သူဆောက်ခဲ့တဲ့ ခံတပ်အနေအထားအတိုင်းရန်သူကို သတင်းပေးမယ်၊ သားတော်တို့က ခံတပ်ရဲ့အပြင်ဘက်ကိုသာ နဂိုအတိုင်းထားရှိစေပြီး အတွင်းအစီအမံကိုပြန်လည်ပြုပြင်လိုက်မယ်၊ ရန်သူဟာ မမျှော်လင့်တဲ့ သေနင်္ဗျူဟာအောက်ကို ကျရောက်သွားစေရမယ်။ ဒါကြောင့်ခံတပ်အစီအမံအားလုံးကို ဖျက်သိမ်းဖို့မလိုပါဘူး၊ အတုအယောင်အဖြစ်နဂိုအတိုင်းထားရပါမယ်"

သားတော်မေဃနာဒ၏သေနင်္ဗျူဟာသည် ကောင်းမွန်လှပေသည်။ အာရိယန်တို့ကို လှည့်စား တိုက်ခိုက်သည့်ပရိယာယ်ပင်ဖြစ်သည်။

"အေး ........ မင်းပြောတာမှန်တယ်၊ ဒါပေမယ့်အရေးအကြီးဆုံးက နဝမနဲ့ ဒသမ တောင်ကြား ခံတပ် ဥမင်ပဲ၊ ရာဝဏခံတပ်လို့အမည်ပေးထားတဲ့ ဒီခံတပ်အစီအမံမှာတော့ တို့ထပ်ဆင့် ပရိယာယ်ကို အသုံးပြုရလိမ့်မယ်"

"ဘယ်လို ထပ်ဆင့်ပရိယာယ်လဲ ခမည်းတော်"

သားတော်မေဃနာဒ၏သေနင်္ဂပရိယာယ်ကို အကြောင်းပြု၍ပေါ်ပေါက်လာသည့် ကျွန်ုပ်၏ အကြံအစည်ကို ပြောပြရပေမည်။ မေဃနာဒတင်ပြသောပရိယာယ်မှာ ပထမပဗ္ဗတမှသည် ရှစ်ခုမြောက်သောခံတပ်အထိကို အပြင်မျက်နှာစာ၌ မူလအတိုင်းထားရှိပြီး အတွင်း၌ အစီအမံသစ်များပြုလုပ်ထားရန်ဖြစ်သည်။ ထိုခံတပ်ရှစ်ခု၌ မမျှော်လင့်သော တိုက်ခိုက်မှုနှင့်ပြောင်းလဲထားသော စစ်ရေးအစီအမံကို ရန်သူတို့ရင်ဆိုင်ကြရမည်။ ထိုအခါနောက်ဆုံးဖြစ်သော နဝမနှင့်ဒသမတောင်ကြားရှိ 'ရာဝဏခံတပ်'ကိုလည်း ယခင်ခံတပ်များအတိုင်းအစီအမံသစ်များ ပြုလုပ်ထားချေမည်ဟု ရန်သူသည် ဘိဘိသနထံမှ အကြံဥာဏ်ရရှိမည်။ ရန်သူကအစီအမံသစ်အနေဖြင့် တွက်ချက်ပြီး စစ်ပြုလာချိန်တွင် ကျွန်ုပ်တို့က မူလအစီအမံအဟောင်းအတိုင်းထားရှိလိုက်မည်။ ထိုအခါတွင်လည်း ရန်သူသည် မမျှော်လင့်သောတိုက်ခိုက်မှုကို

တွေ့ကြရစေမည်။ အကောက်ဥာဏ်ကြွယ်ဝသော သစ္စာဖောက်ဘိဘိသနသည် သင်း၏မူလအစီအမံနှင့်ပင် သင်းအသက်ကိုရာမနှင့်အတူ ပေးဆက်ရစေမည်။

"အင်မတန်မြင့်မားရှုပ်ထွေးတဲ့ သေနင်္ဂဗျူဟာယ်ပေပဲ ခမည်းတော်၊ ဒါပေမယ့် အင်မတန်ကောင်းပါတယ်"

"အေး ........ ဒီလိုဆိုရင် မင်းတောင်ကြားခံတပ်ဆီသွားပြီး အစီအမံအသစ်တွေလုပ်ထားပေတော့ သားတော်၊ ရန်သူလာတိုက်မယ့် လပြည့်နေ့ရောက်ဖို့သုံးရက်အချိန်ရတယ်၊ ဒီရက်အတွင်း အသင့်ဖြစ်အောင်ပြင်ဆင်ထားပေတော့ အဲဒါတွေပြီးမှ မင်းကိသကိန္ဒာနယ်စပ်တပ်မကို သွားပေတော့၊ လပြည့်နေ့တစ်ရက်အလိုမှာ ငါကိသကိန္ဒာယနိစပ်တပ်ကိုလာခဲ့မယ်"

"ဟိုမက္ကဋ္ဌစစ်သူကြီးဟာနမာန်ဟာ သားတော်အတွက်ဆိုတာ"

'အေးပါသားတော်၊ ဒီမျောက်ဝံဟာ မင်းအတွက်ပါပဲ၊ ကဲ ....... ကဲ ........ သွားတော့"

မေဃနာဒသည် ကျွန်ုပ်ကို ဦးညွတ်လျက်ခန်းမဆောင်အတွင်းမှ ထွက်ခွာသွားသည်။ ခန်းမဆောင်ထဲ၌ ဖရိုဖရဲပျက်စီးနေသော ခံတပ်ပုံစံငယ်ရှိ့စေးတုံးများနှင့် ကျွန်ုပ်တစ်ဦးတည်း ကျန်ရစ်ခဲ့သည်။ ရာမနှင့် စီးချင်းထိုးရန်ဟူသောအစီအစဉ်မှာလည်း ပျက်ပြယ်သွားပြီဖြစ်သည်။ ယခုအခါရာမ၊လက္ခဏတို့သည် သုခရိတ်မင်းဦးဆောင်သည့် မက္ကဋ္ဌစစ်သည်များကို ခေါင်းဆောင်ကာလက်ာဒီပသို့ချီတက်လာကြပေပြီ။ အာရိယန်မင်းသားနှစ်ဦးခေါင်းဆောင်သည့်စစ်ပွဲဖြစ်သော်လည်း ဤစစ်သည် သစ္စာဖောက်ဘိဘိသန ကြိုတင်နိမိတ်ဖတ်ခဲ့သည့် အာရိယန်-ဒြာဝိဒိယန်မျိုးနွယ်စုစစ်ပွဲကား မဖြစ်နိုင်ချေ။ ရန်သူ့စစ်တပ်၌အသားဝါစစ်သည်များအစား လက်တံရှည်၍မျောက်ဝံနှင့်တူသော စစ်သည်များသာ ပါဝင်လာပေမည်။

ရန်သူသည် မည်သည့်နည်းနှင့်မျှ ပထမနှင့် နဝမပဗ္ဗတတောင်ကြားခံတပ် ရှစ်လုံးကို တစ်ပြိုင်တည်း စစ်မျက်နှာဖွင့်နိုင်မည်မဟုတ်ချေ။ သင်းတို့စစ်ပြုနိုင်လှ ခံတပ်နှစ်ခုမျှလောက် ကိုသာ တစ်ပြိုင်တည်းတိုက်ခိုက်နိုင်မည်ဖြစ်သည်။ နဝမနှင့်ဒသမတောင်ကြား ရာဝဏခံတပ် ကားလက်ာဒီပနန်းတော်သို့ပေါက်ရောက်သည့်လျှိုဝှက်ဥမင်လိုဏ် ရှိသည့် ခံတပ်ဖြစ်သဖြင့် အချက်အချာအကျဆုံးစစ်မျက်နှာဖြစ်နိုင်ပေသည်။ သို့သော်ရာဝဏခံတပ်အနီးသို့ သင်းတို့ချီတက်နိုင်ရန်အတွက် ကိသကိန္ဒနယ်စပ်တပ်မကို ဦးစွာရင်ဆိုင်ရပေမည်။ ကိသကိန္ဒာ နယ်စပ်တပ်မကား သေနာပတိဂုမ္ဘိကဏ္ဏအပြင် သေနာပတိချုပ် သားတော်မေဃနာဒကိုယ်တိုင် ဦးစီးကွပ်ကဲမည့်စစ်မျက်နှာဖြစ်သည်။ ရန်သူသည် လက်ာဒီပနန်းတော်အနီးသို့ကားတစ်ဆံခြည်မှ ချဉ်းကပ်နိုင်မည်မဟုတ်။ ထို့ထက်သီတာဒေဝီကို ပြန်ရယူလိုသည့်ရာမသည် လက်ာဒီပနန်းတော် အတွင်းသီတာဒေဝီရှိရာသော်ကဥယျာဉ်သို့မည်သည့်နည်းနှင့် မျှ ရောက်အောင်လာနိုင်မည်မဟုတ်။ သော်ကဥယျာဉ်ကို ဦးရီးတော်မာရစ္စက စောင့်ရှောက်ကာကွယ်ထားမည်။ စစ်မျက်နှာအသီးသီး ဒေသအသီးသီးတွင် ရဲဝံ့ထက်မြက်သော ဒြာဝိဒိယန်သူရဲကောင်းများရှိနေသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း စစ်မျက်နှာအသီးသီးသို့ ကြိမ်ဖန်မလပ်လှည့်ပတ်ဦးစီးနေမည်။ သို့သော် ကျွန်ုပ်အဓိကနေရမည့် စစ်မျက်နှာကား .......... ရာဝဏခံတပ် .... ကိသကိန္ဒာနယ်စပ် .........။

ထိုအရပ်တွင် ရာမ၏ဥက္ကောင်းမြေသို့ကျစေရမည်။

နေလုံးမပျောက်ကွယ်မီမှာပင် ဝိုင်းစက်သောလသည် အရှေ့အရပ်မှပေါ်ထွက်လာသည်။ ညဉ့်အချိန် မရောက်သေးသဖြင့် လပြည့်လသည် နီကြန်ကြန်ဖြစ်နေသည်။ အနောက်အရပ် ဆီမှနေရောင်ခြည်များသည် အရှေ့ဘက်ဆီသို့မီးလျှံများသဖွယ် အရှိန်ဟပ်နေကြသဖြင့် လောကဓာတ်သည် နီရဲနေပေသည်။နေရောင်အောင်တွင် ဒြာဝိဒိယန်စစ်သည်တို့၏ တင်းမာ နေသောမျက်နှာများသည်လည်း အနီရောင်ဖြစ်နေသည်။ လက်နက်များသည် အားပျော့သော နေ၏အလင်းရောင်မှာပင် ဝင်းလက်တောက်ပနေသည်။

လပြည့်နေ့နှင့် နေဝင်ချိန်။

ပထမပဗ္ဗတနှင့် ဒုတိယပဗ္ဗတတောင်ကြားရှိ ပထမခံတပ်စစ်မျက်နှာ။

ပထမခံတပ်သေနာပတိသူရာဂုမ္ဘာနသည် ကျွန်ုပ်ဘေးတွင် ရပ်နေသည်။ သားတော်မေဃနာဒနှင့် ဦးရီးတော်တို့လည်းရှိနေကြသည်။ မည်သူမျှစကားမပြောကြ။ ခံတပ်ထိပ်တွင်ရပ်လျက် ကျုံးတစ်ဖက်တောအုပ်အတွင်းမှ ပေါ်လာမည့်ရန်သူကိုအသင့်စောင့်ဆိုင်းနေကြသည်။ အသားဝါ မင်းသား ဦးစီးလာမည့် မက္ကဋ္ဌစစ်သည်တို့နှင့် ဒြာဝိဒိယန်တို့၏ပထမဆုံးစစ်ပွဲ။ ပထမဆုံးနေ့။ လပြည့်နေ့။ လက်နက်လေးမြားပုဆိန်တို့ကိုသွေးလျက် ဆူဝေသောသွေးများဖြင့်ဒြာဝိဒိယန် တို့စောင့်မျှော်ခဲ့ကြသည့်စစ်ပွဲအတွက် တဖြည်းဖြည်းနီးကပ်လာပေပြီ။ ပထမဆုံးစစ်ပွဲ၏အဦးဆုံး တိုက်ပွဲဖြစ်မည့်ဤပထမခံတပ်စစ်မျက်နှာသည် အရေးအကြီးဆုံး ဖြစ်သောကြောင့် ကျွန်ုပ်နှင့်တကွသေနာပတိချုပ် မေဃနာဒ၊ ဦးရီးတော်တို့ပါ ရောက်ရှိနေကြရပေသည်။

ဝေးလံသောတောင်တန်းများအကြားသို့ နေလုံးဝင်ရောက်ပျောက်ကွယ်သွားသည်။ နံနက်အချိန်မှစ၍ တနေ့လုံးမျှော်လင့်ခဲ့သော ရန်သူသည် ယခုအချိန်အထိ ပေါ်မလာသေးချေ။ ဝိုင်းစက်ပြည့်တင်းသောလသည် အရှေ့ဘက်ကောင်းကင်၌ မြင့်တက်လာလေပြီ။ ကျောက်ရုပ်သဖွယ်ငြိမ်သက်နေသောဦးရီးတော်မာရဇ္ဇသည် စတင်လှုပ်ရှားလိုက်သည်။

"ငါ့အနံ့ရပြီ၊ ရန်သူတောစပ်နားချဉ်းကပ်လာပြီ"

ကျုံးတစ်ဖက်မည်းနက်သောတောအုပ်ကြီးဆီသို့ဦးရီးတော်သည် မမိုတ်မသုန်စူးစိုက်ကြည့်နေလေသည်။ သူ၏ကြီးမားသောရင်အုပ်ကြီးသည် ပြင်းထန်စွာနိမ့်ချည်မြင့်ချည် ဖြစ်လာသည်။ ထို့နောက်ခြင်္သေ့ဟိန်းသံနှင့်မခြားသော အသံကြီးဖြင့် အော်လိုက်လေသည်။

"ရန်သူတွေ လာပြီဟေ့ ......."

ကျယ်ပြန့်သော ကျုံးတစ်ဖက်၌ မည်းနက်သော အသွင်သဏ္ဍာန်များ ပေါ်လာသည်။ တောစပ်မှ လွန်သောအခါ လပြည့်၏လရောင်အောက်တွင် လက်တံရှည်သော မက္ကဋမျာကို ထင်ရှားစွာ တွေ့မြင်လိုက်ရတော့သည်။ ရန်သူနှင့် မျက်နှာချင်းဆိုင်မိပြီ။

"အူး ...... အူး ...... အူး"

ကျယ်လောင်စူးရှသောအသံများ တခဲနက်ထွက်ပေါ်လာပြီးနောက်ရန်သူများသည် ကျုံးထိပ်ဆီသို့ပြေးလာကြပေသည်။ ထို့နောက်ကျုံးရေပြင်ထဲသို့လက်ထဲမှကိုင်လာသောအရာများ ကို တဝုန်းဝုန်းပစ်ချကြသည်။ ခံတပ်ဆီသို့မူ မည်သည့် လက်နက်နှင့်မျှပစ်ခတ်ခြင်းမရှိ ။ အကယ်၍လေးနှင့်မြားကို အသုံးပြုစေဦးတော့ ရန်သူ၏မြားတံသည် ခံတပ်မျက်နှာပြင်၌ အလျားလိုက်တိုက်ခတ်နေသော လေထဲတွင်လွင့်ပါးသွားမည်သာဖြစ်သည်။ ထိုအချက်ကို ရန်သူသည် ဘိဘိသနထံမှ သိရှိပြီးဖြစ်သောကြောင့် ခံတပ်ထိပ်သို့ လက်နက်နှင့်မပစ်ခြင်းဖြစ်ပေမည်။

"တွေ့တယ်မဟုတ်လားရာဝဏ၊ ဒီကောင်တွေကျုံးကို လေ့တို့ဖောင်တို့နဲ့ဖြတ်မကူးဘူး၊ ရေတိမ်တိမ်မှာ ငြောင့်တွေထောင်ထားမှန်းသိလို့ ကျောက်တုံးတွေပစ်ချ၊ ကျောက်တန်းလုပ်ပြီး ဒီဘက်ကိုကူးဖို့ကြိုးစားနေကြတာ"

"ဒါ ..... ဟိုသစ္စာဖောက် ဖော်လိုက်လို့ပဲပေါ့ဦးရီးတော်"

မက္ကဋတို့၏လျင်မြန်ဖျတ်လတ်မှုကား အံ့သြဖွယ်ပင်ဖြစ်သည်။

မကြာမီမှာပင် ကျုံးရေပြင်၌ ကျောက်တန်းတစ်ခုဖြစ်ပေါ်သွားသည်။ ထိုကျောက်တန်းပေါ်မှ ရန်သူသည်ခံတပ်ဆီသို့ကူးဖြတ်လာကြလေသည်။ သားတော်မေဃနာဒ၏ အစီအစဉ်အရ ဤအချိန်အထိကျွန်ုပ်တို့ဘက်မှ တစ်စုံတစ်ရာတိုက်ခိုက်မှုမရှိသေး။ ရန်သူတပ်ဖွဲ့တစ်ဖွဲ့သည် ကျောက်တန်းကိုကူးလျက် ခံတပ်အောက်ခြေသို့ ရောက်လာကြသည်။ ထို့နောက်မက္ကဋများသည် ခံတပ်ပေါ်သို့တက်ရန် ကြိုးများကို ပြင်ဆင်ကြလေသည်။ စူးရှသောဟစ်ကြွေးသံများကား ခံတပ်ရှေ့တွင်မြည်ဟည်းလျက်ရှိသည်။

"မျောက်ဝံတွေကို သတ်ကြဟေ့"

သားတော်မေဃနာဒ၏အမိန့်သံပေါ်လာသည်။

ထို့နောက်ကား လေးညို့မှ မြားလွှတ်သံ၊ ပုဆိန်သွားချင်းထိခတ်သံ၊ ဒြာဝိဒိယန်တို့၏ ဟစ်ကြွေးသံ၊ မက္ကဋတို့၏အော်သံများသည် ပထမခံတပ်တစ်ဝိုင်တွင် ပွက်ပွက်ညံသွားတော့သည်။ မက္ကဋတို့သည် ရှူးမိုက်စွာဖြင့် ကြိုးကိုအသုံးပြုပြီး ခံတပ်ထိပ်ဖျားဆီသို့ တက်လာကြသည်။ သူတို့တက်လာပုံကား လူများနှင့်မတူ၊မျောက်ဝံနှင့်တူလှပေသည်။ သူတို့ကိုင်ဆောင်လာသောလက်နက်ကား ထိပ်ဘက်တွင်ဆူးချွန်ပါရှိသည့် တင်းပုတ်ကဲ့သို့သော လက်နက်တစ်မျိုးဖြစ်သည်။ သေနာပတိ သူရာဂုမ္ဘာန်သည် ခံတပ်ထိပ်မြားပစ်စင်တစ်ခုမှတစ်ခုသို့ခုန်ကူးလျက် အပေါ်သို့ရောက်လာသည့် ရန်သူများအား လှံတံဖြင့် ထိုးချသည်.။ အချို့လှံတံများသည် ရန်သူ၏ရင်ဝတွင် စူးဝင်လျက်ပါသွားသည်။ အချို့ကိုမူကား လှံတံဖျားတွင် တံစို့ကင်သကဲ့သို့ ထိုးစိုက်လျက် မြှောက်ချီပြီး ခံတပ်အောက်သို့ပစ်ချလိုက်သည်။ သားတော်မေဃနာဒသည် ကျောက်တန်းသို့တဖွဲဖွဲကူးလာသည့် ရန်သူများထံပစ်လွှတ်ရန်မြားပစ်စင်ကို အလှည့်ကျအမိန့်ပေးနေသည်။ တစ်ခါတစ်ရံရန်သူထံမှ အလွန်ရှည်လျားသော ကြိုးနှင့်လွှဲပစ်လိုက်သည့်သံချွန်များသည် ခံတပ်ထိပ်မှ ဒြာဝိဒိယန်တို့အားထိမှန်သေဆုံးစေသည်။

ဦးရီးတော်မာရဇ္ဇကား မည်သည့်လက်နက်ကိုမှ ကိုင်စွဲခြင်းမပြု။ ခံတပ်ထိပ်မှနေ၍ မက္ကဋများကို ဘယ်လက်ဖဝါးကြီးဖြင့် တစ်ယောက်ပြီးတစ်ယောက်ရိုက်ချနေလေသည်။ ရန်သူများသည် ဦးရီးတော်၏ခြင်္သေ့လက်ကြီးတွင် သစ်ရွက်များသဖွယ် လွင့်စဉ်ကျကုန်သည်။ ဦးရီးတော်၏ခြင်္သေ့ဟိန်းသံကဲ့သို့သော အသံနက်ကြီးမှာလည်း အဆက်မပြတ်မည်ဟည်းနေသည်။

ကျုံးရေပြင်၌ကျောက်တန်းများတစ်ခုပြီးတစ်ခု ပေါ်လာသည်။ မက္ကဋမျာသည် ကျောက်တုံးများကို ကျုံးစပ်မှ မယူကာ ရေထဲသို့ပစ်ချပြီး ခံတပ်ဘက်သို့တဖွဲဖွဲကူးသွားကြသည်။ ခံတပ်မှ မြားပစ်စင်ရှိကျည်တောက်များတွင် မြားတံများဖြည့်တင်း၍ မလောက်နိုင်လောက်အောင်ရှိတော့သည်။ သားတော်မေဃနာဒသည် တစ်ခါအမိန့်ပေးလျှင် မြားပစ်စင်ငါးခုအထိပစ်လွှတ်စေရသည်။ အချို့မက္ကဋများသည် မြားတံထိမှန်စူးဝင်နေလျှက်က ဗွတ်အတင်းတက်လာကြသည်။ သူတို့၏အော်သံကား အဆက်မပြတ်တော့ပေ။ ကြိုးရှည်ဖြင့်ပစ်လွဲလိုက်သည့် သူတို့၏သံချွန်လက်နက်များသည်လည်း ခံတပ်ထိပ်တွင် ပိတုန်းကောင်များအုပ်လိုက်ပျံသန်းနေကြသည့်အလား တဝီဝီကျဆင်းနေတော့သည်။ အချို့နေရာများတွင်ဒြာဝိဒ်ယန်နှင့် မက္ကဋစစ်သည်တို့သည် ပိုးပရွက်ကောင်များပမာ တစ်ဦးနှင့်တစ်ဦးဖက်တွယ်သတ်ပုတ်ရင်း ခံတပ်အောက်သို့အခဲလိုက် ၊ အထွေးလိုက်လိမ့်ကျသွားကြသည်။ ခံတပ်အောက်ခြေသို့ရောက်သောအခါတွင်လည်း ရှုပ်ရှုပ်ချွံချွံတိုက်ခိုက်နေကြလေသည်။

ကျွန်ုပ်မူကား အသွားနှစ်ဖက်ရှိသည့် ပုဆိန်ကို ဝဲယာတစ်ချောင်းစီကိုင်ဆောင်လျက် စကြာကဲ့ သို့ပုဆိန်ကို လေထဲတွင်မပြတ်ဝှေ့ယမ်းပစ်နေသည်။ ဤပုဆိန်သွားများနှင့် ထိတွေ့ ရသော ရန်သူတို့သည် ဒဏ်ရာအနာတရ ရရုံမျှမကတော့ဘဲ ထိခိုက်သောနေရာတွင် အပိုင်းပိုင်းပြတ်တောက်လွင့်စဉ်သေဆုံးသွားသည်ချည်း်ဖြ စ်သည်။ ပုဆိန်သွားမှတဆင့် ပုဆိန်ရိုးကိုဖြတ်ကာစီးဆင်းလာသော ရန်သူတို့၏သွေးများသည် အရိုးတစ်ဖက်တွင် ဆုပ်ကိုင်ထားသော ကျွန်ုပ်၏လက်များအထိ ပေကျံကုန်ကြသည်။ ရန်သူ၏ သံချွန်အများအပြား ကျွန်ုပ်ရှိရာသို့ရောက်လာကြသော်လည်း တစ်ခုတစ်လေမျှ ကျွန်ုပ်ကိုမထိချေ။ စကြာကဲ့သို့လည်ပတ်နေသည့် ပုဆိန်သွားနှင့်ထိတွေ့ပြီး အောက်သို့လွင့်စဉ်ကျသွားသည်။ ပုဆိန်သွားကို ဝှေ့ယမ်းရင်း ကျွန်ုပ်သည် လရောင်အောက်၌ ရာမကိုလည်းကောင်း၊ လက္ခဏကိုသော်လည်းကောင်း ၊ မက္ကဋဘုရင်သုခရိတ်ကိုသော်လည်းကောင်း သစ္စာဖောက်ဘိဘိသနကိုသော်လည်းကောင်း ရှာဖွေနေမိသည်။ တစ်ဦးတစ်ယောက်မျှမတွေ့ရ၊ သားတော်မေဃနာဒလည်း သူမျှော်လင့်နေသော စစ်သူကြီး ဟာနုမာန်ကို ရှာဖွေနေဟန်ရှိသည်။

"ခမည်းတော်၊ အာရိယန်မင်းသားနဲ့ ရင်မဆိုင်ရသေးဘူးလား"

"အေး ....... ရင်မဆိုင်ရသေးဘူး၊ မင်းကော ဟနုမာန်ကို တွေ့ပြီလား"

"မတွေ့သေးဘူးခမည်းတော်"

ဤမျှသာပြောဆိုလျှက် ကျွန်ုပ်တို့သည် ဆက်လက်တိုက်ခိုက်နေကြရသည်။ လပြည့်နေ့ညသည် ပထမခံတပ်၏အပေါ်သို့ ရောက်လာပြီဖြစ်သဖြင့် အလင်းရောင်ကို ကောင်းစွာရရှိပေပြီ။ ကျွန်ုပ်သည် လရောင်ကို အသုံးချ၍ ကျုံးတစ်ဖက်ကျောက်တန်းအသစ်ခင်းနေရာသို့ ကြည့်လိုက် သည်။ ပြာလဲ့သောဝတ်ရုံကိုဝတ်ဆင်ထား သည့် သူတစ်ဦးသည် မက္ကဋများအကြားတွင် မြင့်မားစွာထိုးထွက်နေသည်။ ကြီးမားသောလေးကိုင်းကြီးအပေါ်ပိုင်းကို ထိုသူ၏ ကျောပြင်တွင်ထင်ရှားစွာတွေ့နေရသည်။ လရောင်အောက်တွင် အစိမ်းရောင်သည် ပြာလဲ့သော အဆင်းကိုဆောင်နေသည်။

သင်းကား ........

ရာမ ... ကျွန်ုပ်၏ရန်သူ ...........

ကျွန်ုပ်သည် ခံတပ်ထောင့်စွန်းအမြင့်ဆုံးထိပ်သို့ခုန်တက်လိုက်သည်။

ဤနေရာတွင်ကျုံးရေပြင်သည် အခြားနေရာများထက်အနည်းငယ် ကျဉ်းမြောင်း၍ထောင့်စွန်းဖြစ်နေသောကြောင့် လေသည်လည်းအခြားနေရာများလောက်အရှိန်မပြင်းချေ။ လရောင် အောက်တွင်သင်းကလည်းခံတပ်ထိပ်မှ ကျွန်ုပ်ကိုထင်ရှားစွာတွေ့မြင်သွားသည်ဟုထင်သည်။ ကျွန်ုပ်၌လေးမပါ။ ဓားမြောင်စသည့် ပစ်စိုက်ရန်လက်နက်လည်းမပါ။ သွေးများရွှဲနစ်နေသည့် နှစ်ဖက်သွားပုဆိန်နှစ်လက်သာရှိနေသည်။

လက်ထဲမှပုဆိန်နှစ်လက်ကို အသွားချင်းရိုက်ခတ်လိုက်သည်။ သံသွားချင်းထိတွေ့သံသည် ကျုံးရေပြင်ကိုဖြတ်လျက် ကျယ်လောင်စွာပေါ်ထွက်သွားသည်။ ရာမသည် ထိုအသံကိုကြားလိုက်ဟန်ဖြင့် ကျွန်ုပ်ရှိရာဘက်သို့ကြည့်လိုက်သည်။ သူ့လက်သည် ပခုံးတွင်လွယ်ထားသည့် မြားကျည်တောက်ဆီသို့ရောက်သွားသည်။

လက်ထဲမှပုဆိန်တစ်လက်ကို သင်းဆီသို့ပြင်းစွာသောအဟုန်ဖြင့် ပစ်လွှတ်လိုက်သည်။ လေထဲသို့ ပုဆိန်ဖြတ်သွားသည့်အသံသည် ပိတုန်းတစ်အုပ်တစ်ပြိုင်တည်းထပျံသွားသည့်အလား ကျွန်ုပ်၏နားထဲ၌ကြားလိုက်ရသည်။ သို့သော် ...........

ပုဆိန်သည် ရာမ၏ ရှေ့သို့ဖြတ်ဝင်လာသည့် မက္ကဋတစ်ဦး၏ရင်ဘတ်ကိုသာစိုက်ဝင်သွားသည်။ ထိုမက္ကဋသာမဝင်လာပါက ...........

ထိုအခိုက် ........ ကျွန်ုပ်၏ဝဲလက်တွင်းမှာ ကျန်ရှိနေသော ပုဆိန်ရိုးသို့လည်း မြားတစ်စင်းဝင်စိုက်လာသည်။ ရာမကိုလှမ်းကြည့်လိုက်သောအခါ သူသည်နောက်ထပ်မြားတစ်စင်းကို လေးညို့တွင် ငင်နေသည်ကို တွေ့ရသည်။

ကျွန်ုပ်၏ဝဲဘက်လက်အတွင်းမှ ကျန်သောပုဆိန်ကိုမြှောက်ယူလိုက်သည်။ သို့သော် ဒြာဝိဒိယန်နှင့် မက္ကဋ္ဌစစ်သည်များသည် ကျွန်ုပ်နှင့်ရာမအကြားသို့လုံးထွေးရောက်ရှိတိုက်ခိုက် ကြပြန်သဖြင့် ကျွန်ုပ်တို့ တစ်ဦးကိုတစ်ဦး မျက်ခြည်ပြတ်သွားကြပြန်သည်။ သင်းနှင့်တကွသောရန်သူခေါင်းဆောင်များကို ရှင်းလင်းစွာတွေ့မြင်နိုင်မည့်နေရာများဆီသို့ ကျွန်ုပ်ခံတပ်တစ်လျှောက်ခုန်ကူးရင်း ရှာဖွေခဲ့သည်။ သို့သော် နောက်ထပ်မတွေ့ရတော့။ သစ္စာဖောက်ဘိဘိသနကိုမူကား အရိပ်အယောင်မျှပင်မမြင်ရချေ။ မက္ကဋ္ဌဘုရင်သုခရိတ်ကိုလည်း ကျွန်ုပ်တစ်ခါမျှမမြင်ဖူးသဖြင့် များစွာသော မက္ကဋ္ဌများအကြားတွင် ရှာဖွေမတွေ့နိုင်ချေ။ သားတော်မေဃနာဒသည် မြားပစ်စင်များပေါ်တွင်မရှိတော့ချေ။ ယခုအခါမြားပစ်စင်များလည်း ကျိုးပဲ့ပျက်စီးနေကြပြီဖြစ်သည်။ ဒြာဝိဒိယန်တို့သည် လေးမြားကိုစွန့်လျက် ဓားလှံပုဆိန်များနှင့် တိုက်ခိုက်နေကြသည်။ တိုက်ပွဲသည် ခံတပ်ထိပ်တွင်သာမက ခံတပ်အောက်မြေပြင်ပေါ်တွင်ညလင်း ပြင်းထန်စွာဖြစ်ပွားနေသည်။ ကျုံးကိုကူးဖြတ်သည့် ကျောက်တန်းများပေါ်တွင်လည်း မက္ကဋ္ဌစစ်သည်တို့၏အလောင်းများစွာအထပ်ထပ်ဖြစ်နေပေပြီ။

အစွန်အကျဆုံးကျောက်တန်းတစ်ခုပေါ်တွင် သဲသဲမဲမဲတိုက်ခိုက်နေသည့် သူနှစ်ဦးကိုလရောင်အောက်၌ ကျွန်ုပ်တွေ့လိုက်ရသည်။ သားတော်မေဃနာဒနှင့် ရန်သူတစ်ဦးဖြစ်သည်။ ရန်သူကား ..... မက္ကဋ္ဌစစ်သည်။ သို့သော်ကြီးမားသော ခန္ဓာကိုယ်ရှိသည်။ ရန်သူကိုင်ဆောင်ထားသောလက်နက်မှာ အခြားမက္ကဋ္ဌများထက်ပို၍ ကြီးမားသော လေးလံသည့် သံချွန်တပ်တင်းပုတ်ကြီးဖြစ်သည်။ ထိုသူကား မက္ကဋ္ဌစစ်သူကြီး ဟနုမာနမှတစ်ပါး အခြားမည်သူမျှမဖြစ်နိုင်။

သားတော်မေဃနာဒလည်း သူ၏ဝေစုကို တာဝန်ယူနေပေပြီ။ သားတော်မေဃနာဒကိုင်ထားသောဓားမှာ အပြားကြီး၍အဖျားချိုင့်ပြီး အသွားဘက်၌ ခုံးမောက်သောသဏ္ဌာန်ရှိသည့်ဓားပြားကြီးဖြစ်သည်။ ဤဓားကြီးကို မေဃနာဒမှတစ်ပါး မည်သည့်လင်္ကာဒီပသေနာပတိမှကျွမ်းကျင်စွာမကိုင်နိုင်။

လရောင်အောက်တွင် သူတို့၏လက်နက်များသည် လျှပ်စီးလက်သကဲ့သို့ပြိုးပြောင်နေကြသည်။ လက်နက်ချင်း ထိခိုက်သံမှာလည်း ကျွန်ုပ်ကြားခဲ့ရသမျှလက်နက်သံတို့တွင် အပြင်းထန် အကျယ်လောင်ဆုံးဖြစ်သည်။ ကျောက်တုံးများစီခင်းထားသည့် ကျောက်တန်းပေါ်တွင် မေဃနာဒနှင့် ဟာနုမာန်တို့သည် သူတစ်ပြန်ကိုယ်တစ်ပြန် ရှေ့တက်နောက်ဆုတ် ထိုးခုတ်နေကြသည်။ ကျောက်တုံးများသည် မကြာသေးမီကမှ မက္ကဋ္ဌများပစ်ချခင်းထားသည် ဖြစ်သောကြောင့် တိမ်သောကျုံးထဲ၌လှုပ်ခါနေသည်။ သူတို့ခြေလှမ်းများဆုတ်တက် ရှောင်တိမ်းလိုက်တိုင်း အောက်မှကျောက်တုံးများသည် ယိမ်းယိုင်နေသည်။ လက်နက်ကြောင့် မဟုတ်မူဘဲ ကျောက်တုံးမှ ကျုံးရေထဲသို့ လိမ့်ကျသွားသည်ဆိုစေဦး၊ လိမ့်ကျသူသည် မုချသေဆုံးရမည်ဖြစ်သည်။ အောက်တွင်ငြောင့်များ၊ တံစို့များစိုက်ထောင်ထားပေသည်။

ဟာနုမာန်သည် မေဃနာဒထက်ပိုပြီး ခြေမြဲမြဲလေသည်။ မေဃနာဒသည် တစ်ခါတစ်ခါတွင် အောက်သို့လိမ့်ကျသွားမတတ်ဖြစ်နေ၍ ကျွန်ုပ်စိုးရိမ်ပူပန်လာသည်။ သို့သော်ထိုးခုတ်မှုအရာတွင် သားတော်မေဃနာဒက ပို၍လျင်မြန်သည်ဟု ကျွန်ုပ်ထင်ပေသည်။

အခြားနေရာများမှ ထိုးခုတ်သံများအားလုံးကိုပင်ဖုံးလွှမ်းသွားမတတ်ကျယ်လောင်မြည်ဟည်း သည့်အသံကြီးတစ်ခုမေဃနာဒတို့ထံမှထွက်ပေါ်လာသည်။ မေဃနာဒ၏လက်ထဲမှ ဓားကြီးသည် တစ်ဝက်ခန့်ဆီမှ ကျိုးပြတ်သွားသည်။ ဟာနုမာန်လက်ထဲမှ သံချွန်တပ်တင်းပုတ်ကြီးမှာလည်း ကျိုးပြတ်သွားသည်။ တချိန်ထဲမှာပင်ဒြာဝိဒိယန်နှင့် မက္ကဋ္ဌစစ်သည်များသည် ထိုနေရာသို့ထိုးခုတ် တိုက်ခိုက်ရင်း စုရုံးရောက်ရှိသွားကြပြီး မိမိတို့ခေါင်းဆောင်နှစ်ဦးအကြားသို့ဝင်ကြလေသည်။

ယခုအခါကျောက်တန်းများပေါ်တွင် တိုက်ခိုက်ရန်မဖြစ်နိုင်တော့။ အလောင်းများထပ်နေပြီဖြစ် သည်။ မက္ကဋ္ဌများလည်း ခံတပ်ပေါ်သို့တက်ရန်မကြိုးစားကြတော့ချေ။ ခံတပ်အောက်ခြေကျုံးစပ် တွင်သာ တိုက်ပွဲများဖြစ်ပေါ်နေသည်။ နောက်ထပ်မက္ကဋ္ဌများလည်း ကျောက်တန်းပေါ်သို့ ကူးဖြတ်မလာတော့ချေ။

ခံတပ်ပေါ်မှ ကျွန်ုပ်တို့၏ မြားပစ်စင်များတွင် လေးသည်တော်တို့ပြန်လည်နေရာယူလိုက်ကြပြီး အောက်ဘက်မှ မက္ကဋ္ဌစစ်သည်များကို တစ်ဦးချင်းပစ်စိုက်နိုင်ကြသည်။ ဤအခြေ အနေတွင် ရန်သူများအထိနာလှပေသည်။ ကျွမ်းကျင်သော ဒြာဝိဒိယန်လေးသည်တော်များ၏ မြားတစ်စင်းစီသည် ရန်သူတစ်ယောက်စီ၏ရင်အုံကိုစိုက်ဝင်ကြသည်။ တစ်စနှင့်တစ်စ မက္ကဋ္ဌ စစ်သည်များသည် ကျောက်တန်းများပေါ်တွင်လဲကျသေဆုံးနေကြသည်။ သူတို့၏စစ်သည်များ အလောင်းပေါ်တွင် နင်းဖြတ်လျက် တစ်ဖက်တောစပ်သို့ဆုတ်ခွာသွားကြသည်။ စစ်ပွဲကြောင့် ရူးသွပ်ခမန်းသွေးဆူနေကြသော အချို့ဒြာဝိဒိယန်တို့သည် ဆုတ်ခွာသွားသည့် မက္ကဋ္ဌများနောက်သို့ကျောက်တန်းပေါ်အထိလိုက်လံတိုက်ခိုက် ကြသည်။ အချို့မှာ ယိမ်းယိုင်သောကျောက်တုံးများအထက်မှလိမ့်ကျ၍ ကျုံးရေပြင်ထဲရှိ ငြောင့်၊တံစို့များထိပ်တွင် အသက်ဆုံးရှုံးကြလေသည်။ ဝိုင်းစက်သောလသည်လည်းအနောက်အရပ်ဆီသို့ ရွေ့လျားသွားသည်။ ပထမခံတပ် ဒေသတစ်ဖက်တွင်

ပြာလဲ့သောအရောင်တို့တဖြည်းဖြည်း ဆိတ်သုန်းလျက် နီကြန့်သော နံနက်ရောင်ခြည်တို့ တစ်စတစ်စ ဖြန့်ကြက်စိုးမိုးလာသည်။ မိုးသောက်ချိန်တွင် ပထမခံ တပ်တိုက်ပွဲသည် ချုပ်ငြိမ်းသွားသောလပြည့်ညနှင့်အတူ ပြီးဆုံးသွားခဲ့လေသည်။ နံနက်ခင်း၏ လေပြည်၌ သွေးညီနံ့တို့သင်းနေသည်။ ကျုံးရေပြင်သည် ပတ္တမြားရည်ဖြစ်နေသည်။

ဒြာဝိဒိယန်နှင့် မက္ကဋ္ဌတို့၏အလောင်းများကား မက္ကဋ္ဌတို့ပစ်ချခင်းကျင်းခဲ့သည့် ကျောက်တုံးများထက် သာလွန်များပြားလေသည်။ သေနာပတိချုပ်မေဃနာဒ၏ ကျွဲချိုတံပိုးသံအဆုံးဝယ် ဒြာဝိဒိယန်စစ်သည်များအားလုံးခံတပ်အတွင်းရဲမက်ဝိုင်းပြင်နေရာ၌ စုရုံးမိကြသည်။

ပထမခံတပ်၏တံခါး၌ ကျောက်မှုန်လေးတစ်မှုန်သော်မျှ ပွန်းပဲ့ခြင်းမရှိခဲ့ချေ။ သို့သော်ထိုနေရာ၌ အလောင်းများအထူထပ်ဆုံးဖြစ်လေသည်။

ညနေလထွက်ချိန်မှ နံနက်လဝင်ချိန်အထိ တစ်ညလုံး ပြင်းထန်စွာ ဖြစ်ခဲ့သည့် ထိုလပြည့်ညပထမခံတပ်စစ်ပွဲသည် ဒြာဝိဒိယန်စစ်ပွဲများအနက် ကမ္ပည်းတင်မည့်စစ်ပွဲဖြစ်သည်။ သေနာပတိသူရာဂုမ္ဘာန်၏အကြောင်းကြားချက်အရ ဒြာဝိဒိယန်တစ်ရာ့လေးဆယ့်ငါးဦးကျဆုံး သည်။ ဒဏ်ရာရသူပေါင်း သုံးရာကျော်အနက် ငါးဆယ်ခန့်မှာ အနာသည်းကြသည်။ မြားအစင်း ထောင်ပေါင်းများစွာ၊ ဓားလှံရာပေါင်းများစွာကို ကျွန်ုပ်တို့အသုံးပြုခဲ့ကြသည် ပထမခံတပ်၏ ကျောက်တုံးတစ်ခု တစ်လေသော်မျှ နေရာမယွင်းခဲ့။ သို့သော်ကျုံးမှာကား ပျက်စီးသွားခဲ့သည်။ မက္ကဋ္ဌစစ်သည်တို့ပစ်ချခဲ့သော ကျောက်တုံးများကြောင့် ကျုံးအောက်တွင်ပြုလုပ်ထားသည့် တံစို့နှင့် ထောင်ချောက်တို့လည်း နောက်ထပ်အသုံးမဝင်တော့ချေ။ ကျောက်တုံးများအကြားလဲကျသေဆုံးနေသည့် မက္ကဋ္ဌစစ်သည်များအလောင်း၊ ဒြာဝိဒိယန်တို့၏အလောင်းများကိုလည်း ရက်အတန်ကြာမျှအချိန်ယူဖယ်ရှားပစ်ရပေလိမ့်မည်။

သို့သော်ဤပထမခံတပ်တိုက်ပွဲကား ကျွန်ုပ်၏ဒြာဝိဒိယန်တပ်များအောင်ပွဲခံလိုက်သည့် တိုက်ပွဲပင်တည်း။ မက္ကဋ္ဌတို့အကျအဆုံးများစွာနှင့် ဆုတ်ခွာသွားရသည့် စစ်ပွဲပင်တည်း။

မက္ကဋ္ဌတစ်ထောင်နီးပါး ကျဆုံးမည်ဟု ကျွန်ုပ်ခန့်မှန်းရသည်။ ရဲမက်ဝိုင်းပြင်တွင်ဒြာဝိဒိယန် စစ်သည်များသည် စစ်နိုင်မျိုးနွယ်တေးတစ်ပိုဒ်ကို ဟစ်အော်သီဆိုနေကြသည်။ ကြီးမားသော သစ်ခေါင်းပေါက်ကြီးကို ထုနှက်ရင်း လှည့်ပတ်ကခုန်နေကြသည်။ သူတို့၏တေးသီချင်းတွင် လင်္ကာဒီပဘုရင် ဒသဂီရိကိုချီးကျူးသည့် အဓိပ္ပာယ်များပါဝင်နေပေသည်။

ကျွန်ုပ်နှင့်သားတော်မေဃနာဒသည် ဝက်ဝံရေတဲအတွင်းမှနေ၍ မြူးတူးခုန်ပေါက်နေသည့် စစ်သည်များကို ငေးမောနေမိကြသည်။ မလှမ်းမကမ်းနေရာတွင်ကား ဦးရီးတော်မာရဇ္ဈသည် သူ၏ကြီးမားသောလက်ဖဝါးများကို စစ်သည်တစ်ဦးလောင်းပေးသောရေဖြင့် ပွတ်သပ်ဆေးကြောနေသည်။

“မင်းရဲ့ဓားရော၊ ဟာနုမာန်ရဲ့တင်းပုတ်ရော ကျိုးပြတ်သွားကြတာ ငါတွေ့လိုက်တယ် မေဃနာဒ”

“ဒီမျောက်ဝံကို သားတော် လက်ထဲကဓားကျိုးနဲ့ပစ်စိုက်မလို့လုပ်တုန်း နှစ်ဖက်စစ်သည်တွေဝင်လာကြတာနဲ့ မျက်ခြည်ပြတ်သွားတယ် ခမည်းတော်၊ ဒီလိုသာမဖြစ်ခဲ့ရင် ဟာနုမာန်ရဲ့အလောင်းဟာ ကျုံးထဲမှာ တခြားမက္ကဋ္ဌတွေနဲ့အတူ ရှိနေမှာမုချပဲ”

မေဃနာဒသည် မကျေမချမ်းဖြစ်နေသောအသံဖြင့် ပြန်ပြောလေသည်။

“အင်းလေ ........ နောက်တိုက်ပွဲတွေမှာ ဆုံးဦးမှာပါ၊ သားတော်သင်းရဲ့စွမ်းရင်ခွန်အားကိုသိပြီးပါပြီ။ သင်းဟာလက်နက်ကိုင်တွယ်မှုအရာမှာ မကျွမ်း ကျင်လှပါဘူး၊ ခွန်အားကြီးမားပြီး သွက်လက်ဖျတ်လတ်မှုကိုသာ အဓိကအားထား တိုက်ခိုက် တဲ့သူပါ၊ နောက်တစ်ခါတော့ သင်းအသက်မရှင်နိုင်တော့ပါဘူး”

ဦးရီးတော်မာရဇ္ဈသည် ကျွန်ုပ်တို့ထိုင်နေသည့်တဲအတွင်းသို့ဝင်လာသည်။ သူ၏လက်ဖဝါးကြမ်းများကို ကျွန်ုပ်တို့အားဖြန့်ပြလေသည်။

“ငါ့လက်ဖဝါး ခုထိသွေးနံ့မပျောက်သေးဘူး၊ စပျစ်သီးခိုင်တွေကို ရိုက်ပုတ်ရသလိုပဲ၊ ငါ့လက်ချောင်းတွေဟာ မနက်လင်းတော့ သွေးစေးတွေနဲ့ကပ်နေတယ်။ ရေလောင်းပေးတဲ့ရဲမက် တစ်ယောက်တော့ ညည်းယူရော”

တစ်ညလုံးလုံးလက်နက် တစ်စုံတစ်ရာမဆွဲကိုင်ဘဲ လက်ချည်းသက်သက်ဖြင့် တိုက်ခိုက်ခဲ့သည့် ဦးရီးတော်မာရဇ္ဈသည် ပထမခံတပ်တိုက်ပွဲ၏သူရဲကောင်းပင်ဖြစ်သည်။

“ဦးရီးတော်ကိုတော့ ဒီတိုက်ပွဲကို အကြောင်းပြုပြီး အထူးဝိသေသ သူရဲကောင်းဘွဲ့တစ်ခုပေးဦးမှပဲ၊ ဘယ်နှယ့်လဲဦးရီးတော်”

“ဘာ သူရဲကောင်းဘွဲ့မှ ငါမလိုချင်ပါဘူး၊ ရန်သူတွေများနိုင်သမျှများများသုတ်သင်နိုင်ရင်ငါကျေနပ်နေတာပါပဲ၊ ဟော့ ...... မင်းကောမင်းရဲ့ ရာမနဲ့ ရင်ဆိုင်လိုက်ရသေးလား”

"ဝေးလံတဲ့ နေရာနှစ်ခုမှာရှိကြပေမယ့် အနီးကပ်ဆုံးရင်ဆိုင်ခဲ့ရတယ်ဦးရီးတော်၊ ကျုပ်ရဲ့ဘယ်ဘက်လက်မှာ ပုဆိန်တစ်လက်ကိုင်မစွဲထားခဲ့ရင်ဒီပုဆိန်ကို ကျုပ်ရင်ဘတ်ရှေ့မှာ ကာကွယ်မထားခဲ့ရင် ကျုပ်ရင်ဝကို သူ့ရဲ့မြားစူးဝင်မှာပဲ၊ ရာမလဲဒီအတိုင်းပဲ၊ မက္ကဋ္ဌတစ်ယောက်သာ သင်းရဲ့ရှေ့ဖြတ်မဝင်လာခဲ့ရင် ကျုပ်ရဲ့ပုဆိန်သွားသင်းရင်အုပ်ကို စိုက်ဝင်မှာပဲ၊ ကျုပ်တို့ လက်နက်တွေဟာ အနီးဆုံးနေရာတွေထိရောက်ခဲ့ကြတယ်၊ ဒါပေမယ့်ပိုပြီး ပြင်းထန်တဲ့ ရင်ဆိုင်မှုတစ်ခုကို တွေ့ရဦးမှာမို့ ဒီတစ်ခါကျုပ်တို့နှစ်ဦးစလုံး အသက်ရှင်ကျန်ရစ်ခဲ့ကြတယ်"

"ဘာ ...... ဘယ်လိုရာဝဏ"

ရာမနှင့်တိုက်ခိုက်ခဲ့သည့်အဖြစ်အပျက်ကို ကျွန်ုပ်ပြန်ပြောရသည်။ တက်ကြွစွာနားထောင် နေသည့်ဦးရီးတော်သည် ကျွန်ုပ်၏စကားဆုံးသွားသောအခါ လေးနက်သောအမူအရာနှင့် ပြောလေသည်။

"ရာမဟာ လေးနဲ့မြားကို အဓိကလက်နက်အဖြစ်အစဉ်အမြဲဆောင်ထားဟန်တူတယ်။ နောက်တစ်ကြိမ် သို့မဟုတ် နောက်အကြိမ်များမှာတွေ့ကြရင်လည်း သူဟာလေးမြားကိုပဲ အသုံးပြုလိမ့်မယ်၊ မင်းဟာရန်သူကို မျက်နှာချင်းဆိုင် တိုက်ခိုက်ဖို့အခွင့်ရမှာမဟုတ်ဘူးရာဝဏ၊ ဒီတော့မင်းလည်း လေးမြားလက်နက်ကိုပဲ ကိုင်ဆောင်သင့်တယ်လို့ငါထင်တယ်" မိထိလာလေးတင်ပွဲအဖြစ်သနစ်များကို ကျွန်ုပ်သတိရလာမိသည်။ တဲနန်းအတွင်းရှိ ခုံပေါ်ကလေးကို ကျွန်ုပ်ကြွချီလိုက်စဉ် ကျွန်ုပ်အားကြည့်နေသည့်သီတာဒေဝီ၏ ထိတ်လန့်သော မျက်နှာ၊ နောက်စူးရှစွာဟစ်အော်ခဲ့သော သူ့သံတို့ကို မြင်ယောင်ကြားယောင်မိသည်။

"ကျုပ်လေးမြားလက်နက်ကိုစက်ဆုပ်တယ်။ ရန်သူက ဒါကိုအဓိကအားကိုးပြီးကိုင်ဆောင်ချင်ကိုင်ဆောင်ပလေ့စေ။ ကျုပ်ကတော့လေးကိုင်းကိုစွဲကိုင်၊ ကျည်တောက်ထဲကမြားကိုထုတ်ယူ၊ လေးညှိုပေါ်မှာ တင်၊ ပစ်ကွင်းကိုချိန်ရွယ်ပြီး ညှိုကြိုးကို ဆွဲငင်ပစ်လွှတ်ရတဲ့ဒီအလုပ်တွေကို ကျုပ်အချိန်ကုန်ခံပြီးမလုပ်ဘူး"

"မင်းလေသံက ခက်ထန်လှပါလား ရာဝဏ"

"ကျုပ်မှာ စစ်မြင်းဆယ်ကောင်က စစ်ရထားရှိတယ်။ လေရဲ့လျင်မြန်ခြင်းနဲ့ရန်သူတွေကြားထဲ ထိုးဖောက်မောင်းနှင်မယ်၊ သံချွန်တပ်ရထားဘီးတွေ၊ အရှိန်အဟုန်ပြင်းတဲ့ အပြေးအား၊ ပြီးတော့ ကျုပ်လက်ထဲမှာ အသင့်စွဲကိုင်သွားတဲ့ သန်လျက်၊ ဒါတွေနဲ့သင်းရဲ့ ကိုယ်ခန္ဓာ၊ ခေါင်းကို အပိုင်းပိုင်းပြတ်စေမယ်"

"သေနာပတိ သူရာဂုမ္ဘာန် ရောက်နေတယ် ခမည်းတော်ဘုရင်မင်းမြတ်"

မေဃနာဒ၏အသံကိုကြားရသောအခါမှပင် ကျွန်ုပ်ရှေ့ဒူးထောက်နေသည့် ပထမခံတပ်သေနာပတိကို သတိထားမိတော့သည်။

"ဘာလဲ သူရာဂုမ္ဘာန်"

"ဘုရင်မင်းမြတ်ဆီက နောက်ထပ်အမိန့်ကို စောင့်ဆိုင်းနေပါတယ်"

"မင်းအစီအစဉ်က ဘယ်လိုရှိလဲ သားတော်မေဃနာဒ"

"ရန်သူဟာ ပထမခံတပ်တိုက်ပွဲမှာ အထိနာပြီး ရှုံးနိမ့်သွားတာမို့ နောက်တစ်ကြိမ်တိုက်ရင် ဒုတိယခံတပ်ဒါမှမဟုတ် ဒုတိယနဲ့ တတိယခံတပ်ကို တိုက်ခိုက်ဖို့ကြိုးစားမှာပဲ၊ ဒီနေရာမှာ သစ္စာဖောက်ဘထွေးတော်ဟာ ရန်သူ့ဘက်မှာ ရှိနေတယ်ဆိုတာကို မေ့ထားလို့မဖြစ်ဘူး။ ခံတပ်ကိုးခုအနက် ပထမနဲ့ နဝမခံတပ်တို့ဟာ ကျန်တဲ့ ဒုတိယ၊ တတိယ။ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမ၊သတ္တမ၊ အဋ္ဌမခံတပ်များဟာ အစွန်ခံတပ်နှစ်ခုလောက်မတောင့်တင်းဘူးဆိုတာကိုရန်သူဟာ ဘထွေးတော်ဆီက သိရှိထားပြီး ဖြစ်လိမ့်မယ်။ ဒါကြောင့် သူတို့ဟာ အလည်ခံတပ်တစ်ခုခုကို နောက်တစ်ကြိမ်မှာတိုက်ခိုက်လိမ့်မယ်။ ဒါကြောင့် အခုပထမခံတပ်က စစ်သည်များ ဒုတိယခံတပ်ကို ပြောင်းရွှေ့တပ်စွဲရမယ်။ ဒီမှာတော့ အစောင့်မျှလောက်သာ ထားခဲ့ရမယ်၊ ပထမခံတပ်အတွက် စစ်သည် နှစ်ရာလောက်ရှိနေရင်လုံလောက်ပါပြီ"

မေဃနာဒသည် ကြေးနီမြားကျည်တော်ဘူးများဖြင့် ပုံစံချလျက်စစ်ပွဲအကြောင်းအသေးစိတ်ပြောပြနေလေသည်။ မှန်ပေသည်။ ရန်သူ၏ကြိုတင်သိရှိ ထားချက်အတိုင်းရှိစေပြီး ကျွန်ုပ်တို့က အတွင်းဘက်တွင် ရန်သူမျှော်လင့်မထားသော အစီအမံ များကို ပြင်ဆင်ရပေမည်။

ဒုတိယမှ အဋ္ဌမအထိသောအလယ်ခံတပ်များသည် အစွန်ခံတပ်နှစ်ခုဖြစ်သည့် ယခုပထမခံတပ်နှင့် နဝမခံတပ်တို့လောက် အင်အားမတောင့်တင်းသော်လည်း ခံတပ်ကိုးခုနက်မှ တစ်ခုခု ကျိုးပေါက်ခဲ့လျှင် လင်္ကာဒီပ နေပြည်တော်တွင် အန္တရာယ်ရှိနိုင်သည်။ ထို့ကြောင့်အလယ်ခံတပ်များသို့ အင်အားဖြည့်တင်းရမည်။ အနီးဆုံးဖြစ်သည့် ဒုတိယခံတပ်သို့ ဦးစွာဖြည့်တင်းရမည်။ ထိုအခါကျွန်ုပ်တို့၏ခံတပ်များသည် အင်အားတောင့်တင်းလာပြီး ဤခံတပ်များကို လာတိုက်သမျှ အကြိမ်တိုင်းရန်သူဘက်၌ အင်အားဆုတ်ယုတ်သွားမည်။

"မေဃနာဒပြောတာမှန်တယ်၊ သစ္စာဖောက်ဘိဘိသနဆီကနေပြီး ရန်သူဟာ တို့စစ်ရေး စီမံမှုတွေကို အားလုံးရထားတယ်၊ အခုပထမခံတပ်ကို အရင်ဆုံးလာတိုက် တာပဲကြည့်လေ။ အမှန်ဆိုရင် ကိသကိန္ဓာနယ်စပ်နဲ့ အနီးဆုံးဖြစ်တဲ့ နဝမခံတပ်ကို ဦးစွာတိုက်သင့်တာပေါ့၊ ရာဝဏ ခံတပ်ကို လာတိုက်ရင်မှချရှုံးပြီး စစ်ပွဲတစ်ပွဲတည်းနဲ့ သင်းတိုပျက်စီးသွားမှာကို သိလို့ မတိုက် ကြဘူး၊ လက်ာဒီပနေပြည်တော်ရှိရာထိုးဖောက်နိုင်အောင်ပထမခံတပ်ကို စတိုက်ကြတယ်မဟုတ်လား"

ဦးရီးတော်မာရဇ္ဇကလည်း အခြေအနေအားလုံးကို တွက်ဆပြီး သေနာပတိသူရာဂုမ္ဘာန်အား အမိန့်ပေးလိုက်သည်။

"ဒုတိယခံတပ်ကို အားဖြည့်၊ ဒီမှာကျန်တဲ့ စစ်သည်နှစ်ရာနဲ့မင်းက တပ်စွဲကျန်နေရစ်ခဲ့၊ ဒုတိယခံတပ် နယ်စပ်ဒေသတစ်ဝိုက်မှာ ရန်သူရဲ့အရိပ်အခြေကို ဒီကနေပြီး စုံစမ်းလေ့လာခိုင်း ၊ ဦးရီးတော်မာရဇ္ဇလည်း သော်ကဥယျာဉ်ကို စောင့်ရှောက်ကာကွယ်ဖို့ မပြန်နဲ့ပတော့၊ ဒုတိယခံတပ်ကိုပဲဆက်လိုက်ခဲ့ပါ၊ မေဃနာဒနဲ့ငါက ကျန်တဲ့ခံတပ်တွေ အားလုံးလှည့်လည်စစ်ဆေးမယ်"

"အေး ........ ငါလည်း သူများတွေရှုပ်ရှုပ်ချုံချုံတိုက်ခိုက်နေကြတဲ့အချိန်မှာ သော်ကဥယျာဉ်ထဲက မိန်းမလှလေးတစ်ယောက်ကို အုပ်ထိန်းနေတဲ့တာဝန်မယူချင်ပါ ဘူး ရာဝဏရယ်၊ ခံတပ်တကာကို လိုက်ပြီး မျောက်ဝံတွေရဲ့ကုပ်ပိုးကို ချိုးပစ်ချင်နေတာပါ၊ ဒီစစ်ပွဲပြီးတော့မှ ငါ့တစ်ကိုယ်လုံး အိန္ဒြမြစ်ထဲဆင်းပြီး သန့်စင်ဆေးကြောရဦးမယ်၊ ငါက စစ်ပွဲမှာပဲ နေချင်တာပါ၊ ဟား .. ဟား ... ဟား"

ဦးရီးတော်၏ခြသေ့်ဟိန်းသံကြီးသည် ပထမခံတပ်အတွင်း၌ ပဲ့တင်ထပ်သွားလေသည်။

ပထမခံတပ်စစ်ပွဲပြီးနောက် သုံးရက်မြောက်နေ့တွင် မဏ္ဍတို့သည် ဒုတိယခံတပ်ကို ထပ်မံ တိုက်ခိုက်ကြသည်။ ဒုတိယအကြိမ်တွင်မူ ရန်သူတို့သည်နံနက်လင်းအားကြီးအချိန်တွင် လာရောက်တိုက်ခိုက်ကြသည်။ ဤဒုတိယစစ်ပွဲ၌ ရန်သူ၏အင်အားမှာ ပထမအကြိမ်ထက်နှစ်ဆခန့်ပိုမိုများပြားပေသည်။ ခံတပ်အပြင်ဘက် ကျုံးကိုလည်း ကျောက်တုံးများဖြင့် ကျောက်တန်းပြုလုပ်၍ ကူးလာကြသည်။ ဤအကြိမ်တွင်မူရန်သူတို့သည် ကျောက်တန်းတစ်ခုပြုလုပ်ပြီး နောက်ထပ်စစ်သည်တစ်ဖွဲ့ကူးဖြတ်ခြင်းနည်းကို အသုံးမပြုတော့ဘဲ ကျောက်တန်းအများအပြားကို တစ်ပြိုင်တည်းပြုလုပ်၍ စစ်သည်အင်အား တစ်စုတစ်ရုံးတည်း တစ်ချိန်တည်းကူးဖြတ်လာကြသည်။ ခံတပ်အောက်မြေပြင်တွင်မဏ္ဍတို့သည် နေရာလပ်မရှိဝိုင်းရံလိုက်ကြသည်။ သို့သော်ရန်သူ၏အင်အားနှင့် သေနင်္ဂဗျူဟာများပြားတိုးတက်လာသကဲ့သို့ပင် ကျွန်ုပ်တို့ဘက်မှ လည်း ပထမခံတပ်ထက်ပိုမိုများပြားသောစစ်သည်တို့ကို အသုံးပြုထားနိုင်ခဲ့သည်။ ဤသို့အသုံးပြုရန်လည်း ဒုတိယခံတပ်ကို အင်အားဖြည့်တင်းခဲ့လေသည်။

မဏ္ဍတို့သည် ပထမစစ်ပွဲသို့ကြိုးရှည်ဖြင့်ပစ်သော သံချွန်လက်နက်ကိုအသုံးမပြုတော့ဘဲ အားလုံး လေးမြားလက်နက် ကိုင်စွဲကြသည်။ နီးကပ်သောနေရာမှလာသည့်ရန်သူ၏မြားများကို ခံတပ်အပြင်၌ ဖြတ်သန်းတိုက်ခတ်နေသည့် လေကြောင်းသည် အကာအကွယ်မပေးနိုင်တော့ချေ။ ထို့ကြောင့်ရန်သူ၏မြားတံများသည် ခံတပ်အပေါ်မှ ဒြာဝိဒိယန်များကို အတုံးအရုံးထိမှန်စေသည်။ သို့သော် ဤကားစစ်ပွဲ၏ စောစောပိုင်း အချိန်များတွင်သာဖြစ်သည်။

သားတော်မေဃနာဒသည် ဒုတိယခံတပ်သေနာပတိ ဂုမ္ဘီကဏ္ဏနှင့်တိုင်ပင်၍ ဒြာဝိဒိယန်စစ်သည်များကို ခံတပ်အပေါ်မှဖယ်ရှားလိုက်စေသည်။ ထို့နောက်ခံတပ်တံခါးမကိုဖွင့်၍ ဒြာဝိဒိယန်စစ်သည်များကိုအပြင်သို့ထွက်စေပြီး ရန်သူအား ရင်ဆိုင်တိုက်ခိုက်စေသည်။ စစ်သည်များကိုင်ဆောင်သည့်လက်နက်ကား လှံတံဖြစ်သည်။ လေးနှင့်မြားကိုအဓိကထား၍ကိုင်ဆွဲတိုက်ခိုက်နေကြသည့် ရန်သူတို့သည် ကျွန်ုပ်တို့စစ်သည်များ၏လှံတံများတွင် အငိုက်မိကြလေသည်။ သူတို့၏ဒိုင်းလွှားများကိုသော်လည်းကောင်း ဓားကိုသော်လည်းကောင်း ထုတ်ယူပြင်ဆင်နိုင်ခြင်း မပြုလိုက်ရဘဲ လှံဖျား၌သေဆုံးကုန်ကြလေသည်။ ရန်သူတို့ဒိုင်းလွှားများနှင့် ဓားကို ကိုင်စွဲမိချိန်တွင်မူကား သူတို့၏စစ်သည်သုံးပုံတစ်ပုံခန့်မှာ ခံတပ်ခြေရင်းတွင် အသက်ပျောက်နေကြလေပြီ။

ဒုတိယခံတပ်စစ်ပွဲစတင်တိုက်ခိုက်သည့်နံနက်အချိန်က ကျွန်ုပ်နှင့် သားတော်မေဃနာဒသည် ပဥ္စမခံတပ်တွင်ရောက်ရှိနေကြသည်။ မြင်းသည်တော်တစ်ဦးလာရောက်အကြောင်းကြားချက်အရ ကျွန်ုပ်တို့ ရောက်ရှိသွားချိန်တွင် ဂုမ္ဘီကဏ္ဏက အရေးမလှကြောင်းပြောသဖြင့် သေနင်္ဂဗျူဟာကို ထိုသို့ပြောင်းလဲပစ်လိုက်ခြင်းဖြစ်ပေသည်။ ခံတပ်အပြင်ဘက်မြေပြင်တွင် ဒြာဝိဒိယန်နှင့် မဏ္ဍတို့ရင်ဆိုင်တိုက်ခိုက်ကြသည့် ဓားလှံလက်နက်သံ၊ ဒိုင်းလွှာင်းချင်းထိခတ်သံ၊ အော်ဟစ်သံတို့မှာ အိန္ဒြဒေသတစ်ခုလုံးကို ဖုံးလွှမ်းနေသည်ဟုထင်ရလေသည်။ နေမွန်းတည့်ချိန်မှာ နှစ်ဖက်စလုံးစစ်ပန်းလာကြသည်။ သို့သော်ဒုတိယခံတပ်တံခါးသည် ကျိုးပေါက်မသွားခဲ့။ တံခါးမုခ်ရှေ့တွင် ဖြစ်ပေါ်သည့်တိုက်ပွဲကား အပြင်းထန်ဆုံးဖြစ်သည်။ မဏ္ဍတို့သည်သစ်တုံးကြီးများကို သယ်ယူလာပြီး ခံတပ်တံခါးကို ထိုးဖောက်ဖျက်ဆီးရန်ကြိုးစားကြသည်။သို့သော်သူတို့၏ သစ်လုံးများသည် ခံတပ်တံခါးကိုထိရုံမျှပင်မချဉ်းကပ်နိုင်ချေ။

သားတော်မေဃနာဒသည် ခံတပ်ထိပ်တံခါးမုခ်ဝအဝေးမှနေ၍ ရန်သူများဆီသို့လှံတံတစ်စင်းပြီးတစ်စင်း ပစ်လွှတ်သည်။ ဒုတိယခံတပ်၏သေနာပတိဂုမ္ဘီကဏ္ဍမူကား တံခါးမုခ်ရှေ့မှနေ၍ ရှုပ်ရှုပ်ချွံချွံခုခံနေလေသည်။ သူကိုင်စွဲထားသည့်လက်နက်ကား ပုဆိန်ဖြစ်သည်။ သူ၏ပုဆိန်သွားကို ဝှေ့ယမ်းခုတ်ချလိုက်ရင်း ရန်သူများသည် ငှက်ပျောပင်များပြတ်ကျသည့်အလားအတုံးအရုံးလဲကျသွားကြသည်။

အပြင်းထန်ဆုံး အရှုပ်ထွေးဆုံးတိုက်ပွဲဖြစ်နေသည့် ထိုနေရာသို့ကိုယ်ကာယကြီးထွားလှသည့် မက္ကဋမ္ဗစ်သည်တစ်ဦးသည် တရကြမ်းခုတ်ပိုင်းရင်းဝင်လာသည်။ သူကားဟာနုမာန်ပင်တည်း ။ ဟာနုမာန်သည် ဒြာဝိဒိယန် စစ်သည်များကို ထိုးခုတ်လျက် ဂုမ္ဘီကဏ္ဍရှိရာသို့ချဉ်းကပ်သွားသည်။ ဂုမ္ဘီကဏ္ဍသည် ဟနုမာန်ကို ခုတ်ချရန် ပုဆိန်ကိုမြှောက်လိုက်သည်။ ဟာနုမာန်က လျင်မြန်စွာလှုပ်ရှားလိုက်သည်။

"ဂုမ္ဘီကဏ္ဍ သတိထား"

ကျွန်ုပ်ဘေးမှ သားတော်၏အော်ဟစ်သံကိုကြားလိုက်ရသည်။ သို့သော်နောက်ကျသွားပေပြီ။

ဟနုမာန်၏ ဓားသည် ဂုမ္ဘီကဏ္ဍ၏လည်ကို ထွင်းဖောက်သွားခဲ့သည်။ သားတော်မေဃနာဒသည် ထိုအခြင်းအရာကိုမြင်သည်နှင့်တစ်ပြိုင်နက် ခံတပ်ပေါ်မှခုန်ချရန်ထလိုက်သည်။ သို့သော်လှံတံတစ်စင်းဝင်လာသဖြင့် မြားပစ်စင်နောက်သို့ ခိုဝင်ရှောင်တိမ်းလိုက်ရသည်။ နောက်တစ်ကြိမ် ထွက်လိုက်သောအခါတွင်လည်း လှံတံတစ်စင်း ဝင်လာပြန်သည်။

"မေဃနာဒ၊ မင်းဒီမှာရှိနေတာကို ရန်သူကသိထားတယ်။ မင်းကိုနည်းနည်းလေးမှမလှုပ်ရှားနိုင်စေအောင် တစ်နေရာရာကနေပြီး ရန်သူဟာလှံတံတွေနဲ့စောင့်ဆိုင်းနေပုံပဲ၊ ဒါပေမယ့် .... အလို ...... ဟိုဟာက .."

ကျွန်ုပ်၏စကားကို အဆုံးမသတ်နိုင်ခဲ့ ။ သားတော်မေဃနာဒလည်း ကျွန်ုပ်အံ့သြသံကြောင့် ကျွန်ုပ်ကြည့်ရာသို့လှမ်းကြည့်လိုက်သည်။

ဦးရီးတော်မာရဇ္ဇနှင့် ဟာနုမာန်တို့ ရင်ဆိုင်တိုက်ခိုက်နေကြသောကြောင့်ပင်တည်း။

ဦးရီးတော်သည် ကြီးမားလှသော ပုဆိန်ကြီးဖြင့် ဟာနုမာန်ကိုသဲသဲမဲမဲလိုက်ခုတ်နေလေသည်။ သို့သော် ဟာနုမာန်သည် ကြီးမားသောခန္ဓာကိုယ်နှင့် မလိုက်အောင်ပင် ပေါ့ပါးစွာခုန်ပေါက် ရှောင်တိမ်းနေသည်။ ပြန်လှန် တိုက်ခိုက်ခြင်းကားမရှိ၊ ဦးရီးတော်၏ပုဆိန်ထိမိသော ခံတပ်နံရံများမှာ မီးပွားများအဆက်မပြတ်လွင့်စဉ်နေသည်။ ဤမျှလောက်ဆူညံစွာ ဟစ်ကြွေးတိုက်ခိုက်နေကြသည့်အထဲမှ ဦးရီးတော်၏ပုဆိန်နှင့်ကျောက်တုံးတို့ထိခတ်သံသည် ကျယ်လောင်စွာ ပေါ်ထွက်နေသည်။ အနည်းငယ်မျှ ခုခံရှောင်တိမ်းပြီးနောက် ဟာနုမာန်သည် ဦးရီးတော်ကိုမျက်နှာချင်းဆိုင်၍ စတင်တိုက်ခိုက်သည်။ သူတို့နှစ်ယောက်၏လက်နက်ခြင်းရိုက်ခတ်မိသည့်ပထမဆုံးအကြိမ်မှာပင် လက်နက် နှစ်ခုစလုံးလွင့်စဉ်သွားကြသည်။ ရုတ်တရက်မျှရပ်တန့်သွားကြပြီးနောက် ဦးရီးတော်နှင့်ဟာနုမာန်တို့သည်လက်နက်မပါဘဲ တိုက်ခိုက်ကြတော့သည်။ သူတို့နှစ်ဦးလုံး၏ တိုက်ခိုက်မှုကား လက်နက်စွဲကိုင်တိုက်ခိုက် သည်ထက်ပိုပြီး ပြင်းထန်သည်။ ကျားလျှာထက်ကြမ်းတမ်းသော ညာလက်ဖဝါးကြီးကို ဦးရီးတော်ကြိမ်ဖန်များစွာအသုံးပြုသည် ။ ထိုလက်ဖဝါးကြီးသည် ဟာနုမာန်၏ပခုံး၊ရင်အုပ်များ ပေါ်သို့အကြိမ်ကြိမ်ကျရောက်သည်။ ပဋ္ဌပက္ခသေနင်္ဂဗျူဟာကိုအသုံးပြုတိုက်ခိုက်နေသည့် ဦးရီးတော်၏အင်အားကို ဟာနုမာန်သည်ကြံ့ကြံ့ခံနေနိုင်သည်။ အခြားသူများသာဆိုလျှင် လက်ဖဝါး ထိမိသည့်နေရာတွင် သွေးချင်းချင်းနီနေပေရော့မည်။

"သင်းဟာ သံကိုယ်ကျပ်ဝတ်ထားတယ် ခမည်းတော်"

သားတော်မေဃနာဒသည် အံ့ကိုကြိတ်၍ တင်းမာသော လေသံဖြင့်ပြောလေသည်။သားတော် မေဃနာဒ ရှိရာမြားပစ်စင်တွင် ရန်သူပစ်လွှတ်သောလှံတံများသည် ထူထပ်စွာစိုက်ဝင်နေကြသည်။ သားတော်အား ဤနေရာမှ လုံးဝမခွာနိုင်စေရန် ရန်သူတို့ကတသီးတခြားတာဝန်ယူပိတ်ဆို့ ထားကြလေသည်။ ဦးရီးတော်နှင့်ဟာနုမာန်တို့ကား ယခုအခါ တစ်ဦးကိုယ်တစ်ဦး ဆုပ်ကိုင် ဖက်တွယ်လျက် တိုက်ခိုက်နေကြပေပြီ။ သူတို့သည် လုံးထွေးသတ်ပုတ်လျက် ခံတပ်မြေပြင် ကမူထက်မှ လိမ့်ဆင်းသွားကြသည်။ မေဃနာဒသည် နေရာမှထလိုက်ပြန်သည်။ လှံတံတစ်ချောင်းဝင်လာပြန်သည်။ သို့သော်ဤလှံတံကို ကျွန်ုပ်လက်ထဲမှသံလျက် ဖြင့်ပိုင်းဖြတ် နိုင်လိုက်သည့်အတွက် သားတော်၏ အသက်ချမ်းသာရာရသွားသည်။ ဤမျှမကသေး။ လှံတံပစ်လွှတ်ရာနေရာကိုပါကျွန်ုပ်သိလိုက်ရလေသည်။ ရန်သူ မက္ကဋမ္ဗသုံးယောက်သည် သစ်ပစ်တစ်ပင်မှနေ၍ သားတော်မေဃနာဒဆီသို့မလှုပ်နိုင်အောင်လှံတံများ ပစ်လွှတ်နေခြင်းဖြစ်သည်။ ကျွန်ုပ်သည် အနီးတွင်ကျဆုံးနေသည့်ဒြာဝိဒိယန်စစ်သည်တစ်ဦး၏ခါးမှ ဓားမြှောင်ကို ဖြုတ်ယူကာ ထိုသစ်ပင်ဆီသို့ ပေါက်ချလိုက်သည်။ ရန်သူများသည် အသံနက်ကြီးဖြင့် မြည်လျက် အောက်သို့ပြုတ်ကျသွားကြလေသည်။

"ကဲ မေဃနာဒ၊ မင်းမြားပစ်စင်နောက်က ထွက်လို့ရပြီ၊ မင်းရဲ့ဟာနုမာန်ဆီကိုသွားတော့လေ"

မေဃနာဒသည် ကျယ်လောင်စွာကြွေးကြော်လျက် ခံတပ်ထိပ်မှခုန်ချသွားသည်။ သူ့လက်ထဲတွင် စောစောက သူ့အားမထွက်နိုင်အောင်လုပ်ခဲ့သည့်လှံတံများကို ဆုပ်ကိုင်သွားသည်။ မေဃနာဒသည် ဦးရီးတော်တို့ တိုက်ခိုက် သတ်ပုတ်နေကြသည့် နေရာနှင့်မလှမ်းမကမ်းသို့ရောက်သွားလေသည်။ ဦးရီးတော်နှင့် ဟာနုမာန်တို့ကား မေဃနာဒ ရောက်ရှိလာကြောင်းမသိကြသေးပေ။

သားတော်မေဃနာဒအဖို့ သူ့လက်ထဲမှ လှံတံများကို အသုံးမပြုနိုင်သေး။ အကြောင်းမူ ဦးရီးတော်နှင့် ဟာနုမာန်တို့သည် လုံးထွေးနေကြသောကြောင့်ဖြစ်သည်။ ထို့ပြင်သူ့ကိုလည်း ရန်သူတစ်စုကတွေ့မြင်သွားပြီး သူ့ထံသို့ပြေးဝင်တိုက်ခိုက်ကြသည်။ မေဃနာဒသည် ရန်သူများကိုသုတ်သင်ပစ်လိုက်သည်။ သူ့လက်ထဲတွင် လှံတစ်ချောင်းတည်းသာကျန်တော့သည်။ လှံတံကိုကိုင်လျက်သူသည် ဟာနုမာန်ကို ထိုးစိုက်ရန်လှည့်ပတ်ချိန်ရွယ်နေရသည်။ ဦးရီးတော်နှင့်ပူးကပ်နေသောကြောင့်အခွင့်မသာပေ။ သို့သော်မေဃနာဒက တစ်စုံတစ်ခုအော်ကလိုက်ဟန်ရှိသည်။ လုံးထွေးသတ်ပုတ်နေကြသူနှစ်ဦးသည် လူချင်းခွာလိုက်ကြသည်။ ဟာနုမာန်ကိုဦးရီးတော်ထံမှ ကင်းရှင်းစွာ မြင်လိုက်ရသည်နှင့်တပြိုင်နက် မေဃနာဒသည်လှံတံကို ပစ်လွှတ်လိုက်လေသည်။ ဟာနုမာန်ရှောင်တိမ်းလိုက်သည်။ သို့သော် သားတော်၏လှံချက်မှာ လျင်မြန်လွန်းလှသဖြင့် ဟာနုမာန်၏ပုခုံးသို့ဝင်စွဲလေသည်။ ဟာနုမာန်သာမရှောင်တိမ်းပါက ဤလှံတံသည် ရင်ဝသို့ထုတ်ချင်းပေါက်မည်ဖြစ်သည်။ ပခုံးသို့စွဲဝင်သောလှံသည် ထုတ်ချင်းပေါက်မသွားချေ။ မေဃနာဒ၏စကားမှန်ပေသည်။ ဟာနုမာန်သည် သံကိုယ်ကျပ်ကိုဝတ်ဆင်ထားပေသည်။ သို့သော်သံကိုယ်ကျပ်ကို စိမ့်၍ထွက်လာသည့် သွေးများကို ပင်ကျွန်ပ်တို့တွေ့မြင်နေရသည်။ ဟာနုမာန်၏လက်တစ်ဖက်သည် အင်အားဆုတ်ယုတ်သွားပြီဖြစ်သည်။

ယခုအခါ မေဃနာဒရောဟာနုမာန်ပါ လက်နက်များကင်းမဲ့နေကြသည်။ ကိုယ်ကာယပိုမိုကြီးထွားသော ဟာနုမာန်နှင့် သားတော်ကို လက်ချည်းသက်သက်မတိုက်ခိုက်စေလိုပေ။ ထို့ကြောင့်ကျွန်ုပ်သည် သားတော်ထံသို့ ဓားတစ်လက်ပစ်ချပေးလိုက်သည်။

"သားတော်မေဃနာဒ ၊ အဲဒီဓားကိုယူဟေ့"

မေဃနာဒသည် ဓားကိုဖမ်းလိုက်သည် ဟာနုမာန်မှာမူ လက်နက်မရှိချေ။ ထိုအခိုက်ဝယ်လက်နက်မဲ့နေသော ပခုံးတွင် ဒဏ်ရာရထားသောရန်သူကို မိမိကလက်နက်ဖြင့်တိုက်ခိုက်ခြင်း အမှုကိုကျွန်ုပ်မလိုလားမရှုဆိတ်ဖြစ်လာသည်။ ဒြာဝိဒိယန်သေနာပတိချုပ်ကို ထိုအနေအထားဖြင့် မတိုက်ခိုက်စေလိုပေ။ ဟာနုမာန်သည် ရန်သူစစ်သူကြီးပင်ဖြစ်သော်လည်း သူရဲကောင်းတစ်ဦး ဖြစ်သည်။ ရန်သူကိုသတ်ဖြတ်ရေးမှာ ကျွန်ုပ်ဒသဂီရိ၏အမြတ်နိုးဆုံး ရည်ရွယ်ချက်ဖြစ်သည်။ သို့သော်ဤမျှနှင့်မပြည်စုံ၊ ရန်သူကို သူရဲကောင်းပီသစွာတိုက်ခိုက်သတ်ဖြတ်ရေး။

လင်္ကာဒီပဘုရင်၏သားတော်၊ လင်္ကာဒီပသေနာပတိချုပ်မေဃနာဒ၏တိုက်ပွဲကိုလည်း သူရဲကောင်းတိုက်ပွဲဖြစ်စေလိုသည်။ အကယ်၍သားတော်သည် လက်နက်မဲ့သောရန်သူအား ဤအတိုင်းတဖက်သတ်တိုက်ခိုက်မည်ဆိုပါက စစ်ပွဲပြီးလျှင်သားတော်အား သေနာပတိချုပ် အဖြစ်မှ ဖယ်ရှားပစ်မည်ဟု ကျွန်ုပ်စိတ်ကူးလိုက်သည်။

သို့သော် ....... ဒသဂီရိ၏သားဖြစ်သော မေဃနာဒသည် ဓားကိုကိုင်လျက်ဟာနုမာန်ကို မတိုက်ခိုက်သေးဘဲ တစ်စုံတစ်ခုပြောဆိုနေသည်ကို ကျွန်ုပ်တွေ့ရသည်။ လက်ထဲမှဓားဖြင့်တစ်စုံ တစ်ခု ကိုညွှန်ပြနေသည်။ ထိုအရာကား မလှမ်းမကမ်းတွင်သေဆုံးနေသည့် စစ်သည်တစ်ဦး ထံမှဓားဖြစ်သည်။ ကျွန်ုပ်သည် သားတော်၏ အပြုအမူကိုများစွာ နှစ်ခြိုက်မိလေသည်။ ဟာနုမာန်အားလက်နက်စွဲကိုင်တိုက်ခိုက်ရန် ပြောနေခြင်းပင်ဖြစ်ပေမည်။ သို့သော်ဟာနုမာန်သည် ဓားကိုမကောက်ယူဘဲ မေဃနာဒကို တစ်စုံတစ်ခုပြောနေပြန်သည်။

ထိုအခိုက်မမျှော်လင့်သော အဖြစ်အပျက်တစ်ခုဖြစ်ပေါ်လာသည်။ကျောက်တန်းများပေါ်မှ မြင်းစီးစစ်သည်များ စစ်ပွဲနေရာသို့တစ်စဟုန်ထိုးပြေးဝင်လာသည်။ ရန်သူတို့သည် မြင်းများကို အသုံးပြုနေကြပေပြီ။ မြင်းခွာသံများ မြည်ဟည်းလာသည်။ မြင်းစီးစစ်သည်တစ်စုသည် မေဃနာဒတို့ရှိရာသို့ကဆုန်ဆိုင်းလာသည်။ မြင်းတစ်စီးသည် ဟာနုမာန်ဆီသို့ဝင်လာပြီး ဒဏ်ရာရနေသည့်သူ၏စစ်သူကြီးကို လှံတံရိုးကမ်းပေးလိုက်သည်။ ဟာနုမာန်သည် လှံတံကိုဆုပ်ကိုင်၍ မြင်းပေါ်သို့ခုန်တက်လိုက်လေသည်။ မေဃနာဒက ကဆုန်ချသွားသော မြင်းဆီသို့ ဓားဖြင့်ပေါက်လိုက်ရာဟာနုမာန်ကိုလာခေါ်သည့် မက္ကဋ္ဌ၏ကျောပြင်ကို ဓားဝင်စိုက်သည်။ ထိုသူလည်း မြင်းပေါ်မှလိမ့်ကျလေသည်။ ဟာနုမာန်ကား မြင်းပေါ်တွင်ပါသွားလေသည်။ နောက်ထပ်မြင်းငါးစီးမျှ မေဃနာဒ ဆီသို့ကဆုန်ချဝင်လာသည်။ ဦးရီးတော်မာရဇ္ဇသည် မေဃနာဒရှိရာသို့ ခုန်ဝင်၍မေဃနာဒကိုတွန်းဖယ်လိုက်သည်။ ထို့နောက်မေဃနာဒနှင့် ဦးရီးတော်တို့သည် ခံတပ်ပေါ်သို့ပြန်လှည့်လာကြလေသည်။

ရန်သူက မြင်းကိုအသုံးပြုပြီဖြစ်သဖြင့် ကျွန်ုပ်တို့လည်းခံတပ်ထိပ်တွင်ချက်ချင်းနေရာပြန်ယူကာ လေးနှင့်မြားကိုပြန်လည်ဆွဲကိုင်ကြတော့သည်။ မက္ကဋ္ဌစစ်သည်တို့သည် မြင်းစီးလည်းကျွမ်းကျင်ကြလေသည်။ သို့သော်ခံတပ်အတွင်းပြန်ဝင်ရန် အခွင့်မသာတော့သည့် ဒြာဝိဒိယန်စစ်သည်များကိုသာ သူတို့သည်မြင်းပေါ်မှ တိုက်ရိုက်သတ်ဖြတ်နိုင်ခဲ့သည်။ ခံတပ်ထိပ်မှ ကျွန်ုပ်၏စစ်သည်များ ပစ်လွှတ်သည့်မြားများအောက်တွင်သူတို့သည် လူရောမြင်းပါ သေဆုံးကုန်ကြပေသည်။ ခံတပ်တံခါးမုခ်တွင် ဒြာဝိဒိယန်တို့မရှိတော့ပြီဖြစ်သဖြင့် ရန်သူတို့သည် တံခါးမုခ်ကိုသစ်လုံးဖြင့်ထိုးဖောက်ဖျက်ဆီးခွင့်ရသွား ကြသည်။

ထို့ကြောင့်ခံတပ်တံခါးကျိုးပေါက်သွားသည်။ရန်သူတို့သည် ခံတပ်အတွင်းသို့ဝင်ရောက်လာကြသည်။ သို့ဖြင့်ခံတပ်အတွင်းဘက် တံခါးဝတွင်ပြင်းထန်သောတိုက်ပွဲထပ်မံဖြစ်ပွားပြန်သည်။ အချိန်မှ ညနေ နေဝင်ချိန်သို့ ရောက်လာပေပြီ။

ခံတပ်အတွင်းသို့ကျုံလာသည့် ရန်သူမြင်းစီးစစ်သည်တော်ကို သေနင်္ပရိယာယ်ဖြင့် ပြောင်းလဲတိုက်ခိုက်ရန် ကျွန်ုပ်စီမံလိုက်သည်။ ဒြာဝိဒိယန်စစ်သည်တို့ကို အစုနှစ်စုခွဲလိုက်သည်။ ပထမအစုကို ခံတပ်ထိပ်မှာပင်နေစေပြီး လေးနှင့်မြားကို စွဲကိုင်စေသည်။ သူတို့၏တာဝန်မှာမြင်းပေါ်မှရန်သူတို့ကို တစ်ဦးစီတည့်ပတ်စွာချိန်ရွယ်ပစ်လွှတ်ရန်ဖြစ်သည်။ ဒုတိယအစုကိုမူကား ခံတပ်မြေပြင်သို့ဆင်းစေ၍ ဓားကိုဆွဲကိုင်စေလိုက်သည်။ သူတို့၏တာဝန်မှာ လူကိုမဟုတ်ဘဲ မြင်းများ၏ခြေထောက်ကို အောက်ခြေမှခုတ်ပိုင်းရန်ဖြစ်သည်။ အစတွင်ဤတိုက်ခိုက်မှုသည် ထိရောက်ခြင်းမရှိခဲ့။ ခံတ်ပထိပ်မှပစ်လွှတ်လိုက်သော မြားတံတို့သည် ရန်သူကိုမထိမှန်ဘဲ လွဲချော်နေခဲ့သည်။ မြင်းများကို ခုတ်ပိုင်းရမည့် သူများမှာလည်း ရန်သူ၏ဓားချက်တွင်ကျဆုံးကြသည်။ သို့သော်နေလုံးပျောက်ကွယ်လုအချိန်တွင်မူ ကျွန်ုပ်၏သေနင်္ပရိယာယ်သည် အကျိုးအရာထင်လာသည်။ ခံတပ်၏မြင့်မားသောနံရံထက်တွင် ဝက်ဝံဆီမီးတိုင်များထွန်းညှိလိုက်သောအခါ မီးတိုင်မှ အလင်းရောင်သည် မြင်းပေါ်မှ ရန်သူများကို ထင်ရှားစွာညွှန်ပြလေသည်။ ထိုအခါခံတပ်ထိပ်မှ လေးသည်တော်တို့သည် တိကျသောမြင်ကွင်းများရရှိသွားကြသည်။ မီးရောင်သည်အောက်ခြေမြေပြင်တွင် မရှိသောကြောင့်မြင်းပေါ်မှရန်သူသည် အောက်မှဒြာဝိဒိယန်တို့ကို ကောင်းစွာမမြင်ရတော့ချေ။ ဤတွင်ဒုတိယအစုသည် မြေပြင်မှနေပြီး မြင်းများကို ခုတ်ပိုင်းရန်အခွင့်သာသွားလေတော့သည်။

အရှေ့ကောင်းကင်၌လဆုတ်လပေါ်ထွက်လာချိန်တွင်မူကား ခံတပ်အတွင်းသို့ ကျုံဝင်လာသော ရန်သူမြင်းစီးစစ်သည်များမှာ အတုံးအရုံးသေဆုံးကြလေပြီ။ အရေးနိမ့်လာသောရန်သူတို့သည် သူတို့ထိုးဖောက် ဖျက်ဆီးထားသော တံခါးမုခ်မှပင် ပြန်၍ကဆုန်ချ ထွက်ပြေးသွားကြတော့သည်။

ဒုတိယခံတပ်စစ်ပွဲသည် တစနေ့ပတ်လုံးပြင်းထန်စွာဖြစ်ပွားခဲ့ပြီးနောက်လထွက်ချိန်တွင်ပြီးဆုံးသွားခဲ့ပေပြီ။ ဤတစ်ချိန်တွင်လည်း ရန်သူသည်ရှုံးနိမ့်သွားခဲ့ပြီ။ ဒြာဝိဒိယန်တို့ကပင်အောင်ပွဲခံလိုက်ပြန်ပြီ။ တံခါးမုခ် ကျိုးပေါက်သွားခဲ့သော်လည်း ရန်သူသည်ခံတပ်ကိုမသိမ်းပိုက်နိုင်ခဲ့။ သို့သော် ကျွန်ုပ်တို့ဘက်မှ ဆုံးရှုံးရသော စစ်သည်များစွာအနက် အရေးပါသောသူရဲကောင်းတစ်ဦးရှိခဲ့သည်။ သူကားဒုတိယခံတပ် သေနာပတိဂုမ္ဘီကဏ္ဍာပင်တည်း။

ဒုတိယစစ်ပွဲမှ ဒဏ်ရာရသူကျဆုံးသူ အရေအတွက်မှာ ပထမစစ်ပွဲ၏နှစ်ဆဖြစ်သည်။ရန်သူဘက်မှလည်း ပထမခံတပ်စစ်ပွဲထက်နှစ်ဆခန့်ကျဆုံးသည်။ ကျွန်ုပ်၏သေနာပတိဂုမ္ဘီကဏ္ဍာ သည် ဟာနုမာန၏လက်ချက်ဖြင့်ကျဆုံးရသလို ဂုမ္ဘီကဏ္ဍာလက်ချက်ဖြင့်ကျဆုံးသွားသော် မက္ကဋ္ဌဗိုလ်မင်းများ၏အလောင်းများကိုလည်း ခံတ်ပတံခါးမုခ်ရှေ့၌တွေ့ ရလေသည်။

ထိုညမှာပင်ကျွန်ုပ်တို့သည် သေနာပတိဂုမ္ဘီကဏ္ဍာ၏အလောင်းကို ခံတပ်အတွင်း၌သင်္ဂြိုဟ်လိုက်သည်။ မိမိတို့၏သေနာပတိကျဆုံးသွားသောကြောင့် ဒြာဝိဒိယန်စစ်သည်များသည် နာကြည်းခက်ထန်နေကြလေသည်။

သားတော်မေဃနာဒနှင့်ဦးရီးတော်မာရစ္စတို့သည် ရန်သူစစ်သူကြီး ဟာနုမာန်ကိုလက်လွှတ်လိုက်ရသဖြင့် မကျေမချမ်းဖြစ်နေကြသည်။

"သင်းရဲ့သံကိုယ်ကျပ်သာ ဝတ်ဆင်မထားဘူးဆိုရင်သားတော်ရဲ့လှံတံဟာ သင်းရဲ့ပခုံးကိုထုတ်ချင်း ပေါက်သွားမှာပဲ၊ ပြီးတော့ဘကြီးတော်လည်း ရှိနေတော့ဘကြီးတော်ကိုငဲ့ပြီး ချက်ကောင်းကို ရှောင်နေရတယ်"

"မေဃနာဒရယ် .... ငါနဲ့လုံးထွေးနေချိန်မှာ မင်းလက်ထဲကလှံတံနဲ့ တို့နှစ်ယောက်လုံးကို ထုတ်ချင်းပေါက်အောင်ပစ်လိုက်ရောပေါ့၊ ငါ့ကိုငဲ့နေစရာမလိုပါဘူး"

ဦးရီးတော်သည် အခဲမကျေသည့်လေသံဖြင့်ပြန်ပြောသည်။

ဂုမ္ဘီကဏ္ဍာ၏အလောင်းကို မီးရှို့နေသည့်နေရာမှ မီးရောင်များသည် သူတို့၏မျက်နှာပေါ်တွင် ထင်ဟပ်နေသည်။ မီးရောင်ကြောင့် သူတို့၏မျက်နှာမှာကြေးနီရောင်ထနေသည်။

"ဦးရီးတော်ရောမေဃနာဒပါ ဒီစစ်ပွဲမှာရှုပ်ရှုပ်ချွံချွံတိုက်ခဲ့ကြပါတယ်၊ ကျုပ်ခံတပ်ထိပ်ကနေပြီး အားလုံးကိုတွေ့နေရတယ်၊ ဘာပဲဖြစ်ဖြစ်ဟာနုမာန်ကိုလည်း ဒဏ်ရာရာသွားအောင်သားတော်ကလုပ်လိုက်နိုင်တာပဲ၊ နောက်တစ်ကြိမ်မှာတော့သူ့ကိုအသေသတ်နိုင်မှာပေ့ါ"

"မြင်းစီးစစ်သည်က လာမကယ်ဘူးဆိုရင်သင်းအဲဒီနေရာမှာတင်အသက်ပျောက်မှာပါ"

သားတော်မေဃနာဒသည် ဟာနုမာန်အတွက်မကျေမချမ်းနိုင်ဖြစ်နေပေသည်။

"ဟော့ ...... နေပါဦး မေဃနာဒ၊ ငါမင်းကို ခေးလှမ်းပေးလိုက်ပြီးနောက်မှာ မင်းကခေးကို ကိုင်ထားရင်းဟာနုမာန်ကိုဘာတွေပြောနေတာလဲ"

"သြော်"

မေဃနာဒသည်ပြန်လည်လေးနက်တည်ကြည်သွားလေသည်။

"အဲဒီတုန်းက သားတော်လက်ထဲမှာ ခေးရှိနေတယ်၊ ဟာနုမာန်မှ ဘာလက်နက်မှမရှိဘူး၊ ပြီးတော့ သူဟာပခုံးမှာဒဏ်ရာလည်းရထားတယ်၊ လက်နက်မဲ့ဒဏ်ရာရထားသူတကို သားတော်မတိုက်ခိုက်လိုဘူး၊ သူဟာရန်သူ စစ်သူကြီးတစ်ယောက်ဖြစ်တယ်၊ သင်းကိုသားတော်တွေ့ရာနေရာမှာ အသေသတ်ရမှာဖြစ်ပေမယ့် သူ့ရဲ့ကောင်းအချင်းချင်းရဲ့ဂုဏ်မြောက်တဲ့ပွဲပဲဖြစ်စေချ င်တယ်၊ ဒါကြောင့်ခေးတစ်ချောင်းစွဲကိုင်ဖို့သားတော်သူ့ကိုပြော နေခဲ့တာပါ"

"အေး ....... ဒီတော့သူက ...."

"ဟာနုမာန်ဟာ သားတော်ပြောတာကိုလက်မခံဘူး၊ သူ့ကိုတိုက်ခိုက်ဖို့နဲ့ရှုံးနိမ့်သွားရင်လည်း ကျေကျေနပ်နပ်အသက်ဆုံးရှုံးခံမယ်လို့ပြန်ပြောတယ်၊ အဲဒီအချိန်မှာမြင်းစီးစစ်သည်တွေသူ့ကိုလာကယ်တာပဲ"

"သားတော်တစ်ယောက်ကို ဖခင်တစ်ယောက်ကချီးကျူးတဲ့အနေနဲ့မဟုတ်ဘူး၊ လင်္ကာဒီပဘုရင်က သူ့ရဲ့သေနာပတိချုပ်ကို ချီးကျူးတဲ့အနေနဲ့ မင်းရဲ့သူရဲကောင်းစိတ်နှလုံးကိုငါချီးကျူးပါတယ် မေဃနာဒ၊ မင်းရောဦးရီးတော်ရော ဒီတိုက်ပွဲကို နှစ်သိမ့်သင့်ကြပါတယ်။ ငါ့အတွက်တော့အလိုမပြည့်ဘူး"

"ဘာဖြစ်လို့လဲ ရာဝဏ"

"ကျုပ်ရန်သူရာမကို တိုက်ပွဲအစအဆုံးမတွေ့ရဘူး ဦးရီးတော်၊ ဒုတိယတိုက်ပွဲမှာသင်းပျောက်နေတယ်၊ ရာမ သူ့ရဲ့ညီလက္ခဏကိုလည်းမတွေ့ရဘူး၊ ကိသကိန္ဒာဘုရင်သုခရိတ်ကိုလည်းမတွေ့ရဘူး"

"အင်း .... ဟုတ်တယ်၊ ဒီတိုက်ပွဲမှာ စစ်သူကြီးဟာနုမာန်တစ်ယောက်တည်း ဦးစီးလာတယ်နဲ့တူတယ်၊ ရာမတို့ညီအကိုနှစ်ယောက်နဲ့သုခရိတ်ဘုရင်ကို ငါလည်းမတွေ့ဘူး"

ဂမ္ဘီကဏ္ဏ၏အလောင်းကိုမီးသဂြိုလ်နေသည့်နေရာမှ မီးတောက်များသည် အလျှံညီးညီးတောက် လောင်နေကြပြီဖြစ်သည်။ ရန်သူနှင့်မဆုံးဆည်းလိုက်ရခြင်းကိုအကြောင်းပြု၍သစ္စာဖောက် ဘိဘိသနကိုပါသတိရလိုက်သဖြင့် ကျွန်ုပ်၏ရင်တွင်း၌ဒေါသများတောက်လောင်လာသည်။

"ရန်သူဟာ အခုပထမခံတပ်ပနဲ့ ဒုတိယခံတပ်ကို နှစ်ကြိမ်လာရောက်တိုက်ခိုက်သွားပြီး နှစ်ကြိမ်စလုံး သူတို့ထွက်ခွာသွားရတယ်၊ နောက်တတိယအကြိမ်မှာ သူတို့ကျန်တဲ့ခံတပ် တွေကိုလာတိုက်ပါဦးမလားမသိဘူး .... ရာဝဏ၊ ငါ့အယူအဆကိုပြောရရင်တော့ ကိသကိန္ဒာနယ်စပ်က ရာဝဏခံတပ်ကိုသူတို့တိုက်ကောင်းတိုက်လိမ့်မယ်၊ အခုအတိုင်း တတိယ၊စတုတ္ထ၊ ပဥ္စမခံတပ်တွေကိုလာတိုက်နေရင်အထိနာပြီး ပြန်ပြန်ဆုတ်ရမှာပဲဆိုတာသူတို့ တွက်မိကောင်းတွက်မိမယ်။ ကိသကိန္ဒာနယ်စပ်ရာဝဏခံတပ်ဟာ လင်္ကာဒီပနဲ့ အဝေးဆုံးဖြစ်ပေမယ့် အင်အားအတောင့်တင်းဆုံးမဟုတ်လား၊ ပြီးတော့ဒီခံတပ်ပေါက်သွားရင်လည်း ကျန်တဲ့ခံတပ် တွေကိုအလွယ်တကူသိမ်းပိုက်နိုင်တော့မှာကို ဟိုသစ္စာဖောက်ဆီက သူတို့သိပြီးကောင်း သိပြီးလိမ့်မယ်"

ဦးရီးတော်၏အယူအဆသည် ကျိုးကြောင်းဆီလျော်သင့်မြတ်လှပေသည်။ သစ္စာဖောက်ဘိဘိသန ရန်သူထံ၌ရောက်ရှိနေခြင်းကား ကျွန်ုပ်တို့အတွက်လွန်စွာရှုပ်ထွေးသော သေနင်္ဗျူဟာများကိုဖြစ်ပေါ်စေသည်။ ဘိဘိသနသည် ရန်သူကိုအဘယ်သို့သော အစီအစဉ် များပေးမည်ကို ကျွန်ုပ်တို့အမျိုးမျိုးဆင်ခြင်စဉ်းစားကြရပေသည်။ ယခုထိမူသင်း၏အကြံအစည် များမအောင်မြင်ခဲ့။ သို့သော်စစ်ပွဲတစ်ပွဲပြီးတိုင်း နောက်တစ်ကြိမ်တွင်ရန်သူသည် မည်သည့် အစီအစဉ်ဖြင့်လာရောက်မည်နည်းဆိုသည်ကို ကျွန်ုပ်တို့တွက်ချက်နေရသည်။ ထိုပြင်စစ်ပွဲ ဖြစ်ပေါ်နိုင်မည့် နေရာတိုင်းသို့လည်း ကျွန်ုပ်နှင့်သားတော်တို့ လိုက်၍ဦးစီးကွပ်ကဲနေရန် လည်းမဖြစ်နိုင်ချေ။

"မှန်တယ်ဦးရီးတော်၊ တတိယအကြိမ်စစ်ပွဲဟာ ရာဝဏခံတပ်မှာဖြစ်ကောင်းဖြစ်နိုင်တယ်။ ဒါပေမယ့် မုချကျိန်းသေတွက်လို့မဖြစ်သေးဘူး။ ကျုပ်တို့တစ်ခုပဲသေသေချာချာပြောနိုင်တယ်၊ အဲဒါကတော့ ခံတပ်ကိုးခုအနက်က

တစ်ခုခုမကျိုးပေါက်ဘဲနဲ့တော့ ရန်သူဟာ လက်ာဒီပမြေပြင်ကိုတစ်ဆံခြည်မျှချဉ်းနင်းဝင်ရောက်လို့ရ မှာမဟုတ်ဘူးဆိုတာပဲ။ ဒီတော့နောက်ရင်ဆိုင်ရမယ့်စစ်ပွဲတွေအတွက် ကျုပ်တို့ခံတပ်အားလုံးက သေနာပတိတွေအားလုံးကို ဒီကိုဆင့်ခေါ်ရမယ်၊ အမြန်ဆုံးဆွေးနွေးစီစဉ်ပြီး ရန်သူရဲ့သေနင်္ဂဗျူဟာကိုစစ်မျက်နှာတိုင်းမှာခုခံချေမှုန်းဖို့အဆင်သင့်ဖြစ်ဖို့လုပ်ရလိမ့်မယ်”

“ခမည်းတော်ပြောတာဟုတ်ပါတယ်၊ သစ္စာဖောက် ဘထွေးတော်ရဲ့ အကြံအစည်ဟာ ဘယ်လိုပုံစံမျိုးနဲ့ ဘယ်နေရာမှာ ပေါ်ပေါက်လာမယ် ဆိုတာမပြောနိုင်ဘူး၊ ဒါကြောင့်အချိန်မရွေးအမြဲအဆင်သင့်ဖြစ်နေနိုင်အောင် ဆွေးနွေးစီစဉ်သင့်ပါတယ်”

“ကောင်းပြီ ကျန်တဲ့ခံတပ်တွေက သေနာပတိတွေအားလုံးဒီကို အမြန်ဆုံးလာရောက်ဖို့ဆင့်ခေါ်လိုက်၊ ငါရန်သူ အသားဝါမင်းသားနဲ့ကတော့ စစ်ပွဲတစ်ပွဲမဟုတ်တစ်ပွဲမှာတွေ့ရမှာပဲ၊ ငါကတော့ စစ်ပွဲတိုင်းကို လိုက်ပါနေရမယ်၊ မင်းနဲ့ ဦးရီးတော်ကိုတော့ ခွဲခြားတာဝန်ပေးရမယ်၊ ကဲ .... အနားယူကြ”

သေနာပတိများအားလုံးနှင့်ဆွေးနွေးစီစဉ်ရန်ရက်ကိုဒုတိယ ခံတပ်တိုက်ပွဲအပြီး နှစ်ရက်မြောက်နေ့တွင် ပြုလုပ်ရန်စီစဉ်ခဲ့သည်။

သို့သော်ဆွေးနွေးပွဲကိုမပြုလုပ်ဖြစ်ခဲ့ချေ။

ခံတပ်တိုက်ပွဲအပြီးတစ်ရက်အကြာတွင် လက်ာဒီပမှမြင်းသည်တော်တစ်ဦးရောက်လာပေသည်။ မြင်းသည်တော်သည် ခံတပ်အတွင်းသို့မြင်းကိုဒုန်းဆိုင်းဝင်ရောက်လာပြီး ကျွန်ပ်ရှိရာတဲနန်းသို့ပြေးလာလေသည်။

“ဘုရင်မင်းမြတ် ... ၊ လက်ာဒီပနန်းတော်ကို ရန်သူငါးယောက်တိတ်တဆိတ်ဝင်လာပြီးမီးရှို့သွားပါတယ် ၊ သီတာဒေဝီကို ခိုးယူဖို့ကြိုးစားကြပါတယ်၊ ရန်သူသုံးယောက်ကျဆုံးပြီး နှစ်ယောက်ထွက်ပြေးလွတ်မြောက်သွားပါတယ်”

“ဘာ”

“သီတာဒေဝီကိုတော့ သူတို့ခိုးယူမသွားနိုင်ခဲ့ပါဘူး၊ ဒါပေမယ့် ......”

“ပြောစမ်း ..... မြန်မြန်”

“ရွှေလှောင်အိမ်ပျက်စီးသွားပြီး သော်ကဥယျာဉ်စောင့်တပ်မှူးကျဆုံး .........”

“သားတော်မေဃနာဒလိုက်လိုက်ခဲ့၊ ဦးရီးတော်နေရစ်ခဲ့၊ သေနာပတိတွေရောက်လာရင်ကျုပ်ပြန်လာတဲ့အထိစောင့်”

စစ်မြင်းဆယ်ကောင်က ရထားကို လက်ာဒီပသို့အပြင်းမောင်းနှင်လာခဲ့လေသည်။

သီတာဒေဝီကိုချုပ်နှောင်ထားရာ ရွှေလှောင်အိမ်တံခါးသည် ကျိုးပဲ့ပျက်စီးနေသည်။ အထဲတွင်သီတာဒေဝီမရှိချေ။ သောကဥယျာဉ်မှ သစ်ပင်အချို့မီးလောင်ကျွမ်းနေသည်။ သော်ကဥယျာဉ်နှင့်ဆက်စပ်နေသော လက်ာဒီပနန်းတော်မြောက်ဘက် အဆောင်တစ်ခုလုံးသည် မီးလောင်ကျွမ်းထားလေသည်။ မီးကျွမ်းနေသောပြသာဒ်အမိုးများနှင့်တိုင်လုံးများမှာ ကျွန်ပ်ကို ကျက်သရေကင်းမဲ့စွာဆီးကြိုနေသည်။

“ဟော့ ..... သီတာဒေဝီဘယ်မှာလဲ”

“ဂန္ဓမာလာသားရဲတွင်းကို ရွှေပြောင်းချုပ်နှောင်ထားပါတယ် ဘုရင်မင်းမြတ်”

ဂန္ဓမာလာသားရဲတွင်းဆီသို့ကျွန်ပ်ရထားကိုမောင်းနှင်ခဲ့ ရပြန်သည်။ သားရဲတွင်းရှိ ရွှေလှောင်အိမ်ထဲမှ ခြင်္သေ့တို့သည် ကျွန်ပ်၏ရထားသံကြောင့် ကျယ်လောင်စွာ ဟိန်းဟောက် လေသည်။ စစ်မြင်းများမှာ ခြင်္သေ့သံကြောင့်တဟီးဟီးအော်မြည်လျက် ခုန်ပေါက်နေကြသည်။ ကျွန်ပ်သည် မေဃနာဒနှင့်အတူ သားရဲတွင်းထဲသို့ ဝင်ခဲ့သည်။

သီတာဒေဝီသည် ကြီးမားသောသင်လှောင်အိမ်ထဲ၊နေရောင်ထိသောပန်းတစ်ပွင့် နယ် နွမ်းနယ်ဖျော့တော့စွာ လဲကျနေသည်။ သူ့အနီးတွင် ကျွန်ပ်တာဝန်ပေးထားသည့် ရုံရွှေများ ဝိုင်းအုံပြုစုနေကြသည်။

“သွား ..... အားလုံးထွက်သွားကြစမ်း၊ သားရဲတွင်းထဲကို ရွှေပြောင်းထားပြီးထိတ်လန့်သွား အောင်လုပ်ထားပြီးမှ ပြုစုနေကြသလား၊ ဘယ်မလဲဟေ့ သားရဲတွင်းစောင့်”

“ရှိပါတယ် ဘုရင်မင်းမြတ်”

“သီတာဒေဝီကိုဒီနေရာထားဖို့ မင်းကိုဘယ်သူကခွင့်ပေးလဲ”

“သော်က .. ဥယျာဉ် ဒုတိယတပ်မှူးပါ ဘုရင်မင်းမြတ်”

“သွား ..... ငရဲသားတွေ၊ မင်းနဲ့ အဲဒီဒုတိယတပ်မှူးအပြင်မှာစောင့်နေ၊ သီတာဒေဝီဟာ အကျဉ်းသားမဟုတ်ဘူး၊ သူဟာလုပနနယ်တဲ့မိန်းမသားတစ်ယောက်၊သူ့ကို ဒုက္ခရောက်အောင် ချုပ်နှောင်ထားတဲ့အတွက် မင်းတို့ဒုက္ခရောက်ရမယ်”

သားရဲတွင်းစောင့်သည် ထွက်ပြေးသွားသည်။ သီတာဒေဝီကား ညောင်စောင်းကျောက်

သလွန်ပေါ်တွင်လဲကျနေလေသည်။

“သီတာဒေဝီ”

သီတာဒေဝီသည် ကျွန်ပ်အသံကိုမကြားနိုင်တော့၊ ထိတ်လန့်မှုများဖြင့်မေ့မျောနေပြီဖြစ်သည်။

"သူ့ကိုမေးလို့ရမှာမဟုတ်တော့ဘူး ခမည်းတော်၊ ထိတ်လန့်တုန်လှုပ်စရာကြုံတွေ့ခဲ့လို့သူ အကြောက်ကြီးကြောက်ပြီး မေ့မျောနေပြီ"

သားတော်မေဃနာဒကပြောသည်။ ကျွန်ုပ်သည် သီတာဒေဝီကို နန်းတော်ဆောင်ဆီသို့ ခေါ်လာခဲ့သည်။ ပူပြင်းသောနေနှင့်ထိတွေ့သည့်ပမာညိုးငယ်သွားသော အလှဆုံးပန်းပွင့်သည် ကျွန်ုပ်ရင်ခွင်၌မိန်းမောပျော့ခွေနေရှာပေသည်။ နန်းတော်ဆောင်အတွင်း စက်ရာပေါ်တွင်သီတာ ဒေဝီ ကိုချထားလိုက်ပြီး အဆောင်တော်ဝန်နှင့်ကိုယ်လုပ်တော်များကို မှာကြားအပ်နှံခဲ့ပြီးမှ ကျွန်ုပ်နှင့်မေဃနာဒသည် မီးလောင်ကျွမ်းသွားသော မြောက်ဘက်နန်းတော်ဆောင်ရှိရာသို့ပြန်လာခဲ့ကြသည်။ ရွှေလှောင်အိမ်သည် ကျိုးပဲ့ပျက်စီးနေသည်။ မီးလောင်ထားသော သစ်ပင်များသည် အပူငွေ့မသေကြသေးသဖြင့် ထိုနေရာတဝိုက်တွင်ပူလောင်နေဆဲဖြစ်သည်။ သော်ကဥယျာဉ်ဒုတိယတပ်မှူးသည် တပ်မှူး၏အလောင်းကို ကျွန်ုပ်ရှေ့မှောက်သို့ချလိုက်သည်။ သူ့ကိုယ်မှ သွေးများသည် မြက်ခင်းပေါ်သို့စီးကျနေသည်။

"တိရစ္ဆာန်တွေ ..... ငရဲသားတွေ၊ ပြောစမ်း ..... ဘယ်လိုဖြစ်ကြသလဲ"

"မနေ့ည သန်းလွဲအချိန်မှာမြောက်ဘက်ဆီကတဝုန်းဝုန်းအသံများကြား လိုက်ရပြီးနောက် မီးတောက်ကြီးတွေထလာပါတယ် ဘုရင်မင်းမြတ်၊ ကျွန်ုပ်ကသော်ကဥယျာဉ်မုခ်ဝမှာအစောင့်များကို စစ်ဆေးနေပါတယ်၊ တပ်မှူးလည်းအတူရှိနေပါတယ်၊ မီးလျှံများကြီးမားလွန်းတာကြောင့်တပ်မှူးနဲ့တကွကျွန်ုပ်တို့အားလုံး မြောက်ဘက်အဆောင်ရှိရာကိုပြေးသွားကြပါတယ်၊ မီးတောက်ကြီးများဟာ မြောက်ဘက်အဆောင်ရဲ့ပတ်ပတ်လည်မှာ တစ်ခုပြီးတစ်ခုတောက်လောင်နေပါတယ်။ မီးရောင်ထဲမှာ မီးတုတ်တွေကိုင်ပြီး ပြေးလွှားမီးရှို့နေကြတဲ့ ရန်သူမက၊စစ်သည်ငါးယောက်ကို တွေ့ကြရပါတယ်။ ကျွန်ုပ်တို့နဲ့ရင်ဆိုင်တိုက်ခိုက်ကြပါတယ်၊ မီးကိုငြိမ်းသတ်သူများက ငြိမ်းသက်ကြပါတယ်။ မီးတောက်တွေကြားထဲမှာ ရန်သူဟာမျောက်ဝံတွေရဲ့လျင်မြန်မှုမျိုးနဲ့ ပြေးလွှားခုန်ကြပါတယ်၊ ကျွန်ုပ်မက၊တစ်ယောက်နဲ့တိုက်နေတုန်းမှာ တပ်မှူးဟာ သော်ကဥယျာဉ်ဘက်ဆီပြေးသွားတာတွေ့လိုက်ရပါတယ်၊ နောက်တော့သိရတာက သူဟာသော်ကဥယျာဉ်ထဲက သီတာဒေဝီကိုချုပ်လှောင်ထားတဲ့ ရွှေလှောင်အိမ်ဆီပြေးသွားတဲ့ မက၊တစ်ယောက်နောက်ကိုလိုက်လံတိုက်ခိုက်တာဖြစ်ပါတယ်၊ ရန်သူသုံးယောက်ကျဆုံးပြီးနောက်မှာ သော်ကဥယျာဉ်ဆီကအော်သံဓားခုတ်သံများကြားရလို့ ကျွန်ုပ်တို့သော်ကဥယျာဉ်ဘက်ပြန်ပြေးလာခဲ့ကြပါတယ်"

"ဒီအချိန်မှာရွှေလှောင်အိမ်ဟာ ပျက်စီးပြီး ပွင့်နေပြီပေါ့ဟုတ်လား"

မေဃနာဒကဝင်မေးလိုက်သည်။

"ဟုတ်ပါတယ်သေနာပတိချုပ် ကိုယ်ခန္ဓာကြီးမားတဲ့ မက္ကဋ္ဌတစ်ယောက်ဟာ သီတာဒေဝီကိုပခုံးပေါ်ထမ်းပြီး ရွှေလှောင်အိမ်ထဲကထွက်အလာ ကျွန်ုပ်တို့စစ်သည်များနဲ့ရင်ဆိုင်တိုးမိကြပါတယ်၊ ဒီအချိန်မှာစောစောကမသေဘဲလွတ်သွားတဲ့ မက္ကဋ္ဌတစ်ယောက်ရောက်လာပြီး သူ့လူကိုအကူအညီပေးပါတယ်၊ သီတာဒေဝီကိုပခုံးပေါ်ထမ်းချီ လာတဲ့ မက္ကဋ္ဌဟာ တစ်ဖက်ပခုံးမှာဒဏ်ရာရထားတယ်နဲ့တူပါတယ်။ သူ့ကျန်လက်တစ်ဖက်ဟာ လက်နက်ကိုအတော်ကြိုးစားပြီး ကိုင်နေရတာကိုတွေ့ရပါတယ်၊ သီတာဒေဝီရှိနေတဲ့ အတွက်သူ့ကိုတိုက်ခိုက်ဖို့အခွင့်မသာပါဘူး၊ နောက်ဆုံးမှာတော့ သူ့တို့သီတာဒေဝီကို ပြန်ချထားခဲ့ပြီး လက်လွတ်ထွက်ပြေးသွားကြပါတယ်၊ မြောက်ဘက်ဆောင်ကိုစွဲနေတဲ့မီးဟာ နန်းတော်တစ်ခုလုံးကိုကူးစက်လောင်ကျွမ်းသွားမှာစိုးရိမ်တာမို့ သီတာဒေဝီကိုနေရာရွှေ့ပြောင်းဖို့ နဲ့ မီးငြိမ်းသတ်ဖို့ပဲ အားလုံးအလုပ်များနေပါတယ်၊ မြောက်ဘက်ဆောင်မီးကြောင့် နန်းတော်တစ်ခုလုံးလည်း လှုပ်လှုပ်ရွရွ ပြေးလွှား အော်ဟစ်နေကြတာမို့ ရန်သူဟာဒါကို အခွင့်ကောင်းယူပြီး ထွက်ပြေးလွတ်မြောက်သွားနိုင်ခဲ့ပါတယ်" သားတော်မေဃနာဒသည် ဒုတိယခံတပ်မှူး၏ဝတ်ရုံစကိုတင်းကျပ်စွာဆုပ်ကိုင်ရင်း ပြင်းထန်စွာလှုပ်ခါလိုက်သည်။

"သီတာဒေဝီကိုပခုံးပေါ်ထမ်းချီတဲ့ မက္ကဋ္ဌ၊ဟာတစ်ဖက်ပခုံးမှာ ဒဏ်ရာရထားတယ် ဟုတ်လား၊ ပြောစမ်း၊ သူ့အသွင်သဏ္ဌာန်ကိုပြောစမ်း"

"ဟုတ်ပါတယ် သေနာပတိချုပ်၊ သူ ...... သူဟာအင်မတန်မှ ကိုယ်ခန္ဓာကြီးထွား ......"

မေဃနာဒသည် ဒုတိယတပ်မှူးကို ဆောင့်တွန်းလိုက်ပြီး ရွှေလှောင်အိမ်ရှိရာသို့ တစ်ဟုန်ထိုးပြေးသွားသည်။ ထို့နောက်လှောင်အိမ်အတွင်းသို့တစ်စုံတစ်ခုကိုရှာဖွေ နေသည်။ ကျွန်ုပ်လည်း လှောင်အိမ်အတွင်းသို့ဝင်လိုက်သည်။ သားတော်မေဃနာဒ စူးစိုက်ကြည့်နေသည့် ရွှေလှောင်အိမ်အခင်းပေါ်သို့ ကျွန်ုပ်ငုံ့ကြည့်လိုက်သည်။ မီးသွေးဖြင့်ရေးခြစ်ထားသော စာကြောင်းများ ........ "သင့်လက်ချက်နဲ့ ကျွန်ုပ်ပခုံးမှာဒဏ်ရာရထားတဲ့အတွက် သီတာဒေဝီကိုပြန်လည် ခေါ်ဆောင်ရန်အကြံမအောင်ဖြစ်ရသည်။ သူရဲကောင်းပီသသောသင့်ကို စစ်ပွဲ၌ထပ်မံတွေ့ဆုံရန် ကျွန်ုပ်စောင့်စားနေမည်" "တောက် ......" မေဃနာဒသည် ပြင်းထန်စွာတောက်ခေါက်လိုက်ပြီးရွှေလှောင်အိမ်သံတိုင် များကို အငြိုးကြီး စွာဆွဲကိုင်ခါယမ်းနေလေသည်။ အခြေအနေအားလုံးကိုကျွန်ုပ်တွက်ချက်နားလည်းလိုက်လေပြီ။

ကျွန်ုပ်နှင့်တကွသားတော်၊ ဦးရီးတော်နှင့် သေနာပတိများ၊ခံတပ်များတွင်စစ်ရေးပြင်ဆင် နေချိန်၊မမျှော်လင့်သောအချိန်တွင် ဟာနုမာန်သည် လက်ာဒီပသို့တိတ်တဆိတ်ဝင်ရောက်ပြီး သီတာဒေဝီကိုခိုးယူရန်ကြံစည်ခြင်းပေတည်း။ သီတာဒေဝီကို ရွှေလှောင်အိမ်ထဲမှထုတ်၍ ခိုးယူရန်အတွက်နန်းတော်မြောက်ဘက်ကို မီးရှို့ကာစစ်သည်များကိုမီးလောင်သည့် နေရာသို့ အာရုံပြောင်းအောင်ပြုလုပ်ခြင်းဖြစ်သည်။ သို့သော်သော်ကဥယျာဉ်စောင့်တပ်မှူးနှင့် တွေ့ဆုံပြီး တပ်မှူးကအသေခံတိုက်သဖြင့် သင်း၏အကြံမအောင်မြင်ဘဲဖြစ်သွားရသည်။ သို့ဖြင့်ဟာနုမာန် သည် သားတော်မေဃနာဒထံစာရေးထားခဲ့ပြီး လက်လွတ်ထွက်သွားခဲ့ခြင်း ဖြစ်သည်။

"မျောက်ဝံတွေဟာ ပရိယာယ်အမျိုးမျိုးသုံးပြီး တိုက်ခိုက်နေပါပကော မေဃနာဒ"

"ဟုတ်တယ် ခမည်းတော် ဘုရင်မင်းမြတ်၊ ခံတပ်တိုက်ပွဲတွေကိုဆင်နွှဲနေမယ့်အစား သားတော်ကိုယ်တိုင်ကိသကိန္ဓာကိုချီတက်ပြီး သင်းတို့အားလုံးကို လုပ်ကြံဖို့သင့်နေပြီ" "ကိသကိန္ဓာကို သွားချင်ရင် ငါသာသွားတော့မပေါ့ မေဃနာဒ၊ ရာမကျဆုံးသွားရင် အားလုံးပြီးစီးချုပ်ငြိမ်း သွားမှာပဲမဟုတ်လား" နန်းတော်တွင်သတိမေ့မျောနေခဲ့သော သီတာဒေဝီကို ကျွန်ုပ် သတိရ လိုက်သည်။ ထို့ကြောင့်မေဃနာဒအားထားခဲ့ပြီးနန်းတော်ဆောင်သို့ပြန်လာခဲ့လေသည်။

ယမန်နေ့ညက မြောက်နန်းတော်ဆောင်ကိုမီးလောင်ခဲ့ခြင်း၊ မီးတောက်များကြားတွင် တိုက်ပွဲဖြစ်ပွားခဲ့ခြင်း၊ မိမိ၏ရွှေလှောင်အိမ်အပြင်ဘက်တွင်ဟာနုမာန်နှင့်သော်ကဥယျာဉ် တပ်မှူး တို့အသေအကြေတိုက်ခိုက်သည်ကိုတွေ့မြင်ခဲ့ရခြင်း၊ ကြောက်မက်ဖွယ်သားရဲတွင်း၌တစ်ညလုံး လုံး နေခဲ့ရခြင်းစသည့်အဖြစ်အပျက်များကြောင့် သီတာဒေဝီသည် နှလုံးသွေးပျက်မတတ် ကြောက်ရွံ့တုန်လှုပ်ခဲ့ရှာပေမည်။ လက်ာဒီပသို့ရောက်သည့်နေမှစပြီးနှလုံးစိတ်ဝမ်းမချမ်း မြေ့ဖွယ် အဖြစ်သနစ်များကိုချည်းတွေ့ကြုံခဲ့ရသောသီတာဒေဝီသည် ကျွန်ုပ်အပေါ်တွင်လည်း အမုန်းတရား များတစ်ရစ်ပြီးတစ်ရစ် နှောင်ဖွဲ့ချေတော့မည်။ သူ၏အမုန်းကို ကျွန်ုပ်လက်မခံနိုင်၊ လက်မခံရဲ။ ထို့ကြောင့် သူ့ကိုသွားရောက် တွေ့ဆုံရန် ကျွန်ုပ်စိတ်ဝယ် နှောင့်နှေးနေခဲ့သည်။

သို့သော်လည်းခြေလှမ်းများကမူ သူရှိရာနန်းတော်ဆောင်သို့သာ ရွေ့လျားနေကြသည်။ခက်ထန်နာကြည်းနေသော အလှကိုကျွန်ုပ်ရင်ဆိုင်ရချေဦးတော့ မည်။ နန်းဆောင်တံခါးဝ၊ ရွှေခြည်ဖောက်ခန်းဆီးကို ဖယ်ရှားလိုက်သည်နှင့် ညောင်စောင်းပေါ်တွင် နွမ်းလျစွာလဲလျောင်း နေသည့် အလှကို တွေ့လိုက်ရသည်။ သီတာဒေဝီသည် သတိပြန်ရလာပြီဖြစ်သည်။ သို့သော်သူ့အသွင်ကား ညိုးငယ်နွမ်းလျှလွန်းလှသည်တကား။

"သီတာဒေဝီ၊ မင်းလက်ာဒီပကို ရောက်တဲ့နေ့ကစပြီး မင်းကိုအကျဉ်သားလိုမထားခဲ့ဘူးဆိုတာကို မင်းအသိပါ၊ စောစောက ကျုပ်ရဲ့မိုက်မဲတဲ့စစ်သည်အချို့ကြောင့် မင်း သားရဲတွင်းသမင် လှောင်အိမ်ထဲရောက်ခဲ့တာကို ကျုပ်တောင်းပန်ပါတယ်၊ မင်းကိုမညှာမတာအကျဉ်းသားလို အကျဉ်းချခဲ့တဲ့သူတွေအားလုံးကို ကျုပ်ပြင်းထန်တဲ့အပြစ်ပေးလိုက်ပါမယ်၊ ကျုပ် ........."

"လက်ာဒီပဘုရင် ..."

သီတာဒေဝီသည် ကျွန်ုပ်စကားမဆုံးမီမှာပင် တုန်ယင်နွမ်းလျသောအသံဖြင့် ကျွန်ုပ်အား ခေါ်လိုက်လေသည်။ ဤအသံသည် ကျွန်ုပ်အားယခုဆင်နွှဲနေရသည့်စစ်မက်ရေးရာများနှင့် ကြမ်းတမ်းသောတိုက်ပွဲများကြောင့်ဖြစ်ပေါ်ရသည့် မနှစ်မြို့ဖွယ်ပြဿနာများအားလုံးကို မေ့ဖျောက်နိုင်စေသည့်အသံပင်တည်း။

သီတာဒေဝီထံမှ ချိုသာနူးညံ့သော ခေါ်သံကိုကျွန်ုပ်မကြားစဖူး ပထမဆုံးအကြိမ်ကြားရခြင်းပေတည်း။

"လက်ာဒီပဘုရင်၊ အခုခံတပ်တိုက်ပွဲမှာအသက်ပေါင်းများစွာဆုံးရှုံးရပြီလို့ ကျွန်မကြားသိရပါတယ်၊ မနေ့ညအဖြစ်အပျက်မှာလည်း ထိတ်လန့်တုန်လှုပ်စရာကောင်းတဲ့တိုက်ခိုက်သတ်ဖြတ်မှုတွေကို ကျွန်မကြုံခဲ့ရပါတယ်၊ ဒါတွေဟာ ကျွန်မကြောင့်ဖြစ်ရတာမဟုတ်လားလက်ာဒီပဘုရင်"

သူ့လေသံနွမ်းလျသည်နှင့်အမျှ သူ့မျက်နှာသွင်ပြင်ညိုးငယ်လှချေသည်။ ကျွန်ုပ်သည် သနားစဖွယ်ဖြစ်သောထိုအလှနှင့် ထိုအသံတို့၏ ပထမဆုံးအကြိမ်နူးညံ့ချိုသာမှုအပေါ်၊ဆွတ်ပျံ့လှုပ်ရှားလာမိပေသည်။

"လက်ာဒီပဘုရင်၊ ရှင်ဟာဘုန်းလက်ရုံးနဲ့ပြည့်စုံတဲ့ဘုရင်တစ်ပါးပါ၊ ပြီးတော့ ရဲရင့်တဲ့စစ်သည် တော်တွေ၊ မြေဆီသြဇာကြွယ်ဝတဲ့သီးနှံတွေနဲ့ခမ်းနားလှပတဲ့ နန်းတော်စည်းစိမ်တွေကိုပိုင်ဆိုင်တဲ့ ဘုရင်တစ်ပါးပါ၊ ဒြဝိဒိယန်တွေဟာ ရဲစွမ်းသတ္တိနဲ့ပြည့်စုံပြီး အိန္ဒိယဒေသနဲ့အဖိုးတန်လူသားတွေပါ၊ ဒီလိုခမ်းနားဝေဆာတဲ့ကမ္ဘာလောကမှာ သီတာဒေဝီဆိုတဲ့ မိန်းမသားတစ်ဦးကိုအကြောင်းပြုပြီး ရှင်ဒုက္ခရာဖွေနေတော့မှာလားဟင် ...... "

တသွင်သွင်စီးဆင်းနေသော စမ်းရေစီးသံကို အလျဉ်ပြတ်တောက်သွားမည်ဆိုးသဖြင့် ကျွန်ုပ် ဘာမှမပြောဘဲ နေလိုက်သည်။

"ကျွန်မလင်္ကာဒီပဘုရင်မင်းမြတ်ကို တောင်းပန်ပါတယ်၊ အသက်ပေါင်းများစွာ ဘေးဒုက္ခပေါင်းများစွာ ကျွန်မကိုအကြောင်းပြုပြီး မပေါ်ပေါက်ပါစေနဲ့တော့ဘုရင်မင်းမြတ်"

ကျွန်ုပ်စကားပြန်မပြော၍မဖြစ်တော့ချေ။ ကျွန်ုပ်၏နှလုံးအိမ်အတွင်းမှအရာကို မသိသားဆိုးဝါးလှသည့်အဖြစ်ကို ကျွန်ုပ်သည်းမခံနိုင်တော့ပေ။ သီတာဒေဝီအား ကျွန်ုပ်တစ်ခါမျှမပြောခဲ့ဖူးသည့် စကားတို့ကို ပြောရပေတော့မည်။

"ကျုပ်ရဲ့နှလုံးအိမ်ထဲက အချစ်ကိုဖျက်ဆီးမယ့်အန္တာယ်တွေအပေါ်မှာ ကျုပ်ကလျစ်လျူရှုထားရမလား သီတာဒေဝီ၊ အပြင်မှာဖြစ်နေတဲ့စစ်ပွဲတွေနဲ့ ဆုံးရှုံးနေတဲ့ အသက် တွေကို မင်းမြင်ပေမယ့် ကျုပ်ရဲ့နှလုံးကိုတိုက်ခိုက်တဲ့ စစ်ပွဲကိုတော့ မင်းမမြင်တော့ဘူးလား၊ ဒါကိုမင်းမမြင်နိုင်ဘူးလား"

သီတာဒေဝီသည် အလွန်စိတ်ပျက်အားငယ်သောအမူအရာဖြင့်နန်းဆောင်အပြင်ဘက်သို့ ငေးမျှော်နေလေသည်။

"ပြောစမ်းပါသီတာဒေဝီ၊ ဘီလူးလိုကြမ်းတမ်းခက်ထန်တယ်ဆိုတဲ့လင်္ကာဒီပဘုရင်ရဲ့၊ ကျုပ် ....... ကျုပ်ရဲ့ ... အချစ်ကို ..... မင်းထည့်မစဉ်းစားတော့ဘူးလား၊ မျိုးနွယ်စုချင်းတိုက်ခိုက်ကြတဲ့ စစ်ပွဲတွေကိုပဲမင်းစိုးရိမ် ပူပန်နေသလား"

သီတာဒေဝီသည် လုပစ္စာဦးခေါင်းကိုခါယမ်းလိုက်လေသည်။

"လင်္ကာဒီပဘုရင် ၊ အဲဒီအချစ်ကြောင့်ပဲဖြစ်ဖြစ် ၊ လေးတင်ပွဲကြောင့်ပဲဖြစ်ဖြစ်၊ ကျွန်မဟာ ဒသရဌဘုရင်ရဲ့ ချွေးမတော်ဖြစ်နေပါပြီ။ ပြီးတော့လည်းကျွန်မဟာ အာရိယန်တစ်ယောက်ပါ၊ လက်ထပ်ထိမ်းမြားပြီးဖြစ်တဲ့ အာရိယန်မိန်းမတစ်ဦးကို အကြောင်းပြုပြီး ဒြာဝိဒိယန်ဘုရင်တစ်ပါးဟာ အမှတ်မဲ့သတိလက်လွတ်ဖြစ်သွားခဲ့တယ်ဆိုရင်၊ ဒါကြောင့်ပြင်းထန်တဲ့ စစ်ပွဲတွေဖြစ်ပွားရတယ်ဆိုရင်အားလုံးအတွက် ကျွန်မနှလုံးသည်းပွတ် ကွဲကြေရပါလိမ့်မယ်၊ အိန္ဒိယရာဇဝင်မှာ သီတာဒေဝီဆိုတဲ့အမည်ဟာ အရုပ်ဆိုးအကျည်းတန်စွာ ကမ္ပည်းကျန်ရစ်တော့မယ်၊ လင်္ကာဒီပဘုရင်ဟာလည်း ..........."

"တော် .... တော်ပါ ၊ သီတာဒေဝီ၊ အရုပ်ဆိုးအကျည်းတန်မှုဆိုတာ မင်းနဲ့ လုံးဝမသက်ဆိုင်တဲ့ကိစ္စပါ၊ အားလုံးဖြစ်ရပ်တွေဟာ မင်းနဲ့မဆိုင်ပါဘူး၊ ဒီရှုပ်ထွေးတဲ့ မျိုးနွယ်စုအရေးတွေကို မင်းတွေးမနေပါနဲ့"

"မောင်တော်ရာမ"ဟုသူယခင်ကအမြဲတမ်းခေါင်းမာစွာအသုံးပြုခဲ့သည့်စကားလုံးကို တမင် ရှောင်ဖယ်လျက် အခြားစကားလုံးတစ်ခုနှင့် အစားထိုးသုံးစွဲနေကြောင်း ကျွန်ုပ်သိနေသည်။ သို့သော် "ဒသရဌဘုရင်၏ ချွေးမတော်" ဟူသောအသုံးအနှုန်းကိုပင်ကျွန်ုပ်မကြားလိုပေ။

"ဒါဖြင့်ကျွန်မကို ဘာလုပ်စေချင်သလဲလင်္ကာဒီပဘုရင်၊ မက္ကဋ္ဌတွေရှိရာစစ်မျက်နှာကို ကျွန်မလိုက်ပြီး သူတို့ကိုဆုတ်ခွာပေးဖို့၊ စစ်မက်မပြုဖို့ကျွန်မပါဝင်ကူညီပေးရမှာလား ... ဟင်"

"နောက်ကျသွားပါပြီ အာရိယန်ဘုရင်သမီးတော်"

သားတော်မေဃနာဒ၏အသံသည် နန်းတော်တံခါးဝမှ ထွက်ပေါ်လာသည်။ မေဃနာဒသည် ကျွန်ုပ်ရှေ့မှဖြတ်လျက် သီတာဒေဝီရှိရာသို့လျှောက်သွားလေသည်။

"သင်က မကၤတွေအာရိယန်တွေနဲ့ ကျွန်ုပ်တို့အကြားစစ်မဖြစ်ပွားအောင်ကြိုးစားချင်နေလား ၊ နောက်ကျသွားပြီ အာရိယန်ဘုရင့်သမီးတော်၊ နောက်ကျသွားပြီ၊ သင်ပြောတဲ့မက္ကဋ္ဌတွေနဲ့ အာရိယန်တွေထောင်သောင်းမကဟာ အခုကိသကိန္ဒာနယ်စပ်ရာဝဏခံတပ်ကိုဝိုင်းရံလိုက်ကြပြီ"

"ဟင် ......"

"ဘာပြောတယ် ... မေဃနာဒ"

မေဃနာဒသည် မီးထွက်မတတ်မျက်လုံးများဖြင့် အဝေးဆီမှတောင်တန်းများဆီသို့မျှော်ကြည့်ရင်း တစ်လုံးချင်းဆက်ပြောလေသည်။

"ခမည်းတော်ဘုရင်မင်းမြတ်၊ အခုပဲ ကိသကိန္ဒာနယ်စပ်က သတင်းရောက်လာပါတယ်၊ ရာမမင်းသား၊လက္ခဏမင်းသား၊ သုခရိတ်ဘုရင်နဲ့ ဟာနုမာန်တို့အားလုံးပါဝင်တဲ့ မက္ကဋ္ဌတပ်မတွေ ပြီးတော့အာရိယန်တပ်မတွေဟာ ရာဝဏခံတပ်ကိုဝိုင်းရံထားကြပြီ........."

"အို ........."

သီတာဒေဝီသည် မျက်နှာကို လက်ဝါးဖြင့်အုပ်ပြီး ပြတင်းပေါက်အနီး၌ နွမ်းလျစွာထိုင်လိုက်လေသည်။ ရာမမင်းသားဟူသောအသံသည် ကျွန်ုပ်၏နှလုံးသားအားခါးသီးစွာရိုက်ပုတ်သည်။

"ကြားရဲ့လားသီတာဒေဝီ၊ မက္ကဋ္ဌတပ်တွေတင်မက မင်းတို့ရဲ့အာရိယန်တွေပါ ကျုပ်ရဲ့အရေးအကြီးဆုံးရာဝဏခံတပ်ကို ဝိုင်းထားပြီတဲ့၊လင်္ကာဒီပနန်းတော်ကိုတိုက်ခိုက်ဖို့သူတို့ပြင်ဆင်ကြပြီလေ၊ ဒီမျိုးနွယ်စုတွေရဲ့စစ်ရေးကို မင်းလှမ်းမမီနိုင်တော့ဘူး ဆိုတာသိပြီမဟုတ်လား၊ ဒီရန်သူတွေဟာ ကျုပ်ရဲ့နှလုံးအိမ်ထဲကအချစ်ကိုသာမက ဒြာဝိဒိယန်အားလုံးရဲ့

အသက်အိုးအိမ်စည်းစိမ်ကိုပါ ဖျက်ဆီးဖို့ကြိုးစားကြပြီဆိုတာ မင်းနားလည်ပြီမဟုတ်လား၊ ကျုပ်အခုကိသကိန္ဒာကို စစ်ထွက်တော့မယ်၊ အာရိယန်ခေါင်းဆောင်တွေကို သုတ်သင်ရတော့မယ်၊ ဒီစစ်ပွဲမှာ ......."

ခါးသီးနာကြည်းစဖွယ်သောစကားလုံးကို ကျွန်ုပ်မလွဲမရှောင်သာအသုံးပြုရတော့မည်။

".......ဒီစစ်ပွဲမှာမင်းရဲ့မောင်တော်ရာမကို ကျုပ်သုတ်သင်ဖယ်ရှားရလိမ့်မယ်၊ မင်းပြောသလိုအချစ်ကြောင့်ပဲဖြစ်ဖြစ်၊ လေးတင်ပွဲကြောင့်ပဲဖြစ်ဖြစ်၊ ဒသရဋ္ဌဘုရင်ရဲ့ချွေးမတော်ဘဝကို ကျုပ်ဖျက်ဆီးခဲ့မယ့်ဆိုရင်ဒါအတွက်ကျုပ်ကိုခွင့်လွှတ်ပ ါ၊ ဒသဂီရိဘီလူးလို့ ကြမ်းတမ်းခက်ထန်တဲ့ လက်ာဒီပဘုရင်လို့ မင်းအော်ဟစ်ခဲ့တယ်၊ ကျုပ် ....... ကျုပ် .... မင်းရဲ့အသံကိုထိတ်လန့်တုန်လှုပ်ခဲ့ရတယ်၊ လက်ာဒီပဘုရင်ဟာ စစ်သူရဲကောင်းတစ်ဦးဖြစ်တဲ့အတွက် သဘာဝအလျောက် ခက်ထန်ချင်ခက်ထန်မယ်၊ ဒါပေမယ့်သီတာဒေဝီ ......၊ ဟောဒီလက်နက်တွေချိတ်ဆွဲထားတဲ့ ဝတ်ရုံအောက်က ကိုယ်တွင်းမှာ မင်းကို ချစ်မြတ်နိုးတဲ့နှလုံးသည်းပွတ်ရှိတယ်ဆိုတာတော့ မင်းနားလည်လိုက်ပါ၊ မင်းနားလည်လိုက်ပါ၊ အဲဒီအချစ်ကြောင့် ခက်ထန်ကြမ်းတမ်းရမယ်ဆိုရင်လည်း ကမ္ဘာလောကရဲ့ရာဇဝင်တစ်လျှောက်လုံးမှာ ဒသဂီရိဆိုတဲ့အမည်ဟာ ရက်စက်မှုရဲ့ ပြယုဂ်အဖြစ် တည်ချင်တည်နေစေတော့၊ ကျုပ်သွားမယ်သီတာဒေဝီ၊ ကိသကိန္ဒာစစ်မျက်နှာကို ကျုပ်သွားတော့မယ်၊ နူးညံ့ချိုသာတဲ့ မင်းရဲ့ဆက်ဆံမှုကို ကျုပ်ဘယ်တော့မှ မမေ့ပါဘူး"

ကျွန်ုပ်သည် သီတာဒေဝီရှေ့မှ တစ်ဟုတ်ထိုးထွက်ခွာလာခဲ့တော့သည်။

သီတာဒေဝီသည်ငိုကြွေးနေမည်လား၊ ပြန်လည်ခက်ထန်လာမည်လား ... ကျွန်ုပ်မသိတော့ ၊ အချစ်၊အမုန်း၊ ချစ်သူ၊ ရန်သူ၊ ဒြာဝိဒိယန်၊ အာရိယန် ......... ဟူသောအရာများဖြင့် ဆူဝေတုန်လှုပ်နေသည့် ကျွန်ုပ်ရင်တွင်း၌ စစ်ပွဲမှအပ အခြားမည်သည့်အရာမျှ မသိချင်တော့ .........။

ရာမ လက္ခဏ၊ သုခရိတ်ဘုရင် ၊ ဟာနုမာန်၊ထို့နောက်ရာမ၏ဘေးတွင် သစ္စာဖောက် ဘိဘိသန။

သူတို့နောက်တွင် အင်အားကြီးမားသော မက္ကဋ္ဋခြေလျင်စစ်တပ်များ၊ခြေလျင်စစ်သည်များ နောက်တွင် အသားဝါအာရိယန်မြင်းစီးစစ်သည်များ။

အစိမ်းရောင်နှင့် အဝါရောင်တံခွန်များသည် ရန်သူတပ်ဦး၌တလူလူလွင့်နေသည်။ ရာဝဏခံတပ်နှင့်ကိသကိန္ဒာနယ်စပ်တစ်လျှောက်တွင်ရန်သူစစ်သည်တပ်မများသည် မျက်စိတစ်ဆုံးဖြစ်သည်။ ရာဝဏခံတပ် ထိပ်မျှော်စင်ထက်မှနေ၍ ကျွန်ုပ်နှင့်တကွသော သေနာပတိများအားလုံးရန်သူ၏အင်အားကိုတွက်ချက်နေခြင်းဖြ စ်သည်။

ရာဝဏခံတပ်သည် အခြားခံတပ်များကဲ့သို့ကျုံးမရှိချေ။ ဥမင်လိုဏ်တူးထားသောကြောင့် ကျုံးတည်ဆောက်မထားခြင်း ဖြစ်သည်။ ခံတပ်အားလုံးမှ ဒြာဝိဒိယန်စစ်သည်များအားလုံးလည်း ရာဝဏခံတပ်ထိပ်သို့ စုရုံးရောက်ရှိနေကြပြီ။ ဦးရီးတော် မာရဇ္ဇ အိန္ဒုမြစ်ကမ်းသောင်ပြင်တွင် လေ့ကျင့်ပေးခဲ့သော ဒြာဝိဒိယန်စစသည်များပါမကျန် လက်ာဒီပ၏စစ်အင်အားတစ်ခုလုံး ခံတပ်တွင် နေရာယူထားပြီးကြပြီ။

ရန်သူဘက်မှလည်း မက္ကဋ္ဋများသာမက အာရိယန်မျိုးနွယ်စု မြင်းစီးစစ်သည်များပါ ပါဝင်လာသည်။

အိန္ဒုဒေသ၏ အကြီးမားဆုံးသောရန်သူကို ကျွန်ုပ်တို့မျက်မှောက်၌ တွေ့ဆုံနေရပြီဖြစ်သည်။နံနက်ခင်း၏ နေရောင်သည် စစ်မျက်နှာဒေသ တစ်ခုလုံးကို သွေးရောင်သုတ်ခြယ်ပေးနေသည်။ ဒြာဝိဒိယန်တို့၏မျက်နှာများမှာ ကြေးနီရောင်ထနေသည်။ ထောင်သောင်းမကသော စစ်သည်များရှိရာခံတပ်အတွင်း၊ ခံတပ်ထိပ်မျှော်စင်များ၌ တိတ်ဆိတ်ခြင်းလွှမ်းမိုးနေသည်။ ဂရုဍမျိုးနွယ်စု၊နာဂမျိုးနွယ်စု ဂုမ္ဘာနမျိုးနွယ်စုတပ်မများလည်း ရောက်ရှိနေသည်။ စစ်သည်အားလုံး၏နီရဲသောမျက်လုံးများသည် ရန်သူတပ်မဆီသို့ မမိုတ်မသုန်ကြည့်နေကြပေမည်။ ကျေးငှက်သံများသောမှ မကြားရအောင် တိတ်ဆိတ်နေသည်။ တစ်ချက်တစ်ချက်တွင် ဒသမပဗ္ဗတတောင်ကြားကို ဖြတ်သန်းတိုက်ခတ်သည့်လေသည် စစ်တပ်နှစ်ခုအကြားသို့ဝင်ရောက်လာသည်။ ထိုအခါများတွင် စူးရှသောမြွေတွန်သံမျိုးပေါ်လာသည်။ ကျွန်ုပ်တို့၏ ဝတ်ရုံစများသည် တောင်ကြားလေတွင် တဝုန်းဝုန်းခါယမ်းလျက်ရှိကြသည်။

ဒြာဝိဒိယန်တို့နှစ်ပေါင်းများစွာ လပေါင်းများစွာစောင့်မျှော်နေခဲ့သော အချိန်သည် မကြာမီရောက်ရှိတော့မည်ဖြစ်သည်။ ဤစစ်ပွဲသည် အန္ဒိုရာဇဝင်၏ ကမ္ဘည်းမော်ကွန်းဖြစ်သွားနိုင်ပေသည်။ ခံတပ်အောက်တွင်ရာဝဏခံတပ်သေနာပတိ ၊ လက်ာဒီပဘုရင်၏ အရဲရင့်ဆုံးသူရဲကောင်း ဂုမ္ဘဒီပသည် တပ်ဦးကိုနေရာယူထားသည်။

သေနာပတိချုပ်မေဃနာဒသည် ရွှေရေးကွပ်ကျွဲတံပိုးကို လည်တွင်ချိတ်ဆွဲလျက် ဘယ်လက်ဖြင့် တင်းတင်း ဆုပ်ကိုင်ရင်း ကျွန်ုပ်မျက်နှာကို ကြည့်နေသည်။

ကျွန်ုပ်၏မျက်နှာပြင်မှ အထူးသဖြင့် ကျွန်ုပ်၏နှုတ်ခမ်းများကို စူးစိုက်ကြည့်နေခြင်းဖြစ်သည်။ ကျွန်ုပ်နှုတ်ခမ်းဖွင့်ဟလိုက်သည်နှင့် မေဃနာဒသည် ကျွဲချိုတံပိုးကို မှုတ်လိုက်မည်ဖြစ်သည်။ နေလုံးသည် တဖြည်းဖြည်း မြင့်တက်လာပေပြီ။

ရန်သူဘက်မှလည်း လှုပ်ရှားမှုတစ်စုံတစ်ရာ၊တံပိုးသံတစ်စုံတစ်ရာမကြားရသေး။

ဤစောင့်လင့်မှုကို ကျွန်ုပ်မုန်းတီးစက်ဆုပ်သည်။ ထိုအခိုက်ရန်သူ၏တပ်ဦးမှ မြင်းတစ်စီးသည် ဂုမ္ဘီဒီပတပ်ဦးဆီသို့ပြေးလာသည်။ မြင်းစီး၏လက်ထဲတွင်အစိမ်းရောင်တံခွန်တစ်ခုကိုင်ဆောင် လာသည်။ အစိမ်းရောင်တံခွန်တစ်ခုတည်းမဟုတ်၊ ကျွန်ုပ်နှင့် ရင်းနှီးသော တံခွန်တစ်ခုလည်းပါလာသေးသည်။ အပြာရောင်၊ လေတွင်လွင့်ပျံနေသော အပြာရောင်တံခွန်သည် ရွှေရောင်အဝိုင်းသဏ္ဍာန်တစ်ခုရှိသည်။

"သစ္စာဖောက်ပါလား ......... ရာဝဏ"

မှန်ပေသည်။ ဦးရီးတော်၏အံကြိတ်သံနှင့် မှတ်ချက်ကို ကျွန်ုပ်ခေါင်းညိမ့်ပြလိုက်သည်။ ဘိဘိသနပေတကား .... သစ္စဖောက်ဘိဘိသနပေတကား။

ဘိဘိသနသည် ရာမ၏အထိမ်းအမှတ်ဖြစ်သောအစိမ်းရောင်တံခွန်ကို မိမိ၏ လက်ာဒီပအိမ်ရှေ့စံ အထိမ်းအမှတ် အပြာရောင်တံခွန်ဖြင့် အတူတွဲကိုင်ဆောင်လျက် မြင်းကိုနှင်လာသည်။ ဂုမ္ဘီဒီပထံသို့သူသွားသည်။ ထို့နောက်စာချွန်တစ်ခုပေးလိုက်သည်ကို မြင်ရသည်။ ဂုမ္ဘီဒီပထံမှ ကျွန်ုပ်ရှိရာခံတပ်မျှော်စင်ထိပ်သို့စာချွန်ကိုမြားတွင် ချိတ်ဆွဲလျက် ပစ်လွှတ်လိုက်လေသည်။

ဦးရီးတော်မာရဇ္ဇက မြားတံမှ စာချွန်ကိုဖြုတ်ယူပြီးကျွန်ုပ်လက်ထဲသို့ထည့်ပေးလိုက်သည်။

"လက်ာဒီပဘုရင်ထံသို့ နောက်ဆုံးအကြိမ်သဝဏ်ပေးလိုက်သည်။ သီတာဒေဝီအားကျွန်ုပ်လက်တွင်းသို့ ပြန်အပ်၍ အာရိယန်မျိုးနွယ်စုလက်အောက်သို့ဝင်ရောက်ခိုလှုံပါက ကျွန်ုပ်၏စစ်သည်တို့ကို ပြန်လည်ဆုတ်ခွာစေမည်။ သို့မဟုတ်ပါက သင့်ကို ယခုပင်တိုက်ခိုက်မည်"

အာရိယန်မျိုးနွယ်စုခေါင်းဆောင်<br>ဒသရဋ္ဌဘုရင်၏သားတော် ရာမမင်းသား

"ဟား ......... ဟား ........ ဟား"

"နောင်တော်ဘုရင်မင်းမြတ် ၊ ညီတော်ပြောတာနားထောင်ပါ၊ သီတာဒေဝီကိုပြန်အပ်လိုက်ပါ၊ နောင်လုပ်ရမယ့် လုပ်ငန်းကို ညီတော်ပြောမယ်"

သစ္စာဖောက်ဘိဘိသနသည် ခံတပ်အောက်မှမိုက်မဲစွာအော်ဟစ်လိုက်သည်။ သို့သော် သူ့စကားကို အဆုံးမသတ်လိုက်ရ၊ စက်ဆုပ်ရွံရှာစွာလက်ထဲမှပုဆိန်ဖြင့် သင်း၏လည်ပင်းအားပစ်စိုက်လိုက်သည်။

ဤသို့ဖြစ်လာမည်ကို ကောက်ကျစ်ပါးနပ်သော ဘိဘိသနသည် ကြိုတင်မှန်းဆထားဟန်တူသည်။ မြင်းဇက်ကိုဆွဲလိုက်သဖြင့် မြင်း၏ဦးခေါင်းသည် သူ့ရှေ့တွင် ထောင်မတ်လာပြီး အကာအကွယ်ဖြစ်သွားသည်။ ပုဆိန်သည် မြင်း၏လည်ပင်းကို ဝင်စိုက်လေသည်။ ဘိဘိသနသည် သူ၏မြင်းလဲမကျမီမှာပင် ဂုမ္ဘီဒီပအနီးရှိစစ်သည်တစ်ဦးအား တွန်းဖယ်လျက် ထိုစစ်သည်၏မြင်းသို့ကူးပြောင်းကာ ရန်သူ့တပ်မဆီသို့ဒုန်းဆိုင်းသွားလေသည်။

ဤအဖြစ်သနစ်မှာအလွန်လျှင်မြန်လှသဖြင့် အားလုံးအံ့အားသင့်ငေးမောနေကြသည်။

"သားတော်မေဃနာဒ ......... အချက်ပေးတော့"

ကျွဲချိုတံပိုးသည် ခံတပ်ထိပ်မှနေ၍ စစ်မျက်နှာတစ်ခုလုံးသို့ကျယ်လောင်စွာ ပျံ့လွင့်သွားသည်။

အပြင်းထန်ဆုံးစစ်ပွဲကြီးစတင်လေပြီတကား ........

နှစ်ဖက်စစ်သည်တို့၏အော်ဟစ်ကြွေးဝါးသံတို့သည် နယ်စပ်ကောင်းကင်ဆီသို့တစ်ခဲနက် မြည်ဟည်းရိုက်ခတ်သွားလေသည်။ ရန်သူတို့သည် ဂုမ္ဘီဒီပ၏တပ်ဦးဆီသို့ အလုံးအရင်းနှင့်လိုမ့်ဝင်လာသည်။

"မျောက်ဝံတွေကိုသတ်ကြဟေ့"

"အသားဝါတွေရဲ့ခေါင်းကို ဖြုတ်ကြဟေ့"

"လက်ာဒီပ သူရဲကောင်းတွေ ရန်သူသွေးနဲ့ ခြေဆေးကြ"

သေနာပတိချုပ်မေဃနာဒ၊ ဦးရီးတော်၊ သေနာပတိသူရာဂုမ္ဘာန်၊ မျိုးနွယ်စုသေနာပတိများသည် မိမိတို့၏တပ်မများရှိရာသို့ထွက်ခွာပြီး တပ်ဦးနေရာမှ တိုက်ခိုက်နေကြသည်။ လက်နက်ချင်းထိခိုက်သံ၊ အော်ဟစ်သံများကား ကျွန်ုပ်ဒသဂီရိကဲသို့သော စစ်ပွဲများစွာကို ဖြတ်သန်းလာခဲ့သူစစ်ဘုရင်တစ်ဦးအတွက်ပင်လျှင် အံ့မခန်း ကျယ်လောင်မြည်ဟည်းလှတော့သည်။

ခံတပ်မုခ်ဝတွင်ခုခံတိုက်ခိုက်နေသည့်ဂုမ္ဘီဒီပ၏တပ်ဦးမှရန်သူမြင်းစီးစစ်သည်အချို့သည် ခံတပ်ထဲသို့ ကျွံ၍ဝင်လာသည်။ သို့သော် တောင်ကုန်းငယ်များဖြင့်အတိပြီးသောမြေပြင်တွင်ထိုမိုက် မဲသူများသည် အတုံးအရုံး သေဆုံးကုန်ကြသည်။ ဦးရီးတော်၏စစ်သည်များကလည်း အာရိယန်တို့၏မြားတံများကို ကျွမ်းကျင်စွာ

ရှောင်တိမ်းနိုင်ကြပေသည်။ မက္ကဋ္ဌတို့သည် သူတို့အကျွမ်းကျင်ဆုံးဖြစ်သည့် ကြိုးရှည်ကြီးများဖြင့် လွှဲယမ်းခုန်ပေါက်လျက် တိုက်ခိုက်နည်းကို အသုံးပြုကြပေပြီ။ သို့သော် ထိုသေနင်္ဂဗျူဟာကို ဖျက်ဆီးရန် လေ့ကျင့်ထားပြီးသောမေဃနာဒ၏ စစ်သည်များက လုံတံများဖြင့် မလွတ်တမ်းထိုးစိုက်နိုင်ကြလေသည်။

ကျွန်ပ်ကား ခံတပ်ထိပ်မျှော်စင်မှနေ၍ ရန်သူကို မျက်ခြည်မပြတ်ကြည့်ရင်း ခံတပ်အောက်မှအာရိယန်မြင်းစီးစစ်သည်များကို လက်နက်မျိုးစုံဖြင့်ပစ်ခတ်နေရသည်။ သစ္စာဖောက် ဘိဘိသနကား ခံတပ်ကို လာရောက်တိုက်ခိုက်သည့် တပ်ဦးတွင်မပါဘဲသူယခင်ကရှိခဲ့သော နေရာမှာပင်မြင်းပေါ်၌ရှိနေသည်။

တိုက်ခိုက်ထိုးခုတ်နေကြသူများနောက်တွင် ထိုသစ္စာဖောက်သည် မြင်းပေါ်တွင်ထိုင်းရင်း မျက်နှာကို လက်ဝါးဖြင့်အုပ်ထားသည်။ ပါးစပ်မှလည်း တစ်စုံတစ်ရာကို အော်ဟစ်နေသည်။ ကျွန်ပ်ကား သင်းကိုကြည့်နေရန် အချိန်မရ။ ရာမ၏လှုပ်ရှားမှုကိုသာ မျက်ခြည်မပြတ်ကြည့်နေရသည် ။ရှုပ်ထွေးနေသော စစ်ပွဲအကြားဝယ် အစိမ်းရောင်ဝတ်စုံကို ထင်ရှားစွာမြင်နေရသည်။ သင်းသည် အာရိယန်တပ်မှူးများအား အော်ဟစ်အမိန့်ပေးနေလေသည်။

အာရိယန်မြင်းစီးစစ်သည် တို့သည် ဂုမ္ဘီဒီပ၏ခံတပ်မုခ်တပ်မကို ဖောက်ထွင်းရန်မတတ်နိုင်ကြချေ။ ဆီးနှင်းမုန်တိုင်းကဲ့သို့ တဖွဲဖွဲကျလာသော မြားတံများသည် ကောင်းကင်ပြင်၌ ဖွေးဖွေးလှုပ်မျှပြည့်နှက်နေကြသည်။

ရာမသည် တပ်မနောက်တွင် အမိန့်ပေးနေရာမှ ဝဲဘက်အစွန်သို့မြင်းကိုတဟုန်ထိုးမောင်းနှင်သွားသည်။ ထိုဘက်တွင် တိုက်ပွဲလည်းမရှိ။စစ်သည်ရဲမက်လည်းမရှိ၊ ခံတပ်နှင့်အလှမ်းဝေးသောနေရာလည်းဖြစ်သည် ။သူ၏အစိမ်းရောင်ဝတ်ရုံသည် လေထဲတွင်လွင့်နေသည်။ သင်း ......... ဘယ်သို့ပြေးသနည်း။

သူ့နောက်မှ လက္ခဏ၊ လက္ခဏနောက်မှ သစ္စာဖောက်ဘိဘိသနတို့မြင်းကိုဒုန်းစိုင်းလိုက်ပါသွားသည်။

"သင်းတို့ဘယ်သို့သွားသနည်း"

ချက်ချင်းပင် ကျွန်ပ်ခေါင်းထဲသို့ အသိတစ်ခုဝင်ရောက်လာသည် ။

အိန္ဒမြစ်ကျဉ်း ဥမင်လိုဏ်ပေါက် .......

စစ်သည်တပ်မများက ခံတပ်မုခ်ဝမှဝင်ရန်တိုက်ခိုက်နေစဉ်တွင် ရာမသည်ဥမင်မှတဆင့်ခံတပ်တွင်းသို့ဝင်ရန် ကြိုးစားပေတော့မည်။ သစ္စာဖောက်၏နည်းလမ်းညွှန်ပြမှု။

ကျွန်ပ်သည် မျှော်စင်ထက်မှ စစ်ရထားထက်သို့ခုန်ဆင်းကာ တိုက်ပွဲအတွင်းသို့ အတင်းဖြတ်သန်းမောင်းနှင်လာခဲ့သည်။ အာရိယန် မြင်းစီးစစ်သည်များသည် ခံတပ်အတွင်းသို့ ရောက်နေကြလေပြီ။ သို့သော် ကျွန်ပ်၏စစ်ရထားဘီးတွင်တပ်ထားသော သံချွန်များအောက် တွင်ရန်သူများသည် အတုံးအရုံးကျဆုံးကုန်ကြသည်။ မိုက်မဲစွာဖြင့်ရထားထက်သို့ ခုန်ဝင်လာသည့်ရန်သူများကိုလည်း လေထဲမှာပင်ပုဆိန်နှင့်ခုတ်ချခဲ့ရသည်။ ကျွန်ပ်၏ ရထားတွင်းခြသေ့်ရေခင်းထားသည့် အောက်ခြေတွင်သွေးများအိုင်ထွန်းနေသည်။ စစ်မြင်းနှစ်ကောင် သုံးကောင်၏ ကိုယ်တွင် မြားတံများစိုက်ဝင်နေသော်လည်း ရဲရင့်သည့်မြင်းကြီးများသည် ရထားကိုတဟုန်ထိုးဆွဲပြေးနေကြသည်။

တောင်ကုန်းငယ်များထက်မှ တိုက်ခိုက်နေကြသည့်ဒြာဝိဒိယန်တို့သည် ကျွန်ပ်ရထားနှင့် အတင်းဝင်ရောက်မောင်းနှင်လာသည်ကိုတွေ့ရသောအခါဟစ်အော်ကြွေးကြော်ကြသည်။ စစ်မြင်းများသည် စစ်ပွဲ၏ပြင်းထန်မှုတွင် တက်ကြွလာကြသဖြင့် ရထားဘီးသည် မြေပြင်တွင်မထိတော့ဟု ကျွန်ပ်ထင်လာသည်။

တိုက်ပွဲကား အရှုပ်အထွေးအပြင်းထန်ဆုံးအဆင့်သို့ရောက်နေပေပြီ။

ခံတပ်အတွင်း၌ မက္ကဋ္ဌများ ၊ အာရိယန်များ အများအပြားရောက်ရှိနေကြပြီး လေးနှင့်မြားကို အသုံးမပြုကြတော့ဘဲ ရင်ဆိုင်တိုက်ခိုက်နေကြပြီဖြစ်သည်။ ကျွန်ပ်၏ရထား ဖြတ်မောင်းနှင်သွားတိုင်းတွင် ရန်သူများသည် ကိုင်းပင်များ ပြတ်ကျသကဲ့သို့ အစုလိုက်အပြုံလိုက် သေဆုံးကြသည်။ သို့သော်ခံတပ်တွင်းတိုက်ပွဲ၌ ကျွန်ပ်ဝင်တိုက်ရန်အချိန်မရပေ။ ခံတပ်ဥမင်လိုဏ်ပေါက်သို့သာရထားကို အပြင်းမောင်းနှင်သွားရသည်။

ရောက်ပေပြီ။

ဥမင်တံခါးရှေ့ပေါက်တွင် သဲသဲမဲမဲ တိုက်ခိုက်နေကြသော သူနှစ်ဦးကို တွေ့လိုက်ရသည်။

မေဃနာဒနှင့် ဟာနုမာန်။

သူတို့သည် ဘယ်အချိန်က ဘယ်လက်နက်တွေနှင့် မည်မျှကြာအောင်တိုက်ခိုက်နေကြသည်မသိ။ အခြားစစ်သည်များမရှိသောနေရာတွင် သူတို့နှစ်ဦးသာရှိသည်။ သူတို့အနီးတွင် ကျိုးပဲ့နေသည့်ပုဆိန်များ လုံတံများ၊ တင်းပုတ်များကိုတွေ့ရသည်။ လက်နက်တစ်မျိုးပြီးတစ်မျိုး အသုံးပြုနေကြခြင်းပင်ဖြစ်မည်။ ကျွန်ပ်ရောက်ရှိသွားချိန်၌ သူတို့ကိုင်ဆောင်ထားသည့်လက်နက်မှာဓားရှည်ကြီးများဖြစ်သည်။

ဓားချင်းထိခတ်သံမှာ ရှေ့ဥမင်လိုဏ်ကြောင့် ပဲ့တင်ထပ်နေသည်။ ကျွန်ုပ်၏ရထားကို ဟာနုမာန်ထံသို့မောင်းနှင်လိုက်သော်လည်း ဟာနုမာန်သည်ပေါ့ပါးစွာရှောင်တိမ်းလိုက်သည်။ သူတို့တိုက်ပွဲကို ကျွန်ုပ်မကြည့်အားပေ။ ရထားကို ဥမင်လိုဏ်အတွင်းသို့ မောင်းဝင်လိုက်သည်။ စစ်မြင်းဆယ်ကောင်နှင့် ရထားကိုယ်ထည် ဥမင်အတွင်းသို့ရောက်ရှိသည့်အခိုက်မှာပင် အသံနက်ကြီးဖြင့် အော်သံတစ်ခု မေဃနာဒတို့ထံမှကြားလိုက်ရသည်။

ကျွန်ုပ်ရထားပေါ်မှလှည့်ကြည့်လိုက်သည်။

"သား .........တော် ......... မေဃနာဒ"

ဓားသည်သားတော်မေဃနာဒ၏ရင်အုံတွင် ထိုးစိုက်နေပြီတကား။ သားတော်သည် ဓားတန်းလန်း စိုက်နေသည့်အထဲက ဟာနုမာန်ကိုလိုက်ခုတ်နေသည်။ သို့သော်သွေးများက မြင်မကောင်းအောင် ထွက်ကျနေပေပြီ။ ထို့ပြင်ဓားတစ်ချောင်းကလည်း ကျန်လက်မောင်းတစ်ဖက်တွင်ထုတ်ချင်းစိုက်နေသည်။

သားတော်သည် ကျောက်တုံးတစ်တုံးပေါ်သို့ခုန်တက်လိုက်ပြီး သူ့ရင်တွင်ဝင်စိုက်နေသည့်ဓားကိုဆွဲထုတ်လိုက်သည်။ ထို့နောက်ထိုဓားဖြင့် ဟာနုမာန်ကို ပစ်ပေါက်လိုက်သည် ။ သို့သော်ဟာနုမာန်ကိုမထိတော့။ ဟာနုမာန်သည် သွေးအလိမ်းလိမ်းဖြင့် ခံတပ်တစ်နေရာသို့ပြေးသွားသည်။

သားတော်မေဃနာဒသည် ကျောက်တုံးပေါ်မှလိမ့်ကျသွားလေသည်။

သေနာပတိချုပ်သားတော်မေဃနာဒသည် မဟာသူရဲကောင်းအဖြစ် ကျဆုံးသွားချေပြီတကား။

နာကျင်သော ကျွန်ုပ်၏ရင်အုံအတွင်း၌ ချက်ချင်းပင်စစ်သွေးများ ဆူပွက်လာတော့သည်။ ကျွန်ုပ်ရထားကို နောက်သို့ပြန်မလှည့်တော့။ ဥမင်လိုဏ်သည်လည်း ရထားကိုပြန်လှည့်နိုင်လောက်သည်အထိ ကျယ်ပြောသည့်မဟုတ်။ ထို့ကြောင့် ဥမင်လိုဏ်အတွင်းသို့သာ အဟုန်ပြင်းစွာ မောင်းနှင်လာခဲ့သည်။

ကျွန်ုပ်ဟစ်ကြွေးလိုက်သောအသံသည် ဥမင်လိုဏ်သံဖြင့် ပဲ့တင်ထပ်ကာ လိုဏ်ပေါက်တွင် ကျဆုံးခဲ့ပေသော သားတော်ထံသို့ ရောက်နိုင်ပေလိမ့်မည်။

"သားတော်မေဃနာဒ ....... အားလုံးအတွက် ပြီးတော့ အားလုံးထက်ပိုပြီး သားတော်အတွက် လက်စားချေဖို့အခုရန်သူရှိရာကို အခုခမည်းတော်သွားနေပြီ ချစ်သားတော်ရေ၊ ခမည်းတော်သွားနေပြီ"

နမတော်ဂမ္ဘီ၊ တူတော်များ၊ ဒြာဝိဒိယန်စစ်သည်များ၊ သေနာပတိများ၊ ထို့နောက် သားတော်မေဃနာဒ။

အထပ်ထပ်ရစ်ပတ်ဖွဲ့စည်းလေပြီဖြစ်သော ရန်ငြိုးများအတွက်နက်ရှိုင်းသောကလဲ့စားချေမှုကို ပြုရန် ကျွန်ုပ်ဥမင်လိုဏ်အတွင်း ရထားကိုတဟုန်ထိုးမောင်းနှင်နေပြီ။ မြင်းခွာသံနှင့် ရထားဘီးသံကြောင့် ဥမင်လိုဏ်အတွင်ဖြစ်ပေါ်ခဲ့သော ပဲ့တင်သံကြီးသည် ရေတံခွန်မှ ရေကျသံအလား။

ပဲ့တင်သံများကြောင့် မြင်းများသည် လန့်၍ပိုပြီးလျင်မြန်စွာ ပြေးကြသည်။ ဥမင်လိုဏ်နံရံမှ ကျောက်စွန်းများနှင့် ရထားဘီးသံချွန်များတိုက်ခိုက်ကြရာတွင် မီးပွားများလွင့်စဉ်ကုန်ကြသည်။ ဥမင်လိုဏ်အတွင်းမီးများမထွန်းညှိရဘဲ ထိုမီးပွားများဖြင့် လင်းနေသည် ။ အချို့သံချွန်များပဲ့ထွက်ကုန်ကြသည်။ ကျောက်စွန်းများလဲ ကျိုးပဲ့ကုန်သည်။

ရှေ့ဆီတွင် လိုဏ်ပေါက်မှတိုးဝင်နေသည့် အလင်းရောင်ကိုမြင်ရပြီ။ အေးမြသောလေစိမ်းသံသည် ကျွန်ုပ်မျက်နှာပြင်သို့ တဟူးဟူးဖြတ်သန်းလာပြီ။ ပဲ့တင်သံများပျောက်ကွယ်သွားသည်။

ဥမင်လိုဏ်၏ တစ်ဖက်အပြင်သို့ကျွန်ုပ်ရောက်နေပြီ။

ဝတ်ရုံစိမ်း .... ရန်သူ ....... ရာမမင်းသား။

ဆီးနှင်းများဝေနေသည့်ဝေးလံသောအရပ်မှ တလူလူလွင့်နေသောဝတ်ရုံစိမ်းကိုဝတ်ဆင်လျက်ရန်သူသည် မျက်နှာချင်းဆိုင်မြင်းကိုစိုင်းလာပြီ။

မြားကာတိုင်တွင် ချိတ်ဆွဲထားသော လှံတံကိုဆွဲယူလျက်၊ သင်းဆီသို့ပစ်လွှတ်လိုက်သည်။ လှံတံသည် တည့်မတ်စွာဝင်သွားသည်။ သင်းကခေါင်းကိုငုံရှောင်သည်။ နောက်ထပ်လက်နက်တစ်ခု .. ပုဆိန်။ ပုဆိန်သည် သင်း၏ မြင်းခေါင်းတည့်တည့်တွင် ဝင်စိုက်သည်။ မြင်းသည် ကျွမ်းထိုးကျသွားပြီး သင်းလိမ့်ကျသည်။

ရန်သူသည် မြေပေါ်သို့ရောက်သွားပြီ။

နောက်ထပ်လက်နက်တစ်ခု ........ ဓား။

ဝဲပျံသွားသောဓားကို သင်းကဓားဖြင့် ပြန်၍ခါထုတ်သည်။

ကျွန်ုပ်၏ရထားမှာ အဟုန်ပြင်းစွာပြေးမြဲပြေးလျက် ။ ကျွန်ုပ်သည် မြင်းဇက်ကြိုးကိုမကိုင်တော့။ လက်နက်များ တစ်ခုပြီးတစ်ခု ထုတ်ယူပြီး ရထားဘက်မှ ပစ်လွှတ်လိုက်သည်။ သင်း၏ အနီးတဝိုက်တွင် လက်နက်များဝိုင်းရံစိုက်ဝင်လျက်။ မြားကာတိုင်ထပ်မှ နောက်ထိပ်မှနောက်ဆုံးကျန်သည့် လက်နက် ...... သန်လျက်။

"အချစ်အတွက် ........ အမုန်းအတွက်"

သန်လျက်သည် ပျားတစ်ကောင်အလား လေထဲသို့ထိုးဖောက်လျက် သင်းဆီသို့ပျံဝဲသွားသည်။ သန်လျက်သည် ကျွန်ုပ်ရည်ရွယ်ထားသည့်နေရာသို့မသွား။ သို့သော်လက်မောင်းရင်းတွင်ဝင်စိုက်ပြီ။

သင်း၏မျက်နှာကိုပင် ဆီးနှင်းကြား၌မသဲမကွဲမြင်နေရပြီ။

ယိမ်းယိုင်သောခန္ဓာကိုယ်ဖြင့် သင်းသည် လေးကိုဆွဲကိုင်လျက်မြားကျည်တောက်မှ မြားကိုထုတ်ယူ ....... လေးညို့တွင်တပ်ဆင် ....... လေးကြိုးကိုင်င ..........

ဝင်းလက်သော အရာတစ်ခု စစ်မြင်းများ၏ ကျောပြင်ကို ဖြတ်လျက် ကျွန်ုပ်ဆီသို့ပျံသန်းလာ ........

မြားတစ်စင်း ....... ရွှေမြားကာကို ကျောက်ဖြတ်ပြီး ရွှေမြားကာ၏နောက်တွင် ထီးထီးမားမားရပ်နေသော ကျွန်ုပ်၏ရင်အုံဆီသို့ ............

ရင်အုံအနှံ့အပြားတွင် သင်း၏မြားတံများ တစ်စင်းပြီး တစင်း ....... နောက်တစ်စင်း .........

"နောင်တော်ဘုရင်မင်းမြတ်"

အစိမ်းရောင်နှင့် အနီရောင် လှိုင်းလုံးကြီးများ တလိပ်လိပ် တက်လာကြသည်။

နှစ်ခုပူးပေါင်းပြီး အနက်ရောင်ရေလှိုင်းလုံးကြီးဖြစ်သွားပြီး ကောင်းကင်ပြင်သို့တက်သွားသည်။ ကောင်းကင်တစ်ပြင်လုံး မည်းနက်သွားသည်။

အမှောင်တိုက်ထဲတွင် ဓားခုတ်သံများ မြည်ဟည်းနေသည်။ ဥမင်လိုဏ်အတွင်းရှိ

ကျောက်စွန်းများနှင့် ရထားသံချွန်ဘီးများ ထိခတ်သံ၊ ဒြာဝိဒ်ယန်တို့၏ ဟစ်ကြွေးသံများ ။

"လက်ာဒီပဘုရင်မင်းမြတ် ........ သက်တော်ရှည်ပါစေ"

"ရာဝဏ ....... ရာဝဏ ....... လက်ာဒီပရဲ့သူရဲကောင်း ရာဝဏ"

"မျောက်ဝံတွေကိုခုတ်ကြဟေ့"

"ဒြာဝိဒ်ယန်တို့ ....... အသားဝါတွေရဲ့ လက်ချောင်းသွေးနဲ့ ခြေဆေးကြ"

အမှောင်ထုကြီးသည် ချက်ချင်းနီရဲလာသည်။ သွေးစက်များဖြစ်သွားပြီး မြေပြင်သို့ သွေးမိုးစက်များ တဝေါဝေါကျဆင်းလာပြီ။ သွေးအိုင်ထဲတွင် ရွှေသမင်၊ တရိဂမ္ဘီ၏အလောင်း၊ သားတော်မေဃနာဒသည် ကိုယ်တွင်စူးဝင်နေသည့် ဓားကိုထုတ်ယူနေသည်။ ဦးရီးတော် သည် ထင်းရှူးပင်များကို တဖြောင်းဖြောင်းရိုက်ချိုးနေသည်။ ထင်းရှူးပင်များသည် မြေပေါ်သို့ တဝုန်းဝုန်းလဲကျသွားသည်။ မြေပြင်ပေါ်သို့ရောက်သောအခါ သမင်ရိုင်းကြီးများဖြစ်သွားသည်။ သမင်ရိုင်းကြီးများသည် ပြင်းထန်စွာခုတ်ကြသည်။ စပျစ်သူရာများ ဖြင့်ပြည့်လျှံသွားလေသည်။

သားရဲတွင်းမှခြင်္သေ့ကြီးတစ်ကောင်ထွက်ပေါ်လာသည်။ ခြင်္သေ့ကြီး၏အာခေါင်တွင်သံလျက်တစ် ချောင်းစူးဝင်နေသည်။ခမ်းနားသောတဲနန်းကြီးတစ်ခုအတွင်းဘက်တစ်နေရာတွင် ရွှေခြည်ဖောက် ပဝါခန်းဆီးစကာထားသည်။ ပုလဲကြိုးများမျက်နှာကြက်တွင် အစီအရီချိတ်ဆွဲလျက်။

"လက်ာဒီပဘုရင် ....... သင်ဒီနေရာက ထွက်သွားလိုက်စမ်း"

မုတ်ဆိတ်ဖြူနေသည့် အာရိယန်အဘိုးကြီးတစ်ဦးတောင်ဝှေးကို ဆောင့်၍အော်လိုက်သည်။ တဲနန်းအတွင်းမှ အာရိယန်ဘုရင်များက ရယ်မောကြသည်။

"ဟား .... ဟား ..... ဟား ...."

"မိမိရဲ့ ရာဇပလင် လစ်လပ်မသွားစေချင်ရင် ကိုယ့်နေရာမှာကိုယ် နေလိုက်ကြစမ်း"

"ခုတ်ဟေ့ .... သတ်ကြဟေ့"

အမှောင်တိုက်ပြန်ဖြစ်သွားပြန်သည်။

အမှောင်တိုက်ထဲတွင် စူးရှသောအလင်းရောင်လေတစ်ခုပေါ်လာသည်။

ရွှေခြည်ဖောက် ပဝါခန်းဆီးစနှင့် ပုလဲကြိုးများ ........

သာယာသော အသံတစ်ခု တလွင်လွင် ထွက်ပေါ်လာပြန်သည်။

ကျောက်တုံးများကို ရစ်ခွေပွတ်တိုက်လျက် စီးဆင်းလာသော စမ်းရေထဲတွင်သစ်ခွပန်း

များမျောပါလာသည်။ ခရမ်းရောင်သစ်ခွပန်းများ စုဝေးကြပြီးနောက် ရုပ်ပုံရွှေလွှာတစ်ခု ဖြစ်သွားပြန်သည်။ သန္တာနှုတ်ခမ်းလွှာသည် ဖွင့်ဟလှုပ်ရှားလာသည်။

"လက်ာဒီပဘုရင် ...... ခမ်းနားတဲ့ ကမ္ဘာလောကမှာ သီတာဒေဝီဆိုတဲ့ မိန်းမသားတစ်ဦးကြောင့် ရှင် ဒုက္ခရှာတော့မလား ..... ဟင် ......."

"ဒါပေမယ့်သီတာဒေဝီ၊ ဟောဒီလက်နက်တွေချိတ်ဆွဲထားတဲ့ ဝတ်ရုံအောက်ကကိုယ်တွင်းမှာ မင်းကိုချစ်မြတ်နိုးတဲ့ နှလုံးသည်းပွတ်ရှိနေတယ်ဆိုတာမင်းနားလည်လိုက်ပါ၊ မင်းနားလည်လိုက်ပါ"

"ပြင်းထန်တဲ့စစ်ပွဲတွေဖြစ်ရတယ်ဆိုရင် အားလုံးအတွက် ကျွန်မနှလုံးသည်းပွတ်တွေ ကြေကွဲရပါလိမ့်မယ်၊ အိန္ဒိယရာဇဝင်မှာ သီတာဒေဝီဆိုတဲ့အမည်ဟာ အရုပ်ဆိုးအကျည်းတန်စွာ ကမ္ပည်းကျန်ရစ်ခဲ့တော့မယ်"

"အဲဒီအချစ်ကြောင့် ဒသဂီရိရဲ့အမည်ဟာ ကမ္ဘာလောကရဲ့ရာဇဝင်တစ်လျှောက်မှာ ရက်စက်မှုရဲ့ ပြယုဂ်အဖြစ်တည်ချင်တည်စေတော့"

အလင်းရောင်သည် အမှောင်ထုကိုအနိုင်ရရှိသွားသည်။

စမ်းရေစီးသံများ ပီသစွာကြားလာရသည်။ ဆီးနှင်းများဝေနေသည်။ ရေညှိဖုံးနေသော ကျောက်ကမ်းပါးနံရံထက်တွင်သစ်ခွပန်းများ။

"အိန္ဒိယမြစ်ကျဉ်းဒေသပါလား"

"ရာဝဏ ... ရာဝဏ'

"ဦးရီးတော်လား"

"ဟုတ်ပါတယ် ရာဝဏရယ်၊ ငါမာရစ္ဆပါ"

"ဒီနေရာဟာ ....... အိန္ဒိယမြစ်ကျဉ်းဒေသမဟုတ်လား"

"ဟုတ်တယ်လေ ..... ရာဝဏ"

"နက်ရှိုင်းတဲ့ ..... သာယာမှုကို ဆောင်တဲ့တကယ့်ပကတိသဘာဝဒေသ"

မှုန်ရီတဝါးရှိလှသောမြင်ကွင်းဝယ် ဦးရီးတော်မာရစ္ဆ၏မျက်နှာကို ကွန့်ပ်မြင်လာရသည်။ သူ့မျက်လုံးများသည် ရွှန်းစိုတောက်ပြောင်နေသည။

"ဟင် ...... ဒါက .... ဘယ်လိုလဲ ဦးရီးတော်"

"မျက်ရည်တွေပေါ့ ရာဝဏ၊ ငါ့မျက်လုံးအိမ်ထဲက မျက်ရည်တွေ"

"သုတ် ....... သုတ် အခုသုတ်လိုက်စမ်း ၊ ဦးရီးတော်"

" ....... "

"သားတော်ကျဆုံးသွားပြီ ဦးရီးတော်သိရဲ့လား"

"သူဟာ မဟာသူရဲကောင်းပါပဲ ရာဝဏ"

"ကျုပ်ရင်မှာ မြားတံတွေအများကြီးစိုက်ဝင်နေတယ်"

"မင်းဟာ အင်မတန်ကြံ့ခိုင်တဲ့သူရဲကောင်းကြီးပါရာဝဏရယ်"

"ဂုမ္ဘဒီပကော ... တိုက်ပွဲပြီးသွားပြီလား ... ခံတပ်"

"အားလုံးပြီးသွားပြီ ရာဝဏ၊ အားလုံးပြီးသွားပြီ"

"တိတ်စမ်း ....... မပြီးသေးဘူး၊ ဦးရီးတော်ရှိသေးတယ်၊ ဒြာဝိဒိယန်တွေကိုစုရုံး ..... လက်ာဒီပမှာ ထပ်စုဆောင်း၊ ကျူးကျော်သူတွေကို မောင်းထုတ် ..."

"ဒါတွေမပြောပါနဲ့ ရာဝဏ"

"လက်ာဒီပဘုရင်ပြောနေတယ်၊ သေနာပတိတွေအားလုံးကိုခေါ်လိုက်"

"ရှိကြပါတယ် ရာဝဏ"

ဒသဂီရိရဲ့ ဝိဉာဉ်ဟာ လက်ာဒီပကိုဆက်ပြီးအုပ်ချုပ်နေမယ် နားလည်လား"

"မင်းရဲ့အမိန့်ကို နာခံပါတယ် ရာဝဏရယ် .... "

စမ်းရေစီးသံသည် တဖြည်းဖြည်းတိုးဝင်သွားသည်။ ရေညှိဖုံးသည့်ကျောက်ကမ်းပါးမှသစ်ခွပန်းမှ မပီမသဖြစ်လာသည်။

"အရှေ့ဘက်ဆီမှာ ဓမ္မိကတောင်သေလာရှိတယ်"

"မင်း .. ဘာလိုချင်လဲရာဝဏ၊ ဘာလိုချင်လဲ"

"ဓမ္မကတောင်သေလာ ခြေရင်းမှာ စမ်းချောင်းလေးတစ်ခုရှိတယ်၊ ရွှေငါးတွေကူးခတ်နေကြ တယ်၊ ဥဒေါင်းငှက်တွေလည်းကနေကြတယ်၊ ကျုပ်သူရဲ့ရုပ်ပုံရွှေလွှာကို အဲဒီနေရာမှာရခဲ့တယ်"

"ငါသိတယ်လေ .... ရာဝဏ"

"မိုဟန်ဂျိုဒါရိုက တောင်ကုန်းမှာ ကျုပ်ကိုမထားခဲ့နဲ့၊ ခမ္မိကတောင်သေစလာခြေရင်းက စမ်းချောင်းဘေးမှာ ကျုပ်ကိုမြှုပ်နှံရမယ်၊ နားလည်လား"

"ကောင်းပါပြီကွယ်"

တစ်ခဲနက်သော အမှောင်တိုက်ဖြစ်ထွန်းလာသည်။ ချက်ချင်းပင် ရုတ်တရက် အရာခပ်သိမ်း စူးရှဝင်းထိန်သွားပြန်သည်။

"ကျုပ်နှစ်ခုမှာခဲ့မယ်၊ ကျုပ်ဝိဉာဉ်ဆက်လက်အုပ်ချုပ်နေမယ့်လက်ာဒီပမှာ ဒြာဝိဒိယန်တွေပြန်စုရုံးပြီး ရန်သူတွေကို တိုက်ခိုက်ရမယ်၊ ပြီးတော့သီတာဒေဝီကိုပြောလိုက်ပါ၊ သူ့ကိုချစ်မြတ်နိုးတဲ့ လက်ာဒီပဘုရင်က ....... သူ့ရဲ့နူးညံ့ချိုသာတဲ့ ဆက်ဆံမှုကို ဘယ်........ တော့မှ ....... မမေ့ ........"

## အပိုင်း(၁၀)
## လင်္ကာဒီပချစ်သူ

ဟေဝန်ဖျား ..... မြိုင်သီလာ ..... တောင်ယံတောစွယ် ..
သာမောဘွယ်စေ ...... ယဉ်ရေသွယ်သွယ်ဖြာ ....
ကန်သာသီတာ စီကာသမ်း .....
ရွှေကိုယ်သည်ဝယ်ပူနယ် ပန်းအောင် မယ်မောင်ဗျာဝန်ပိုမို ...
ဆိုငိုမှိုင်ယောင် .....
သည်းခေါင်ကြွေလူညား ......
(ပန်းမြိုင်လယ် .... ယိုးဒယား)

"ရာဝဏ မင်းရဲအမိန့်အတိုင်း အခုမင်းကို ဓမ္မိကတောင်သေလာခြေရင်းက စမ်းချောင်းမှာမြှုပ်နှံလိုက်ပြီ၊ မင်းပြောတဲ့အတိုင်း စမ်းရေထဲမှာ ရွှေငါးတွေကူးခတ်နေကြတယ်၊ ဥဒေါင်းငှက်တွေလည်း ကခုန်နေတယ်၊ ပန်းရနံ့တွေလည်းသင်းပျံ့နေတယ်၊ အစခပ်သိမ်း သာယာတဲ့ ဒေသလေးပါရာဝဏ၊ ချမ်းမြေ့ဖွယ် ဒေသလေးပါ ...........

"ဒါပေမယ့် ....

"ငါနဲ့တကွသော ဒြာဝိဒ်ယန်အားလုံးအဖို့တော့ ဒီနေရာဟာ သောကရဲ့ကွန်းထောက်စခန်းပါပဲ ရာဝဏရယ်၊ မင်းရဲ့ကျောက်ဂူကို တို့မျက်ရည်တွေနဲ့သုတ်လိမ်းခဲရပါပြီ ....

"ဓမ္မိကတောင်သေလာဟာ ညို့မှိုင်းနေတယ်၊ အေးမြငြိမ်းချမ်းလှပါတယ်၊ ပူလောင်ပြင်းပြပြီး စစ်ပွဲတွေနဲ့သာအဆက်မပြတ် အသက်ရှင်ခဲ့ရတဲ့ .......မင်း လင်္ကာဒီပဘုရင်မင်းမြတ်ကြီးဟာ အခုအချိန်မှာတော့ အေးမြတဲ့ဒီတောင်ရိပ်က စမ်းချောင်းဘေးမှာ ထာဝရအနားယူပါတော့ ......"

"ပိတ်ဆို့နေတဲ့ မိန်းမတစ်ဦးရဲ့ နှလုံးအိမ်အတွင်းက အချစ်ကိုဖူးငုံပွင့်အာလာအောင် လုပ်ပေးဖို့မင်းငါ့ကို အမိန့်ပေးခဲ့ဖူးတယ်၊ ဒီတုန်းက ငါဟာမင်းကို ဒီသေနင်္ဗျူဟာကိုတော့ ငါနားမလည်ပါဘူးလို့ပြောခဲ့တယ်၊ ပြီးတော့အဆိပ်လူးမြားငါးစင်းကို တစ်ပြိုင်တည်း ပစ်လွှတ်နိုင်တဲ့မိန်းမတွေရဲ့ ရှုပ်ထွေးနက်ရှိုင်းတဲ့ သေနင်္ဗျူဟာကို ငါပုံဆောင်တင်စားပြောခဲ့တယ်၊ နောက်ဆုံးတော့မင်းရဲ့ရင်အုံးမှာ ရန်သူ့မြားတွေတစ်စင်းပြီးတစ်စင်း စူးဝင်ခဲ့တယ်၊ တကယ်တော့အတွင်းထဲက မင်းရဲ့နှလုံးသားမှာပြင်းထန်တဲ့ အချစ်ရဲ့မြားတံတွေစူးဝင်နေခဲ့တာ ကြာပါပြီကော ရာဝဏရယ်"

"ရာဝဏ ........"

"မင်းရယ် ... ငါရယ် .... သေနာပတိ ဂုမ္ဘာဒီပရယ် တစ်ခါက ဥမင်လိုဏ်ကို ဝင်ကြည့်ရင်း အိန္ဒြမြစ်ကျဉ်းကို ဝင်ကြည့်ခဲ့စဉ်က မင်းပြောခဲ့တယ်၊ ကျုပ်ရာမနဲ့ စီးချင်းထိုးပြီးရင် သီတာဒေဝီနဲ့ ဒီနေရာကိုလာပြီး အနားယူမယ်တဲ့၊ လင်္ကာဒီပနန်းတော်အရေးကိစ္စမှန်သမျှကို ဦးရီးတော်တို့ဘိဘိသနတို့နဲ့လွှဲထားခဲ့မယ်တဲ့၊ မင်းရဲ့ကံကြမ္မာကို မင်းဒီတုန်းက တကယ်ပဲသိခဲ့လေသလား လင်္ကာဒီပဘုရင်မင်းမြတ်ရယ် ......."

"ဒီတုန်းက မင်းရဲ့ထာဝရခက်ထန်တဲ့ မျက်နှာပြင်ပေါ်မှာ နူးညံ့တဲ့အသွင်တွေဖုံးလွှမ်းနေတယ်၊ တင်းမာတဲ့လေသံဟာလည်း ပျော့ပျောင်းနေခဲ့တယ်၊ အိန္ဒုမြစ်ကျဉ်းဆိုတဲ့ရိုးစင်းတဲ့နံမည်ကိုဖျောက်ပြီး ဒသဂီရိဘုရင် ၊ သီတာဒေဝီမိဖုရားတို့နဲ့သက်ဆိုင်တဲ့ အမည်တစ်ခုခုပေးချင်တယ်လို့ မင်းပြောခဲ့တယ်လေရာဝဏ ...."

"ငါက အတိတ်နိမိတ်မကောင်းလှတဲ့ အမည်တစ်ခုကို ရယ်မောနောက်ပြောင်ပြီး ပေးခဲ့မိတယ်၊ ရာဝဏ၊ မင်းရဲ့ကြမ်းတမ်းခက်ထန်မှုနဲ့ မင်းရဲ့တကယ့်သဘာဝတွေပျောက်ကွယ်နေတဲ့ အဲဒီအခိုက်အတန့်အဖြစ်သနစ်ကို အဓိပ္ပါယ်ကောက်ယူပြီး ငါကဒသဂီရိ၏ဝိဉာဉ်လို့ အမည်ပေးခဲ့ပါသေးသကောရာဝဏရယ်"

"ဒီတော့မင်းက အသံနက်ကြီးနဲ့ ရယ်မောပြီးငါပေးတဲ့နံမည်ကိုငြင်းပယ်ခဲ့တယ်၊ ဒါပေမယ့် ဒသဂီရိ၏ဝိဉာဉ်ဆိုတဲ့ အဲဒီအမည်ကို မင်း ... မင်း ... အခုတော့လက်ခံရပြီကော ..... ရာဝဏ၊ မင်းရဲ့ဝိဉာဏ်ဟာအဲဒီအိန္ဒုမြစ်ကျဉ်းပေါ်မှာပဲ ချုပ်ငြိမ်းခဲ့ရပြီ မဟုတ်လားဟင်"

"အခု .... မင်းကို တို့အမွန်မြတ်ဆုံးအခမ်းအနားနဲ့ ဓမ္မကတောင်သေလာခြေရင်း စမ်းချောင်းဘေးမှာ မြှုပ်နှံခဲ့ရပြီလေ၊ ငါကျွမ်းကျင်တဲ့ သေနင်္ဂဗျူဟာနဲ့ အလှဆုံးသစ်ခွပန်းတွေ ငါကိုယ်တိုင်ရဲ့ဘယ်လက်နဲ့ ဖူးပွင့်စေပြီး မင်းရဲ့ဂူသချိုင်းပေါ်မှာ မြှုပ်နှံခဲ့ရပါပြီ။ စစ်ဘုရင်တစ်ဦးဟာ သစ်ခွပန်းတွေရဲ့ အောက်မှာ ထာဝရအနားယူနေပြီဆိုတာလူတွေယုံချင်မှယုံမယ်၊ ဒါပေမယ့်အဲဒီစစ်ဘုရင်ရဲ့စစ်သွေးတွေ ဆူဝေလှည့်ပတ်နေတဲ့နှလုံးအတွင်းမှာ ဘာရှိတယ်ဆိုတာ ငါသိပါတယ် ရာဝဏရယ် ...... ငါက သိပါတယ်၊ ဒါကြောင့်စစ်ဘုရင်တစ်ဦးရဲ့ ဂူပေါ်က သစ်ခွပန်းတွေရဲ့ အဓိပ္ပာယ်ကိုလည်းငါနားလည်နေပါတယ်"

"ချမ်းမြေ့စွာနေရစ်ခဲ့ပါတော့ ရာဝဏ၊ ချမ်းမြေ့စွာ စံနေရစ်ခဲ့ပါတော့ .........."

"မင်းရဲ့ဦးရီးတော် မာရဇ္ဈက မင်းကို လေးစားချစ်ခင်စွာ နောက်ဆုံးနှုတ်ဆက်ခဲ့ပါတယ်၊ လင်္ကာဒီပကို ပြန်ရောက်ရင်မင်းအမိန့်ပေးခဲ့တဲ့အရာတွေဟာ ငါဆက်လက်တာဝန်ယူရဦးမယ်၊ ဒြာဝိဒိယန်တွေကို ထပ်မံစုရုံးရအုံးမယ် ......"

"ဒီအခါမှာသာ"

"မင်းပြောခဲ့တဲ့အတိုင်း မင်းရဲ့ဝိဉာဉ်ဟာ လင်္ကာဒီပကိုဆက်လက်အုပ်စိုးလှည့်ပါ၊ မြေဆီသြဇာကြွယ်ဝတဲ့ သီးနှံစိုက်ခင်းတွေ အဖိုးထိုက်တန်တဲ့ရတနာများ ကိန်းဝပ်တဲ့ တောင်တန်းတွေ၊ ကျန်းမာဆူဖြိုးတဲ့ ကျွဲနွားတွေနဲ့ပြည့်စုံတဲ့ တို့အိန္ဒုဒေသကို ကျူးကျော်သိမ်းပိုက်သော အာရိယန်များကို မောင်းထုတ်ဖို့အတွက် မင်းပြန်လာခဲ့ပါ ရာဝဏရယ်၊ မင်းပြန်လာခဲ့ပါ"

"မင်းရဲ့ လင်္ကာဒီပကို မင်းပြန်လာခဲ့ ... ပါ ........"

"နောင်တော်ဘုရင်မင်းမြတ်"

"သစ္စာဖောက်ရယ်လို့ နောင်တော်အကြိမ်ကြိမ် ခေါ်ဝေါ်ခဲ့ပြီး ကွယ်လွန်သည်အထိ နောင်တော်ရဲ့ရင်ထဲမှာ သည်းထန်စွာနာကြည်းသွားတဲ့ ညီတော်ဘိဘိသန အခုနောင်တော်ရဲ့ ဂူသချိုင်းဘေးမှာ ဒူးထောက်ခစားနေတယ်လေ ..... နောင်တော်ဘုရင်မင်းမြတ်"

"လင်္ကာဒီပရဲ့ အံ့မခန်းစွမ်းရည်ပြည့်လှတဲ့ ဘုရင်တစ်ပါးကိုဆုံးရှုံးခဲ့ရပြီမို့ ညီတော်နှလုံးကြေကွဲရပါတယ်"

"တစ်အူတုံဆင်းနောင်ရင်းတစ်ယောက် ဆုံးရှုံးခဲ့ရပြီမို့လည်း နှလုံးကြေကွဲရပါတယ် ........"

"နှလုံးကြေကွဲမှုပေါင်းများစွာထဲက ညီတော်အပေါ် သစ္စာဖောက်ဘိဘိသနရယ်လို့ နာကြည်းမုန်းတီးမှုကို နောက်ဆုံးအချိန်ထိ နောင်တော့်ရင်မှာ သိပ်မံးဆည်းသွားခဲ့တဲ့အတွက် ညီတော် သည်းအူပြတ်မတတ် နှလုံးကြေကွဲရပါပြီ နောင်တော်"

"နောင်တော် ဘုရင်မင်းမြတ် ....."

"နတ်ဒေဝတာနဲ့ အတူရှိနေမယ့်နောင်တော်ရဲ့ ဝိဉာဉ်တော်က ညီတော်ဒူးထောက်ခစားနေခြင်းကို လက်ခံနိုင်ပါစေ၊ ညီတော်ရဲ့တောင်းပန်ဖြေရှင်းအသနားခံချက်ကို လက်ခံနိုင်ပါစေ ........."

"ညီတော်သစ္စာမဖောက်ပါ၊ သစ္စာဖောက်မဟုတ်ပါ .......နောင်တော်ဘုရင်မင်းမြတ် ...."

"လင်္ကာဒီပအိမ်ရှေ့စံတစ်ယောက်အနေနဲ့ ညီတော်ဟာ အိန္ဒုဒေသရဲ့ ရှည်လျားတဲ့ရာဇဝင်ကို နှံစပ်ကုန်စင်အောင်လေ့လာပြီး လင်္ကာဒီပရဲ့အနာဂတ်ကို တွက်ချက်နားလည် ခဲ့ပါတယ်၊ အာရိယန်တွေဟာ တစ်ချိန်မှာ ဒြာဝိဒိယန်တို့ရဲ့အိန္ဒုတောင်ပိုင်းလွင်ပြင်ကို ထိုးဖောက်တိုက်ခိုက်ကြမှာဖြစ်တဲ့အကြောင်း ညီတော်အကြိမ်ကြိမ် အဖန်ဖန်သတိပေးခဲ့ပါတယ်၊ သီတာဒေဝီကို အကြောင်းပြုပြီးနောင်တော်ဘုရင်မင်းမြတ်နဲ့ ရာမမင်းသားတို့အကြား ပဋိပက္ခ ဖြစ်ပွားမှုထက်မျိုးနွယ်စုအရေးသာဖြစ်ကြောင်း ညီတော်တင်ပြခဲ့ပါတယ်၊ ဒါပေမယ့် ... ညီတော်ရဲ့အယူအဆကို လျစ်လျူရှုခြင်းခဲ့ရပါတယ် ........"

"ဒြာဝိဒိယန်မျိုးနွယ်စုထဲမှာ သူရဲကောင်းတွေအများကြီးရှိပေမယ့် ကြီးမားနက်ရှိုင်းတဲ့ မျိုးနွယ်စုအရေးကိစ္စမှာတော့ သူရဲကောင်းများ တစ်ကိုယ်ရည်စွမ်းရည်တို့နဲ့တင်မလုံလောက်ကြောင်း ညီတော်နားလည်ခဲ့ပါတယ်၊ ဒြာဝိဒိယန်တို့ရဲ့ စစ်သည်ကောင်းများပြားကြွခိုင်ရေး၊ သေနင်္ဂဗျူဟာကြွယ်ဝရေး၊ အခြားမျာစွာသော မျိုးနွယ်စုများနဲ့ထီးနန်းသဘောအရ ဆက်သွယ်ထားရေးစတဲ့ အရေးအရာများကို ပါ တည်ဆောက်မှဖြစ်မယ်လို့ညီတော်နားလည်ခဲ့ပါတယ်၊ ဒါကြောင့် သီတာဒေဝီရဲ့အရေးကိစ္စကို အခိုက်အတန့်မှာ ကျေလည်မှုတအောင် ဖြေရှင်းထားပြီး ဒြာဝိဒိယန်တို့ရဲ့မျိုးနွယ်စုအဘက်ဘက်က တောင့်တင်းခိုင်မာလာအောင် ပြင်ဆင်ဖို့အချိန်ယူရန်လိုအပ်ကြောင်း ညီတော်သဘောပေါက်ခဲ့ပါတယ် ..."

"နောင်တော်ဘုရင်မင်းမြတ် ..."

''သီတာဒေဝီကို ညီတော်ဟာ ရာမမင်းသားဆီပြန်ပို့ဖို့စီစဉ်ခဲ့ပါတယ်၊ ဒီလိုပို့ရာမှာလည်း နောင်တော်ဘုရင်မင်းမြတ်နဲ့တကွ အားလုံးရဲ့ဆန္ဒနဲ ဆန့်ကျင်ရ မှာဖြစ်တဲ့အတွက် နောင်တော်ရာဝဏခံတပ်ကို လှည့်လည်ကြည့်ရှုဖို့သွားစဉ်မှာ ညီတော်သီတာဒေဝီကိုခိုးယူခဲ့ပါတယ်၊ သီတာဒေဝီကိုရာမမင်းသားထံပြန်ပို့လိုက်ခြင်းအားဖြင့် လောလောဆယ်တင်းမာနေတဲ့ ကိစ္စခုဖြေရှင်းရာရောက်ပြီး နောက်မှညီတော်ဟာ သူတို့အာရိယန်များနဲ့ပူးပေါင်းပြီး သူတို့ရဲ့အင်အား၊ သူတို့ရဲ့သေနင်္ဂဗျူဟာ။သူတို့ရဲ့လက်အောက်ခံမျိုးနွယ်စုများကို အသေးစိတ်ထောက်လှမ်းစုံစမ်းပြီး အားလုံးပြည့်စုံတဲ့အခါမှ အာရိယန်တွေကိုတိုက်ခိုက်သိမ်းပိုက်နိုင်ဖို့ ညီတော်စီစဉ်ခဲ့ပါတယ်၊ နှစ်ရှည်လများကြိစည်ရမယ့် အစီအစဉ်ဖြစ်ပေမယ့် အိန္ဒြာဇဝင် ကာလရှည်လျားမှုနဲ့နှိုင်းစာရင် ညီတော်ရဲ့အစီအစဉ်ကာလဟာ လိုအပ်တဲ့အချိန်အသုံးချမှုဖြစ်ပါတယ် .... နောင်တော်ဘုရင်မင်းမြတ် ......"

"အာရိယန်မျိုးနွယ်စုကို ဒြာဝိဒိယန်တို့က လွှမ်းမိုးဝါးမျိုးနိုင်ပြီးမှ နောင်တော်ဟာ နောင်တော်ချစ်မြတ်နိုးတဲ့ သီတာဒေဝီကို အကြွင်းမဲ့သိမ်းပိုက်နိုင်မှာဖြစ်ပါတယ်၊ ဒီလိုအကြံအစည်နဲ့ ညီတော်ဟာရန်သူ့ဘက်ကို ဥပါယ်တံမျဉ်အသုံးပြုပြီး ဝင်ရောက်ခဲ့ပါတယ်"

"ဒါပေမယ့် နောင်တော်ဘုရင်မင်းမြတ် ....."

"ဒီအကြောင်းတွေကို နောင်တော်ဆီ၊ ညီတော်သဝဏ်လွှာမပါးနိုင်ခဲ့ဘူး၊ ညီတော်ဆီက ရာမမင်းသားရဲ့ စာချွန်နဲ့အတူ နောင်တော်ရရှိတဲ့သဝဏ်လွှာမှာ ညီတော်ဘာမှ မရေးနိုင်ခဲ့ပါဘူး၊ ရန်သူတွေရဲ့စောင့်ရှောက်မှုအောက်မှာ ညီတော်ဟာ တကယ့်သစ္စာဖောက်တစ်ဦးလိုပဲ ကျင့်သုံးရေးသားခဲ့ပါတယ် .

"ပထမခံတပ်နဲ့ ဒုတိယခံတပ်စစ်ပွဲတွေကိုလည်း မဖြစ်ပွားရအောင် ညီတော်ကြိုးစားပြီး တားမြစ်ခဲ့ပါတယ်၊ ဒါပေမယ့် သူတို့ဟာ ပရိယာယ်ကိုအသုံးပြုပြီး ညီတော်ထံက ခံတပ်ကျုံးတွေရဲ့ လျှို့ဝှက်ချက်ကို ရရှိသွားကြပါတယ်၊ ဒုတိယခံတပ်စစ်ပွဲအပြီးမှာတော့ သူတို့ဟာ အထိနာခဲ့တဲ့အတွက် ကျန်ခံတပ်တွေကို မတိုက်ဖို့ဆုံးဖြတ်ခဲ့ကြတယ်၊ ညီတော်ကိုလည်း မယုံသင်္ကာဖြစ်လာကြတယ်၊ နောက်ထပ်တိုက်ပင်ဆွေးနွေးခြင်းမပြုကြတော့ဘူး ........."

''ရာမမင်းသားကို ညီတော်ဖျောင်းဖျနားချလို့ ရခဲ့ပါတယ်၊ သီတာဒေဝီကို ပြန်ရရင်ကြီးကျယ်တဲ့ စစ်ကိုမတိုက်တော့ဘူးဆိုတဲ့အထိ ရာမမင်းသားထံက ညီတော်သဘောတူမှု ရခဲ့ပါတယ်၊ ဒါပေမယ့် သူတို့ဟာနုမာန်ကိုလွှတ်ပြီး သီတာဒေဝီကိုခိုးယူစေပေမယ့် သူတို့ အကြံမအောင်ခဲ့ပါဘူး၊ နောက်ဆုံးမှာတော့ မဏ္ဍုဘုရင်နဲ့တကွ အာရိယန်ဘုရင်များပါ ရာဝဏခံတပ်ကို တိုက်ခိုက်ပြီး ကြီးကျယ်တဲ့ မျိုးနွယ်စုစစ်ပွဲတစ်ခုဆင်နွှဲ၊ နောင်တော်ဘုရင် မင်းမြတ်ကိုသုတ်သင်ဖယ်ရှားဖို့ ဆုံးဖြတ်ခဲ့ကြ ပါတယ် ......"

"အဲဒီနောက်မှာတော့ ညီတော်ကိုလည်း အကျဉ်းသားသဖွယ်ထားခဲ့ကြတယ်၊ ရာဝဏခံတပ်စစ်ပွဲကျမှညီတော်ကို ရာမမင်းသားရဲ့ အနီးတပ်ဦးမှာထားရှိပြီး နောင်တော်ဘုရင်မင်းမြတ် ရဲ့ ဒေါသကို ဆူပွက်လှုပ်ရှားအောင် ဖန်တီးကြပါတယ် ...."

"ညီတော်ကို လက်နက်တစ်စုံတစ်ရာ ကိုင်စွဲခွင့်မပေးတဲ့အပြင် ညီတော်ရဲ့လှုပ်ရှားမှု တစ်ခုတစ်လေယွင်းပျက်တာနဲ့ တပြိုင်နက်အဆုံးစီရင်ဖို့စစ်သည်များက အသင့်ပြင်ဆင်ထား ကြပါတယ်၊ ရာဝဏခံတပ်တိုက်ပွဲမစမီမှာ ညီတော်ကို သဝဏ်လွှာပေးစေပါတယ်၊ အဲဒီတုန်းက လည်း ညီတော်က သူတို့ရဲ့သဝဏ်လွှာကိုယူလာပြီး နောင်တော်ဘုရင်မင်းမြတ်ကို အကြောင်းစုံ ပြောပြဖို့ကြိုးစားပေမယ့် နာကြည်းနေတဲ့နောင်တော်ရဲ့လက်ချက်နဲ့ အချည်းနှီးအသက်မဆုံး ရအောင် ညီတော်ကိုယ်လွတ်ရုန်းပြေးခဲ့ရပါတယ် ......."

"နောင်တော်ဘုရင်မင်းမြတ် ......"

"နာကြည်း အထင်လွဲနေတဲ့နောင်တော် ဘုရင်မင်းမြတ်နဲ့တကွသောဒြာဝိဒိယန်များကတစ်ဖက်၊ မယုံသင်္ကာဖြစ်ပြီး အမြဲစောင့်ကြပ်နေတဲ့ အာရိယန်တွေက တစ်ဖက်၊ ဒီအင်အား နှစ်ခုအကြားမှာ နောင်တော်ရဲ့ အမြော်အမြင်

ကြီးမားလှပါတယ်တို့လက်ာဒီပအိမ်ရှေ့စံကြီးဘိဘိသန ရဲ့နက်ရှိုင်းတဲ့ အကြံအစည်များဟာ မအောင်မြင်ခဲ့ပါဘူး နောင်တော်၊ နောက်ဆုံးမှာတော့ သွေးဆာ နေကြတဲ့ မျိုးနွယ်စုနှစ်ခုဟာအပြင်းထန်ဆုံးတိုက်ပွဲဖြစ်ပြီး မင်းသားရာမဟာ ဒြာဝိဒိယနိသုံ့ပန်း တစ်ဦးဆီကသိထားတဲ့ အိန္ဒြမြစ်ကျဉ်းလိုဏ်ပေါက်ကိုသွားခဲ့ပါတယ်၊ နောင်တော်ဘုရင်မင်းမြတ် ကလည်းရာမ မင်းသားရဲ့အကြံကိုသိပြီး ဥမင်လိုဏ်ပေါက်ဆီထွက်သွားခဲ့ပါတယ် ...........

"ညီတော်သူ့နောက်ကိုလိုက်ပြီး တားဆီးဖို့ကြိုးစားခဲ့ပါတယ်"

"ဒါပေမယ့် ..."

"အစစ အရာရာနောက်ကျသွားခဲ့ပါပြီနောင်တော် ... နောက်ကျသွားခဲ့ပါပြီ"

"စစ်ရထားရဲ့ရွှေမြားကာဟာ နိမ့်နေပါတယ်လို့ နောင်တော်ဘုရင်မင်းမြတ်ကိုညီတော် နှစ်ပေါင်း များစွာက သတိပေးခဲ့ဖူးပေမယ့် နောင်တော်လက်မခံခဲ့ပါဘူး၊ အို . . . မိထိလာလေးတင်ပွဲ ကိုမသွားဖို့ တားမြစ်ခဲ့တုန်းကလည်း နောင်တော်လက်မခံခဲ့ပါဘူး၊ နောက်ဆုံးမှာတော့ အဲဒီနိမ့်နေတဲ့ ရွှေမြားကာကိုဖြတ်သန်းပြီး မိုးသီးမိုးပေါက်များပမာ ပျံသန်းလာကြတဲ့ ရာမမင်းသား ရဲ့ မြားတံတွေဟာ နောင်တော်ရဲ့ ရင်အုံမှာ မမြင်ဝံ့စရာပါလား၊နောင်တော်ရယ် ............"

"သွေးစိမ်းရှင်ရှင်လူးနေတဲ့ နောင်တော်ဟာ ဦးရီးတော်ရဲ့ ထွေးပိုက်မှုထဲကနေပြီး သူ့ရဲကောင်းတို့အားမာန်နဲ့ မှာကြားသွားခဲ့တယ်၊ နောင်တော်ရဲ့အဲဒီနောက်ဆုံးစကားတွေထဲမှာ ညီတော်အကြောင်း တစ်လုံးတစ်ပါဒမှ မပါခဲ့ပါလားနောင်တော်၊ နောက်ဆုံးအကြိမ်ထိ သစ္စာဖောက် ကြီးဘိဘိသနရယ်လို့နာကြည်းစက်ဆုပ်မှုကို နောင်တော့်ရင်ထဲ သိမ်းဆည်းသွားခဲ့ပြီပေါ့ နောင်တော်ရယ် ........."

"ညီတော်အခုငိုကြွေးနေပါတယ်၊ လက်ာဒီပအိမ်ရှေ့စံ သုခမိန်ကြီးဟာ ကလေးငယ်တစ်ဦးလို ငိုကြွေးနေပါတယ် ၊ သစ္စာဖောက်ကြီး ငိုကြွေးနေပါတယ်နောင်တော် ....."

"လက်ာဒီပရဲ့ ဘုန်းလက်ရုံးအာဏာစက်ကို တိုးချဲ့စဉ်က 'ညီတော်ဘိဘိသန' ရယ်လို့ အမြဲမပြတ် တိုင်ပင်ဆွေးနွေးခဲ့တဲ့ နောင်တော်ဟာအခုခမ္မိကတောင်သေလာခြေရင်းက စမ်းချောင်း ဘေးမှာ ညီတော့်အပေါ်နာကြည်းမှုများနဲ့ ထာဝရလျှောင်းစက်နေပြီလားနောင်တော် ......."

"မိုဟန်ဂျိဒါရိုရဲ့ တောင်ကုန်းတွေရဲ့ ဂူသချိုင်းထဲမှာ မည်းမှောင်မွန်းကျပ်စွာ မနေလိုဘူးဆိုတဲ့ နောင်တော်၊ ယဇ်ဆရာရဲ့တေးသီကျူးမှုနဲ့ ဒြာဝိဒိယန်တို့ရဲ့ဝမ်းနည်းကြေကွဲမှုကို မခံယူလိုဘူး ဆိုတဲ့နောင်တော် ....."

"ခမ္မိကတောင်သေလာခြေရင်းမှာညီတော်ရဲ့ ငိုကြွေးမှုကိုတော့ နားဆင်ပါ ....."

"ညီတော်သစ္စာမဖောက်ခဲ့ပါဘူး ဆိုတာနောင်တော်ရဲ့ဝိဉာဉ်နားဆင်ပါ ....."

"ပကတိဆိတ်ငြိမ်တဲ့နက်ရှိုင်းတဲ့သဘာဝဒေသဖြစ်တဲ့ အိန္ဒြမြစ်ကျဉ်းဒေသကို နက်ရှိုင်းလှတဲ့ အမည်တစ်ခုပေးဖို့ညီတော့်ကို တာဝန်လွှဲခဲ့တယ်လို့ ဦးရီးတော်ကပြောပါတယ် နောင်တော် .."

"တကယ်တော့ နောင်တော်ရဲ့ ဝိဉာဉ်ချုပ်ငြိမ်းရာ ဒေသမှာ ဘယ်လိုနက်ရှိုင်းတဲ့အမည်မျိုးမှ ညီတော်မပေးစွမ်းနိုင်ပါဘူး၊ လင်္ကာဒီပရဲ့ထက်မြက်တောက်ပြောင်တဲ့ ဘုရင်မင်းမြတ်ကျဆုံးရာ ဒေသကို ဘယ်သုခမိန်ကမှ သင့်တော်လိုက်ဖက်တဲ့ အမည်ပေးစွမ်းနိုင်မှာ မဟုတ်ပါဘူး"

"ဒါပေမယ့် ......"

"နောင်တော့်အပေါ်မှာ ဒြာဝိဒိယန်မျိုးနွယ်စုအပေါင်းကထားရှိတဲ့ လေးစားကြောက်ရွံ့မှု၊ သီတာဒေဝီအပေါ်မှာ ပြင်းပြစွာချစ်ခင်စွဲလမ်းခဲ့တဲ့ နောင်တော်ရဲ့မေတ္တာ၊ အိန္ဒြလွင်ပြင်ရဲ့ လက်ာဒီပအပေါ်မှာ မြတ်နိုးခုံမင်လှတဲ့နောင်တော်ရဲ့အချစ်၊ ဒါတွေကို စုရုံးပေါင်းစပ်ပြီး ..........."

"ညီတော် ချစ်ကြောက်ရိုသေ မြတ်နိုးလေးစားလှတဲ့ နောင်တော်ဘုရင်မင်းမြတ်ရဲ့ အမိန့်တော်ကို ဦးထိပ်ရွက်ပန်ဆင်ပြီး နောင်တော်ရဲ့ခြေအစုံက လိမ်းသပ်ယူခဲ့တဲ့ သွေးစွန်းတဲ့ မြေမှုန့်များကို ညီတော်ရဲ့နှုတ်ခမ်းထက်မှာတင်ပြီး ညီတော်အမည်ပေးပါတော့မယ်"

"နာကျင်ကြေကွဲတဲ့ အသည်းနှလုံးများကို တစ်စစီ တစ်စစီ ဖွဲ့ခြွေပြီး နောင်တော်ရဲ့ ဂူသချိုင်းပေါ်မှာ ညီတော် ကမ္ပည်းတင်ခဲ့ပါတော့မယ် .....နောင်တော် ...."

"အဲဒီအမည်ကတော့ ......."

"လက်ာဒီပချစ်သူ ...... လက်ာဒီပချစ်သူ" ပါတဲ့ ......

"နောင်တော်ဘုရင်မင်းမြတ်ရယ် ........"